အဂ္ဂမဟာပဏ္ဍိတ

မူလပဋ္ဌာန်းဆရာတော်ဘုရား

အသံဖမ်း

# ပဋ္ဌာန်းပို့ချစဉ်ကျမ်း

ပဉ္စာဝါဂီရသချ်ာ

ရန်ကုန်မြို့၊ အဘိဓမ္မာပြန့်ပွားရေးအသင်း ၏

ပထမ ဩဝါဒါစရိယ

အဂ္ဂမဟာပဏ္ဍိတ

# မူလ ပဋ္ဌာန်းဆရာတော်ဘုရား

ကိုယ်တော်တိုင် နည်းပေးကာ အဓိပ္ပါယ်များနှင့် တကွ
အဋ္ဌကထာ ဋီကာ မိန့်ဆိုချက်များပါ

## ပဋ္ဌာန်း ပဉှာဝါရ သင်္ချာ

ကို

တပည့်များအား ဝေဝေဆာဆာ ပို့ချပေးခဲ့
အဘိဓမ်းကြိုးခြေမှ တဆင့် ကူးယူ ထုတ်ဝေလိုက်သော

အဘိဓမ်း

# ပဋ္ဌာန်းပို့ချစဉ်

ပဉှာဝါရသင်္ချာ (ပထမပိုင်း)
အနုလုံ – ပစ္စနိက်

သာသနာ ၂၅၂၄ ကောဇာ ၁၃၄၂

# ပုံနှိပ်ခြင်း


ပဌမအကြိမ်

စောင်ရေ ၅၀၀၀

သာသနာနှစ် ၂၅၂၄

ကောဇာနှစ် ၁၃၄၂

ဦးစံလှ (၀၂၂၀၈)၊ စိုးမိုးမိတ်ဆက်ပုံနှိပ်တိုက်၊
အမှတ် ၁၁၆၊ ၃၃-လမ်း၊ ရန်ကုန်အင် ရိုက်နှိပ်၍
ရန်ကုန်မြို့၊ ကမ္ဘာအေး သာသနာရေးဦးစီးဌာနအတွက်
လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။



အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ
ရန်ကုန်မြို့၊ ပြည်လမ်း၊ ပဌာန်းကျောင်းတိုက်
မူလ ပဌာန်းဆရာတော် ဘဒ္ဒန္တနာရဒ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါန်း

ကျွန်ုပ်တို့၏ ပထမကြိမ် ဝါဒါစရိယ မူလပဋ္ဌာန်းဆရာတော်ဘုရား ပို့ချသော ပဋ္ဌာန်းတရားတော်များကို အသံဖမ်းယူခဲ့ပြီး ပြန်လည်ကူးယူခဲ့ပါသည်။ ထို့နောက် ''အသံဖမ်း ပဋ္ဌာန်းပို့ချစဉ်ကျမ်း'' အမည်ဖြင့် ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။ ပစ္စယ ဝါရ ဝိဘင်္ဂ အသံဖမ်း ပဋ္ဌာန်းပို့ချစဉ်ကျမ်းကို ၁၃၃၀-ခုနှစ်က လည်းကောင်း၊ ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို ၁၃၃၂-ခုနှစ်ကလည်းကောင်း ပုံနှိပ် ထုတ်ဝေခဲ့ပါသည်။

## ပဋ္ဌာန်းသင်္ချာ နှစ်မျိုး

**ဆဝါရသင်္ချာ** ပဋ္ဌာန်းကျမ်းကြီး၌ သင်္ချာများကို (၁)ဆဝါရသင်္ချာ၊ (၂) ပစ္စယဝါရ သင်္ချာဟု နှစ်မျိုး ဟောထားပါသည်။ ထို သင်္ချာနှစ်မျိုးလုံး၌ပင် (က)အနုလုံ (ခ)ပစ္စနိက် (ဂ)အနုလောမ ပစ္စနိက် (ဃ) ပစ္စနီယာနုလောမ ဟု လေးမျိုးစီ ဟောထားပါသည်။ ဆဝါရ သင်္ချာများတား ခက်ခဲမှု မရှိလှပါ။ အကြောင်းကား ယင်းတို့၏ အနုလုံ၊ ပစ္စနိက် ၊သုဒ္ဓသင်္ချာများကို ကျက်မှတ်ထားလျှင် အနုလုံစသော လေးမျိုးလုံး၌ပင် သဘာဂ(နှစ်ဘက်ရ) တရားများကို ရှာ၍ ထွက်လာသော တရားအားလျော်စွာ သင်္ချာထုတ်ရသောကြောင့် ဖြစ်ပါသည်။ ထို ဆဝါရသင်္ချာများ၌ ပစ္စယဝါရ သင်္ချာများကဲ့သို့ အာရမ္မဏ အစရှိသော တစုံတခုသောမျိုးများကို မကြည့်ရှုရပဲ သုဒ္ဓသင်္ချာရှိ တရားများအရ စိတ်ပိုင်းသရုပ်ကို နားလည်လျှင် ကိစ္စပြီးနိုင်ပါ၏။ ဆဝါရသင်္ချာခန်း ပို့ချစဉ်များကို အသံဖမ်းကြိုးခွေများမှ ပြန်လည်ကူးယူပြီး သုဓမ္မဝတီပုံနှိပ်တိုက်၌ စက်တင်ပုံနှိပ်၍ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

## နိဒါန်း

### ပဋ္ဌာဝါရသင်္ချာ၊ အနုလုံ သဘာဂ

ပဋ္ဌာဝါရသင်္ချာ အနုလုံ၌ သဘာဂ(ဒုက)၊ ဃဋနာဟု နှစ်မျိုး ဟောထားပါသည်။ ပဋ္ဌာန်းတရားတော်ကြီး၏ ခက်ခဲမှုမှာ ဤပဋ္ဌာဝါရ သင်္ချာခန်းများဖြစ်၏။ အကြောင်းကား ပဋ္ဌာဝါရသင်္ချာ သဘာဂ၌ ဟောထားတော်မူပုံများမှာ ဆဝါရ သင်္ချာများကဲ့သို့ တရားချင်း တိုက်ဆိုင်၍ သဘာဂ ရှာရုံမျှဖြင့် ကိစ္စမပြီးပါ။ ဆိုင်ရာ ဖြစ်သော အာရမ္မဏ၊သဟဇာတ စသော မျိုးများကိုကြည့်၍ မျိုးချင်း တူမှသာ သဘာဂဖြစ်နိုင်ပါသည်။ မျိုးချင်းမတူလျှင် သဘာဂမဖြစ် နိုင်ပါ။ သင်္ချာခန်းဟူသမျှ သုဒ္ဓသင်္ချာဖြင့်သာ ကိစ္စပြီးရမည်ဖြစ်ရာ သုဒ္ဓသင်္ချာကို ကျေနပ်မှု ရနိုင်ရန်အတွက် သုဒ္ဓသင်္ချာသက်သက်မျှကို စိတ်ရှည်စွာဖြင့် ဆရာတော်သည် သုံးရက်တိုင်တိုင် ပို့ချပေးခဲ့ပါသည်။ သဘာဂ၌ အခက်အခဲမရှိစေရန် ပေးသင့်သော နည်းများကိုလည်း ရှင်းလင်းပြတ်သားစွာ ပေးထားသည့်ပြင် အနုလုံ၊ ပစ္စနိက် အားလုံး၌ အဋ္ဌကထာ၊ ဋီကာအရှင်မြတ်များ၏ မိန့်ဆိုချက်၊ ယူဆချက်များကို လည်း လိုလေသေးမရှိရအောင် စိတ်ဝင်စားဖွယ်ရာ စုံလင်စွာ ပြသ ထားပါသည်။

### ဃဋနာ

ပစ္စည်းပြိုင်ခေါ် ဃဋနာများကိုကား အဘိဓမ္မာတရား ထွန်း ကားသော ဤမြန်မာပြည်၌ပင် ရှေးအခါက နိုင်နင်းသောပုဂ္ဂိုလ်များ မပေါ်များလှပါ။ ဉာဏ်ကောင်းသော ကျက်အားကောင်းသော စာ သင်သားဖြစ်စေကာမူ ထိုပစ္စည်းပြိုင်ကို သင်ကြားကြသောအခါ ယနေ့ ဆိုပြီး သင်ယူပြီးကို နက်ဖန် အလွတ်မပြန်နိုင်ရုံမက အချိန်ကာလ အားဖြင့် ရက်ပေါင်းများစွာလည်း သင်ကြားကြရသည်ဟု သိရပါ သည်။ မူလ ပဋ္ဌာန်းဆရာတော်ဘုရားသည် ထို ခဲယဉ်းလှစွာသော ပဋ္ဌာဝါရသင်္ချာခန်းများကို မဖြစ်မနေဟူသော ဇွဲလုံ့လဖြင့် သင်ကြား လိုသူများ လွယ်လွယ်နှင့် နားလည်နိုင်အောင် လွန်ခဲ့သော နှစ်ပေါင်း (၄၀)ကျော်က ယခင်က မပေါ်ခဲ့ဖူးသော ဇယားနည်းများဖြင့် ကြံစည် အားထုတ်ခဲ့ပါသည်။

# နိဒါန်း

ဃင္ဂနာဇယားများ၌ ဃင္ဂနာ (၄၁၅)ချက်ရှိရာ ယင်းတို့၏ ခေါင်းစဉ်လေးကြောင်းမျှကို မှတ်သားရုံမျှဖြင့် တစုံတရာအခက်အခဲမရှိဲ အမျိုးသမီးများသော်မှ အထောက်အမ လွတ်ကာ ဂုဏ်ထူးဖြင့် အာဂုံအောင်မြင် ပြန်ဆိုနိုင်ကြသည်သာမက အရကောက်၊ သဘာဝစသည်ကိုလည်း ရေးသား ဖြေဆိုနိုင်ကြောင်းကို ကျွန်ုပ်တို့ကိုယ်တိုင် ပို့ချပေးခြင်း၊ အာဂမ သဘာဝစာပြန်ပွဲများကို ပြုလုပ်ပေးခြင်းဖြင့် ကိုယ်တွေ့ဖြစ်ပါသည်။ ထိုသဘာဂ ဃင္ဂနာများကို သိနားလည်ရန် များစွာ ကျက်မှတ်ရမှု မရှိပါ။ ပစ္စည်းရေများနှင့်တကွ ဆရာတော် စီစဉ်ထားသော သုဒ္ဓသင်္ချာကို ရပါမူကား တဝက်ကျော်ကျော်မျှသော ဃင္ဂနာကိစ္စများမှာ လုံးဝ ကျက်မှတ်ရမှုမရှိပဲ ကိစ္စပြီးနိုင်ကြောင်းကို တွေ့ရပါလိမ့်မည်။ ဆရာတော်သည် အရကောက်များ၌ မပါရှိသော ပစ္စည်းရေများကို ဝိဘင်္ဂကရိုဏ်းကောက်နှင့် ဃင္ဂနာများ၌ လွယ်ကူရန် စီစဉ်ထားပါသည်။

## ပစ္စနီယုဒ္ဓါရ

ပဋ္ဌာဝါရ ပစ္စနိက်သင်္ချာများကား အနုလုံ သင်္ချာများထက် ပို၍ ခက်ခဲပါသည်။ အကြောင်းကား ဤပဋ္ဌာဝါရ ပစ္စနိက်၌ဆဝါရ ပစ္စနိက်များကဲ့သို့ ''အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ နဟေတု ပစ္စယာ'' စသည်ဖြင့် ဝိဘင်းများ လုံးဝမပါပဲ နဟေတုယာ ပန္နရသ စသည်ဖြင့် ဟောထားသောကြောင့် ဖြစ်ပါသည်။ ထိုပစ္စနိက် သင်္ချာ၏ လွန်စွာခက်ခဲမှုမှ ထောက်တည်ရာ ရစိမ့်သောငှာ သင်္ဂါယနာတင် အရှင်မြတ်တို့သည် ပစ္စနီယုဒ္ဓါရကို သင်္ဂါယနာ တင်ထားတော်မူကြပါသည်။ ထိုအရှင်မြတ်တို့၏ ရည်ရွယ်ချက်မှာ ပစ္စနီယုဒ္ဓါရ၌ ပေးထားသောနည်းကိုယူ၍ ပစ္စနိက်သင်္ချာများ မှန် မမှန်ကို ဆုံးဖြတ်နိုင်ကြရန်ဖြစ်၏။

ပစ္စနီယုဒ္ဓါရ၌ အာရမ္မဏ၊ သဟဇာတ စသော မျိုးစဉ်များဖြင့် ဟောထားရာ ဆရာတော်သည် ထိုပစ္စနီယုဒ္ဓါရကို မှီး၍ သုဒ္ဓသင်္ချာများကို စီစဉ်ထားရကား သုဒ္ဓသင်္ချာဖြင့်ပင် ထိုပစ္စနီယုဒ္ဓါရ၏ကိစ္စ ပြီးနိုင်ပါ၏၊ ဤပစ္စနီယုဒ္ဓါရ၌ အဋ္ဌကထာဆရာသည် အတော်ကျယ်ဝန်းစွာ ဖွင့်ပြထားရာ ထိုဖွင့်ဆိုချက်များနှင့်တကွ မူလဋီကာဆရာကြီး၏ ယူဆ

# နိဒါန်း

ချက်များကိုပါ စုံလင်စွာ ပြထားပါသည်။ ပစ္စနိက် သင်္ချာများကို မည်ကဲ့သို့ ယူဆရကြောင်းကိုလည်း ပစ္စနီယုဒ္ဒါရ အကျဉ်းချုပ်ဇယားဖြင့် ရှင်းလင်းအောင် ပြထားပါသည်။

## ပစ္စနိက်

အထက်က ပြခဲ့သည့်အတိုင်း ပစ္စနိက်သင်္ချာများမှာ လွန်စွာ ခက်ခဲလှသော်လည်း လွန်စွာလွယ်ကူ၍ သင်္ချာများကို မှန်မှန်ကန်ကန် ကိန်းသေစွာ သိနားလည်နိုင်အောင် နှုတ်ပုံနှုတ်နည်းနှင့်တကွ ကျန်နေသော တရားများ၌ သင်္ချာမည်မျှရသည်ကို သိနားလည်အောင် ပြထားပါသည်။ ပစ္စနိက် တခုလုံးအတွက် သင်္ချာများကို သိရုံသာမက ပေယျာလများကိုပါ ဖော်နိုင်ကောက်နိုင်အောင် စီစဉ်ထားပါသည်။ အဋ္ဌကထာ၊ ဋီကာများ၏ အာဘောဂကိုလည်း မိအောင် ၎င်းတို့၏ ပြဆိုချက်များကိုပါ လိုလေသေးမရှိအောင် ပြထားပါသည်။ အထူးအားဖြင့် ထိုပစ္စနိက်တခုလုံးကို ပေယျာလများနှင့်တကွ အာဂုံပြန်ဆိုနိုင်အောင် အနည်းငယ်မျှသော သံပေါက်ကို ရေးသားထားရာ ထိုသံပေါက်များမှာ လွန်စွာ တန်ဖိုးရှိလှပါသည်။

ပဋ္ဌာဝါရ သင်္ချာခန်းများ၌ အနုလုံနှင့် ပစ္စနိက်ကို ပထမပိုင်း၊ အနုလောမပစ္စနိက်နှင့် ပစ္စနီယာနုလောမကို ဒုတိယပိုင်းဟု ဤအသင်းကြီး၏ အဘိဓမ္မာစာပြန်ပွဲ လူပုဂ္ဂိုလ်များအဆင့်၌ ခွဲခြား သတ်မှတ်ထားခဲ့ရာ ဤစာအုပ်ပထမပိုင်း အနုလုံနှင့် ပစ္စနိက်ကို ထုတ်ဝေလိုက်ပါသည်။ ဤစာအုပ်ကို လေ့လာကြည့်ရှုရာ၌ သုဒ္ဓသင်္ချာဇယားနှင့်တကွ သဘာဂ၊ ဃဋနာ စသော ဇယားများနှင့် တိုက်ဆိုင်ကြည့်ရှုရပါသည်။

အဘိဓမ္မာ ပြန့်ပွားရေး အသင်းတိုက်၌ ၁၃၂၈–ခုနှစ်တွင် ပဋ္ဌာန်းသင်္ချာဝါရများကို မူလ ပဋ္ဌာန်းဆရာတော်ဘုရား ပို့ချပေးစဉ်က အသံဖမ်းယူထားခဲ့ပါသည်။ သောတုဇနတို့၏ တောင်းပန်မှုကြောင့် အသံဖမ်းကြိုးခွေမှ ပြန်လည်ကူးယူပြီး ဂက်စတင်နာ ပုံနှိပ်စာအုပ်အဖြစ် ပြုလုပ် ဝေငှခဲ့ပါသည်။ ယင်း ဂက်စတင်နာစာအုပ် စာမူတွင် ပုံနှိပ်မှား၊ လက်လွဲမှု၊ သတိချွတ်ချော်မှုများ ရှိက ပိုမို သန့်ရှင်းစေရန် ဆရာတော်ဘုရား၏ အောက်ပါတပည့်ကြီးများ ပါဝင်သော စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းစေပါသည်။

# နိဒါန်း

၁။ ဦးကျော်၊ ဥက္ကဋ္ဌ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။
၂။ ဦးဘိုးရွှေ၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ သင်တန်းပြဆရာ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။
၃။ ဦးဘငွေ၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ သင်တန်းပြဆရာ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။
၄။ ဦးညွန့်စိန်၊ မဇ္ဈိမအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ အမှုဆောင်လူကြီး။ အဘိဓမ္မာပြန့်ပွားရေးအသင်း။
၅။ ဦးထွန်းမြိုင်၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏဉာဏဓဇ သင်တန်းပြဆရာ၊ အဘိဓမ္မာပြန့်ပွားရေးအသင်း။
၆။ ဒေါ်မြမြသန်း၊ မဟာအာဘိဓမ္မိက ဝိသိဋ္ဌ ကလျာဏ ဉာဏဓဇ၊ တသက်ပန်အသင်းသူ၊ အဘိဓမ္မာပြန့်ပွားရေး အသင်း။
၇။ ဒေါ်သန်းမြင့်၊ စူဠအာဘိဓမ္မိက ဝိသိဋ္ဌ ဥက္ကဋ္ဌ ကလျာဏ ဉာဏဓဇ၊ တသက်ပန်အသင်းသူ၊ အဘိဓမ္မာပြန့်ပွားရေး အသင်း။

ယင်း စိစစ်ရေးအဖွဲ့သည် အကြိမ်ကြိမ် စည်းဝေးစိစစ်ကြပြီး ညှိနှိုင်းခဲ့ကြသည်။ လိုအပ်သော အချက်အလက်များကို ဆရာတော် ဘုရားအား တင်ပြကာ အဆုံးအဖြတ်ယူကြပါသည်။ ဤစာအုပ်သည် ပဋ္ဌာန်းသာသနာအတွက် များစွာ အကျိုးရှိမည်ဖြစ်သဖြင့် ''အသံဖမ်း ပဋ္ဌာန်းပို့ချစဉ် ပဉှာဝါရ သချာခန်း'' စာအုပ် ဟူသော အမည်ဖြင့် စက်တင်ပုံနှိပ် ထုတ်ဝေပါသည်။

| | |
|---|---|
| သာသနာတော်နှစ် ၂၅၂၄ | အမှုဆောင်အဖွဲ့ |
| ကောဇာသက္ကရာဇ် ၁၃၄၂ | အဘိဓမ္မာပြန့်ပွားရေးအသင်း၊ |
| တပေါင်းလပြည့်နေ့။ | ရန်ကုန်မြို့။ |

# ဇယားမာတိကာ


၁။ အနုလုံသုဒ္ဓသင်္ချာဇယား အာရမ္မဏာရှစ်မျိုး .... က

၂။ သဟဇာတမျိုး သဟဇာတအငယ်-၇ .... ခ

၃။ သဟဇာတအကြီး-၄၊ သဟဇာတအလတ်-၄ ... ဂ

၄။ အနန္တရူပနိဿယမျိုး၊ ပကတူပနိဿယမျိုး၊ ဝတ္ထုမျိုး .... ဃ

၅။ ပစ္ဆာဇာတာဒိမျိုး .... င

၆။ အနုလုံသဘာဂ ဇယား .... စ

၇။ သဟငယ်အချင်းချင်း သဘာဂ အကောက်ဆိုရိုးဇယား .... ဆ

၈။ သဟလတ်အချင်းချင်း သဘာဂ အကောက်ဆိုရိုးဇယား .... ဇ

၉။ သဟငယ်နှင့်သဟလတ် သဘာဂအကောက်ဆိုရိုးဇယား ... ဈ

၁၀။ မိဿကပကိဏ္ဏက ဃဋနာဇယား ... ည

၁၁။ သုဒ္ဓပကိဏ္ဏက ဃဋနာဇယား .... ဋ

၁၂။ သဟဇာတ အကြီးအလတ် ဃဋနာဇယား .... ဌ

၁၃။ ဃဋနာအမည် အဓိပ္ပါယ်နှင့် သဟဇာတ အကြီး အလတ်
ဆိုရိုးများ .... ဍ၊ ဎ

၁၄။ သဟဇာတအငယ် ဃဋနာဇယား .... ဏ

၁၅။ သဟဇာတအငယ် ပစ္စည်းပြိုင် ဆိုရိုးဇယား .... တ

၁၆။ ပစ္စယုဒ္ဓါရဇယား .... ထ

၁၇။ ပဋ္ဌာဝါရ ပစ္စနိက်ဇယား .... ဒ

# ပို ချ စဉ် မာ တိ ကာ


၁။ သုဒ္ဓသင်္ချာအကြောင်း .... ၁

၂။ အာရမ္မဏမျိုး သုဒ္ဓသင်္ချာ .... ၄

၃။ သဟဇာတမျိုး သုဒ္ဓသင်္ချာ .... ၁၅

၄။ အနန္တရူပမျိုး သုဒ္ဓသင်္ချာ .... ၃၅

၅။ ပကတူပနိဿယမျိုး သုဒ္ဓသင်္ချာ .... ၄၁

၆။ ဝတ္ထုပုရေဇာတမျိုး သုဒ္ဓသင်္ချာ .... ၄၃

၇။ ပစ္ဆာဇာတမျိုး သုဒ္ဓသင်္ချာ .... ၄၅

၈။ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မမျိုး သုဒ္ဓသင်္ချာ .... ၄၇

၉။ ရုပ်အာဟာရမျိုး သုဒ္ဓသင်္ချာ .... ၄၉

၁၀။ ရူပဇီဝိတိန္ဒြိယမျိုး သုဒ္ဓသင်္ချာ .... ၅၀

၁၁။ မိဿကမျိုး သုဒ္ဓသင်္ချာ .... ၅၁

၁၂။ ဟေတုပစ္စည်း သဘာဂ .. ၆၉

၁၃။ အာရမ္မဏ ။ .... ၇၃

၁၄။ အဓိပတိ ။ .... ၇၅

၁၅။ အနန္တရ ။ .... ၈၅

၁၆။ သဟဇာတ ။ .... ၈၉

၁၇။ အညမည ။ .... ၉၀

၁၈။ နိဿယ ။ .... ၉၃

၁၉။ ဥပနိဿယ ။ .... ၉၉

၂၀။ ပုရေဇာတ ။ .... ၁၀၄

၂၁။ ပစ္ဆာဇာတ ။ .... ၁၀၆

၂၂။ အာသေဝန ။ .... ၁၀၇

၂၃။ ကမ္မ ။ .... ၁၀၈

၂၄။ ဝိပါက ။ .... ၁၁၀

၂၅။ အာဟာရ ။ .... ၁၁၄

## ပဉှာဝါရ အနုလုံ သုဒ္ဓသင်္ချာဇယား - အာရမ္မဏ ရှစ်မျိုး။

| မှတ်ချက်အမည် | မှတ်ချက်တရား | ရှေ့မှတ်ချက်တရား | | |
|---|---|---|---|---|
| အာရမ္မဏ | [illegible] | [illegible] | | |
| အာဒိ / အာရမ္မဏ | [illegible] | [illegible] | | |
| အာပု | [illegible] | [illegible] | | |
| ဝတ္ထု | [illegible] | [illegible] | | |
| အာပုဒိ | [illegible] | [illegible] | | |
| ဝတ္ထုဒိ | [illegible] | [illegible] | | |

[illegible]

မှတ်ချက်။ ... ဝတ္ထုဒိ ... အာရမ္မဏတည်း။

| ပစ္စည်းအမည် | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | သဘာဂပစ္စည်းရေ | | | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | [illegible] | = | = | [illegible] | = | = | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | ယထာ |
| ဟေတု | ဟိတ် ၆ ပါး | သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၇ | | | | | | | | | | | | | x | | x | | x | | | | | | ၁၂ |
| သဟာဓိ | အဓိပတိတရားကိုယ် ၃ ပါး ၄ ပါးတို့တွင် တပါး ပါး | သမ္ပယုတ္တခန္ဓာ၊ သာဓိပတိစိတ္တဇရုပ် | ၇ | | | | | | | | | | | | | x | | | | x | | | | | | ၁၃ |
| သဟာကမ္မ | စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာ | သမ္ပယုတ္တခန္ဓာ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် | ၇ | | | | | | | | x | x | | | | | | | x | x | x | | | | | ၁၀ |
| နာမ်ဟာ | ဖဿ, စေတနာ, ဝိညာဉ် ဟုဆိုအပ်သော နာမ်အာဟာရတရားကိုယ် ၃ ပါး | ။ | ၇ | သင်္ချာသတ္တစိ | | | | | | | x | | | | | | | | | x | x | | | | | ၁၂ |
| သဟဇာတိန္ဒြိယ | ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာဟုဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ်ရှစ်ပါး | ။ | ၇ | | | | | | | | | | | | | x | | | | | | | | | | ၁၄ |
| ဈာန | ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ ဟုဆိုအပ်သော ဈာနင်တရား ကိုယ်ငါးပါး | ။ | ၇ | | | | | | | | x | x | | | | x | | x | | | | | | | | ၁၁ |
| မဂ္ဂ | ပညာ, ဝိတက်, ဝိရတီ ၃, ဝီရိယ, သတိ, ဧကဂ္ဂတာ, ဒိဋ္ဌိ ဟုဆိုအပ်သော မဂ္ဂင်တရား ကိုယ် ၉ ပါး | သမ္ပယုတ္တခန္ဓာ၊ သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၇ | | | | | | | | | | | | | x | | x | | | | | | | | ၁၃ |

**နယသိုလိုက်၍လည်းကောင်း စသည်။** ။ပစ္စည်း အနုလုံ၊ ပစ္စည်း ပစ္စနိက်၊ ပစ္စည်း အနုလောမ ပစ္စနိက်၊ ပစ္စည်း ပစ္စနိယာ နုလောမဟု နယ လေးမျိုးရှိရာ ဤ သုဒ္ဓသင်္ချာသည် ပစ္စည်း အနုလောမ နယ၏ သုဒ္ဓသင်္ချာမည်၏။ ပဋိစ္စဝါရ အစရှိသောအားဖြင့် (၇)ဝါ ရရှိရာတွင် ပဋ္ဌာဝါရ၏ သုဒ္ဓသင်္ချာဖြစ်၏။ ကုသလတိက် အစရှိသောအားဖြင့် (၂၂)တိက် ရှိရာ ကုသလတိက်၏ သုဒ္ဓသင်္ချာ ဖြစ်၏။ ဆဝါရ၌ ကံ, ကတ္တား, ဟိတ်ဟု ဟောတော်မူ၏၊ ဤပဋ္ဌာဝါရ၌ ကတ္တား, သမ္ပဒါန်, ကရိုဏ်းဟု ဟောတော်မူ၏။

**သဘာဂပစ္စည်းရေ။** ။ဃဋ္ဋနာခန်းများ၌ လည်းကောင်း၊ ဝိဘင်္ဂဝါရကို ကောက်ရာ သတ္တိဖြစ်သော ကရိုဏ်းပါဠိများ၌လည်းကောင်း လွယ်ကူ သက်သာရန် ဤပစ္စည်းရေများကို ထည့်ထားပေသည်။ အရကောက်ကျမ်းဖွင့် မပါ။

**တပြိုင်နက် ယထာရဟ။** ။တပြိုင်နက်မှာ ပစ္စည်းပစ္စယုပ္ပန်တရားများအားလုံး ပုံးဝတူ၍ ယထာရဟမှာ တစိတ်တဒေသသာ တူ၏။ ဟေတုပစ္စည်း၌ ပစ္စည်းရေ (၁၂)ရှိရာ ဟေတုနှင့် သဟကြီးပေါင်း (၅)ပစ္စည်းမှာ ပစ္စည်း ပစ္စယုပ္ပန် လုံးဝတူ၏။ ကြွင်းသော အဓိပတိ, အညမည စသော ပစ္စည်းတို့မှာ တစိတ်တဒေသသာ တူကြ၍ သဟကြီးအတွက် တပြိုင်နက်၊ ကြွင်းပစ္စည်းအတွက် ယထာရဟဖြစ်၍ ယထာရဟအကွက်တွင် တပြိုင်နက် ယထာရဟဟု ဆိုရ၏။

# ပဋ္ဌာဝါရ အနုလုံ သုဒ္ဓသင်္ချာ ဇယား။ သဘာဂတမျိုး-သဘာဂတအကြီး ၄-သဘာဂတအလတ် ၄၊

| ပစ္စည်းအမည် | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | – | – | [illegible] | | | | | | | | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | – | – | [illegible] | – | – | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |
| သဟဇာတ<br>နိဿယ<br>အတ္ထိ<br>အဝိဂတ | အလုံးစုံသော ပစ္စယ် ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး<br>မဟာဘုတ်လေးပါး<br>ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု | အချင်းချင်းအားဖြင့်အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားဖြင့်၊ အချင်းချင်းအားဖြင့်ဥပါဒါရုပ်အားဖြင့်<br>အချင်းချင်း | ၉ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | ၊ | | ၊ | | | | ၊ | ၊ | ၄ |
| အညမည | အလုံးစုံသော ပစ္စယ်ပဋိသန္ဓေနာမက္ခန္ဓာလေးပါး<br>စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ်ကမ္မဇ မဟာဘုတ်၊ ပဝတ္တိ ကမ္မဇမဟာဘုတ် အားဖြင့်မဟာဘုတ်လေးပါး<br>ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု | အချင်းချင်းအားဖြင့်၊ အချင်းချင်း၊ နာမက္ခန္ဓာ ဟဒယဝတ္ထု အားဖြင့်<br>အချင်းချင်း၊<br>အချင်းချင်း | ၃ | ၊ | | | ၊ | | | ၊ | | | ၊ | ၊ | ၊ | | | | ၊ | ၊ | ၁ |
| ဝိပါက | အလုံးစုံသောဝိပါက်ပစ္စယ်ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး<br>ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာ | အချင်းချင်းအားဖြင့်၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အားဖြင့် ဟဒယဝတ္ထု | ၁ | | | | | | | ၊ | | | | | ၊ | ၊ | | | ၊ | | ၁ |
| သမ္ပယုတ္တ | အလုံးစုံသော ပစ္စယ်ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး | အချင်းချင်း | ၃ | ၊ | | | ၊ | | | ၊ | | | ၊ | ၊ | ၊ | | ၊ | | ၊ | | - |
| ဝိပ္ပယုတ္တ | ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ် ထဆယ်၊ ရုပ်နှင့်တို ရောကြောင်သော ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာလေးပါး<br>ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု | စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်<br>အချင်းချင်း | ၃ | | | | | ၊ | | ၊ | | | ၊ | | ၊ | | | ၊ | ၊ | | ၁ |

(ဃ)

## ပဋ္ဌာ ဝါရ အနုလုံ သုဒ္ဓသင်္ချာဇယား။ အနန္တရူပနိဿယမျိုး၊ ပကတူပနိဿယမျိုး၊ ဝတ္ထုမျိုး။

| မျိုး | ပစ္စည်းအမည် | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ | ဇ | အဇ | ဗ | ဇွ | ဇ | ဗ | ဗ | ဇ | အဇ | သဘာဝပစ္စည်းရေ | | | | | | | | | | | | | ပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ဇ | = | = | အဇ | = | = | ဗ | = | = | ·ာ | ဒိ | ဘ | လ | ၁· | ဒ | ·ဇ | ·ဋ | ဝိ | ဇွ | ဇွ | ဝိ | ဇွ | ဖြင် |
| အနန္တရူပနိဿယ — ၇ | အနံ၊ သနံ၊ အနန္တရူ၊ နတ္ထိ၊ ဝိဂတ | ရဟန္တာတို့စုတိကြဉ်သောအလုံးစုံသော စိတ်တခုယုတ်ကိုးဆယ်၊ စေတ္တသိကသ ပစ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး | ရဟန္တာတို့စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာ | ၇ | ။ | | ။ | ။ | | ။ | ။ | ။ | ။ | ။ | ။ | | ။ | | | | | | | ။ | ။ | | ၅ |
| | အာသေဝန | အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇောသတ္တစတ္တာလီသ | ပဌမဇော, ဖိုလ်ဇောကြဉ်သော နောက် နောက်သော ဇောဇကပညာသ | ၃ | ။ | | | ။ | | | ။ | | | ။ | ။ | | ။ | | ။ | | | | | ။ | ။ | | ၆ |
| | အနန္တရကမ္မ | မဂ်လေးခုစေတနာ | မဂ္ဂါနန္တရဖိုလ်လေးခု | ၁ | | | ။ | | | | | | | ။ | ။ | | ။ | | | ။ | | | | ။ | ။ | | ၆ |
| ပကတူပ — ၂ | ပကတူပနိဿယ | ဗလဝဖြစ်သောစိတ်တခုယုတ်ကိုးဆယ်၊ စေတ္တသိကသရုပ်အဋ္ဌဝီသ | စိတ်တခုယုတ်ကိုးဆယ်၊ စေတ္တသိကသ | ၉ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | | | | ။ | | | | | | | | | | ၁ |
| | ဗလဝနာနာက္ခဏိကကမ္မ | ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ | ဝိပါက်ဆတ္တိံသနာမက္ခန္ဓာ | ၂ | | | ။ | | | ။ | | | | | | | ။ | | | ။ | | | | | | | ၂ |
| ဝတ္ထု — ၅ | ဝတ္ထုပုရေဇာတ | ဆဝတ္ထု | ပဋ္ဌဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ် | ၃ | | | | | | | ။ | ။ | ။ | | | ။ | | ။ | | | | ။ | ။ | | | ။ | ၅ |
| | ဝတ္ထုပုရေဇာတဝိပ္ပယုတ် | မန္ဒာယုက အမန္ဒာယုက မရိုမာယုက အားဖြင့် ၃ပါးတို့တွင် မရိုမာယုက ဖြစ်၍ အတိတဘဝင်နှင့်ဥပါဒ်ပြိုင် သော ပဋ္ဌဝတ္ထု | ဒွေပဉ္စဝိညာဉ်တဆယ် | ၁ | | | | | | | ။ | | | | | ။ | | ။ | | | ။ | ။ | ။ | | | ။ | ၆ |

စ္စည်းရေ (၁၂)ရှိရာ ဟေတုနှင့် သဟကြီးပေါင်း (၅)ပစ္စည်းမှာ ပစ္စည်း ပစ္စယုပ္ပန် လုံးဝတူ၏။ ကြွင်းသော အဓိပတိ, အညမည စသော ပစ္စည်းတို့မှာ
ာဝိဘာဒေသသာ တူကြ၍ သဟကြီးအတွက် တပြိုင်နက်၊ ကြွင်းပစ္စည်းအတွက် ယထာရဟဖြစ်၍ ယထာရဟအကွက်ဟွင် တပြိုင်နက် ယထာရဟဟု ဆိုရ၏။

# ပဋ္ဌာဝါရ အနုလုံ သုံးခွသချာဇယား ပဋ္ဌာဒေသနာဒီပနီ

| မျိုးပစ္စည်း | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား |
|---|---|---|
| ပဋ္ဌာနတ —၄ | ပဋ္ဌာနက္ခဏ်ဖြစ်သောအခါ [illegible] ဖြစ်သော [illegible] နောက်ဖြစ်သော [illegible] ကုသိုလ် [illegible] | [illegible] |
| ဝတ္ထုပုရေဇာတ နာမ်ဘွက်တက ကမ္မ | [illegible] ကမ္မ [illegible] | [illegible] |
| ရုပ်အာဟာရ—၃ | ကျဲဆုပ္ပဉ်နိုးကဖြစ် [illegible] | [illegible] |
| ရုပ်ဇီဝိတိန္ဒြိယ—၃ | ရုပ်ဇီဝိတိန္ဒြေ | [illegible] |
| သဟဇာတ ပုရေဇာတ ဓိသက | [illegible] | [illegible] |
| ပဋ္ဌာနဇာတ—ဟာရဓိသက | [illegible] | [illegible] |
| ပဋ္ဌာနဇာတိန္ဒြိယ ဓိသက | ပဋ္ဌာ [illegible] (ရုပ်ဇီဝိတိန္ဒြေ) | [illegible] |

# ပဥှာဝါရ အနုလုံ သဘာဂဇယား။

| | | အာ | သဟ | ဥပ | | ပုရေ | ပစ္ဆာ | ကံ | ရုပ်ဟာ | ရူပဇီ | [illegible] | [illegible] | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အနန္တရူပ | ပကတူပ | | | | | | | | |
| | ဟေ | | ဟေ ၇ | | | | | | | | | | |
| | အာ | *အာ ၉ | | | | | | | | | | | |
| ၁၀ | မိ | အာ-မိ ၇ | သဟာ-မိ ၇ | | | | | | | | | | |
| | နံ | | | *နံ ၇ | | | | | | | | | |
| | သနံ | | | *နံ ၇ | | | | | | | | | |
| | သ | | *သဟ ၉ | | | | | | | | | | |
| | ည | | ည ၃ | | | | | | | | | | |
| ၁၃ | နိ | ဝတ္ထာ(၃) | *သဟာနိ ၉ | | | *ပုရေနိ(၁) | | | | | သဟပုရေ ၂ | | |
| | ဥ | အာရမ္မဏူ ၇ | | *အနန္တရ ၇ | *ပကတူ ၉ | | | | | | | | |
| | ပု | အာပု ၃ | | | | *ဝတ်ပု ၃ | | | | | | | |
| | ပစ် | | | | | | *ပစ္ဆာ ၃ | | | | | | |
| | သေ | | | သေ ၃ | | | | | | | | | |
| ၇ | ကံ | | သဟကမ္မ(၇) | အနံကမ္မ၁ | ဓလကမ္မ၂ | | | *ကံ ၂ | | | | | |
| | ဝိပါ | | ဝိပါ ၁ | | | | | | | | | | |
| | ဟာ | | နာမ်ဟာ ၇ | | | | | | *ရုပ်ဟာ ၁ | | | | |
| ၃ | ဣ | | သဟာဣ ၇ | | | ပုဣ ၁ | | | | *ရူပဇီ ၁ | | | |
| | ဈာ | | ဈာ ၇ | | | | | | | | | | |
| | မဂ် | | မဂ် ၇ | | | | | | | | | | |
| | သံ | | သံ ၃ | | | | | | | | | | |
| ၅ | ဝိ | ဝတ္ထာ ၃ | သဟာဝိ ၃ | | | *ပုရေဝိ၃ | *ပစ္ဆာဝိ၃ | | | | | | |
| ၁၃ | အတ် | အာပု ၃ | *သဟ ၉ | | | *ပုရေ ၃ | *ပစ္ဆာ ၃ | | *ရုပ်ဟာ ၁ | *ရူပဇီ ၁ | သဟပုရေ ၂ | ပစ္ဆာဟာ ၂ | ပစ္ဆာဣ ၂ |
| | နတ် | | | *နတ် ၇ | | | | | | | | | |
| | ဝိဂ | | | *ဝိဂ ၇ | | | | | | | | - | |
| | အဝိ | အာပု ၃ | *သဟ ၉ | | | *ပုရေ ၃ | *ပစ္ဆာ ၃ | | *ရုပ်ဟာ ၁ | *ရူပဇီ ၁ | သဟပုရေ ၂ | ပစ္ဆာဟာ ၂ | ပစ္ဆာဣ ၂ |

* ခရေပွင့်များမှာ ဆိုင်ရာဆိုင်ရာတို့တွင် တရားအများဆုံးရသော ခေါင်းဆောင်ပစ္စည်းများဖြစ်ကြ၏။

## သဟငယ်အချင်းချင်း သဘာဂအကောက်ဆိုရိုး။

| | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | | | သင်္ချာ |
|---|---|---|---|---|---|
| ဓိ+ဟေ | ဝိမံသာဓိ | သမ္ပယုတ္တက္ခန္ဓာ | သာဓိပတိစိတ္တဇရုပ် | | ၄ |
| ဟေ+ဣံ | အမောဟ | ။ | သဟိတ်စိတ္တဇရုပ် | သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၄ |
| ဟေ+မဂ် | အမောဟ | ။ | ။ | ။ | ၄ |
| ဓိ+ဟာ | စိတ္တာဓိ | ။ | သာဓိပတိစိတ္တဇရုပ် | | ၇ |
| ဓိ+ဣံ | စိတ္တ၊ ဝီရိယ၊ ဝိမံသာဓိ | ။ | ။ | | ၇ |
| ဓိ+မဂ် | ဝီရိယ၊ ဝိမံသ ဓိ | ။ | | | ၇ |
| ကံ+ဟာ | စိတ်ဂစ္ဆရှိ[illegible] | | စိတ္တဇရုပ် | ပဋိသန္ဓေကမ္မဇရုပ် | ၇ |
| ဟာ+ဣံ | ဝိညာဏာဟာရ(မနိန္ဒြေ) | | ။ | ။ | ၇ |
| ဣံ+ဈာ | ဝေဒနာ၊ ဧကဂ္ဂတာ | ။ | ။ | ။ | ၇ |
| ဣံ+မဂ် | ဝီရိယ၊ သတိ၊ ဧ၊ ပညာ | | သဟိတ်စိတ္တဇရုပ် | သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၇ |
| ဈာ+မဂ် | ဝိတက်၊ ဧကဂ္ဂတာ | ။ | ။ | ။ | ၇ |

## သဟလတ်အချင်းချင်း သဘာဂအကောက်ဆိုရိုး။

| | ပစ္စည်းတရား | ပစ္စယုပ္ပန်တရား | သင်္ချာ |
|---|---|---|---|
| ည+8 | အလုံးစုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး<br>ပဉ္စဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာ | အချင်းချင်း အားရင်း၊ အချင်းချင်း နာမက္ခန္ဓာဟဒယဝတ္ထုအားရင်း ဟဒယဝတ္ထု၊ | ၁ |
| ည+သံ | အလုံးစုံသောပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး | အချင်းချင်း | ၃ |
| ည+8ဝ | ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထု၊ | အချင်းချင်း | ၁ |
| 8+သံ | အလုံးစုံသောဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး | အချင်းချင်း | ၁ |
| 8+8ဝ | ပဉ္စဝေါကာရဘုံ၌ဖြစ်သော အဓိအရှုပဝိပါတ် ၄ ခု၊ ဒွေပဥ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး<br>ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ | စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်<br>ဟဒယဝတ္ထု၊ | ၁ |

# သဟဇာယ်နှင့် သဟလတ် သဘာဂအာကောက်ဆိုရိုး။

| | ဝန္ထည်းတရား | ပစ္စယုဒ္ဓန်တရား | | | သင်္ချာ |
|---|---|---|---|---|---|
| ဟေ+ည | ဟိတ် ဖြပါး | သမ္ပယုတ္တခန္ဓာ | | ဟဒယဝတ္ထု | ၃ |
| မိ+ည | မိတရားကိုယ် ၃ပါး၄ပါးတို့တွင်တပါးပါး | ။ | | | ၃ |
| ကံ+ည | မိတ် ၇၉ ခုရှိသော စေတနာ | ။ | | | ၃ |
| ဟာ+ည | နာမ်အာဟာရတရားကိုယ်၃ပါး | ။ | | ။ | ၃ |
| ဣ°+ည | နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး | ။ | | ။ | ၃ |
| ဈာ+ည | ဈာနင်တရားကိုယ် ငါးပါး | ။ | | ။ | ၁ |
| မဂ်+ည | မဂ္ဂင်တရားကိုယ် ၉ပါး | ။ | | ။ | ၃ |
| ဟေ+မိ | မိပါက်ဟိတ်၃ပါး | သမ္ပယုတ္တခန္ဓာ | သဟိတ်ဝိဇ္ဇာရုပ် | သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၁ |
| မိ+မိ | မိုလ်၄ခုရှိသောအဓိပတိတရားကိုယ် ၄ပါးတို့တွင်တပါးပါး | | အဓိပတိဝိဇ္ဇာရုပ် | | ၁ |
| ကံ+မိ | မိပါက်ရှိသောစေတနာ | | ဝိဇ္ဇာရုပ် | ပဋိသန္ဓေကမ္မဇရုပ် | ၁ |
| ဟာ+မိ | မိပါက်ရှိသောနာမ်အာဟာရတရား ကိုယ်သုံးပါး | | | | ၁ |
| ဣ°+မိ | မိပါက်ရှိသော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါး | | | | ၁ |
| ဈာ+မိ | မိပါက်ရှိသောဈာနင်တရားကိုယ်ငါးပါး | | ။ | | ၁ |
| မဂ်+မိ | မိပါက်ရှိသောမဂ္ဂင်တရားကိုယ်ရှစ်ပါး | | သဟိတ် | သဟိတ် ။ | ၁ |
| ဟေ+သံ | ဟိတ် ဖြပါး | သမ္ပယုတ္တခန္ဓာ | | | ၃ |
| မိ+သံ | မိတရားကိုယ်၃ပါး၄ပါးတို့တွင်တပါးပါး | ။ | | | ၃ |
| ကံ+သံ | စေတနာ | ။ | | | ၃ |
| ဟာ+သံ | နာမ်အာဟာရတရားကိုယ်သုံးပါး | ။ | | | ၃ |
| ဣ°+သံ | နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး | ။ | | | ၁ |
| ဈာ+သံ | ဈာနင်တရားကိုယ်ငါးပါး | ။ | | | ၁ |
| မဂ်+သံ | မဂ္ဂင်တရားကိုယ် ၉ပါး | | | | |
| ဟေ+ဝိ | ဟိတ် ဖြပါး | | သဟိတ်ဝိဇ္ဇာရုပ် | သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၃ |
| မိ+ဝိ | မိတရားကိုယ်၃ပါး၄ပါးတို့တွင်တပါးပါး | | သာဓိပတိဝိဇ္ဇာရုပ် | | ၃ |
| ကံ+ဝိ | စေတနာ | | ဝိဇ္ဇာရုပ် | ပဋိသန္ဓေကမ္မဇရုပ် | ၃ |
| ဟာ+ဝိ | နာမ်အာဟာရတရားကိုယ် ၃ပါး | | ။ | ။ | ၃ |
| ဣ°+ဝိ | နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါး | | ။ | ။ | ၃ |
| ဈာဝိ | ဈာနင်တရားကိုယ်ငါးပါး | | ။ | ။ | ၃ |
| မဂ်+ဝိ | မဂ္ဂင်တရားကိုယ် ၉ပါး | | သဟိတ်ဝိဇ္ဇာရုပ် | သဟိတ်ပဋိသန္ဓေကမ္မဇရုပ် | ၃ |

## ပဉ္စဝါရ အနုလုံ မိဿက ပကိဏ္ဏကယဋ္ဌနာဇယား (၃၉) ချက်။

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကြိုဝိဿမ | ကြိုး၅ ကကန္တ | ဝိငဟေဒ ဝိကံငေး | ဝိငဟေဒ ဝိငဿဝ | ဟေဒ္ဒေ ဟေဒင် | ကြို့၃ ကမ္ဘွေ | ဝိဟေဒ ဝိဟေဒ | ကြိုး၅ ဿဒ္ဓဝိ | ဝဿ၁ သဟဝိဝိ ပုရေဝိဝိ | ဝိငဿဝ ဝိဝိငဟေဒ | ဝိဝိ ဝိဟေဒ | အင်္ဂါဝင်ဒိတ |
| ဝိ | | | ။ | ။ | | | | | | ။ | | ၃ |
| ဈာ | | ။ | | ။ | | | ။ | | ။ | ။ | ။ | ၆ |
| ဟာ | | | | | ။ | | | | | | | ၁ |
| ဣံ | | | | | | ။ | ။ | | | | ။ | ၃ |
| ဝိပ် | | | | | | | | ။ | ။ | ။ | ။ | ၄ |
| အတ် | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၁ |
| အဝိ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၁ |
| သချာ | ၁၃ | ၁၃ | ၈ | ၈ | ၇ | ၇ | ၇ | ၅ | ၅ | ၄ | ၃ | ၃၉ |

# ပဋ္ဌာဝါရအနုလုံ သုဒ္ဓပကိဏ္ဏက ယန္တာရယား (၆၄) ချက်။

| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပစ္ဆာ | အာပု ဝတ်ပု | ဝတ်ပု | အာဓိ | အာပု | ဝတ္ထာ | အာပုဓိ | ဝ[illegible] | ပုဂ္ဂိ° | အနံ | ဝေသ | နာနာ ကမ္မ | အနံ ကမ္မ | ယန္တရာ ပေါင်း |
| အာ | | | | | | | | | | | | | | ၅ |
| ဝိ | | | | | | | | | | | | | | ၃ |
| နံ | | | | | | | | | | | | | | ၃ |
| သနံ | | | | | | | | | | | | | | ၃ |
| နိ | | | | | | | | | | | | | | ၄ |
| ဥ | | | | | | | | | | | | | | ၇ |
| ပု | | | | | | | | | | | | | | ၇ |
| ပစ် | | | | | | | | | | | | | | ၁ |
| သသ | | | | | | | | | | | | | | [illegible] |
| ကံ | | | | | | | | | | | | | | ၂ |
| ရူ° | | | | | | | | | | | | | | ၁ |
| ဣန် | | | | | | | | | | | | | | ၅ |
| အတ် | | | | | | | | | | | | | | ၈ |
| နတ် | | | | | | | | | | | | | | ၁ |
| ဝိဂ | | | | | | | | | | | | | | ၃ |
| အဝိ | | | | | | | | | | | | | | ၈ |
| သင်္ချာ | ၃ | ၃ | ၃ | ၇ | ၃ | ၃ | ၁ | ၁ | ၁ | [illegible] | [illegible] | ၂ | ၁ | ၆၄ |

(၅) သဟဇာတ အကြံ့အလတ် ယန္တရားဇယား (၅၇) ချက်

| | အဝိပါက (၅) ချက် | | | | | သဝိပါက (၅) ချက် | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ | ၁ | ၂ | ၃ | ၄ | ၅ | |
| | သဟ | ည | သံ | ဝိပ် | ည+ဝိပ် | ဝိပါ | ဝိပါ+ ည | ဝိပါ+ သံ | ဝိပါ+ ဝိပ် | ဝိ+ည+ ဝိပ် | ယန္တရား ပေါင်း |
| သဟဇာတ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ |
| အညမည | | ။ | ။ | | ။ | | ။ | ။ | | ။ | ၆ |
| နိဿယ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ |
| ဝိပါက | | | | | | ။ | ။ | ။ | ။ | ။ | ၅ |
| သမ္ပယုတ္တ | | | ။ | | | | | ။ | | | ၂ |
| ဝိပ္ပယုတ္တ | | | | ။ | ။ | | | | ။ | ။ | ၄ |
| အတ္ထိ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ |
| အဝိဂတ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ။ | ၁၀ |
| သင်္ချာ | ၉ | ၃ | ၃ | ၃ | ၁ | ၁ | ၁ | ၁ | ၁ | ၁ | ၅၇ |

ပစ္စည်း၊ ပစ္စယုပ္ပန်ဟူသော အစိတ်စိတ် ဓမ္မတို့၌ ပေါင်းဆုံစုပြုံင်ကြသော ပစ္စယသဘာဂ သတ္တိအပေါင်းသည် ဃဋနာမည်၏။ ထိုဃဋနာသည် သဟဇာတဃဋနာ၊ ပကိဏ္ဏက ဃဋနာဟု နှစ်မျိုးရှိ၏။

သဟဇာတမျိုးသက်သက်ကို ဟောသော ဃဋနာသည် သဟဇာတ ဃဋနာ မည်၏။

ပကိဏ္ဏကဃဋနာ၌လည်း သုဒ္ဓပကိဏ္ဏကဃဋနာ၊ မိဿက ပကိဏ္ဏကဃဋနာဟု နှစ်မျိုးရှိ၏။ သဟဇာတမျိုးနှင့် လုံးဝ မရောပဲ အာရမ္မဏမျိုး၊ အနန္တရမျိုး စသည်ကို ပြိုးပြွန်း၍ ဟောသော ဃဋနာသည် သုဒ္ဓပကိဏ္ဏက ဃဋနာ မည်၏။ သဟဇာတမျိုးနှင့် အာရမ္မဏမျိုး၊ ဝတ္ထုမျိုး စသည်ကို ရော၍ ပြိုးပြွန်းကာ ဟောသော ဃဋနာသည် မိဿက ပကိဏ္ဏကဃဋနာ မည်၏။

မိဿကပကိဏ္ဏကဃဋနာ၌ အဓိပတိ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၇)ပစ္စည်းကိုသာ ဟော၏။

သုဒ္ဓပကိဏ္ဏကဃဋနာ၌ အာရမ္မဏ၊ အဓိပတိ၊ အနန္တရ၊ သမနန္တရ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန၊ ကမ္မ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ (၁၆) ပစ္စည်းကိုသာ ဟော၏။

ဤ ဃဋနာခန်းကို ရှင်းလင်း လွယ်ကူအောင် မိဿက ပကိဏ္ဏက၊ သုဒ္ဓပကိဏ္ဏက၊ သဟဇာတဟု တသန့်စီ ပြထားသည်။ ပြည့်စုံသော အခါ ဒေသနာက္ကမအတိုင်း ဟောလေ။

မိဿကပကိဏ္ဏက၌ ခေါင်းစဉ် (၁၁)ချက်။ သုဒ္ဓပကိဏ္ဏက၌ ခေါင်းစဉ်(၁၃)ချက် စသည်တို့ကို ရပါစေ။ သို့မှ ကိစ္စပြီးစီးလိမ့်မည်။

အတ္ထိ(၉)မျိုး=အာရမ္မဏပုရေဇာတတ္ထိ၊ သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ နှင့် မိဿက(၃)မျိုးတည်း။

ပုရေနိ=ဝတ္ထုပုရေဇာတနိဿယတည်း။ (ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယတည်း။ ဝတ္ထုပုရေဇာတတွင် အကျုံးဝင်၏။)

ဣန္ဒြိယ(၃)မျိုး=သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတည်း။

ဝိပ္ပယုတ္တ (၄)မျိုး=ဝတ္ထာရမ္မဏ၊ သဟဇာတဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတဝိပ္ပယုတ္တတည်း။

**သဟာဒိဝိပ်** = **သဟဇာတာဓိပတိနှင့် သဟဇာတဝိပ္ပယုတ္တတို့၏** နှစ်ဘက်ရတည်း။ သာဓိပတိစိတ္တဇရုပ်အား တတ်သော အဓိပတိ တရားကိုယ် သုံးပါး လေးပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိ ဝိပ္ပယုတ္တပစ္စည်းဟု ဆို။

**သဟတိ ဝိပ်** = သဟဇာတိန္ဒြိယနှင့် သဟဇာတဝိပ္ပယုတ္တတို့၏ နှစ်ဘက်ရတည်း။ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယဝိပ္ပယုတ္တပစ္စည်းဟု ဆို။

သဟဇာတအကြီး၊ အလတ် ဃဋနာဇယားမှ အဝိပါက (၁)-(၂)-(၃)-(၄)အချက်တို့မှာ သဟဇာတအကြီး၊ အညမည၊ သမ္ပယုတ္တ၊ သဟဇာတဝိပ္ပယုတ္တတို့၏ သုဒ္ဓသင်္ချာအတိုင်း ဆိုလေ။ (၅)အချက်မှာ အညမညပစ္စယာ ဝိပ္ပယုတ္တေ ဧကံ ဟု သဘာဝခန်းမှ အညမည+ဝိပ္ပယုတ္တ နှစ်ဘက်ရ ဖြစ်သော ''အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာဟဒယဝတ္ထု''ဖြစ်၏။

သဝိပါက(၅)ချက်မှာ (၁)အချက်သည် ဝိပါကပစ္စည်း၏ သုဒ္ဓသင်္ချာအတိုင်း ဖြစ်၏။

(၂)အချက် = ဝိပါ + ည = အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။

(၃)အချက်=ဝိပါ+သံ=အချင်းချင်းအား တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး။

(၄)အချက်=ဝိပါ+ဝိပ် = စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဉ် တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ ၄-ပါး၊ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။

(၅)အချက်=ဝိပါ+ည+ဝိပ် = ဟဒယဝတ္ထုအားတတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။

## သဟ[illegible]အင်္ဂါ ဃဋနာ[illegible]ယား (၂၅၅) ချက်

| | မဇ္ဈည်းတရား | ဃဋနာနည်း | | | | | | | အချက် | သင်္ချာ |
|---|---|---|---|---|---|---|---|---|---|---|
| | | ဟေ | မိ | ကံ | ဟာ | ဣ | ဈာ | မဂ် | | |
| ၁ | သာမည | *॥ | | | *॥ | *॥ | *॥ | *॥ | ၉စီ | |
| ၂ | ဝိရိယ၊သတိ၊ပညာ | | | | | ॥ | | ॥ | ၉စီ | |
| ၃ | ဝေဒနာ၊ကေဂ္ဂတာ | | | | | ॥ | ॥ | | ၉စီ | ၇ |
| ၄ | ဝိတက်၊ကေဂ္ဂတာ | | | | | | ॥ | ॥ | ၉စီ | |
| ၅ | ကေဂ္ဂတာ | | | | | ॥ | ॥ | ॥ | ၉စီ | ၃ |
| ၆ | စေတနာ | | | ॥ | ॥ | | | | ၉စီ | ၃ |
| ၇ | ဝိညာဉ် | | | | ॥ | ॥ | | | ၉စီ | |
| ၈ | ဆန္ဒာဓိ | | ॥ | | | | | | ၆ | ၃ |
| ၉ | စိတ္တာဓိ | | ॥ | | ॥ | ॥ | | | ၆စီ | |
| ၁၀ | ဝိရိယာဓိ | | ॥ | | | ॥ | | ॥ | ၆စီ | |
| ၁၁ | အမောဟ | ॥ | | | | ॥ | | ॥ | ၉စီ | ၄ ၂ |
| ၁၂ | ဝိမံသာဓိ | ॥ | ॥ | | | ॥ | | ॥ | ၆စီ | ၂ ၂ |
| | ဃဋနာပေါင်း | ၂၄ | ၂၄ | ၉ | ၃၃ | ၇၂ | ၃၆ | ၅၇ | ၂၅၅ | |

သာမညဃဋနာတွင် ဟိတ် ၆-ပါး၊ နာမ်အာဟာရ တရားကိုယ် ၃-ပါး၊ နာမ်ဣန္ဒြေတရားကိုယ် ၈-ပါး၊ ဈာနင် ၅-ပါး၊ မဂ္ဂင်တရားကိုယ် ၉-ပါးစီ ရကြသည်။ ပစ္စည်း၊ ပစ္စယုပ္ပန် အပြည့်အစုံရကြသော ဤ ၄ါးပါးသည် သာမညဃဋနာ အမည်ရကြ၏။
* ခရေပွင့်ပြ အမှတ်အတိုင်း တစ်ပစ္စည်းသာ လိုက်ပါ၊ ကြွင်းဃဋနာများ၌ ဆိုင်ရာပစ္စည်းဟရားကို ကြည့်၍ ဆိုလေ။ အမှတ်ပြ ပစ်မှားအားလုံး လိုက်ရ၏။

## သဟဇာတအငယ် ပဗ္ဗည်းဖြင့် ဆိုရိုးဇယား။

| | သမ္ပယုတ္တခန္ဓာ | စိတ္တဇရုပ် | ပဋိသန္ဓေကမ္မဇရုပ် | ပဗ္ဗည်းတိုး | | | သင်္ချာ | အဝိပါက | သဝိပါက |
|---|---|---|---|---|---|---|---|---|---|
| ၁ | ။ | ။ | ။ | သဟကြီး ၄ | | | ၇ | အဝိပါက-၄ | သဝိပါက-၅ |
| ×၂ | ။ | | ဟဒယဝတ္ထု | ။ | ည | | ၃ | | |
| ၃ | ။ | | | ။ | ည | သံ | ၃ | | |
| ၄ | ။ | ။ | ပဋိကမ္မဇရုပ် | ။ | | ဝိပ် | ၃ | | |
| ×၅ | | | ဟဒယဝတ္ထု | ။ | ည | ဝိပ် | ၁ | | |

ဟေတုမဂ္ဂဖြစ်လျှင် သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်၊ အဓိပတိဖြစ်လျှင် သာဓိပတိ စိတ္တဇရုပ်ဟု သုဒ္ဓ သင်္ချာအတိုင်း ဆိုပါ။

× ကြက်ခြေပြထားခြင်းမှာ ပဋိသန္ဓေအခါ အဓိပတိမရ၍ ပဋိသန္ဓေကမ္မဇရုပ် မဆိုရ။

သင်္ချာထုတ်ပုံ=သံ့ာမည်မှ ဝီရိယာဓိတိုင် ပထမအချက်ကို သတ္တ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ အချက်များကို တီဏိဟု အဝိပါကဿဌနာများအတွက် ကိန်းသေမှတ်ပါ။ အမောဟ–ဝီမံသာဓိဋ္ဌ အကုပဒ မရ၍ စတ္တာရိ၊ ဒွေ၊ ဒွေ၊ ဒွေ။ သဝိပါက အားလုံး သင်္ချာ ကော်။

| မျိုးပစ္စည်းများ | | ပစ္စယုဒ္ဒါရ | [illegible] | | | | [illegible] | | | | [illegible] | | | [illegible] | | [illegible] | | [illegible] |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | |
| အာရမ္မဏ | ၁ | အာရမ္မဏ | • | • | • | | • | • | • | | • | • | • | | | | | ၉ |
| အာဓိပတာရမ္မဏူပနိဿယ | ၂ | အာရမ္မဏ | • | • | • | | • | | | | • | • | | | | | | ၇ |
| အာပုပ္ဖဝတ္ထု | ၇ | အာရမ္မဏ | | | | | | | | | • | • | • | | | | | ၃ |
| *အာပုမ်ဝတ္ထုမ | | အာရမ္မဏ | | | | | | | | | | • | | | | | | [illegible] |
| သဟဇယ် | | သဟဇာတ | • | | | • | • | | • | • | • | | | | | | | ၇ |
| သဟကြီး | ၄ | သဟဇာတ | • | | | • | • | | • | • | • | | | | • | | • | ၉ |
| အညသံ | ၂ | သဟဇာတ | • | | | | • | | | | • | | | | | | | ၃ |
| ဝိပါက | ၁ | သဟဇာတ | | | | | | | | | • | | | | | | | ၁ |
| သဟဝိပ် | ၁ | သဟဇာတ | | | • | | | | • | | • | | | | | | | ၃ |
| အနန္တရ | ၅ | ဥပနိဿယ (အနန္တရူ) | • | | • | | • | | • | | • | | | | | | | ၇ |
| အာသေဝန | ၁ | ဥပနိဿယ (အနန္တရူ) | • | | | | • | | | | • | | | | | | | ၃ |
| အနန္တရကမ္မ | ၁ | ဥပနိဿယ (အနန္တရူ) | | | • | | | | | | | | | | | | | ၁ |
| ပကတူပနိဿယ | ၁ | ဥပနိဿယ (ပကတူ) | • | | • | | • | • | • | | • | • | • | | | | | ၈ |
| ဗလဝနာနာက္ခဏိကကမ္မ | ၁ | ဥပနိဿယ (ပကတူ) | | | | | | | • | | | | | | | | | ၁ |
| ဝတ္ထုပုရေဇာတ | ၅ | ပုရေဇာတ | | | | | | | | | • | • | • | | | | | ၃ |
| ဝတ္ထုပုရေဇာတိန္ဒြိယ | ၁ | ပုရေဇာတ | | | | | | | | | • | | | | | | | ၁ |
| ပစ္ဆာဇာတ | ၄ | ပစ္ဆာဇာတ | | | • | | | | • | | • | | | | | | | ၃ |
| ဗလဝဒုဗ္ဗလနာနာက္ခဏိကကမ္မ | ၁ | ကမ္မ | | | • | | | | • | | | | | | | | | ၂ |
| ရုပ်အာဟာရ | ၃ | အာဟာရ | | | | | | | | | • | | | | | | | ၁ |
| ရုပဇီဝိတိန္ဒြိယ | ၃ | ဣန္ဒြိယ | | | | | | | | | • | | | | | | | ၁ |
| သဟဇာတ-ပုရေဇာတမိဿက | ၃ | သဟဇာတံ-ပုရေဇာတံ | | | | | | | | | | | | • | | | | [illegible] |
| ပစ္ဆာဇာတာဟာရမိဿက | ၂ | ပစ္ဆာဇာတံ-အာဟာရံ | | | | | | | | | | | | | | | • | ၂ |
| ပစ္ဆာဇာတိန္ဒြိယမိဿက | ၁ | ဣန္ဒြိယံ | | | | | | | | | | | | | • | | • | ၁ |
| ပစ္စယုဒ္ဒါရပစ္စည်းရေပေါင်း | | | ၃ | ၂ | ၅ | ၁ | ၃ | ၂ | ၅ | ၁ | ၇ | ၃ | ၃ | ၂ | ၄ | ၂ | ၄ | |
| ၂၄ ပစ္စည်းရေပေါင်း | | | ၂၀ | ၃ | ၁၉ | ၁၁ | ၂၀ | ၂ | ၁၉ | ၁၁ | ၂၄ | ၁၂ | ၁၁ | ၃ | ၄ | ၃ | ၄ | |
| မျိုးပစ္စည်းရေပေါင်း | | | ၂၃ | ၄ | ၂၀ | ၁၁ | ၂၃ | ၂ | ၂၅ | ၁၁ | ၃၆ | ၁၃ | ၁၉ | ၁ | ၆ | ၃ | ၆ | |

(ဂ)

| ပစ္စည်း | ပဉ္စဝါရ ပစ္စနိက်ဇယား | | | | | | | | | | | | နဟေတုပစ္စည်း နည်းပြသင်္ချာဇယား | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | အာ ၉ | သဟ ၉ | ဥပ အနန္တရ ၇ | ဥပ ပကတူ ၉ | ပုရေ ၃ | ပစ္ဆာ ၃ | ကံ ၂ | ဟာ ၁ | ဣ ၁ | သဟပုရေ ၂ | ပစ္ဆာဟာ ၂ | ပစ္ဆာဣ ၂ | သုဒ္ဓ ဒုက | ၃-၄ ၅-၆ | ၇ ၈ | ၉ | ၁၀ ၁၁ | ၁၂ ၁၃ | ၁၄ ၁၅ | ၁၆-၂၁ သဟာ | ၁၆-၂၁ သဏ္ဍ |
| ဟေ | | ဟေ | | | | | | | | | | | ၁၅ | | | | | | | | |
| အာ | *အာ | | | | | | | | | | | | 〃 | | | | | | | | |
| ဓိ | အာဓိ | သဟာဓိ | | | | | | | | | | | 〃 | ၁၅ | | | | | | | |
| နံ | | | *နံ | | | | | | | | | | 〃 | 〃 | | | | | | | |
| သနံ | | | *သနံ | | | | | | | | | | 〃 | 〃 | | | | | | | |
| *သဟ | | *သ | | | | | | | | | | | ၁၁ | ၁၁ | | | | | | | |
| *ည | | ည | | | | | | | | | | | ၁၁ | ၁၁ | ၁၁ | | | | | | |
| *နိ | ဝတ္ထာ | *သဟနိ | | | *ပုရေနိ | | | | | သဟပုရေ | | | ၁၁ | ၁၁ | ၁၁ | | | | | | |
| ဥ | အာရမ္မဏူ | • | *အနန္တရ | *ပကတု | | | | | | | | | ၁၅ | ၁၃ | ၇ | ၅ | | | | | |
| *ပု | အာပု | | | | *ဝတ်ပု | | | | | | | | ၁၃ | ၁၃ | ၁၁ | ၁၁ | ၅ | | | | |
| +×ပစ် | | | | | | *ပစ္ဆာ | | | | | | | ၁၅ | ၁၅ | ၉ | ၉ | ၃ | | | | |
| သေ | | | သေ | | | | | | | | | | 〃 | 〃 | ၁၁ | ၁၁ | ၅ | ၃ | | | |
| ကံ | | သဟကံ | နံကံ | ဗလဝကံ | | | *ကံ | | | | | | 〃 | 〃 | 〃 | 〃 | 〃 | ၁ | | | |
| ဝိ | | ဝိပါ | | | | | | | | | | | 〃 | 〃 | 〃 | 〃 | 〃 | ၃ | ၁ | | |
| +ဟာ | | နာမ်ဟာ | | | | | | *ဟာ | | | | | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 | | |
| ×ဣ | | သဟဣ° | | | ပုဣ° | | | | *ဣ | | | | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 | | |
| ဈာ | | ဈာ | | | | | | | | | | | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 | ၁ | ၁ |
| မဂ် | | မဂ် | | | | | | | | | | | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 |
| *သ | | သံ | | | | | | | | | | | ၁၁ | ၁၁ | 〃 | 〃 | 〃 | 〃 | 〃 | 〃 | 〃 |
| +×ဝိ | ဝတ္ထာ | သဟဝိ | | | *ပုရေဝိ | *ပစ္ဆာဝိ | | | | | | | ၉ | ၉ | ၉ | ၉ | ၃ | 〃 | 〃 | 〃 | 〃 |
| +×အတ် | အာပု | *သဟ | | | *ပုရေ | *ပစ္ဆာ | | *ဟာ | *ဣ° | သဟပုရေ | ပစ္ဆာဟာ | ပစ္ဆာဣ° | ၉ | ၉ | ၉ | ၉ | ၂ | ၂ | | | |
| နတ် | | | *နတ် | | | | | | | | | | ၁၅ | ၁၅ | ၁၁ | ၁၁ | ၅ | ၃ | ၁ | 〃 | 〃 |
| ဝိဂ | | | *ဝိဂ | | | | | | | | | | ၁၅ | ၁၅ | ၁၁ | ၁၁ | ၅ | ၃ | ၁ | 〃 | 〃 |
| *+×အဝိ | အာပု | *သဟ | · | | *ပုရေ | *ပစ္ဆာ | | *ဟာ | *ဣ° | သဟပုရေ | ပစ္ဆာဟာ | ပစ္ဆာဣ° | ၉ | ၉ | ၉ | ၉ | ၂ | ၂ | | | |

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## * ပဋ္ဌာန်းကုသလတိက် ပဉှာဝါရ အနုလုံသင်္ချာခန်း

ဆဝါရသင်္ချာခန်းတွေတုန်းက သင်္ချာတွေကို နားလည်ဖို့ရာအတွက် ဆဝါရဆိုင်ရာ အနုလုံသုဒ္ဓသင်္ချာ၊ ပစ္စနိက် သုဒ္ဓသင်္ချာတွေကို ကျက်ရပါတယ်။ ပဋ္ဌာန်းကျမ်းကြီးလို့ ဆိုတာ သုဒ္ဓသင်္ချာ မပါခဲ့လို့ရှိရင် ကိစ္စမပြီးပါဘူး။ ဘာ့ကြောင့်လဲ? ဒီသုဒ္ဓသင်္ချာမှာ ဆဝါရဆိုင်ရာမှာဆိုရင်လဲ ပစ္စည်းပစ္စယုပ္ပန် ပစ္စနိက်ရယ်လို့ ရှိပါတယ်။ ပဉှာဝါရဆိုင်ရာမှာလဲ ပစ္စည်း ပစ္စယုပ္ပန် ပစ္စနိက်ရယ်လို့ ရှိပါတယ်။ ဒီတရားတွေကို သိထားမှသာ ဆိုင်ရာဖြစ်တဲ့ ပစ္စည်းတွေကို ဟောခြင်းငှာ စွမ်းနိုင်ပါတယ်။ ဆဝါရတုန်းက သုဒ္ဓသင်္ချာကို ကျက်ထားရုံမျှဖြင့် အားလုံးကုန် ကိစ္စပြီးသလို ဒီပဉှာဝါရမှာလဲ သုဒ္ဓသင်္ချာကို ကျက်ထားခဲ့လို့ရှိရင် ဘာမှ နောက်ထပ် အထူးအထွေ မကျက်ရပဲနဲ့ အင်မတန် ခက်ခဲ နက်နဲတဲ့ သင်္ချာခန်းတွေဟာ ကိစ္စပြီးနိုင်ပါတယ်။

ဒီ သုဒ္ဓသင်္ချာဟာ ပဋ္ဌာန်း (၂၄)ကျမ်း ရှိတဲ့အနက် တိကပဋ္ဌာန်းမှာလဲ ဆိုင်ရာတိက်အားလျော်စွာ သုဒ္ဓသင်္ချာတွေ ရှိရပါတယ်။ ဒုကပဋ္ဌာန်းတွေမှာလဲ ဆိုင်ရာ ဒုက် အားလျော်စွာ သုဒ္ဓသင်္ချာတွေ ရှိရပါတယ်။ ဒုကတိက-တိကဒုက-တိကတိက-ဒုကဒုကလို့ ဆိုတဲ့ အနုလုံ ၆ ကျမ်းမှာရော၊ ပစ္စနိက် ၆ ကျမ်းမှာရော၊ ဓမ္မာနုလောမပစ္စနိက် ၆ ကျမ်းမှာရော၊ ဓမ္မပစ္စနိယာနုလောမ ၆ ကျမ်းမှာရော အားလုံးကုန်(၂၄)ကျမ်းလုံးအတွက် ဆိုင်ရာ ဆိုင်ရာ သုဒ္ဓသင်္ချာတွေ ရှိရပါတယ်။

အကျယ်အားဖြင့် တသိန်း နှစ်သောင်း ကိုးထောင် နှစ်ရာ သုံးဆယ့် နှစ်ကျမ်းသော ပဋ္ဌာန်းတွေမှာ ဆိုင်ရာဖြစ်တဲ့ သုဒ္ဓသင်္ချာတွေဟာ ရှိရပါတယ်။ သုဒ္ဓသင်္ချာကို ကုသလတိက်မှာ အရကောက် ဆရာတော်ကြီးက

---

* ၁၃၂၈-ခု၊ နတ္တော်လဆန်း ၈-ရက် (၂၀-၁၂-၆၆) အင်္ဂါနေ့၊ ပထမအကြိမ်၊

အပြည့်အစုံ ပြပါတယ်။ ဝေဒနာတိက်မှာလဲ သုဒ္ဓသင်္ချာကို ပြပါတယ်။ ဝေဒနာတိက်ကိုပြတဲ့အခါမှာ ဝေဒနာတိက်မှာ တိက်မုတ်တွေရှိပါတယ်။ တိက်မုတ်တွေက ဝေဒနာ ၃-မျိုးနဲ့ ရုပ် နိဗ္ဗာန် ဖြစ်ပါတယ်။ တိက်မုတ်ဖြစ်တော့ ဓမ္မအနုလုံအတွက် ဒီတိက်မုတ်တွေကို သုဒ္ဓသင်္ချာထဲမှာ ထည့်ပြီး မဟောရပါဘူး။ရုပ်တွေက တိက်မုတ်ဖြစ်ပြီးနေတော့ နာမ်တရားတွေသာလျှင် သုဒ္ဓသင်္ချာဖြစ်ပါတယ်။ဥပမာ-ဝေဒနာတိက်အတွက် ဆဝါရဟောတု ပစ္စည်းဆိုရင်-သဟိတ်စိတ် ကေသတ္တတိ၊ မောဟမူဒွေ မောဟ ဝေဒနာကြဉ်သော စေတသိက် ကေပညာသ သဟိတ်ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓသုံးပါး-ဒါပဲ ရပါတယ်။ ရုပ်တွေ မရတော့ပါဘူး၊ ပဥ္စဝါရ ဟောတု ပစ္စည်းမှာဆိုရင် ''သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ် ၆-ပါး'' ဒီလိုလာဖြစ်ပါတယ်။အာရမ္မဏပစ္စည်းကျတဲ့အခါမှာ''ဒွေပဥ္စဝိညာဉ်တဆယ်၊ မနောဓာတ် ၃-ခု ကြဉ်သော ကာမစိတ် ၄၁၊ ဝိညာဏဉ္စာယတနစိတ် ၃-ခု၊ နေဝသညာနာသညာယတနစိတ် ၃-ခု၊ အဘိညာဉ်ဒွေအား တတ်သော စိတ်ဘုံယုတ် ကိုးဆယ်၊ ဝေဒနစကြဉ်သော စေတသိက် ဒွေပညာသ ပဝတ္တိပဋိသန္ဓေနာမက္ခန္ဓာ သုံးပါး''လို့လာပြီး ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ ဝေဒနာတိက်၏ တရားအားလျော်စွာ ဝေဒနာကိုလဲ ကြဉ်တယ်၊ ရုပ်လဲ မရှိဘူး၊ နိဗ္ဗာန်လဲ မရှိဘူးလို့ ဆိုသဖြင့် နိဗ္ဗာန်ကို ကောန် အာရုံပြုတဲ့ လောကုတ္တရစိတ် ရှစ်ခုဟာ မရတော့ပါဘူး၊ ဒွေပဥ္စဝိညာဉ်တဆယ်နဲ့ မနောဓာတ် ၃-ခုသည် ရုပ်ကို ကောန် အာရုံပြုခြင်းကြောင့် ရုပ်ကလဲတိက်မုတ်ဖြစ်နေသဖြင့် ဒီဒွေပဥ္စဝိညာဉ်တဆယ်နဲ့ မနောဓာတ် ၃-ခုကို ကြဉ်ရပါတယ်။

ဝိပါကတိက်၊ ဥပါဒိန္နတိက်၊ သံကိလိဋ္ဌတိက်များမှာ တိက်မုတ် မရှိလေတော့ ကုသလတိက်က သုဒ္ဓသင်္ချာဝါရအတိုင်းပဲ ဟောရပါတယ်။ ရှေးရှေး တိက်တွေ ဒုက်တွေကျတော့ သုဒ္ဓသင်္ချာတွေကို အရှေ့ကောက် ဆရာတော်ကြီးကလဲ ရေးပြီး မပြနိုင်တော့ပါဘူး။ ကိုယ့်ဟာကိုယ် ကြံဆပြီးတော့ ပေးခဲ့တဲ့ နည်းအတိုင်း လိုက်နာပြီး ဒီ သုဒ္ဓသင်္ချာတွေကို ပြုလုပ်ရပါတယ်။ အဆက် အဆက် တိက် ဒုက်တွေကျတော့ သုဒ္ဓသင်္ချာရယ်လို့ ဆဝါရအတွက်၊ ပဥ္စဝါရအတွက် အထူးပြုလုပ်ပြီး မရေးနိုင်တော့ပါဘူး။ ဘာကိုသာလျှင် ကြည့်ရသလဲ၊ သူတို့ရဲ့ ဆိုင်ရာဖြစ်တဲ့ တိက်ပုဒ်အရ ဒုက်ပုဒ်အရ ဒုကတိကမှာ ဒုက်နဲ့ တိက်နဲ့ တွဲထားတဲ့

တရားအရ၊ တိကဒုကမှာ တိက်နဲ့ ဒုက်နဲ့ တွဲထားတဲ့ တရားအရ၊ တိက တိက စသည်တွေမှာလဲ တိက်နဲ့တိက် တွဲထားတဲ့ တရားအရ စသည် တွေကိုသာလျှင် ကြည့်ပြီး ဆဝါရအလျောက် ပဉ္စဝါရအလျောက် ကိုယ့်ဟာကိုယ် ထုတ်ပြီး ယူရပါတယ်။ အသက် အသက်ပြင်တဲ့ တိက် ဒုက် တွေ ကျတဲ့အခါမှာ သုဒ္ဓသင်္ချာတွေဟာ အထူးမရှိသဖြင့် ကိုယ့်ဟာကိုယ် ပင် ပြုလုပ်ပြီး ယူရပါတယ်။ ဓမ္မအနုလုံ ၆ ကျမ်းအတွက် သုဒ္ဓသင်္ချာ ပြုလုပ်မှုက လွယ်သေးတယ်။ ဓမ္မဒုစ္စနိကာသ၏ ကြွင်းကျန်တဲ့ (၁၈) ပါး သော ပဋ္ဌာန်းတွေကျရင် အင်မတန် ခဲယဉ်းပါတယ်၊ အရကောက် ဆရာတော်ကြီးဟာ ပဋ္ဌာန်း(၂၄)ကျမ်း ကုန်သည့်တိုင်အောင် ကြိုးကြိုး စားစား ရေးတော်မူရှာပါတယ်။ ရေးတဲ့အခါမှာ တရားကို ဆိုင်ရာ ဆိုင်ရာ ထုတ်ရတယ်၊ ဒါပေမယ့် တခါတရံမှသာလျှင် ထုတ်ပြပါတယ်၊ တခါတရံထုတ်မပြဘူး။ ဒီလိုပြတဲ့အခါမှာ အင်မတန် ညည်းညူတော်မူရှာ ပါတယ်၊ “ပဋ္ဌာန်းတရားကြီးသည်ကား အလွန်တရာ ခက်ခဲ၏။ နက်နဲ၏။ သိမ်မွေ့၏၊ သဗ္ဗညုတဉာဏ်၏ အရာသာလျှင် ဖြစ်ခဲ့၏၊ ဤသို့သော တရား များကို ထုတ်ပြငြားသော်လည်း ဤ ထုတ်ပြတဲ့ တရားတွေသည် ကေန် မှန်လိမ့်မည်ဟူ၍ မဆိုဝံ့၊ ကြံဆကြပါလေ” ဟူ၍ လည်းကောင်း၊ တချို့ နေရာဌာနမှာ ၂ မျိုး ထုတ်ပြတယ်။ ၂ မျိုး ထုတ်ပြပြီး ပထမနည်းကပင် ပို၍ ကောင်းလိမ့်မည် ဟူ၍လည်းကောင်း ဒီလို မှာထားတော်မူပါတယ်။

ဒီသုဒ္ဓသင်္ချာတွေကို ဘယ်လိုလုပ်ရမလဲဆိုရင် တရားတွေ ကြည့် ကြည့်ပြီး ထွက်ပေါ်လာတဲ့တရားတွေကို အကုန်လုံး နည်းယူကာ မှတ်ပြီး ထားရပါတယ်။ မှတ်ထားပြီးတဲ့နောက် ဆိုင်ရာ ဆိုင်ရာဖြစ်တဲ့ တရားတွေကို ကြည့်ရှုပြီး သင်္ချာထုတ်ယူရပါတယ်။ ဒီတော့ ပထမက ပြောခဲ့တဲ့အတိုင်း ဤသင်္ချာတွေသည် မည်မျှပင်ခက်ခက် တပည့်တော်တို့ကြံဆထားတဲ့ နည်း နာနယအားဖြင့် ဒီ သင်္ချာခန်းတွေဟာ မခက်ပါဘူး။ အင်မတန် လွယ်ပါ တယ်။ သို့သော် သင်ကြားကြတဲ့ ပုဂ္ဂိုလ်တွေရဲ့တာဝန်၊ ဆရာ့ရဲ့တာဝန် ရယ်လို့ ဝတ္တရား ၂ မျိုးရှိတဲ့အနက် ဤသင်္ချာခန်းတွေကို ကျကျနန လွယ် လွယ်ကူကူ နားလည်ချင်ခဲ့လို့ရှိရင် သင်ကြားတဲ့ ပုဂ္ဂိုလ်တွေဟာ ယခု ပို့ချပြီးပေးတဲ့ သုဒ္ဓသင်္ချာတွေကို ကျေကျေညက်ညက် ကျက်ပြီးထားပါ။ ယနေ့ အင်္ဂါနေ့ ဖြစ်ပါတယ်၊ ဗုဒ္ဓဟူးနေ့တရက်၊ ကြာသပတေးနေ့တရက်၊ သောကြာနေ့တရက်၊ စနေနေ့ပါနဲ့ဆိုရင် ၄ ရက်ရှိပါတယ်။ ဒီ ၄ ရက်

အတွင်း ကြိုးစားပြီး ကျက်လိုက်မယ်ဆိုရင် ဒီသုဒ္ဓသင်္ချာတွေကို ရခြင်းငှာ စွမ်းနိုင်မှာလိမ့်မယ်။ ဒါကြောင့် ဒီသုဒ္ဓသင်္ချာကိုတော့ဖြင့် ကျေကျေညက်ညက် ရအောင် ကျက်ထားဘို့ရာအတွက် အထူးပဲ တိုက်တွန်းပါတယ်။

ဒီသုဒ္ဓသင်္ချာရဲ့ စီစဉ်ထားမှုဟာကလဲ အရကောက်ကြီးအတိုင်း မဟုတ်ပါဘူး။ အရကောက်ကြီးမှာ ပစ္စည်းစဉ်အလိုက် စီစဉ်ထားပါတယ်။ ဒီမှာတော့ ပစ္စနိယဒ္ဓါရမှာ ဟောတော်မူတဲ့ သမူဟက္ကမ နည်းအတိုင်း မျိုးအားဖြင့် စီစဉ်ပြီး ထားပါတယ်။ ဘာဖြစ်လို့ မျိုးအားဖြင့် စီစဉ်ပြီး ထားသလဲဆိုရင် မျိုးအားဖြင့်စီစဉ်မှုသည် ဥပမာ-အာရမ္မဏပစ္စည်းတခုကို ပဋ္ဌာဝါရ ဝိဘင်္ဂအတွက် ရရင် ကြွင်းကျန်တဲ့ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏ ပုရေဇာတစတဲ့ အာရမ္မဏမျိုးတွေ ဟူသမျှကို လုံးဝ ကျက်မှတ်ဖွယ်မရှိပဲနဲ့ အကုန်လုံးရခြင်းငှာ စွမ်းနိုင်ပါတယ်။ အဲဒီလို လွယ်ကူတဲ့ နည်းနာနယကြောင့် မျိုးအားဖြင့် စီစဉ်ပြီး ထားခြင်း ဖြစ်ပါတယ်။ ကိုင်း တပည့်တော် ဆိုပြပါမယ်။ ခပ်လွယ်လွယ်ကလေး ပါပဲ။

ဒီယားမှာ ပစ္စည်းအမည်၊ ပစ္စည်းတရား၊ ပစ္စယုပ္ပန်တရား၊ ပြီးတော့ သင်္ချာ၊ သဘာဂ၊ ပစ္စည်းရေလို့ ရှိပါတယ်။ သဘာဂ ပစ္စည်းရေများ အရကောက်များမှာ မရှိပါဘူး။

## အာရမ္မဏမျိုး သုဒ္ဓသင်္ချာ

**အာရမ္မဏပစ္စည်း၏** သုဒ္ဓ သင်္ချာဝါရ ၌ ကာမစိတ် စတုပညာသ ဝိညာဏဋ္ဌာယတန စိတ် (၃) ခု နေဝသညာ နာသညာယတနစိတ် (၃)ခု အဘိညာဉ်ဒွေ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်၊ ဤတရားတို့သည် အာရမ္မဏပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာနဝ၊ ပစ္စည်းရေ-တစ် ဟူသည်တည်း။

(သင်္ချာ-နဝ-မှာ အမှတ်ကလေးတွေ ရှိတာကို ကြည့်ပြီး ဆိုရမှာလိမ့်မယ်။) သင်္ချာနဝဟူသော်ကား ကုသလော ကုသလဿ၊ကုသလော အကုသလဿ၊ကုသလော အဗျာကတဿ၊အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊အကုသလော အဗျာကတဿ၊ အဗျာကတော

အဗျာကတော အဗျာကတဿ၊အဗျာကတော ကုသလဿ၊အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ တစ် ဟူသော်ကား အာရမ္မဏ ဟူသည်တည်း။

ဒီတော့ အာရမ္မဏ ပစ္စည်းမှာ ကြည့်လိုက်မယ်ဆိုရင် ပစ္စည်းဘက်က စိတ် စေတသိက် ရုပ် နိဗ္ဗာန်ရယ်လို့ ပရမတ္ထတရား လေးပါး ရပါတယ်။ ဒီပရမတ္ထတရား လေးပါးဟာ အာရုံပစ္စည်းအနေနဲ့ လာဖြစ်တယ်။ အာရုံတရားကို အာရုံပြုတတ်တဲ့ တရားလို့ ဆိုတာဟာ နာမ်တရားသာလျှင် ဖြစ်ပါတယ်။ ရုပ်တရားတွေဟာ အာရုံမပြုတတ်ပါဘူး။ နိဗ္ဗာန်လို့ ဆိုတာကတော့ အာရုံအကြောင်း တရားမျှသာလျှင် ဖြစ်ပါတယ်။ မည်သည့် အကြောင်းကြောင့်မှ ဖြစ်ပေါ်နိုင်တဲ့ အကျိုးတရားမျိုး မဟုတ်ပါဘူး။ အာရမ္မဏိက က နာမ်တရားဖြစ်တော့ စိတ် စေတသိက် တရားတွေသာ ဖြစ်ရပါလိမ့်မယ်။ဒါပေတယ်လို့ ပဋ္ဌာဝါရမှာ ဆဝါရတုန်းကလို မဟုတ်။ ဆဝါရ အာရမ္မဏ ပစ္စည်းတုန်းက စိတ် စေတသိက် အကုန်ရခဲ့ပါတယ်။ ပဋ္ဌာဝါရကျတော့ မြတ်စွာဘုရားသည် ပရမတ်တရား သက်သက်ကိုသာ ဟောတယ်။ ပညတ်ကို မဟောပါဘူး။ ပညတ်ကို မဟောသဖြင့် ပညတ်သည် အာရုံတရား အနေအားဖြင့် နေနိုင်ငြားသော်လည်း ဒီပညတ်ဟာ အာရုံပစ္စည်းဘက်က ပါမလာပါဘူး။ ပစ္စယုပ္ပန် တရားကို ကြည့်လိုက်တော့ ပညတ်ကို ဧကန်အာရုံပြုတဲ့ ရူပစိတ် (၁၅) ခု၊ အာကာသာနဉ္စာယတနစိတ် (၃) ခု၊ အာကိဉ္စညာယတနစိတ် (၃) ခုဆိုတဲ့ (၂၁) ပါးသော စိတ်တွေ ပါမလာဘူး။ ဒီ (၂၁) ပါး ပါမလာတော့ ကာမစိတ်က အကုန်ရတယ်။ ရူပစိတ်က လုံးဝ မရတော့ဘူး။ အရူပ စိတ်ထဲက အာကာ၊ အာကိ မရသဖြင့် ဝိညာ၊ နေဝ လာရပါတယ်။ အဘိညာဉ် ရပါတယ်။ လောကုတ္တရာစိတ် ရှစ်ခုက နိဗ္ဗာန်ကို ဧကန် အာရုံပြုသဖြင့် ရပါတယ်။

ပစ္စည်း ပစ္စယုပ္ပန်ကို ကြည့်၍ သင်္ချာထုတ်ရပါလိမ့်မယ်။ သင်္ချာထုတ်တော့ ကုသလော ကုသလဿ ဘာ့ကြောင့် ရသလဲဆိုရင် ပစ္စည်းဘက်က စိတ်တခုယုတ် ကိုးဆယ်ထဲမှာ ကုသိုလ် ပါပါတယ်။ ပစ္စယုပ္ပန်ဘက်မှာလဲ ကာမစိတ် စတုပညာသထဲမှာ ကာမ ကုသိုလ်တွေ ပါတယ်။ ဝိညာကုသိုလ် နေဝကုသိုလ်တွေ ပါပါလိမ့်မယ်။ ဒီကုသိုလ်တွေဟာ ကုသိုလ်ကို အာရုံပြုနိုင်သဖြင့် ကုသလော ကုသလဿ ရပါတယ်။ ကုသလော အကုသလဿကျတော့ ပစ္စည်းဘက်က လောကီ ကုသိုလ်တွေ

ရှိပါတယ်၊ ပစ္စယုပ္ပန်ဘက်က ကာမစိတ်တွေပညာသထဲမှာ အကုသိုလ်ပါပါတယ်၊ အဲဒီ အကုသိုလ်က လောကီကုသိုလ်ကို အားရုံပြုနိုင်သဖြင့် ကုသလော အကုသလဿ ရပါတယ်၊ ယခု စာပို့ချနေတာ အဓိပ္ပာယ် ပြောနေတာ မဟုတ်ဘူး။ သင်္ချာရပုံတွေကို ပြောပြနေတော့ အဓိပ္ပာယ်တွေ ထည့်ပြီး ပြောနေစရာမလိုပါဘူး။ ကုသလော အဗျာကတဿ ရမှုကတော့ ကုသိုလ်ကို အာရုံပြုနိုင်တဲ့ ဝိပါက်ကြိယာစိတ်တွေ ရှိပါတယ်။ ဒါကြောင့် ကုသလော အဗျာကတဿ ရပါတယ်။

ပစ္စည်းဘက်က အကုသိုလ်၊ ပစ္စယုပ္ပန်ဘက်က အကုသိုလ်ရှိသဖြင့် အကုသလော အကုသလဿ ရပါတယ်။ ပစ္စည်းဘက်က အကုသိုလ်၊ ပစ္စယုပ္ပန်ဘက်က ကုသိုလ်ရှိသဖြင့် အကုသလော ကုသလဿ ရပါတယ်။ ပစ္စည်းဘက်က အကုသိုလ် ပစ္စယုပ္ပန်ဘက်က ဇေဒါရံ့ အစရှိတဲ့ အဗျာကတ တရားတွေ ရှိခြင်းကြောင့် အကုသလော အဗျာကတဿ ရပါတယ်။

အဗျာကတော အဗျာကတဿမှာလဲ ပစ္စည်းအဗျာကတ၊ ပစ္စယုပ္ပန် အဗျာကတ ရှိပါတယ်။ အဗျာကတော ကုသလဿမှာ ပစ္စည်း အဗျာကတ ပစ္စယုပ္ပန် ကုသိုလ် ရှိပါတယ်။ ထိုနည်းတူစွာ ပစ္စယုပ္ပန် အကုသိုလ်ရှိသဖြင့် အဗျာကတော အကုသလဿ လို့ သင်္ချာရပါတယ်၊ ဒါ့ထက်တိုးပြီး ကုသလတိက်အဘွက် မရတော့ပါဘူး။

ပစ္စည်းရေကျတော့ အာရမ္မဏပစ္စည်းဟာ ခေါင်းဆောင်ပစ္စည်း ဖြစ်ပါတယ်။ ခေါင်းဆောင်ပစ္စည်းဖြစ်တော့ ဘာနဲ့ ပစ္စည်း ပစ္စယုပ္ပန် အားလုံး အပြည့်အစုံရနိုင်တဲ့ ပစ္စည်းတွေကို အောက်ကြည့်လိုက်မယ်ဆိုင ဘယ်ပစ္စည်းမှ မရှိပါဘူး။ ဒါကြောင့် ပစ္စည်းတစ်ရယ်လို့ သတ်မှတ်ပြီး ထားပါတယ်၊ အာရမ္မဏအဘွက် တော်ကြပါစို့။ နောက်ပြီး ဆက်၍-

**အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု မဟာကုသိုလ်စိတ် ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ ဒေါသမူ ဒွေ မောဟမူ ဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော စိတ် (၈၄) ခု ဒေါစတုက်ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ နိဗ္ဗာန် ဤတရားတို့သည် အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယပစ္စည်း တတ်သောတရားကို မည်ကုန်၏၊ သင်္ချာ ဆတ္တ၊ ပစ္စည်း

ရေ (၃) ဟူသည်တည်း။ သင်္ချာသတ္တ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၃) ဟူသော်ကား အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ဟူသည်တည်း။

အာရမ္မဏာဓိပတိနှင့် အာရမ္မဏူပ နိဿယဟာ ပစ္စည်း ပစ္စယုပ္ပန် အားလုံးကုန် တူခြင်းကြောင့် တွဲပြီး ထားပါတယ်။ ဒီတရားတွေဟာ အားလုံးကုန် အာရမ္မဏရဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ အာရမ္မဏာဓိပတိ ဆိုတော့ အလေးအမြတ် ပြုရမယ့်အာရုံတွေ ဖြစ်ပါတယ်။အလေးအမြတ် ပြုရမယ့်အာရုံလို့ ဆိုသဖြင့် ရုပ်ထဲက ကြင်္ဋ္ဌဖြစ်တဲ့ နိပ္ဖန္နရုပ် အဋ္ဌာရသသာ ရပါတယ်။ ကြင်္ဋ္ဌဖြစ်သောလို့ ဆိုသဖြင့် ဒီနိပ္ဖန္နရုပ် အဋ္ဌာရသသည် ကြင်္ဋ္ဌ ဖြစ်တဲ့ နိပ္ဖန္နရုပ်၊ အနိင်္ဋ္ဌဖြစ်တဲ့နိပ္ဖန္နရုပ်လို့ (၂) မျိုးရှိတဲ့အနက် အလိုရှိအပ်တောင့်တအပ် မြတ်နိုးအပ်တဲ့ နိပ္ဖန္နရုပ်သည်သာလျှင် အလေးအမြတ် ပြုအပ်ပါတယ်။ တစုံတရာ အလိုမရှိအပ်တဲ့ ရုပ်တွေဆိုရင် ဘယ်သူကမှ အလေးအမြတ် မပြုပါဘူး။ အာရမ္မဏတုန်းက ရုပ်အဋ္ဌဝီသဆိုတာ စဗီစစ် ဒီပဋ္ဌာနပါဠိမှာ ရုပ်အဋ္ဌဝီသဟာ ဘယ်ပစ္စည်းမှာမှ ပဋ္ဌာန်းမှာ ရုပ်အဋ္ဌဝီသကုန်အောင် ဟောထားတာ မရှိပါဘူး။ ဒါပေတဲ့ အဋ္ဌကထာ ဆရာကြီးရဲ့ အာဘောဂ အားလျော်စွာ အရကောက် ဆရာကြီးက ရေးပြီး ထားခြင်းကြောင့် ရုပ်အဋ္ဌဝီသရယ်လို့ ထည့်ပြီး ထားပါတယ်။ အနိပ္ဖန္နရုပ်တွေဆိုတာ ပရမတ်အစစ် မဟုတ်ပါဘူး။ ပညတ် တရားတွေပါ။ ဿနိဒဿနတိက်က လွဲလို့ ကုသလတိက်စတဲ့ တိက်တွေမှာ နိပ္ဖန္နရုပ် အဋ္ဌာရသကိုတောင်မှ အပြည့်အစုံ မဟောပါဘူး။ ဘယ်လို ဟောသလဲ။ “စက္ခုံ သောတံ ဃာနံ ဇိဝှံ ကာယံ ရူပေ သဒ္ဒေ ဂန္ဓေ ရသေ ဖောဋ္ဌဗ္ဗေ” ဩဠာရိကရုပ် ၁၂ ခု၊ ပြီးတော့မှ ဝတ္ထုံဆိုပြီး ဟဒယဝတ္ထု၊ (၁၃) ခုပဲ ဟောပါတယ်။ အာပေါ အစရှိတဲ့ တရားတွေကို မဟောပါဘူး။ ဘယ်မှာမှ ဟောသလဲဆိုရင် သနိဒဿနတိက်ကျမှသာ ဟောပါတယ်။ ဘာ့ကြောင့် နိပ္ဖန္နရုပ် အဋ္ဌာရသကုန်အောင် ကုသလတိက် စသည်မှာ မဟောသလဲလို့ စဉ်းစားရင် ဿနိဒဿနတိက်က လွဲလို့ ကြွင်းကျန်တဲ့ တိက်တွေမှာ ရုပ်ဟာ ပဒတခုထဲမှာ နေတာ များပါတယ်။ ဥပါဒိန္နတိက်မှာ “ဥပါဒိန္နုပါဒါနိယာဓမ္မာ အနုပါဒိန္နုပါဒါနိယာဓမ္မာ” ဆိုတော့

ကမ္မဇရုပ်နဲ့ တိဇရုပ် တခြားစီ နေပါတယ်။ ဒါပေမယ့် အဲဒီတိုက်မှာလဲ နိပ္ဖန္နရုပ် အဋ္ဌာရသကို မဟောပါဘူး၊ သနိဒဿနတိုက်ကျတော့ ရုပ်နေတာက ပဒ (၃) ခုလုံးမှာ နေပါတယ်။ "သနိဒဿန သပ္ပဋိဃာ ဓမ္မာ၊ အနိဒဿနသပ္ပဋိဃာဓမ္မာ၊ အနိဒဿနအပ္ပဋိဃာဓမ္မာ" ဆိုတော့ ရူပါရုံရယ်၊ ရူပါရုံကြဉ်သော ဩဠာရိကရုပ် ကေဒသရယ်၊ သုခုမရုပ်ရယ်လို့ ရှိရာ သုခုမရုပ်ဟာ တတိယပဒမှာ နေသဖြင့် သုခုမရုပ် ဆိုင်ရာတွေကို အကုန်လုံး ဟောခြင်းကြောင့် ဖြစ်ပါတယ် ဒါကြောင့် ရုပ်အဋ္ဌဝီသဆိုတာ အဋ္ဌကထာရဲ့ အာဘောဂ အားလျော်စွာ ထည့်ထားခြင်း ဖြစ်ပါတယ်။ ရုပ်အဋ္ဌဝီသတော့ ပဋ္ဌာန်းမှာ ဘယ်နည်းနဲ့မှ မရှိဘူး။ အနိပ္ဖန္နရုပ်ဆိုတာ အသံကလေးတောင်မှ ပဋ္ဌာန်း (၂၄) ကျမ်းမှာ တခုမှ မပါပါဘူး

ပြီးတော့ ဒေါသမူဒွေး၊ မောဟမူဒွေး၊ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် ၈၄ ခု၊ အင်မတန် ဒေါသကြီးနေတဲ့ တွေဝေနေတဲ့ ပုဂ္ဂိုလ်တွေ၊ အင်မတန် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်းနဲ့ ဒုက္ခဝေဒနာ ခံစားရတာတွေ-အဲဒါတွေဟာ အလေးအမြတ်မပြုအပ်ဘူး။ ဒါကြောင့် ၎င်းတို့ကို ကြဉ်ရပါတယ်။ ၎င်းတို့ဆိုင်ရာဖြစ်တဲ့ ဒေါစေတုက်နဲ့ ဝိစိကိစ္ဆာလဲ ကြဉ်ရပါတယ်။ နိဗ္ဗာန်ဆိုတာကတော့ အင်မတန် အလေးအမြတ် အာရုံပြုရမယ့် အာရုံဖြစ်ပါတယ်။ ဒီပစ္စည်းတရားကို အလေးအမြတ် အာရုံ ပြုတတ်တာတွေဟာ "အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခု စသည် ဖြစ်တယ်။ ဒါတွေဟာ အာရမ္မဏာဓိပတိမှာ ဘယ်သဘောနဲ့ လာသလဲဆိုရင် အဿာဒနသဘော=သာယာနှစ်သက်တတ်တဲ့ သဘောမျိုး၊ ဆင်ခြင်တတ်တဲ့ သဘောမျိုး၊ နိဗ္ဗာန်ထို ကေန် အလေးအမြတ် အာရုံပြုတတ်တဲ့ လောကုတ္တရာဆိုင်ရာ တရားမျိုးတွေနဲ့ လာပါတယ်။ အဲဒီတရားတွေသည်သာလျှင် အာရမ္မဏာဓိပတိရဲ့ ပစ္စယုပ္ပန် ဖြစ်ပါတယ်။ ဒါကြောင့် ပစ္စယုပ္ပန်တရားဟာ စိတ်ပေါင်း (၂၈) ခုပဲ ရှိတယ်။ ကြွင်းကျန်တဲ့ ဒေါသ မောဟ၊ အင်မတန်ဒေါသကြီးနေတဲ့ ပုဂ္ဂိုလ်၊ အင်မတန် မောဟကြီးနေတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူ့မှ အလေးအမြတ် မပြုတတ်ပါဘူး။

ထိုနည်းတူစွာ မဟာဝိပါက်စိတ်ဆိုတာ ကံကပေးချလိုက်တဲ့အတွက် ဝိပါက်လာပြီး ဖြစ်ပါတယ်။ ဝိပါက်ဆိုရင် ဖိုလ်မှတပါး ကြွင်းကျန်တဲ့ ဝိပါက်တွေကို မရပါဘူး။ ဒါကြောင့် (၂၈)ခု ဖြစ်ပါတယ်။

ငှင်းရဲ့သင်္ချာကို ထုတ်မယ်ဆိုရင် ပစ္စည်းဘက်က ကုသိုလ်ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်ကလဲ မဟာကုသိုလ် ရှိပါတယ်။ ဒါ့ကြောင့် ကုသလော ကုသလဿ၊ ပစ္စည်းဘက်က လောကီကုသိုလ်ကို ပစ္စယုပ္ပန်လောဘမူက အလေးအမြတ် အာရုံပြုခြင်းကြောင့် ကုသလော အကုဿလဿ ရပါတယ်၊ ပစ္စည်းဖြစ်တဲ့ အရဟတ္တမဂ်ကို မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်က အလေးအမြတ် အာရုံပြုခြင်းကြောင့် ကုသလော အဗျာကတဿ ရပါတယ်။ ပစ္စည်းလောဘ ပစ္စယုပ္ပန်လောဘ ဖြစ်တဲ့အခါမှာ အကုသလော အကုသလဿ ရပါတယ်။ ပစ္စည်းဘက်က ဆိုင်ရာဖြစ်တဲ့ အဗျာကတတွေ ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု ဖိုလ်လေးခုတွေ ရှိပါတယ်၊ ပစ္စည်းဘက်က နိဗ္ဗာန်လဲ ရှိပါတယ်။ ဒါ့ကြောင့် အဗျာကတော အဗျာကတဿ ရပါတယ်။ ပစ္စည်းဘက်က ဖိုလ်တွေနဲ့ နိဗ္ဗာန်ရှိတယ်။ ပစ္စယုပ္ပန်ဘက်က မဟာကုသိုလ် မဂ်တွေ ရှိတယ်။ ဒါ့ကြောင့် အဗျာကတော ကုသလဿ ရပါတယ်။ ပစ္စည်းဘက်က ဆိုင်ရာဖြစ်တဲ့ နိပ္ဖန္နရုပ် ဝိပါက် ကြိယာ စသည်တွေ ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က အကုသိုလ်လောဘမူ ရှိခြင်းကြောင့် အဗျာကတော အကုသလဿ ရပါတယ်။ ဒါ့ကြောင့် သင်္ချာသည် ဿတ္တ ရပါတယ်။

ပစ္စည်းရေကတော့ အာရမ္မဏမျိုးဖြစ်ရင် အာရမ္မဏပစ္စည်းသည် ခေါင်းဆောင် ဖြစ်ခြင်းကြောင့် အမြဲ ပါရလိမ့်မယ်။ သုဒ္ဓသင်္ချာတုန်းက ဆိုခဲ့တဲ့အတိုင်း အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယ ထည့်လိုက်ရင် ပစ္စည်းရေဟာ (၃) ဖြစ်ပါတယ်။

**အာရမ္မဏပုရေဇာတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ** ၌ ကာမစိတ် တော့ ပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌခရသ။ ဤတရားတို့သည် အာရမ္မဏ ပုရေဇာတ ပစ္စည်း တတ်သောတရားတို့ မည်ကုန်၏။ သင်္ချာတိဏ်၊ ပစ္စည်းရေ (၄) ဟူသည် တည်း။ သင်္ချာတိဏ် ဟူသော်ကား အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၄) ဟူသော်ကား အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အာရုံလဲ ဖြစ်ရမယ်၊ ရှေ့ကလဲ ဖြစ်နှင့်ပြီးနေရမယ့် တရားဟာ ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသပဲ ရှိတယ်။ သူ့ကို အာရုံပြုနိုင်တဲ့ တရားဟာလဲ ကာမစိတ်နဲ့ ဒိဋ္ဌိစက္ခု ဒိဋ္ဌိသောတ အဘိညာဉ်ပဲ ရှိပါတယ်။ ပစ္စည်းဘက်က နိပ္ဖန္နရုပ် အဋ္ဌာရသလို့ ဆိုသဖြင့် ပစ္စည်းတရားဟာ အဗျာကတကိန်းသေနေပါပြီ၊ ကာမစိတ် စတုပညာသထဲမှာ အဗျာကတဖြစ်တဲ့ ကာမဝိပါက် ကာမကြိယာရှိပါတယ်။ အဘိညာဉ်ထဲက ဒိဋ္ဌိစက္ခု ဒိဋ္ဌိသောတ ကြိယာ အဘိညာဉ်တွေ ရှိပါတယ်။ ဒါကြောင့် အဗျာကတော အဗျာကတဿ ရပါတယ်။ ကုသလဿ ရမှုကတော့ မဟာကုသိုလ်နဲ့ ဒိဋ္ဌိစက္ခု ဒိဋ္ဌိသောတ ကုသိုလ်အဘိညာဉ်တွေ ရှိပါတယ်။ ဒါကြောင့် အဗျာကတော ကုသလဿ ရပါတယ်။ အကုသလဿ ရမှုကတော့ ကာမစိတ် စတုပညာသထဲမှာ အကုသိုလ်တွေရှိသဖြင့် အဗျာကတော အကုသလဿ ရယ်လို့ သူ့ရဲ့ ပစ္စည်း ပစ္စယုပ္ပန်ကြည့်၍ သင်္ချာထုတ်မှုဟာ အင်မတန်ရှင်းပါတယ်၊ ပစ္စည်းရေ (၄) ဆိုတာကတော့ အာရမ္မဏာ ခုနက ပြောခဲ့တဲ့အတိုင်း အမြဲ လိုက်ပါတယ်။ ပုရေဇာတမှာ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတလို့ (၂)မျိုး ရှိပါတယ် အခု အာရမ္မဏ ပုရေဇာတကို ဆိုနေသဖြင့် ပုရေဇာတ ရပါတယ်။အတ္ထိ၊အဝိဂတ ပစ္စည်းမှာလဲ အာရမ္မဏ ပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတအဝိဂတလို့ (၂) မျိုးရှိပါတယ်၊ ဒါကြောင့် အတ္ထိ အဝိဂတလဲ ရပါတယ်။ ဒါကြောင့် ပစ္စည်းရေဟာ (၄) ဖြစ်ပါတယ်။

**ဝတ္ထာရမ္မဏ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ** ၌ မနော ဝွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအား တည်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ် သော ဟဒယဝတ္ထု။ ဤတရားတို့သည် ဝတ္ထာရမ္မဏ ပစ္စည်း တည်သော တရားတို့ မည်ကုန်၏၊ သင်္ချာတိကံ ပစ္စည်းရေ(၆)ဟူသည်ဘည်း။ သင်္ချာတိကံဟူသော်ကား အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ အဝိဂတ ဟူသည်တည်း။

ဒီ ဝတ္ထာရမ္မဏဟာ သာသနာမှာ အတော်လေးနှပ်ထွေးတဲ့ပစ္စည်းပါပဲ၊ ရှေးရှေးအခါ ကာလက ဒီဝတ္ထာရမ္မဏဟာ မရဏာသန္နအခါ

ဖြစ်မှုအတွက် တစုံတရာ ဘယ်သူမှ ငြင်းဆိုချက်မရှိပါဘူး။ ပဝတ္တိအခါမှာ ဖြစ်နိုင်မလား၊ မဖြစ်နိုင်ဘူးလားလို့ ဆိုတာကို ရှေးရှေးအခါ ကာလက နတ်ချပြီး မေးရသည်အထိ ငြင်းခုံမှုရှိခဲ့ပါတယ်။ ဒီတော့ ဝတ္ထာရမ္မဏဟာ ပဝတ္တိအခါ ဖြစ်နိုင် မဖြစ်နိုင်လို့ စဉ်းစားစရာတခု ပြောပြပါတယ်။ ဝတ္ထာရမ္မဏဟာ ဘယ်က ထွက်လာတာလဲလို့ စဉ်းစားရင် ဝတ္ထာရမ္မဏ ရယ်လို့ ဝိဘင်္ဂဝါရမှာ သီးသန့် ပစ္စည်း မရှိပါဘူး။ ဒါပေတဲ့ သဘာဂ ဃဋနာရှာတဲ့အခါမှာ လွယ်ကူဘို့ရာအတွက် ဒီဝတ္ထာရမ္မဏကို အာရမ္မဏ မျိုးထဲမှာ ထည့်ပြီးထားပါတယ်။သဘာဂမှာ ဝတ္ထာရမ္မဏကို "အာရမ္မဏ ပစ္စယာနိဿယပစ္စယေတိကံ ဝိပ္ပယုတ္တေတိကံ"လို့ ဟောပါတယ်။ ဒီဝတ္ထာ ရမ္မဏဟာ ဘယ်က ထွက်လာသလဲဆိုတော့ တချို့က အာရမ္မဏ ပုရေ ဇာတက ထွက်လာတာလို့ ဆိုပါတယ်။ အာရမ္မဏပုရေဇာတက ထွက် လာတာလို့ ဆိုတာကိုလဲ စဉ်းစားစရာရှိပါတယ်။ ဘာ့ကြောင့်? ဒီဝတ္ထာ ရမ္မဏရဲ့ ပစ္စည်း ပစ္စယုပ္ပန်ကို ကြည့်လိုက်မယ်ဆိုရင် ဝတ္ထာရမ္မဏဟာ အာရမ္မဏ ပုရေဇာတထဲမှာ ဝင်ပါတယ်။ အာရမ္မဏ ပုရေဇာတထဲ ဝင် တာတော့ မှန်ပါတယ်။ ဒါပေတဲ့ အာရမ္မဏ ပုရေဇာတက ထွက်လာ တာတော့ မဟုတ်ဘူး။ ဘာ့ကြောင့် ပြောနိုင်သလဲ။ "အာရမ္မဏ ပစ္စယာ နိဿယေ တိကံ" ဆိုတဲ့ နေရာဌာနမှာ နိဿယပစ္စည်းကို စဉ်းစားလိုက် မယ်ဆိုရင် နိဿယပစ္စည်းမှာ သဟဇာတနိဿယ၊ ဝတ္ထု ပုရေဇာတ နိဿယ၊သဟဇာတ ပုရေဇာတ နိဿယလို့ (၃) မျိုးဘဲ ရှိတယ်။ ဒီ (၃) မျိုးရှိတော့ "အာရမ္မဏပစ္စယာ နိဿယေတိကံ" မှာ သဟ ဇာတနဲ့ မဆိုင်ဘူး။ ဝတ္ထု ပုရေဇာတနဲ့သာ ဆိုင်ပါတယ်။ ဝတ္ထု ပုရေဇာတနဲ့သာ ဆိုင်တော့ အဲဒီ ဝတ္ထုပုရေဇာတ ထဲမှာ ဟဒယဝတ္ထု ရှိပါတယ်။ ဝတ္ထုပုရေဇာတဆိုတာ ဆဝတ္ထုပါ။ ဒီဆဝတ္ထုက ဘယ်အခါ ကာလမှာဖြစ်တဲ့ ဆဝတ္ထုလဲ။ ပဝတ္တိ အခါကာလမှာဖြစ်တဲ့ ဆဝတ္ထုပါ။ ပဝတ္တိ အခါကာလမှာဖြစ်တဲ့ ဆဝတ္ထု ဖြစ်ခြင်းကြောင့် အာရမ္မဏနဲ့ နိဿယ သဘာဂရှာတဲ့ အခါကာလ၌လည်းကောင်း၊ ဃဋနာရှာတဲ့အခါ ကာလ၌ လည်းကောင်း၊ ပဝတ္တိအခါကာလမှာဖြစ်တဲ့ ဝတ္ထုပုရေဇာတက ထွက်လာတဲ့ ဝတ္ထာရမ္မဏဟာတော ဘယ်ကာလမှာ ဖြစ်နိုင်သလဲဆိုတော့ ပဝတ္တိအခါကာလမှာ ဖြစ်နိုင်ကြောင်း အင်မတန် ရှင်းပြီး နေပါတယ်။ ဒါပေမယ့် မရဏာသန္နကာလအခါမှာသာ အရကောက် အားလျော်စွာ

ရေးပြီး ထားပါတယ်။ ဒီဝတ္ထာရမ္မဏရဲ့ ပစ္စည်းကို ကြည့်လိုက်ရင် ဟဒယဝတ္ထုဖြစ်လို့ အဗျာကတ ထင်ရှားပါတယ်။ ပစ္စယုပ္ပန်ထဲမှာ "နောဒ္ဒါရာဝဇ္ဇန်း ကြိယာမရဏာသန္နဇော ငါးချက်၊ တဒါရုံ" က အဗျာကတ၊ ကုသိုလ်မရဏာသန္နဇော ငါးချက် က ကုသိုလ်၊ အကုသိုလ်မရဏာသန္နဇော ငါးချက်က အကုသိုလ် ဖြစ်လေတော့ ပစ္စယုပ္ပန်ဘက်က အဗျာကတ ကုသိုလ် အကုသိုလ် ရခြင်းကြောင့် အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ သင်္ချာတိက်ကို ရပါတယ်။ ပစ္စည်းရေ (၆) ရပုံကတော့ ခုနက ပြောခဲ့တဲ့အတိုင်း ဝတ္ထာရမ္မဏ ပစ္စည်း ပစ္စယုပ္ပန်သည် အာရမ္မဏပုရေဇာတထဲမှာ ရှိတဲ့ ပစ္စည်းရေ (၄)ခုထဲ အမြဲ ဝင်ပါတယ်။ ဝတ္ထာရမ္မဏကို သဘာဂရှာလိုက်တဲ့အခါမှာ "အာရမ္မဏစွသာနိဿယေတိကံ၊ ဝိပ္ပယုတ္တေတိကံ" ဆိုတော့ ဝိပ္ပယုတ္တမှာလဲ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ ရှိတယ်။ နိဿယမှာလဲ ဝတ္ထုပုရေဇာတနိဿယ ရှိသဖြင့် ဝိပ္ပယုတ္တနိဿယ ရပါတယ်။ ဒါထက် ရှင်းရှင်း လွယ်လွယ်နဲ့ မှတ်ဦးမယ်ဆိုရင် အာရမ္မဏပုရေဇာတ သဘာဂ(၄)ပစ္စည်း မှတ်ထား၊ ဝတ္ထာရမ္မဏဆိုတဲ့ ဝတ္ထုအသံကလေး ပါလာရင် ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထု ပုရေဇာတဝိပ္ပယုတ္တလို့ ပစ္စည်း(၂)မျိုးရှိခြင်းကြောင့် နိဿယနဲ့ ဝိပ္ပယုတ္တကို ထည့်ပေးပါ။ ဒီအခါမှာ ပစ္စည်းရေ ဘယ်လောက် ဖြစ်မလဲ၊ (၆)ဖြစ်ပါတယ်။ အဲဒါကလေး မှတ်သားပါ။ ဝတ္ထုသံ ပါလာရင် နိဿယနဲ့ ဝိပ္ပယုတ္တ လိုက်ပေးရမယ်။ ဘာ့ကြောင့် ? နိဿယမှာ ဝတ္ထုပုရေဇာတနိဿယ၊ ဝိပ္ပယုတ္တမှာ ပုရေဇာတက ဝိပ္ပယုတ္တ ရှိခြင်းကြောင့် ဖြစ်ပါတယ်။

**အာရမ္မဏပုရေဇာတာဓိပတိပစ္စည်း ၏ သုဒ္ဓသင်္ချာဝါရ၌** အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအားတတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဤတရားတို့သည် အာရမ္မဏပုရေဇာတာဓိပတိ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာကော၊ ပစ္စည်းရေ (၆) ဟူသည်တည်း၊ သင်္ချာကော ဟူသော်ကား အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား အာရမ္မဏ၊ အဓိပတိ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ဒီ အာရမ္မဏ ပုရေဇာတတ ဓိပတိဟာလည်း ပဋ္ဌာန ါဠိ ရ ဝိဘင်မှာ သီးသန့် မရှိပါဘူး။ သဘာဝ ဃဋ္ဋနာအတွက် ထည့်ပြီးထား တဲ့ ပစ္စည်းဖြစ်ပါတယ်။ ဘယ်က လာတာလဲဆိုရင် အာရမ္မဏာဓိပတိနဲ့ အာရမ္မဏ ပုရေဇာတတို့ သဘာဝ ရှာတဲ့အခါမှာ ထွက်ပေါ်လာတဲ့တရား ဖြစ်ပါတယ်။ သဘာဝတို့ ဃဋ္ဋနာတို့ ရှာတဲ့နေရာမှာ ဘာမှ စဉ်းစားနေစရာ မလိုပဲ အလွယ်တကူ ကိစ္စပြီးအောင် ဒါတွေကို ထည့်သွင်းပြီး ထားခြင်း ဖြစ်ပါတယ်။ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏပုရေဇာတကို သဘာဝ ရှာရင် သုဒ္ဓသင်္ချာကို ကြည့်လိုက်စမ်းပါ။ အာရမ္မဏာဓိပတိ၊ အာရမ္မဏ ပုရေဇာတ နှစ်ပစ္စည်းလုံးမှာ ပစ္စည်းဘက်က "အလေးအမြတ် ပြုအပ်သော ကုသိုလ်ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ" ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်ကို ကြည့်လိုက်ရင် အာရမ္မဏ ပုရေဇာတမှာ ကာမစိတ် စတုပညာသ ရှိပါတယ်။ အာရမ္မဏာ ဓိပတိမှာ လောဘမူစိတ် ရှစ်ခု မဟာကုသိုလ်စိတ် ရှစ်ခု မဟာကြိယာဉာဏသမ္ပယုတ်စိတ် လေးခု ရှိပါတယ်။ ဒါတွေဟာ ကာမစိတ်ထဲမှာ မပါဘူးလား? ပါတယ်။ ပါဝါလျက် ဘာဖြစ်လို့ မဟာကုသိုလ် မဟာကြိယာတွေကို မယူပဲနဲ့ သဘာဝ ရှာတဲ့အခါမှာ အလေး အမြတ်ပြုတတ်တဲ့ လောဘမူစိတ်ရှစ်ခုကိုသာ ယူသလဲ?ဒါ စဉ်းစားစရာပဲ။ သဘာဝရဲ့ သဘောအားဖြင့်ဆိုရင် မဟာကုသိုလ်ရော မဟာကြိယာရော ပါပြီး လာရလိမ့်မယ်။ ဒီမှာ ပါပြီးမလာဘူး။ အကြောင်းက ဘာလဲ? ပစ္စည်းတရားဟာ ရုပ်တရားဖြစ်နေရင် ပစ္စယုပ္ပန်ဟာ လောဘသာ ဖြစ်ပါတယ်။ ဘယ်နည်းနဲ့မှ မဟာကုသိုလ် မဟာကြိယာတွေ မဖြစ်နိုင်ပါဘူး။ ပဋ္ဌာနပါဠိ ဝိဘင် ပို့ချစဉ်က အာရမ္မဏာဓိပတိမှာ ပြောခဲ့ပါတယ်။ ဘုရားလက်ထက်တုန်းက အရှင်ဝက္ကလိဟာ အင်မတန် အတိက္ကန္တ ဖြစ်တဲ့ မြတ်စွာဘုရားရှင်ရဲ့ ရူပကာယတော်လို့ ဆိုတဲ့ ရူပါရုံကြီးကို အလေး အမြတ် အာရုံပြုနေရင် အရှင်ဝက္ကလိရဲ့ သန္တာန်မှာ လောဘသာလျှင် ဖြစ်နိုင်ပါတယ်။ ဒါက ယုတ္တိကလေး ပြတာ။ သဘာဝ စဉ်းစားမယ် ဆိုရင် ဒီ အာရမ္မဏပုရေဇာတာဓိပတိရဲ့ သဘာဝကို "အဓိပတိပစ္စယာ ပုရေဇာတေ စေ"လို့ ဟောပါတယ်။ တကယ်လို့ မဟာကုသိုလ် မဟာ ကြိယာ ဉာဏသမ္ပယုတ် ရမယ်လို့ ဆိုရင် မဟာကြိယာ ဉာဏသမ္ပယုတ် ဟာ အဗျာကတ တရားဖြစ်တယ်။ ဒီက ရုပ်ဟာလဲ အဗျာကတ တရား ဖြစ်သဖြင့် အဗျာကတော အဗျာကတဿ၊ မဟာကုသိုလ်က

ကုသိုလ်ဖြစ်လို့ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ သချာ်ဟာ တိကျ်လာပြီး ဖြစ်ရလိမ့်မယ်။ ဒီလိုတိကျ်လို့ သဘာဂဃဋ္ဋနာခန်းတွေမှာ ဟောသလားဆိုတော့ မဟောပါဘူး။ ကေပဲ့ ဟောပါတယ်။ အဗျာကတော အကုသလဿပါ။ ဒါကြောင့် လောဘမူစိတ် ရှစ်ခုသည်သာလျှင် ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ ပစ္စည်းက နိပ္ဖန္နရုပ် ဖြစ်သဖြင့် အဗျာကတ၊ ပစ္စယုပ္ပန်က လောဘမူ ဖြစ်သဖြင့် အကုသိုလ်ပါပဲ။ ဒါကြောင့် အဗျာကတော အကုသလဿလို့ ရပါတယ်။ ပစ္စည်းရေ (၆)ကတော့ မုနက ဝတ္ထာရမ္မဏတုန်းက ဝတ္ထုအသံကလေး ပါရင် နိဿယနဲ့ ဝိပ္ပယုတ္တ လိုက်ပေးပါလို့ ပြောခဲ့တယ်။ ဒီမှာ အဓိပတိအသံ ပါခဲ့လို့ရှိရင် အယက်ဘ သုဒ္ဓသချာ်က အာရမ္မဏာဓိပတိ အာရမ္မဏူပနိဿယလို့ ဆိုသဖြင့် ဒီဓိပတိနဲ့ ဥပနိဿယ လိုက်ပေးရပါလိမ့်မယ်။ အာရမ္မဏ ပုရေဇာတ (၄)ပစ္စည်းကတော့ အမြဲ ကိန်းသေမှုထားပြီး အဓိပတိနဲ့ ဥပနိဿယ လိုက်ပေးရင် ပစ္စည်းရေ (၆)ဖြစ်ပါတယ်။

**ဝတ္ထာရမ္မဏာဓိပတိပစ္စည်း၏ သုဒ္ဓသချာ်ဝါရ၌** အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား ဟတ်သော အလေးအမြတ် ပြုအပ်သော ဝတ္ထုစိတ်မှ ဖြစ်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သချာ်ကေ၊ ပစ္စည်းရေ (၈)ဟူသည်တည်း၊ သချာ်ကေ ဟူသော်ကား အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ(၈) ဟူသော်ကား အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အဲဒီ ဝတ္ထာရမ္မဏာဓိပတိက ဘယ်က ထွက်လာတာလဲ။ နိဿယပစ္စယာ ဥပနိဿယေကေလို့ ဆိုတဲ့ သဘာဂက ထွက်ပြီးလာပါတယ်။ ဒီမှာလဲ ပစ္စည်းက ဟဒယဝတ္ထုဖြစ်သဖြင့် အဗျာကတပါ။ ပစ္စယုပ္ပန်က လောဘမူ မရဏာ သန္နဇော ဖြစ်သဖြင့် အကုသိုလ်ပဲ ရပါတယ်။ ပစ္စည်းရေ (၈) ကတော့ ဝတ္ထာဓိလို့ဆိုတဲ့ အသံကလေးအတိုင်း ဝတ္ထုသံပါလာရင် နိဿယနဲ့ ဝိပ္ပယုတ္တ ထည့်ရပါမယ်။ အဓိပတိဆိုတဲ့ ဓိသံ

ကလေး ပါလာရင် အဓိပတိနဲ့ ဥပနိဿယ ထည့်ရပါလိမ့်မယ်။ ဒီမှာ ဝတ္ထာဓိရယ်လို့ ဝတ္ထုသံရော၊ အဓိပတိအသံရော ၂ မျိုး ပါလာသဖြင့် အာရမ္မဏ ပုရေဇာတ(၄)ပစ္စည်းထဲမှာ(၄)ပစ္စည်း ထင်ပြီးထည့်လိုက်တဲ့ အခါ ပစ္စည်းရေ (၈) ဖြစ်ပါတယ်။ အာရမ္မဏမျိုးတော့ဖြင့် ကုန်သွား ပါပြီ။

## သဟဇာတမျိုး သုဒ္ဓသင်္ချာ

အာရမ္မဏမျိုး ကုန်သွားတော့ သဟဇာတမျိုး လာရပါမယ်။ ဘာ့ကြောင့် သဟဇာတမျိုး လာရသလဲ၊ ပစ္စနိယုဒ္ဒေါရမှာ "ကုသလော ဓမ္မော ကုသလဿဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော" စသည်ဖြင့် မျိုးစဉ် ဟောထားတဲ့အတိုင်း ဒီမှာလဲ အာရမ္မဏမျိုး ပြီးတဲ့အခါ သဟဇာတ မျိုးကို ဆိုရပါလိမ့်မယ်။ အဲဒီ သဟဇာတမျိုးမှာလဲ မဟာသဟဇာတ၊ မဇ္ဈိမ သဟဇာတ၊ ခုဒ္ဒက သဟဇာတရယ်လို့ သဟဇာတ အကြီး အလတ် အငယ် အသီးသီး ရှိပါတယ်။ သဟဇာတကြီး ၄-မျိုးဟာ ပစ္စည်း ပစ္စယုပ္ပန်အားလုံးကုန် တူသဖြင့် ဒီ သဟဇာတကြီး ပစ္စည်း ၄-မျိုးကို သုဒ္ဓသင်္ချာတပုဒ်ထဲပင် ပြုလုပ်ထားပါတယ်။ အာရမ္မဏမျိုး ကတော့ အာရုံ အာရမ္မဏိကအားဖြင့် ကျေးဇူး ပြုပါတယ်။ သဟဇာတ မျိုးကတော့အတူတကွ တဉပါဒ်၊တဋ္ဌီထဲမှာဖြစ်ပြီး ကျေးဇူးပြုပါလိမ့်မယ်။

**သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရဋ္ဌ** အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိ သန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါ ရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်း အား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟဒယဝတ္ထု။ ဤ တရားတို့သည် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာနဝ၊ ပစ္စည်းရေ(၄) ဟူသည်တည်း။ သင်္ချာ နဝ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလဿ၊ အကု သလော အဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ အဗျာ

ကတော အဗျာကတဿ၊ ကုသလာဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၄) ဟူသော်ကား သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ပစ္စည်းဘက်က အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဆိုတာ စိတ် ၈၉ စေတသိက် ၅၂ ပဝတ္တိ အခါကာလမှာ ဖြစ်တယ်။ ပဋိသန္ဓေအခါကာလမှာ ပဋိသန္ဓေစိတ် ၁၉ အကုန်လုံး ရတယ်။ အချင်းချင်းအားလို့ ဆိုတာ စိတ် ၈၉+စေတသိက် ၅၂ ပဲ ဖြစ်ပါတယ်။ ပြီးတော့ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တဘ်တဲ့ မဟာဘုတ်လေးပါး၊ ဒါ ရုပ်အချင်းချင်း ဖြစ်ပါတယ်။ အချင်းချင်း တဘ်တဲ့ ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။

ပစ္စည်းဘက် စိတ် ၈၉ ထဲမှာ ကုသိုလ် ပါပါတယ်၊ ကုသိုလ်စိတ် ၂၁+စေတသိက် ၃၈ ဖြစ်တယ်။ ပစ္စယုပ္ပန်ဘက်ကလဲ ကုသိုလ်စိတ် ၂၁ + စေတသိက် ၃၈ ပါပါတယ်။ သူတို့ကို ခန္ဓာ ဖွဲ့လိုက်ရင် နာမက္ခန္ဓာလေးပါးစီ ရပါတယ်။ တပါး ပစ္စည်းနေရင် သုံးပါး ပစ္စယုပ္ပန်၊ ကုသလော ဧကောခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော၊ သုံးပါးပစ္စည်းနေရင် တပါးပစ္စယုပ္ပန်။ တယောခန္ဓာ ဧကဿ ခန္ဓဿ သဟဇာတ ပစ္စယေန ပစ္စယော၊ နှစ်ပါး ပစ္စည်းနေရင် နှစ်ပါး ပစ္စယုပ္ပန်။ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ သဟဇာတ ပစ္စယေန ပစ္စယော။ ဒီတော့ ကုသိုလ်ပစ္စည်း၊ ကုသိုလ်ပစ္စယုပ္ပန် ရတယ်။ ဒါတွေဟာ တဥပါဒ်၊ တဌီထဲမှာ အတူတကွ ဖြစ်ကြတဲ့ တရားတွေ ဖြစ်ပါတယ်။ ဥပမာ ဆိုကြပါစို့။ ပထမဇော အခိုက်အတန့်ကလေးမှာ ပထမဇောနဲ့ စေတသိက် ၃၈ ရတယ်။ အဲဒါကို ခန္ဓာဖွဲ့လိုက်ရင် နာမက္ခန္ဓာ လေးပါး ရပါတယ်။ အဲဒီ နာမက္ခန္ဓာ လေးပါးမှာ တပါးက ပစ္စည်း၊ သုံးပါးက ပစ္စယုပ္ပန်။ သုံးပါးက ပစ္စည်း၊ တပါးက ပစ္စယုပ္ပန်။ နှစ်ပါးက ပစ္စည်း၊ နှစ်ပါးက ပစ္စယုပ္ပန် စသည်ဖြင့် ဒီလို ရခြင်းကြောင့် ကုသလော ကုသလဿရတယ်။ ပစ္စည်းကုသိုလ် ပစ္စယုပ္ပန်က စိတ္တဇရုပ် ရှိပါတယ်။ ဒါကြောင့် ကုသလော အဗျာကတဿ၊ ပစ္စည်းကုသိုလ်၊ ပစ္စယုပ္ပန်ကုသိုလ်နှင့် စိတ္တဇရုပ်

ရှိခြင်းကြောင့် ကုသလော ကုသလာ ဗျာကတဿ။ ထိုနည်းတူစွာ အကုသိုလ် အချင်းချင်း၊ အကုသိုလ်က စိတ္တဇရုပ်၊ အကုသိုလ်က အကုသိုလ် စိတ္တဇရုပ်အား ကျေးဇူးပြုတဲ့အခါမှာ အကုသိုလ် သုံးချက် ရပါတယ်။ အဗျာကတမှာလဲ ပစ္စည်းက ဝိပါက်ကြိယာ၊ ပစ္စယုပ္ပန်က ဝိပါက်ကြိယာနဲ့ ရုပ်တွေရှိခြင်းကြောင့် ပဝတ္တိ၊ ပဋိသန္ဓေ နှစ်မျိုးလုံးမှာ အဗျာကတော အဗျာကတဿ ရပါတယ်။ ဒါ ပထမအချက်။

ဒုတိယအချက်မှာ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ ဒါဟာ ရုပ်တွေဖြစ်သဖြင့် ပစ္စည်းအဗျာကတ၊ ပစ္စယုပ္ပန် အဗျာကတ ဖြစ်ပါတယ်။ တတိယအချက်က အချင်းချင်းအား တတ်သော ပဝတ္တိကာလ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဒီ အချင်းချင်းလို့ ဆိုတာဟာ ပစ္စည်းက ပဝတ္တိကာလ ပဋိသန္ဓေ နာမက္ခန္ဓာဖြစ်ရင် ပစ္စယုပ္ပန်က ဟဒယဝတ္ထု ဖြစ်ပါတယ်။ ပစ္စည်းက ဟဒယဝတ္ထုဖြစ်ရင် ပစ္စယုပ္ပန်ဟာ ပဝတ္တိကာလ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်ပါတယ်။ အချင်းချင်း တတ်တယ်လို့ ဆိုတာဟာ အင်္ဂလိပ်လို (**Mutually Related**) သူတို့အတွက် ပဋိသန္ဓေစိတ်နဲ့ ဟဒယဝတ္ထု ဖြစ်သဖြင့် ပဋိသန္ဓေအခါမှာ အဗျာကတော အဗျာကတဿပဲ ရပါတယ်။

ကုသလာ ဗျာကတော အဗျာကတဿက ဘယ်က လာရသလဲ။ ပစ္စည်းဘက်မှာ ကုသိုလ်ရှိပါတယ်။ ပြီးတော့ မဟာဘုတ်ရှိတယ်။ ဒီ ကုသိုလ်နဲ့ မဟာဘုတ်ကို ပစ္စည်းယူ၍ ပစ္စယုပ္ပန်ကို စိတ္တဇရုပ် ယူလိုက်တဲ့အခါမှာ ကုသလာဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ အကုသလာ ဗျာကတော အဗျာကတဿမှာလဲ ပစ္စည်းက အကုသိုလ်နဲ့ မဟာဘုတ်ယူ၍ ပစ္စယုပ္ပန်က စိတ္တဇရုပ် ယူတဲ့အခါမှာ အကုသလာ ဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ ဒါကို ကုသလာခန္ဓာစ မဟာဘူတာစ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော လို့ ဝိဘင်္ဂဝါရမှာ ဟောပါလိမ့်မယ်။ ဒါဖြင့် ဒီနေရာမှာ ဘာ စဉ်းစားစရာ ရှိသလဲ။ ဒီလို ယူတမ်းဆိုရင် ပစ္စည်းကလဲ ဝိပါက်ကြိယာနဲ့ မဟာဘုတ်ကို ယူမယ်၊ ပစ္စယုပ္ပန်ကလဲ ပဝတ္တိအခါကာလမှာ စိတ္တဇရုပ် ယူမယ်၊ ပဋိသန္ဓေအခါမှာ ပဋိသန္ဓေ ကမ္မဇရုပ် ယူရင် မရဘူးလားလို့ဆိုရင် မရဘူးလို့ မငြင်းနိုင်ပါဘူး။ ရရင် ယူကြည့်စမ်း။ ယူ ကြည့် လိုက် တော့

ပစ္စည်းဝိပါက်ကြိယာနဲ့ မဟာဘုတ်ဟာ ဘာလဲ။ အဇ္ဈတ္တကတာဖြစ်တယ်။ ပစ္စယုပ္ပန် စိတ္တဇရုပ်ဟာ ဘာသုံး၊ အဇ္ဈတ္တကတာပဲ ဖြစ်တယ်။ ပဋိသန္ဓေ ကမ္မဇရုပ်ဟာ ဘာတုံး၊ အဇ္ဈတ္တတာ။ ဒီတော့ အဇ္ဈတ္တကတော အဇ္ဈတ္တက တဃထဲ ဝင်တော့မှာပေါ့။ သူ့အတွက် ဆဲ့ချာ သီးသန့် ထွက်ပြီး လာသလားဆိုတော့ မလာပါဘူး။ အဲဒီလို ယူမှုတွေဟာ ဆိုင်ရာဖြစ်တဲ့ တိုက်ပုဒ်တွေရဲ့ တရားအစဉ်လျော်စွာ ယူနိုင်ပါတယ်။ အဲဒါက နောက် နောက် တိုက်တွေအတွက် နည်းရဘို့ရာ နည်းပေးနေတာပါ၊ ဒါကြောင့် နဝ ရပါတယ်။ ပစ္စည်းရေ (၄)ကတော့ စဉ်းစားစရာ မလိုပါဘူး။ သူ့ရဲ့ သုဒ္ဓသင်္ချာကိုက သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတလို့ ဆိုသဖြင့် ပစ္စည်းရေ (၄)ပဲ ရပါတယ်၊ သဟဇာတအကြီး ပြီးသွားပါပြီ၊

သာဓု-သာဓု-သာဓု။

## * ပဋ္ဌာန်းကုသလတိက် ပဉှာဝါရ အနုလုံသဘျာခန်း

သဟဇာတ အကြီးပြီးတော့ သဟဇာတ အလတ် လာပါတယ်။ သဟဇာတ အလတ်မှာလဲ အညမည၊ ဝိပါက၊ သမ္ပယုတ္တ၊ သဟဇာတ ဝိပ္ပယုတ္တရယ်လို့ (၄)မျိုး ရှိပါတယ်၊ ဒီ(၄)မျိုးထဲက ပထမ အညမည ပစ္စည်းကို ဆိုရပါလိမ့်မယ်။

**အညမညပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အဲဒီ ပထမအပိုဒ်ကလေးမှာ ဟဒယဝတ္ထုအား လည်းကောင်းလို့ ဆိုတဲ့ စကားလုံးလေး ပါပါတယ်။ အဲဒီ ဟဒယဝတ္ထုအားလို့ ဆိုတဲ့ စကားဟာ အရကောက်တွေထဲမှာ မရှိပါဘူး။ အရကောက်တွေထဲမှာ "အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး" ဒါပဲ ရှိပါတယ်။ ဒီတော့ အရကောက်ရဲ့ သုဒ္ဓသင်္ချာ ပြုလုပ်ပုံကို စဉ်းစားကြည့်မယ်ဆိုရင် တပည့်တော်တို့ရဲ့ ယူဆချက်အားဖြင့် ပစ္စယ နိဒ္ဒေသကို ကြည့်ပြီး လုပ်သလားတော့ မသိဘူး။ ပစ္စယ နိဒ္ဒေသမှာ "စတ္တာရော ခန္ဓာ အရူပိနော အညမည ပစ္စယေန ပစ္စယော" လို့ ဒါပဲ ရှိပါတယ်။ ဟဒယဝတ္ထု အသံကလေး မပါဘူး။ နောက်တချက် ကျပြန်တော့လဲ "စတ္တာရော မဟာဘူတာ အညမည ပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမည ပစ္စယေန ပစ္စယော" လို့ ဒီလို ပစ္စယ နိဒ္ဒေသက ရှိနေတော့ ဟဒယဝတ္ထု အသံကလေးဟာ ပစ္စယနိဒ္ဒေသမှာ မပါပါဘူး။ ဒါပေမယ့် ပဉှာဝါရ အဗျာကတော အဗျာကတဿမှာ "ပဋိသန္ဓိက္ခဏေဝိပါကာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿစ အညမည ပစ္စယေန ပစ္စယော" လို့ ဒီလို ဟောထားတာ ရှိပါတယ်။ အဲဒီ ဟောထားတဲ့ ပါဠိတော်ကိုကြည့်ပြီး ပါဠိတော် ဟောတဲ့အခါမှာ ဒီ သုဒ္ဓသင်္ချာနဲ့ တထပ်တည်းကျပြီးသွားအောင်လို့ ဟဒယ

---

* ၁၃၂၀၊ နတ်တော်လဆန်း ၁၂ ရက် (၂၄-၁၂-၅၈) စနေနေ့၊ ဒုတိယအကြိမ်။

ဝတ္ထုကို ထည့်ထားပါတယ်။ ဒါကြောင့် အချင်းချင်းအား လည်းကောင်း အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဖြစ်ပါတယ်။ အချင်းချင်းအား တတ်သော စိတ္တဇ မဟာဘုတ် ပဋိသန္ဓေ ကမ္မဇမဟာဘုတ် ဗာဟိရ မဟာဘုတ် အာဟာရဇ မဟာဘုတ် ဥတုဇ မဟာဘုတ် အသညသတ် ကမ္မဇ မဟာဘုတ် ပဝတ္တိကမ္မဇ မဟာဘုတ်၊ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် အညမည ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာတိကျ၊ ပစ္စည်းရေ (၅) ဟူသည်တည်း။ သင်္ချာ တိကျဟူသော်ကား ကုသလေ ကုသလဿ၊ အကုသလေ အကုသလဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၅)ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

သင်္ချာ။ ။အညမညပစ္စည်းမှာ ပစ္စည်းဘက်က အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါးလို့ ဆိုတာဟာ သဟဇာတတုန်းက ပြောခဲ့တဲ့အတိုင်း စိတ် ၈၉၊ စေတသိက် ၅၂ ရပါတယ်။ အချင်းချင်းအားလို့ ဆိုတာဟာလဲ စိတ် ၈၉၊ စေတသိက် ၅၂ ပဲ ရပါတယ်။ ဒါကို ပဝတ္တိအတွက် ကုသိုလ် အကုသိုလ် အဗျာကတ ခွဲလိုက်ရင် ပစ္စည်းကုသိုလ် ပစ္စယုပ္ပန် ကုသိုလ်၊ ပစ္စည်းအကုသိုလ် ပစ္စယုပ္ပန် အကုသိုလ်၊ ပစ္စည်းအဗျာကတ ပစ္စယုပ္ပန် အဗျာကတ ရပါတယ်။ ပဋိသန္ဓေအခါကာလမှာ ပစ္စည်းက ပဋိသန္ဓေစိတ် ကျေနပ်သ ရပါတယ်။ ပစ္စယုပ္ပန်ဘက်က ပဋိသန္ဓေ ကျေနပ်သနဲ့တကွ ဟဒယဝတ္ထု ရပါတယ်၊ ဒါလဲပဲ အဗျာကတော အဗျာကတဿပဲ ဝင်ပါတယ်။ ဒုတိယအချက် ပစ္စည်းဘက်က မဟာဘုတ် (၄)မျိုး ရှိပါတယ်၊ အဲဒီ မဟာဘုတ် (၄)မျိုးကိုလဲ ပစ္စယုပ္ပန်က ရပါတယ်။ မဟာဘုတ် အချင်းချင်း ကျေးဇူးပြုပါတယ်။ အထက်က သဟဇာတပစ္စည်းမှာ မဟာဘုတ် လေးပါးလို့ အကျဉ်းအားဖြင့် ရေးထားပေမယ့်လို့ အညမညမှာ ရေးထားတဲ့အတိုင်း မဟာဘုတ် (၄)ပါးပဲ ရပါတယ်။ မဟာဘုတ်တွေ ဟာလဲ အဗျာကတော အဗျာကတဿပဲ ဖြစ်ပါတယ်၊ အချင်းချင်း တတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုလို့ ဆိုတာတော့

သဟဇာတက ပြောခဲ့တဲ့အတိုင်း ပစ္စည်းပဋ္ဌေဝါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဖြစ်ရင် ပစ္စယုပ္ပန် ဟဒယဝတ္ထု၊ ပစ္စည်း ဟဒယဝတ္ထုဖြစ်ရင် ပစ္စယုပ္ပန် ပဋ္ဌေဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်ပါတယ်။ သူတို့လဲ အညာကတော အညာကတဿပါပဲ။ ဒါ့ကြောင့် သချာသည် တိကပဲရပါတယ်။ ဒီထက် တိုးပြီး မရပါဘူး။ **ပစ္စည်းရေ** (၅)ကတော့ သဟဇာတမျိုးမှာ သဟဇာတ ကြီး လေးပစ္စည်းဟာ ခေါင်းဆောင် ဖြစ်ခြင်းကြောင့် ဒီသဟဇာတအကြီး လေးပစ္စည်းဟာ အလတ်မှာဖြစ်ဖြစ်၊ အငယ်မှာဖြစ်ဖြစ် အမြဲ လိုက်ပါ လိမ့်မယ်။ ဒီတော့ အညမညဆိုတဲ့ အသံကလေးအရ အညမညပစ္စည်းကို ထည့်ပြီး ပေးလိုက်ရရုံပါပဲ။ ဒါ့ကြောင့် (၅)ပစ္စည်း ဖြစ်ပါတယ်။

**ဝိပါကပစ္စည်း ၏ သုဒ္ဓသချာဝါရ၌** အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဋ္ဌေဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရားတို့သည် ဝိပါကပစ္စည်း တတ်သောတရားကို မည်ကုန်၏။ သချာ ၈ကံ၊ ပစ္စည်းရေ (၅)ဟူသည်တည်း။ သချာကေံ ဟူသော်ကား အဗျာ ကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ(၅) ဟူသော်ကား သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

**သချာ။** ။ဒီမှာ အချင်းချင်းဆိုတာ ပစ္စည်းက ဝိပါက်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးရသဖြင့် ပဝတ္တိအခါ ကာလမှာ ဝိပါက်စိတ်သည် ၃၆ ဖြစ်ပါတယ်။ ပဋိသန္ဓေ အခါကာလမှာ ပဋိသန္ဓေစိတ် ၁၉ ခု ရပါတယ်။ စိတ္တဇရုပ်တွေကတော့ ပဝတ္တိအခါ ကာလမှာ ဖြစ်ပါတယ်။ ပဋိသန္ဓေ ကမ္မဇရုပ်တွေကတော့ ပဋိသန္ဓေ အခါကာလမှာ ဖြစ်ပါတယ်။ ပစ္စည်းကလဲ ဝိပါက်တရား၊ ပစ္စယုပ္ပန်ကလဲ ဝိပါက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တွေ ရခြင်းကြောင့် အဗျာ ကတော အဗျာကတဿပဲ ရပါတယ်။ ဒုတိယအချက်ကလဲ ပစ္စည်းက ပဋ္ဌေဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ပစ္စယုပ္ပန်က ဟဒယဝတ္ထု ဖြစ်ခြင်း ကြောင့် အဗျာကတော အဗျာကတဿပဲ ရပါတယ်။ ဒါ့ကြောင့် သချာ ၈ကံ ဖြစ်ပါတယ်။ **ပစ္စည်းရေ** ကတော့ ခုနက ပြောခဲ့တဲ့အတိုင်း သဟ

ဇာတအကြီး လေးပစ္စည်းထဲမှာ ဝိပါကကို ထည့်လိုက်ရရုံပါပဲ။ ဒါကြောင့် (၅)ပစ္စည်းဖြစ်ပါတယ်။ ဒီပစ္စည်းတွေဟာ တပြိုင်နက်ဖြစ်တဲ့ ဝစ္စည်းတွေ ပါ။ ဃဋနာကို အသုံးချတဲ့အခါ အလွန် လွယ်ကူပါလိမ့်မယ်။

သမ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ဇချင်းချင်းအား တတ်သော အလုံးစုံသော ပဂတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သမ္ပယုတ္တပစ္စည်း တဘ်သော တရားတို့ မည်ကုန်၏။ သင်္ချာတီကါ၊ ပစ္စည်းရေ (၆) ဟူသည်တည်း။ ဆင်္ချာတီကာဟူသော်ကား ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း၊ ပစ္စည်းရေ (၆) ဟူသော်ကား ဆဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

သင်္ချာ။ ။ဒီမှာလဲ ပစ္စည်း စစ္စယုပ္ပန် စိတ် ၈၉၊ စေတသိက် ၅၂ ရခြင်းကြောင့်ကုသိုလ်၊ အကုသိုလ်၊အဗျာကတလို့ ၃ ချက်ပဲ ရပါတယ်။ ဒါကြောင့် သင်္ချာတီကါ ဖြစ်ပါတယ်။ ပစ္စည်းရေ (၆)ကတော့ သမ္ပယုတ္တရရင် အညမည အမြဲရပါတယ်။ အညမည ဘာ့ကြောင့် အမြဲရတယ်လို့ ဆိုတာကို အညမညပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို ကြည့်လိုက်ရင် "အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ဗဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး" လို့ ဒီတရားရှိပါတယ်။ ဒါကြောင့် သမ္ပယုတ္တရရင် အညမည အမြဲရသဖြင့် ဒီသမ္ပယုတ္တပစ္စည်းမှာ အညမညနဲ့ သမ္ပယုတ္တ ထပ်ပြီးထည့်လိုက်ရင် ပစ္စည်းရေ (၆) ဖြစ်ပါတယ်။

သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု၊ ဒွေပဉ္စဝိညာဉ် တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတ ဝိပ္ပယုတ္တပစ္စည်း တတ်သော တရားတို့မည်ကုန်၏။သင်္ချာတီကါ၊ ပစ္စည်းရေ (၅) ဟူသည်တည်း၊ သင်္ချာတီကါ ဟူသော်ကား ကုသလော

အဗျာကတတ္ထ၊ အကုသလော အဗျာကတတ္ထ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၅) ဟူသော်ကား သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

သဟဇာတ ဝိပ္ပယုတ္တ လို့ ဆိုသဖြင့် အတူတကွလဲ ဖြစ်ရမယ်၊ ယှဉ်လဲ မယှဉ်ရဘူး ဆိုခြင်းကြောင့် ပစ္စယနိဒ္ဒေသက ဟောခဲ့တဲ့အတိုင်း "ရူပီနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ အရူပီနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော" လို့ ဆိုတော့ နာမ်နဲ့ ရုပ်တရားတွေဟာ အတူတကွတော့ ဖြစ်ပါတယ်။ ဒါပေမယ့် သူတို့ဟာ ဝိပ္ပယုတ္တ ဖြစ်ကြပါတယ်။ ဒီမှာ ကြည့်လိုက်ရင် ပစ္စည်းဘက်က နာမ်တရားတွေ ရှိပါတယ်။ ပစ္စယုပ္ပန်က စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် ရှိပါတယ်။ ဒီနာမ်တရားတွေဟာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တွေအား ကျေးဇူးပြုတဲ့အခါမှာ စိတ္တဇရုပ်ကို မဖြစ်စေနိုင်တဲ့ အရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာစုတိ စုတိကို ကြဉ်ပေးရပါတယ်။ အရူပဝိပါက် လေးခု၊ ဒွေပဉ္စဝိညာဉ် တဆယ် ဆိုတော့ စိတ် ၁၄ ခု ရှိပါတယ်။ စိတ် ၈၉ ခုထဲက ၁၄ ခု နှုတ်လိုက်ရင် ၇၅ ခု ကျန်ပါတယ်။ ရဟန္တာစုတိကတော့ ဆိုင်ရာမှာ ကြွင်းကျန်ပြီး နေတဲ့အတွက် သူ့အတွက် စိတ်ချေ့ပြီး မသွားပါဘူး။ ဟောဒါက ပစ္စည်းနာမ်၊ ပစ္စယုပ္ပန် ရုပ်ဖြစ်တယ်။ ဒုတိယ အချက်က သဟဇာတ၊ အညမညက ပြောခဲ့တဲ့ အတိုင်း ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာက နာမ်၊ ဟဒယဝတ္ထုက ရုပ်။ ဟဒယဝတ္ထု ရုပ်ပစ္စည်းဖြစ်တဲ့အခါမှာ ပစ္စယုပ္ပန်ဖြစ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာက နာမ်။ ဒါကြောင့် ပစ္စည်း နာမ်ဖြစ်ရင် ပစ္စယုပ္ပန် ရုပ်ဖြစ်တယ်။ ပစ္စည်း ရုပ်ဖြစ်ရင် ပစ္စယုပ္ပန် နာမ်လာပြီး ဖြစ်ပါတယ်။

သင်္ချာ တီကကတော့ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်လို့ ပစ္စယုပ္ပန်က ရှိခြင်းကြောင့် အဗျာကတ ကိန်းသေပါတယ်။ ပစ္စည်း ဘက် က ကုသိုလ် အကုသိုလ် အဗျာကတ ရှိပါတယ်။ ဒါကြောင့် ကုသလော အဗျာကတတ္ထ၊ အကုသလော အဗျာကတတ္ထ၊ အဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ ဒုတိယ အချက် ကတော့ အထက်က ပြောခဲ့တဲ့ အတိုင်း အဗျာကတော အဗျာကတဿပဲ ဖြစ်ပါတယ်။ ဒါကြောင့်

သင်္ချာတွာ တိကကိုရပါတယ်၊ ပစ္စည်းရေ (၅) ကျတော့ ဝိပ္ပယုတ္တ ထည့်ပေး လိုက်ရပါပဲ။ သဟဇာတအလတ် ပြီးသွားပါပြီ။ သဟဇာတအလတ် ပြီးသွားတော့ သဟဇာတအငယ်ကို ဆိုကြပါစို့၊

## သဟဇာတအငယ် သုဒ္ဓသင်္ချာ

ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာ ဝါရ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ် (၆)ပါး။ ဤတရားတို့သည် ဟေတုပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၂) ဟူသည်တည်း။ သင်္ချာသတ္တ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလဿ အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ အဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း၊ (ပစ္စည်းရေမှာ ကြက်ခြေပြထားတဲ့ ပစ္စည်း တွေကို မဆိုရပါဘူး၊ ကွက်လပ်ဖြစ်တဲ့ ပစ္စည်းတွေ ဆိုရပါတယ်။) ပစ္စည်း ရေ (၁၂) ဟူသော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အနုကောက် ဆရာတော်ကြီးများရဲ့ သုဒ္ဓသင်္ချာ စီစဉ်ပုံဟာ သမ္ပယုတ္တ ခန္ဓာလို့ ထည့်ထားပါတယ်။ သမ္ပယုတ္တခန္ဓာလို့ ဘာဖြစ်လို့ ဒီလို ရေး ထားသလဲဆိုရင် ပါဠိတော် ဟောတဲ့အခါမှာ "ကုသလာ ဟေတူ သမ္ပ ယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော" စသည်ဖြင့် ဒီ သုဒ္ဓသင်္ချာ ကို ကြည့်လိုက်ရင် ပါဠိ တခါထဲ သူ့အသံနဲ့ ထွက်ပြီးလာအောင်လို့ သမ္ပယုတ္တခန္ဓာလို့ ထည့်ထားပါတယ်။ ဒီ သမ္ပယုတ္တခန္ဓာဟာ ဆဝါရက ပစ္စယုပ္ပန် တရားအတိုင်း ဘယ်တရားတွေ ရသလဲဆိုတော့ ဟိတ်(၆)ပါးနဲ့ ယှဉ်နိုင်တဲ့ အတူတကွ ဖြစ်နိုင်တဲ့ နာမ်တရားတွေဟာ သဟိတ်စိတ် ကေ သတ္တတိ မောဟမူဒွေ၌ မောဟကြဉ်သော သဟိတ်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး၊ အဲဒီ တရားအရပ်ဟာ သမ္ပယုတ္တခန္ဓာ ဖြစ်ပါတယ်။ ပြီးတော့ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ် ရတယ်။

**သင်္ချာ။** ပစ္စည်းဘက် က ဟိတ်(၆)ပါးကို သရုပ်ခွဲလိုက်ရင် ကုသိုလ်ဟိတ်(၃)ပါး ရှိပါတယ်။ အကုသိုလ်ဟိတ်ကလဲ(၃)ပါး၊ အဗျာကတဟိတ်ကလဲ (၃)ပါးရှိသဖြင့် ပစ္စည်းဟိတ် (၆) ပါးအရ ကုသိုလ် အကုသိုလ် အဗျာကတရယ်လို့ (၃)ချက်သာရပါတယ်။ ပစ္စယုပ္ပန်ဘက်က သဟိတ်စိတ် ဧကသတ္တတိထဲမှာ ကုသိုလ်စိတ် တေဝိသ ရှိပါတယ်။ အဲဒီ ကုသိုလ်စိတ် ကေဝိသသည် ကုသိုလ်ဟိတ် (၃) ပါးနှင့် အတူတကွ ဖြစ်ခြင်းကြောင့် ကုသလော ကုသလဿ ရပါတယ်။ ဒီ ကုသိုလ်ဟိတ် (၃) ပါးဟာ စိတ္တဇရုပ်အား ကျေးဇူးပြုပါတယ်။ သဟိတ်လို့ဆိုတဲ့ အသံဟာ အဗျာကတဆိုင်ရာ ဝိပါက်ကြိယာတွေအတွက် သဟိတ်အသံ ထည့်ထားပါတယ်။ ကုသိုလ် အကုသိုလ်တွေမှာ သဟိတ် ထည့်စရာ မလိုပါဘူး။ သာမညဖြစ်တဲ့ အသံ ထည့်ထားပါတယ်။ ကုသိုလ် အကုသိုလ်တွေမှာ သဟိတ်ထည့်ရော မလိုပါဘူး။ သာမညဖြစ်တဲ့ စိတ္တဇရုပ်ပါပဲ။ ဒီတော့ ပစ္စည်းက ကုသိုလ်ဟိတ်(၃)ပါး၊ ပစ္စယုပ္ပန်က စိတ္တဇရုပ် ယူလိုက်တဲ့အခါမှာ ကုသလော အဗျာကတဿ ကုသိုလ်နဲ့ စိတ္တဇရုပ်ဟာ အတူတကွ ဖြစ်ပါတယ်။ သာမည နဲ့နဲ့ပြောလိုက်မယ်၊ တစုံတယောက်သော ပုဂ္ဂိုလ်သည် ဒါန တွေ ကုသိုလ်ကောင်းမှုတွေ ပြုတယ်ဆိုပါတော့။ ပြုတဲ့အခါမှာ သူ့ရဲ့ သန္တာန်မှာ ကုသိုလ်ဟိတ်(၃)ပါး၊ အလောဘ စတဲ့ ဟိတ်(၃)ပါး ဖြစ်နေတယ်။ ဒီ ဟိတ် (၃) ပါး ဖြစ်နေတဲ့အခါ ကာလမှာ ဒီပုဂ္ဂိုလ်ရဲ့ မျက်နှာကြည့်ရင် အင်မတန် ရွှင်ရွှင် လန်းလန်းကြီး ကြည်လင်တဲ့ မျက်နှာ အရိပ်အယောင်ဟာ ပေါ်ပြီးသားပါတယ်။ အဲဒီ အခါကာလမှာ ဘာ့ကြောင့် ဒီပုဂ္ဂိုလ်ဟာ အင်မတန် ရွှင်လန်းနေသလဲ၊ နှစ်သက်နေသလဲ၊ ဝမ်းမြောက်ဝမ်းသာရှိပြီ နေသလဲလို့ ဆိုတာကို စဉ်းစားလိုက်ရင် ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အကြောင်းဖြစ်တဲ့ ကုသိုလ်ဟိတ် (၃) ပါး ဖြစ်ပေါ်နေပါတယ်။ ကုသိုလ်ဟိတ် (၃) ပါး ဖြစ်ပေါ်နေတာနဲ့ တပြိုင်နက် ဒီဟိတ် (၃) ပါးနဲ့ အတူတကွဖြစ်တဲ့ စိတ္တဇရုပ်တွေ ပေါ်ပေါက်ပြီး လာပါတယ်။ ဒါဟာ ကုသလော အဗျာကတဿ။ ပစ္စည်းက ကုသိုလ်ဟိတ် (၃) ပါး၊ ပစ္စယုပ္ပန်က ခုနက ပြောခဲ့တဲ့ ကုသိုလ်လဲ ယူမယ်၊ စိတ္တဇရုပ်ကိုလဲ ယူမယ်လို့ဆိုရင် ကုသလော ကုသလာဗျာကတဿ ဖြစ်ပါတယ်။

ဝစ္စည်းက အကုသိုလ်ဟိတ်၊ ပစ္စယုပ္ပန်က အကုသိုလ်စိတ်၊ မောဟ ကြဉ်တဲ့ စေတသိက် သဉ္ဇာတိသကို ယူလိုက်ရင် အကုသလော အကု သလသ။ ပစ္စည်းက အကုသိုလ်ဟိတ်၊ ပစ္စယုပ္ပန်က စိတ္တဇရုပ် ယူရင် အကုသလော အဗျာကတဿ။ ပစ္စည်းက အကုသိုလ်ဟိတ် ပစ္စယုပ္ပန်က အကုသိုလ်နဲ့ စိတ္တဇရုပ် ယူလိုက်ရင် အကုသလော အကုသလာ ဗျာ ကတဿ ရပါတယ်။ အဗျာကတော အဗျာကတဿကျတော့ ကုသိုလ် အကုသိုလ်မှာ ယူခဲ့တဲ့နည်းအတိုင်း (၃)ချက် ယူစရာမလိုတော့ပါဘူး။ ဘာ့ကြောင့်?(၃)ချက်ယူနေရင်လဲ အဗျာကတပဲဖြစ်ပါလိမ့်မယ်။ပစ္စည်းက ဝိပါက်ကြိယာ အဗျာကတဟိတ်၊ ပစ္စယုပ္ပန်က ဝိပါက်ကြိယာ အဗျာ ကတ ယူရင် အဗျာကတော အဗျာကတဿပဲ ဖြစ်ပါတယ်။ ဝစ္စည်းက ဝိပါက်အဗျာကတဟိတ်၊ ပစ္စယုပ္ပန်က ပဝတ္တိအခါကာလမှာ သဟိတ် စိတ္တဇရုပ်၊ ပဋိသန္ဓေ အခါကာလမှာ သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ယူရင်လဲ အဗျာကတော အဗျာကတဿပဲ ဖြစ်ပါတယ်။ ဝစ္စည်း ကြိယာ အဗျာ ကတဟိတ် ပစ္စယုပ္ပန် ကြိယာနှင့်အကွ စိတ္တဇရုပ်တွေကို ယူရင်လဲ အဗျာ ကတပဲ ဖြစ်ပါတယ်။ ဒါကြောင့် အဗျာကတော အဗျာကတဿကျတော့ (၃)ချက်ခွဲနေစရာ မလိုတော့ပါဘူး။ ပေါင်းပြီး အဗျာကတော အဗျာ ကတဿလို့ပဲ ယူလိုက်ရပါတယ်၊ ဒီတော့ သမ္ဘာဂာ သတ္တဖြစ်ပါတယ်။

ပစ္စည်းရေ (၁၂)အဘွက်ကတော့ တော်တော်ကလေး သဘော ကျအောင် စဉ်းစားရမယ်ဆိုတာ တခြားမဟုတ်ဘူး။ သဟဇာတအကြီးက ပြောခဲ့တဲ့အတိုင်း သဟဇာတအကြီး (၄)ပစ္စည်းကို အမြဲကောန် ပါရ ပါတယ်၊ သဟဇာတအသတ် (၄)ပစ္စည်းကတော့ ယထာရဟ ထိုက်သင့် သလို ရပါတယ်။ ထိုက်သင့်သလိုဆိုတာ သဟဇာတအလတ် ပစ္စည်းတွေ ဟာ အငယ်ပစ္စည်း ပစ္စယုပ္ပန်ရသလို အကုန်လုံး မရပါဘူး။ ရတာ ရတယ်၊ မရတာ မရဘူး၊ ဒါကြောင့် သူတို့ဟာ ယထာရဟ အနေနဲ့ ဝင်ပါတယ်၊ ဒီတော့ သဟဇာတအကြီး (၄)ပစ္စည်းက အမြဲ၊ သဟဇာတ အလတ် (၄)ပစ္စည်းက ယထာရဟလို့ဆိုရင် (၈)ပစ္စည်းဟာ ကိန်းသေ လာရပါပြီ။ အဲဒီ (၈)ပစ္စည်းထဲမှာ မိမိဖြစ်တဲ့ ဟေတုကို ထည့်လိုက်ပါ။ (၉)ပစ္စည်း ဖြစ်ပါလိမ့်မယ်။ ဒီ (၉)ပစ္စည်းကို မြဲမြဲဆုပ်ကိုင်ထားပြီး ကြွင်းကျန်တဲ့ ပစ္စည်းတွေကို စဉ်းစားရပါလိမ့်မယ်။ စဉ်းစားတော့ အဓိပတိ

ရနေတယ်။ အဓိပတိ ဘာကိစ္စ ရသလဲ၊ သဟဇာတာဓိပတိရဲ့ သုဒ္ဓသင်္ချာထဲမှာ အဓိပတိ တရားကိုယ်(၃)ပါး၊(၄)ပါးတွင် တပါးပါး ရှိပါတယ်၊ (၃)ပါး (၄)ပါးတို့တွင် တပါးပါးလို့ ဆိုတာ အဓိပတိ တရားကိုယ်က ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ရယ်လို့ (၄) ပါး ရှိပါတယ်။ ဝီမံသ ပါလာရင် (၄) ပါး ရပါတယ်။ ဉာဏဝိပ္ပယုတ်ဇောတွေမှာ ဖြစ်တဲ့ အဓိပတိဖြစ်ရင် ဝီမံသ မရပါဘူး၊ ဒီအခါမှာ (၃) ပါး ရပါတယ်။ အဲဒါကြောင့် အဓိပတိ တရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါးလို့ ဆိုပါတယ်။ အဓိပတိလို့ ဆိုတာဟာ ဗိုလ်မထားတဲ့ ပစ္စည်းဖြစ်ခြင်းကြောင့် တပါးသည်သာလျှင် ပစ္စည်းအနေနဲ့ နေနိုင်ပါတယ်။ ဒီ အဓိပတိ တရားကိုယ် (၄) ပါးထဲက ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ (၄) ခု ရှိပါတယ်။ ဟိတ်(၆)ပါးက ဘယ်သူတွေလဲ။ လောဘ၊ ဒေါသ၊ မောဟ၊ အလောဘ၊ အဒေါသ၊ အမောဟ ဖြစ်တယ်။ အဲဒီ ဟိတ်(၆)ပါးနဲ့ အဓိပတိတရားကိုယ် (၄) ပါးတို့ရဲ့ သဘာဂကို ရှာလိုက်ပါ။ သဘာဂဆိုတာ တူတဲ့ သဘောတရားကလေးပါ။ ရှာလိုက်ရင် ဟိတ် (၆) ပါထဲက အမောဟ ရှိတယ်။ သဟဇာတာဓိပတိထဲက ဝီမံသ ရှိတယ်၊ အမောဟဆိုတာ ပညာတရားကိုယ်။ ဝီမံသဆိုတာလဲ ပညာ တရားကိုယ်ပဲ ရပါတယ်။ အဲဒီ အမောဟနဲ့ ဝီမံသ လာပြီးတူနေခြင်းကြောင့် အဓိပတိ ရတယ်။ ဒီအဓိပတိ ပစ္စည်းဟာ အကုန်လုံး မတူဘူး။ ဝီမံသကလေးသာ တူခြင်းကြောင့် ယထာရဟ ဖြစ်ပါတယ်။ သဟဇာတ၊ အညမည၊ နိဿယ ပြောစရာ မရှိဘူး၊ ဝိပါက စတဲ့ အလတ်လဲ ပြောစရာ မရှိပါဘူး။ အငယ်တွေသာ ပြောစရာ ရှိပါတယ်၊

ဣန္ဒြိယ ဘာဖြစ်လို့ ရသလဲဆိုရင် သဟဇာတိန္ဒြိယ သုဒ္ဓသင်္ချာမှာ ကြည့်လိုက်ပါ။ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ။ အဲဒီမှာ ပညာပါပါတယ်၊ ပညာနဲ့ အမောဟဟာ အတူတူပါပဲ။ ဒါ့ကြောင့် ဣန္ဒြိယ ရပါတယ်။ မဂ္ဂ ရမှုကတော့ မဂ္ဂကြည့်လိုက်ရင် ပညာ၊ ဝိတက်၊ ဝိရတီ (၃) ခု စသည် ရှိပါတယ်။ ဒီမှာလဲ ပညာပါပါတယ်။ ဒါ့ကြောင့် မဂ္ဂ ရပါတယ်၊ ကြက်ခြေကလေး ပြထားတဲ့ ကမ္မ မရပါဘူး၊ ဘာ့ကြောင့် ကမ္မ မရသလဲဆိုရင် ကမ္မကို ကြည့်လိုက်ရင် စေတနာ ရှိပါတယ်။ စေတနာဟာ ဟိတ်(၆)ပါးထဲမှာ မပါပါဘူး။

အာဟာရ မရဘူး။ ဘာ့ကြောင့် မရသလဲ? နာမ်အာဟာရထဲမှာ ဖဿ၊ စေတနာ၊ ဝိညာဉ်ရှိပါတယ်၊ အဲဒီ ဖဿ၊ စေတနာ၊ ဝိညာဉ်ဟာ ဟိတ် (၆) ပါးနဲ့ လုံးဝ မဆိုင်ပါဘူး။ ဈာန်ကြည့်လိုက်။ ဘာ့ကြောင့် မရသလဲ? ဈာနက ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ။ အဲဒီထဲမှာ ဟိတ် (၆) ပါးထဲက တပါးမှ မပါပါဘူး။ ဒါကြောင့် ဈာန မရပါဘူး။ ဒီတော့ ဒီပစ္စည်းတွေဟာ ဘာ့ကြောင့် ရတယ်၊ ဘာ့ကြောင့် မရဘူး ဆိုတာကို သူတို့ရဲ့ သုဒ္ဓသင်္ချာ အချင်းချင်း တိုက်ဆိုင်ပြီး ကြည့်လိုက်ရင် ဒါတွေဟာ အင်မတန် ထင်ရှားပါတယ်။ ဒါ့ကြောင့် ပစ္စည်းရေဟာ (၁၂) လို့ ဆိုရပါတယ်။

**သဟဇာတာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ** ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါး။ ဤတရားတို့သည် သဟဇာတာဓိပတိပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၃) ဟူသည်တည်း။ သင်္ချာသတ္တ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၁၃) ဟူသော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

အဓိပတိတရားကိုယ် (၃) ပါး (၄) ပါးတို့တွင် တပါးပါး ၌ ဆိုတာဟာ ဘယ်နှာရှိတဲ့ ဘယ်မှာယှဉ်တဲ့ အဓိပတိတရားကိုယ်တွေလဲ ဆိုတာ သာဓိပတိဇောမှာ ကြည့်ပါ။ သာဓိပတိဇော (၅၂) ခုကို ဆဒွါရတုန်းက ပြောခဲ့ပါပြီ၊ လောဘမူ၊ ဒေါသမူ၊ မဟာကုသိုလ်၊ မဟာကြိယာ၊ ဈာန်ရသော မဟဂ္ဂုတ်ကုသိုလ်၊ မဟဂ္ဂုတ်ကြိယာ၊ မဂ်လေးခု၊ ဖိုလ်လေးခု ဖြစ်ပါတယ်။ ဇော (၅၅) ခုထဲက မောဟမူနှစ်ခု၊ ဟသိတုပ္ပါဒ် ကို ကြဉ်ပါတယ်။ ဒီ သာဓိပတိဇော (၅၂) ခုမှာရှိတဲ့ အဓိပတိတရားကိုယ် ဖြစ်ခြင်းကြောင့် ကုသိုလ်မှာရှိတဲ့ အဓိပတိတရားကိုယ်

(၃)ပါး (၄)ပါး။ သမ္ပယုတ္တ ခန္ဓာကလဲ သောဓိပတိဇော (၅၂) ခုပဲ ဖြစ်ပါတယ်။ ဒီတော့ ကုသိုလ်မှာရှိတဲ့ အဓိပတိတရားကိုယ် (၃) ပါး (၄)ပါးကို ပစ္စည်းယူရင် ကုသိုလ် ၂၁ သာဓိပတိဇောတွေဟာ ပစ္စယုပ္ပန် ဖြစ်ပါတယ်။ ဒီအခါမှာ ကုသလော ကုသလဿ ရပါတယ်။ ထိုနည်းတူစွာ ပစ္စည်းဘက်က ကုသိုလ်အဓိပတိယူ၊ ပစ္စယုပ္ပန်ဘက်က သာဓိပတိ စိတ္တဇရုပ်ယူရင် ကုသလော အဗျာကတဿ ဖြစ်ပါတယ်။ ထိုနည်းတူစွာ ပစ္စည်းဘက်က ကုသိုလ်အဓိပတိယူ၊ ပစ္စယုပ္ပန်ဘက်က သာဓိပတိ ကုသိုလ်ဇောနဲ့ သာဓိပတိ စိတ္တဇရုပ်ယူရင် ကုသလော ကုသလာဗျာကတဿ ဖြစ်ပါတယ်။

အကုသိုလ် (၃)ချက်မှာလဲ လောဘမူ ဒေါသမူမှာရှိတဲ့ အဓိပတိတရားကိုယ် (၃)ပါးတို့တွင် တစ်ပါးပါး (ဝီမံသနဲ့ မဆိုင်တော့ပါဘူး)။ ဒါဟာ အကုသိုလ် ဖြစ်ခြင်းကြောင့် ပစ္စည်းယူ၍ လောဘမူနဲ့ ဒေါသမူကို ပစ္စယုပ္ပန်ယူရင် အကုသလော အကုသလဿ၊ ပစ္စည်းက အကုသိုလ်အဓိပတိ၊ပစ္စယုပ္ပန်က အကုသိုလ်ပြုအပ်သော သာဓိပတိ စိတ္တဇရုပ် ယူရင် အကုသလော အဗျာကတဿ။ ပစ္စည်းက အကုသိုလ်အဓိပတိ၊ ပစ္စယုပ္ပန်က အကုသိုလ် သာအဓိပတိဇောနဲ့ အကုသိုလ် သာဓိပတိ စိတ္တဇရုပ် ယူရင် အကုသလော အကုသလာ ဗျာကတဿ ဖြစ်ပါတယ်။ ထိုနည်းတူစွာ ပစ္စည်းဘက်က ဖိုလ်လေးခုဆိုတဲ့ ဝိပါက်မှာရှိတဲ့ အဓိပတိတရားကိုယ်(၄)ပါး ကြိယာဇောတွေမှာရှိတဲ့ အဓိပတိယူ၍ ပစ္စယုပ္ပန်ဘက်ကလဲ ဖိုလ်လေးခုဆိုတဲ့ ဝိပါက်နဲ့ ကြိယာဇောတွေ၊ သာဓိပတိ စိတ္တဇရုပ်တွေကို ယူရင် အဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ ဒါကြောင့် သတ္တ ဖြစ်ပါတယ်။ ဒီသဟဇာတ အငယ်မှာ သချာသတ္တဖြစ်မှုဟာ ဒီသဘော တရားအတိုင်း အားလုံးကုန် ဖြစ်ပါတယ်လို့ဆိုတာ မှတ်သားထားစေချင်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင် နောက် ဒီသချာခန်းတွေကို ပြောပြီးတော့ မနေတော့ပါဘူး။

ပစ္စည်းရေ (၁၃)က်တော့ ခုနက ပြောခဲ့တဲ့အတိုင်း ပစ္စည်း(၉)ခုကို ဆုပ်ကိုင်ပြီး ထားလိုက်ပါ။ သဟဇာတ ဒုံကြီး အလတ် (၈)အဓိပတိ ပစ္စည်းတခု၊ ဟေတု ရတယ်။ ဟေတု ဘာ့ကြောင့်ရသလဲ? ဟေတုက

အဓိပတိ ပြောတော့ အဓိပတိကလဲ ဟေတုကိုပြန်ပြီး ဝီမံသာဓိပတိနဲ့ သဘာဂ ဖြစ်ခြင်းကြောင့် ရပါတယ်။ အာဟာရ၊ ဒီမှာ ထူးပါတယ်။ အာဟာရရဲ့ သုဒ္ဓသင်္ချာကို ကြည့်လိုက်ရင် ဖဿ၊ စေတနာ၊ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ်(၃)ပါး ရှိတယ်။ ဘာတူသလဲ? အဓိပတိက ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသရှိတယ်၊ ဆန္ဒဟာ အာဟာရမှာ ရှိသလား၊ မရှိပါဘူး။ စိတ္တာဓိပတိဆိုတာနဲ့ ဝိညာဏာဟာရ ဝိညာဉ်လို့ဆိုတာ စိတ်(၈၉)ခုတို့ ဆိုပါတယ်၊ စိတ္တာဓိပတိဆိုတာ သာဓိပတိဇော (၅၂)ခု ကို ဆိုပါတယ်။ အဲဒီတော့ သူ့ဘို့ချင်း တူနေပါတယ်။ ဆန္ဒ၊ ဝီရိယ၊ ဝီမံသနဲ့ မဆိုင်ပါဘူး။ အဲဒီ စိတ္တာဓိပတိဆိုတဲ့ တရားဟာ ဝိညာဏာ ဟာရလို့ဆိုတဲ့ နာမ်အာဟာရနဲ့ တူခြင်းကြောင့် အာဟာရ ရပါတယ်။ တဖန် ဣန္ဒြိယ ကြည့်လိုက်ပါ။ ဣန္ဒြိယ ကြည့်လိုက်တော့ ဣန္ဒြိယမှာ ဘာရှိသလဲ? ဇီဝိတ မဆိုင်ဘူး၊ စိတ်=စိတ္တာဓိပတိနဲ့ တူပါတယ်။ ဝေဒနာ၊ သဒ္ဓါ မဆိုင်ပါဘူး။ ဝီရိယ အဓိပတိမှာ ဝီရိယာဓိပတိ ရှိပါတယ်။ ဒါ ကြောင့် ဝီရိယ ရပါတယ်။ သတိ၊ ဧကဂ္ဂတာ မဆိုင်ဘူး။ ပညာ၊ ဝီမံသာ ဓိပတိ ရှိပါတယ်။ ဒီတော့ အဓိပတိနဲ့ သဟဇာတ်ဣန္ဒြိယရဲ့ သဘာဂ ရှာလိုက်ရင် စိတ်၊ ဝီရိယ၊ ပညာလို့ ဒီ(၃)မျိုး ရပါတယ်။ ဒါကြောင့် ဣန္ဒြိယရတယ်။ တဖန် မဂ္ဂကြည့်လိုက်မယ်ဆိုရင် မဂ္ဂမှာ ပညာ ရှိပါ တယ်။ အဓိပတိထဲက ဝီမံသာဓိပတိနဲ့ တူပါတယ်။ ဝိတက်၊ ဝိရတီ(၃)ခု မတူဘူး။ ဝီရိယ=ဝီရိယာဓိပတိ ရှိတယ်။ သတိ၊ ဧကဂ္ဂတာ မဆိုင်ဘူး။ ဘာတွေရသလဲ? ပညာရယ်၊ ဝီရိယရယ် ရတယ်။ ဒီ(၂)မျိုးဟာ အဓိ ပတိထဲမှာ ရှိပါတယ်။ ဒါကြောင့် မဂ္ဂ ရပါတယ်။ ဒါကြောင့် ပစ္စည်း ရေဟာ သဟဇာတာဓိပတိမှာ (၁၃)ခု ဖြစ်ပါတယ်။ ကြွင်းကျန်တဲ့ ကမ္မ၊ ဈာနတွေဟာ သဟဇာတာ ဓိပတိထဲမှာ မရှိသဖြင့် မရပါဘူး။

**သဟဇာတကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တ ခန္ဓာ စတုက္က** ချုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ်တခုယုတ်ကိုးဆယ်၌ ရှိသော စေတနာ။ ဤတရားတို့သည် သဟဇာတ ကမ္မပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာသဂ္ဂ၊ ပစ္စည်းရေ (၁၀) ဟူသည်တည်း။ သင်္ချာသတ္တ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာ ကတဿ၊ ကုသလော ကုသလဿ ဗျာကတဿ၊ အကုသလော အကု

သလသယ၊ အကုသလော အဗျာကတသယ၊ အကုသလော အကုသလာ ဗျာကတသယ၊ အဗျာကတော အဗျာကတသယ ဟူသည်တည်း။ ပစ္စည်းရေ (၁၀)ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

သင်္ချာသတ္တကတော့ အထက်က ပြောခဲ့တဲ့အတိုင်း မှဲ့ယူနိုင်လောက်ပါပြီ။ **ပစ္စည်းရေ** (၁၀)ဆိုတာကတော့ သူ့ရဲ့ မူရင်းပစ္စည်းက (၉)ရှိနေပါတယ်။တခုပဲ စဉ်းစားစရာရှိပါတယ်။ဘာလဲဆိုရင် အာဟာရ။ အာဟာရ ဘာ့ကြောင့် ရသလဲ? ကမ္မမှာ စေတနာ ရှိပါတယ်။ နာမ်အာဟာရမှာလဲ ဖဿ၊ စေတနာ၊ ဝိညာဉ်ဆိုတဲ့ အထဲက စေတနာတရား ရှိပါတယ်။ ဒါ့ကြောင့် အာဟာရ ရပါတယ်။ ဒါ့ကြောင့် ပစ္စည်းရေ (၁၀)ဖြစ်ပါတယ်။

**နာမ်အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဖဿ၊ စေတနာ၊ ဝိညာဉ်ဟုဆိုအပ်သော နာမ်အာဟာရ တရားကိုယ် သုံးပါး။ ဤတရားတို့သည် နာမ်အာဟာရ ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၂)ဟူသည်တည်း။ **သင်္ချာသတ္တ** ဟူသော်ကား ကုသလော ကုသလသယ၊ ကုသလော အဗျာကတသယ၊ ကုသလော ကုသလာ ဗျာကတသယ၊ အကုသလော အကုသလသယ၊ အကုသလော အဗျာကတသယ၊ အကုသလော အကုသလာ ဗျာကတသယ၊ အဗျာကတော အဗျာကတသယ ဟူသည်တည်း။ ပစ္စည်းရေ (၁၂)ဟူသော်ကား အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

**ပစ္စည်းရေ** (၁၂)မှာ (၉)ကို မူတည်ရင် တူတာတွေ ဘာရှိသလဲ? အဓိပတိ၊ ကမ္မ၊ ဣန္ဒြိယ၊ ဒီ(၃)မျိုးပဲ ရှိပါတယ်။ အဓိပတိ ရမှုသည် သဟဇာတာ ဓိပတိတုန်းက နာမ်အာဟာရ ရခဲ့သလို စိတ္တာဓိပတိကြောင့် အဓိပတိရပါတယ်။ ကမ္မကလဲ သဟဇာတကမ္မက နာမ်အာဟာရ ရမှုသည် စေတနာအတွက် ရပါတယ်။ ဒါက အပြန်အလှန်တွေပါပဲ။ ဒီတော့

ဣန္ဒြိယ ရမှုကိုလာ ကြည့်ရပါတော့မယ်။ ဣန္ဒြိယ ရမှုဆိုတော့ နာမ် အာဟာရ(၃)ပါးထဲက ဖဿ၊ စေတနာ၊ ဝိညာဉ်ဆိုတာနဲ့ နာမ် ဣန္ဒြေ တရားကိုယ် ရှစ်ပါးထဲက တူတာ ဘာရှိသလဲဆိုရင် ဝိညာဉ်နဲ့ စိတ် ဟာ တူပါတယ်၊ ဒါကြောင့် ဣန္ဒြိယကို ရပါတယ်၊ ဒါကြောင့် ပစ္စည်း ရေ (၁၂)ဖြစ်ပါတယ်၊

**သဟဇာတိန္ဒြိယ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တ ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ်ရှစ်ပါး။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၄) ဟူသည်တည်း။ သင်္ချာသတ္တ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၁၄)ဟူသော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။**

ဒီ သဟဇာတိန္ဒြိယ ပစ္စည်းမှာ ကမ္မ တစ်ခုပဲ မရပါ။ ကျန်တာတွေ အကုန်ရတယ်။ ဟေတု ဘာကြောင့်ရသလဲ? ဟေတုတုန်းက ဣန္ဒြိယ ရမှုသည် အမောဟကြောင့် ရသလို ဒီမှာလဲပဲ ပညာအတွက် ရပါတယ်။ အဓိပတိ ကျတော့ ဣန္ဒြိယ ရမှုသည် စိတ္တ၊ ဝီရိယ၊ ဝီမံသ၊ ဒီ (၃)မျိုးကြောင့် အဓိပတိက ရသလို ဒီမှာလဲပဲ ဒါကြောင့်ပဲ ရပါတယ်။ အာဟာရ ရမှု ကတော့ အာဟာရက ဣန္ဒြိယကို ရသလို ဝိညာဏာဟာရနဲ့ စိတ်ဟာ တူခြင်းကြောင့် အာဟာရ ရပါတယ်။ မဂ္ဂ ရမှုကတော့ ဣန္ဒြိယနဲ့ မဂ္ဂ ယှဉ်ကြည့်ရင် မဂ္ဂက ပညာဟာ ဣန္ဒြိယမှာ ရှိပါတယ်။ ဝီရိယလဲ ရှိပါ တယ်။ သတိလဲ ရှိပါတယ်။ ဧကဂ္ဂတာလဲ ရှိပါတယ်။ ဒီတရား လေးပါး ရတယ်။ ဣန္ဒြိယနဲ့ မဂ္ဂဟာ ပညာ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒီ လေးပါးကြောင့် မဂ္ဂ ရပါတယ်။ ကမ္မ မရမှုကတော့ စေတနာဟာ နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးထဲမှာ မရှိပါဘူး။ ဒါကြောင့် ပစ္စည်းရေ ဟာ (၁၄)ဖြစ်ပါတယ်။

**ဈာနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါး။ ဤတရားတို့သည် ဈာနပစ္စည်း တတ်သော တရားတို့မည်ကုန်၏။ သင်္ချာသတ္တ၊ ပစ္စည်းရေ (၁၁)ဟူသည်တည်း။ **သင်္ချာသတ္တ** ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၁၁)ဟူသော်ကား သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ပစ္စည်းရေ (၁၁)ရမှုအတွက် ဈာနမှာ ဣန္ဒြိယနဲ့ မဂ္ဂသာ စဉ်းစားစရာ ရှိပါတယ်။ (၉)ပစ္စည်းကို မှတ်ထားပါ။ ဣန္ဒြိယ ရမှုကတော့ ဈာနနဲ့ ဣန္ဒြိယ ကြည့်လိုက်ရင် ဝိတက် ဣန္ဒြိယမှာ မရှိပါဘူး။ ဝိစာရ၊ ပီတိ မရှိပါဘူး။ ဝေဒနာဟာ ဣန္ဒြိယမှာလဲ ရှိပါတယ်၊ ဈာနမှာလဲ ရှိပါတယ်။ ပြီးတော့ ဧကဂ္ဂတာ ဣန္ဒြိယမှာ ရှိပါတယ်။ ဒီတော့ ဝေဒနာနဲ့ ဧကဂ္ဂတာ ရှိခြင်းကြောင့် ဣန္ဒြိယကို ဈာနက ရပါတယ်။ မဂ္ဂကြည့်လိုက်ရင် ဝိတက်ဟာ မဂ္ဂမှာ ရှိပါတယ်။ ဝိစာရ၊ ပီတိ၊ ဝေဒနာတွေ မဂ္ဂမှာ မရှိဘူး။ ဧကဂ္ဂတာ မဂ္ဂမှာ ရှိပါတယ်။ ဝိတက်၊ ဧကဂ္ဂတာဟာ ဈာန မဂ္ဂမှာ ရှိခြင်းကြောင့် မဂ္ဂ ရပါတယ်။ ဒါ့ကြောင့် ယင်းပစ္စည်းရေဟာ (၁၁)ဖြစ်ပါတယ်။ ယခုပြောနေတာတွေဟာ တစည့်တော်တို့ သဘာဂရှာတဲ့အခါမှာ ဒီတရားတွေပဲ လာပြီး ထွက်ပါလိမ့်မယ်။ ယခုပြောနေတဲ့ တရားတွေသည်ပင်လျှင် သဘာဂ ဖြစ်ပါလိမ့်မယ်။ ဒါ့ကြောင့် ယခုလို သုဒ္ဓသင်္ချာကို ပြောနေတာဟာ သဘာဂကိစ္စလဲ ပြီးအောင်လို့ ပြောပြီးနေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘယ်တရား ဘယ်တရားဟာဖြင့် ဘယ်ပစ္စည်းတွေနဲ့ သဘာဂဖြစ်တယ်၊ ဘယ်တရားတွေ ရတယ်လို့ ဆိုတာကို မှတ်ထားထားမယ်ဆိုရင် သဘာဂအတွက် အင်မတန်လွယ်ကူပြီး သွားပါလိမ့်မယ်။

မဂ္ဂ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ သမ္ပယုတ္တ ခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား ဟိတ်သော ပညာ၊ ဝိတက်၊ ဝိရတီ-၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂဇိတရားကိုယ် (၉) ပါး။ ဤတရားတို့သည် မဂ္ဂပစ္စည်း တတ်သော တရားတို့မည်ကုန်၏။ သင်္ချာသတ္တ။ ပစ္စည်းရေ (၁၃) ဟူသည်တည်း။ သင်္ချာသတ္တ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ ဒ. ဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၁၃) ဟူသော်ကား ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ပစ္စည်းရေ (၁၃)မှာ ဟေတုရှိမှုသည် အမောဟကြောင့်၊ အဓိပတိ ရှိမှုသည် ဝီရိယ ဝိမံသကြောင့်၊ ဣန္ဒြိယ ရှိမှုသည် ဣန္ဒြိယနဲ့ မဂ္ဂတုန်းက ရှာခဲ့တဲ့အတိုင်း ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာကြောင့် ဖြစ်ပါတယ်။ ဈာန ရှိမှုသည် ဈာနတုန်းက ရှာခဲ့တဲ့အတိုင်း ဝိတက်နဲ့ ဧကဂ္ဂတာကြောင့် ရပါတယ်။ ကြွင်းကျန်တဲ့ အလတ် ပစ္စည်းတွေကတော့ ယထာရဟ ရပါလိမ့်မယ်။ ယထာရဟဆိုတာ ဥပမာအားဖြင့် အညမည ပစ္စည်းမှာ သုဒ္ဓ သင်္ချာ ဘာရှိသလဲ? အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးလို့ ဆိုပါတယ်။ ဟေတုမှာ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လို့ ဆိုတော့ စိတ္တဇရုပ်ဟာ အညမညမှာ မပါပါဘူး၊ ဟဒယဝတ္ထုပဲ ရှိတယ်။ ဒီ ဟဒယ ဝတ္ထုဟာ ဘယ်အထဲမှာ ပါသလဲဆိုရင် ဟေတုက သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်ထဲမှာ ပါပါတယ်။ ဒီတော့ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဟိတ် (၆) ပါးရယ်လို့ ရပါတယ်။ စိတ္တဇရုပ် စသည်တွေကို မရပါဘူး။ ဆိုနည်းတူစွာ ကြွင်းကျန်တဲ့ အလတ်ပစ္စည်းတွေမှာလဲ ဒီလိုပဲ ရွေးချယ်ပြီး ယူရပါလိမ့်မည်။ ဒီလို ရွေးချယ်၍ ယူမှုသည် သဘာဂခန်း မှာလဲ ပါပါလိမ့်မယ်။ ဒီ သဟဇာတ အငယ်မှာ ဟေတုပစ္စည်းအတွက် သမ္ပယုတ္တခန္ဓာ ဆိုတာဟာ သဟိတ်စိတ် ဧကဂ္ဂတာ ဟေတုမူဖြစ်

မောဟကြဉ်သော စေတသိက် ဒွေသညာသ ပဝတ္တိ ဖဋ္ဌိသဒ္ဒေ နာမက္ခန္ဓာ လေးပါး။ ဒါရပါတယ်။ သဟဇာတာ ဓိပတိရဲ့ သမ္ပယုတ္တ ခန္ဓာဟာ အဓိပတိတရားကိုယ် ကြဉ်တဲ့ သာဓိပတိဇော (၅၂)ခုဖြစ်ပါတယ်။ သဟဇာတ ကမ္မပစ္စည်းရဲ့ သမ္ပယုတ္တခန္ဓာဟာ စိတ် (၈၉) စေတနာကြဉ်တဲ့ စေတသိက် ဧကပညာသ ဖြစ်ပါတယ်။နာမ်အာဟာရနဲ့ သဟဇာတိန္ဒြိယ၏ သမ္ပယုတ္တခန္ဓာဟာ စိတ် (၈၉) စေတသိက် (၅၂) ဖြစ်ပါတယ်။ ဈာန ပစ္စည်းရဲ့ သမ္ပယုတ္တခန္ဓာဟာ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်တဲ့ စိတ် (၇၉) စေတသိက်(၅၂)ဖြစ်ပါတယ်၊ မဂ္ဂရဲ့ သမ္ပယုတ္တခန္ဓာဟာ ဟေတုတုန်းကလို မောဟမကြဉ်ပဲနဲ့ သဟိတ်စိတ် ကေသတ္တတိ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋ္ဋိသန္ဓေ နာမက္ခန္ဓာလေးပါး ဖြစ်ပါတယ်။ဒီတော့ သမ္ပယုတ္တခန္ဓာလို့ ဆိုတဲ့ အရမှာ ဘယ်စိတ်တွေ ဘယ်စေတသိက်တွေ ဖြစ်တယ်ဆို့ ဆိုတာ ကိုလဲ သရုပ်ခွဲထားရပါတယ်။ ဒီလို သရုပ်ကွဲမှသာလျှင် ဝိဘင်္ဂကို ဟောတဲ့ နေရာဌာနတွေမှာရော သဘာဂရှာတဲ့ နေရာဌာနတွေမှာရော အားလုံး ကုန် လွယ်လွယ်ကူကူ ဖြစ်နိုင်ပါတယ်။ အဲဒါ အင်္ဂမတန် အကျဉ်းချုပ်ပြီး ပြောတာ ဖြစ်ပါတယ်။ အနန္တရမျိုးကို သွားလိုက်ကြပါဦးစို့။

## အနန္တရူပနိဿယမျိုး သုဒ္ဓသင်္ချာ

**အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ ၌** ရဟန္တာတို့ စုတိနှင့်တကွ နောက် နောက်သော နာမက္ခန္ဓာအား တတ်သော ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ဗဋ္ဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ အနန္တရူပ နိဿယ၊ နတ္ထိ၊ ဝိဂတပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာ သတ္တ၊ ပစ္စည်းရေ (၅) ဟူသည်တည်း။ သင်္ချာသတ္တ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာ ကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၅) ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

အနန္တရရဲ့ သဘောရုပ်ပုံတွေကျတော့ တပည့်တော်တို့ ကိစ္စသင်္ဂဟကို စဉ်းစားရပါတယ်။ ဝိထိကိုလဲ စဉ်းစားရပါတယ်။ ကိစ္စသင်္ဂဟကို ပထမ စဉ်းစားလိုက်တော့ ကုသိုလ်ဟာ ဇောကိစ္စ တတ်ပါတယ်။ အနန္တရမှာ ရှေးရှေးစိတ်တွေက ပစ္စည်း၊ နောက်နောက်စိတ်တွေက ပစ္စယုပ္ပန် ဖြစ်ပါတယ်။ ကမ္ဘာလောကမှာ ရှိကြတဲ့ ရဟန္တာ မဖြစ်ကြသေးတဲ့ပုဂ္ဂိုလ်တွေ ဟူသမျှရဲ့ သန္တာန်မှာ ဒီအနန္တရပစ္စည်းဟာ အမြဲ ပစ္စည်း ပစ္စယုပ္ပန်အနေ အားဖြင့် ကျေးဇူးပြုပြီး နေပါတယ်။ အသညသတ်ဘုံမှာ ဖြစ်တဲ့အခါ ကမ္ဘာငါးရာ၊ နိရောဓသမာပတ် ဝင်စားတဲ့ အခါကာလ၊ ဒီအခါကာလက လွဲခဲ့လို့ရှိရင် သတ္တဝါတွေရဲ့ သန္တာန်မှာ အနန္တရသတ္တိဟာ စက္ကန့်မခြား အမြဲ ကျေးဇူးပြုပြီး နေပါတယ်။ အိပ်ပျော်နေတဲ့ အခါမှာလဲ အနန္တရ သတ္တိနဲ့ ကျေးဇူးပြုပြီး နေတာပါပဲ။ မိန်းမောတွေဝေနေတဲ့ အခါမှာလဲ အနန္တရသတ္တိနဲ့ ကျေးဇူးပြုပြီး နေတာပါပဲ၊ သေသွားပြန်တော့လဲ သေတဲ့ စုတိစိတ်ကလေးဟာ ဟိုဘက်က ပဋိသန္ဓေစိတ်အား အနန္တရသတ္တိနဲ့ ကျေးဇူးပြုပြီး နေတာပါပဲ။ ဒီတော့ အနန္တရပစ္စည်းတရားဟာ ရဟန္တာ ဖြစ်ပြီး စုတိကျတဲ့နောက်မှာ တစုံတရာ နာမ်တရား ပေါ်ပေါက်ပြီး မလာ ခြင်းကြောင့် ပစ္စည်းဘက်က ရဟန္တာစုတိကို ကြဉ်ပေးပါတယ်။ ပစ္စယုပ္ပန် ဘက်ကျတော့ ဒီရဟန္တာစုတိရဲ့ ရှေ့မှာ ဇောတွေ၊ တဒါရုံ စသည် တွေ ကျနိုင်ခြင်းကြောင့် ဒီ ရဟန္တာစုတိဟာ ပစ္စယုပ္ပန်မှာ ပါလာပါ တယ်။ သဘောသတ္တိ အရ ပစ္စည်းက ကုသိုလ်ဇော ကိစ္စတတ်သဖြင့် ရှေး ရှေးဇောတွေက နောက်နောက်ဇောတွေအား ကျေးဇူးပြုတဲ့အခါမှာ ကုသလော ကုသလဿ ဖြစ်ပါတယ်။ လွယ်လွယ်ကလေး ပြောနေပါ တယ်။ ဝိထိစိတ်တခုထဲမှာ ကုသိုလ်စိတ် အကုသိုလ်စိတ်ဟာ တပြိုင်နက် မဖြစ်နိုင်ပါဘူး။ ဥပမာ - ပထမဇောက ကုသိုလ်ဖြစ်ပြီး ဒုတိယဇောက အကုသိုလ်ဖြစ်တယ်လို့ မရှိနိုင်ပါဘူး။ ဒါကြောင့် ကုသလော အကုသ လဿ မရနိုင်ပါဘူး။ ကုသလော အဗျာကတဿ ရမှာကတော့ ကုသိုလ်က ဇောကိစ္စတတ်ခဲ့လို့ရှိရင် ဒီဇောရဲ့နောက်မှာ ဘာတွေ ဖြစ်နိုင်သလဲ။ တဒါရုံ ဖြစ်နိုင်တယ်။ ဘဝင်တွေ ဖြစ်နိုင်တယ်။ အဲဒီ ကုသိုလ်ဇောတွေ ဟာ ဈာန်ဇောဖြစ်ရင် ဘဝင် ဖြစ်မယ်။ မဂ်ဇောဖြစ်ရင် မဂ်နောင် ဖိုလ် ကျမယ်၊ အဲဒီ တဒါရုံ၊ ဘဝင်၊ ဖိုလ် စသည်တွေဟာ အဗျာကတ တရား ဖြစ်ပါတယ်၊ ဒါကြောင့် ကုသလော အဗျာကတဿ ရပါတယ်။

အကုသိုလ်က ဇောကိစ္စ တတ်ပါတယ်။ ရှေးရှေး အကုသိုလ်ဇော တွေက နောက်နောက် အကုသိုလ်ဇောတွေအား ကျေးဇူးပြုပါလိမ့်မယ်။ ဒီအခါမှာ အကုသလော အကုသလဿ ရပါလိမ့်မယ်။ အကုသိုလ်ဇော နောင်မှာ တဒါရုံ၊ ဘဝင်ကျနိုင်ခြင်းကြောင့် အကုသလော အဗျာက တဿ ရပါတယ်။ အဗျာကတော အဗျာကတဿ ကျတော့ ဝီထိစဉ် အတိုင်း ရှေးရှေးဖြစ်တဲ့ ဝိပါက်တွေက နောက်နောက်ဖြစ်တဲ့ ဝိပါက် တွေအား ကျေးဇူးပြုမယ်။ ရှေးရှေးဖြစ်တဲ့ ကြိယာတွေက နောက်နောက် ဖြစ်တဲ့ ကြိယာတွေအား ကျေးဇူးပြုမယ်။ ရှေးရှေးကြိယာက ဝိပါက်အား လဲ ကျေးဇူးပြုမယ်။ ဝိပါက်ကလဲ ကြိယာအား ကျေးဇူးပြုနိုင်လို့ အဗျာ ကတော အဗျာကတဿ ရပါတယ်။ အဗျာကတော ကုသလဿကျတော့ ပဉ္စဒွါရဝီထိမှာ ဝုဋ္ဌော ရှိပါတယ်။ စက္ခုဒွါရ ဝီထိကလေး ဆိုကြပါ စို့။ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇောလို့ ရှိတော့ အဲဒီ ဝုဋ္ဌောနောင်မှာ ဒီဇောဟာ ကုသိုလ်ဇောဖြစ်ရင် အဗျာကတော ကုသ လဿ ရပါတယ်။ ဝုဋ္ဌောက အဗျာကတ၊ မနောဒွါရဝီထိမှာဆိုရင် မနောဒွါရာဝဇ္ဇန်း နောင်မှာ ဇောကျရင် ဒီဇောဟာ ကုသိုလ်ဇောဖြစ်ရင် အဗျာကတော ကုသလဿ ရပါတယ်။ အကုသိုလ်ဇောဖြစ်ရင် အဗျာ ကတော အကုသလဿ ရပါတယ်။ ဒါ့ကြောင့် သင်္ချာသည် သတ္တပဲ ရပါတယ်။ ဒီထက်တိုးပြီး မရနိုင်ပါဘူး။ အကုသိုလ်ဇော နောင်မှာ ကုသိုလ်မဖြစ်မှုကတော့ ခုနက ပြောခဲ့တဲ့အတိုင်းပါပဲ။

**ပစ္စည်းရေ(၅)** ဆိုတာကတော့ သူ့ရဲ့ သုဒ္ဓသင်္ချာကိုက ဒီ(၅) ပစ္စည်းဟာ ခေါင်းဆောင်ပစ္စည်း ဖြစ်ခြင်းကြောင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဒီ(၅)ပစ္စည်း ရပါတယ်။ ဒီ(၅)ပစ္စည်းဟာ နောက်နောက်ဖြစ်တဲ့ ပစ္စည်းတွေမှာ အမြဲ လိုက်ပါလိမ့်မယ်။

**အာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** ပထမဇော ဖိုလ်ဇော ကြဉ် သော နောက်နောက်သော ဇောဇကပညာသအား တတ်သော အဆုံး ဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ။ ဤ တရားတို့သည် အာသေဝန ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာတီကာ၊ ပစ္စည်းရေ(၆)ဟူသည့်တည်း။ **သင်္ချာတိကာ** ဟူသော်ကား

ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။

အာသေဝနမှာ ပစ္စည်း ပစ္စယုပ္ပန် ကိုကြည့်ရင် ဇော ဇောချင်း ကျေးဇူးပြုပါတယ်၊ ရှေးရှေးဇောတွေက လောကီဇောတွေသာ ဖြစ်ပါတယ်။ နောက်နောက်ဖြစ်တဲ့ ဇောတွေက ဖိုလ်ဇော မပါပါဘူး။ ဇော (၅၅)ခုထဲက ဖိုလ်ဇောကို ကြဉ်ရတယ်၊ ပထမဇောလဲ ကြဉ်ရပါတယ်။ ဒီ ပထမဇော ဖိုလ်ဇော ကြဉ်ရမှုကတော့ ဝိဘင်္ဂကျတော့ အင်မတန် ထင်ရှားပါတယ်။ ရှေးရှေးကုသိုလ်ဇောတွေက နောက်နောက် ကုသိုလ် ဇောတွေအား ကျေးဇူးပြုတဲ့အခါမှာ ကုသလော ကုသလဿ။ ရှေးရှေး အကုသိုလ်ဇောက နောက်နောက် အကုသိုလ်ဇောအား ကျေးဇူးပြုရင် အကုသလော အကုသလဿ။ ရှေးရှေး ကြိယာဇောတွေက နောက် နောက် ကြိယာဇောတွေအား ကျေးဇူးပြုရင် အဗျာကတော အဗျာ ကတဿ ရပါတယ်၊ ပစ္စည်းရေကတော့ ခုနက (၅)ပစ္စည်း အပြင်လိုက်၊ အာသေဝနဆိုတဲ့ အသံကလေးနဲ့ အာသေဝန ထည့်ပေးလိုက်ရင် ပစ္စည်းရေ(၆)ဖြစ်ပါတယ်။

**အနန္တရ ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မဂ္ဂါနန္တရ ဖိုလ်လေးခု အစ၊ တတ်သော မဂ်လေးခု စေတနာ။ ဤတရားတို့သည် အနန္တရ ကမ္မပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာကော။ ပစ္စည်းရေ (၆) ဟူသည်တည်း။ သင်္ချာကော ဟူသော်ကား ကုသလော အဗျာ ကတဿ ဟူသည်တည်း။ ပစ္စည်းရေ(၆) ဟူသော်ကား အနန္တရ၊ သမ နန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဟူသည်တည်း။**

အနန္တရ ကမ္မဆိုတာ ဝိဘင်္ဂဝါရမှာ သီးသန့် မရှိပါဘူး သဘာဂ ဃဋနာအတွက် ထည့်ထားတဲ့ သုဒ္ဓသင်္ချာ ဖြစ်ပါတယ်။ မဂ်လေးခု စေတနာဆိုသဖြင့် ကုသိုလ်ဖြစ်ပါတယ်။ မဂ္ဂါနန္တရ ဖိုလ်လေးခု ဆိုသဖြင့် အဗျာကတ ဖြစ်ပါတယ်။ ပစ္စည်းရေ ကလဲ အထက်က (၅)ပစ္စည်းထဲမှာ ကမ္မထည့်လိုက်ရင် ပစ္စည်းရေ(၆) ဖြစ်ပါတယ်။ (ဒီတပြိုင်နက် ပစ္စည်း

ရေတွေဟာ ဃဋ္ဋနာကျရင် ပစ္စည်းရေအတိုင်း ပစ္စည်းရေ (၄) ရရင် ဃဋ္ဋနာလေးချက် ဖြစ်မယ်။ (၅) ခုရရင် (၅) ချက် ဖြစ်မယ်။ (၆) ခု ရရင် (၆) ချက် ဖြစ်ပါလိမ့်မယ်။ ဃဋ္ဋနာတွေဆိုတာ ထူးထူးဆန်းဆန်း မဟုတ်ပါဘူး။ ဒီ သုဒ္ဓသင်္ချာထဲက လာတဲ့ တရားတွေပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် သုဒ္ဓသင်္ချာကိုတော့ ရအောင် ကျက်မှတ်ပြီး ထားဖို့ရာ အထူး တိုက်တွန်းပါတယ်။ အဋ္ဌကထာ ဋီကာမှာကြည့်လိုက်ရင် သုဒ္ဓသင်္ချာ ရယ်လို့ သီးသန့် ရေးပြီးထားတာ မရှိပါဘူး။ ဒီ သုဒ္ဓသင်္ချာကိုဖွင့်တဲ့ အဋ္ဌ ကထာမှာ ဥပမာ- ဟေတုယာသတ္တ ဆိုတာကို ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ စသည်ဖြင့် ဒါကိုပဲ ဖွင့်ပြီး သွားပါတယ်။ ပစ္စယနိဒ္ဒေသမှာတော့ အနည်းအကျဉ်း ရေးပါတယ်။ ဒါပေမယ့် အတိ အကျ ဘယ်ပစ္စည်းမှာ ပစ္စည်းတရား ဘာရှိရမယ်၊ ပစ္စယုပ္ပန်တရား ဘာရှိရမယ် ဆိုတာကို အတိအကျ ဖွင့်ပြီးပြတဲ့ အဋ္ဌကထာ မရှိဘူး။ ဒီလို မရှိတဲ့အတွက် အဋ္ဌကထာကို ကြည့်လိုက်ရုံမျှဖြင့် ပဋ္ဌာန်းကို နားလည် လိမ့်မလား ဆိုတော့ အင်မတန် ဝေးပါတယ်။ အဋ္ဌကထာမှာလဲ ပြော ရမယ်ဆိုရင် လိုအပ်ချက်တွေ အင်မတန်များတယ်။ အဋ္ဌကထာဆရာကြီး ဟာ အင်မတန် ကြီးကျယ်တဲ့ ဉာဏ်ပညာ ရှိတော်မူပါတယ်။ သုတ်တွေ၊ ဝိနည်းတွေကို ဖွင့်ဆိုတဲ့ အဋ္ဌကထာကို ဘယ်သူကမှ ကန့်ကွက်မှု၊ ပယ်မှု မရှိလှပါဘူး။ အင်မတန် နည်းပါတယ်။ ဒါပေတဲ့ ဟောဒီ အဘိဓမ္မာ ကျတော့ အင်မတန်များတယ်။ပဋ္ဌာန်းသင်္ချာခန်းတွေမှာဆိုရင် အဋ္ဌကထာ ဆရာရဲ့ လိုအပ်ချက်တွေ အတော်ပဲများတယ်။ ဘယ့်ကြောင့် ဒီလိုအပ် ချက်တွေ ဖြစ်နေတာလဲလို့ စဉ်းစားကြည့်တော့ ပစ္စည်းတိုင်းတွေရဲ့ ပစ္စည်း၊ ပစ္စယုပ္ပန်ဟာ အတိအကျ မရှိဘူး။ ဒီလိုသာ အတိအကျ ရှိနေ မယ်ဆိုရင် ဘယ်နည်းနဲ့မှ ဒီလို လိုအပ်ချက်ရှိစရာ အကြောင်းမရှိဘူး။ အဲဒီ အဋ္ဌကထာဆရာကြီးရဲ့ လိုအပ်ချက်တွေကို မူလ ဋီကာဆရာကြီးက ဘယ်နေရာမှာဖြင့် ဘာကလေး လိုနေတယ်ဆိုတာကို အမြဲ ဖြည့်စွက် ပေးရတယ်။ အဲဒါ အကြောင်းရှာရင် ခုနက ပြောခဲ့တဲ့အတိုင်း ပစ္စည်း၊ ပစ္စယုပ္ပန်ရယ်လို့ အတိအကျမရှိလို့ ဖြစ်ပါတယ်။ တပည့်တော်တို့ မြန်မာပြည်မှာ သံးချက်စု ဆရာတော်ကြီး၊ အုရကောက် ဆရာတော်ကြီး တွေဟာ အင်မတန် ကျေးဇူးများပါတယ်။ သူတို့ ရေးပြီးထားခြင်း ကြောင့် တပည့်တော်တို့ နားလည်နိုင်တယ်။ အတိအကျ နားလည်နိုင်

တယ်။ ဒီ သုဒ္ဓသင်္ချာရဲ့ တန်ဖိုးကို မြန်မာပြည်မှာ ဖြစ်နေခြင်းကြောင့် ကောင်းကောင်း မသိကြဘူး။ ဒီသုဒ္ဓသင်္ချာရဲ့ တန်ဖိုးဟာ ဘယ်လောက် ရှိတယ်ဆိုတာကို အင္ဂတထာကြည့်လိုက်ရင် သိပါလိမ့်မယ်။ ယခု ဆိုထားတဲ့ ပစ္စည်း၊ ပစ္စယုပ္ပန် တရားတွေနဲ့ အင္ဂတထာကို တိုက်ကိုက်ပြီး ကြည့်နိုင်ပါတယ်။ ဒီအခါ အင္ဂတထာဆရာကြီး ဖွင့်ထားတာ ဘယ်နေရာမှာ လိုအပ်ချက်ကလေး၊ ဘယ်နေရာမှာ ဟာကွက်ကလေးတွေ ရှိတယ်လို့ ဆိုတာကို ချက်ချင်း မိမိတို့က ဒီသုဒ္ဓသင်္ချာအရ နှစ်းလည်ပြီးလေးတော့ ချက်ချင်း မြင်နိုင်ပါတယ်။ ဒီနေရာမှာ ဟာကွက်ကလေး ရှိတယ်ဆိုရင် မူလဋီကာ သွားကြည့်။ မူလဋီကာကတော့ ဘယ်နေရာမှာမှ အလွတ်မပေးပဲနဲ့ ဟောဒီနေရာမှာ ဟာကွက်ရှိတယ်၊ ဟောဒီနေရာမှာ လိုအပ်ချက်ကလေးရှိတယ်လို့ အမြဲ ဖြည့်စွက်ပြီး ပေးပါတယ်။ ဒါကြောင့် ဒီသုဒ္ဓသင်္ချာဟာ အင်မတန် အဖိုးတန်ဒဲ ဖြင့် ဒီသုဒ္ဓသင်္ချာကိုတော့ ရအောင် ကျက်ထားပါ။ ဒီသုဒ္ဓသင်္ချာကို ကျေကျေညက်ညက် ရမယ်ဆိုရင် ဘာမှ လိုအပ်ချက် မရှိပါဘူး။ အားလုံးကုန် ကိစ္စပြီးပါတယ်။ ဆဝါရလိုပါပဲ

သာဓု-သာဓု-သာဓု။

# * ပဋ္ဌာန်းကုသလတိက် ပဉှာဝါရ အနုလုံသင်္ချာခန်း

## ပကတူပနိဿယမျိုး သုဒ္ဓသင်္ချာ

အရင်အပတ်က အနန္တရူပ နိဿယမျိုး ပြီးသွားပါပြီ။ ယခုအပတ် ပကတူပ နိဿယမျိုး ပကတူပ နိဿယပစ္စည်းဆိုတာ ပဋ္ဌာန်းကျမ်းကြီးမှာ ပစ္စယပဒေသာ ပစ္စည်းပဒေသာတရားကြီးပါပဲ။ တပါး တခြားသော ပစ္စည်းတွေနဲ့ ကျေးဇူးပြုလို့ မရတဲ့အခါမှာ ဒီပစ္စည်းနဲ့ ကျေးဇူးပြုလို့ ရပါတယ်၊ သူဟာလဲ ဗလဝဖြစ်တဲ့ တရားမျိုး ဖြစ်ပါတယ်။

**ပကတူပ နိဿယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသအား တတ်သော ဗလဝဖြစ်သော စိတ် တခုယုတ် ကိုးဆယ်။ စေတသိက် ဒွေပညာသ၊ ရုပ်အဋ္ဌဝီသ။ ဤတရားတို့သည် ပကတူပ နိဿယပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာနဝ၊ ပစ္စည်းရေ (၁)ဟူသည်တည်း။ သင်္ချာနဝ ဟူသော်ကား ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ (၁)ဟူသော်ကား ဥပနိဿယ ဟူသည်တည်း။

ပစ္စည်း ပစ္စယုပ္ပန် ကြည့်လိုက်မယ်ဆိုရင် ပစ္စည်းဘက်က စိတ် စေတသိက် ရုပ် ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က စိတ် စေတသိက်လို့ နာမ်တရားသာလျှင် ရှိပါတယ်၊ အဘိဓမ္မာနည်းအားဖြင့် ဒီ ပကတူပ နိဿယပစ္စည်းမှာ ရုပ်ဖြစ်တဲ့ တရားတွေအစား ကျေးဇူးမပြုပါဘူး။ သုတ္တန် ပကတူပနိဿယ ပစ္စည်းမျိုးကျတော့ ကျေးဇူးပြုနိုင်ပါတယ်။ **သင်္ချာ**။ စိတ်(၈၉)ထဲမှာ ကုသိုလ် အကုသိုလ် အဗျာကတ ရှိပါတယ်။

---

* ၁၃၂၈၊ နတ်တော်လဆန်း ၁၅ ရက် (၂၇-၁၂-၆၆) အင်္ဂါနေ့၊ တတိယအကြိမ်။

ပစ္စယုပ္ပန်စိတ် (၈၉)ထဲမှာလဲ ကုသိုလ် အကုသိုလ် အဗျာကတရှိပါတယ်။ ဒါ့ကြောင့် ပစ္စည်းကုသိုလ်၊ ပစ္စယုပ္ပန်ကုသိုလ်၊ ပစ္စည်းကုသိုလ်၊ ပစ္စယုပ္ပန် အကုသိုလ်၊ ပစ္စည်းကုသိုလ်၊ ပစ္စယုပ္ပန် အဗျာကတရယ်လို့ ဖြစ်ပါတယ်၊ အကုသိုလ်ထဲမှာလဲ ထိုနည်းတူစွာ (၃)ချက် ဖြစ်ပါတယ်။ အဗျာကတမှာလဲ (၃)ချက်ဖြစ်ပါတယ်။ **ပစ္စည်းရေ** (၁)လို့ဆိုတာက နောက်က ဆိုခဲ့တဲ့အထဲမှာ အာရမ္မဏ ပစ္စည်းတုန်းကလဲ ပစ္စည်းရေ(၁) ရပါတယ်။ ယခု ပကတူပနိဿယ ပစ္စည်းမှာလဲ ပစ္စည်းရေ(၁) ရပါတယ်။ လာလတ္တံ့ ဖြစ်တဲ့ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မပစ္စည်းမှာလဲ ပစ္စည်းရေ(၁) ရပါတယ်၊ ဒီ ပစ္စည်းရေ(၁)လို့ ရေးထားမှုသည် ၎င်းတို့နှင့် သဘာဂ ရှာတဲ့အခါမှာ သဘာဂဖြစ်တဲ့ တရားမျိုး မရနိုင်ပါဘူး။ ၎င်းတို့နဲ့တူတဲ့ ပစ္စည်း ပစ္စယုပ္ပန်တရားမျိုး မရှိပါဘူး။ အဲဒီလို ပစ္စည်း ပစ္စယုပ္ပန်တူတဲ့ သဘာဂတရားမျိုး မရှိတဲ့ ပစ္စည်းတွေကို ပစ္စည်းရေ(၁)လို့ ရေးထားပါတယ်။

ဗလဝနာနာက္ခဏိက ကမ္မပစ္စည်းကတော့ ပကတူပနိဿယ ပစ္စည်းရဲ့ အစိပ်ဖြစ်တဲ့ တရားဖြစ်ပါတယ်။ ဒါတွေဟာ ဝိဘင်္ဂပါဠိရကျတော့ "ကုသလံ ကမ္မံဝိပါကဿ ဥပနိဿယ ပစ္စယေန ပစ္စယော။ အကုသလံ ကမ္မံဝိပါကဿ ဥပနိဿယ ပစ္စယေန ပစ္စယော" လို့ ဟောပါတယ်။ ဒီလိုဟောတဲ့ ကုသလံကမ္မံ အကုသလံကမ္မံ အရဆည့်် ကုသိုလ် အကုသိုလ် စေတနာ ဖြစ်ပါတယ်။ ဝိပါကဿကတော့ ဆိုင်ရာဖြစ်တဲ့ ကုသိုလ် အကုသိုလ်တွေရဲ့ အကျိုး ဖြစ်ပါတယ်။ ပေါင်းလိုက်ရင် ဝိပါက်ဆတ္တိံသ ရပါတယ်။

**ဗလဝနာနာက္ခဏိက ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ** ၌ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာအားတတ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ။ ဤတရားတို့သည် ဗလဝနာနာက္ခဏိက ကမ္မပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာဒွေ၊ ပစ္စည်းရေ (၂) ဟူသည်တည်း။ သင်္ချာဒွေ ဟူသော်ကား ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၂) ဟူသော်ကား ဥပနိဿယ၊ ကမ္မ ဟူသည်တည်း။

စေတနာတရားဟာ ဗလဝ ဖြစ်မှသာလျှင် ပကတူပနိဿယ ပစ္စည်းမျိုးထဲမှာ ဝင်ပါတယ်။ ဗလဝမဖြစ်ရင် ပကတူပနိဿယ ပစ္စည်း

မျိုးထဲမှာ မဝင်ပါဘူး။ ဗလဝဖြစ်တဲ့ ကံဖြစ်ရင် ဘာမှ တားမြစ်လို့ မရပါဘူး။ ကောန် အကျိုးပေးတော့တာပါပဲ။ အဋ္ဌကထာက ဒီနေရာမှာ ဝတ္ထုကလေးတခု ထုတ်ပြပါတယ်။ မိန်းမတယောက် ကြိုးဆွဲချဖို့ရာ အတွက် ကြိုးကွင်းလေးတချောင်းနဲ့ သစ်ပင် ချိတ်ပြီး ပြင်ဆင်ပါတယ်။ ပြင်ဆင်ပြီးတော့ ပြဖွယ်ကိစ္စရှိတာနဲ့ အခန်းထဲ ဝင်သွားတယ်။ ဒီအခါ ကာလမှ သူခိုးတယောက်က လာတယ်။ သူခိုးက ဒီကြိုးကို မြင်တော့ ဟန်ကျပြီ၊ ငါ ခိုးလို့ရတဲ့ ပစ္စည်းတွေကိုထုပ်ပြီး ဒီကြိုးနဲ့ ချည်လေမှပဲလို့ ကြိုးဖြုတ်ဖို့ရာအတွက် ကြိုးနား ချဉ်းကပ်တယ်။ ကြိုးနား ချဉ်းကပ်တော့ ကြိုးက မြွေဖြစ်ပြီး ရှူးဆိုတဲ့အသံနဲ့ သူခိုးကို လိုက်တယ်။ သူခိုးကို လိုက်တော့ သူခိုးကလဲ တဘယ့် မြွေကြီး ထင်မှတ်ပြီး ထွက်ပြေးရှာတယ်။ ဒီလိုထွက်ပြေးတော့ မိန်းမကလဲ အခန်းထဲကပြဖွယ်ကိစ္စပြီးလို့ အပြင်ဘက် ထွက်လာ၊ မိမိပြင်ဆင်ထားတဲ့ ကြိုးကွင်းထဲမှာ လည်ပင်းလျှိုပြီး ကြိုးဆွဲချ သေလိုက်ပါတယ်။ အဲဒါဘာလဲ? ဗလဝဖြစ်တဲ့ နာနာက္ခဏိကက အကုသိုလ်ကံ စေတနာ ရှိပါတယ်။ အဲဒီ ဗလဝအကုသိုလ်ကံ စေတနာက သူ သေရဖို့ရာအတွက် ကောန်အကျိုးပေးမှာ ဖြစ်ခြင်းကြောင့် တစုံတယောက် သော ပုဂ္ဂိုလ်က တားမြစ်လို့ မရနိုင်ပါဘူး။ ဒီသဘောကို ဗလဝ နာနာက္ခဏိကရယ်လို့ ခေါ်ပါတယ်၊ **သချာ**။ ဗလဝနာနာက္ခဏိက ကမ္မ ပစ္စည်းမှာ ကုသိုလ် အကုသိုလ် စေတနာရှိသဖြင့် ပစ္စည်းဘက်က ကုသိုလ် အကုသိုလ် ရပါတယ်၊ ပစ္စယုပ္ပန်က ဝိပါက်ရှိသဖြင့် အဗျာကတ ကိန်း သေပါတယ်။ ဒါ့ကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿလို့ သချာဒွေ ရပါတယ်။ **ပစ္စည်းရေ** ကျတော့ ပကတူပ နိဿယ ပစ္စည်းလိုက်ပြီး လာခြင်းကြောင့် ကမ္မနဲ့ ပေါင်းလိုက်ရင် ပစ္စည်းရေ (၂) ပစ္စည်း ရပါတယ်။ ပကတူပနိဿယမှာ ဒီ (၂)မျိုးပဲ ရှိပါတယ်။

## ဝတ္ထုပုရေဇာတမျိုး သုဒ္ဓသချာ

**ဝတ္ထုပုရေဇာတပစ္စည်း၏ သုဒ္ဓသချာဝါရ** ၌ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သေ ဆဝတ္ထု။ ဤတရားတို့သည် ဝတ္ထုပုရေဇာတပစ္စည်း တတ်

သော တရားတို့ မည်ကုန်၏။ သင်္ချာတိကံ၊ ပစ္စည်းရေ (၅) ဟူသည် တည်း။ သင်္ချာတိကံ ဟူသောကား အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ဟူသည် တည်း။ ပစ္စည်းရေ (၅) ဟူသောကား နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ဝတ္ထာရမ္မဏတုန်းက ပြောခဲ့တဲ့အတိုင်းပဲ ဒီဆဝတ္ထုဟာ ပဝတ္တိ အခါမှာဖြစ်တဲ့ ဆဝတ္ထုပါ။ ပစ္စည်းက ဆဝတ္ထုဖြစ်တဲ့ ရုပ်တရား ဖြစ်ခြင်းကြောင့် အရူပဘုံမှာ မဖြစ်နိုင်ပါဘူး။ အရူပဘုံမှာ ဖြစ်တဲ့ နာမ်တရားတွေဟာ ဝတ္ထုရုပ်ကို မှီပြီး မဖြစ်ပါဘူး။ ဒါ့ကြောင့် "ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ" လို့ ဆိုတဲ့ ဝိသေသနကို မ ရပါတယ်။ အရူပဝိပါက် လေးခုကတော့ ဧကန် အရူပဘုံမှာ ပဋိသန္ဓေဘဝင်စုတိ ကိစ္စတတ်ပြီးဖြစ်တဲ့ စိတ်ဖြစ်ခြင်းကြောင့် သူ့ကို ကြဉ်ရပါတယ်။ ကြွင်းကျန်တဲ့ စိတ်တွေကတော့ ပဉ္စဝေါကာရဘုံမှာ ဖြစ်တဲ့အခါမှာ ဝတ္ထုရုပ်ကို မှီနိုင်ပါတယ်။ အရူပဘုံမှာ ဖြစ်တဲ့အခါမှာ ဝတ္ထုရုပ်ကို မမှီနိုင်ပါဘူး။ ဒါဟာ သင်္ဂြိုဟ်ဝတ္ထု သင်္ဂဟက ဆိုခဲ့တဲ့ အတိုင်းပါပဲ။ **သင်္ချာ**။ ။ ပစ္စည်း ဆဝတ္ထု ဖြစ်ခြင်းကြောင့် အဗျာကတ ကိန်းသေပါတယ်။ ပစ္စယုပ္ပန်မှာ သတ္တဝိညာဏဓာတ်လို့ ဆိုတာဟာ အရူပဝိပါက်လေးခု ကြဉ်ထားသဖြင့် စိတ်ပေါင်း (၈၅)ခု ရတယ်။ အဲဒီ စိတ်ပေါင်း (၈၅)ခုကို သရုပ်ခွဲလိုက်ရင် ဆိုင်ရာဖြစ်တဲ့ ကုသိုလ် အကုသိုလ် အဗျာကတ ရပါတယ်။ ဒါ့ကြောင့် သင်္ချာသည် အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿလို့ (၃)ချက် ဖြစ်ပါတယ်၊ **ပစ္စည်းရေ** (၅)ဆိုတာကတော့ ဒီဝတ္ထုပုရေဇာတဟာ နိဿယပစ္စည်းမှာ ရှိပါတယ်။ ဝတ္ထုပုရေဇာတ နိဿယဆိုတဲ့ အသံနဲ့ လာပါတယ်။ ပုရေဇာတပစ္စည်းမှာ ဝတ္ထုပုရေဇာတဆိုတဲ့ အသံနဲ့ လာပါတယ်။ ဝိပ္ပယုတ္တ ပစ္စည်းမှာ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တဆိုတဲ့ အသံနဲ့ လာတယ်။ အတ္ထိ၊ အဝိဂတ ပစ္စည်းမှာလဲ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတ အဝိဂတ အသံနဲ့ လာပါတယ်။ အဲဒီ (၅) ပစ္စည်းဟာ ပစ္စည်း ပစ္စယုပ္ပန် အားလုံးကုန် တူကြပါတယ်။ ၎င်းတို့သည်ပင်လျှင် ခေါင်းဆောင်ပစ္စည်း ဖြစ်ကြပါတယ်၊ ဒါ့ကြောင့် ပစ္စည်းရေ (၅) ရပါတယ်။ ခေါင်းဆောင်

ပစ္စည်းဖြစ်ရင် ဒီပစ္စည်းတွေဟာ နောက်နောက် ၎င်းတို့ရဲ့ ငယ်သား ဖြစ်တဲ့ ပစ္စည်းတွေမှာ အားလုံးကုန် လိုက်ကြပါလိမ့်မယ်။

**ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ** ၌ ဒွေပဉ္စဝိညာဉ် တဆယ်အား တတ်သော မန္ဒာယုက၊ အမန္ဒာယုက၊ မဇ္ဈိမာယုက အား ဖြင့် သုံးပါးတို့တွင် မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ ဤတရားတို့သည် ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏၊ သင်္ချာကံ။ ပစ္စည်းရေ (၆) ဟူသည်တည်း။ သင်္ချာကံ ဟူသော်ကား အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ (၆) ဟူသော်ကား နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

သုဒ္ဓသင်္ချာမှာ မျိုးတွေ ရေးထားပါတယ်။ ဝတ္ထုပုရေဇာတ(၆) မျိုးဆိုတာ အထက်က (၅)ပစ္စည်း၊ နောက်ထပ် ဣန္ဒြိယ ထည့်လိုက်တဲ့ အခါမှာ (၆) ပစ္စည်း ဖြစ်ပါတယ်။ **သင်္ချာ** ။သူ့ရဲ့ သုဒ္ဓသင်္ချာမှာ ပစ္စည်းတရားက ပဉ္စဝတ္ထုဖြစ်သဖြင့် ရုပ်၊ ပစ္စယုပ္ပန်ကလဲ ဒွေပဉ္စ ဝိညာဉ် တဆယ် ဖြစ်သဖြင့် အဗျာကတ တရားပါပဲ။ ဒီတော့ အဗျာကတော အဗျာကတဿလို့ သင်္ချာ ကံပဲ ရပါတယ်။ **ပစ္စည်းရေ** (၆)ကတော့ ခုနက (၅)ပစ္စည်းထဲမှာ ဣန္ဒြိယ ထည့်လိုက်ရင် ပစ္စည်းရေ (၆) ဖြစ် ပါတယ်။ အဲဒီ ဝတ္ထုပုရေဇာတမှာ သုဒ္ဓသင်္ချာ (၂)ပုဒ်ပဲ ရှိပါတယ်။

## ပစ္ဆာဇာတမျိုး သုဒ္ဓသင်္ချာ

**ပစ္ဆာဇာတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော ပထမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါး။ ဤ တရားတို့သည် ပစ္ဆာဇာတပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာတိကံ၊ ပစ္စည်းရေ(၄) ဟူသည်တည်း။ သင်္ချာတိကံဟူသော်ကား

ကုသလသော အဗျာကတဿ၊ အကုသလသော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ(၄)ပါးဟူသော်ကား ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ပဋ္ဌာန်းတရားကြီးမှာဆိုရင် ဆိုင်ရာဆိုင်ရာဖြစ်တဲ့ ပစ္စည်းတွေကို ကြည့်လိုက်ရင် အကြောင်းတရားက ရှေ့၊ အကျိုးတရားက နောက်က နေပါတယ်။ ဆိုလိုရင်းက ပစ္စည်းတရားက ရှေ့၊ ပစ္စယုပ္ပန်တရားက နောက်က နေပါတယ်။ ဒီ ပစ္ဆာဇာတမှာ ကြည့်မယ်ဆိုရင် ပစ္စည်းတရားက နောက်၊ ပစ္စယုပ္ပန်တရားက ရှေ့ကနေပါတယ်။ ပြောင်းပြန်လာပြီး ကျေးဇူးပြုပါတယ်။ သူ့ရဲ့ ပစ္စည်းတရား ကြည့်လိုက်ရင် အရူပဝိပါက် လေးခုကြဉ်တဲ့ နာမက္ခန္ဓာတွေပါ စိတ်ပေါင်း (၈၅)ခု ရပါတယ်။ ပစ္စယုပ္ပန်တရားက ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယ ဆိုပါတယ်။ ဧကဇကာယဆိုတာ ပဋိသန္ဓေစိတ်မှာ ဥပါဒ်ဌီ ဘင် ရယ်လို့ ၃ မျိုးရှိတဲ့အနက် ဥပါဒ်အခိုက်အတန့်ကာလ၌ ကမ္မဇရုပ်သာ ဖြစ်ခြင်းကြောင့် ဧကဇကာယ ဖြစ်ပါတယ်။ ကံဆိုတဲ့ အကြောင်း တပါးကြောင့်သာလျှင်ဖြစ်တဲ့ ရုပ်ဖြစ်ခြင်းကြောင့် ဧကဇကာယလို့ ခေါ်ပါတယ်။ ဒွိဇကာယ ကျတော့ ဥတုဇရုပ်ကလေး ပေါ်လာပါတယ်။ ပဋိသန္ဓေရဲ့ ဌီအခိုက်အတန့် ကာလမှာဖြစ်ပါတယ်။ ဒီအခါမှာ ကမ္မဇ၊ ဥတုဇ ရယ်လို့ ၂ မျိုးဖြစ်ခြင်းကြောင့် ဒွိဇကာယလို့ခေါ်ပါတယ်။တိဇကာယလို့ ဆိုတာကတော့ ပဋိသန္ဓေနောင် ပ္ဍထမဘဝင် ဥပါဒ်တဲ့အခါမှာ စိတ္တဇရုပ် ဖြစ်လာပါတယ်။ အဲဒီအခါမှာ ကံ စိတ် ဥတု ရယ်လို့ အကြောင်း (၃)ပါးကြောင့် ဖြစ်တဲ့ ရုပ်ဖြစ်ခြင်းကြောင့် တိဇကာယလို့ ဆိုပါတယ်။ စတုဇကာယ ဆိုတာ ဥပပါတ်၊ သံသေဒဇ၊ ဂဗ္ဘသေယျက အစရှိတဲ့ ပုဂ္ဂိုလ်တို့အား ထိုက်သည့်အားလျော်စွာ အာဟာရဇရုပ် ဖြစ်လာတဲ့ အခါမှာ အကြောင်းလေးပါးကြောင့် ဖြစ်လာတဲ့ စတုဇကာယရယ်လို့ ခေါ်ပါတယ်။ အဲဒီတော့ ပဋိသန္ဓေစိတ်နဲ့ အတူတကွ ဘာတွေဖြစ်သလဲ ဆိုရင် ဧကဇကာယလို့ ဆိုတဲ့ ကမ္မဇကာယ ဖြစ်ပါတယ်။ အဲဒီ ကမ္မဇ ကာယကို နောက်နောက်ဖြစ်တဲ့ စိတ်တွေက ကျေးဇူး ပြုပါတယ်။ နောက်နောက်ဖြစ်တဲ့ စိတ်ဆိုတော့ ပ္ဍထမဘဝင်က ကျေးဇူးပြုရပါတယ်။

သို့သော်လဲ ဒီ ဇနကဇာတယဆိုတဲ့ ကမ္မဇရုပ် ပေါ်လာတဲ့အခါမှာ ပထမ ဘဝင်ဟာ မပေါ်သေးပါဘူး။ ပထမဘဝင် မပေါ်သေးသဖြင့် ဇနကဇာတယ ကို ပထမဘဝင်က ကျေးဇူးပြုတယ်ဆိုတဲ့ သဘာဝကို ဆရာတော်ကြီးများ မနှစ်သက်ကြပါဘူး။ ဒွိဇကာလယလို့ဆိုတဲ့ ဥတုဇရုပ် ဌီရောက်တဲ့အခါ မှာ နောက်ဖြစ်တဲ့ ပထမဘဝင်ကနေပြီး ကျေးဇူးပြုပါတယ်။ အဲဒီလို နောက်နောက်ဖြစ်တဲ့ နာမ်တရားတွေဟာ ရှေးရှေးဖြစ်တဲ့ စိတ်တွေနဲ့ အတူ ဥပါဒ်ပြီးသကာလ ဌီကိုရောက်နေတဲ့ ရုပ်တရားတွေအား ပစ္ဆာဇာတ သတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ဒီ အဓိပ္ပာယ်တွေကတော့ ပဋ္ဌာနပါဠိမှာ ကျယ်ကျယ်ဝန်းဝန်း ပြောစရာကောင်းပါတယ်။ ယခု သင်္ချာစပါရ ပို့ချ နေတာဖြစ်တော့ ဒါတွေကို ပြောနေရင် မပြီးနိုင်ပါဘူး။ ဒီတော့ အကျဉ်းချုပ် မှတ်ရမှာက နောက်နောက်ဖြစ်တဲ့ နာမ်တရားတွေဟာ ရှေ့ရှေ့ဖြစ်တဲ့ စိတ်နဲ့အတူ ဥပါဒ်တဲ့ရုပ်တရားတွေကို ကျေးဇူးပြုမှုသည် ပစ္ဆာဇာတရဲ့ သဘောဖြစ်ပါတယ်။

**သင်္ချာ**။ ။ပစ္စည်း ပစ္စယုပ္ပန် ကြည့်လိုက်ရင် ပစ္စည်းတရားမှာ နာမ်တရား ရှိပါတယ်။ ကုသိုလ် အကုသိုလ် အဗျာကတ ပါပါတယ်။ ပစ္စယုပ္ပန်တရားက ရုပ်တရားသာလျှင် ဖြစ်ခြင်းကြောင့် အဗျာကတ သာ လျှင် ရပါတယ်။ ဒါ့ကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ သင်္ချာတိကိ ရပါ တယ်။ **ပစ္စည်းရေ (၄)** ဆိုတာကတော့ ပစ္ဆာဇာတပစ္စည်း၊ ဝိပ္ပယုတ္တမှာ ပစ္ဆာဇာတ ဝိပ္ပယုတ္တရယ်လို့ ရှိပါတယ်။ အတ္ထိမှာ ပစ္ဆာဇာတတ္ထိ၊ အဝိ ဂတမှာ ပစ္ဆာဇာတ အဝိဂတရယ်လို့ ရှိတယ်။ ပစ္ဆာဇာတရဲ့ သုဒ္ဓ သင်္ချာဟာ ဒီတပုဒ်ပဲ ရှိပါတယ်။ ဒီတပုဒ်ကလဲ ပစ္စည်း (၄)မျိုး အတူ တကွ ဖြစ်ခြင်းကြောင့် ပစ္စည်းရေ (၄) ရယ်လို့ ဆိုရပါတယ်။

## ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မမျိုး သုဒ္ဓသင်္ချာ

**ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌** ကာမဝိပါက် တေဝီသနာမက္ခန္ဓာအား တတ်သော ကာမကုသိုလ် အကု သိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလနာနာက္ခဏိက ကမ္မ။ ဓာဋ္ဌတ္တာ

ရုပ်အား တတ်သော ပဉ္စဝေါကာရ ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ။ ဤတရားတို့သည် ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာဒွေ၊ ပစ္စည်းရေ (၁) ဟူသည်တည်း။ သင်္ချာဒွေ ဟူသော်ကား ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ ဟူသည် တည်း။ ပစ္စည်းရေ (၁) ဟူသော်ကား ကမ္မတည်း။

အရကောက်ကြီးကို ကြည့်မယ်ဆိုရင် အရကောက်ကြီးမှာ ကာမ ဝိပါက် တေဝီသနာမက္ခန္ဓာအား တတ်သော ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ။ ကဋတ္တာ ရုပ်အား တတ်သော ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ လို့ တွေ့ရပါလိမ့်မယ်၊ ကာမတို့၊ ပဉ္စဝေါကာရတို့ဆိုတဲ့ ဝိသေသန ပေါ ပါဘူး။ ဒါကလဲ ပစ္စနိက်ကျတဲ့အခါမှာ နဟေတုရဲ့ ပစ္စနိက်ကိုထုတ်တော့ ဒီသဘောတရားကို ရေးပါတယ်။ ကမ္မ (၄) မျိုး ရှိပါတယ်။ (သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ဗလဝနာနာက္ခဏိက ကမ္မ၊ ဗလဝဒုဗ္ဗလ နာနာက္ခ ဏိက ကမ္မရယ်လို့ (၄) မျိုး။ သဟဇာတ ကမ္မသည် သဟဇာတမျိုးထဲ ဝင်ပါတယ်။ အနန္တရ ကမ္မသည် အနန္တရူပနိဿယမျိုးထဲ ဝင်ပါတယ်။ ဗလဝနာနာက္ခဏိက ကမ္မသည် ပကတူပ နိဿယမျိုးထဲ ဝင်ပါတယ်။ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မကျတော့ ဘယ်မျိုးထဲမှာမှ မဝင်ပဲနဲ့ သီးသန့်ဖြစ်တဲ့ မျိုးဖြစ်ပါတယ်။)

ကာမဝိပါက် တေဝီသနာမက္ခန္ဓာလို့ ဆိုတဲ့ နေရာဌာနမှာ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မကို ယူရပါတယ်။ ဒီထဲမှာ မဟဂ္ဂုတ်တွေ လော ကုတ္တရာတွေ မပါပါဘူး။ မဟဂ္ဂုတ်၊ လောကုတ္တရာဝိပါက် ဖြစ်ခဲ့လို့ ရှိရင် ကော ဗလဝနာနာက္ခဏိက ကမ္မ ဖြစ်ရပါတယ် အဲဒီ ဗလဝနာနာက္ခဏိက ကမ္မဟာ ပကတူပ နိဿယထဲမှာ ဝင်ပါတယ်။ ဒီတော့ ကာမကုသိုလ် အကုသိုလ်တွေသည်သာလျှင် ဗလဝလဲ ဖြစ်နိုင်တယ်၊ ဒုဗ္ဗလလဲ ဖြစ်နိုင် တယ်။ ဗလဝ ဖြစ်တဲ့အခါမှာ ပကတူပ နိဿယမျိုးထဲကို ဝင်မယ်၊ ဒုဗ္ဗလ ဖြစ်တဲ့အခါမှာ သီးသန့်မျိုးအနေနဲ့ လာပြီး ဖြစ်ပါတယ်။ ဒုတိယ အချက်က ကဋတ္တာရုပ်အား တတ်သော ပဉ္စဝေါကာရ ကုသိုလ် အကု သိုလ် စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ။

ရုပ်အား ကျေးဇူးပြုတဲ့အခါမှာ ဗလဝ နာနာက္ခဏိက ကံက ပစ္စယုပ္ပန် ရုပ် မနေခဲ့သဖြင့် ဒီနေရာမှာ ဗလဝဖြစ်တဲ့ ကုသိုလ် အကုသိုလ် စေတနာဖြစ်ဖြစ်၊ ဒုဗ္ဗလဖြစ်တဲ့ ကုသိုလ် အကုသိုလ် စေတနာဖြစ်ဖြစ် ၂ မျိုးလုံးက ကျေးဇူးပြုနိုင်ပါတယ်။ ပစ္စယုပ္ပန်သည် ကဋတ္တာရုပ် ဆိုတဲ့ တရားဖြစ်ခြင်းကြောင့် ပဉ္စဝေါကာရ ဘုံနဲ့သာလျှင် ဆိုင်ပါတယ်။ ဒါ့ကြောင့် ပဉ္စဝေါကာရဆိုတဲ့ ဝိသေသနကို ထည့်ပြီး ပေးပါတယ်။ သင်္ချာ။ ပစ္စည်း ပစ္စယုပ္ပန်ကို စဉ်းစားလိုက်ရင် ပစ္စည်းဘက်က ကုသိုလ် အကုသိုလ် စေတနာပဲ ရှိပါတယ်။ ပစ္စယုပ္ပန်ဘက်က ကာမဝိပါက်နှင့် ကဋတ္တာရုပ် ရှိပါတယ်။ သူတို့ဟာ အဗျာကတတွေ ဖြစ်ပါတယ်။ ပစ္စည်းက ကုသိုလ် အကုသိုလ် စေတနာ ရှိခြင်းကြောင့် ကုသိုလ် အကုသိုလ် ရပါတယ်။ ပစ္စယုပ္ပန်က အဗျာကတ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ။ ပစ္စည်းရေက သူနဲ့ပြိုင်နိုင်တဲ့ သူနဲ့မျိုးတူတဲ့ တစ်ခုသောတရားမျှ မရှိခြင်းကြောင့် ပစ္စည်းရေဟာ (၁)ပဲ ရပါတယ်။ ဒီဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မအကျက် သုဒ္ဓသင်္ချာ တပုဒ်ပဲ ရှိပါတယ်။

## ရုပ်အာဟာရမျိုး သုဒ္ဓသင်္ချာ

ရုပ် အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ကလာပ်တူ ဩဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အား တတ်သော စတုသမုဋ္ဌာနိက ဩဇာ။ ဤတရားတို့သည် ရုပ် အာဟာရ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ သင်္ချာ ကော။ ပစ္စည်း ရေ(၃) ဟူသည်တည်း။ သင်္ချာကော ဟူသော်ကား အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ(၃) ဟူသော်ကား အာဟာရ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

စတုသမုဋ္ဌာနိက ဩဇာဆိုတာ ကံ စိတ် ဥတု အာဟာရ ဆိုတဲ့ အကြောင်းလေးပါးကြောင့် ဖြစ်တဲ့ ဩဇာကို စတုသမုဋ္ဌာနိက ဩဇာရယ်လို့ ခေါ်ပါတယ်။ ပစ္စည်းက ဩဇာယူထားသဖြင့် ပစ္စ

ယပွန်မှာ ဩဇာကြည်ရပါတယ်။ ဒီဩဇာကြည်ရမှုကလဲ ကလာပ်တူဖြစ်တဲ့ ဩဇာကိုသာ ကြည်ပါတယ်။ ကလာပ်ပြားဖြစ်တဲ့ ဩဇာကို မကြည်ပါဘူး။ ဥပမာအားဖြင့် ကမ္မဇကလာပ် ကိုးစည်းထဲမှာ စက္ခုဒသက ကလာပ် ဆိုကြပါစို့။ စက္ခုဒသက ကလာပ်ထဲမှာ ဩဇာ ပါပါတယ်။ အဲဒီဩဇာကို ပစ္စည်းယူတဲ့အခါမှာ ပစ္စယုပ္ပန်ဘက်က ဒီဩဇာကြည်တဲ့ ကျန်ရှိတဲ့ ရုပ်ကိုးခုကို ယူရပါတယ်။ ဒီရုပ်ကိုးခုဟာ ကလာပ်တူပါ။ ကလာပ်ပြားတွေကတော့ သင်္ဂြိုဟ်အရ ကလာပ် (၂၁)စည်း ရှိသဖြင့် ကလာပ်ပြား(၂၀) ယူရပါတယ်။ ဥပမာ ဆိုရိုးကလေးဆိုရင် စက္ခုဒသက ကလာပ်၌ ဩဇာကြည်သော ကလာပ်တူ ကမ္မဇရုပ် ၉ ခု၊ ကလာပ်ပြား (၂၀)သော ရုပ်ကလာပ်တို့အား တတ်သော စက္ခုဒသက ကလာပ်၌ ရှိသောဩဇာ။ ကလာပ်ပြားတွေ ကတော့ မဆိုင်ပါဘူး။ ကြည်တာက ကလာပ်တူသာလျှင် ကြည်ပါတယ်။ သင်္ချာ။ ဒီ ရုပ်အာဟာရ ပစ္စည်းဟာ ပစ္စည်းကလဲ ရုပ် ပစ္စယုပ္ပန်ကလဲ ရုပ်ဖြစ်သဖြင့် အဗျာကတော အဗျာကတဿ ရပါတယ်။ ပစ္စည်းရေ (၃) ရမှုကတော့ ရုပ် အာဟာရ၊ ရုပ် အာဟာရတ္ထိ၊ ရုပ်အာဟာရ အဝိဂတလို့ (၃)မျိုးရှိသဖြင့် ပစ္စည်းရေ(၃) ရပါတယ်။

## ရူပဇီဝိတိန္ဒြိယမျိုး သုဒ္ဓသင်္ချာ

ရူပဇီဝိတိန္ဒြိယ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ ၌ ရုပ် ဇီဝိတိန္ဒြေကြည်သော ကလာပ်တူ ကမ္မဇရုပ် ၉ ခုအား တတ်သော ရုပ်ဇီဝိတိန္ဒြေ။ ဤတရားတို့သည် ရူပဇီဝိတိန္ဒြိယ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သင်္ချာ ကော်။ ပစ္စည်းရေ(၃) ဟူသည်တည်း။ သင်္ချာကော် ဟူသော်ကား အဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ(၃) ဟူသော်ကား ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ဒီမှာလဲ ရုပ် အာဟာရ သဘောအတိုင်းပါပဲ။ ရုပ် ဇီဝိတိန္ဒြေ သည် ကမ္မဇရုပ် ဖြစ်ခြင်းကြောင့် ကမ္မဇ ကလာပ်တွေမှာသာလျှင် ကျေးဇူးပြုပါတယ်။ ပစ္စည်းက ရုပ်ဇီဝိတိန္ဒြေဖြစ်နေသဖြင့် ပစ္စယုပ္ပန်မှာ

ရုပ်ဇီဝိတိန္ဒြေ ကြည့်ပြီး ပေးရပါတယ်။ သချာ။ ပစ္စည်း ပစ္စယုပ္ပန် ရုပ်ဖြစ်သဖြင့် အဗျာကတော အဗျာကတဿ ရပါတယ်။ ပစ္စည်းရေ ကလဲ ရုပ် အာဟာရတုန်းကလို ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယ အဝိဂတရယ်လို့ ဒီ(၃)ပစ္စည်းမှာ ရှိခြင်းကြောင့် ပစ္စည်းရေသည် (၃) ဖြစ်ပါတယ်။

## မိဿကမျိုး သုဒ္ဓသချာ

နောက် မိဿကတွေ လာပါတယ်။ ဒီမိဿကတွေဟာ အလွန် တရာ တန်ဖိုးရှိပါတယ်။ ဒီမိဿကတွေကို ထည့်ပြီး မရေတွက်ခဲ့လို့ ရှိရင် သချာခန်းတွေမှာ သချာရမှုကို သိဖို့ရာအတွက် အလွန်တရာပဲ ခဲယဉ်းပါတယ်။ ဒါပေတဲ့ အရကောက်ကြီးမှာ ဒီမိဿကတွေကို ထည့်ပြီး ရေတွက်မှု မရှိပါဘူး။

**သဟဇာတ ပုရေဇာတ မိဿကပစ္စည်း၏ သုဒ္ဓသချာဝါရ၌** အချင်းချင်းအား တတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဧကဝီသ၊ စေတသိက် ဒွေပညာသ အစိတ် အစိတ် နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော် ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့ သည် သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သချာ ဒွေ။ ပစ္စည်းရေ(၃) ဟူသည်တည်း။ သချာဒွေ ဟူသော်ကား ကုသလာ ဗျာကတော ကုသလဿ၊ အကုသလာ ဗျာကတော အကုသလဿ ဟူသည်တည်း။ ပစ္စည်းရေ(၃) ဟူသော် ကား နိဿယ၊ အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ဒီမိဿက (၃) ပစ္စည်းဟာ ကုသလတိက်အတွက် ဖြစ်ပါတယ်။ တိကပဋ္ဌာန်း တကျမ်းလုံးမှာဆိုရင် မိဿကဟာ (၇)မျိုး ရှိပါတယ်။ ဒီမိဿကတွေကို ပဋ္ဌာဝါရ ဝိဘင်မှာလဲ ဟောပါတယ်။ ပစ္စနီယဒွါရ မှာလဲ ဟောပါတယ်။ ဒီ(၃)မျိုးကတော့ ကုသလတိက်နဲ့သာလျှင် ဆိုင်သဖြင့် (၃)မျိုးကိုပဲ ယူပြီး ဟောပါတယ်။ ဒီနေရာမှာ ''အချင်း

ချင်း''လို့ ဆိုတာ သဟဇာတ ပစ္စည်းတုန်းက ပြောခဲ့တဲ့အတိုင်း ''အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဧကဝီသ၊ စေတသိက် ဒွေပညာသ'' ဒါကို အချင်းချင်းလို့ ခေါ်ပါတယ်။ ဒါ့ကြောင့် ပစ္စယုပ္ပန်သည် အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဧကဝီသ+စေတသိက် ဒွေပညာသ ဖြစ်ပါတယ်။ သဟဇာတ ပုရေဇာတ မိဿကလို့ဆိုတာ သဟဇာတရော ဝတ္ထု ပုရေဇာတရော ရောပြီး ဟောထားတဲ့ တရားဖြစ်ပါတယ်။ ဘယ် ပစ္စည်းမှာလဲဆိုရင် နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းမှာပါ။ နိဿယ မှာ သဟဇာတနိဿယ ရှိပါတယ်။ ဝတ္ထု ပုရေဇာတနိဿယ ရှိပါ တယ်။ အဲဒီ သဟဇာတနိဿယ၊ ဝတ္ထု ပုရေဇာတနိဿယကို ရောပြီး ဟောထားပါတယ်။ ဒီမိဿကပစ္စည်းတွေဟာ ပစ္စုပ္ပန် ကာလ၌သာ လျှင် ဖြစ်ကြပါတယ်။ ဒီမှာ သဟဇာတ ဟောပုံက ဒီဘက်က ကုသိုလ် ဧကဝီသ အကုသိုလ် ဒွါဒသ၊ စေတသိက် ဒွေပညာသ အစိတ် အစိတ် နာမက္ခန္ဓာ။ အစိတ်အစိတ် နာမက္ခန္ဓာလို့ဆိုတော့ ဒီအကုသိုလ် ကုသိုလ်နဲ့ စေတသိက်တွေကို ခန္ဓာဖွဲ့လိုက်ရင် ခန္ဓာလေးပါး ရပါတယ်။ အစိတ်အစိတ်ဆိုတဲ့ သဘောက နာမက္ခန္ဓာ လေးပါးလုံးကို ပစ္စည်း အနေနဲ့ မယူရပါဘူး။ တပါး၊ သုံးပါး၊ နှစ်ပါး၊ ဒီလို အစိတ် ဖြစ်တဲ့ ခန္ဓာတွေကိုသာလျှင် ယူရပါတယ်။ ဒီတော့ ပစ္စည်းက ခန္ဓာ တပါးဖြစ်ရင် ပစ္စယုပ္ပန်က သုံးပါးဖြစ်ပါတယ်။ သူ့အတွက် ဘယ်လို လာဖြစ်မလဲ။ ''ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ သဟ ဇာတ ပစ္စယေန ပစ္စယော''လို့ သဟဇာတသဘော လာဖြစ်ပါတယ်။ ပြီးတော့ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဒါက ပုရေဇာတပါ။ ပုရေဇာတ ဆိုတော့ ပစ္စယုပ္ပန်ဖြစ်တဲ့ ခန္ဓာတွေက ပစ္စည်းဖြစ်တဲ့ ဟဒယဝတ္ထုကို မှီပါတယ်။ ဒီအခါမှာ ''ဝတ္ထု ကုသလာနံ ခန္ဓာနံ အကုသလာနံ ခန္ဓာနံ''လို့ ဖြစ်ပါလိမ့်မယ်။ သူတို့နှစ်ခု ပေါင်းလိုက်တဲ့ အခါမှာ ''ကုသလော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။ တယော ခန္ဓာ စ ဝတ္ထု စ ဧကဿ ခန္ဓဿ နိဿယ ပစ္စယေန ပစ္စယော။ ဒွေ ခန္ဓာ စ ဝတ္ထု စ ဒွိန္နံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော''လို့ ဟောပါလိမ့်မယ်။ ဒီတော့ သဟ ဇာတ ပုရေဇာတ မိဿက ဘယ်လိုဖြစ်သလဲဆိုရင် ဇီထိတခု ချကြည့်

လိုက်ပါ။ ချကြည့်လိုက်တဲ့အခါမှာ ဒီက ကုသိုလ် အကုသိုလ် ဖြစ်နေခြင်းကြောင့် ဇောအခိုက်အတန့်ကို ယူလိုက်ပါ။ ဇောအခိုက်အတန့်ကို ယူတော့ ပထမဇောရှေ့က ဘယ်တရားရှိသလဲ။ ပဋ္ဌဒွါရဖြစ်ရင် ဝုဋ္ဌောရှိပါတယ်။ မနောဒွါရဖြစ်ရင် မနောဒွါရာဝဇ္ဇန်း ရှိပါတယ်။ အဲဒီ ပထမဇော အခိုက်အတန့်မှာ မဟာကုသိုလ်ဇော ဆိုကြပါစို့။ အဲဒီ မဟာကုသိုလ်ဇောမှာ စေတသိက်(၃၈)ခု ယှဉ်လိမ့်မယ်။ ဒီ မဟာကုသိုလ်ဇောနဲ့ စေတသိက်(၃၈)ကို ခန္ဓာဖွဲ့လိုက်တဲ့အခါမှာ နာမက္ခန္ဓာလေးပါး ရပါတယ်။ တပါးက ပစ္စည်းဆိုရင် သုံးပါးက ပစ္စယုပ္ပန်ဖြစ်ပါတယ်။ သုံးပါးက ပစ္စည်း၊ တပါးက ပစ္စယုပ္ပန်၊ နှစ်ပါးက ပစ္စည်း၊ နှစ်ပါးက ပစ္စယုပ္ပန်ဖြစ်ပါတယ်။ ဒီအခါမှာ သဟဇာတ မဟာကုသိုလ် ပထမဇော အခိုက်အတန့်မှာ ဖြစ်နေပါတယ်။ ဒီ မဟာကုသိုလ် ပထမဇောမှာရှိတဲ့ ခန္ဓာတွေက ဘယ်သူ့ကိုမှီသလဲဆိုရင် ပဋ္ဌဒွါရမှာ ဝုဋ္ဌောနဲ့အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထု။ မနောဒွါရမှာ မနောဒွါရာဝဇ္ဇန်းနဲ့အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုကို မှီမယ်။ ဒီတော့ ပစ္စယုပ္ပန်ဖြစ်တဲ့ နာမက္ခန္ဓာဟာ အချင်းချင်း ကျေးဇူးပြုတဲ့အခါ သဟဇာတဖြစ်တယ်။ မိမိ၏ ရှေ့က ဥပါဒ်နေနှင့်တဲ့ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းနဲ့အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုကို မှီတဲ့အခါမှာ ဝတ္ထု ပုရေဇာတ ဖြစ်ပါတယ်။ ဒါကြောင့် အတူတကွဖြစ်တဲ့အခါမှာ သဟဇာတ၊ ဟဒယဝတ္ထုကိုမှီတဲ့အခါမှာ ဝတ္ထု ပုရေဇာတရယ်လို့ ဖြစ်ခြင်းကြောင့် သဟဇာတရော၊ ပုရေဇာတရော ပစ္စည်းဘက်က ရောပြီးနေသောကြောင့် သဟဇာတ ပုရေဇာတ မိဿကရယ်လို့ ခေါ်ရပါတယ်။ ဒီနေရာမှာ စဉ်းစားမယ်ဆိုရင် စဉ်းစားနိုင်ပါတယ်။ ဘယ်လို စဉ်းစားနိုင်သလဲ? ဘယ့်နှယ်ကြောင့် ဒီမှာ အကုသိုလ်နဲ့ကုသိုလ်ကိုသာလျှင် ယူပြီးထားရသလဲ? ဝိပါက်ကြိယာလို့ဆိုတဲ့ အဗျာကတ တရားတွေကိုတော့ ဘာဖြစ်လို့ မယူသလဲ? မယူနိုင်ဘူးလား? ယူနိုင်ပါတယ်။ အဗျာကတ တရားတွေ ယူမယ်ဆိုရင် သုဒ္ဓသင်္ချာ ဘယ်လိုလာဖြစ်မလဲ။ အချင်းချင်းအား တတ်သော ပဋ္ဌေဝါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခုကြဉ်သော ဝိပါက်ဗာတ္တိံသ၊ ကြိယာစိတ်ဝီသ+စေတသိက် အဋ္ဌတိံသ အစိတ်အစိတ် နာမက္ခန္ဓာ၊ ပဋိသန္ဓေ အခါရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သောဟဒယဝတ္ထု။ ဒီလို လာဖြစ်

ရမယ်။ ဒီလိုဖြစ်နိုင်သားနဲ့ ဘာဖြစ်လို့ ဝိပါက်ကြိယာတွေကိုတော့ သဟဇာတ ပုရေဇာတ မိဿကအဖြစ် မယူပဲနဲ့ ကုသိုလ် အကုသိုလ်ကိုသာ ယူပြီး ထားရသလဲလို့ စဉ်းစားရင် ဝိပါက်ကြိယာ ယူလိုက်တော့ ဘာလာဖြစ်သလဲ။ ဒီဝိပါက်ကြိယာဟာ အဗျာကတ လာဖြစ်မယ်။ ပြီးတော့ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နဲ့ အတူ ဥပါဒ်တဲ့ ဟဒယဝတ္ထုကတော့ ဘာလာဖြစ်မလဲ။ အဗျာကတပဲ လာဖြစ်မယ်။ ပစ္စယုပ္ပန်ကတော့ ဘာ လာဖြစ်မလဲဆိုရင် အဗျာကတပဲ လာဖြစ်မှာပဲ။ သူတို့ကို ဝိဘင်းထုတ်ကြည့်မယ်ဆိုရင် "ဝိပါကာဗျာကတော ကြိယာဗျာကတော ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော" စသည်ဖြင့် ထုတ်ရလိမ့်မယ်။ ဒီလို ထုတ်လိုက်တော့ အဗျာကတော အဗျာကတဿထက် ထူးလို့ သင်္ချာ ဘာလာရမလဲ။ မရနိုင်ပါဘူး။ အဗျာကတော အဗျာကတဿထဲမှာပင် ဝင်ပါတယ်။ ဒါတွေက ဥပါဒိန္နတိက် စသည်တွေကျရင် ဒီလို ဝိပါက်ကြိယာတွေနဲ့တွဲပြီး မိဿက ဖြစ်နိုင်ပါတယ်။ ဒီမှာတော့ သင်္ချာက မထူးပဲ အဗျာကတော အဗျာကတဿ ရခြင်းကြောင့် ဝိပါက်ကြိယာတွေကို သီးသန့် မယူပါဘူး။ သီးသန့်ယူရင် သင်္ချာထူး ရပါလိမ့်မယ်။ ဒီမှာ သင်္ချာ ပစ္စည်းဘက်က ကုသိုလ်နဲ့ ဟဒယဝတ္ထု ရှိသဖြင့် ကုသလာ ဗျာကတော၊ ပစ္စယုပ္ပန်က ကုသိုလ် နာမ်ခန္ဓာ အစိတ်ဖြစ်နေ၍ ကုသလဿ။ အကုသိုလ်မှာလဲ ထိုနည်း တူစွာ ပစ္စည်းဘက်က အကုသိုလ်နဲ့ ဟဒယဝတ္ထုရှိသဖြင့် အကုသလာ ဗျာကတော။ ပစ္စယုပ္ပန်က အကုသိုလ်နာမ် ခန္ဓာအဇိတ်ဖြစ်နေ၍ အကုသလဿ။ ဒါ့ကြောင့် ကုသလာ ဗျာကတော ကုသလဿ။ အကုသလာ ဗျာကတော အကုသလဿရယ်လို့ သင်္ချာ ဒွေ ရပါတယ်။

ပစ္စည်းရေ။ ဒီမိဿက ပစ္စည်းဟာ နိဿယ၊ အတ္ထိ၊ အဝိဂတ၊ ဒီ (၃)ပစ္စည်းမှာသာလျှင် ရှိခြင်းကြောင့် ပစ္စည်းရေကို (၃)ခုယ်လို့ ရေးထားပါတယ်။

ပဋ္ဌာဒေတာ်ဟာရ မိဿက ပစ္စည်း၏ သုဒ္ဓသင်္ချာ ဝါရ ၃၌ ဝုဍ္ဍော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍

ရုပ်၏ ဌီသို့ ရောက်သော တိဇကာယ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပစ္ဆေဝါကာရဘုံ၌ ဖြစ်သော်အခါ အကုသိုလ် ဒွါဒသ ကုသိုလ် ကေဝီသ+စေတသိက် ဒွေ ပဉ္စာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ 'ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ဩဇာ။ ဤတရားတို့သည် ပစ္ဆာဇာတာဟာရမိဿက ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ သံချာ ဒွေ။ ပစ္စည်းရေ (၂) ဟူသည်တည်း။ သံချာ ဒွေ ဟူသော်ကား ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကဘဿ ဟူသည်တည်း။ ပစ္စည်းရေ(၂) ဟူသော်ကား အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ပစ္စည်းရေ (၂) ကြည့်လိုက်ရင် အတ္ထိ၊ အဝိဂတမှာပဲ ရှိပါတယ်။ ပစ္ဆာဇာတရော၊ ရုပ်အာဟာရရော (၂)မျိုးလုံး ရနိုင်တာဟာ အတ္ထိ၊ အဝိဂတ ပစ္စည်းမှာပဲ ရှိပါတယ်။ တခြားတပါးသော ပစ္စည်းတွေမှာ မရှိပါဘူး။ ဒီမှာလဲ ပစ္ဆာဇာတအရ "ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတာ ပစ္စယေန ပစ္စယော" လို့ ပစ္ဆာဇာတ သက်သက်အတွက် ဖြစ်ပါတယ်။ ရုပ်အာဟာရ အရက "ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော" လို့ ရပါတယ်။ ဒီမှာလဲ ကုသိုလ် အကုသိုလ် ယူရမှုသည် ခုနက သဟဇာတ ပုရေဇာတ မိဿကမှာ ပြောခဲ့တဲ့ နည်းအတိုင်းပါပဲ။ ခုန ပြောခဲ့တဲ့ ပထမ ဇောရဲ့ ရှေ့က ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း ရှိပါတယ်။ ဒီမှာတော့ "ဝုဋ္ဌောမနောဒွါရာ ဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော တိဇကာယ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော" ဆိုရာမှာ ဝုဋ္ဌောဆိုတာ ပဉ္စဒွါရ၊ မနောဒွါရာ ဝဇ္ဇန်းက မနောဒွါရ၊ ဒီစိတ်ကလေးတွေ ပေါ်လာတဲ့အခါမှာ ကာယသည် တိဇ စတုဇရယ်လို့ (၂)မျိုးသာလျှင် ဖြစ်ပါတယ်။ တိဇဆိုတာ ရူပဘုံကို ရည်ရွယ်ပါတယ်။ ရူပဘုံမှာ အာဟာရဇရုပ် မရှိပါဘူး။ စတုဇလို့ ဆိုတာက ကာမဘုံကို ရည်ရွယ်ပါတယ်။ ကာမဘုံမှာ (၄) မျိုးလုံးပင် ရပါတယ်။ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း ဥပါဒ်တဲ့

အခါမှာ ရုပ်ပိုင်းဆိုင်ရာက တိဇကာယ စတုဇကာယတွေဟာ ဆိုင်ရာဖြစ်တဲ့ ရုပ်၏ ဌီသို့ ရောက်နှင့်ပြီး နေပါပြီ။ ပစ္ဆည်းဘက်က ဘာတွေရှိသလဲ? အကုသိုလ် ဒွါဒသ ကုသိုလ် ကေဝီသ + စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဒါတွေဟာက ဆိုင်ရာဖြစ်တဲ့ ကုသိုလ် အကုသိုလ်တွေ ကုန်အောင်ဆိုရမယ်။ ယခုဟာက ဥပမာကလေးတခု၊ စိတ်ကလေးတခုထဲကိုသာ ပြောပြီး နေပါတယ်။ ဒီတော့ ပဌမဇော အခိုက်အတန့်မှာ ကာမ ကုသိုလ်ဇော ဖြစ်နေရင် အဲဒီကာမကုသိုလ်ဇောဟာ ပစ္စည်း ဖြစ်ရမယ်။ ပထမဇောရှေက ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်းနဲ့အတူ ဥပါဒ်ပြီး ရုပ်၏ ဌီကို ရောက်နေတဲ့ တိဇကာယ စတုဇကာယက ပစ္စယုပ္ပန်တရား။ ပထမဇောက တိဇ စတုဇကာယအား ပစ္ဆာဇာတသတ္တိနဲ့ ကျေးဇူးပြုပါတယ်။ ပြီးတော့မှ တဖန်ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဩဇာကလဲ ပါလာပါတယ်။ ဘာ့ကြောင့်လဲဆိုရင် စတုဇ ကာယတွေဖြစ်လို့။ ဩဇာကလေး ပါလာတဲ့အခါမှာ ဒီ ဩဇာလို့ဆိုတဲ့ ရုပ်အာဟာရက တိဇ စတုဇ ကာယလို့ဆိုတဲ့ ရုပ်အားပင်လျှင် ကျေးဇူးပြုပါတယ်။ ရုပ်အာဟာရကို ကြည့်လိုက်မယ်ဆိုရင် အထက်က စတုသမုဋ္ဌာနိက ဩဇာက စတုသမုဋ္ဌာနိက ရုပ်အားကျေးဇူးပြုပါတယ်။ ဒီမှာတော့ ကုသိုလ် အကုသိုလ်ဆိုင်ရာ ဖြစ်ခြင်းကြောင့် စတုသမုဋ္ဌာနိက ရုပ်မဟုတ်ပဲနဲ့ တိဇ စတုဇ ကာယသာလျှင်ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲဆိုရင်? ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အခိုက်အတန့် ကာလမှာ တိဇ စတုဇ ကာယ ဥပါဒ်ပါတယ်။ အဲဒီတော့ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အခိုက်အတန့်မှာရှိတဲ့ ဩဇာသည် တိဇ စတုဇကာယရုပ်အား ကျေးဇူးပြုတဲ့အခါမှာ ရုပ်အာဟာရ ဖြစ်ပါတယ်။ ပြီးတော့ ပထမဇောကလဲ တိဇကာယ စတုဇကာယအား ကျေးဇူးပြုတဲ့အခါမှာ ပစ္ဆာဇာတ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပစ္ဆာဇာတာဟာရ မိဿကဆိုတဲ့ အနေနဲ့ ဟောပြီး ထားပါတယ်။

သင်္ချာ။ ပစ္စည်းဘက်က ကုသိုလ် အကုသိုလ်လဲ ရှိတယ်။ ဩဇာလဲ ရှိသဖြင့် ကုသိုလ် အဗျာကတပါ။ ပစ္စယုပ္ပန် ရုပ်နေတဲ့အခါမှာ အစိတ်အစိတ်ရယ်လို့ မဟုတ်ပဲနဲ့ အစိတ်လဲ ရပါတယ်။ အပေါင်းလဲ ရပါ

တယ်။ ဒါ့ကြောင့် အစိတ်အပေါင်း နာမက္ခန္ဓာလို့ ရေးထားပါတယ်။ နာမ်သာ ပစ္စယုပ္ပန်နေရင် အပေါင်းယူလို့ မရနိုင်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုရင် အပေါင်း နာမက္ခန္ဓာလေးပါး ယူလိုက်ရင် ပစ္စယုပ္ပန်ဘက်မှာ ကျန်စရာ နာမက္ခန္ဓာ မရှိတော့ပါဘူး။ ဒါ့ကြောင့် အစိတ်အစိတ်သာ ယူရပါတယ်။ ပစ္စည်းဘက်က အစိတ်အပေါင်း ယူမှုသည် ပစ္စယုပ္ပန်ဘက်မှာ ရုပ်သက်သက် ရှိခြင်းကြောင့်သာလျှင် အစိတ်·အပေါင်း ယူပါတယ်။ ဒီမှာလဲပဲ "ပစ္ဆာဇာတာ ကုသလာ ခန္ဓာ စ ကာဋ္ဌိကာရော အာဟာရော စ ဣမဿ ကာယဿ အတ္ထိ ပစ္စယေန ပစ္စယော၊ အဝိဂတ ပစ္စယေန ပစ္စယော"လို့ ဟောပြီးထားပါတယ်။ဒီတော့ ပစ္စည်းဘက်က ကုသိုလ် အဗျာကတ၊ ပစ္စယုပ္ပန်ဘက်က ရုပ်သာလျှင် ရှိခြင်းကြောင့် အဗျာကတ ဖြစ်ရကား သင်္ချာသည် ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿလို့ ဒွေ ရပါတယ်။ ပစ္စည်းရေကတော့ အတ္ထိ၊ အဝိဂတသာလျှင် ရှိခြင်းကြောင့် (၂) ပစ္စည်း ရပါတယ်။

ပစ္ဆာဇာတိန္ဒြိယ မိဿကကျတော့လဲ ဟိုက ဩဇာယူတာနဲ့ ဒီက ရုပ်ဇီဝိတိန္ဒြေ ယူတာနဲ့ အတူတူပါပဲ။ လက်သည်းကွင်းကလေး ပြထားမှုသည် အထက်က လက်သည်းကွင်းကလေး နေရာဌာနမှာသာ ပြောင်းပြီး ဆိုရရုံပါပဲ။ ကျန်တာတွေက အကုန်လုံး အတူတူချည်း ဖြစ်ပါတယ်။

ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ ၌ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ကမ္မဇကာယအား ကာလဘူ တပြိုင်နက် တတ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဇေဝိသ+စေတသိက် ဒွေပညာသ အစိတ်အပေါင်း နမက္ခန္ဓာ။ ဝုဋ္ဌောမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ရုပ်ဇီဝိတိန္ဒြေ။ ဤတရားတို့သည် ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ သင်္ချာဒွေ ပစ္စည်းရေ(၂) ဟူသည်တည်း။ သင်္ချာဒွေ ဟူသော်ကား

ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ဟူသည်တည်း။ ပစ္စည်းရေ(၂) ဟူသော်ကား အတ္ထိ၊ အဝိဂတ ဟူသည်တည်း။

ခုနက ပြောခဲ့တဲ့အတိုင်း ဩဇာနေရာမှာ ရူပဇီဝိတိန္ဒြိယကလေး လည့်ပေးရရုံပါပဲ။ သင်္ချာရမှု ပစ္စည်း ရေ ရမှုတွေဟာ အတူတူပါပဲ။ နောက်အပတ် သဘာဂကို ပို့ချဖို့ရာအတွက် သုဒ္ဓသင်္ချာကို အတော် ကလေး ကျဉ်းအောင် ပြောပြီး လာခဲ့ပါတယ်။ နောက်အပတ်အတွက် သဘာဂ ဇယားကလေးကို ကြည့်လိုက်စမ်းပါ။ တပည့်တော်တို့ မျိုး တွေနဲ့ ပြောပြီး လာခဲ့ပါတယ်။ မျိုးတွေနဲ့ ပြောလာခဲ့တဲ့ သဘာဂ ဇယားမှာ အထက်ခေါင်းစဉ်ကို ကြည့်လိုက်ရင် အာရမ္မဏမျိုး၊ သဟ ဇာတမျိုး၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ၊ ဝတ္ထုပုရေဇာတ၊ ပစ္ဆာဇာတ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မ၊ ရုပ်အာဟာရ၊ ရူပ ဇီဝိတိန္ဒြိယနှင့်တကွ မိဿက(၃)မျိုးလို့ ဒီမျိုးစဉ်တွေကို ခေါင်းစဉ်က ရေးထားပါတယ်။ အဲဒီ မျိုးအားလျော်စွာ အထက်အောက် ကြည့် လိုက်မယ်ဆိုရင် အာရမ္မဏမှာ (၈)မျိုးရှိပါတယ်။ အာရမ္မဏ (၈)မျိုး မှာလဲ ဆိုင်ရာဖြစ်တဲ့ သင်္ချာတွေနဲ့တကွ ကိစ္စပြီးအောင် ပြပြီး ထားပါ တယ်။ အာရမ္မဏမှာ နဝ၊ အာရမ္မဏာဓိပတိမှာ သတ္တ၊ ဝတ္ထာရမ္မဏ မှာ တိဏိ၊ အာရမ္မဏူပနိဿယမှာ သတ္တ၊ အာရမ္မဏ ပုရေဇာတမှာ တိဏိ၊ ဝတ္ထာရမ္မဏမှာ တိဏိ၊ အာရမ္မဏပုရေဇာတတ္ထိမှာ တိဏိ၊ အာရမ္မဏ ပုရေဇာတ အဝိဂတမှာ တိဏိရယ်လို့ အာရမ္မဏ (၈)မျိုး။ သဟဇာတ (၁၅)မျိုး၊ အနန္တရူပ (၇)မျိုး၊ ပကတူပ (၂)မျိုး၊ ပုရေဇာတ(၆)မျိုး၊ ပစ္ဆာဇာတ(၄)မျိုး၊ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မ တမျိုး၊ ရုပ်အာဟာရ(၃)မျိုး၊ ရူပဇီဝိတိန္ဒြိယ(၃)မျိုး၊ သဟ ဇာတ ပုရေဇာတမိဿက (၃)မျိုး၊ ပစ္ဆာဇာတာဟာရမိဿက (၂) မျိုး၊ ပစ္ဆာဇာတိန္ဒြိယမိဿက (၂)မျိုးရယ်လို့ သုဒ္ဓသင်္ချာတွေကို အထက်အောက် ကြည့်လိုက်ရင် ဒီအတိုင်း လာပြီးတွေ့ရပါလိမ့်မယ်။ အဲဒီတော့(HORIZONTAL)လို့ခေါ်တဲ့ လက်ဝဲလက်ယာကြည့်လိုက် မယ်ဆိုရင် (၂၄)ပစ္စည်းအရ လာပြီးဖြစ်ပါလိမ့်မယ်။ ဒီတော့ သင်္ချာ ခန်းမှာ သုဒ္ဓသင်္ချာကို ပါဠိတော်ကြီးက....

"ဟေတုယာသတ္တ၊ အာရမ္မဏေနဝ၊ အဓိပတိယာဒသ" စသည်ဖြင့် ဟောထားတာ ရှိပါတယ်။ ဟောထားတဲ့အတိုင်း ဒီဇယားကို ကြည့်၍ ပါဠိ စဉ်လိုက်တဲ့အခါမှာ ဒီက ရေးသားတဲ့ ဂဏန်းတွေ အတိုင်း ကြည့်၍ သိနိုင်ပါလိမ့်မယ်။ မသိုခင် ဆိုနည်းကလေးကို ဘယ်လိုယူရတာတို့ဆိုတာ ပြောပါ့မယ်။ ဟေတု-ခုနစ်ကလေး ရှိပါတယ်-သတ္တ။ အာရမ္မဏ နဝ။ အဓိပတိကျတော့ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ (၂)မျိုး ရှိပါတယ်။ အာရမ္မဏာဓိပတိသည် အာရမ္မဏ မျိုးထဲက၊ သဟဇာတာဓိပတိသည် သဟဇာတမျိုးထဲက ဆိုတာကို နားလည်ဖို့ရာအတွက် ဒီမှာ အထင်အရှားပဲ ပြပြီးထားပါတယ်။ အာရမ္မဏာဓိပတိ သတ္တထဲမှာ သဟဇာတာဓိပတိသတ္တထဲက မတူတဲ့ သင်္ချာတွေ ထည့်လိုက်မယ်ဆိုရင် ဘာတွေ လာပြီးရမလဲ။ ကုသိုလ်ဘက်က ကုသလော ကုသလာ ဗျာကတဿ။ ဒါဟာ သဟဇာတာဓိပတိမှာ ရှိပါတယ်။ အာရမ္မဏာဓိပတိမှာ မရှိပါဘူး။ ပြီးတော့ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ အဲဒီ(၂)မျိုးဟာလဲ အာရမ္မဏာဓိပတိမှာ မရှိပါဘူး။ အာရမ္မဏာဓိပတိထဲမှာ သဟဇာတာဓိပတိထဲက မတူတဲ့ သင်္ချာ(၃)ခု ထည့်ပေးလိုက်ရင် အဓိပတိပစ္စည်းအတွက် သင်္ချာသည် ဒသ လာရပါတယ်။ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ။ ဒါက သဟဇာတာဓိပတိမှာ ရပါတယ်။ အဓိပတိအတွက် သင်္ချာ ဒသလို့ ဆိုပါ။

အနန္တရ သမနန္တရမှာတော့ သူ့မှာရှိတဲ့အတိုင်း သတ္တ၊ သဟဇာတမှာတော့ နဝပဲ ရှိပါတယ်။ အညမညမှာ တိဏိ ရှိပါတယ်။ နိဿယမှာ ဝတ္ထာရမ္မဏရဲ့ သင်္ချာကို တိဏိလို့ ရေးထားပါတယ်။ ဝတ္ထုပုရေဇာတနိဿယမှာလဲ သင်္ချာတိဏိလို့ ရေးထားပါတယ်။ ဒီ ဝတ္ထာရမ္မဏဟာ ဝတ္ထုပုရေဇာတက ထွက်လာတာ ဖြစ်ခြင်းကြောင့် အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ရယ်လို့ သင်္ချာတိဏိ ရပါတယ်။ သဟဇာတနိဿယ နဝထဲမှာ ဝတ္ထာရမ္မဏနဲ့ ဝတ္ထုပုရေဇာတ နိဿယမှာ မတူတဲ့ သင်္ချာကို ရေလိုက်ရင် အဗျာကတော ကုသလဿ၊ အဗျာကတော

အကုသလသာ ဒီ ၂ ချက်ဟာ မတူပါဘူး။ ဒီတော့ (၁၁) လာဖြစ်တယ်။ ပြီးတော့ သဟဇာတ ပုရေဇာတ မိဿကဖြစ်တဲ့ ကုသလာ ဗျာကတော ကုသလဿ၊ အကုသလာ ဗျာကတော အကုသလဿ သင်္ချာ ၂ ခု ထည့်လိုက်ရင် သင်္ချာဟာ တေရသ လာဖြစ်ပါတယ်။ ဒါ့ကြောင့် နိဿယမှာ တေရသလို့ ဆိုပါ။

ဥပနိဿယကျတော့ ပကတူပ နဝ ရှိပါတယ်။ အာရမ္မဏူပ သတ္တ၊ အနန္တရူပ သတ္တတို့သည် ပကတူပ နိဿယ နဝထဲမှာ ဝင်သဖြင့် နဝလို့ ဆိုပါ။ ပုရေဇာတမှာ အာပုနဲ့ ဝတ်ပုသင်္ချာဟာ အတူတူပါပဲ။ တီဏိပဲ ရပါတယ်။ ပစ္ဆာဇာတတီဏိ၊ အာသေဝနတီဏိ၊ ကမ္မကျတော့ သဟဇာတကမ္မထဲမှာ အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိက ကမ္မ၊ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မတွေ ဝင်ပါတယ်။ ဒါ့ကြောင့် ကမ္မဟာ သတ္တဖြစ်ပါတယ်။ ဝိပါကကျတော့ ဧကံဖြစ်ပါတယ်။ အာဟာရမှာ ရုပ်အာဟာရသည် အဗျာကတော အဗျာကတဿဖြစ်သဖြင့် နာမ်အာဟာရထဲမှာဝင်၍ သတ္တပါပဲ။ဣန္ဒြိယမှာ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတွေသည် သဟဇာတိန္ဒြိယထဲမှာ ဝင်သဖြင့် သင်္ချာ သတ္တပဲ ဖြစ်ပါတယ်။ ဈာန မဂ္ဂ သတ္တစ၊ သမ္ပယုတ္တတီဏိ သူ့အတိုင်း။ ဝိပ္ပယုတ္တမှာ (၄)မျိုး ရှိပါတယ်။ ဝတ္ထာရမ္မဏနဲ့ ပုရေဇာတဝိပ္ပယုတ္တက တူပါတယ်။ သဟဇာတဝိပ္ပယုတ္တက ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ ရှိတော့ အဲဒီအထဲမှာ ဝတ္ထာနဲ့ ပုရေ ဝိပ်ထည့်လိုက်တော့ ဘာမတူသလဲ? အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ။ ဒီ ၂ ခု မတူသဖြင့် သင်္ချာသည် ပဉ္စဖြစ်ပါတယ်။ ပစ္ဆာဇာတ ဝိပ္ပယုတ္တနဲ့ သဟဇာတ ဝိပ္ပယုတ္တသည် သင်္ချာတူပါတယ်။ ဝတ္ထာရမ္မဏနဲ့ ပုရေဇာတ ဝိပ္ပယုတ္တ သင်္ချာတူပါတယ်။ ဒါ့ကြောင့် ဝိပ္ပယုတ္တမှာ ပဉ္စလို့ မှတ်ပါ။

အတ္ထိကျတော့ အာရမ္မဏ ပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိမှာ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ လို့ ရပါတယ်။ သဟဇာတ နဝထဲမှာ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ထည့်

လိုက်ရင် သချာသည် ကောဒသ လာဖြစ်ပါတယ်။ ပစ္ဆာဇာတ အတွက် သချာ အထူးမရှိပါဘူး။ ရုပ်အာဟာရ ရုပဇီဝိတိန္ဒြိယ အတွက် သချာ အထူးမရှိပါဘူး။ သဟဇာတ ပုရေဇာတမိဿကမှာ ကုသလာ ဗျာကတော ကုသလဿ၊ အကုသလာ ဗျာကတော အကုသလဿ ဒီ သချာ ၂ ခု ထည့်လိုက်တော့ သချာ တေရသ ဖြစ်ပါတယ်။ ပစ္ဆာဇာတာဟာရ မိဿက ပစ္ဆာဇာတိန္ဒြိယ မိဿကရဲ့ သချာကို ကြည့်လိုက်ရင် ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ဖြစ်ခြင်းကြောင့် သဟ ဇာတထဲမှာ ဝင်ပါတယ်။ ဒါ့ကြောင့် သချာသည် တေရသ ဖြစ်ပါ တယ်။ နတ္ထိ ဝိဂတဟာ ရှိတဲ့အတိုင်း သတ္တ။ အဝိဂတမှာလဲ တေရသ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီ သုဒ္ဓသချာကို ဆိုပြီးတော့ သုဒ္ဓသချာရဲ့ သချာကလေးတွေကို ဆိုရပါလိမ့်မယ်။

(ဟေတုယာ သတ္တ၊ အာရမ္မဏေ နဝ၊ အဓိပတိယာ ဒသ၊ အနန္တ ရေ သတ္တ၊ သမနန္တရေ သတ္တ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ တေရသ၊ ဥပနိဿယေ နဝ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ အာသေဝနေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ၊ အဝိဂတေ တေရသ။)

သာဓု - သာဓု - သာဓု။

## * ပဋ္ဌာန်းကုသလတိက်ပဋိစ္စဝါရ အနုလောမ သင်္ချာခန်း

### မျိုးပစ္စည်းပေါင်း (၅၆)

အာရမ္မဏ (၈) မျိုး၊ သဟဇာတ (၁၅) မျိုး၊ အနန္တရူပ နိဿယ (၇) မျိုး၊ ပက်တူပ နိဿယ (၂) မျိုး၊ ဝတ္ထုပုရေဇာတ (၆) မျိုး၊ ပစ္ဆာဇာတ (၄) မျိုး၊ ကမ္မ (၁) မျိုး၊ ရုပ်အာဟာရ (၃) မျိုး၊ ရူပဇီဝိတိန္ဒြိယ (၃) မျိုး၊ သဟဇာတ ပုရေဇာတ မိဿက (၃) မျိုး၊ ပစ္ဆာဇာတာဟာရ မိဿက (၂) မျိုး၊ ပစ္ဆာဇာတိန္ဒြိယ မိဿက (၂) မျိုးရယ်လို့ အားလုံး ပေါင်းလိုက်ရင် (၅၆)မျိုး ရှိပါတယ်။ အဋ္ဌကထာမှာ မိဿကတွေမပါပဲ (၄၉) မျိုး ကိုသာ ပြပြီး ထားပါတယ်။ ဒါကို ဇယားကြည့်လိုက်မယ်ဆိုရင် တော်တော်ကလေး ရှင်းရှင်းလင်းလင်း သိပါတယ်။ ဒါကို အဋ္ဌကထာက တော်တော် ကျယ်ကျယ်ဝန်းဝန်း ပြထားတာ ရှိပါတယ်။ ဘယ်လိုလဲဆိုရင် ပစ္စည်း အစဉ်အတိုင်း ပြောပြမယ်။ ဟေတုပစ္စည်းက သဟဇာတမျိုး ဖြစ်ပါ တယ်။ အာရမ္မဏပစ္စည်းကတော့ ခရေပွင့်ပြထားသဖြင့် ခေါင်းဆောင် မျိုး ဖြစ်ပါတယ်။ အဓိပတိမှာ အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ ရယ်လို့ (၂) မျိုးရှိတဲ့အနက် အာရမ္မဏာဓိပတိက အာရမ္မဏမျိုးထဲမှာ ဝင်ပါတယ်။ သဟဇာတာဓိပတိက သဟဇာတမျိုးထဲမှာ ဝင်ပါ တယ်။ အနန္တရ သမနန္တရပစ္စည်းဟာ အနန္တရူပ နိဿယမျိုးထဲမှာ ဝင်ပါတယ်။ သဟဇာတပစ္စည်းဟာ ခေါင်းဆောင်ဖြစ်တဲ့ ပစ္စည်း ဖြစ်ပါတယ်။ အညမညပစ္စည်းက သဟဇာတမျိုးထဲမှာ ဝင်ပါတယ်။ နိဿယ (၄) မျိုး ရှိတဲ့အနက် ဝတ္ထာရမ္မဏက အာရမ္မဏမျိုးထဲမှာ ဝင်ပါတယ်။ သဟဇာတ နိဿယက သဟဇာတမျိုးထဲ ဝင်ပါတယ်။ ပစ္စည်း ပစ္စယုပ္ပန် တူသဖြင့် သူဟာလဲ ခေါင်းဆောင်ပစ္စည်း ဖြစ်ပါ တယ်။ ပုရေဇာတ နိဿယက ဝတ္ထုပုရေဇာတမျိုးထဲမှာ ဝင်ပါတယ်။ သူလဲပဲ ပစ္စည်း ပစ္စယုပ္ပန် တူသဖြင့် ခေါင်းဆောင် ပစ္စည်းထဲမှာ

---

* ၁၃၂၈-ခု နတ်တော်လဆုတ် (၄) ရက် (၃၁-၁၂-၆၆) စနေနေ့ (မှတ်စု)။

အပါအဝင် ဖြစ်ပါတယ်။ သဟဇာတ ပုရေဇာတ မိဿက က သဟဇာတ ပုရေဇာတ မိဿကမျိုးထဲမှာ ဝင်ပါတယ်။ ဥပနိဿယမှာ(၃) မျိုး ရှိပါတယ်။ အာရမ္မဏူပ နိဿယက အာရမ္မဏမျိုးထဲမှာ ဝင်တယ်။ အနန္တရူပ နိဿယက ခေါင်းဆောင်ဖြစ်တဲ့ မျိုးပါ။ ပကတူပနိဿယကလဲ ခေါင်းဆောင်ဖြစ်တဲ့ မျိုး ဖြစ်ပါတယ်။ ပုရေဇာတ (၂)မျိုး ရှိတဲ့အနက် အာရမ္မဏ ပုရေဇာတက အာရမ္မဏမျိုးထဲ ဝင်တယ်။ ဝတ္ထုပုရေဇာတက ခေါင်းဆောင်ဖြစ်တဲ့ မျိုး ဖြစ်ပါတယ်။ ပစ္ဆာဇာတက ခေါင်းဆောင်ဖြစ်တဲ့ မျိုး ဖြစ်ပါတယ်။ အာသေဝနက အနန္တရူပ နိဿယထဲ ဝင်ပါတယ်။ ကမ္မ (၄) မျိုး ရှိတဲ့အနက် သဟဇာတကမ္မသည် သဟဇာတမျိုး၊ အနန္တရကမ္မသည် အနန္တရူပ နိဿယမျိုး၊ ဗလဝကမ္မသည် ပကတူပမျိုး၊ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မသည် မျိုးသီးသန့် ဖြစ်ပါတယ်။ ဝိပါကပစ္စည်းက သဟဇာတမျိုးထဲ ဝင်ပါတယ်။ အာဟာရ (၂) မျိုး ရှိတဲ့အနက် နာမ်အာဟာရသည် သဟဇာတမျိုးထဲမှာ ဝင်ပါတယ်။ ရုပ်အာဟာရသည် သီးသန့်ဖြစ်တဲ့ မျိုး ဖြစ်ပါတယ်။ ဣန္ဒြိယ (၃)မျိုးရှိတဲ့အနက် သဟဇာတိန္ဒြိယသည် သဟဇာတမျိုး၊ ပုရေဇာတိန္ဒြိယသည် ဝတ္ထုပုရေဇာတမျိုး၊ ရူပဇီဝိတိန္ဒြိယသည် သီးသန့်ဖြစ်တဲ့ ခေါင်းဆောင်မျိုး ဖြစ်ပါတယ်။ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တတို့သည် သဟဇာတထဲမှာ ဝင်ပါတယ်။ ဝိပ္ပယုတ္တ (၄)မျိုး ရှိတဲ့အနက် ဝတ္ထာရမ္မဏသည် အာရမ္မဏမျိုးထဲမှာ ဝင်ပါတယ်။ သဟဇာတ ဝိပ္ပယုတ္တသည် သဟဇာတမျိုးထဲမှာ ဝင်ပါတယ်။ ပုရေဇာတ ဝိပ္ပယုတ္တသည် ပုရေဇာတမျိုးထဲမှာ ဝင်ပါတယ်။ ပစ္ဆာဇာတ ဝိပ္ပယုတ္တသည် ပစ္ဆာဇာတမျိုးထဲမှာ ဝင်ပါတယ်။ သဟဇာတတ္ထိသည် သဟဇာတမျိုးထဲမှာ ဖြစ်တယ်။ ပုရေဇာတတ္ထိသည် ပုရေဇာတ မျိုးထဲ ဝင်ပါတယ်။ ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတမျိုး၊ ရုပ်အာဟာရတ္ထိသည် ရုပ်အာဟာရမျိုးထဲ ဝင်တယ်။ ရူပဇီဝိတိန္ဒြိယတ္ထိသည် ရူပဇီဝိတိန္ဒြိယမျိုးထဲမှာ ဝင်ပါတယ်။ မိဿက (၃)မျိုးဟာ ဆိုင်ရာ ဖြစ်တဲ့ မျိုးတွေ ဖြစ်ကြပါတယ်။ နတ္ထိ ဝိဂတဟာလဲ အနန္တရူပ နိဿယမျိုးထဲမှာ ဝင်ပါတယ်လို့ အဋ္ဌကထာက အတော်ကလေး အကျယ်တဝင့်ပြပါတယ်။ သို့သော်လဲ မိဿကပစ္စည်းတွေ အတွက်ကိုတော့ သီးသန့်မပြပါဘူး။

## သဘာဂ သဘော

ယခု သဘာဂကို ဆိုရပါလိမ့်မယ်။ သဘာဂ သဒ္ဓနာလို့ ဆိုတာ ရှေးရှေးက အင်မတန် ခက်တဲ့ တရားတွေ ဖြစ်ပါတယ်။ ဒါပေမယ့် နည်းရကြပြီဖြစ်လို့ မခက်တော့ပါဘူး။ အင်မတန် လွယ်ကူတဲ့ သဘောတရားတွေ ဖြစ်ပါလိမ့်မယ်။ လိုရင်းက ကျက်ခိုင်းတဲ့ သင်္ချာကို ကျေကျေညက်ညက် ရမယ်ဆိုရင် နောက်ထပ် ကျက်စရာ ကိစ္စမရှိပါဘူး။ ဒီ သုဒ္ဓသင်္ချာဖြင့်ပင် အားလုံးကုန် ကိစ္စပြီးစီးနိုင်ပါလိမ့်မယ်။

ဟေတုပစ္စည်းမှာ ဟေတုတုန်းက ပစ္စည်းရေ (၁၂) ရခဲ့ပါတယ်။ ပစ္စည်းရေနဲ့ သင်္ချာတရားတွေကို အကုန်လုံး အသုံးချရပါလိမ့်မယ်။ ဒီ ပစ္စည်းရေ (၁၂)ခု ရခဲ့တော့ ဟေတုကို နုတ်လိုက်ရင် ဟေတုနဲ့ သဘာဂဖြစ်တဲ့ ပစ္စည်းသည် (၁၁)ခု ကျန်ပါတယ်။ အဲဒီ (၁၁)ခုဟာ သဘာဂ ဖြစ်ပါလိမ့်မယ်။ ဘယ်ပစ္စည်းတွေလဲဆိုတော့ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဖြစ်ပါတယ်။ သဘာဂလို့ ဆိုတာဟာ အင်္ဂလိပ်လို (Common)ရယ်လို့ ခေါ်ပါတယ်။ (Common)ရဲ့ သဘောက ဘာလဲဆိုရင် တူတဲ့တရားကိုသော်လည်းကောင်း၊ နည်းတဲ့တရားကိုသော်လည်းကောင်း ရှာရပါတယ်။ ဆဝါရတုန်းက တော့ မျိုးတွေ ဘာတွေ ဘာမှ ရွေးချယ်ပြီး မနေရပဲနဲ့ ၂ ဘက်ရ ဖြစ်တဲ့ သဘာဂ (Common)ကို ရှာရင် ကိစ္စပြီးပါတယ်။ ပဥှာဝါရ ကျတော့ ဒီလိုမဟုတ်ဘူး။ မျိုးနဲ့ ရှာရတယ်။ မျိုးမတူရင် လုံးဝ သဘာဂ မဖြစ်နိုင်ပါဘူး။ တအိမ်ထဲမှာ အတူတကွ နေကြငြားသော်လည်း ပုဂ္ဂိုလ်နှစ်ယောက်ဟာ ဝါဒ မတူခဲ့လို့ရှိရင် တယောက်နဲ့ တယောက် တဦးနဲ့တဦး ဘယ်လိုမှ ဆက်စပ်ပြီး မရသလို ဒီမှာ လဲ ထိုနည်းတူစွာ ဆက်စပ်လို့ မရနိုင်ပါဘူး။ ဥပမာ-အဓိပတိပစ္စည်းကို ကြည့်လိုက်မယ်ဆိုရင် အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိရယ်လို့ (၂)မျိုး ရှိပါတယ်။ အာရမ္မဏာဓိပတိဟာ အာရမ္မဏမျိုး၊ သဟဇာတာဓိပတိဟာ သဟဇာတမျိုး ဖြစ်ပါတယ်။ အာရမ္မဏမျိုးနဲ့

သဟဇာတတမျိုးဟာ ဘယ်နည်းနဲ့မှ သဘာဂ မဖြစ်နိုင်ကြပါဘူး။ ဘာ ကြောင့်လဲ ဆိုတော့ မျိုးကွဲပြီး နေကြလို့ ဖြစ်ပါတယ်။ ဒီတော့ သဘာဂ ရွေးတဲ့အခါမှာ များတူတဲ့ ပစ္စည်းတွေကိုသာလျှင် ရွေးရပါ တယ်။ ဟေတုမှာ ခုနက ပြောခဲ့တဲ့ သဘာဂ (၁၁)ခု ရှိတဲ့အနက် အဓိပတိကို ဘာ့ကြောင့် ရသလဲဆိုတာကို သုဒ္ဓသင်္ချာတုန်းက ပြောခဲ့ ပါတယ်။ ဘယ်လိုပြောခဲ့သလဲ ? ဟေတုပတ် (၉)ပါးထဲက အာ မောဟနဲ့ သဟဇာတာဓိပတိက ဝိမံသာဓိပတိဟာ သဘာဂ ဖြစ်ပါ တယ်။ သဘာဂဖြစ်တော့ အမောဟက ပိုဒ်(၄၇)ခုမှာ ယှဉ်ပါ တယ်။ ဝိမံသာဓိပတိက သာဓိပတိ တိဟိတ်ဇော (၃၄)ခုမှာသာ ယှဉ်တော့ ဝိမံသာဓိပတိက နည်းနေတယ်။ နည်းနေတော့ သဘာဂရဲ့ သဘောတရားအတိုင်း နည်းတဲ့တရားကိုသာလျှင် ယူရပါတယ်။ ဒီလို ယူမှသာလျှင် ဟေတုနဲ့ အဓိပတိဟာ သဘောတူတဲ့အဖြစ်သို့ ရောက်ပြီး သွားပါလိမ့်မယ်။ ဒီတော့ ပစ္စည်းတရားက ဝိမံသာဓိပတိ ဖြစ်ပါလိမ့် မယ်။ ပစ္စယုပ္ပန်တရားကလဲ သဟဇာတာဓိပတိပစ္စည်းရဲ့ သုဒ္ဓသင်္ချာအရ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇရုပ် ဖြစ်ပါတယ်။ ဟေတုက သမ္ပယုတ္တ ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လို့ ပစ္စယုပ္ပန် နေ သဖြင့် အဓိပတိကပင်လျှင် နည်းပါတယ်။ ဒါ့ကြောင့် ပစ္စည်းက ဝိမံသာဓိပတိ၊ ပစ္စယုပ္ပန်က သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်ကို ယူရပါတယ်။ ဒီလို ယူလိုက်ရင် သင်္ချာ ဘယ်လို လာထွက်မလဲဆိုတော့ ဟေတုကလဲ သင်္ချာသတ္တ ရပါတယ်။ သဟဇာတာဓိပတိကလဲ သင်္ချာ သတ္တ ရှိပါတယ်။ ဒါပေမယ့် ဝိမံသာဓိပတိဆိုတာဟာ တရားကိုယ် အားဖြင့် ပညာဖြစ်ပါတယ်။ ဒီ ပညာ စေတသိက်ဟာ အကုသိုလ်မှာ ဘယ်တော့မှ မယှဉ်သဖြင့် အကုသိုလ်ဆိုင်ရာဖြစ်တဲ့ အကုသလော အကု သလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ ဒီ (၃) ချက်ကို မရနိုင်ပါဘူး။ ဘာရမလဲဆိုတော့ ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ ဒီ(၄)ချက် ရပါတယ်။ ဒီတော့ ပစ္စည်းက ဝိမံသာဓိပတိ၊ ပစ္စယုပ္ပန်က သမ္ပယုတ္တ ခန္ဓာသာဓိပတိ စိတ္တဇရုပ်ရယ်လို့ သဘာဂအနေနဲ့ ဆိုရပါလိမ့်မယ်။

## ဟေတုပစ္စည်း သဘာဂ (၁၁)

**ဟေတုမူ အဓိပတိ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိစိတ္တဇ ရုပ်အား တတ်သော ဝီမံသာဓိပတိ။ ဤတရားတို့သည် ဟေတု အဓိပတိ (၂) ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို အနုလုံ၌ ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

အဲဒီ စတ္တာရိအရ ခုနက ပြောခဲ့တဲ့အတိုင်း ကုသလော ကုသ လဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ ရပါတယ်။ ဒီသင်္ချာတွေကို စတ္တာရိ ဆိုလိုက်ရုံနဲ့ ကိစ္စပြီးမသွားသေးပါဘူး။ သူ့ဆိုင်ရာဖြစ်တဲ့ အရကောက် ကို ကောက်ပြီး ဝိဘင်း ထုတ်ရပါလိမ့်မယ်။ ဝိဘင်းထုတ်ပုံကို အဋ္ဌ ကထာက နည်းနာနယ ပြပါတယ်။ ဘယ်လို ပြသလဲ ဆိုတော့ ကုသ လော ကုသလဿမှာ အဋ္ဌကထာက အရကောက်တော့ ကောက် မပြဘူး။ ``ကုသလာဝီမံသာ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော'' လို့ ဒီလိုပြပါတယ်။ ဒီလို ပြတော့ မူလဋီကာက အဋ္ဌကထာက ကုသလာ ဝီမံသာလို့သာ ဆိုနေ တယ်တဲ့။ ရတဲ့ သဘာဂတရားက ဝီမံသာဓိပတိ ဖြစ်တယ်။ ဝီမံသာ ဓိပတိ ဖြစ်နေတော့ အဓိပတိမဟုတ်တဲ့ အဓိပတိကိစ္စမတတ်တဲ့ ဝီမံသဟာ အဓိပတိနဲ့ မယှဉ်နိုင်ပါဘူး။ ဒါ့ကြောင့် ဝိဘင်းထုတ်မယ်ဆိုရင် ``ကုသလာဝီမံသာဓိပတိ''ဆိုပြီး ထုတ်ရပါလိမ့်မယ် ဆိုပြီး ဝီမံသကို ဝီမံသာ ဓိပတိလို့ မူလ ဋီကာက ပြင်ပေးလိုက်ပါတယ်။ ကုသလော ကုသလဿအရ ဝီမံသာဓိပတိဟာ သာဓိပတိတိဟိတ် ဇော(၃၄) ခုမှာ ယှဉ်တဲ့ ပညာ ဖြစ်ပါတယ်။ ဒါကို အရကောက်မယ်ဆိုရင်....

### ကုသလော ကုသလဿ၌ အရကောက် ဝိဘင်း ထုတ်ပုံ

**ကုသလော ကုသလဿ** ၌ ကုသလောဓမ္မော ဟူသော **ကတ္တား ပုဒ်** ၏ အရကား သမ္ပယုတ္တခန္ဓာအား တတ်သော အဓိပတိပစ္စည်းကို ရှသောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊ မဂ်လေးခု၌ရှိသော ဝီမံသာဓိပတိ ပစ္စည်း တရား ရ၏။ ကုသလဿ ဓမ္မဿဟူသော **သမ္ပဒါန်ပုဒ်** ၏ အရကား

အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော။ ကုသလာ ဝီမံသာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော၊ အဓိပတိ ပစ္စယေန ပစ္စယော" လို့ အဲဒီလိုကောက်ပြီး ဝိဘင်း ထုတ်မှသာလျှင် ကိစ္စပြီးပါတယ်။

## ကုသလော အဗျာကတဿ

ထိုနည်းတူစွာ ကုသလော အဗျာကတဿ၌ ကုသလော ဓမ္မော ဟူသော **ကတ္တား**ပုဒ်၏ အရကား သာဓိပတိ စိတ္တဇရုပ်အား တတ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊ မဂ်လေးခု၌ရှိသော ဝီမံသာဓိပတိ ပစ္စည်းတရား ရ၏။ အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်**ပုဒ်၏ အရကား သာဓိပတိ ကုသိုလ်ပြုအပ်သော သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို အနုလုံ၌ "ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော။ ကုသလာဝီမံသာဓိပတိ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော" ဟူ၍ ဟောတော်မူအပ်၏။

## ကုသလော ကုသလာ ဗျာကတဿ

တဖန် ကုသလော ကုသလာ ဗျာကတဿ၌ ကုသလော ဓမ္မော ဟူသော **ကတ္တား**ပုဒ် ၏ အရကား သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ပဋ္ဌဝေါကာရဘုံ၌ အဓိပတိပစ္စည်းကို ရသောအခါ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု၊ ကေန်ရသော မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊ မဂ်လေးခု၌ ရှိသော ဝီမံသာဓိပတိ ပစ္စည်းတရားရ၏။ ကုသလဿစ အဗျာကတဿစ ဓမ္မဿ ဟူသော **သမ္ပဒါန်**ပုဒ် ၏ အရကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို အနုလုံ၌ ကုသလော ဓမ္မော ကုသလဿစ အဗျာကတဿစ ဓမ္မဿ

ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော။ ကုသလာ ဝီမံသာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော''ဟူ၍ ဟောတော်မူအပ်၏။

## အဗျာကတော အဗျာကတဿ

အဗျာကတော အဗျာကတဿဉ္စ အဗျာကတောဓမ္မောဟူသော **ကတ္တားပုဒ်**၏ အရကား သမ္ပယုတ္တခန္ဓာအားလည်းကောင်း၊ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အားလည်းကောင်း တတ်သော အဓိပတိပစ္စည်းကို ရသောအခါ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု၊ ကြွင်းရသော မဟဂ္ဂုတ်ကြိယာ(၉)ခု၊ ဖိုလ်လေးခုဉ်ရှိသော ဝီမံသာဓိပတိပစ္စည်းတရား ရ၏။အဗျာကတဿ ဓမ္မဿဟူသော **သမ္ပဒါန်ပုဒ်**၏ အရကား အဓိပတိတရားကိုယ်ကြဉ်သော သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ် ပစ္စယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို အနုလုံ၌''အဗျာကတောဓမ္မော အဗျာကတဿဓမ္မဿ ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဝီမံသာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော အဓိပတိပစ္စယေန ပစ္စယော'' ဟူ၍ ဟောတော်မူအပ်၏။

ဒီတော့ ထွက်လာတဲ့ သင်္ချာတိုင်း သင်္ချာတိုင်းကို ဝိဘင်္ဂ ပါဠိရောက ဟောခဲ့တဲ့အတိုင်း ဆိုင်ရာ ဆိုင်ရာတွေကို အကုန် အသုံးချရပါတယ်။ ဒီလို အသုံးချမှသာလျှင် ဒီသင်္ချာရဲ့ကိစ္စ ပြီးပါတယ်။ ဒါပေမယ့် ဒါတွေကို အကုန်လုံး ထွက်လာတဲ့ သင်္ချာတိုင်း ဝိဘင်းပါ ထုတ်ပြီး ပြောနေမယ်ဆိုရင် ကုန်နိုင်တော့မယ် မဟုတ်ပါဘူး။ ဒါ့ကြောင့် နဲနဲပါးပါး ထူးတဲ့နေရာဌာနမှာသာလျှင် ဝိဘင်းထုတ်ပုံတွေ ကောက်ပုံတွေကို ပြောပြပါမယ်။ ရှေ့ဆက်ပြီး သွားကြပါစို့။

သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတဆိုတဲ့ သဟကြီးဟာ ခေါင်းဆောင်ဖြစ်တဲ့ ပစ္စည်းဖြစ်ခြင်းကြောင့် သူတို့ရဲ့ အတွင်းမှာ အငယ်ဖြစ်တဲ့ ပစ္စည်းတွေ အလတ်ဖြစ်တဲ့ ပစ္စည်းတွေ အကုန်လုံး ဝင်ပါတယ်။ ဟေတုနဲ့ သဘာဂရှာရင် အငယ်ဖြစ်တဲ့ ဟေတုပစ္စည်းရဲ့

သုဒ္ဓသင်္ချာအတိုင်း ဆိုလိုက်ရုံပါပဲ။ ဒီလေးပစ္စည်းဟာ အားလုံးကုန် တူခြင်းကြောင့် သူတို့ကို ပေါင်းပြီး ဆိုလိုက်ကြပါစို့။

**ဟေတုမူ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ သဘာဂ**၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တက်သော ဟိတ်(၉)ပါး။ ဤတရားတို့သည် ဟေတု သဟဇာတ နိဿယ အတ္ထိ အဝိဂတ ပစ္စည်းတက်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တဟု သင်္ချာတက်၍ ဟောအပ်ကုန်၏။

အညမညကျတော့ အညမညမှာ ပစ္စည်းတရားက နာမ်ကုန် ရပါတယ်။ ဒါ့ကြောင့် ဟိတ်(၉)ပါး ရတယ်။ ပစ္စယုပ္ပန်ဘက်က သဟိတ်စိတ် စေတသိတ်တွေကိုလဲ အညမညက ရပါတယ်။ ဒါပေမယ့် အညမညရဲ့ သုဒ္ဓသင်္ချာကို ကြည့်ရင် သဟိတ်စိတ္တဇရုပ် မရှိပါဘူး။ ဟေတုသဟိတ် ပဋိသန္ဓေကမ္မဇရုပ်လဲက ဟဒယဝတ္ထုသာ ရှိပါတယ်။ ဒီ ဟဒယဝတ္ထုဟာ ဟေတု အညမညရဲ့ သဘာဂဖြစ်တဲ့ တရားဖြစ်ပါတယ်။ ဒါ့ကြောင့် ပစ္စယုပ္ပန်ဟာ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု။ ပစ္စည်းက ဟိတ်(၉)ပါး ရပါတယ်။ သူ့ကို သင်္ချာထုတ်လိုက်ရင် တီဏိပဲ ရပါတယ်။ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့ အညမညက သင်္ချာ အတိုင်း ရပါတယ်။

**ဟေတုမူ အညမည သဘာဂ**၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တက်သော ဟိတ်(၉)ပါး။ ဤတရားတို့သည် ဟေတု အညမည ပစ္စည်းတက်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ အညမညေ တီဏိဟု သင်္ချာတက်၍ ဟောအပ်ကုန်၏။

## ကောက်ပုံ၊ ဝိဘင်းထုတ်ပုံ

အဲဒီ တီဏိတဲ့က ကုသလော ကုသလဿ၊ အကုသလော အကုသလဿ ကတော့ ဟေတုအတိုင်း ကောက်ရ၊ ဝိဘင်းထုတ်ရပါတယ်။

အဗျာကတော အဗျာကတဿမှာ ပစ္စတ္တိ၊ ပဋိသန္ဓေရယ်လို့ (၂)မျိုး ရှိတဲ့အနက် ပဝတ္တိအခါမှာ သမ္ပယုတ္တခန္ဓာပဲ ရပါလိမ့်မယ်။ ဟာဒယ ဝတ္ထုလို့ ဆိုတာက ပဋိသန္ဓေအခါမှာဖြစ်တဲ့ ကမ္မဇရုပ် ဖြစ်ပါတယ်။ သူ့ကိုတော့ ပဋိသန္ဓေအခါမှာ ရပါလိမ့်မယ်။ ဒါကြောင့် အဗျာ ကတော အဗျာကတဿအတွက် အဗျာကတော အဗျာကတဿဌ် ပဝတ္တိအခါ အဗျာကတော ဓမ္မောဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ်(၆)ပါး ပစ္စည်းတရား ရ၏။ အဗျာကတဿ ဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ (သမ္ပယုတ္တခန္ဓာလို့ ဆိုတာ သဟိတ်ဝိပါက် သဟိတ်ကြိယာတွေ ဖြစ်ပါတယ်။) ပဋိသန္ဓေအခါ အဗျာကတော ဓမ္မော ဟူသော ကတ္တားပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ ဟာဒယဝတ္ထု အား တတ်သော ပဋိသန္ဓေ၌ရှိသော ဟိတ်(၃)ပါး ပစ္စည်းတရားရ၏။ (သဟိတ်ပဋိသန္ဓေမှာရှိတဲ့ ဟိတ်တွေပါ။) အဗျာကတဿ ဓမ္မဿ ဟူသော သမ္ပဒါန်ပုဒ်၏ အရကား သမ္ပယုတ္တခန္ဓာ ဟာဒယဝတ္ထု ပစ္စ ယုပ္ပန်တရား ရ၏။ ထို့ကြောင့် ထိုတရားတို့၏ ဝိဓိဝိဘင်းကို အနုလုံ၌ "အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော အညမညပစ္စယေန ပစ္စယော။ ဝိပါကာဗျာကတာ ကြိယာ ဗျာကတာ ဟေတုသမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော အညမညပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ ဝတ္ထုဿစ ဟေတုပစ္စယေန ပစ္စယော အညမညပစ္စယေန ပစ္စယော"လို့ ဟာဒယဝတ္ထုကိုပါ ရသဖြင့် ဝတ္ထု ဿစလို့ ဆိုပြီး ဝိဘင်း ထုတ်ရပါတယ်။

ပြီးတော့ ဝိပါက။ ဝိပါကလို့ ဆိုတော့ ဟေတုရဲ့ ဟိတ်(၆) ပါးသည် ကုသိုလ် အကုသိုလ် ဝိပါက်ကြိယာဆိုင်ရာမှာဖြစ်တဲ့ ဟိတ် (၆)ပါး ဖြစ်ပါတယ်။ ဝိပါကဆိုတော့ ဝိပါကနဲ့သာ ဆိုင်ခြင်း ကြောင့် ဝိပါက်၌ရှိသော ဟိတ်(၃)ပါးသည် သဘာဂဖြစ်ပါတယ်။ ပစ္စယုပ္ပန်က သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မ ဇရုပ် ဖြစ်ပါတယ်။ အဲဒီ သမ္ပယုတ္တခန္ဓာဆိုတာလဲ သဟိတ်ဝိပါက် ကောဝိသ္စနှင့်သာ ဆိုင်ပါတယ်။

**ဟေတုမူ ဝိပါက သဘာဝ**၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော ဟိတ် (၃)ပါး။ ဤတရားတို့သည် ဟေတုဝိပါကပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ ဝိပါကေ ကော်ဟု သချာတတ်၍ ဟောအပ်ကုန်၏။

ဝိဘင်းထုတ်ပုံက လွယ်ပါတယ်။ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော ဝိပါကပစ္စယေန ပစ္စယော။ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော ဝိပါက ပစ္စယေန ပစ္စယောလို့ ဒီလို ထုတ်ရရှိပါပဲ။

ဣန္ဒြိယနဲ့ မဂ္ဂဟာ သဘာဝဖြစ်ကြောင်းကို သုဒ္ဓသချာတုန်းက အမောဟကြောင့်လို့ ဆိုတာကို ပြောခဲ့ပါတယ်။ ဟိတ်(၆)ပါးထဲက အမောဟ ရတယ်။ ဣန္ဒြိယထဲက ပညိန္ဒြေရှိပါတယ်။ မဂ္ဂထဲမှာ သမ္မာဒိဋ္ဌိ ရှိပါတယ်။ ၎င်း (၂)ပစ္စည်းဟာ အမောဟတွေချည်း ဖြစ်ပါတယ်။ ဒါ့ကြောင့် သဘောတူရာဖြစ်တဲ့ ဒီ(၂)ပစ္စည်းကို ပေါင်းပြီး ဆိုလိုက်ကြပါစို့။ အမောဟလို့ဆိုတော့ ပညာဖြစ်သဖြင့် အဓိပတိ တုန်းကလို အကုသိုလ်(၃)ချက် မရသောကြောင့် စတ္တာရိပဲ ဖြစ်ပါလိမ့်မယ်။

**ဟေတုမူ ဣန္ဒြိယ မဂ္ဂ သဘာဝ**၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော အမောဟ။ ဤတရားတို့သည် ဟေတု ဣန္ဒြိယ မဂ္ဂပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ ဣန္ဒြိယေ စတ္တာရိ၊ မဂ္ဂေ စတ္တာရိဟု သချာတတ်၍ ဟောအပ်ကုန်၏။

ဒီမှာလဲ အဓိပတိတုန်းကလို တိဟိတ်တွေ ဖြစ်ပါတယ်။ အမောဟလို့ဆိုသဖြင့် ကုသလော ကုသလဿ၌ ကုသလော ဓမ္မောဟူသော **ကတ္တားပုဒ်**၏ အရကား သမ္ပယုတ္တခန္ဓာအား တတ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု၊ မဟဂ္ဂုတ်ကုသိုလ် ကိုးခု၊ မဂ် လေးခု စိတ္တက္ခဏ တခုတခု၌ ရှိသော အမောဟပစ္စည်းတရား ရ၏။ **သမ္ပဒါန်ပုဒ်**၏ အရကား မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် လေးခု၊ မဟဂ္ဂုတ်

ကုသိုလ် ကိုးခု၊ မဂ် လေးခု၊ စေတသိက်အဋ္ဌတိံသ သမ္ပယုတ္တခန္ဓာ ပစ္စယုပ္ပန်တရား ရ၏။ ဒီလိုကောက်ရမှာပါပဲ။ ဝိဘင်း ထုတ်တဲ့အခါ မှာ အမောဟလို့ ဆိုသဖြင့် အမောဟဆိုတဲ့ အသံကလေးနဲ့ ထုတ်သင့် ပါတယ်။ အရကောက် ဆရာတော်ကြီးက ဒါတွေကို ဝိဘင်း ထုတ်ပြ ပါတယ်။ ဘယ်လိုထုတ်သလဲဆိုရင် ကုသလာဟေတူလို့ ဆိုပြီး ထုတ် ပါတယ်။ အဓိပတိတုန်းက ဋီကာဆရာ နည်းပြလိုက်တာက ''ကုသလာ ဝီမံသာဓိပတိ''လို့ ထုတ်ပြပါတယ်။ ကုသလာ ဓိပတိရယ်လို့ ထုတ် မပြပါဘူး။ ရထိုက်တဲ့ ရနေတဲ့ ဝီမံသာဓိပတိကို ဝီမံသာ ဓိပတိရယ်လို့ ထုတ်ပြပါတယ်။ အဲဒီလို ကုသလာ ဓိပတိရယ်လို့ မထုတ်ပဲနဲ့ ဝီမံသာ ဓိပတိရယ်လို့ ထုတ်ပြခြင်းကြောင့် ဣန္ဒြိယ မဂ္ဂမှာလဲ အမောဟဆိုတဲ့ အသံကလေးနဲ့ပဲ ထုတ်သင့်ပါတယ်။ ''ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော ဣန္ဒြိယပစ္စယေန ပစ္စယော မဂ္ဂ ပစ္စယေန ပစ္စယော။ ကုသလော အမောဟော သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော ဣန္ဒြိယ ပစ္စယေန ပစ္စယော မဂ္ဂပစ္စယေန ပစ္စယော'' စသည်ဖြင့် အကုန်လုံး ထုတ်ရပါလိမ့်မယ်။

သမ္ပယုတ္တပစ္စည်းကျတော့ သမ္ပယုတ္တပစ္စည်းမှာ နာမ်သာ ရှိပါ တယ်။ သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ်(၆)ပါးသာ ရပါလိမ့် မယ်။ သင်္ချာကလဲ သမ္ပယုတ္တမှာရှိတဲ့ သင်္ချာဘီဏှိအတိုင်းပဲ ဖြစ်ပါ တယ်။

ဟေတုပူ သမ္ပယုတ္တ သဘာဂ ၌ သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ်(၆)ပါး။ ဤတရားတို့သည် ဟေတု သမ္ပယုတ္တပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု ပစ္စယာ သမ္ပယုတ္တေ တိဏှိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

သဟဇာတ ဝိပ္ပယုတ္တရဲ့ သုဒ္ဓသင်္ချာကို ကြည့်ရင် ''စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ''စသည်ဖြင့် ဆိုပါတယ်။ ပစ္စယုပ္ပန်မှာ နာမ်မရှိပါဘူး။ ဒါကြောင့် ဒီမှာလဲ ဟေတုက သဟိတ် ဖြစ်ခြင်းကြောင့် ''သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ်(၆)ပါး ဖြစ်တယ်။ ပစ္စယုပ္ပန် ရုပ်နေရင် အမြဲ ပဉ္စဝေါကာရဘုံမှာ ဖြစ်

ဆိုတာကိုတော့ သိပြီးထားပါတော့။ သင်္ချာကလဲ သဟဇာတ ဝိပ္ပယုတ္တ အတိုင်း ပစ္စယုပ္ပန် ရုပ်အနေဖြင့် ကုသလော အဗျာကတဿ၊ အကု သလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ ရပါတယ်။

**ဟေတုမူ ဝိပ္ပယုတ္တ သဘာဂ၌ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ဟိတ် (၆)ပါး။** ဤတရားတို့သည် ဟေတု ဝိပ္ပယုတ္တပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတုပစ္စယာ ဝိပ္ပယုတ္တေ တီဏိဟု သင်္ချာ တတ်၍ ဟောတော်မူအပ်ကုန်၏။

ဒီဂိုးကလေး ပြီးသွားပါပြီ။ အဲဒီဂိုးအရ ပါဠိစဉ်ရပါတော့ မယ်။ ပါဠိစဉ်တဲ့အခါ ဘယ်လို နားလည်ထားရမလဲဆိုရင် ဟေတု ပစ္စယာ အဓိပတိယာ စတ္တာရိလို့ ဆိုလိုက်တာနဲ့ တပြိုင်နက် ဒါဟာ ဓိမ်သာဓိပတိပါလားဆိုတာ သိပြီးထားရတယ်။ သဟဇာတ စသည် တွေမှာ ဟေတုအတိုင်း အညမညဆိုရင် ဘယ်တရားဆိုတာကို စိတ်ထဲက နှလုံးသွင်းပြီး ပါဠိကို ရွတ်ရင် ဘယ်တော့မှ မမေ့ပါဘူး။ ပါဠိကလေး စဉ်ကြပါစို့။

## ဟေတုပစ္စည်း သဘာဂပါဠိ

ဟေတုပစ္စယာ အဓိပတိယာ စတ္တာရိ၊ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ သတ္တ၊ ဝိပါကေ ဧကံ၊ ဣန္ဒြိယေ စတ္တာရိ၊ မဂ္ဂေ စတ္တာရိ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

## အာရမ္မဏပစ္စည်း သဘာဂ (၇)

ဟေတုပစ္စည်းရဲ့ သဘာဂ ပြီးသွားပါပြီ။ အာရမ္မဏပစ္စည်း။ အာရမ္မဏပစ္စည်းဆိုရင် အာရမ္မဏအတွက် အာရမ္မဏမျိုးမှာ ကြည့်ရ ပါတယ်။ အာရမ္မဏဟာ ခေါင်းဆောင်ဖြစ်တဲ့ ပစ္စည်းဖြစ်ပါတယ်။ တရားသဲ အများဆုံးရတဲ့ ပစ္စည်းဖြစ်ပါတယ်။သူ့ရဲ့ သဘာဂတွေကလဲ ဇယားမှာ ရေးထားတဲ့ စာရှိတဲ့အကွက်ဖြစ်တဲ့ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၇)ပစ္စည်း

ဖြစ်ပါတယ်။ ဒီ (၇)ပစ္စည်းကိုပင် သဘာဂ ဆိုရပါလိမ့်မယ်။ ဆိုတော့လဲ အာရမ္မဏကခေါင်းဆောင်တရား အများဆုံးရတဲ့ ပစ္စည်း ဖြစ်ခြင်းကြောင့် မူလီဖြစ်တဲ့ ပစ္စည်းတွေရဲ့ သုဒ္ဓသင်္ချာကိုသာ ဆိုရပါလိမ့်မယ်။ ဘာမှ စဉ်းစားနေစရာ မလိုတော့ပါဘူး။ အဲဒီ မူလီဖြစ်တဲ့ ပစ္စည်းတွေရဲ့ သုဒ္ဓသင်္ချာမှာလဲ အာရမ္မဏမျိုး သုဒ္ဓသင်္ချာတုန်းက အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယလို့ (၂)ပစ္စည်းဟာ သဘောတူသဖြင့် တူတဲ့ပစ္စည်းတွေကို ပေါင်းပြီး ဆိုရင် ကိစ္စပြီးလွယ်ပါတယ်။

**အာရမ္မဏမူ အဓိပတိ၊ ဥပနိဿယ** သဘာဂ ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအားတတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သောစိတ် (၈၄)ခု၊ ဒေါစတုက်ဝိစိကိစ္ဆာကြဉ်သော စေတသိက်သတ္တစတ္တာလီသ နိဗ္ဗာန်။ ဤတရားတို့သည် အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ၊ ဥပနိဿယေ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

အဓိပတိနဲ့ ဥပနိဿယကို မူလီသွတ်ပြီးတော့ နိဿယနှင့် ဝိပ္ပယုတ္တကို မူလီသွတ်ရပါလိမ့်မယ်။ နိဿယနှင့် ဝိပ္ပယုတ္တဟာ အာရမ္မဏမျိုးအတွက် ဝတ္ထာရမ္မဏ ရပါတယ်။ ဒီ(၂)ပစ္စည်းလဲ အရတူပါတယ်။ ဒီတော့ ဒီ (၂)ပစ္စည်းကို ပေါင်းပြီး ဆိုနိုင်ပါတယ်။

**အာရမ္မဏမူ နိဿယ၊ ဝိပ္ပယုတ္တ** သဘာဂ ၌ မနောဒွါရာဝဇ္ဇန်း၊ မရဏာသန္နဇော ငါးချက်၊ တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထု။ ဤတရားတို့သည် အာရမ္မဏ၊ နိဿယ၊ ဝိပ္ပယုတ္တ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏပစ္စယာ နိဿယေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဝိဘင်္ဂဝါရတုန်းက တပည့်တော်တို့ မျိုးအားဖြင့် ဟောတဲ့အခါမှာ ဝတ္ထာရမ္မဏပစ္စည်းအတွက် ကြောက်ပုံ ပါဠိထုတ်ပုံ ရှိပါ

တယ်။ ဒီအတိုင်းပဲ ဆိုရပါတယ်။ ပြီးတော့ တဖန် ကြည့်လိုက်ရင် ပုရေဇာတမှာ အာပုံ၊ အတ္ထိမှာ အာပုံ၊ အဝိဂတမှာ အာပုံ ရှိပါတယ်။ ဒါအတွက် အာရမ္မဏ ပုရေဇာတ သုဒ္ဓသင်္ချာကို ဆိုလိုက်ရင် ပါပဲ။ သင်္ချာလဲ တိကပဲ ဖြစ်ပါတယ်။

**အာရမ္မဏမှု ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ** သဘာဂ ၃ ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု၊ ဒိဗ္ဗသောတ အဘိညာဉ်အာ တတ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဤတရားတို့သည် အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏပစ္စယာ ပုရေဇာတေ တိကံ၊ အတ္ထိယာ တိကံ၊ အဝိဂတေ တိကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

၃-ခါ ဆိုလိုက်ရုံနဲ့ အာရမ္မဏရဲ့ သဘာဂကိစ္စ ပြီးသွားပါတယ်။ ပါဠိစီတဲ့ အခါမှာလဲ ဇယားမှာရှိတဲ့အတိုင်း သင်္ချာကိုကြည့်ပြီး ဆိုရုံပါပဲ။

## အာရမ္မဏပစ္စည်း သဘာဂပါဠိ

အာရမ္မဏပစ္စယာ အဓိပတိယာ သတ္တ၊ နိဿယေ တိကံ၊ ဥပနိဿယေ သတ္တ၊ ပုရေဇာတေ တိကံ၊ ဝိပ္ပယုတ္တေ တိကံ၊ အတ္ထိယာ တိကံ၊ အဝိဂတေ တိကံ။

## အဓိပတိပစ္စည်း သဘာဂ (၁၅)

အဓိပတိ ရောက်လာပါပြီ။ အဓိပတိမှာ အာရမ္မဏမျိုး သဟဇာတမျိုး ရှိသဖြင့် သဘာဂကိုလဲ ဒီ (၂)မျိုးကို ကြည့်ပြီး ရွေးရပါလိမ့်မယ်။ ရွေးတော့ အာရမ္မဏာဓိပတိရဲ့ သဘာဂပစ္စည်းဟာ အာရမ္မဏမျိုး ဖြစ်ခြင်းကြောင့် အာရမ္မဏမျိုး ဟူသရွေ့ သဘာဂ (၄) ပစ္စည်း ရပါတယ်။ သဟဇာတာဓိပတိရဲ့ သုဒ္ဓသင်္ချာတုန်းက ပစ္စည်းရေ (၁၃)ရှိသဖြင့် သဘာဂဟာ(၁၂)ပစ္စည်း ဖြစ်ပါတယ်။ အဲဒီ သဟဇာတမျိုး (၁၂)ပစ္စည်းထဲမှာ အာရမ္မဏမျိုးထဲက မပါတဲ့ ပစ္စည်းကို ထည့်ရင် ဘာတွေ ရမလဲ? အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ ရပါတယ်။ ဒီတော့ အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတကို ထပ်ထည့်ပေးရပါလိမ့်မယ်။

သဟဇာတမျိုး သဘာဂ (၁၂)ထဲမှာ ဒိ (၃) ပစ္စည်း ထည့်လိုက်ရင် အဓိပတိပစ္စည်းမှာ သဘာဂ (၁၅)ပစ္စည်း ရပါတယ်။ အဲဒီပစ္စည်း (၁၅)ကို ဆိုရပါလိမ့်မယ်။ ဟေတုကို ကြည့်လိုက်ရင် ဟေတုရပါတယ်။ ဟေတုနဲ့ အဓိပတိဘုန်းက ဝီမံသာဓိပတိဟာ သဘာဂဖြစ်သလို အဓိပတိနဲ့ ဟေတုကို သဘာဂ ရွေးတဲ့အခါမှာလဲ ဒိဝိမံသာဓိပတိပဲ ရပါတယ်။ ဘာမှ အကြောင်းမထူးပါဘူး။ အပြန်အလှန်ဟောမှသာ ထူးပါတယ်။ သင်္ချာကလဲ ဝီမံသာဓိပတိ ဖြစ်ခြင်းကြောင့် စတ္တာရီ ရပါတယ်။

**အဓိပတိမူ ဟေတု သဘာဂ** ၌ သမ္ပယုတ္တခန္ဓာသာဓိပတိ စိတ္တဇရုပ်အား တတ်သော ဝီမံသာဓိပတိ။ ဤတရားတို့သည် အဓိပတိ ဟေတုပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ ဟေတုယာ စတ္တာရိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

အဓိပတိမှာ အာရမ္မဏာဓိပတိ၊ သဟဇာတာ ဓိပတိရယ်လို့ (၂)မျိုး ရှိတယ်။ ဟေတုက သဟဇာတမျိုး ဖြစ်ခြင်းကြောင့် သဟဇာတာဓိပတိနဲ့ သဘာဂ ဖြစ်ပါတယ်။ အာရမ္မဏကို သဘာဂ ရွေးတော့ မူက အာဓိလို့ဆိုတဲ့ အာရမ္မဏမျိုး ရှိပါတယ်။ မူလိမှာ ခရေပွင့်ပျံ့နေတဲ့ ပစ္စည်း ဖြစ်ရင် ဘာမှ စဉ်းစားစရာ မလိုပါဘူး။ ခရေပွင့်မရှိတဲ့ မူပစ္စည်းအတိုင်း ဆိုလိုက်ရုံပါပဲ။ ဒါကြောင့် အာရမ္မဏကုန်းက အာဓိရသလို အဓိပတိ အာရမ္မဏမှာလဲ အာဓိပဲ ရပါတယ်။ သင်္ချာလဲ သတ္တ ဖြစ်ပါတယ်။

**အဓိပတိမူ အာရမ္မဏ သဘာဂ**၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် (၈၄)ခု၊ ဒေါစတုက် ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ၊ နိဗ္ဗာန်။ ဤတရားတို့သည် အဓိပတိ အာရမ္မဏပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ အာရမ္မဏေ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဟာပန် သဟဇာတပ။ သဟဇာတာ ဓိပတိပေ သဟဇာတနဲ့ သဘာဂ ဖြစ်ပါတယ်။ သဟဇာတာဓိပတိသည် အငယ်ဖြစ်ပါတယ်။ ဒီအငယ်မှာ ရှိတဲ့ သုဒ္ဓသင်္ချာအားလုံးသည် သဟဇာတ အကြီးယံမှာ အကုန် ဝင်ပါတယ်။ ဒါကြောင့် သဟဇာတာဓိပတိရဲ့ သုဒ္ဓသင်္ချာ အတိုင်း ယူလိုက်ရုံပါပဲ။

**အဓိပတိမူ သဟဇာတ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဘောပေါ် စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး။ ဤတရားတို့သည် အဓိပတိ သဟဇာတပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ သဟဇာတေ သတ္တဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

အညမညမှာလဲ ဟေတုတုန်းက ရှေးခဲ့သလိုပါပဲ။ သို့သော် ဟေတုရဲ့ သုဒ္ဓသင်္ချာမှာ ပဋိသန္ဓေကမ္မဇရုပ် ရှိသဖြင့် ဟဒယဝတ္ထု ရပါတယ်။ သဟဇာတာ ဓိပတိကတော့ ပဝတ္တိအခါကာလမှာသာ ဖြစ်တဲ့ ပစ္စည်း ဖြစ်ခြင်းကြောင့် ဟဒယဝတ္ထု မရတော့ပါဘူး။ ဘာသာလျှင် ရယ်လဲဆိုတော့ သမ္ပယုတ္တခန္ဓာသာလျှင် ရပါတယ်။ အညမညမှာလဲ စိတ္တဇရုပ် မရှိပါဘူး။ သင်္ချာကလဲ အညမညအတိုင်း တီဏိပါ။

**အဓိပတိမူ အညမည သဘာဂ**၌ သမ္ပယုတ္တခန္ဓာအား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး။ ဤတရားတို့သည် အဓိပတိ အညမည ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ အညမညေ တီဏိ ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နိဿယကျတော့ ဝတ္ထုသိုတဲ့ အာရမ္မဏမျိုး ရှိသဖြင့် မာတိနဲ့ အာရမ္မဏ မျိုးချင်းတူပါတယ်။ ပြီးတော့ သဟာဓိနဲ့ သဟနိဆိုရင် သဟဇာတာဓိပတိအတိုင်း သိရပါလိမ့်မယ်။ ဝတ္ထာနဲ့ အဓိပတိမှာ သဘာဂ ဘာလဲဆိုရင် အဓိပတိကို (ဓိ)ဆိုတဲ့ အသံကလေး မှတ်ထားပါ။ ဝတ္ထာကတော့ ဝတ္ထာအတိုင်းပါပဲ။ ဝတ္ထာနဲ့ ဓိနဲ့ ပေါင်းလိုက်ရင် ဝတ္ထာဓိ ဖြစ်ပါတယ်။ ဝတ္ထာဓိဟာ အာရမ္မဏာဓိပ်ရောက သဘာဂ

တရားပါ။ သဟဇာတာဓိပတိကတော့ သဟဇာတမျိုးက ဖြစ်ပါတယ်။ သဟဇာတာဓိပတိက သင်္ချာသတ္တ ရပါတယ်။ ကုသလော ကုသလဿ၊ ကုသလော အဗျာကတဿ၊ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ သင်္ချာ သတ္တ ရပါတယ်။ ဝတ္ထာရမ္မဏာဓိပတိရဲ့ သင်္ချာက ဘာလဲဆိုရင် ပစ္စည်းက ဟဒယဝတ္ထု၊ ပစ္စယုပ္ပန်က လောဘမူမရဏာသန္နဇော ဖြစ်သဖြင့် အဗျာကတော အကုသလဿ ရပါတယ်။ အဗျာကတော အဗျာကတဿဟာ သဟဇာတာဓိပတိနဲ့သာ ဆိုင်ပါတယ်။ ဝတ္ထာရမ္မဏာဓိပတိလို့ ဆိုတဲ့ အာရမ္မဏမျိုးနဲ့ လုံးဝ မဆိုင်ပါဘူး။ ဝတ္ထာဓိသည် အဗျာကတော အကုသလဿသာ ရပါတယ်။ ဒါပေတဲ့ အဋ္ဌကထာက ရေးထားတာကို ဘယ်လိုမှ စဉ်းစားလို့မရဘူး။ မူလ ဋီကာကလဲ ဒီနေရာနဲ့ပတ်သက်ပြီး ဘာမှ ဖွင့်မပြဘူး။ ဘယ်လို ရေးထားသလဲဆိုတော့ အဓိပတိမူမှာ "နိဿယေအဋ္ဌာတိ ကုသလမူလာနိတိဏ်" မှန်ပါတယ်။ ကုသိုလ်(၃)ချက်။ "အကုသလာမူလာနိတိဏ်" မှန်ပါတယ်။ "အဗျာကတမူလာနိဒွေ" ဟုတ်ပါတယ်။ အဗျာကတ မူလာနိဒွေက ဘယ်ဟာလဲ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော အကုသလဿ။ ဒါ မှန်ပါတယ်။ ဒါပေတဲ့ ရှေ့ဖွင့်တဲ့နေရာမှာ ဘာသဘောမျိုးနဲ့ ပြတယ်မသိဘူး။ "အဗျာကတော ဟိ အဓိပတိ အဗျာကတဿ သဟဇာတတော စေဝအာရမ္မဏတော စ နိဿယော ဟောတိ"။ အဗျာကတဿ က အဗျာကတအား ကျေးဇူးပြုရာမှာ သဟဇာတာဓိပတိအားဖြင့် လည်းကောင်း၊ အာရမ္မဏာဓိပတိအားဖြင့် လည်းကောင်း နိဿယပစ္စည်း တတ်တယ်တဲ့။ သဟဇာတာ ဓိပတိတော့ မှန်တယ်။ ဝတ္ထာဓိဖြစ်တဲ့ အာရမ္မဏာဓိပတိနဲ့ ဘယ်လိုလုပ်ပြီးတော့ အဗျာကတော အဗျာကတဿ ဖြစ်ပါမလဲ။ ရတာက ဝတ္ထာဓိပါ။ ဝတ္ထာဓိသည် အဗျာကတော အကုသလဿသာ ရတယ်။ ရှေ့ဆက်ပြီး ပြတာတော့လဲ ဟုတ်ပါတယ်။ "အကုသလဿ အာရမ္မဏတောဝ" အကုသလဿ အာရမ္မဏ တောဝ လို့ ဆိုတာက အဗျာကတက အကုသိုလ်အား ကျေးဇူးပြုတဲ့အခါမှာ အာဓိပဲ ရပါတယ်။ အဲဒီ အာဓိဟာ ဝတ္ထာဒိဟုတ်ပါတယ်။ ဒါပေတဲ့ အထက်က

စကားမှာ ''အဗျာကတေသုဟိ အဓိပတိ အဗျာကတဿ သဟဇာတ တောစေဝ အာရမ္မဏတော၀ နိယမော ဟောတိ'' အဲဒါကတော့ ဝတ္ထာဓိဆိုတဲ့ အာရမ္မဏာဓိပတိနဲ့ အဗျာကတော အဗျာကတဿ ကျေးဇူး ပြုမှုဟာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ နောက်တဖန် ဆက်ပြထား ကတော့ မှန်ပါတယ်။ ''ကုသလဿ ပန ဥဘယထာပိ န ဟောတိတိ''။ ကုသိုလ်ကျတော့ အာဓိလဲ မရဘူး။ သဟာဓိလဲ မရဘူး။ အာဓိလဲ မရဘူးဆိုတာက အဗျာကတော ကုသလဿအတွက် ဝတ္ထာဓိဆိုတဲ့ အာဓိနဲ့လဲ မဆိုင်ဘူး၊ သဟာဓိနဲ့လဲ မဆိုင်ဘူး။ ဟုတ်ပါတယ်။ ဒါ မပုပါဘူး။ အဗျာကတော အကုသလဿသာ ဝတ္ထာဓိဆိုတဲ့ အာဓိ အနေနဲ့ ရပါတယ်။အဲဒါကြောင့်တဲ့ ''အဗျာကတမူလာနိဒ္ဒေ ယေ၀ါတိ ဝေဒိတဗ္ဗံ။ အဗျာကတ မူလာနိဒ္ဒေ ယေ၀'' ဆိုတာကတော့ ဟုတ်တယ်။ အဗျာကတမူလာနိဒ္ဒေယေဝဋ္ဌ အဗျာကတော အဗျာကတဿ၊ အဗျာကတော အကုသလဿ ဖြစ်ပါတယ်။ ဒါပေတဲ့ အဗျာကတော အဗျာကတဿမှာ အာဓိ သဟာဓိ (၂)မျိုး ပြထားမှုကို ဘယ့်နဲ့မှ စဉ်းစားလို့ မရဘူး။ ဒီမှာ ရနိုင်တာက ဝတ္ထာဓိလို့ ဆိုသဖြင့် အဗျာကတော အကုသလဿသာ အာဓိနဲ့ ဆိုင်တယ်။ သဟာဓိက သူ့ဟာနဲ့သူ သင့်ျာ သတ္တ ဖြစ်ပါတယ်။ ဒီတော့ အဋ္ဌကထာမှာ ''အဗျာကတေသုဟိ အဓိပတိ အဗျာကတဿ သဟဇာတတောစေဝ နိယမော ဟောတိ''လို့ ရှိနေလျှင် အလွန် ရှင်းမှာပဲ။

**အဓိပတိမူ နိဿယ သဘာဂ** ၌ အလေးအမြတ်ပြု တတ် သော လောဘမူ မရဏာသန္နဇော ငါးချက်အား တတ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာ ရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ် သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိ နိဿယပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရား တို့ကို အနုလုံ၌ အဓိပတိပစ္စယာ နိဿယေ အဋ္ဌဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

ဥပနိဿယကို ကြည့်လိုက်ရင် အာရမ္မဏူပနိဿယနဲ့ အာဓိဆိုတဲ့ အာရမ္မဏာဓိပတိဟာ အတူတူပါပဲ။ အနန္တရူပနိဿယ၊ ပကတူပနိဿယတွေဟာ အဓိပတိထဲမှာ မရှိပါဘူး။ သူတို့အတွက် စဉ်းစားစရာ မလိုပါဘူး။ အာရမ္မဏာဓိပတိနဲ့ တူသဖြင့် အာရမ္မဏာဓိပတိရဲ့ သုဒ္ဓသင်္ချာအတိုင်း ဆိုလိုက်ရုံပါပဲ။

**အဓိပတိမူ ဥပနိဿယ သဘာဂ** ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် (၈၄)ခု၊ ဒေါစတုက်ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ၊ နိဗ္ဗာန်။ ဤတရားတို့သည် အဓိပတိ ဥပနိဿယပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ ဥပနိဿယေ သတ္တာဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ပုရေဇာတမှာ အာပု ရှိပါတယ်။ ဝတ်ပုနဲ့ မဆိုင်ပါဘူး။ အာပုနဲ့ မိနဲ့ ပေါင်းလိုက်ရင် အာပုမိ ဖြစ်ပါတယ်။ အဲဒီ အာပုမိဟာ သဘာဂပါပဲ။ သင်္ချာကလဲ အာပုမိအတိုင်း ဧကံပဲ ရပါတယ်။

**အဓိပတိမူ ပုရေဇာတ သဘာဂ** ၌ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဤတရားတို့သည် အဓိပတိ ပုရေဇာတပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ ပုရေဇာတေ ဧကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ကမ္မနဲ့ သဘာဂ မဖြစ်ပါဘူး။ ဝိပါကဟာ သဟဇာတာဓိပတိနဲ့ သဘာဂ ဖြစ်ပါတယ်။ သဟဇာတာဓိပတိထဲက ဇောထိုက်တဲ့ ဝိပါက်ဆိုရင် ဖိုလ်လေးခုပဲ ရှိပါတယ်။ ဖိုလ်လေးခုဆိုရင် အဓိပတိတရားကိုယ် (၃) ပါး (၄)ပါးလို့ ဆိုစရာမလိုတော့ပါဘူး။ အဓိပတိတရားကိုယ် (၄)ပါးလို့ ဆိုရပါလိမ့်မယ်။ (၃)ပါးလို့ ဆိုတာက ဉာဏဝိပ္ပယုတ်ဇောတွေအတွက် ဝီမံသာဓိပတိ မရလို့ ဖြစ်ပါတယ်။

**အဓိပတိမူ ဝိပါက သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဖိုလ်လေးခု၌ရှိသော အဓိပတိတရားကိုယ် (၄)ပါးတို့တွင် တပါးပါး။ ဤတရားတို့သည် အဓိပတိ ဝိပါကပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ ဝိပါကေ ဧကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

**နာမ်အာဟာရ**။ သဟဇာတာ ဓိပတိတုန်းက ဘာ့ကြောင့် အာဟာရ ရသလဲဆိုတာကို ပြောခဲ့ပါတယ်။ စိတ္တာဓိပတိကြောင့်ပါ။ နာမ်အာဟာရ တရားကိုယ်(၃)ပါးထဲမှာ ဖဿ၊ စေတနာ၊ ဝိညာဉ်လို့ ရှိပါတယ်။ ဝိညာဉ်ဟာ သဟဇာတာဓိပတိ တရားကိုယ် (၄)ပါးထဲက စိတ္တာဓိပတိနဲ့ သဘာဂ ဖြစ်ပါတယ်။ အဲဒီ စိတ္တာဓိပတိ ပစ္စည်းယူပြီး ''စိတ္တာဓိပတိ သမ္ပယုတ္တကာနံ ခန္ဓာနံ အဓိပတိ ပစ္စယေန ပစ္စယော အာဟာရ ပစ္စယေန ပစ္စယော'' စသည်ဖြင့် ဟောရပါလိမ့်မယ်။ သင်္ချာကလဲ သတ္တပဲ ရပါတယ်။

**အဓိပတိမူ အာဟာရ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာသာဓိပတိ စိတ္တဇရုပ်အား တတ်သော စိတ္တာဓိပတိ။ ဤတရားတို့သည် အဓိပတိ အာဟာရပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ အာဟာရေ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဣန္ဒြိယနဲ့ကျတော့ သဟဇာတာဓိပတိတုန်းက စိတ္တာဓိပတိ ဝီရိယာဓိပတိ ဝိမံသာဓိပတိဟာ ဣန္ဒြိယထဲမှာ ရှိပါတယ်။ ဒါကြောင့် ဒီတရားတွေကို ဆိုရပါလိမ့်မယ်။ သင်္ချာကလဲ သတ္တပဲ ရပါတယ်။

**အဓိပတိမူ ဣန္ဒြိယ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော စိတ္တ ဝီရိယ ဝိမံသာဓိပတိ။ ဤတရားတို့သည် အဓိပတိ ဣန္ဒြိယပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ ဣန္ဒြိယေ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဈာနနဲ့ သဘာဂ မဖြစ်ပါဘူး။ ဈာနင် တရားကိုယ် (၅)ပါးဟာ အဓိပတိမှာ မရှိပါဘူး။ မဂ္ဂဆိုရင် ဝီရိယ ဝိမံသဟာ သဘာဂ ဖြစ်ပါတယ်။

**အဓိပတိမှု မဂ္ဂ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဝီရိယ ဝီမံသာဓိပတိ။ ဤတရားတို့သည် အဓိပတိမဂ္ဂပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ မဂ္ဂေ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

သမ္ပယုတ္တမှာ နာမ်သက်သက်သာဖြစ်သဖြင့် သမ္ပယုတ္တခန္ဓာအား တတ်တယ်လို့ ဆိုရပါလိမ့်မယ်။

**အဓိပတိမှု သမ္ပယုတ္တ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာအား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး။ ဤတရားတို့သည် အဓိပတိ သမ္ပယုတ္တပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ သမ္ပယုတ္တေ တီဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဝိပ္ပယုတ္တကျတော့ အဓိပတိဆိုင်ရာဖြစ်တဲ့ အာရမ္မဏမျိုး သဟဇာတမျိုး (၂)မျိုး ရှိပါတယ်။ ဝတ္ထာအတွက် နိဿယက ဆိုခဲ့တဲ့အတိုင်း ဝတ္ထာဓိဟာ ဘာဘာဂဖြစ်ပါတယ်။ သဟဇာတ ဝိပ္ပယုတ္တနဲ့ သဘာဂရှာရင် သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးလို့ ရပါတယ်။ သဟဝိပ်အတွက် တီဏိဟာ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ (၃)ချက် ရပါတယ်။ ဝတ္ထာဓိက အဗျာကတော အကုသလဿ ဖြစ်ခြင်းကြောင့် သင်္ချာသည် စတ္တာရိ ဖြစ်ပါလိမ့်မယ်။ အဋ္ဌကထာမှာ 'အဗျာကတောန ကုသလဿ' ဖြစ်နေတယ်။

**အဓိပတိမှု ဝိပ္ပယုတ္တ သဘာဂ** ၌ အလေးအမြတ် ပြုတတ်သော လောဘမူ မဂ္ဂဏာသန္တဇော ငါးချက်အား တတ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏာဓိပတိပစ္စည်း။ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် အဓိပတိ ဝိပ္ပယုတ္တပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့်

ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ ဝိပ္ပယုတ္တေ စတ္တာရိဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

အတ္ထိ အဝိဂတမှာ အာရမ္မဏမျိုးက အာပု ရှိပါတယ်။ အာပု ရှိတော့ ပုရေဇာတတုန်းက အာပုအတိုင်း အာပုနဲ့ ဓိနဲ့ ပေါင်းရင် အာပုဓိဟာ သဘာဂဖြစ်ပါတယ်။ ပြီးတော့ အတ္ထိမှာ သဟဇာတ ရှိသဖြင့် သဟဇာတာဓိပတိအတိုင်း ဆိုရပါတယ်။ ဒီတော့ အာပုဓိနဲ့ သဟာဓိရဲ့ သင်္ချာပေါင်းလိုက်ရင် အဋ္ဌဖြစ်ပါတယ်။

**အဓိပတိမူ အတ္ထိ အဝိဂတ သဘာဂ၌** အလေးအမြတ် ပြုလတ်သော လောဘမူလစိတ် ရှစ်ခုအား တတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စယုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတာဓိပတိပစ္စည်း၊ သမ္ပယုတ္တခန္ဓာသာဓိပတိ စိတ္တဇ ရုပ်အား တတ်သော အဓိပတိ တရားကိုယ် (၃) ပါး (၄)ပါး တို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ ဤ တရားတို့သည် အဓိပတိ အတ္ထိ အဝိဂတပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိပစ္စယာ အတ္ထိယာ အဋ္ဌ၊ အဝိဂတေ အဋ္ဌဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဆိုရိုးကလေးပြီးတော့ ပါဠိ စီကြပါဦးစို့။

## အဓိပတိပစ္စည်း သဘာဂပါဠိ

အဓိပတိပစ္စယာ ဟေတုယာ စတ္တာရိ၊ အာရမ္မဏေ သတ္တ၊ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ အဋ္ဌ၊ ဥပနိဿယေ သတ္တ၊ ပုရေဇာတေ ဧကံ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ စတ္တာရိ၊ အတ္ထိယာ အဋ္ဌ၊ အဝိဂတေ အဋ္ဌ။

**သာဓု-သာဓု-သာဓု။**

# *ပဋ္ဌာန်းကုသလတိက် ပဉှာဝါရ အနုလောမ သင်္ချာခန်း

## ဂဏနပရိစ္ဆေဒ

အရင်အပတ်က သင်္ချာပြောတဲ့နေရာမှာ အဋ္ဌကထာဆရာကြီးရဲ့ ဂဏနပရိစ္ဆေဒနည်း ကျန်သွားပါတယ်။ အဲဒီ ဂဏနပရိစ္ဆေဒနည်းကို ပြောပါ့မယ်။ ဂဏနပရိစ္ဆေဒနည်းဆိုတာ သုဒ္ဓသင်္ချာမှာ ကေံရတဲ့ သင်္ချာ၊ တီဏိရတဲ့ သင်္ချာ၊ ပဉ္စ သတ္တ နဝ ဒသ တေရသ ရယ်လို့ (၇)မျိုး ရှိပါတယ်။ အဲဒီ (၇)မျိုးထဲမှာ ကေံရတဲ့ သင်္ချာက ဝိပါက တစ်ပစ္စည်းပဲ ဖြစ်ပါတယ်။ တီဏိရတဲ့ သင်္ချာက အညမည၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန၊ သမ္ပယုတ္တရယ်လို့ (၅)ပစ္စည်း ရှိပါတယ်။ ပဉ္စရတဲ့ သင်္ချာက ဝိပ္ပယုတ္တ တစ်ပစ္စည်းသာ ရှိပါတယ်။ သတ္တရတဲ့ သင်္ချာက ဟေတု၊ အနန္တရ၊ သမနန္တရ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ နတ္ထိ၊ ဝိဂတလို့ (၁၀)ပစ္စည်းရှိပါတယ်။ နဝရတဲ့ သင်္ချာက အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယလို့ (၃)ပစ္စည်းပဲ ရှိပါတယ်။ ဒသရတဲ့သင်္ချာက အဓိပတိတခုပဲ ရှိပါတယ်။ တေရသ ရတဲ့ သင်္ချာက နိဿယ၊ အတ္ထိ၊ အဝိဂတလို့ (၃)ပစ္စည်း ရှိပါတယ်။

## ပဉှာဝါရ၌ ကုဗျာ-ကုဗျာ် မရပုံ

မူလ ဋီကာဆရာကြီးက ကြံဆချက်ကလေးတခု ပြပါတယ်။ ဘယ်လိုပြသလဲဆိုရင် ပစ္စယဝါရတုန်းက ဒုကမူလ ဒုကမူလီရယ်လို့ ရှိခဲ့ပါတယ်။ ဒုကမူလ ဒုကမူလီဆိုတာ ကုသလာဗျာကတေန ကုသလာဗျာကတံ။ မူလလဲ ကုသိုလ် အဗျာကတ နှစ်မျိုးရှိတယ်။ မူလီကလဲ ကုသိုလ် အဗျာကတ နှစ်မျိုးရှိတယ်။ ပစ္စယဝါရမှာ ဒီလို ကုသလာ

---

* ၁၃၂၈-ခု နတ်တော်လဆုတ် (၇) ရက် (၃-၁-၆၇) အင်္ဂါနေ့ (ပဋ္ဌမအကြိမ်)။

ဗျာကတေန ကုသလာဗျာကတံ ရပါလျက်သားနဲ့ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတွေကျတော့ ပဋ္ဌာဝါရအတွက် ဘာ့ကြောင့် ကုသလာဗျာကတော ကုသလာဗျာကတဿရယ်လို့ မဟောပါသလဲ။ အဖြေကတော့ မရလို့ မဟောတာပါ။ ဘယ်လိုမရသလဲ? ပစ္စယဝါရကို ဟောတဲ့ ဒေသနာက ပစ္စယပွန်ပြဋ္ဌာန်းတဲ့ ဒေသနာ ဖြစ်ပါတယ်။ ပစ္စယပွန်ပြဋ္ဌာန်းတဲ့ ဒေသနာဖြစ်လေတော့ ကုသိုလ် အဗျာကတဆိုတဲ့ ပစ္စယုပ္ပန်တရားကို တကွနက် (တကွဆိုတာ ကေကောရဲ့ ဝေါဟာရ) သဟဇာတအားဖြင့် လည်းကောင်း၊ ဝတ္ထု ပုရေဇာတအားဖြင့် လည်းကောင်း ပစ္စည်းတရားက ကျေးဇူးပြုလျှင် ကိစ္စပြီးပါတယ်တဲ့။ ဒါ့ကြောင့် ပစ္စယဝါရမှာ ဟောပါတယ်။ ပဋ္ဌာဝါရကျတော့ ပစ္စည်းပဓာနဟောတဲ့ ဒေသနာဖြစ်ပါတယ်။ ပစ္စည်းပဓာနဟောတဲ့ ဒေသနာဖြစ်လေတော့ ကုသိုလ် အဗျာကတဆိုတဲ့ ဒီတရား(၂)ပါးက ကုသိုလ် အဗျာကတဆိုတဲ့ ပစ္စယုပ္ပန်တရားတွေအား နိဿယသတ္တိနဲ့ ကျေးဇူးမပြုနိုင်ပါဘူး။ အတ္ထိသတ္တိနဲ့ကဲ ကျေးဇူးမပြုနိုင်ပါဘူး။ အဝိဂတသတ္တိနဲ့လဲ ကျေးဇူးမပြုနိုင်ပါဘူး။ ဒါ့ကြောင့် ပဋ္ဌာဝါရကျတော့ ဒုကမူလ ဒုကမူလီဆိုတဲ့ တရားတွေကို မဟောပါဘူးလို့ မူလဋီကာက ကြံဆချက်လေးတခု ပြောပြပါတယ်။ ရှေ့ဆက်ကြပါဦးစို့။

အရင်အပတ်က အဓိပတိပြီးသွားတော့ ယခု အနန္တရ။ အဲဒီ အနန္တရမှာ အနန္တရူပ နိဿယမျိုးအတွက် သုဒ္ဓသင်္ချာ (၃)ပုဒ် ရှိပါတယ်။ အဲဒီ(၃)ပုဒ်ကို ရရင် ကိစ္စပြီးပါတယ်။ ဒါဟာ သုဒ္ဓသင်္ချာ အတိုင်းပါပဲ။ ဘာမှ မထူးပါဘူး။ ခရေပွင့် ပြထားတာကလေးတွေဟာ အားလုံးကုန် ပစ္စည်း ပစ္စယုပ္ပန်တူသဖြင့် ဒီခရေပွင့် ပြထားတဲ့ ပစ္စည်းတွေကို တခါတဲ မှလိသွတ်လိုက်ကြပါစို့။

## အနန္တရပစ္စည်း သဘာဂ(၆)

**အနန္တရမှု သမနန္တရ ဥပနိဿယ နတ္ထိ ဝိဂတ သဘာဂဥ္စ ရဟန္တာ ထို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား တတ်သော ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်၊**

စေတသိက် ဒွေပညာသ ပစ္စတ္တိပဋိသန္ဓေနာက္ခန္ဓာ လေးပါး။ ဤတရား တို့သည် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အနန္တရပစ္စယာ သမနန္တရေ သတ္တ၊ ဥပနိဿယေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

အဲဒီက နောက်မှာ "ထို့ကြောင့်"သိုတဲ့ တရားကလေးတွေကို မဆိုတော့ပါဘူး။ ဆိုလဲ ဆိုတတ်ပါပြီ။ အချိန်လဲ အင်မတန်ကုန်ပါ တယ်။ ဒါ့ကြောင့် အကျဉ်းပဲ ချပေးပါ့မယ်။ နောက် သဘာဂက အာသေဝန ဖြစ်ပါတယ်။ အာသေဝနမှာ တီဏိရှိပါတယ်။ အာသေ ဝနရဲ့ သုဒ္ဓသင်္ချာအတိုင်း ဆိုလိုက်ရုံပါပဲ။

**အနန္တရမူ အာသေဝန သဘာ** ဂ၌ ပထမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောဇကပညာသအား တတ်သော အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ။ အနန္တရ ပစ္စယာ အာသေဝနေ တီဏိ။

နောက် အနန္တရ ကမ္မပါ။ အနန္တရ ကမ္မရဲ့ သုဒ္ဓသင်္ချာကို ဆိုရုံ ပါပဲ။

အနန္တရမူ ကမ္မ သဘာဂ၌ မဂ္ဂါနန္တရ ဖိုလ်လေးခုအား တတ် သော မဂ်လေးခုစေတနာ။ အနန္တရပစ္စယာ ကမ္မေ ဧကံ။

ဒါက အနန္တရမူပါဠိမှာရှိတဲ့ တရားတွေ ကုန်သွားပါပြီ။ သူ့ရဲ့ ပါဠိကို ဝိရင်–

အနန္တရမူစည်း သဘာဂ ပါဠိ

အနန္တရပစ္စယာ သမနန္တရေ သတ္တ၊ ဥပနိဿယေ သတ္တ၊ အာသေဝနေ တီဏိ၊ ကမ္မေ ဧကံ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

**သမနန္တရမူစည်း သဘာဂ (၆)**

သမနန္တရမှာလဲ အဘူတူဖြစ်ခြင်းကြောင့် ပြီးလွယ်အောင် ပါဠိ ကိုပဲ ဆိုလိုက်ကြပါစို့။

## သမနန္တရပစ္စည်း သဘာဂပါဠိ

သမနန္တရပစ္စယာ အနန္တရေ သတ္တ၊ ဥပနိဿယေ သတ္တ၊ အာသေဝနေ တီဏိ၊ ကမ္မေ ဧကံ၊ နတ္ထိယာ သတ္တ၊ ဝိဂတော သတ္တ။

## သဟဇာတပစ္စည်း သဘာဂ (၁၄)

အနန္တရ ပြီးသွားပါပြီ။ သဟဇာတ။ သဟဇာတမှာ မျိုးကွဲ မရှိပါဘူး။ ဒီသဟဇာတဟာ ခေါင်းဆောင်ဖြစ်တဲ့ ပစ္စည်းဖြစ်တော့ ဘာမှ စဉ်းစားစရာမရှိပဲနဲ့ ဒီသဟဇာတမျိုးအကျက်မှာရှိတဲ့ မူလီပစ္စည်းတွေရဲ့ သင်္ချာကို ဆိုလိုက်ရရုံပါပဲ။ ဘာကြောင့်လဲဆိုရင် သဟဇာတထဲမှာ အားလုံးကုန် ဝင်ကြပါတယ်။ သဟဇာတအကြီးဟာ ခေါင်းဆောင်ဖြစ်တဲ့ ပစ္စည်းဖြစ်ပါတယ်။

**သဟဇာတမူ ဟေတု သဘာဂ၌** သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ဟိတ်(၆)ပါး။ သဟဇာတ ပစ္စယာ ဟေတုယာ သတ္တ။

**သဟဇာတမူ အဓိပတိ သဘာဂ၌** သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး။ သဟဇာတပစ္စယာ အဓိပတိယာ သတ္တ။

**သဟဇာတမူ အညမည သဘာဂ၌** အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇ မဟာဘုတ်၊ ဗာဟိရမဟာဘုတ်၊ အာဟာရဇမဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇ မဟာဘုတ်အားဖြင့် မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထု။ သဟဇာတပစ္စယာ အညမညေ တီဏိ။

နိဿယ အတ္ထိ အဝိဂတလဲ အကြီးဖြစ်ခြင်းကြောင့် ဒီ(၃)ပစ္စည်းကို တခါထဲ မှလီသွတ်လိုက်ကြပါစို့။

သဟဇာတမှု နိဿယ၊ အတ္ထိ၊ အဝိဂတ သဘာဂ၌ အချင်းချင်း အား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာစိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ် အားလည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်း အား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ သဟဇာတ ပစ္စယာ နိဿယေ နဝ၊ အတ္ထိယာ နဝ၊ အဝိဂတေ နဝ။

သဟဇာတမှု ကမ္မ သဘာဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။ သဟဇာတပစ္စယာ ကမ္မေ သတ္တ။

သဟဇာတမှု ဝိပါက သဘာဂ၌ အချင်းချင်းအား လည်း ကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ သဟဇာတပစ္စယာ ဝိပါကေ ဧကံ။

သဟဇာတမှု အာဟာရ သဘာဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဖဿ၊ စေတနာ၊ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် (၃)ပါး။ သဟဇာတ ပစ္စယာ အာဟာရေ သတ္တ။

သဟဇာတမှု ဣန္ဒြိယ သဘာဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိ သန္ဓေ ကမ္မဇရုပ်အားတတ်သော ဇီဝိတ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ သဟဇာတပစ္စယာ ဣန္ဒြိယေ သတ္တ။

သဟဇာတမှု ဈာန သဘာဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိ သန္ဓေ ကမ္မဇရုပ်အားတတ်သော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာဟု ဆိုအပ်သော ဈာနင်တရားကိုယ် ငါးပါး။ သဟဇာတ ပစ္စယာ ဈာနေ သတ္တ။

**သဟဇာတမူ မဂ္ဂ သဘာဂ** ၌ **သမ္ပယုတ္တ** ခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပညာ၊ ဝိတက်၊ ဝိရတိ ၃၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ သဟဇာတပစ္စယာ မဂ္ဂေ သတ္တ။

**သဟဇာတမူ သမ္ပယုတ္တ သဘာဂ** ၌ အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သဟဇာတပစ္စယာ သမ္ပယုတ္တေ တီဏိ။

**သဟဇာတမူ ဝိပ္ပယုတ္တ သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ သဟဇာတပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

သဟဇာတပစ္စည်းရဲ့ သဘာဂ ရွေးချယ်မှု ပြီးပါပြီ။ ပါဠိ စဉ်လိုက်ကြပါစို့။ ပါဠိစဉ်တော့လဲ ဇယားမှာရှိတဲ့ သင်္ချာတွေကို ဆိုရမှာပါပဲ။

## သဟဇာတပစ္စည်း သဘာဂပါဠိ

သဟဇာတပစ္စယာ ဟေတုယာ သတ္တ၊ အဓိပတိယာ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ နဝ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ နဝ၊ အဝိဂတေ နဝ။

ပါဠိတော်မှာ သဘာဂပြီးလျှင် ဃဋနာကို ဟောပါတယ်။ ဒါပေမယ့် ယခု သဘာဂဆိုတဲ့ ဒုကတွေကို သီးသန့်ဟောပြီး နေပါတယ်။ ဘာ့ကြောင့်လဲဆိုတော့ ဃဋနာတွေဟာ ဒီသဘာဂကပင်လျှင် ဖြစ်ပေါ်လာမှာဖြစ်လို့ ဖြစ်ပါတယ်။ သဘာဂကို ကျေနပ် သဘောကျခဲ့ရင် ဃဋနာတွေဟာ ဒီသဘာဂက ထွက်လာတာကို ဃဋနာခန်းကျတော့ ဘယ်လိုယူဆရတယ်ဆိုတာ ပြောပြပါ့မယ်။

## အညမညပစ္စည်း သဘာဂ (၁၄)

နောက်ပြီး အညမည။ အညမညနဲ့ ဟေတု – ဟေတုနဲ့ အညမညဟာ အတူတူပါပဲ။

အညမညမူ ဟေတု သဘာဂ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဟိတ် (၆)ပါး။ အညမညပစ္စယာ ဟေတုယာ တီကံ။

အဓိပတိလဲ အတူတူပါပဲ။ အဓိပတိနဲ့ အညမည၊ အညမညနဲ့ အဓိပတိဟာ အတူတူပါပဲ။

အညမညမူ အဓိပတိ သဘာဂ၌ သမ္ပယုတ္တခန္ဓာအား တတ်သော အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး။ အညမညပစ္စယာ အဓိပတိယာ တီကံ။

သဟကြီး (၄)ပစ္စည်းကိုတော့ တပြိုင်ထဲပဲ သွင်းလိုက်ကြပါစို့။ အညမညဟာ အလတ်ဖြစ်ပါတယ်။ အညမညသည် သဟကြီး (၄) ပစ္စည်းထဲမှာ ဝင်ပါတယ်။

အညမညမူ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ သဘာဂ၌ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအားတတ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေကမ္မဇမဟာဘုတ်၊ ဗာဟိရ မဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇမဟာဘုတ်၊ အသညသတ် ကမ္မဇမဟာဘုတ်၊ ပဝတ္တိကမ္မဇ မဟာဘုတ်အားဖြင့် မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ အညမညပစ္စယာ သဟဇာတေ တီကံ၊ နိဿယေ တီကံ၊ အတ္ထိယာ တီကံ၊ အဝိဂတေ တီကံ။

ကမ္မ။ အညမညမှာလဲ သဘာဂဟာ (၁၄) ပစ္စည်းပဲ ရှိပါတယ်။ ကမ္မဆိုတော့ သဟဇာတအငယ် ဖြစ်ပါတယ်။ ဟေတုနဲ့ အညမညတုန်းက သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုရယ်လို့ ပစ္စယုပ္ပန် ယူပါတယ်။ ဒါပေတဲ့ အဓိပတိပစ္စည်းကျတော့ ပဝတ္တိအခါမှာသာ ဖြစ်ခြင်းကြောင့် ဟဒယဝတ္ထုတော့ မရပါဘူး။ အညမညနဲ့ ကျန်တဲ့ အငယ်တွေဟူသမျှ

ဟာ ဟေတုသဘောအတိုင်း သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုကို ပစ္စယုပ္ပန် ယူ၍ မိမိတို့ဆိုင်ရာဖြစ်တဲ့ ပစ္စည်းတရားတွေကို ဆိုရပါတယ်။ သင်္ချာ ထုတ်လိုက်ရင် တီဏိရကြောင်း ဟောဘုံ့ အညမညတုန်းက ထုတ်ပြခဲ့ ပါပြီ။

· **အညမညမူ ကမ္မ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။ **အညမည** ပစ္စယာ ကမ္မေ တီဏိ။

ဝိပါကကျတော့ သုဒ္ဓသင်္ချာအချင်းချင်း တိုက်ကြည့်ရပါလိမ့် မယ်။ အညမညက အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သောလို့ နာမ်ကုန် ရပါတယ်။ ဝိပါက ဝိပါက်သာရသဖြင့် ဝိပါက်လို့ ဆိုရပါလိမ့်မယ်။ ဝိပါကမှာ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား လည်းကောင်း တတ်သော လို့ ဆိုတဲ့ နေရာမှာ ဟဒယဝတ္ထု ပါပါတယ်။ အရကောက်မှာ ဟဒယဝတ္ထု မပါပါဘူး။ ပြီးတော့ ဒုတိယအချက် မဟာဘုတ် အချင်းချင်းဟာ ဝိပါကမှာ မရှိပါဘူး။ တတိယအချက်က ဟဒယဝတ္ထုအား တတ် သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဟာ အညမညမှာ ရှိပါ တယ်။ ဒါ့ကြောင့်....

**အညမညမူ ဝိပါက** သဘာဂ၌ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ဝိပါက်ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဟဒယ ဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ အညမည ပစ္စယာ ဝိပါကေ ဧကံ။

ဘာဖြစ်လို့ ဟဒယဝတ္ထုကို ထည့်ပေးရသလဲဆိုရင် ပဋိသန္ဓေ အခါကာလမှာ "ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿစ အညမည ပစ္စယေန ပစ္စယော ဝိပါက ပစ္စယေန ပစ္စယော"လို့ ဝိဘင်း တွက်ရပါလိမ့်မယ်။ ပြီးတော့မှ ခန္ဓာ ဝတ္ထုဿ လာဖြစ်ပါတယ်။ နောက်ပြီး အာဟာရ။ အာဟာရဟာ **အငယ် ဖြစ်ပါတယ်။**

**အညမညမှု အာဟာရ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု အား တတ်သော ဖဿ၊ စေတနာ၊ ဝိညာဉ်ဟု ဆိုအပ်သော နာမ် အာဟာရ တရားကိုယ်(၃)ပါး။ အညမညပစ္စယာ အာဟာရေ တိကံ။

ဣန္ဒြိယ၊ ဈာန၊ မဂ္ဂတွေဟာ အငယ်ဖြစ်ပါတယ်။ တရားကိုယ် တွေကိုလဲ ဖော်ပြီး ဆိုခဲ့ပြီးဖြစ်လို့ အကျဉ်းပဲ ဆိုလိုက်ပါတော့မယ်။

**အညမညမှု ဣန္ဒြိယ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ အညမညပစ္စယာ ဣန္ဒြိယေ တိကံ။

**အညမညမှု ဈာန သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဈာနင်တရားကိုယ် (၅)ပါး။ အညမညပစ္စယာ ဈာနေ တိကံ။

**အညမညမှု မဂ္ဂ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ အညမညပစ္စယာ မဂ္ဂေ တိကံ။

သမ္ပယုတ္တ၏ သုဒ္ဓသချာသည် အညမညထဲမှာ ဝင်ကြောင်း ပြောခဲ့ပါတယ်။ ဒါကြောင့် သမ္ပယုတ္တအတိုင်း ဆိုရရုံပါပဲ။

**အညမညမှု သမ္ပယုတ္တ သဘာဂ**၌ အချင်းချင်းအား တတ်သော အသုံးစုံ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အညမညပစ္စယာ သမ္ပယုတ္တေ တိကံ။

သဟဇာတ ဝိပ္ပယုတ္တကျတော့ သဟဇာတ ဝိပ္ပယုတ္တမှာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စသည်တွေ ရှိပါတယ်။ ဒါဟာ အညမည ပထမအချက်နဲ့ မဆိုင်ပါဘူး။ ဒုတိယအချက် မဟာဘုတ်လဲ သဟဇာတ ဝိပ္ပယုတ္တမှာ မရှိပါဘူး။ အညမညရဲ့ တတိယအချက်ဖြစ်တဲ့ အချင်းချင်းအား တတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟာ အညမညမှာလဲ ရှိပါတယ်။ ဝိပ္ပယုတ္တမှာလဲ ရှိပါ တယ်။ ဒါကြောင့် ဒီတရားဟာ သဘာဂ ဖြစ်ပါတယ်။ သူ့ကို သချာ ထုတ်လိုက်ရင် ပစ္စည်းကလဲ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယ ဝတ္ထု၊ ပစ္စယုပ္ပန်ကလဲ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဆိုတော့ အဗျာကတ တရားတွေချည်း ဖြစ်ခြင်းကြောင့် အဗျာ ကတော အဗျာကတဿလို သချာ ကော်ပဲ ရပါတယ်။

အညမညမူ ဝိပ္ပယုတ္တ သဘာဂ ၌ အချင်းချင်းသား ဟတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟာဒယဝတ္ထု။ အညမညပစ္စယာ ဝိပ္ပယုတ္တေ ကော်။

အညမညသဘာဂ ရွေးချယ်ပြီးသွားပါပြီ။ အညမည သင်္ချာ တိကိရသဖြင့် မူလီဖြစ်တဲ့ သင်္ချာတွေမှာလဲ သင်္ချာတိကပဲ ရပါလိမ့်မယ်။ ဝိပါကနှင့် ဝိပ္ပယုတ္တမှာသာ သင်္ချာကော် ရပါတယ်။ ဒါ့ကြောင့် ဒီ(၂)ပစ္စည်းအတွက် ကော်ဆို၊ ကျန်တာတွေကို တိကဲ ဆိုရုံပါပဲ။

## အညမညပစ္စည်း သဘာဂ ပါဠိ

အညမညပစ္စယာ ဟေတုယာ တိကံ၊ အဓိပတိယာ တိကံ၊ သဟဇာတေ တိကံ၊ နိဿယေ တိကံ၊ ကမ္မေ တိကံ၊ ဝိပါကေ ကော်၊ အာဟာရေ တိကံ၊ ဣန္ဒြိယေ တိကံ၊ ဈာနေ တိကံ၊ မဂ္ဂေ တိကံ၊ သမ္ပယုတ္တေ တိကံ၊ ဝိပ္ပယုတ္တေ ကော်၊ အတ္ထိယာ တိကံ၊ အဝိဂတေ တိကံ။

## နိဿယပစ္စည်း သဘာဂ (၁၇)

အညမညပြီးတော့ နိဿယ ရောက်လာပါပြီ။ နိဿယမှာ ဝတ္ထာရမ္မဏရယ်လို့ အာရမ္မဏမျိုးလဲ ရှိပါတယ်။ သဟဇာတ နိဿယရယ်လို့ သဟဇာတမျိုး၊ ပုရေဇာတ နိဿယရယ်လို့ ပုရေဇာတမျိုး၊ သဟဇာတ ပုရေဇာတ မိဿက ရယ်လို့ မိဿကမျိုး ရှိပါတယ်။ ဒီနိဿယပစ္စည်းမှာ (၄)ကွက် ရှိသဖြင့် မူလီဖြစ်တဲ့ ပစ္စည်းတွေဟာ ဘယ်နှစ်ကွက်နဲ့ ဆိုင်မလဲ။ မျိုးပေါင်း ဘယ်လောက်နဲ့ ဆိုင်မလဲ ဆိုတာကို ကြည့်ရပါတယ်။ ကြည့်လိုက်တော့ မူလီ ဟေတုဆိုရင် သဟဇာတမျိုးနဲ့ ဆိုင်ပါတယ်။ သဟဇာတမျိုး တမျိုးနဲ့ဆိုင်တော့ နိဿယမှာ ခရေပွင့်ကလေးနဲ့ ခေါင်းဆောင်ဖြစ်ကြောင်း ပြထားသဖြင့် စဉ်းစားစရာ မလိုတော့ပါဘူး။ မူလီဖြစ်တဲ့ သုဒ္ဓသင်္ချာအတိုင်း ဆိုလိုက်ရရုံပါပဲ။ ဟေတုနဲ့ နိဿယ၊ နိဿယနဲ့ ဟေတုဟာ အတူတူပါပဲ။သဘာဂ (၁၇)ကတော့ သဟဇာတ နိဿယ သဘာဂ (၁၄)ထဲမှာ အာရမ္မဏမျိုးထဲက အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ (၃)ပစ္စည်း ထည့်ရပါတယ်။

နိဿယမူ ဟေတု သဘာဂ ဌ် သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ်(၆)ပါး။ နိဿယ ပစ္စယာ ဟေတုယာ သတ္တ။

အာရမ္မဏကျတော့ မူက ဝတ္ထာရမ္မဏ ရှိပါတယ်။ မူလီ အာရမ္မဏယာ ခရေပွင့်နဲ့ ခေါင်းဆောင်ပစ္စည်း ဖြစ်ပါတယ်။ ခေါင်းဆောင်ပစ္စည်းဖြစ်ရင် မူက ဝတ္ထာရမ္မဏကို ဆိုလိုက်ရရုံပါပဲ။ ဝတ္ထာရမ္မဏမှာ သချာ တိဏ် ရှိပါတယ်။

**နိဿယမူ အာရမ္မဏ သဘာဂ** ဌ် မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ နိဿယပစ္စယာ အာရမ္မဏေ တိဏိ။

အဓိပတိနဲ့ကျတော့ အဓိပတိ+နိဿယ၊ နိဿယ+အဓိပတိပါပဲ။ နိဿယက ဝတ္ထာ ရှိတယ်။ ဝတ္ထာနဲ့ မိကလေးနဲ့ ပေါင်း ဝတ္ထာမိ၊ သချာ ဧကံ ဖြစ်ပါတယ်။ အဗျာကတော အကုသလဿပါ။ သဟာမိက သဟဇာတ နိဿယထဲ ဝင်သဖြင့် သဟာဒိအတိုင်းပဲ ဆိုရပါတယ်။ ဒီတော့ ဝတ္ထာမိနဲ့ သဟာမိ ပေါင်းရင် သချာသည် အဋ္ဌဖြစ်ကြောင်း အရင်က ပြောခဲ့ပါပြီ။

**နိဿယမူ အဓိပတိ သဘာဂ** ဌ် အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တတ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ နိဿယပစ္စယာ အဓိပတိယာ အဋ္ဌ။

အနန္တရမျိုးတွေနဲ့ မဆိုင်ပါဘူး။ သဟဇာတနဲ့ သဟဇာတ နိဿယဟာ အတူတူပါပဲ။ သဟဇာတအကြီး သုဒ္ဓသချာကို ဆိုရရုံပါပဲ။

**နိဿယမူ သဟဇာတ သဘာဂ** ဌ် အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား

လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး၊ အချင်းချင်းအား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ နိဿယ ပစ္စယာ သဟဇာတေ နဝ။

အညမညမှာလဲ အညမညအတိုင်း ဆိုလိုက်ရုံပါပဲ။

**နိဿယမူ အညမည သဘာဂ ၌** အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေနာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော စိတ္တဇမဟာဘုတ်၊ ပဋိသန္ဓေ ကမ္မဇ မဟာဘုတ်၊ ဗာဟိရ မဟာဘုတ်၊ အာဟာရဇ မဟာဘုတ်၊ ဥတုဇ မဟာဘုတ်၊ အသညသတ် ကမ္မဇ မဟာဘုတ်၊ ပဝတ္တိကမ္မဇ မဟာဘုတ် အားဖြင့် မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ နိဿယပစ္စယာ အညမညေ **တီဏိ**။

မူလ် ဥပနိဿယမှာ အာရမ္မဏူပ နိဿယရှိတယ်။ မူနိဿယမှာ ဝတ္ထာ ရှိပါတယ်။ ဒီ (၂)မျိုးဟာ အာရမ္မဏမျိုး ဖြစ်တယ်။ အာရမ္မဏူပ နိဿယသည် အာမိန့် တူခြင်းကြောင့် ဝတ္ထာနဲ့ အာမိပေါင်းရင် ဝတ္ထာမိလို့ သချာ ဒကံပဲ ဖြစ်ပါတယ်။

**နိဿယမူ ဥပနိဿယ သဘာဂ ၌** အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တတ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ နိဿယပစ္စယာ ဥပနိဿယေ **ဧကံ**။

ပုရေဇာတကျတော့ ဝတ္ထာရမ္မဏဟာ အာပုထဲမှာ ပစ္စည်း ပစ္စယုပ္ပန် အကုန်ဝင်သဖြင့် ဝတ္ထာရမ္မဏအတိုင်း ဆိုရပါတယ်။ ပုရေနိန့် ဝတ်ပုဟာလဲ တူပါတယ်၊ နိဿယ (၄)ကွက် ရှိတဲ့ အနက်က ဝတ္ထာရမ္မဏနဲ့ ဝတ္ထုပုရေဇာတ နိဿယရဲ့ သုဒ္ဓသချာကို ရရပါတယ်။ သချာ

ကတော့ တီဏံ အရတူပါတယ်။ ဒါ့ကြောင့် သချ်ာလဲ တီဏံ ဖြစ်ပါ လိမ့်မယ်။

**နိဿယမူ ပုရေဇာတ သဘာဂ** ၌ မနောဒွါရာဝဇ္ဇန်း မရဏာ သန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေ သည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏ ဓာတ် အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်း။ နိဿယ ပစ္စယာ ပုရေဇာတေ တီဏိ။

ပစ္ဆာဇာတ အာသေဝန မဆိုင်ပါဘူး။ ကမ္မမှာ သဟဇာတ ကမ္မနဲ့ သဟဇာတ နိဿယ ဆိုင်ပါတယ်။ ကျန်တာတွေနဲ့ မဆိုင်ပါဘူး။ ဒီတော့ သဟဇာတကမ္မ အတိုင်း ဆိုလိုက်ရရုံပါပဲ။

**နိဿယမူ ကမ္မ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ်တာဝုယုတ် ကိုးဆယ်၌ ရှိသော စေတနာ။ နိဿယပစ္စယာ ကမ္မေ သတ္တ။

ဝိပါကမှာလဲ သဟဇာတ နိဿယက ခေါင်းဆောင် ဖြစ်ခြင်း ကြောင့် ဝိပါက သုဒ္ဓသချ်ာအတိုင်း ဆိုရရုံပါပဲ။ သဟဇာတမျိုးတွေ ဟူသမျှ ဒီအတိုင်းချည်း ဆိုရပါတယ်။

**နိဿယမူ ဝိပါက သဘာဂ** ၌ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်း ကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ နိဿယပစ္စယာ ဝိပါကေ ဇကံ။

အာဟာရမှာလဲ နာမ်အာဟာရကို ဆိုရရုံပါပဲ။ ရုပ်အာဟာ ရနဲ့ မဆိုင်ပါဘူး။

နိဿယမူ **အာဟာရ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိ သန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်အာဟာရ တရားကိုယ် (၃) ပါး။ နိဿယပစ္စယာ အာဟာရေ သတ္တ။

ဣန္ဒြိယကျတော့ သဟဇာတိန္ဒြိယ ဆိုရပါလိမ့်မယ်။ ပြီးတော့ ပုတိ ကလေးအတွက် ဝတ္ထုပုရေဇာတိန္ဒြိယ ရှိပါတယ်။ နိဿယမှာ ပုရေနိ ရှိပါတယ်။ဒါကြောင့် ဒီ(၂)ကွက်ကို ဆိုရပါလိမ့်မယ်။ ပုတိ ပိုလာတဲ့အတွက် သင်္ချာကတော့ မထူးပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ပုတိ က အဇ္ဈာကတော အဇ္ဈာကတသာပဲရတော့ သင်္ချာ သတ္တပဲ ဖြစ်ပါတယ်။

**နိဿယမူ** ဣန္ဒြိယ **သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ဒွေပဉ္စ ဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စ ဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ နိဿယပစ္စယာ ဣန္ဒြိယေ သတ္တ။

ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တဟာ သဟဇာတမျိုး သက်သက် ဖြစ်ခြင်း ကြောင့် ဒီပစ္စည်းတွေအတွက် မူလီဖြစ်တဲ့ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ ပစ္စည်းတွေရဲ့ သုဒ္ဓသင်္ချာအတိုင်း ဆိုရရုံပါပဲ။

**နိဿယမူ ဈာန သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဈာနင်တရားကိုယ် ငါးပါး။ နိဿယ ပစ္စယာ ဈာနေ သတ္တ။

**နိဿယမူ** မဂ္ဂ **သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော မဂ္ဂင်တရားကိုယ် (၉) ပါး။ နိဿယပစ္စယာ မဂ္ဂေ သတ္တ။

**နိဿယမူ သမ္ပယုတ္တ သဘာဂ** ၌ အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ နိဿယ ပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တကျတော့ နိဿယက ဝတ္ထာနဲ့ ဝိပ္ပယုတ္တက ဝတ္ထာဟာ တူပါတယ်။ ဝိပ္ပယုတ္တက သဟဝိပ်သည် သဟဇာတနိဿယထဲမှာ ဝင်ပါတယ်။ ပုရေဝိပ်နဲ့ ပုရေနိလဲ တူပါတယ်။ ပစ္ဆာကျတော့ နိဿယမှာ မရှိတော့ပါဘူး။ ဝတ္ထာရယ် သဟဝိပ်ရယ် ပုရေဝိပ်ရယ် ဒီ(၃)မျိုး

ပေါင်းလိုက်ရင် သချာသည့် ပဋ္ဌ ရပါတယ်။ ဒီ(၃)မျိုးကို ဆိုရ ပါလိမ့်မယ်။

**နိဿယမူ** ဝိပ္ပယုတ္တ **သဘာဂ**ဥ္ဘ မနောဒွါရာဝဇ္ဇန်း၊ မရဏာ သန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် လေးခု ဒွေပဥ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိ ကြဉ်သော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဥ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ် သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဥ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တတ် သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ နိဿယ ပစ္စယာ ဝိပ္ပယုတ္တေ ပဥ္စ။

အတ္ထိ၊ အဝိဂတကို ကြည့်လိုက်ရင် နိဿယက ဝတ္ထာဟာ အာပုထဲ ဝင်သဖြင့် ဝတ္ထာအတိုင်း ဆိုရပါတယ်။ သဟနိန့် သဟဟာ တူပါ တယ်။ ပုရေနိန့် ပုရေဟာလဲ တူပါတယ်။ သဟဇာတ ပုရေဇာတ မိဿကဟာလဲ တူပါတယ်။ အဲဒါကြောင့် နိဿယမှာရှိတဲ့ (၄)မျိုးလုံး ဖြစ်တဲ့ သုဒ္ဓသချာတွေကို ဆိုရပါလိမ့်မယ်။ သုဒ္ဓသချာဘုန်းက နိဿယ ဟာ သချာ တေရသ ရခဲ့ပါတယ်။ ဒါ့ကြောင့် သချာလဲ တေရသ ဖြစ်ပါလိမ့်မယ်။

**နိဿယမူ** အတ္ထိ၊ **အဝိဂတ သဘာဂ**ဥ္ဘ မနောဒွါရာဝဇ္ဇန်း၊ မရဏာ သန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည် ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ် သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ နိဿယပစ္စည်း၊ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ မိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်း ကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်

လေးပါး။ အချင်းချင်းအား တတ်သော ပဋ္ဌာဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ နိဿယပစ္စည်း။ ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော သဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ နိဿယပစ္စည်း။ အချင်းချင်းအား တတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ကေဝိသ+စေတသိက် ဒွေပဉ္စသ အဝိတ်အစိတ်နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစပြုသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ နိဿယပစ္စယာ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

သုဒ္ဓသင်္ချာကိုရရင် မခက်ပါဘူး။ ဒါတွေဟာ သုဒ္ဓသင်္ချာတွေကို ချည်း ဆိုနေတာပါပဲ။ ထူးထူးဆန်းဆန်း တယ်မရှိလှပါဘူး။ ပါဠိကလေး စီလိုက်ကြဦးစို့။

## နိဿယပစ္စည်း သဘာဂပါဠိ

နိဿယပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ တိဏိ၊ အဓိပတိယာ အဋ္ဌ၊ သဟဇာတေ နဝ၊ အညမညေ တိဏိ၊ ဥပနိဿယေ ဧကံ၊ ပုရေဇာတေ တိဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တိဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။

## ဥပနိဿယပစ္စည်း သဘာဂ (၁၃)

နိဿယ ပြီးသွားပါပြီ။ ဥပနိဿယပစ္စည်းမှာ အာရမ္မဏူပနိဿယမျိုး၊ အနန္တရူပ နိဿယမျိုး၊ ပကတူပ နိဿယမျိုးရယ်လို့ (၃) မျိုး ရှိပါတယ်။ ဒီတော့ သူတို့ဆိုင်ရာဖြစ်တဲ့ မျိုးတွေကြည့်ပြီး သဘာဂ ရွေးရပါလိမ့်မယ်။ အာရမ္မဏမျိုး သဘာဂ (၇)ထဲမှာ အနန္တရူပ နိဿယမျိုးက အနန္တရ၊ သမနန္တရ၊ အာသေဝန၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ (၆)ခုတည့်လို့ (၁၃) ဖြစ်ပါတယ်။ ဟေတုဆိုရင် သဟဇာတမျိုး

ဖြစ်နေခြင်းကြောင့် ဥပနိဿယမှာ သဟဇာတမျိုး မရှိပါဘူး။ ကွက်လပ် ဖြစ်နေပါတယ်။ ကွက်လပ်ဖြစ်နေရင် စဉ်းစားစရာကို မလိုပါဘူး။ သဘာဂ လုံးဝ မဖြစ်နိုင်ပါဘူး။ စာရှိသည့်တိုင်အောင် သဘာဂ ဖြစ် မဖြစ် စဉ်းစားရပါတယ်။ အာရမ္မဏကျတော့ အာရမ္မဏူပ နိဿယ ဟာ အာရမ္မဏနဲ့ မျိုးတူခြင်းကြောင့် အာရမ္မဏူပ နိဿယအတိုင်း ဆိုပါ။ သချ်ာကလဲ သတ္တ ဖြစ်ပါတယ်။ အာရမ္မဏဟာ ခေါင်းဆောင် ခရေပွင့်ရှိတဲ့ ပစ္စည်းဖြစ်ခြင်းကြောင့် အာဝိ သုဒ္ဓသချ်ာအတိုင်း ဆိုရပါပဲ။

ဥပနိဿယမှု အာရမ္မဏ သဘာဂ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသ မူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သော စိတ် (၈၄)ခု၊ ဒေါစတုက် ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာ လီသ၊ နိဗ္ဗာန်။ ဥပနိဿယပစ္စယာ အာရမ္မဏေ သတ္တ။

အဓိပတိမှာ အာဝိနဲ့ အာရမ္မဏူဟာ အတူတူပါပဲ။ သဟာဝိနဲ့ မဆိုင်ပါဘူး။ ဒါ့ကြောင့် ခုနက သုဒ္ဓသချ်ာကိုပဲ ထပ်ဆိုရပါလိမ့်မယ်။

ဥပနိဿယမှု အဓိပတိ သဘာဂ၌ အလေးအမြတ်ပြုတတ်သော လောဘမူစိတ် ရှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ မဟာကြိယာ ဉာဏ သမ္ပယုတ်စိတ် လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော အလေး အမြတ်ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူဒွေ မောဟမူဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ်ကြဉ်သောစိတ် (၈၄)ခု၊ ဒေါစတုက် ဝိစိကိစ္ဆာကြဉ်သော စေတသိက် သတ္တစတ္တာလီသ၊ နိဗ္ဗာန်။ ဥပနိဿယပစ္စယာ အဓိပတိယာ သတ္တ။

အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတတွေဟာ အနန္တရူပ နိဿယနဲ့ အတူတူပါပဲ။ ဒါ့ကြောင့် ဒီ(၄)ပစ္စည်းကို မူလီသွတ်ပြီး တခါထဲ ဆိုလိုက်ကြပါစို့။

ဥပနိဿယမှု **အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ သဘာဝ** ၌ ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား တတ်သော ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော စိတ်တခုပုတ် ကိုးဆယ် စေတသိက် ဒွေပညာသ ပစ္စတ်ပဇ်္ဈသဇ္ဈေ နာမက္ခန္ဓာလေးပါး။ ဥပနိဿယပစ္စယာ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ။

သဟဇာတ အညမည သဘာဝ မဟုတ်ပါဘူး။ နိဿယမှာ ဝတ္ထုနဲ့ ဓိကို ဝတ္ထာဓိလို့ နိဿယနဲ့ ဥပနိဿယက ရွေးခဲ့တဲ့ အတိုင်းပါပဲ။

**ဥပနိဿယမှု နိဿယ သဘာဝ** ၌ အလေးအမြတ်ပြုထားသော လောဘမူ မရဏာသန္နဇော ငါးချက်အား တတ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဥပနိဿယပစ္စယာ နိဿယေ ဧကံ။

ပုရေဇာတကျတော့ ပုရေဇာတမှာ အာပု ရှိပါတယ်။ အာရမ္မဏူပာ အာမိနဲ့တူခြင်းကြောင့် မိဆိုတဲ့ အသံကလေး ပျာလိုက်ပါ။ အာပုမိ ဖြစ်ပါတယ်။ ဝတ်ပုနဲ့ မဆိုင်ပါဘူး။ အာပုမိပဲ ရပါတယ်။ သင်္ချာလဲ ဧကံပဲ ဖြစ်ပါတယ်။

**ဥပနိဿယမှု ပုရေဇာတ သဘာဝ** ၌ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဥပနိဿယ ပစ္စယာ ပုရေဇာတေ ဧကံ။

ပစ္ဆာဇာတနဲ့ မဆိုင်ပါဘူး။ အာသေဝနမှာ အနန္တရူပ နိဿယက ခရေပွင့် ရှိခြင်းကြောင့် အာသေဝနရဲ့ သုဒ္ဓသင်္ချာအတိုင်း ဆိုရရုံပါပဲ။

**ဥပနိဿယမှု အာသေဝန သဘာဝ** ၌ ပထမဇော ဖိုလ်ဇော ကြဉ်သော နောက်နောက်သော ဇောကေပညာသအား တတ်သော အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ ဥပနိဿယပစ္စယာ အာသေဝနေ တီဏိ။

ကမ္မမှာ အနန္တရကမ္မနဲ့ ဗလဝကမ္မ ဒီ (၂)မျိုးကို ဆိုရပါလိမ့်မယ်။ သဟဇာတကမ္မနဲ့ မဆိုင်ပါဘူး။ အနန္တရကမ္မသည် အနန္တရူပနိဿယထဲ ဝင်တယ်။ ဗလဝကမ္မသည် ပကတူပ နိဿယထဲ ဝင်တယ်။ သချာဟာ ဒွေပဲ ရပါတယ်။

ဥပနိဿယမူ ကမ္မ သဘာဂ ၌ မဂ္ဂါနန္တရ ဖိုလ်လေးခုအား တတ်သော မဂ်လေးခု စေတနာဟု ဆိုအပ်သော အနန္တရ ကမ္မပစ္စည်း။ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာအား တတ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝနာနာက္ခဏိက ကမ္မပစ္စည်း၊ ဥပနိဿယပစ္စယာ ကမ္မေ ဒွေ။

ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဒါတွေဟာ ဥပနိဿယနဲ့ ကွက်တူမရှိပါဘူး။ ဝိပ္ပယုတ္တကျတော့ ဝတ္ထာရှိပါတယ်။ နိဿယတုန်းကလို အာရမ္မဏူပ နိဿယနဲ့ဆိုရင် ဝတ္ထာမိရပါတယ်။

ဥပနိဿယမူ ဝိပ္ပယုတ္တ သဘာဂ ၌ အလေးအမြတ် ပြုတတ်သော လောဘမူ မဟာသန္တီရဏ ငါးချက်အား တတ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဥပနိဿယပစ္စယာ ဝိပ္ပယုတ္တေ ဧကံ။

အတ္ထိ၊ အဝိဂတမှာလဲ အာပုနဲ့ အာရမ္မဏူပ နိဿယသည် အာရမ္မဏမျိုးချင်း တူပါတယ်။ ကျန်တာတွေဟာ ဥပနိဿယနဲ့ သဘောတူတဲ့ အကွက် မရှိပါဘူး။ အာပုနဲ့ မိနဲ့ ပေါင်းလိုက်ရင် အာပုမိ ပါပဲ။ သချာလဲ ဧကံပဲ ရပါတယ်။

**ဥပနိဿယမူ အတ္ထိ**၊ အဝိဂတ သဘာဂ ၌ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဥပနိဿယ ပစ္စယာ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။

သဘာဂ ရွေးပြီးပါပြီ။ ပါဠိကလေး စဉ်လိုက်ကြပါဦးစို့။

## ဥပနိဿယပစ္စည်း သဘာဂ ပါဠိ

ဥပနိဿယပစ္စယာ အာရမ္မဏေ သတ္တ၊ အဓိပတိယာ သတ္တ၊ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ နိဿယေ ဧကံ၊ ပုရေဇာတေ ဧကံ၊ အာသေဝနေ တီဏိ၊ ကမ္မေ ဒွေ၊ ဝိပ္ပယုတ္တေ ဧကံ၊ အတ္ထိယာ ဧကံ၊ နတ္ထိယာ သတ္တ၊ ဝိဂတေ သတ္တ၊ အဝိဂတေ ဧကံ။

သာဓု - သာဓု - သာဓု။

# *ပဋ္ဌာန်း၊ ကုသလတ္တိက် ပဋ္ဌာဝါရ အနုလောမ သန္နိစ္စယ်သ ချုပ်ချခန်း

## ပုရေဇာတပစ္စည်း သဘာဂ (၈)

အရင်အပတ်က ဥပနိဿယ ပြီးသွားပြီ။ ယခု ပုရေဇာတ။ ပုရေဇာတမှာ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထုပုရေဇာတ ရယ်လို့ (၂) မျိုး ရှိပါတယ်။ အာရမ္မဏမျိုးနဲ့ ဝတ္ထုမျိုးပါ။ အာရမ္မဏမျိုးနဲ့ ဝတ္ထုမျိုး ဖြစ်သဖြင့် သဘာဂကိုလဲ အာရမ္မဏမျိုးနဲ့ ဝတ္ထုမျိုးကိုသာ လျှင် ကြည့်ရပါတယ်။ တပါးတခြားကို ကြည့်စရာမလိုပါဘူး။ မူလီ ဖြစ်တဲ့ ပစ္စည်းတွေဟာ (၂)မျိုး ဖြစ်နေရင် (၂)မျိုးပဲ ကြည့်ရပါ တယ်။ ဟေတုနဲ့ မဆိုင်ပါဘူး။ အာရမ္မဏမှာ ခရေပွင့်လေး ရှိသဖြင့် အာရမ္မဏ ပုရေဇာတအတိုင်း ဆိုလိုက်ရရုံပါပဲ။

**ပုရေဇာတမူ အာရမ္မဏ သဘာဂ၌** ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ။ ဤတရားတို့သည် ပုရေဇာတ အာရမ္မဏ ပစ္စည်း တတ် သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ပုရေဇာတပစ္စယော အာရမ္မဏော တိကိဟု သချာတတ်၍ ဟောအပ် ကုန်၏။

အဓိပတိမှာ အာဓိနဲ့ အာပု မျိုးတူပါတယ်။ ဝတ်ပု စဉ်းစား စရာ မလိုပါဘူး။ အာပုနဲ့ မိလို့ ဆိုသဖြင့် တွဲနေကျအတိုင်း အာပုမိ ဖြစ်ပါတယ်။ အာပုမိဟာ သချာ ကော်ပဲ ရပါတယ်။

**ပုရေဇာတမူ အဓိပတိ သဘာဂ၌** အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ပုရေဇာတပစ္စယာ အဓိ ပတိယာ ကော်။

---

* ၁၃၂၈ ခု၊ နတ်တော်လဆုတ် ၁၁ (၇-၁-၆၇) စနေ (ဆွမ်းစားပြီးမှ)

အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည မျိုးမတူပါဘူး။ နိဿယမှာ ဝတ္ထာနဲ့ အာပုသည် ဝတ္ထာက နည်းသဖြင့် ဝတ္ထာအတိုင်း ဆိုရပါတယ်။ ပုရေနိနဲ့ ဝတ်ပုဟာ အတူတူပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဝတ္ထာရမ္မဏနဲ့ ဝတ္ထုပုရေဇာတကို ဆိုရပါတယ်။ သင်္ချာကလဲ တီဏိပဲ ရပါတယ်။

ပုရေဇာတမူ နိဿယ သဘာဂ ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည် ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတပစ္စယာ နိဿယေ တီဏိ။

ဥပနိဿယမှာ အာရမ္မဏူပ နိဿယနဲ့ အာပု သဘာဂ ဖြစ်ပါတယ်။ အာရမ္မဏူပနိဿယသည် အာဓိနဲ့ တူသဖြင့် အဓိပတိအတိုင်း အာပုဓိပဲ ရပါတယ်။ သင်္ချာဟာ ဧကံပါပဲ။

ပုရေဇာတမူ ဥပနိဿယ သဘာဂ ၌ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသ။ ပုရေဇာတပစ္စယာ ဥပနိဿယေ ဧကံ။

ပစ္ဆာဇာတ၊ အာသေဝန၊ ကမ္မ၊ ဝိပါက၊ အာဟာရ မဆိုင်ပါဘူး။ ဣန္ဒြိယမှာ ပုတိံ ကလေး ရှိပါတယ်။ ပုတိံ ဟာ ဝတ်ပုထဲမှာ ဝင်သဖြင့် ပုတိံ အတိုင်း ဆိုလိုက်ရရုံပါပဲ။

ပုရေဇာတမူ ဣန္ဒြိယ သဘာပ ၌ ဒွေပဉ္စ ဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ ပုရေဇာတ ပစ္စယာ ဣန္ဒြိယေ ဧကံ။

ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ မဆိုင်ပါဘူး။ ဝိပ္ပယုတ္တက ဝတ္ထာနဲ့ ပုရေဝိပ်ရှိတယ်။ အာပုနဲ့ ဝတ္ထာဟာ ဝတ္ထာကနည်းသဖြင့် ဝတ္ထာအတိုင်း ဆိုရပါတယ်။ ပုရေဝိပ်နဲ့ ဝတ်ပုဟာ တူပါတယ်။ ဒါ့ကြောင့် နိဿယ

သဘောအတိုင်း ဝတ္တာနဲ့ ပုရေဝိပ်ကိုပဲ ဆိုရပါတယ်။ သင်္ချာလဲ တီဏိပဲ ရပါတယ်။

**ပုရေဇာတမှု ဝိပ္ပယုတ္တ** သဘာဂ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

ပုရေဇာတက အာပု+ဝတ်ပု၊ အတ္ထိ၊ အဝိဂတက အာပု+ပုရေ ဆိုတာ အတူတူပါပဲ။ ဒါ့ကြောင့် ပုရေဇာတမှာ ရှိတဲ့အတိုင်း အာပုရော ဝတ်ပုရော ဆိုရပါတယ်။ သင်္ချာလဲ တီဏိပဲ ရပါတယ်။

**ပုရေဇာတမှု အတ္ထိ၊ အဝိဂတ သဘာဂ**၌ ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတအဘိညာဉ်အား တတ်သော ပစ္စုပ္ပန်နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတပစ္စည်း၊ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။ ပုရေဇာတ ပစ္စယာ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ။

ပုရေဇာတ ပြီးသွားတော့ ပါဠိကလေး စီလိုက်ရုံပဲ လိုပါတော့တယ်။

## ပုရေဇာတပစ္စည်း သဘာဂ ပါဠိ

ပုရေဇာတ ပစ္စယာ အာရမ္မဏေ တီဏိ၊ အဓိပတိယာ ဧကံ၊ နိဿယေ တီဏိ၊ ဥပနိဿယေ ဧကံ၊ ဣန္ဒြိယေ ဧကံ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ။

## ပစ္ဆာဇာတပစ္စည်း သဘာဂ (၃)

ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတ အကွက်ကို ကြည့်လိုက်ရင် ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတလို့ (၄)ပစ္စည်းပဲ ရှိပါတယ်။

အဲဒီ(၄)ပစ္စည်းဟာ ပစ္စည်း ပစ္စယုပ္ပန် အားလုံးကန့် တူပါတယ်။ ဒါ့ကြောင့် ပစ္ဆာဇာတရဲ့ သုဒ္ဓသင်္ချာအတိုင်း ဆိုလိုက်ရရုံပါပဲ။

**ပစ္ဆာဇာတမူ** ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ သဘာဂ၌ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါး။ ပစ္ဆာဇာတ ပစ္စယာ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ၊ ပါဠိကလဲ ဒါပါပဲ။

## အာသေဝနပစ္စည်း သဘာဂ (၅)

အာသေဝနပစ္စည်းဟာ အနန္တရူပမျိုး ဖြစ်ပါတယ်။ အနန္တရူပမျိုးထဲက အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ နတ္ထိ၊ ဝိဂတ တွေဟာ ခေါင်းဆောင်ဖြစ်တဲ့ ပစ္စည်းတွေ ဖြစ်ပါတယ်။ သူတို့ကို ခရေပွင့်ကလေးတွေနဲ့ ပြထားပါတယ်။ ဒီတော့ အာသေဝနအတိုင်း ဆိုရပါတယ်။ အနန္တရကမ္မနဲ့ကျတော့ အာသေဝနဟာ သဘာဂ မဖြစ်ပါဘူး။ ဘာ့ကြောင့်လဲဆိုရင် အာသေဝနရဲ့ ပစ္စည်းတရားသည် လောကီဇော သတ္တစတ္တာလီသ ဖြစ်ပါတယ်။ အနန္တရကမ္မက မဂ် လေးခု စေတနာဖြစ်ပါတယ်။ ပစ္စယုပ္ပန်မှာလဲ အာသေဝနက ဖိုလ် ကြဉ်ထားပါတယ်။ အနန္တရ ကမ္မက ဖိုလ်ရပါတယ်။ ဒါ့ကြောင့် အာသေဝနနဲ့ အနန္တရ ကမ္မဟာ သဘာဂ မဖြစ်ပါဘူး။ ကျန်တဲ့ မူလီပစ္စည်းတွေအတွက် အာသေဝနရဲ့ သုဒ္ဓသင်္ချာကို ဆိုလိုက်ရရုံပါပဲ။

**အာသေဝနမူ** အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ **သဘာဂ၌** ပဌမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇော ကေပညာသအား တတ်သော အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ။ အာသေဝန ပစ္စယာ အနန္တရေ တီဏိ၊ သမနန္တရေ တီဏိ၊ ဥပနိဿယေ တီဏိ၊ နတ္ထိယာ တီဏိ၊ ဝိဂတေ တီဏိ။

## ကမ္မပစ္စည်း သဘာဂ (၁၄)

လွယ်တဲ့ပစ္စည်းတွေကျတော့ ပါဠိ အထူးဆိုနေစရာ မလိုတော့ပါဘူး။ ကမ္မမှာ လေးမျိုးရှိပါတယ်။ သဟဇာတကမ္မ၊ အနန္တရကမ္မ၊ ဗလဝနာနာက္ခဏိက ကမ္မ၊ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မရယ်လို့ လေးမျိုးရှိတဲ့အနက် ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မမှာ တက္ကဲရှိပါတယ်။ သူနဲ့ သဘာဂဖြစ်နိုင်တဲ့ တရား ဘယ်ပစ္စည်းမှာမှ မရှိသဖြင့် သူ့အတွက် စဉ်းစားစရာ မလိုပါဘူး။ သဟဇာတ ကမ္မမှာ သဟဇာတမျိုးကို ကြည့်ရပါလိမ့်မယ်။ အနန္တရ ကမ္မအတွက် အနန္တရူပမျိုး၊ ဗလဝနာနာက္ခဏိက ကမ္မအတွက် ပကတူပမျိုးကို ကြည့်ရပါလိမ့်မယ်။ သဟဇာတမျိုးကို ကြည့်ရတယ်ဆိုပေမယ့် ဟေတုဟာ ကမ္မနဲ့ သဘာဂမဖြစ်ပါဘူး။ အာရမ္မဏလဲ မဆိုင်ပါဘူး။ အဓိပတိနဲ့လဲပဲ သဟဇာတ ကမ္မနဲ့ သဘာဂမဖြစ်ပါဘူး။ အနန္တရမှာ အနန္တရကမ္မ ရှိပါတယ်။ အဲဒီ အနန္တရ ကမ္မအတိုင်း ဆိုရပါလိမ့်မယ်။

**ကမ္မံ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ** သဘာဂ ၌ မဂ္ဂါနန္တရဖိုလ်လေးခုအား တတ်သော မဂ်လေးခု စေတနာ။ ဤတရားတို့သည် ကမ္မ၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ကမ္မပစ္စယာ အနန္တရေ ဧကံ။ သမနန္တရေ ဧကံ၊ နတ္ထိယာ ဧကံ၊ ဝိဂတေ ဧကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

သဟဇာတသည် ခေါင်းဆောင်ပစ္စည်းဖြစ်သဖြင့် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (၄)ပစ္စည်းကို မူလီသွတ်နိုင်ပါတယ်။ သုဒ္ဓသင်္ချာကတော့ သဟဇာတ ကမ္မအတိုင်း ဆိုရပါတယ်။ သင်္ချာကလဲ ဇယားမှာ ရေးထားတဲ့အတိုင်း သတ္တပဲ ဖြစ်ပါတယ်။

**ကမ္မံ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ်တခုယုတ်ကိုးဆယ်၌ရှိသော စေတနာ၊ ကမ္မပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

အညမညကျတော့ ဟေတုက ပြောခဲ့တဲ့အတိုင်း သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု ပစ္စယုပ္ပန် ဖြစ်ပါတယ်။

ကမ္မံ အညမည သဘာဂေ ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော စိတ်တခုယုတ် ကိုးသယ်၌ ရှိသော စေတနာ။ ကမ္မပစ္စယာ အညမညေ တိဏိ။

နိဿယ ပြီးသွားပါပြီ။ ဥပနိဿယမှာ အနန္တရူပနိဿယ၊ ပကတူပနိဿယ (၂)မျိုးရှိတဲ့အနက် အနန္တရကမ္မသည် အနန္တရူပနိဿယထဲမှာ ဝင်ပါတယ်။ ဗလဝနာနာက္ခဏိက ကမ္မသည် ပကတူပထဲမှာ ဝင်ပါတယ်။ဒါ့ကြောင့် ၎င်း(၂)မျိုးလုံးကိုပင် ဆိုရပါလိမ့်မယ်။

ကမ္မံ ဥပနိဿယ သဘာဂ၌ မဂ္ဂါနန္တရ ဖိုလ်လေးခုအား တတ်သော မဂ်လေးခု စေတနာဟု ဆိုအပ်သော အနန္တရ ကမ္မပစ္စည်း။ ဝိပါက်စိတ်သတ္တိသ နာမက္ခန္ဓာအား တတ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မပစ္စယာ ဥပနိဿယေ ဒွေ။

ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာသေဝန မဆိုင်ပါဘူး။ ဝိပါက မှာ ဝိပါက်မှာရှိတဲ့ စေတနာလို့ ဆိုရပါလိမ့်မယ်။

ကမ္မံ ဝိပါက သဘာဂ ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော စေတနာ။ ကမ္မပစ္စယာ ဝိပါကေ ဧကံ။

အာဟာရကျတော့ သဟဇာတ ကမ္မက စေတနာရှိပါတယ်။ နာမ်အာဟာရက ဖဿ၊ စေတနာ၊ ဝိညာဉ်လို့ ဆိုသဖြင့် သဟဇာတ ကမ္မရဲ့ ပစ္စည်း ပစ္စယုပ္ပန် အားလုံးသည် နာမ်အာဟာရထဲမှာ ဝင်ပါတယ်။ ဒါ့ကြောင့် သဟဇာတ ကမ္မအတိုင်း ဆိုရရုံပါပဲ။

ကမ္မံ အာဟာရ သဘာဂ ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။ ကမ္မပစ္စယာ အာဟာရေ သတ္တ။

နာမ်ရုပ်ခြေ တရားကိုယ် ရှစ်ပါး၊ ဈာနင်ငါးပါး၊ မဂ္ဂင်ကိုးပါး ထဲမှာ စေတနာမရှိပါဘူး။ ဒါ့ကြောင့် ၎င်းတို့နှင့် သဘာဂမဖြစ်ပါ ဘူး။ သမ္ပယုတ္တဆိုတော့ နာမ်သက်သက် ဖြစ်ခြင်းကြောင့် သမ္ပယုတ္တ ခန္ဓာလို့ ဆိုရရုံပါပဲ။ ရုပ်တွေ မပါတော့ပါဘူး။

ကမ္မံ သမ္ပယုတ္တ သဘာဂ ၌ သမ္ပယုတ္တခန္ဓာအား တတ်သော ဝိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာ၊ ကမ္မပစ္စယာ သမ္ပယုတ္တေ တိဏိ။

ဝိပ္ပယုတ္တကျတော့ သဟဇာတ ဝိပ္ပယုတ္တနဲ့ သဘာဂ ဖြစ်ပါတယ်။ သဟဇာတ ဝိပ္ပယုတ္တရဲ့ ပစ္စယုပ္ပန်မှာ ရုပ်တွေ ရှိပါတယ်။ ဒါ့ကြောင့် ရုပ်တွေကို ဆိုရပါလိမ့်မယ်။ ပစ္စယုပ္ပန် ရုပ်ဖြစ်ခဲ့လို့ရှိရင် အမြဲ ၎င်းရုပ်ကို မဖြစ်စေနိုင်တဲ့ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကို ကြဉ်ရပါတယ်။ (၈၉)ခုထဲမှာ (၁၄)ခု ကြဉ်လိုက်ရင် (၇၅)ခုပဲ ရှိတော့တယ်။ ဒါ့ကြောင့် (၇၅)ခုမှာရှိတဲ့ စေတနာလို့ ဆိုရပါတယ်။

**ကမ္မံ** ဝိပ္ပယုတ္တ **သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော စိတ် (၇၅)ခု၌ ရှိသော စေတနာ။ ကမ္မပစ္စယာ ဝိပ္ပယုတ္တေ တိဏိ။

အတ္ထိ၊ နတ္ထိ၊ ဝိဂတ၊ အဝိဂတ ဆိုပြီးပါပြီ။ ပါဠိစဉ်ရုံပဲ ရှိပါတော့တယ်။

## ကမ္မပစ္စည်း သဘာဂ ပါဠိ

ကမ္မပစ္စယာ အနန္တရေ ဧကံ။ သမနန္တရေ ဧကံ၊ သဟဇာတေ သတ္တ၊ အညမညေ တိဏိ၊ နိဿယေ သတ္တ၊ ဥပနိဿယေ ဒွေ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ သမ္ပယုတ္တေ တိဏိ၊ ဝိပ္ပယုတ္တေ တိဏိ၊ အတ္ထိယာ သတ္တ၊ နတ္ထိယာ ဧကံ၊ ဝိဂတေ ဧကံ၊ အဝိဂတေ သတ္တ။

## ဝိပါကပစ္စည်း သဘာဂ (၁၄)

ကမ္မပြီးတော့ ဝိပါကပစ္စည်း။ ဝိပါကပစ္စည်းဟာ သဟဇာတ မျိုး ဖြစ်ခြင်းကြောင့် တပါးတခြားသော မျိုးတွေကို ကြည့်စရာ မလိုပါဘူး။ အားလုံးကုန်သော (၁၄)ပါးသော ပစ္စည်းတွေနဲ့ ဝိပါကဟာ သဘာဂဖြစ်ပါတယ်။ သဘာဂဆိုတာ တပြိုင်နက် ရတဲ့ တရားတွေကို ယူရပါတယ်။ ဆဲဋ္ဌနာမှာလဲ ယှိုနည်းတူစွာ တပြိုင်နက် ဖြစ်တဲ့ တရားတွေကို ယူရပါတယ်။ ဒါ့ကြောင့် သဘာဂ ရွေးတဲ့

အခါမှာ ပစ္စည်းရော ပစ္စယုပ္ပန်ရော (၂)ဘက်လုံးရတဲ့ တရားတွေကို သာလျှင် ရွေးရပါတယ်။

ဝိပါကမူ ဟေတု သဘာဂ၌ (ဟေတု ဝိပါက၊ ဝိပါက ဟေတု အတူတူပါပဲ)။ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော သဟိတ်ဝိပါက်၌ရှိသော ဟိတ်(၃)ပါး။ ဤတရားတို့သည် ဝိပါက ဟေတု ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဝိပါကပစ္စယာ ဟေတုယာ ဧကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

အာရမ္မဏနဲ့ မသိုင်ပါဘူး။ အဓိပတိဆိုတော့ ဇောတိုက်တဲ့ ဝိပါက်သည် ဖိုလ်လေးခုပဲ ရှိပါတယ်။ ဒါကြောင့် ဖိုလ်လေးခုမှာ ရှိတဲ့ အဓိပတိတရားကိုယ် လေးပါးရယ်လို့ ဆိုရပါတယ်။ သင်္ချာက တော့ ကိန်းသေ ဧကံပဲ ရပါတယ်။

ဝိပါကမူ **အဓိပတိ** သဘာဂ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇ ရုပ်အား တတ်သော ဖိုလ်လေးခု၌ရှိသော အဓိပတိတရားကိုယ် (၄)ပါး တို့တွင် တပါးပါး။ ဝိပါကပစ္စယာ အဓိပတိယာ ဧကံ။

သဟာကြီး (၄)ပစ္စည်းကို မူလီတခါထဲ သွတ်လိုက်ကြပါစို့။ သဟာကြီး(၄)ပစ္စည်းကို မူလီသွတ်ရင် မူသုဒ္ဓသင်္ချာကိုပဲ ဆိုရပါတယ်။ သဟာကြီး(၄)ပစ္စည်းက တရားအများဆုံးရလို့ ဖြစ်ပါတယ်။

ဝိပါကမူ **သဟဇာတ** နိဿယ၊ အတ္ထိ၊ **အဝိဂတ** **သဘာဂ**၌ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး၊ ဟဒယဝတ္ထုအား တတ်သော ပဋိသန္ဓေ ဝိပါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ၊ ဝိပါကပစ္စယာ သဟဇာတေ ဧကံ၊ နိဿယေ ဧကံ၊ အတ္ထိယာ ဧကံ၊ အဝိဂတေ ဧကံ။

အညမညနဲ့ကျတော့ အလတ်အချင်းချင်း ဖြစ်ပါတယ်။ အညမညနဲ့ ဝိပါက သဘောအတိုင်းပါပဲ။ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်းလို့ ဆိုရပါ ပေမယ့်။

**ဝိပါကမူ အညမည သဘာဂ**၌ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ (၄)ပါး။ ဟဒယ ဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဝိပါက ပစ္စယာ အညမညေ ဇကံ။

ဒီမှာ အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအားလည်းကောင်းလို့ ဆိုတယ်။ ပြီးတော့ နောက်တဖန် ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာလို့ ဆိုပြန်တယ်။ ဒီ ဟဒယဝတ္ထုတွေဟာ များနေမလားလို့ ဆိုတော့ မများပါဘူး။ ဝိဘင်းက ဘယ်လိုထွက်လာမလဲ။ ဒီ ဟဒယဝတ္ထုဟာ ပဋိသန္ဓေ အတွက်ပါ။ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ ဝတ္ထုဿစ ဝိပါက ပစ္စယေန ပစ္စယော အညမည ပစ္စယေန ပစ္စယော၊ တယော ခန္ဓာ ဧကဿ ခန္ဓဿ ဝတ္ထုဿစ ဝိပါက ပစ္စယေန ပစ္စယော အညမည ပစ္စယေန ပစ္စယော၊ ဒွေခန္ဓာ ဒွိန္နံ ခန္ဓာနံ ဝတ္ထုဿစ ဝိပါက ပစ္စယေန ပစ္စယော အညမည ပစ္စယေန ပစ္စယော၊ ခန္ဓာ ဝတ္ထုဿ ဝိပါက ပစ္စယေန ပစ္စယော အညမည ပစ္စယေန ပစ္စယောလို့ ထွက်လာတဲ့ တရားကလေးကြည့်ပြီး ဝိဘင်းထုတ်လိုက်တဲ့အခါမှာ အင်မတန် ရှင်းပါတယ်။ ဟဒယဝတ္ထု ကလေးဟာ ပိုမနေပါဘူး။

ကမ္မဟာ အငယ်ဖြစ်ပါတယ်။ ကမ္မနဲ့ ဝိပါက၊ ဝိပါကနဲ့ ကမ္မ ဟာ အတူတူပါပဲ။

**ဝိပါကမူ ကမ္မ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော စေတနာ။ ဝိပါကပစ္စယာ ကမ္မေ ဇကံ။

အငယ်တွေမှာ ဒီသဘောပဲ အကုန်သွားပါလိမ့်မယ်။

**ဝိပါကမူ အာဟာရ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိ သန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော နာမ်အာဟာရ တရားကိုယ်(၃)ပါး။ ဝိပါကပစ္စယာ အာဟာရေ ဇကံ။

**ဝိပါကမူ ဣန္ဒြိယ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ ဝိပါက ပစ္စယာ ဣန္ဒြိယေ ကော်။

**ဝိပါကမူ ဈာန သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ဒွေပဉ္စ ဝိညာဉ်တဆယ်ကြဉ်သော ဝိပါက်စိတ်ဆမ္ပိသဥ်ရှိသော ဈာနင်တရားကိုယ် ငါးပါး။ ဝိပါက ပစ္စယာ ဈာနေ ကော်။

မဂ္ဂကျတော့ မဂ္ဂင်တရားကိုယ် (၉)ပါးရှိတဲ့အနက် ဒိဋ္ဌိသည် ဒိဋ္ဌိဂတ သမ္ပယုတ်စိတ် (၄)ခုမှာသာ ယှဉ်ပါတယ်၊ ဝိပါကနဲ့ မဆိုင်ပါဘူး။ ဒါ့ကြောင့် မဂ္ဂင်တရားကိုယ် (၉)ပါးလို့ မဆိုရပါဘူး။ ရှစ်ပါးလို့ ဆိုရပါတယ်။

**ဝိပါကမူ မဂ္ဂ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော သဟိတ်ဝိပါက်၌ ရှိသော မဂ္ဂင်တရားကိုယ် ရှစ်ပါး။ ဝိပါကပစ္စယာ မဂ္ဂေ ကော်။

သမ္ပယုတ္တမှာ နာမ်သာလျှင်ရှိသဖြင့် ရုပ်တွေ ချန်ခဲ့ရပါတယ်။

**ဝိပါကမူ သမ္ပယုတ္တ သဘာဂ** ၌ အချင်းချင်းအား တတ်သော အလုံးစုံသော ဝိပါက်ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဝိပါက ပစ္စယာ သမ္ပယုတ္တေ ကော်။

ဝိပ္ပယုတ္တကျတော့ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တွေ ရှိပါတယ်။ ဝိပါက်မှာလဲ ရှိပါတယ်။ နာမ်နဲ့ မဆိုင်တော့ပါဘူး။ ရုပ်အား ကျေးဇူးပြုတဲ့ ဝိပါက်တွေ ရပါလိမ့်မယ်။ ပြီးတော့ ဝိပါက သုဒ္ဓသင်္ချာမှာ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာဆိုတဲ့ တရားဟာ သဟဇာတ ဝိပ္ပယုတ္တမှာလဲ ရှိပါတယ်။ ဒါ့ကြောင့် သူ့ကိုလဲ ဆိုရပါလိမ့်မယ်။

**ဝိပါကမူ ဝိပ္ပယုတ္တ သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု၊ ဒွေပဉ္စဝိညာဉ် တဆယ်၊ ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ် ဗာဝီသပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဟဒယဝတ္ထုအား

တတ်သော ပစ္စုပ္ပန္နပါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဝိပါက ပစ္စယာ ဝိပ္ပယုတ္တေ ကော။

ပါဠိစီမယ်ဆိုရင် မခက်ပါဘူး။ သဟဇာတမျိုးမှာရှိတဲ့ ပစ္စည်း တွေကို အားလုံးကုန် ကော်လို့ ဆိုရုံပါပဲ။

## ဝိပါကပစ္စည်း သဘာဂ ပါဠိ

ဝိပါကပစ္စယာ ဟေတုယာ ကော၊ အဓိပတိယာ ကော၊ သဟ ဇာတေ ကော၊ အညမညေ ကော၊ နိဿယေ ကော၊ ကမ္မေ ကော၊ အာ ဟာရေ ကော၊ ဣန္ဒြိယေ ကော၊ ဈာနေ ကော၊ မဂ္ဂေ ကော၊ သမ္ပယုတ္တေ ကော၊ ဝိပ္ပယုတ္တေ ကော၊ အတ္ထိယာ ကော၊ အဝိဂတေ ကော။

## အာဟာရပစ္စည်း သဘာဂ (၁၁)

အာဟာရမှာ နာမ်အာဟာရ ရုပ်အာဟာရ ရှိပါတယ်။ သူ့ရဲ့ သင်္ချာက သတ္တဖြစ်ပါတယ်။ ရုပ်အာဟာရအတွက် အတ္ထိ အဝိဂတ မှာသာ ရှိခြင်းကြောင့် အတ္ထိ အဝိဂတ ကျရောက်မှသာ ဒီ ရုပ် အာ ဟာရကို စဉ်းစားရပါတယ်။ ကြွင်းကျန်တဲ့ ပစ္စည်းတွေကတော့ သဟဇာတမျိုးတွေပါပဲ။ ၎င်းအာဟာရသည် ဟေတုနဲ့ သဘာဂ မဖြစ် ပါဘူး။ အဓိပတိမှာ စိတ္တာဓိပတိနဲ့ ဝိညာဏာဟာရသည် သဘာဂ ဖြစ်ခြင်းကြောင့် စိတ္တာဓိပတိကို ဆိုရပါလိမ့်မယ်။ အဓိပတိ+အာ ဟာရ၊ အာဟာရ+အဓိပတိ အတူတူပါပဲ။

**အာဟာရပူ အဓိပတိ သဘာဂ၌** သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော စိတ္တာဓိပတိ။ ဤတရားတို့သည် အာဟာရ အဓိပတိပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထို တရားတို့ကို အနုလုံ၌ အာဟာရပစ္စယာ အဓိပတိယာ သတ္တဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

သဟဇာတနဲ့ နိဿယ ဒီ(၂)ပစ္စည်းကို မူလီသွတ်နိုင်ပါတယ်။ အတ္ထိ အဝိဂတမှာ ရုပ်အာဟာရ ပါနေသဖြင့် ချန်ခဲ့ပါ။

**အာဟာရမှု သဟဇာတ၊ နိဿယ သဘာဂ ၌** သမ္ပယုတ္တ ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်အာဟာရ တရားကိုယ်(၃)ပါး။ အာဟာရ ပစ္စယာ သဟဇာတေ သတ္တ။ နိဿယေ သတ္တ။

အညမညမှာ ထုံးစံအတိုင်း သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုပါ။ နာမ်အာဟာရဟာ သဟဇာတအဆယ် ဖြစ်ပါတယ်။

**အာဟာရမှု အညမည** သဘာဂ ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု အား တတ်သော နာမ်အာဟာရ တရားကိုယ်(၃)ပါး။ အာဟာရ ပစ္စယာ အညမညေ တီဏိ။

ကမ္မမှာ သဟဇာတ ကမ္မအတိုင်းပဲ ဆိုရပါတယ်။ ကမ္မနဲ့ အာဟာရတုန်းက ပြောခဲ့ပါပြီ၊

**အာဟာရမှု ကမ္မ သဘာဂ ၌** သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာ။ အာဟာရ ပစ္စယာ ကမ္မေ သတ္တ။

ဝိပါကမှာလဲ ခုနက ဆိုခဲ့တဲ့အတိုင်း ဝိပါက်မှာရှိတဲ့ နာမ် အာဟာရ တရားကိုယ် (၃)ပါးကို ဆိုရရုံပါပဲ။

**အာဟာရမှု ဝိပါက** သဘာဂ ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော နာမ်အာဟာရ တရားကိုယ်(၃)ပါး။ အာဟာရ ပစ္စယာ ဝိပါကေ ဧကံ။

ဣန္ဒြိယကျတော့ နာမ်အာဟာရက ဝိညာဏာဟာရနဲ့ သဟဇာတိန္ဒြိယက မနိန္ဒြေဟာ တူပါတယ်။ တူသဖြင့် ၎င်းဝိညာဏာဟာရ ဟာ သဘာဂ ဖြစ်ပါတယ်။ ဖဿ စေတနာဟာ သဟဇာတိန္ဒြိယထဲမှာ မရှိပါဘူး။ ဒါ့ကြောင့် ဝိညာဏာဟာရလို့ ဆိုရပါတယ်။ ဝိညာဏာ ဟာရဟာ တခုထဲပင် ဖြစ်သော်လည်း သချာက သတ္တပဲ ရပါတယ်။

**အာဟာရမှု ဣန္ဒြိယ သဘာဂ ၌** သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိညာဏာဟာရ။ အာဟာရ ပစ္စယာ ဣန္ဒြိယေ သတ္တ။

ဈာနနဲ့ နာမ်အာဟာရ သဘာဂတရား မရှိပါဘူး။ မဂ္ဂမှာလဲ သဘာဂတရား မရှိပါဘူး။သမ္ပယုတ္တမှာ နာမ်ပစ္စယုပ္ပန် နေပါလိမ့်မယ်။

**အာဟာရမူ သမ္ပယုတ္တ သဘာဂ ၌** သမ္ပယုတ္တခန္ဓာအား တတ်သော နာမ်အာဟာရ တရားကိုယ်(၃)ပါး။ အာဟာရ ပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဝိပ္ပယုတ္တမှာ ရုပ်အား တတ်တဲ့ နာမ်အာဟာရပါပဲ။

**အာဟာရမူ ဝိပ္ပယုတ္တ သဘာဂ ၌** စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော နာမ်အာဟာရ တရားကိုယ်(၃)ပါး။ အာဟာရ ပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

အတ္ထိ၊ အဝိဂတကျတော့ နာမ်အာဟာရ ရုပ်အာဟာရ(၂)မျိုး လုံးသည် အတ္ထိ၊ အဝိဂတ၌ အကျုံးဝင်ခြင်းကြောင့် သဘာဂ ဖြစ်ရကား အာဟာရမှာရှိတဲ့ နာမ်အာဟာရ ရုပ်အာဟာရ (၂)မျိုး လုံးကိုပင် ဆိုရပါလိမ့်မယ်။

**အာဟာရမူ အတ္ထိ၊ အဝိဂတ သဘာဂ ၌** သမ္ပယုတ္တခန္ဓာ စိတ္တဇ ရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်အာဟာရ တရားကိုယ် (၃)ပါးဟု ဆိုအပ်သော နာမ်အာဟာရ ပစ္စည်း။ ကလာပ်တူ ဩဇာ ကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိက ရုပ်အား တတ်သော စတုသမုဋ္ဌာနိက ဩဇာဟု ဆိုအပ်သော ရုပ် အာဟာရပစ္စည်း။ အာဟာရ ပစ္စယာ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

နာမ်အာဟာရက သင်္ချာသတ္တ ရသဖြင့် ပါဠိစီတဲ့အခါမှာလဲ မူလီဖြစ်တဲ့ သဟဇာတမျိုးမှာရှိတဲ့ သင်္ချာတွေအတိုင်း ပါဠိ စီရပါ တယ်။ အများဆုံးက သတ္တပဲ ရပါတယ်။ တီဏိရှိရင် တီဏိလို့ ဆိုရ ရုံပါပဲ။

## အာဟာရပစ္စည်း သဘာဂပါဠိ

အာဟာရပစ္စယာ အဓိပတိယာ သတ္တ၊ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ သတ္တ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ ဣန္ဒြိယေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

## ဣန္ဒြိယပစ္စည်း သဘာဂ (၁၃)

အာဟာရ ပြီးသွားပါပြီ။ ဣန္ဒြိယမှာ သဟဇာတိန္ဒြိယ အတွက် သဘာဂ ပစ္စည်းရေ (၁၄)ပစ္စည်း ရှိပါတယ်။ သဟဇာတ မျိုးထဲက ဣန္ဒြိယနဲ့ သဘာဂ မဖြစ်တာဟာ ကမ္မတာခုပဲ ရှိပါတယ်။ ဝတ္ထု ပုရေဇာတိန္ဒြိယအတွက် သူက တရားအနဲဆုံးဖြစ်သဖြင့် ပုရေဇာတမျိုးနဲ့ အကုန်လုံး သဘာဂဖြစ်ပါတယ်။ ရူပဇီဝိတိန္ဒြိယအတွက် ကတော့ အတ္ထိ၊ အဝိဂတ (၂)ပစ္စည်းမှာသာ ကြည့်ရပါတယ်။ ဣန္ဒြိယနဲ့ ဟေတုဆိုတာ ဟေတုက အမောဟနဲ့ ဣန္ဒြိယက ပညိန္ဒြေ ဟာ တူပါတယ်။ အမောဟဖြစ်ခြင်းကြောင့် အကုသလော အကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ ဒီ (၃)ချက် မရပါဘူး။ သင်္ချာဟာ စတ္တာရိ ရပါတယ်။ ဒါကိုလဲ ဟေတု ဣန္ဒြိယဘုန်းက ပြောခဲ့ပါပြီ။

ဣန္ဒြိယမူ **ဟေတု သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပညိန္ဒြေ။ (ဟေတု တုန်းက အမောဟလို့ ဆိုပါတယ်။ ဘာကြောင့်လဲဆိုရင် ဟေတုကို မူထားလို့ ဖြစ်တယ်။ ဒီမှာ ပညိန္ဒြေလို့ ဆိုတာဟာ ဣန္ဒြိယကို မူထားလို့ ဖြစ်တယ်) ဤတရားတို့သည် ဣန္ဒြိယ ဟေတု ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ဟိုတရားတို့ကို အနုလုံ၌ ဣန္ဒြိယ ပစ္စယာ ဟေတုယာ စတ္တာရိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

အာရမ္မဏာနဲ့ မဆိုင်ပါဘူး။ အဓိပတိမှာ သဟဇာတာဓိပတိ ရှိတယ်။ သဟဇာတာဓိပတိမှာ ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝိမံသလို့ (၄) မျိုး ရှိတဲ့အနက် ဆန္ဒာဓိပတိဟာ သဟဇာတိန္ဒြိယထဲမှာ မပါပါဘူး။ စိတ္တ၊ ဝီရိယ၊ ဝိမံသဟာ သဟဇာတိန္ဒြိယထဲမှာ ပါပါတယ်။ ဒါကြောင့် ဒီ အဓိပတိတရားကိုယ် (၃)ပါးသည် ဣန္ဒြိယနဲ့ သဘာဂဖြစ်ပါတယ်။ သင်္ချာ သတ္တပဲ ရပါတယ်။

ဣန္ဒြိယမူ **ဇ.ဓိပတိ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ **စိတ္တဇရုပ်အား** တတ်သော စိတ္တ၊ ဝီရိယ၊ ဝိမံသာဓိပတိ။ ဣန္ဒြိယ **ပစ္စယာ အဓိပတိယာ** သတ္တ။

သဟဇာတကျတော့ အကြီးဖြစ်သဖြင့် သဟဇာတိန္ဒြိယအတိုင်း ဆိုရရုံပါပဲ။

ဣန္ဒြိယမှု သဟဇာတ သဘာဂ ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ ဣန္ဒြိယပစ္စယာ သဟဇာတေ သတ္တ။

အညမည ထုံးစံအတိုင်းပါ။

ဣန္ဒြိယမှု အညမည သဘာဂ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ ဣန္ဒြိယပစ္စယာ အညမညေ တီဏိ။

နိဿယကျတော့ သဟနိထဲမှာ သဟတိံက ဝင်ပါတယ်။ ပုရေနိထဲမှာ ပုတိံက ဝင်သဖြင့် ဣန္ဒြိယမှာရှိတဲ့ သဟဇာတိန္ဒြိယ ဝတ္ထု ပုရေဇာတိန္ဒြိယ သုဒ္ဓအချို့ကို ဆိုရပါတယ်။ သချာကလဲ သတ္တပဲ ရပါတယ်။

ဣန္ဒြိယမှု နိဿယ သဘာဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း၊ ဒွေပဉ္စဝိညာဉ် တဆယ်အား တတ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထုဟု ဆိုအပ်သော ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယ ပစ္စယာ နိဿယေ သတ္တ။

ပုရေဇာတမှာ အာပုန့် မဆိုင်ပါဘူး။ ခရေပွင့် ဝတ်ပုရှိလေတော့ ပုတိံ ကို ဆိုရပါတယ်။

ဣန္ဒြိယမှု ပုရေဇာတ သဘာဂ ၌ ဒွေပဉ္စဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ ဣန္ဒြိယ ပစ္စယာ ပုရေဇာတေ ဧကံ။

အောက် လျှောက်ကြည့်လိုက်တော့ ကမ္မနဲ့ ဣန္ဒြိယ သဘာဂ မဖြစ်ကြောင်း ပြောခဲ့ပါပြီ။ ဝိပါကအတွက် ဝိပါက်မှာရှိတဲ့ ဣန္ဒြေကို ဆိုရပါတယ်။

ဣန္ဒြိယမှု ဝိပါက သဘာဂ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော ဝိပါက်၌ရှိသော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ ဣန္ဒြိယပစ္စယာ ဝိပါကေ ဧကံ။

ဣန္ဒြိယပူ **အာဟာရ သဘာဂ၌** သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်သော မနိန္ဒြေ။ ဣန္ဒြိယ ပစ္စယာ အာဟာရေ သတ္တ။

ဣန္ဒြိယပူ **ဈာန သဘာဂ၌** သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော ဝေဒနာ၊ ဧကဂ္ဂတာ။ ဣန္ဒြိယ ပစ္စယာ ဈာနေ သတ္တ။

မဂ္ဂနဲ့ သဘာဂရှာဘဲ့ အခါမှာ သုဒ္ဓသင်္ချာက ပြောခဲ့တဲ့အတိုင်း ဣန္ဒြိယက ဝီရိယိန္ဒြေနဲ့ မဂ္ဂက သမ္မာဝါယာမဟာ သဘာဂ။ ပြီးတော့ သတိ၊ ဧကဂ္ဂတာ၊ ပညာဟာလဲ သဘာဂ။ ဒါကြောင့် ဒီတရား (၄) ပါးဟာ သဘာဂ ဖြစ်တယ်။

ဣန္ဒြိယမူ **မဂ္ဂ သဘာဂ၌** သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ။ ဣန္ဒြိယ ပစ္စယာ မဂ္ဂေ သတ္တ။

သမ္ပယုတ္တနဲ့ ဝိပ္ပယုတ္တမှာ သမ္ပယုတ္တဖြစ်ရင် နာမ်အား တတ်၍ ဝိပ္ပယုတ္တဖြစ်ရင် ရုပ်အား တတ်တယ်။ ဒါက သဟဇာတ အသယ်တွေ အတွက် အမြဲပါပဲ။

ဣန္ဒြိယမူ **သမ္ပယုတ္တ သဘာဂ၌** သမ္ပယုတ္တခန္ဓာအား တတ်သော နာမ် ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ ဣန္ဒြိယ ပစ္စယာ သမ္ပယုတ္တေ တီဏိ။

ဣန္ဒြိယမူ **ဝိပ္ပယုတ္တ သဘာဂ၌** (ဝိပ္ပယုတ္တမှာ ဝတ္ထုမျိုးလဲ ရှိသဖြင့် ပုတိံ ကိုလဲ ရပါတယ်။ ပြီးတော့ သဟဇာတမျိုးအတွက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားတတ်တဲ့ နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး။ ပုရေဇာတိန္ဒြိယကို ပေါင်းရင်လဲ သင်္ချာဟာ တီဏိပဲ ဖြစ်ပါတယ်။) စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ ပစ္စည်း။ ဒွေပဉ္စ ဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထုဟုဆိုအပ်သော ဝတ္ထု ပုရေဇာတိန္ဒြိယပစ္စည်း။ ဣန္ဒြိယ ပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

အတ္ထိ၊ အဝိဂတကျတော့ သဟဇာတိန္ဒြိယက သဟဇာတတ္ထိထဲမှာ ဝင်ပါတယ်။ ပုရေဇာတိန္ဒြိယက ပုရေဇာတတ္ထိထဲမှာ ဝင်ပါတယ်။

ရူပဇီဝိတိန္ဒြိယနဲ့ ရူပဇီဝိတိန္ဒြိယတွေက တူပါတယ်။ ဒါ့ကြောင့် ဣန္ဒြိယမှာ ရှိတဲ့ (၃) မျိုးလုံးကိုပင် ဆိုရပါလိမ့်မယ်။ သချာကတော့ ပုရေဇာတိန္ဒြိယ ရူပဇီဝိတိန္ဒြိယတို့သည် အဗျာကတော အဗျာကတဿသာလျှင် ဖြစ်ခြင်းကြောင့် သဟဇာတိန္ဒြိယ သချာအတိုင်း သတ္တပဲ ရပါတယ်။

ဣန္ဒြိယမှု အတ္ထိ၊ အဝိဂတ သဘာဂ ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ဒွေပဉ္စဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထုဟု ဆိုအပ်သော ဝတ္ထု ပုရေဇာတိန္ဒြိယပစ္စည်း။ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉)ခုအား တတ်သော ရုပ် ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဣန္ဒြိယ ပစ္စယာ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

ပါဠိ စီလိုက်ပါဦးစို့။ ပါဠိစီတယ်ဆိုတာ တခြားမဟုတ်ဘူး။ ဒီက ပါဠိကလေး ရွတ်လိုက်တဲ့အခါမှာ ဥပမာ ဟေတုယာ စတ္တာရိ ဆိုလိုက်သဖြင့် ဒါ ဘာတရားလဲ၊ ဒါ ပညတ်ခြေပဲ၊ အမောဟပဲရယ်လို့ မိမိတို့စိတ်ထဲ ဉာဏ်ထဲမှာ ထင်မြင်ပြီး လာဖို့ရာအတွက် ပါဠိကလေးကို စီပေးတာပါ။

## ဣန္ဒြိယပစ္စည်း သဘာဂ ပါဠိ

ဣန္ဒြိယပစ္စယာ ဟေတုယာ စတ္တာရိ၊ အဓိပတိယာ သတ္တ၊ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ သတ္တ၊ ပုရေဇာတေ ဧကံ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

## ဈာနပစ္စည်း သဘာဂ (၁၀)

ဈာနပစ္စည်းမှာ အငယ်ထဲက ဣန္ဒြိယနဲ့ မဂ္ဂပဲ သဘာဂ ဖြစ်ပါတယ်။ ကြွင်းကျန်တဲ့ ဟေတု စသည်တွေနဲ့ သဘာဂ မဖြစ်ပါဘူး။ ဈာနဟာ သဟဇာတမျိုး သက်သက်သာလျှင် ဖြစ်သဖြင့် သဟဇာတ မျိုးထဲမှာသာလျှင် ကြည့်ရပါတယ်။

**ဈာနာပူ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဈာနင် တရားကိုယ် (၅)ပါး။ ဤတရားတို့သည် ဈာန၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဈာနပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တဟု သင်္ချာဟတ်၍ ဟောအပ်ကုန်၏။

အညမညမှာ ထုံးစံအတိုင်း သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုပါ။

**ဈာနမှူ အညမည သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဈာနင်တရားကိုယ် (၅)ပါး။ ဈာန ပစ္စယာ အညမညေ တီဏိ။

**ဈာနမှူ ဝိပါက သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော ဈာနင်တရားကိုယ် (၅) ပါး။ ဈာန ပစ္စယာ ဝိပါကေ ဧကံ။

ဣန္ဒြိယအတွက် ဣန္ဒြိယ ဈာနက ပြောခဲ့တဲ့အတိုင်း ဝေဒနာ၊ ဧကဂ္ဂတာ ရပါတယ်။

**ဈာနမှူ ဣန္ဒြိယ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝေဒနာ၊ ဧကဂ္ဂတာ။ ဈာန ပစ္စယာ ဣန္ဒြိယေ သတ္တ။

မဂ္ဂကျတော့ ဈာနမှာ ဝိတက်ရှိတယ်။ အဲဒီဝိတက်ဟာ သမ္မာသင်္ကပ္ပ မဂ္ဂင် ဖြစ်ပါတယ်။ ဧကဂ္ဂတာကလဲ သမ္မာ သမာဓိ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဝိတက်နဲ့ ဧကဂ္ဂတာဟာ ဈာနနဲ့ မဂ္ဂရဲ့ သဘာဂ ဖြစ်ပါတယ်။

**ဈာနမှူ** မဂ္ဂ သဘာဂ ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိတက်၊ ဧကဂ္ဂတာ။ ဈာန ပစ္စယာ မဂ္ဂေ သတ္တ။

သမ္ပယုတ္တမှာ နာမ်တတ်ရရုံပါပဲ။

**ဈာနမူ သမ္ပယုတ္တ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာအား တတ်သော ဈာနင်တရားကိုယ် ငါးပါး။ ဈာန ပစ္စယာ သမ္ပယုတ္တေ တီဏိ။

**ဈာနမူ ဝိပ္ပယုတ္တ သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဈာနင်တရားကိုယ် ငါးပါး။ ဈာန ပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

အတ္ထိ၊ အဝိဂတ ဆုံပြီးပါပြီ။ ပါဠိစီရုံပဲ ရှိပါတော့တယ်။

## ဈာနပစ္စည်း သဘာဂပါဠိ

ဈာနပစ္စယာ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ သတ္တ၊ ဝိပါကေ ဧကံ၊ ဣန္ဒြိယေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

နောက်အပတ်ကျရင် သဘာဂကုန်တော့ ဃဋ္ဋနာတွေ လာပါလိမ့်မယ်။ အဲဒီ ဃဋ္ဋနာတွေဟာ ဘယ်ကလာသလဲဆိုရင် သဘာဂက လာတာ ဖြစ်ပါတယ်။ မြတ်စွာဘုရားက သဘာဂ ဟောပြီးတဲ့နောက် ဃဋ္ဋနာကို ဆက်လက်ပြီး ဟောပါတယ်။ အဲဒီ ဃဋ္ဋနာအတွက် သဘာဂကနေပြီး နည်းပေးလိုက်ပါတယ်။ ဒါ့ကြောင့် မိမိတို့ ဆိုခဲ့ပြီးသားဖြစ်တဲ့ သဘာဂကို ထပ်ကာထပ်ကာ ရွတ်ပြီးနေမယ်၊ နှုတ်လုံး သွင်းပြီး နေမယ်ဆိုရင် ဃဋ္ဋနာရဲ့ ကိစ္စဟာလဲ တပါတည်း ပြီးနိုင်ပါတယ်။ ဒါ့ကြောင့် ဒီသဘာဂကို ထပ်ကာထပ်ကာ ရွတ်စေချင်ပါတယ်။ နှုတ်လုံးသွင်းစေချင်ပါတယ်။

**သာဓု – သာဓု – သာဓု။**

## * ပဋ္ဌာန်းကုသလတိက် ပဉှာဝါရ အနုလောမ သင်္ချာခန်း

### မဂ္ဂပစ္စည်း သဘာဂ (၁၂)

ယနေ့ မဂ္ဂပစ္စည်း။ မဂ္ဂပစ္စည်းမှာ ပစ္စည်းဧရ (၁၃)ရှိသဖြင့် သဘာဂဟာ (၁၂)ဖြစ်ပါတယ်။ ကမ္မ အာဟာရ မရပါဘူး။ ကျန် တာတွေနဲ့ အကုန်လုံး သဘာဂဖြစ်ပါတယ်။ မဂ္ဂနဲ့ ဟေတုဟာ ဟေတုနဲ့ မဂ္ဂအတိုင်းပါပဲ။ ဟေတုတုန်းက အမောဟ ရပါတယ်။ မဂ္ဂကျတော့ ပညာရပါတယ်။ ပညာနဲ့ အမောဟ အတူတူပါပဲ။

**မဂ္ဂမူ ဟေတု သဘာဂ** ၌ သမ္ပယုတ္တာခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပညာ။ ဤတရားတို့သည် မဂ္ဂ ဟေတုပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ထို့ကြောင့်ထိုတရား တို့ကို အနုလုံ၌ မဂ္ဂပစ္စယာ ဟေတုယာ စတ္တာရိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

အဓိပတိကျတော့ အဓိပတိနဲ့ မဂ္ဂအတိုင်း ဝီရိယ၊ ဝီမံသာဓိပတိ ရပါတယ်။

**မဂ္ဂမူ အဓိပတိ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇ ရုပ်အား တတ်သော ဝီရိယ၊ ဝီမံသာဓိပတိ။ မဂ္ဂပစ္စယာ အဓိပတိယာ သတ္တ။ (ဒီနေရာမှာ ဝီမံသာဓိပတိ ပါပြီးနေသဖြင့် မဂ္ဂ ဟေတု တုန်းကလို သင်္ချာဟာ စတ္တာရိ မထွက်ပဲနဲ့ ဘာ့ကြောင့် သတ္တ ထွက် သလဲဆိုရင် ဝီရိယာဓိပတိ ပါနေလို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် သတ္တ ထွက်ပါတယ်)။

---

* ၁၃၂၈-ခု၊ နတ်တော်လဆုတ်(၁၄)ရက်၊ (အင်္ဂါနေ့)၁၀-၁-၆၇ သတ္တမအကြိမ်။

**မဂ္ဂမူ သမာဓိဘာ၊** နိဿယ၊ အတ္ထိ၊ အဝိဂတ **သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ မဂ္ဂပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

အညမညမှာလဲ ထုံးစံအတိုင်း သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုလို့ ဆိုရပါတယ်။

**မဂ္ဂမူ အညမည သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ မဂ္ဂပစ္စယာ အညမညေ တီဏိ။

ဝိပါကကျတော့ ဝိပါက မဂ္ဂအတိုင်း ဝိပါက်မှာရှိတဲ့ မဂ္ဂင် တရားကိုယ် (၇)ပါး ယူရပါတယ်။

**မဂ္ဂမူ ဝိပါက သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော မဂ္ဂင် တရားကိုယ် (၇)ပါး။ မဂ္ဂပစ္စယာ ဝိပါကေ ဧကံ။

ဣန္ဒြိယမှာ ဣန္ဒြိယ မဂ္ဂသဘောအတိုင်း ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ ရပါတယ်။

**မဂ္ဂမူ ဣန္ဒြိယ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ။ မဂ္ဂပစ္စယာ ဣန္ဒြိယေ သတ္တ။

ဈာနကျတော့ ဈာနနဲ့ မဂ္ဂလိုပဲ ဝိတက်၊ ဧကဂ္ဂတာ ရပါတယ်။

**မဂ္ဂမူ ဈာန သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိတက်၊ ဧကဂ္ဂတာ။ မဂ္ဂပစ္စယာ ဈာနေ သတ္တ။

သမ္ပယုတ္တကျတော့ နာမ်၊ ဝိပ္ပယုတ္တကျတော့ ရုပ်ပါပဲ။

**မဂ္ဂမူ သမ္ပယုတ္တ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာအား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ မဂ္ဂပစ္စယာ သမ္ပယုတ္တေ တီဏိ။

**မဂ္ဂမူ ဝိပ္ပယုတ္တ သဘာဂ** ၌ သဟိတ်စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ မဂ္ဂပစ္စယာ ဝိပ္ပယုတ္တေ တီဏိ။

ပါဠိစီလိုက်ကြပါစို့။

## မဂ္ဂပစ္စည်း သဘာဂပါဠိ

မဂ္ဂပစ္စယာ ဟေတုပါ စတ္တာရိ၊ အဓိပတိယာ သတ္တ၊ သဟဇာတေ သတ္တ၊ အညမညေ တီဏိ၊ နိဿယေ သတ္တ၊ ဝိပါကေ ဧကံ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။

## သမ္ပယုတ္တပစ္စည်း သဘာဂ (၁၃)

သမ္ပယုတ္တကျတော့ သင်္ချာ တီဏိပဲ ရှိပါတယ်။ မူဖြစ်တဲ့ တရား ထက် သင်္ချာဟာ တိုးပြီး မရပါဘူး။ အများဆုံး တီဏိပဲ ရှိသဖြင့် တီဏိပဲ ရပါတယ်။ ဒီ သမ္ပယုတ္တပစ္စည်းဟာလဲ သဟဇာတမျိုးသက်သက် ဖြစ်ပါတယ်။ သမ္ပယုတ္တဟာ ဝိပ္ပယုတ္တနဲ့ သဘာဂ မဖြစ်ပါဘူး။ ကျန် တဲ့ (၁၃)ပါးသော ပစ္စည်းတွေနဲ့ သဘာဂ ဖြစ်ပါတယ်။ ဒီနေရာ နဲနဲစဉ်းစားချင်ရင် စဉ်းစားစရာရှိတာက သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ တွေမှာ သုဒ္ဓသင်္ချာတုန်းက ပစ္စည်းရေ (၄)ခုပဲ ရပါတယ်။ ဒီသဘာဂ ကျတော့ သဟကြီးတွေမှာ သဟဇာတမျိုးနဲ့ အကုန်လုံး သဘာဂ (၁၄)ပစ္စည်း ရပါတယ်။ ဟိုတုန်းက (၄)ပစ္စည်း၊ ဒီမှာ ဘာ့ကြောင့် (၁၄)ပစ္စည်း ရသလဲ။ ထိုနည်းတူစွာ အညမည သုဒ္ဓ သင်္ချာတုန်းက (၅)ပစ္စည်း၊ ဝိပါကမှာ (၅) ပစ္စည်း၊ သမ္ပယုတ္တမှာ (၆)ပစ္စည်း၊ သဟဇာတ ဝိပ္ပယုတ္တမှာ (၅)ပစ္စည်းရယ်လို့ ဆိုခဲ့တယ်။ ဒီမှာကျတော့ သဟဇာတမျိုးတွေ ဆိုင်ရာ ဆိုင်ရာရတယ်။ ဘာ့ကြောင့် လဲလို့ စဉ်းစားမယ်ဆိုရင် သုဒ္ဓသင်္ချာတုန်းက သဟဇာတကြီးအတွက် (၄)ပစ္စည်း၊ အညမညအတွက် (၅)ပစ္စည်း စသည်တွေကို ရေ သားပြီး ထားတာက ဃဋနာအတွက် ရည်ရွယ်ပြီး ထားပါတယ်။ ဃဋနာ ကျတော့ သဟဇာတကို ဃဋနာဖွဲ့မယ်ဆိုရင် (၄)ပစ္စည်းပဲ ရပါတယ်။ ဟေတု စသည်တွေ မပါတော့ပါဘူး။ ဒီမှာတော့ သဘာဂ သက်သက် ရွေးသဖြင့် သူ့ရဲ့ သဘာဂဆိုင်ရာ ရသင့် ရထိုက်တဲ့ ပစ္စည်းတွေကို အကုန်လုံး သိမ်းကျုံးပြီး ယူရပါတယ်။ ဒါဖြင့်ရင် ဟိုမှာတုန်းက ဘာဖြစ်လို့ သဟဇာတအကြီးမှာ (၄)ပစ္စည်းယူပြီး ဟေတုစတဲ့ ပစ္စည်း တွေ မပါသလဲ။ သဘာဂ ရခဲ့လို့ရှိရင် ဃဋနာမှာလဲ ဟေတုပစ္စည်း စသည်တွေ ပါသင့်တယ်မဟုတ်ဘူးလားလို့ စဉ်းစားခဲ့လို့ရှိရင် ဟေတု

ပစ္စည်းတွေ ပါမှုအတွက် ဘာမှ အကြောင်းမထူးတော့ပါဘူး။ ဘာ့ကြောင့်။ ဟေတုပစ္စည်းတွေဟာက ဟေတုဿဋ္ဌနာကို ယူခဲ့တဲ့အခါ ကာလတုန်းက သဟဇာတ အကြီးတွေ အလတ်တွေဟာ ထိုက်သင့်သလို အမြဲ ပါပြီးနေကြပါတယ်။ ဒီတော့ ဒါတွေကို ပြန်ပြီး ထည့်ဦးမယ်ဆိုရင် ထပ်နေမှုသာလျှင် အကြောင်းရှိပါလိမ့်မယ်။ ဘာမှ အကြောင်းမထူးပါဘူး။ ဒါ့ကြောင့် ဟိုမှာ တပိုင်နက်ဖြစ်တဲ့ (၄) ပစ္စည်း စသည်တွေကို ယူရပါတယ်။

**သမ္ပယုတ္တမူ ဟေတု** သဘာဝ၌ သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ်(၆)ပါး။ ဤတရားတို့သည် သမ္ပယုတ္တ ဟေတုပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သမ္ပယုတ္တ ပစ္စယာ ဟေတုယာ တီဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

**သမ္ပယုတ္တမူ အဓိပတိ သဘာဝ** ၌ သမ္ပယုတ္တခန္ဓာအား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး။ သမ္ပယုတ္တပစ္စယာ အဓိပတိယာ တီဏိ။

သမ္ပယုတ္တရဲ့ သုဒ္ဓသင်္ချာသည် အညမညထဲမှာ ဝင်နိုင်သဖြင့် အညမညပါ ထည့်၍ (၅)ပစ္စည်းကို မူလီသွတ်ကြပါစို့။

**သမ္ပယုတ္တမူ** သဟဇာတ၊ **အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ သဘာဝ**၌ အချင်းချင်းအားတတ်သော အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ သမ္ပယုတ္တ ပစ္စယာ သဟဇာတေ တီဏိ၊ အညမညေ တီဏိ၊ နိဿယေ တီဏိ၊ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ။

**သမ္ပယုတ္တမူ ကမ္မ သဘာဝ**၌ သမ္ပယုတ္တခန္ဓာအား တတ်သော စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။ သမ္ပယုတ္တ ပစ္စယာ ကမ္မေ တီဏိ။

**သမ္ပယုတ္တမူ ဝိပါက သဘာဝ**၌ အချင်းချင်းအား တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ သမ္ပယုတ္တ ပစ္စယာ ဝိပါကေ ဧကံ။

**သမ္ပယုတ္တမူ အာဟာရ သဘာဝ**၌ သမ္ပယုတ္တခ[illegible]ာအား တတ်သော နာမ်အာဟာရ တရားကိုယ် (၃)ပါး။ သမ္ပယုတ္တ ပစ္စယာ အာဟာရေ တီဏိ။

**သမ္ပယုတ္တမူ ဣန္ဒြိယ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာအား တတ်သော နာမ်ဣန္ဒြေ တရားကိုယ်(၈)ပါး။ သမ္ပယုတ္တ ပစ္စယာ ဣန္ဒြိယေ တိကံ။

**သမ္ပယုတ္တမူ ဈာန သဘာဂ** ၌ သမ္ပယုတ္တခန္ဓာအား တတ်သော ဈာနင်တရားကိုယ် (၅)ပါး။ သမ္ပယုတ္တ ပစ္စယာ ဈာနေ တိကံ။

**သမ္ပယုတ္တမူ မဂ္ဂ သဘာဂ** ၌ သမ္ပယုတ္တခန္ဓာအား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ သမ္ပယုတ္တ ပစ္စယာ မဂ္ဂေ တိကံ။

ဝိပ္ပယုတ္တကို မူလီသွတ်လို့ မရပါဘူး။ သမ္ပယုတ္တက နာမ် သက် သက်အားသာလျှင် ကျေးဇူးပြုပါတယ်။ ဝိပ္ပယုတ္တက နာမ်က ရုပ်၊ ရုပ်က နာမ်အား ကျေးဇူးပြုပါတယ်။ ဒါ့ကြောင့် သဘာဂမဖြစ်နိုင် ပါဘူး။ သူ့အတွက် ပါဠိစီရင် ဝိပါကေ ဧကံမှတပါး ကျန်တာတွေ ဟာ အကုန်လုံး တိကံပဲ ရပါတယ်။

## သမ္ပယုတ္တပစ္စည်း သဘာဂပါဠိ

သမ္ပယုတ္တ ပစ္စယာ ဟေတုယာ တိကံ၊ အဓိပတိယာ တိကံ၊ သဟ ဇာတေ တိကံ၊ အညမညေ တိကံ၊ နိဿယေ တိကံ၊ ကမ္မေ တိကံ၊ ဝိပါကေ ဧကံ၊ အာဟာရေ တိကံ၊ ဣန္ဒြိယေ တိကံ၊ ဈာနေ တိကံ၊ မဂ္ဂေ တိကံ၊ အတ္ထိယာ တိကံ၊ အဝိဂတေ တိကံ။

## ဝိပ္ပယုတ္တပစ္စည်း သဘာဂ (၁၇)

ဝိပ္ပယုတ္တပစ္စည်းမှာ အာရမ္မဏမျိုး၊ သဟဇာတမျိုး၊ ဝတ္ထု ပုရေဇာတမျိုး၊ ပစ္ဆာဇာတမျိုးရယ်လို့ (၄)မျိုး ရှိပါတယ်။ အဲဒီ (၄) မျိုးရဲ့ သဘာဂကို ရှာရပါလိမ့်မယ်။ သဟဇာတ ဝိပ္ပယုတ္တ အတွက် သမ္ပယုတ္တကြဉ်တဲ့ သဟဇာတ (၁၃) ပစ္စည်းဟာ သဘာဂ ဖြစ်ပါတယ်။ အာရမ္မဏမျိုးဖြစ်တဲ့ ဝတ္ထာရမ္မဏအတွက် အာရမ္မဏ (၇) ပစ္စည်းဟာ သဘာဂ ဖြစ်ပါတယ်။ ဒါပေတဲ့ တူတဲ့ပစ္စည်းတွေကို နုတ်၍ မတူတာ ထည့်လိုက်မယ်ဆိုရင် အာရမ္မဏ၊ ဥပနိဿယ၊ ပုရေ ဇာတ ဒီ (၃)ပစ္စည်း လာဝင်ပါတယ်။ သဟဇာတမျိုးထဲမှာ အာ ရမ္မဏမျိုး ရောခဲ့လို့ရှိရင် အာရမ္မဏ၊ ပုရေဇာတ၊ ဥပနိဿယ ဒါတွေ ဟာ သဟဇာတမျိုးထဲမှာ မရှိပါဘူး။ ဒီတော့ (၁၃)နဲ့(၃) ပေါင်း

လိုက်ရင် (၁၆) ရပါတယ်။ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ အတွက် ပစ္စည်း အထူး မရှိပါဘူး။ ပစ္ဆာဇာတ ဝိပ္ပယုတ္တမှာဆိုရင် ပစ္ဆာဇာတပစ္စည်း (၁)ခု တိုးပြီး လာပါတယ်။ ဒါ့ကြောင့် (၁၃)ရယ် (၃)ရယ်(၁) ရယ် ပေါင်းရင် အားလုံးကုန် သဘာဂသည် (၁၇)ပစ္စည်း ရှိပါ တယ်။ အဲဒီ (၁၇)ပစ္စည်းကို (၁)မျိုးရရင် (၁)မျိုး၊ (၂)မျိုးရရင် (၂)မျိုး၊ (၃)မျိုးရရင် (၃)မျိုး၊ (၄)မျိုးရရင် (၄)မျိုး ဆိုရ ပါလိမ့်မယ်။ ဒီဝိပ္ပယုတ္တပစ္စည်းမှာ ဝတ္ထာရမ္မဏနဲ့ ပုရေဇာတ ဝိပ္ပယုတ္တ ဟာ သင်္ချာတူပါတယ်။ အဗျာကတော အဗျာကတဿ၊ အဗျာ ကတော ကုသလဿ၊ အဗျာကတော အကုသလဿ။ သဟဇာတ ဝိပ္ပယုတ္တနဲ့ ပစ္ဆာဇာတ ဝိပ္ပယုတ္တဟာ သင်္ချာတူပါတယ်။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာ ကတဿလို့ ရပါတယ်။ ဒီတော့ သူတို့နှစ်ခုကို မတူတာ ပေါင်းလိုက် ရင် သင်္ချာဟာ ပဉ္စ ဖြစ်ပါတယ်။ ဒါက ကျန်နေတဲ့ တရားကို ကြည့် ပြီး သင်္ချာကို မြန်မြန် ထုတ်နိုင်ဖို့ရာအတွက် ပြောပြနေတာပါ။ ဟေတု ဆိုတော့ သဟဇာတ ဝိပ္ပယုတ္တနဲ့သာလျှင် သဘာဂ ဖြစ်ပါတယ်။

**ဝိပ္ပယုတ္တမူ ဟေတု သဘာဂ** ၌ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိ သန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ် (၆)ပါး။ ဤတရားတို့သည် ဝိပ္ပယုတ္တ ဟေတုပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဝိပ္ပယုတ္တပစ္စယာ ဟေတုယာ တီဏိဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

အာရမ္မဏမှာ ခရေပွင့်ကလေး ရှိပါတယ်။ ဝိပ္ပယုတ္တက ဝတ္ထု အတိုင်း ဆိုလိုက်ရုံပါပဲ။

**ဝိပ္ပယုတ္တမူ အာရမ္မဏ သဘာဂ** ၌ မနောဒွါရာဝဇ္ဇန်း မရဏာ သန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည် ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထု။ ဝိပ္ပယုတ္တ ပစ္စယာ အာရမ္မဏေ တီဏိ။

အဓိပတိကျတော့ ဝိပ္ပယုတ္တက ဝတ္ထာနဲ့ အဓိပတိက မိနဲ့ပေါင်း ရင် ဝတ္ထာဓိ ဖြစ်ပါတယ်။ သင်္ချာ ဧကံ။ သဟာဓိနဲ့ ဝိပ္ပယုတ္တကတော့ သဟာဓိဝိပ်၊ သဟာဓိဝိပ် ဟိုက်ဲ့ အသံကလေးသည် မိဿက ပကိဏ္ဏက

ဃဋ္ဋနာ ကျတော့ လာပါလိမ့်မယ်။ သူဟာလဲ အဓိပတိနဲ့ ဝိပ္ပယုတ္တ တုန်းက ဆိုခဲ့တဲ့အတိုင်းပါပဲ။ ဝိပ္ပယုတ္တ ဖြစ်ခြင်းကြောင့် သာဓိပတိ စိတ္တဇရုပ်အား တတ်သောလို့ ဆိုရပါတယ်။ ဒီတော့ သင်္ချာဟာ စတ္တာရီ ဖြစ်ပါလိမ့်မယ်။ သဟာဓိဝိပ်က သင်္ချာ တီဏိ၊ ဝတ္ထာဓိက သင်္ချာ ဧကံ၊ ပေါင်းလိုက်ရင် စတ္တာရိပါ။

**ဝိပ္ပယုတ္တမူ အဓိပတိ သဘာဂ** ၌ အလေးအမြတ် ပြုတတ်သော လောဘမူ မရဏာသန္နဇောငါးချက်အား တတ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာ ရမ္မဏာဓိပတိပစ္စည်း။ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိ တရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု ဆိုအပ်သော သဟဇာတာဓိပတိ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ အဓိပတိယာ စတ္တာရိ။

အနန္တရ၊ သမနန္တရနဲ့ မဆိုင်ပါဘူး။ သဟဇာတမှာ ခရေပွင့် ရှိသဖြင့် သဟဇာတ ဝိပ္ပယုတ္တအတိုင်း ဆိုလိုက်ရုံပါပဲ။

**ဝိပ္ပယုတ္တမူ သဟဇာတ သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဝိပ္ပယုတ္တ ပစ္စယာ သဟဇာတေ တီဏိ။

အညမညကျတော့ အညမညနဲ့ ဝိပ္ပယုတ္တအတိုင်းပါပဲ။ သဟ ဇာတမျိုး သက်သက် ဖြစ်ပါတယ်။ အချင်းချင်းတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဖြစ်ပါတယ်။ ဒါကို ဃဋ္ဋနာ ကျ တော့ ည+ဝိပ်ဆိုတဲ့ အသံကလေးနဲ့ လာပါလိမ့်မယ်။ ည+ဝိပ်ဆိုရင် ယခု သဘာဂမှာ ဆိုထားခဲ့တဲ့အတိုင်း အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုလို့ သိရပါလိမ့်မယ်။ သင်္ချာကလဲ ဧကံပဲ ရပါတယ်။

**ဝိပ္ပယုတ္တမူ အညမည သဘာဂ** ၌ အချင်းချင်းအား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဝိပ္ပယုတ္တ ပစ္စယာ အညမညေ ကော်။

နိဿယကျတော့ ဝိပ္ပယုတ္တက ဝတ္ထာဟာ နိဿယမှာ ရှိပါတယ်။ သဟဇိပ်ဟာ သဟနိဿယမှာ ဝင်ပါတယ်။ ပုရေဇိပ်ဟာ ပုရေနိဒ်နဲ့ တူပါတယ်။ ပစ္ဆာဇိပ်သာလျှင် နိဿယမှာ မရှိပါဘူး။ ဒီတော့ ဝိပ္ပယုတ္တက ဝတ္ထာရယ် သဟဇိပ်ရယ် ပုရေဇိပ်ရယ် ဒီ(၃)မျိုးကို ဆိုရပါလိမ့်မယ်။ သင်္ချာကလဲ ပဉ္စ ဖြစ်ပါတယ်။

**ဝိပ္ပယုတ္တမူ နိဿယ သဘာဂ** ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ နိဿယေ ပဉ္စ။

ဥပနိဿယမှာ အာရမ္မဏူပနိဿယနဲ့ ဝတ္ထာဟာ သဘာဂ ဖြစ်ပါတယ်။ အာရမ္မဏူပ နိဿယသည် အာဓိနဲ့တူသဖြင့် ဝတ္ထာဓိပဲ ဖြစ်ပါတယ်။ ကျန်တာတွေမှာ သဘာဂ မရှိပါဘူး။ ဒီတော့ ဝတ္ထာဓိကို ဆိုရပါလိမ့်မယ်။ သင်္ချာ ကော်ပဲ ရပါတယ်။

**ဝိပ္ပယုတ္တမူ ဥပနိဿယ သဘာဂ** ၌ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တတ်သော အလေးအမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ ဝိပ္ပယုတ္တ ပစ္စယာ ဥပနိဿယေ ကော်။

ပုရေဇာတမှာ ဝတ္ထာဟာ အာပုထဲ ဝင်ပါတယ်။ ဝတ်ပုနဲ့ ပုရေဝိပ်ဟာ တူပါတယ်။ ဒီတော့ ဝတ္ထာနဲ့ ပုရေဝိပ်ကို ဆိုရပါလိမ့်မယ်။ ဝတ္ထာနဲ့ ပုရေဝိပ်ဟာ သင်္ချာတူ တီကာရကြောင်း ပြောခဲ့ပါပြီ။

ဝိပ္ပယုတ္တမှု ပုရေဇာတ သဘာဂ ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ ပုရေဇာတေ တီကာ။

ပစ္ဆာဇာတမှာ ပစ္ဆာဝိပ်နဲ့ တူပါတယ်။ ပစ္ဆာဇာတ သုဒ္ဓသင်္ချာကို ဆိုရုံပါပဲ။

ဝိပ္ပယုတ္တမှု ပစ္ဆာဇာတ သဘာဂ ၌ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါး။ ဝိပ္ပယုတ္တ ပစ္စယာ ပစ္ဆာဇာတေ တီကာ။

အာသေဝန မကိုင်ပါဘူး။ ကမ္မမှာလဲ သဟဇာတကမ္မနဲ့သာ သဘာဂဖြစ်ပါတယ်။

ဝိပ္ပယုတ္တမှု ကမ္မ သဘာဂ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော စိတ် (၇၅)ခု၌ ရှိသော စေတနာ။ ဝိပ္ပယုတ္တ ပစ္စယာ ကမ္မေ တီကာ။

ဝိပါကကျတော့ ဝိပါက +ဝိပ္ပယုတ္တနဲ့ ဝိပ္ပယုတ္တ + ဝိပါကဟာ အတူတူပါပဲ။

ဝိပ္ပယုတ္တမှု ဝိပါက သဘာဂ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်

လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ် ဗာဝီသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဝိပ္ပယုတ္တ ပစ္စယာ ဝိပါကေ ဂေါ်။

အာဟာရလဲ အတူတူပါပဲ။ နာမ်အာဟာရပဲ ကြည့်ရပါတယ်။ ရုပ်အာဟာရနဲ့ မဆိုင်ပါဘူး။

ဝိပ္ပယုတ္တမူ **အာဟာရ သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အား တတ်သော နာမ်အာဟာရ တရားကိုယ် (၃)ပါး။ ဝိပ္ပယုတ္တ ပစ္စယာ အာဟာရေ တီဏိ။

ဣန္ဒြိယကျတော့ သဟတိံ +ပုတိံ (၂)မျိုး ရှိပါတယ်။ သဟတိံ နဲ့ သဟဝိပ် သဘာဂဖြစ်ပါတယ်။ ပုတိံဟာ ပုရေဝိပ်ထဲမှာ ဝင်ပါ တယ်။ သင်္ချာကလဲ ပုတိံက အဗျာကတော အဗျာကတဿလို့ ဂေါ် သာ ရသဖြင့် သင်္ချာဟာ တီဏိပါပဲ။ ထူးမလာပါဘူး။

ဝိပ္ပယုတ္တမူ **ဣန္ဒြိယ သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် အား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ၊ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တပစ္စည်း။ ဒွေပဉ္စ ဝိညာဉ်တဆယ်အား တတ် သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စ ဝတ္ထုဟုဆိုအပ်သော ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ ဣန္ဒြိယေ တီဏိ။

အဲဒီ ဝိပ္ပယုတ္တ၊ ဣန္ဒြိယ သဘာဂမှာ ဃဋ္ဋနာကျတော့ သဟတိံ ဝိပ်၊ ပုတိံ ဆိုတဲ့ အသံကလေးနဲ့ လာပါလိမ့်မယ်။ ဈာန မဂ္ဂတွေဟာ သဟငယ်တွေပါ။

ဝိပ္ပယုတ္တမူ **ဈာန သဘာဂ** ၌ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဈာနင်တရားကိုယ် ငါးပါး။ ဝိပ္ပယုတ္တ ပစ္စယာ ဈာနေ တီဏိ။

ဝိပ္ပယုတ္တမူ မဂ္ဂ **သဘာဂ** ၌ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိ သန္ဓေ ကမ္မဇရုပ်အား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ ဝိပ္ပ ယုတ္တ ပစ္စယာ မဂ္ဂေ တီဏိ။

သမ္ပယုတ္တနဲ့ သဘာဂ မဖြစ်ပါဘူး။ အတ္ထိ၊ အဝိဂတ ကြည့်လိုက်ရင် ဝတ္ထာဟာ အာပုထဲမှာ ဝင်ပါတယ်။ သဟဇိပ်သည် သဟထဲမှာ ဝင်ပါတယ်။ ပုရေဇိပ်နဲ့ ပစ္ဆာဇိပ်သည် တူပါတယ်။ ဒါကြောင့် ဝိပ္ပယုတ္တကွက်မှာရှိတဲ့ (၄)မျိုးလုံးကို ဆိုရပါလိမ့်မယ်။ သင်္ချာကလဲ ပဥ္စဖြစ်ပါတယ်။

**ဝိပ္ပယုတ္တမူ အတ္ထိ၊ အဝိဂတ သဘာဂ** ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဥ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါးဟု ဆိုအပ်သော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ ပစ္စယာ အတ္ထိယာ ပဥ္စ၊ အဝိဂတေ ပဥ္စ။

ပါဠိ စီပြပါမယ်။

## ဝိပ္ပယုတ္တပစ္စည်း သဘာဂ ပါဠိ

ဝိပ္ပယုတ္တ ပစ္စယာ ဟေတုယာ တီဏိ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ စတ္တာရိ၊ သဟဇာတေ တီဏိ၊ အညမညေ ဧကံ၊ နိဿယေ ပဥ္စ၊ ဥပနိဿယေ ဧကံ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊

ကမ္မေ တိကံ၊ ဝိပါကေ ဧကံ၊ အာဟာရေ တိကံ၊ ဣန္ဒြိယေ တိကံ၊ ဈာနေ တိကံ၊ မဂ္ဂေ တိကံ၊ အတ္ထိယာ ပဉ္စ၊ အဝိဂတေ ပဉ္စ။

## အတ္ထိပစ္စည်း သဘာဂ (၁၈)

အတ္ထိ၊ အဝိဂတပစ္စည်းမှာ (၆)မျိုး ရှိပါတယ်။ (၆)မျိုးကို ကြည့်လိုက်မယ်ဆိုရင် အာရမ္မဏ ပုရေဇာတတ္ထိအတွက် ခရေပွင့် မရှိပါဘူး။ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ ရုပ်အာဟာရတ္ထိ ရူပဇီဝိတိန္ဒြိယတ္ထိ မိဿက (၃)မျိုး။ ဒါတွေအားလုံး ခရေပွင့် ရှိကြပါတယ်။ ဒီတော့ အာရမ္မဏ ပုရေဇာတတ္ထိမှတပါး ကြွင်းသော ရှစ်မျိုးအတွက် ဘာမှ စဉ်းစားစရာ မလိုပါဘူး။ မူလီဖြစ်တဲ့ ပစ္စည်း အတိုင်း ဆိုလိုက်ရုံပါပဲ။ အာရမ္မဏ ပုရေဇာတတ္ထိမှာ သာလျှင် အာရမ္မဏမျိုးအတွက် နဲနဲ စဉ်းစားရပါတယ်။ အတ္ထိ (၆)မျိုး ဆိုပေ တယ်သို့ သဘာဂကျတော့ သဟဇာတမှာ သဟဇာတ (၁၄)ပစ္စည်း ဟာ သဘာဂ ဖြစ်ပါတယ်။ အာရမ္မဏ ပုရေဇာတတ္ထိက အာရမ္မဏ မျိုး (၇)ပစ္စည်းနဲ့ သဘာဂ ဖြစ်ပါတယ်။ သဟဇာတထဲမှာ အာ ရမ္မဏမျိုးကို ရောလိုက်ရင် အထက်က ပြောခဲ့တဲ့အတိုင်း အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ ဒီ(၃)ပစ္စည်း ထည့်လိုက်တော့ (၁၇)ပစ္စည်း ဖြစ်သွားပါတယ်။ ဝတ္ထု ပုရေဇာတတ္ထိအတွက် ပစ္စည်း တိုးမလာပါ ဘူး။ ပစ္ဆာဇာတတ္ထိအတွက် ပစ္ဆာဇာတ (၁)ပစ္စည်း တိုးလာပါတယ်။ ဒီတော့ (၁၈) ဖြစ်သွားပါတယ်။ ကျန်တဲ့ ရုပ် အာဟာရ ရူပဇီဝိ တိန္ဒြိယ စသည်တွေမှာလဲ ပစ္စည်း တိုးမလာပါဘူး။ ဒီတော့ အတ္ထိ ပစ္စည်းမှာ သဘာဂဟာ (၁၈)ပစ္စည်း ဖြစ်ပါတယ်။ ဒီ(၁၈)ပစ္စည်းရဲ့ သဘာဂကို ဆိုရပါလိမ့်မယ်။ ဒီတော့ ခုပြောထားခဲ့တဲ့အတိုင်း မူက ခရေပွင့်ကလေးကြည့်ပြီး မူလီဖြစ်တဲ့ ပစ္စည်းတွေကြည့်။ မူလီရဲ့ သုဒ္ဓ သင်္ချာဆို။ သင်္ချာကလဲ သူ့မှာရှိတဲ့ သင်္ချာကလေး ဆိုရရုံပါပဲ။ ဒါပါ ပဲ။ အထူးပြောစရာ မလိုပါဘူး။ အတ္ထိက များနေတော့ လွယ်ပါ တယ်။ နောက်က ဆိုခဲ့တာတွေပါပဲ။

**အတ္ထိမူ ဟေတု သဘာဂ** ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ဟိတ် (၆) ပါး။ ဤ

တရားတို့သည် အတ္ထိ ဟေတုပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အတ္ထိ ပစ္စယာ ဟေတုယာ သဟ ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

အာရမ္မဏမှာ ခရေပွင့်ရှိသဖြင့် အာပုအတိုင်း ဆိုရရုံပါပဲ။

**အတ္ထိမူ အာရမ္မဏ သဘာဂ** ၌ ကာမစိတ် စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ။ အတ္ထိ ပစ္စယာ အာရမ္မဏေ တီဏိ။

အဓိပတိမှာ အာဓိ ရှိပါတယ်။ အတ္ထိက အာပုရှိသဖြင့် အာပုဓိ ရပါတယ်။ သဟဇာတမျိုးက သဟာဓိ ရပါတယ်။ သင်္ချာ အဋ္ဌ ဖြစ်ပါတယ်။

**အတ္ထိမူ အဓိပတိ သဘာဂ** ၌ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တတ်သော အလေးအမြတ်ပြုအပ်သော ဣဋ္ဌ ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတာ ဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါး ဟု ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ အတ္ထိ ပစ္စယာ အဓိပတိယာ အဋ္ဌ။

သဟဇာတမှာ သဟဇာတအတိုင်း ဆိုရရုံပါပဲ။

**အတ္ထိမူ သဟဇာတ သဘာဂ** ၌ အချင်းချင်း အား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ အတ္ထိ ပစ္စယာ သဟဇာတေ နဝ။

အညမညလဲ သူ့ သုဒ္ဓသင်္ချာကို ဆိုရရုံပါပဲ။

**အတ္ထိမူ အညမည သဘာဂ**၌ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော

အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တတ်သော အလုံးစုံသော မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ အတ္ထိ ပစ္စယာ အညမညေ တိကံ။

နိဿယ (၄)မျိုးလုံးဟာ အတ္ထိထဲမှာ ဝင်ပါတယ်။ ဒီတော့ နိဿယ (၄)မျိုးလုံးကို ဆိုရပါလိမ့်မယ်။ သင်္ချာက တေရသ ရပါတယ်။

အတ္ထိမူ နိဿယ သဘာဂ ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇောငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အားလည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတတ္ထိ ပစ္စည်း။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတတ္ထိ ပစ္စည်း။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ကောဝိသ+စေတသိက် ဒွေပညာသ အစိတ် အစိတ် နာမက္ခန္ဓာ၊ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ အတ္ထိ ပစ္စယာ နိဿယေ တေရသ။

ဥပနိဿယလဲ တရားများပါတယ်။ အတ္ထိကလဲ အလွန်ပဲ များပါတယ်။ ဒါပေတဲ့ သဘာဂ ရွေးလိုက်ရင် မူအာပုနဲ့ မူလီ အာရမ္မဏူပ နိဿယဟာ အာရမ္မဏမျိုးသာ သဘာဂ ဖြစ်ပါတယ်။ အာရမ္

ဏှုပ နိဿယသည် အာဝိန့် တူသဖြင့် အာပုဝိရယ်လို့ သင်္ချာ ကော်သာ ရပါလိမ့်မယ်။

အတ္ထိမှု ဥပနိဿယ သဘာဝ ၌ အလေးအမြတ် ပြုတတ်သော လောဘမူစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ရုပ္ပ ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ။ အတ္ထိ ပစ္စယာ ဥပနိဿယော ကော်။

ပုရေဇာတက အာပု+ဝတ်ပုဟာ အတ္ထိမှာလဲ ရှိသဖြင့် အာပု+ ဝတ်ပုကိုပဲ ဆိုရပါတယ်။

အတ္ထိမှု ပုရေဇာတ သဘာဝ ၌ ကာမစိတ် စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ ဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော သတ္တဝိညာဏ ဓာတ် အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတတ္ထိပစ္စည်း။ အတ္ထိ ပစ္စယာ ပုရေဇာတေ တိဏိ။

ပစ္ဆာဇာတမှာလဲ ပစ္ဆာဇာတအတိုင်း ဆိုရပါတယ်။

အတ္ထိမှု ပစ္ဆာဇာတ သဘာဝ ၌ ပဋိသန္ဓေ အစရှိသော ရှေးရှေး သော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါး။ အတ္ထိ ပစ္စယာ ပစ္ဆာဇာတေ တိဏိ။

အာသေဝနနဲ့ မဆိုင်ပါဘူး။ ကမ္မ (၄)မျိုးရှိတဲ့အနက် သဟ ဇာတ ကမ္မနဲ့သာ ဆိုင်ပါတယ်။ သဟဇာတ ကမ္မအတိုင်း ဆိုရရုံပါပဲ။

အတ္ထိမှု ကမ္မ သဘာဝ ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာ။ အတ္ထိ ပစ္စယာ ကမ္မေ သတ္တ။

အတ္ထိမှု ဝိပါက သဘာဝ ၌ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဋိသန္ဓေ ဝိပါကာဝရ ပဋိသန္ဓေ နာမက္ခန္ဓာ။ အတ္ထိ ပစ္စယာ ဝိပါကေ ဇော။

အာဟာရမှာ နာမ် အာဟာရ+ရုပ် အာဟာရ ရှိပါတယ်။ ဒီ(၂)မျိုးလုံး အတ္ထိထဲမှာ ဝင်ပါတယ်။

အတ္ထိမှု အာဟာရသဘာဝ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ် အာဟာရ တရားကိုယ် (၃)ပါးဟု ဆိုအပ်သော နာမ်အာဟာရပစ္စည်း။ ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တတ်သော စတုသမုဋ္ဌာနိက ဩဇာဟု ဆိုအပ်သော ရုပ် အာဟာရပစ္စည်း။ အတ္ထိ ပစ္စယာ အာဟာရေ သတ္တ။

ဣန္ဒြိယမှာလဲ ဣန္ဒြိယ (၃)မျိုးဟာ အတ္ထိထဲမှာ ဝင်သဖြင့် ဒီ(၃)မျိုးကို ဆိုရပါတယ်။ သင်္ချာက သတ္တပဲ ရပါတယ်။

အတ္ထိမှု ဣန္ဒြိယ သဘာဝ ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ ပစ္စည်း။ ဒွေပဉ္စဝိညာဉ် တဆယ်အား တတ်သော မဇ္ဈိမာယုက ဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉)ခုအား တတ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ အတ္ထိ ပစ္စယာ ဣန္ဒြိယေ သတ္တ။

ဈာန မဂ္ဂ သမ္ပယုတ္တတွေဟာ သဟဇာတမျိုး သက်သက် ဖြစ်သဖြင့် ဈာန မဂ္ဂ သမ္ပယုတ္တရဲ့ သုဒ္ဓသင်္ချာတွေကို ဆိုရရုံပါပဲ။

အတ္ထိမှု ဈာန သဘာဝ၌ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သောဈာနင် တရားကိုယ် (၅) ပါး။ အတ္ထိ ပစ္စယာ ဈာနေ သတ္တ။

အတ္ထိမူ မဂ္ဂ သဘာဂ၌ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော မဂ္ဂင်တရားကိုယ် (၉)ပါး။ အတ္ထိ ပစ္စယာ မဂ္ဂေ သတ္တ။

အတ္ထိမူ သမ္ပယုတ္တ သဘာဂ၌ အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အတ္ထိ ပစ္စယာ သမ္ပယုတ္တေ တိဏိ။

ဝိပ္ပယုတ္တ (၄)မျိုးဟာ အတ္ထိထဲမှာဝင်သဖြင့် ဝိပ္ပယုတ္တ (၄)မျိုး ကိုပဲ ဆိုရပါလိမ့်မယ်။ သချာ ပဥ္စ ရပါတယ်။

အတ္ထိမူ ဝိပ္ပယုတ္တ သဘာဂ၌ မနောဒွါရာဝဇ္ဇန်း မရဏာသန္န ဇောငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည် ရှိသော် (၁၇) ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ ဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေပဥ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တတ်သော ပဥ္စ ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟ ဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဝတ္ထု ဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဋိသန္ဓေ အစ ရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရပ်၏ဌီသို့ ရောက်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါးဟု ဆိုအပ်သော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။အတ္ထိ ပစ္စယာ ဝိပ္ပယုတ္တေ ပဥ္စ။

အဝိဂတပဲ ရှိပါတော့တယ်။ အတ္ထိကလဲ (၉) မျိုး၊ အဝိဂတ ကလဲ (၉) မျိုး ဖြစ်သဖြင့် ၎င်း (၉) မျိုးကိုပဲ ဆိုရပါလိမ့်မယ်။ သချာကလဲ တေရသပဲ ဖြစ်ပါတယ်။

**အတ္ထိမူ အဝိဂတ** သဘာဂ၌ ကာမစိတ် စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဇ္ဈာရသဟု

ဆိုအပ်သော အာရမ္မဏ ပုရေဇာတဿိပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတတ္ထိပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထု ပုရေဇာတတ္ထိပစ္စည်း။ ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ကေဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပဌမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါးဟု ဆိုအပ်သော ပစ္ဆာဇာတတ္ထိပစ္စည်း။ ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တတ်သော စတုသမုဋ္ဌာနိက ဩဇာဟု ဆိုအပ်သော ရုပ်အာဟာရတ္ထိ ပစ္စည်း။ ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉) ခုအား တတ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္စည်း။

အချင်းချင်းအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သော အခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဇကဝီသ+စေတသိက် ဒွေပညာသ အစိတ် အစိတ် နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ် သော သဟဇာဘ ပုရေဇာတ မိဿကပစ္စည်း။ ဝုဋ္ဌော မနောဒွါရာ ဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော တိဇကာယ၊ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဇကဝီသ+စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဩဇာဟု ဆိုအပ်သော ပစ္ဆာဇာတာဟာရ မိဿကပစ္စည်း။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစ

ရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ကမ္မဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ကေဝီသ+စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ အတ္ထိ ပစ္စယာ အဝိဂတေ တေရသ။

ပါဠိ စိကြပါစို့။

## အတ္ထိပစ္စည်း သဘာဂ ပါဠိ

အတ္ထိ ပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ အဋ္ဌ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ တေရသ၊ ဥပနိဿယေ ဧကံ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အဝိဂတေ တေရသ။

နတ္ထိပစ္စည်းသည် အနန္တရနှင့် လုံးဝ တူပါတယ်။ တူသဖြင့် အထူး မဆိုတော့ပဲ ပါဠိကိုပဲ ဆိုလိုက်ကြပါစို့။

## နတ္ထိပစ္စည်း သဘာဂ ပါဠိ

နတ္ထိ ပစ္စယာ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ သတ္တ၊ အာသေဝနေ တီဏိ၊ ကမ္မေ ဧကံ၊ ဝိဂတေ သတ္တ။

ဝိဂတလဲ အတူတူပါပဲ။

## ဝိဂတပစ္စည်း သဘာဂ ပါဠိ

ဝိဂတ ပစ္စယာ အနန္တရေ သတ္တ၊ သမနန္တရေ သတ္တ၊ ဥပနိဿယေ သတ္တ၊ အာသေဝနေ တီဏိ၊ ကမ္မေ ဧကံ၊ နတ္ထိယာ သတ္တ။

အဝိဂတပစ္စည်းဟာ အတ္ထိပစ္စည်းနဲ့ တူပါတယ်။ အတ္ထိအတိုင်း အားလုံးကုန်ပဲ ဆိုရပါလိမ့်မယ်။ ဒါ့ကြောင့် သူ့ကိုလဲ ပါဠိပဲ ဆိုကြပါစို့။

## အဝိဂတပစ္စည်း သဘာဂ ပါဠိ

အဝိဂတ ပစ္စယာ ဟေတုယာ သတ္တ၊ အာရမ္မဏေ တီဏိ၊ အဓိပတိယာ အဋ္ဌ၊ သဟဇာတေ နဝ၊ အညမညေ တီဏိ၊ နိဿယေ တေရသ၊ ဥပနိဿယေ ဧကံ၊ ပုရေဇာတေ တီဏိ၊ ပစ္ဆာဇာတေ တီဏိ၊ ကမ္မေ သတ္တ၊ ဝိပါကေ ဧကံ၊ အာဟာရေ သတ္တ၊ ဣန္ဒြိယေ သတ္တ၊ ဈာနေ သတ္တ၊ မဂ္ဂေ သတ္တ၊ သမ္ပယုတ္တေ တီဏိ၊ ဝိပ္ပယုတ္တေ ပဉ္စ၊ အတ္ထိယာ တေရသ။

ဒီ သဘာဂတွေဟာ တခြားက လာတာ မဟုတ်ပါဘူး။ သုဒ္ဓသင်္ချာက လာတာပါ။ ဒီ သဘာဂတွေကို သဘော ကျမယ် ဆိုရင် ဃဋနာတွေဟာ အိတ်ဝင်သဘောမျိုး ဖြစ်ပါလိမ့်မယ်။ အဲဒီ ဃဋနာတွေဟာ သဘာဂက လာကြောင်းကို နောက် အ ပတ် ကျ တော့ ရှင်းလင်းပြီး ပြောပြပါမယ်။ အဋ္ဌကထာ မိန့်ဆိုချက်များကိုလည်း ထိုက်သင့်သလို ပြောခဲ့ပြီဖြစ်၍ သဘာဂကိစ္စ ပြီးကြပါစို့။

သာဓု - သာဓု - သာဓု။

# *ပဋ္ဌာန်းကုသလတိက် ပဉှာဝါရ အနုလုံ သင်္ချာခန်း၊

## ဃဋ္ဋနာ

ယနေ့ ဃဋ္ဋနာကို ပို့ချပေးပါမယ်။ ဃဋ္ဋနာဆိုတာ ဘာကို ခေါ်သလဲဆိုရင် ပစ္စည်း ပစ္စယုပ္ပန်တူကြတဲ့ တရားတွေ ရှိတယ်။ အဲဒီ တရားတွေကို ပေါင်းဆုံ စုစည်းပြီးတော့ ပြိုင်ကြတဲ့ ပစ္စယ သဘာဂ သတ္တိ အပေါင်းကို ဃဋ္ဋနာရယ်လို့ ခေါ်ပါတယ်။ အဲဒီ ဃဋ္ဋနာဟာ ဇယားမှာ ပြပြီး ရေးထားတဲ့ မိဿက ပကိဏ္ဏက ဃဋ္ဋနာ၊ သုဒ္ဓပကိဏ္ဏက ဃဋ္ဋနာ၊ သဟဇာတ ဃဋ္ဋနာလို့ (၃) မျိုး ရှိပါတယ်။

မိဿက ပကိဏ္ဏက ဃဋ္ဋနာရယ်လို့ ဘာဖြစ်လို့ ရေးရသလဲ။ ပါဠိတော် အဋ္ဌကထာရဲ့ အလိုဆိုရင် ပကိဏ္ဏက ဃဋ္ဋနာနဲ့ သဟဇာတ ဃဋ္ဋနာရယ်လို့ (၂)မျိုးသာ ရှိပါတယ်။ ဒါပေတဲ့ အရကောက် ဆရာတော်ကြီးက မိဿက ဃဋ္ဋနာ ပကိဏ္ဏက ဃဋ္ဋနာရယ်လို့ ပကိဏ္ဏက ဃဋ္ဋနာကို (၂)မျိုး ခွဲလိုက်ပါတယ်။ (၂)မျိုး ခွဲလိုက်တော့ အရကောက် ဆရာတော်ကြီးရဲ့ အာဘောဂလဲ ပါအောင်၊ ပါဠိတော်နဲ့လဲ ညီညွတ်အောင် ရည်ရွယ်ပြီး မိဿက ပကိဏ္ဏက ဃဋ္ဋနာ၊ သုဒ္ဓပကိဏ္ဏက ဃဋ္ဋနာရယ်လို့ အမည်ပေးပါတယ်။ သဟဇာတ ဃဋ္ဋနာနဲ့ ဃဋ္ဋနာ(၃)မျိုး ရှိပါတယ်။

### မိဿက ပကိဏ္ဏက ဃဋ္ဋနာဖွဲ့ရသော ပစ္စည်း (၇) မျိုး

မိဿက ပကိဏ္ဏက ဃဋ္ဋနာဆိုတာ သဟဇာတမျိုးနဲ့ အာရမ္မဏမျိုး၊ ဝတ္ထုမျိုး စသည်တွေကို ရောပေါင်းပြီး ဟောထားတဲ့ ဃဋ္ဋနာကို မိဿက ပကိဏ္ဏက ဃဋ္ဋနာရယ်လို့ ခေါ်ပါတယ်။ ဒီမိဿက ပကိဏ္ဏက ဃဋ္ဋနာမှာ သဟဇာတမျိုး မပါရင် ဘယ်နည်းနဲ့မှ မရနိုင်ပါဘူး။ မိဿက ပကိဏ္ဏက ဃဋ္ဋနာမှာ သဟဇာတမျိုးနဲ့ တပါးသောမျိုးတွေကို ရောပေါင်းပြီးတော့ ဟောတယ်လို့ဆိုရင် (၂၄) ပစ္စည်းထဲက ဘယ်လို

---

* ၁၃၂၈ ခု၊ ပြာသိုလဆန်း (၄) ရက် (၁၄-၁-၆၇) စနေနေ့၊ (ဆဋ္ဌမအကြိမ်)

ပစ္စည်းမျိုး ရပါ့မလဲ။ ဟေတုဆိုရင် သဟဇာတမျိုး သက်သက်ပါ။ မဆိုင်ပါဘူး။ ဒါဟာ သဟဇာတ ဃဋနာထဲမှာ ဝင်မယ်။ အာရမ္မဏက သုဒ္ဓပကိဏ္ဏက ဃဋနာထဲမှာ ဝင်မယ်။ အဓိပတိကျတော့ အာရမ္မဏာ ဓိပတိ၊ သဟဇာတာဓိပတိရယ်လို့ (၂) မျိုး ရှိတယ်။ ဒီမှာ အာရမ္မဏမျိုး သဟဇာတမျိုး ရောပြီးနေခြင်းကြောင့် အဓိပတိပစ္စည်းအတွက် မိဿက ပကိဏ္ဏက ဃဋနာကို ရပါတယ်။ အနန္တရ၊ သမနန္တရ၊ သုဒ္ဓပကိဏ္ဏက ဃဋနာထဲကပါ။ သဟဇာတ အညမညဟာ သဟဇာတမျိုး သက်သက် ဖြစ်ပါတယ်။ နိဿယမှာ နိဿယ (၄) မျိုး ရှိပါတယ်။ နိဿယ (၄) မျိုးထဲက ဝတ္ထုဟာ ဝတ္ထာရမ္မဏမျိုး၊ သဟဇာတ နိဿယဟာ သဟဇာတမျိုး၊ ဝတ္ထု ပုရေဇာတ နိဿယသည် ဝတ္ထုမျိုး၊ သဟဇာတ ပုရေဇာတ မိဿကက မိဿကမျိုး။ ဒီတော့ နိဿယမှာ သဟဇာတနှင့် အာရမ္မဏမျိုး ဝတ္ထုမျိုးတွေကို ရောပြီးဟောထားခြင်းကြောင့် မိဿက ပကိဏ္ဏက ဃဋနာ ရပါတယ်။ ဥပနိဿယမှာ အာရမ္မဏူပ နိဿယ၊ အနန္တရူပ နိဿယ၊ ပကတူပ နိဿယ (၃) မျိုးရှိတော့ သဟဇာတမျိုး မပါပါဘူး။ ပုရေဇာတမှာ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထု ပုရေဇာတ (၂) မျိုး ရှိတယ်။ သဟဇာတမျိုး မပါဘူး။ ပစ္ဆာဇာတ မဆိုင်ဘူး။ အာသေဝန မဆိုင်ဘူး။ အားလုံး ပကိဏ္ဏက ဃဋနာ ဖြစ်ကြတယ်။ ကမ္မကျတော့ သဟဇာတကမ္မ၊ အနန္တရကမ္မ၊ ဗလဝကမ္မ၊ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မရယ်လို့ (၄)မျိုး ရှိပါတယ်။ ဒီ ကမ္မ ပစ္စည်းမှာ သဟ ဇာတမျိုးလဲ ပါတယ်။ အနန္တရမျိုးလဲ ပါတယ်။ ပါပါလျက် ဒီ ကမ္မပစ္စည်းကို ဘာဖြစ်လို့ မိဿက ပကိဏ္ဏက ဃဋနာဖွဲ့ပြီး မဟောသလဲ လို့ အကြောင်းရှာလျှင် ဒီကမ္မပစ္စည်းနဲ့ တူနိုင်တဲ့ သဘာဂ ဖြစ်နိုင်တဲ့ တပါး တခြားသော ပစ္စည်း တခုခု ရှိပါသလား။ သဟဇာတ ကမ္မလဲ ရရမယ်၊ အနန္တရ ကမ္မလဲ ရရမယ်၊ သို့မဟုတ် ဗလဝကမ္မလဲ ရရမယ်။ ဒီလို ရှိပါသလားဆိုတော့ မရှိဘူး။ မရှိသဖြင့် ဒီ ကမ္မပစ္စည်းကို မိဿက ပကိဏ္ဏက ဃဋနာ မဖွဲ့နိုင်ဘူး။ ပြီးတော့ တချက်တိုးပြီး စဉ်းစားဦးမယ် ဆိုရင် ဒီမိဿက ပကိဏ္ဏက ဃဋနာတွေကို အတ္ထိပစ္စည်းမှာ ဟောပါ တယ်။ အတ္ထိ ပစ္စည်းဆိုတော့ ကာလအားဖြင့် ပစ္စုပ္ပန် ဖြစ်ပါတယ်။ ကာလအားဖြင့် ပစ္စုပ္ပန်ဖြစ်တော့ သဟဇာတကမ္မကတော့ ပစ္စုပ္ပန် ကာလ ရတယ်။ အနန္တရကမ္မ၊ ဗလဝကမ္မတွေကျတော့ ကာလအားဖြင့်

ပစ္စုပ္ပန် မဟုတ်တော့ဘူး။ အတိတ်ကာလ ဖြစ်သွားကြပြီ။ ဒီတော့ ကာလကလဲ မတူသဖြင့် ဒီ သဟဇာတ ကမ္မနှင့် အနန္တရ ကမ္မကို သင်္ခနာ ဖွဲ့ပြီး မဟောနိုင်ပါဘူး။ ဝိပါကဟာ သဟဇာတမျိုး သက်သက် ဖြစ်တယ်။ အာဟာရမှာ နာမ်အာဟာရ ရုပ်အာဟာရ ရှိတဲ့အနက် နာမ် အာဟာရဟာ သဟဇာတမျိုး ဖြစ်ပါတယ်။ ဒါကြောင့် အာဟာရ ရပါတယ်။ ဣန္ဒြိယကျတော့ ဣန္ဒြိယ (၃)မျိုးရှိတယ်။ သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ သဟဇာတမျိုး ပါတယ်။ သင်္ခနာ ဖွဲ့လို့ရတယ်။ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တဟာ သဟဇာတမျိုး သက်သက် ဖြစ်တယ်။ ဝိပ္ပယုတ္တမှာ ဝတ္ထာရမ္မဏ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ရယ်လို့ (၄)မျိုး ရှိသဖြင့် သဟဇာတမျိုးကလဲ ပါနေခြင်းကြောင့် သူ့ကို ဖွဲ့လို့ ရတယ်။ အတ္ထိ၊ အဝိဂတက ပြောစရာ မရှိပါဘူး။ ဖွဲ့လို့ ရပါတယ်။ နတ္ထိ၊ ဝိဂတ မရပါဘူး။ ဒီတော့ မိဿက ပကိဏ္ဏက သင်္ခနာ ဖွဲ့နိုင်တဲ့ ပစ္စည်း ပေါင်း ဟာ (၇) ပစ္စည်းပဲ ရှိပါတယ်။ ဒီ (၇) ပစ္စည်းကို နည်းယူ၍ ကြွင်းကျန်တဲ့ တိက်တွေ ဒုက်တွေနှင့်တကွ ပဋ္ဌာန်း (၂၄) ကျမ်းလုံးမှာလည်း မိဿက ပကိဏ္ဏက သင်္ခနာ ဖွဲ့ချင်ရင် ဒီ(၇) ပစ္စည်းကိုသာလျှင် ဖွဲ့ရပါတယ်။ (၇)ပစ္စည်းဟာ အဓိပတိ၊ နိဿယ၊ အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဖြစ်ပါတယ်။

## မိဿက ပကိဏ္ဏက သင်္ခနာ ခေါင်းစဉ် (၁၁) ချက်

ဒီ မိဿက ပကိဏ္ဏက သင်္ခနာမှာ ပစ္စည်း စဉ်ထားတာ ရှိပါတယ်။ နံပါတ် (၁) က အတ္ထိ ၉ မျိုး၊ (၂) နိဿယ ၄ မျိုး၊ (၃) အာပုဓိ+သဟာဓိ၊ (၄) ဝတ္ထာဓိ+သဟာဓိ၊ (၅) နာမ်ဟာ+ရုပ်ဟာ၊ (၆) ဣန္ဒြိယ ၃ မျိုး၊ (၇) သဟတိ+ပုတိ၊ (၈) ဝိပ္ပယုတ္တ ၄ မျိုး၊ (၉) ဝတ္ထာ+သဟာဝိပ်+ပုရေဝိပ်၊ (၁၀) ဝတ္ထာဓိ+သဟာဓိဝိပ်၊ (၁၁) သဟတိဝိပ်+ပုတိလို့ (၁၁) ချက် ရှိပါတယ်။ ဒီ ခေါင်းစဉ် (၁၁)ချက်ကို ကျက်ထားရင် မည်သည့်အခါမဆို ၎င်း သင်္ခနာတွေကို အလွတ်ဆိုနိုင်ပါလိမ့်မယ်။ ဒီခေါင်းစဉ်ဟာ ဘာဖြစ်လို့ ဒီလို စဉ်ထားရသလဲ။ အကြောင်းရှာမယ်ဆိုရင် စဉ်နည်းက "အနုဝသေသ၊ ဥန၊ ဥနတရ၊ ဥနတမ" ရယ်လို့ (၄)မျိုး ရှိတယ်။ အနုဝ

သေသ လို့ ဆိုတာဟာ အကြွင်းအကျန်မရှိ ရထိုက်တဲ့ ပစ္စည်းတရားတွေကို စုပေါင်းပြီး ယူထားတဲ့ တရားကို ပထမ ဆိုရပါတယ်။ နောက် ဥုန၊ ဒါထက်နဲတာ။ ဥုနတရ၊ အလွန်နဲတယ်။ ဥုနတမ၊ အနဲဆုံး။ ဒီအစဉ်အတိုင်း ဖွဲ့ထားတယ်လို့ ဆိုသဖြင့် သူ့ရဲ့တရားတွေကို ကြည့်လိုက်ရင်လဲ ဒီသဘောအတိုင်း ဖြစ်ပါတယ်။ သင်္ချာတွေကို ကြည့်ဦးမလား။ သင်္ချာဟာ နံပါတ် (၁)နှင့် (၂)မှာ တေရသချင်း တူငြားသော်လည်း နံပါတ် (၁)က တေရသ တရားများပါတယ်။ နံပါတ် (၂)က တေရသဟာ တရားနည်းပါတယ်။ နံပါတ်(၃)မှာ အာပုဓိ သဟာဓိ။ နံပါတ် (၄)မှာ ဝတ္ထာဓိ သဟာဓိ ရှိရာ အာပုဓိက များပါတယ်။ ပြီးတော့မှ ပစ္စည်းစဉ်အတိုင်း နာမ်ဟာ ရုပ်ဟာကို (၃) စသည် မှတ်ပါတယ်။

## သဘာဂမှ ဃဋနာ ဖြစ်လာပုံ

ဒါဖြင့် ကောင်းပြီ၊ မိဿက ပကိဏ္ဏက ဃဋနာ ဖွဲ့ထား တဲ့ ခေါင်းစဉ် (၁၁)ဟာ ဘယ်က ရတာလဲ ?။ ဘယ်က ရတာလဲ ဆိုတော့ ပထမအချက် အဋ္ဌိ(၉)မျိုးရဲ့ ဒါထက် အောက် ပစ္စည်းကို ကြည့်လိုက်ရင် အတ္ထိ၊ အဝိဂတသို့ (၂)ပစ္စည်းသာ ရှိတယ်။ ဒီ (၂)ပစ္စည်းဟာ ဘယ်က လာတာလဲ?။ သဘာဂကို လှမ်းကြည့်လိုက်ပါ။ သဘာဂမှာ အတ္ထိနဲ့ အဝိဂတမှာ အတ္ထိ(၉)မျိုးလို့ ရပါတယ်။ အဲဒီ အတ္ထိ (၉) မျိုးကို သဘာဂတုန်းက ဘယ့်နှဲဆိုခဲ့သလဲ။ အတ္ထိ ပစ္စယာ အဝိဂတေ တေရသ။ အဝိဂတ ပစ္စယာ အတ္ထိယာ တေရသ လို့ ဆိုခဲ့ပါတယ်။ ဒီမှာ ဃဋနာနဲ့ သဘာဂဟာ ဘာသူးမလဲ?။ သဘာဂတုန်းကတော့ (၂) ပစ္စည်း၊ ဃဋနာကျတော့ (၂)ပစ္စည်းကနေ၍ (၁၁) ပစ္စည်း တိုင်အောင် သဘောတူကြတဲ့ သဘာဂ တရားတွေကို စုပေါင်းပြီး ထားတာပဲ။ ဒါပဲ ထူးပါတယ်။

နောက် ဒုတိယအချက် က နိဿယ (၄)မျိုး လာပါတယ်။ သူ့ရဲ့ ပစ္စည်းကို ကြည့်လိုက်ပါ။ နိဿယ၊ အတ္ထိ၊ အဝိဂတ ရှိတယ်။ ဒါ ဘယ်က လာတာလဲ။ သဘာဂမှာ နိဿယ ပစ္စယာ အတ္ထိယာ တေရသ၊ အဝိဂတေ တေရသ။ ဒါက နိဿယ (၄)မျိုးကို ဆိုတာပါပဲ။

ပြီးတော့ တဖန် (၃)အာဟုဓိ၊သဟာဒိ။ဒါ ဘယ်ကလာသလဲ။အဓိပတိ ပစ္စယာ အတ္ထိယာ ဒွေ၊ အဝိဂတေ ဒွေ။ ဝတ္ထာဒိ၊သဟာဓိကျတော့ မိဿက ပကိဏ္ဏ ဃဋနာရဲ့ ယောဂရဲ့ သဘောကို ကြည့်လိုက်ရင် အတ္ထိ အဝိဂတဟာ အမြဲ ပါပါတယ်။ အတ္ထိ အဝိဂတဟာ အမြဲ လိုက်ရပါတယ်။ ဘာကြောင့်လဲဆိုရင် ၎င်းတို့က တရားအများဆုံး ရနေပါတယ်။ (၄) ဝတ္ထာဒိ+သဟာဒိအတွက် ပစ္စည်း (၄) ခုရပါတယ်။ သဘာဂက ဘာလဲဆိုရင် အဓိပတိ ပစ္စယာ နိဿယေ ဒွေ။ အဓိပတိနဲ့ နိဿယရဲ့ သဘာဂပဲ ဖြစ်ပါတယ်။ အဓိပတိနဲ့ နိဿယရရင် အတ္ထိနှင့် အဝိဂတလဲ ရပါတယ်။ ပြီးတော့ (၅) နာမ်အာဟာရ+ရုပ်အာဟာရ။ ဒါက အာဟာရ ပစ္စယာ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။ (၆) ဣန္ဒြိယ (၃)မျိုးက ဣန္ဒြိယ ပစ္စယာ အတ္ထိယာ သတ္တ၊ အဝိဂတေ သတ္တ။ (၇) သဟဇာ°+ပုရေ°က နိဿယ ပစ္စယာ ဣန္ဒြိယေ သတ္တ။ အတ္ထိ အဝိဂတက အမြဲ လိုက်ရပါတယ်။ (၈) ဝိပ္ပယုတ္တ (၄)မျိုး ကျတော့ ဝိပ္ပယုတ္တ ပစ္စယာ အတ္ထိယာ ပဉ္စ၊ အဝိဂတေ ပဉ္စ။ ဒါ သဘာဂ အတိုင်း ဘာတခုမှ လာမထူးပါဘူး။ (၉) ဝတ္ထု+သဟဝိပ်+ပုရေဝိပ်ဟာ ဘယ်က လာတာလဲ။ နိဿယ ပစ္စယာ ဝိပ္ပယုတ္တေ ပဉ္စက လာပါတယ်။ (၁၀) ဝတ္ထာဒိ+သဟာဒိ ဝိပ်ကျတော့ အဓိပတိ ပစ္စယာ ဝိပ္ပယုတ္တေ စတ္တာရိ၊ (၁၁) သဟဇာ°ဝိပ်+ပုရေ° ကျတော့ ဣန္ဒြိယ ပစ္စယာ ဝိပ္ပယုတ္တေ တီဏိ ရပါတယ်။ ဒါက နောက်က ပြောခဲ့တဲ့ သဘာဂကနေပြီး ဃဋနာ လာဖြစ်ပုံကို ပြောပြနေတာပါ။

### မိဿက ပကိဏ္ဏက ဃဋနာ (၃၉) ချက် ရပုံ

ဒီခေါင်းစဉ် (၁၁)ချက် ရှိတဲ့ အနက် အဓိပတိ ပစ္စည်းကို ဟောမယ်ဆိုရင် အဓိပတိပစ္စည်းအတွက် ဃဋနာပေါင်း ဘယ်နှစ်ချက် ရမလဲလို့ စဉ်းစားရင် အထူး စဉ်းစားစရာ မလိုပါဘူး။ ရေးထားတာကိုက အင်မတန် လွယ်အောင် သူ့အသံကလေးတွေနဲ့ ရေးထားပါတယ်။ ဒီ(၁၁)ချက်ထဲမှာ (ဓိ)သံ ပါတာ ဘယ်နှစ်ချက်ရှိသလဲ။ အာဟုဓိ+သဟာဒိ၊ ဝတ္ထာဒိ+သဟာဒိ၊ ဝတ္ထာဒိ+သဟာဒိဝိပ်လို့ (ဓိ) သံပါတာ ဒီ (၃)ချက်ပဲ ရှိပါတယ်။ (၃)ချက် ထက် မပိုပါဘူး။ ဒါကြောင့် အဓိပတိမှာ ဃဋနာ (၃)ချက် ရပါတယ်။

နိဿယ (၆) ချက် ရမှုကတော့ နိဿယလို့ ဆိုသဖြင့် ဒီနိဿယမှာ သဟဇာတ နိဿယ၊ ဝတ္ထုပုရေဇာတ နိဿယ ရှိပါတယ်။ ဝတ္ထုသံ+ဝတ္ထုသံ ပါလာရင် နိဿယနဲ့ ဆိုင်တယ်လို့ မှတ်ရပါတယ်။ ပထမမှာ နိဿယ (၄)မျိုး ပြောစရာ မရှိပါဘူး။ ဒုတိယအချက် နံပါတ်(၄)မှာ ဝတ္ထုခံ+သဟာခံ ဆိုသဖြင့် ဝတ္ထု အသံ ပါလာပါတယ်။ နံပါတ် (၇)က သဟတိ + ပုတိ ဆိုတော့ ပုရေအသံ ပါလာပါတယ်။ နံပါတ် (၉)က ဝတ္ထု+သဟာဝိပ်+ပုရေဝိပ် ဝတ္ထုပုရေ အသံတွေ ပါပါတယ်။ နံပါတ် (၁၀)ကလဲ ဝတ္ထုခံ+သဟာခံ ဝိပ် ဝတ္ထုသံ ပါတယ်။ နံပါတ်(၁၁)က သဟတိ ဝိပ်+ပုတိ ပုရေအသံ ပါတယ်။ ဒါကြောင့် နိဿယမှာ (၆)ချက် ရပါတယ်။

အာဟာရ ကျတော့ အာဟာရ အသံ ပါတာ နာမ်ဟာ+ရုပ်ဟာ တချက်ထဲပဲ ရှိပါတယ်။ ဣန္ဒြိယမှာ (ဣံ) သံပါတာ (၃)ချက် ရှိတယ်။ ဣန္ဒြိယ (၃)မျိုး၊ သဟတိ+ပုတိ၊ သဟတိ ဝိပ်+ပုတိ။ ဝိပ္ပယုတ္တ ကျတော့ ဝိပ္ပယုတ္တအသံပါတာ ကြည့်လိုက်ရင် (၄)ချက်ပဲ ရှိပါတယ်။ အတ္ထိ အဝိဂတမှာ အားလုံးကုန် (၁၁)ချက် ရပါတယ်။ ဒါ့ကြောင့် ဘယ်ပစ္စည်းက ဘယ်နှစ်ချက်ရတယ် ဆိုတာကို ကိန်းသေသိဖို့ရာအတွက် ပြောပြနေခြင်း ဖြစ်ပါတယ်။

## ပစ္စည်းရေ ယူသပုံ

နောက် ပစ္စည်းရေ ကောက်ကတော့ဆိုရင် ပထမ အတ္ထိ (၉)မျိုးက (၂)ပစ္စည်းသာ ရပါတယ်။ နိဿယ (၄)မျိုးက အတ္ထိ အဝိဂတ အမြဲ လိုက်ပါ။ လိုက်ပြီး သူ့ရဲ့ အသံကလေးနဲ့ ပစ္စည်း တိုးပေးပါ။ တိုးပေးပါဆိုတော့ နိဿယကို တိုးပေးလိုက်။ ပစ္စည်းရေ (၃)ခုလာ ဖြစ်ပါတယ်။

နံပါတ် (၃)က (ခံ)သံ ပါသဖြင့် (ခံ)ကို တိုးပေးလိုက်ပါ။ နံပါတ် (၄)က (ခံ)သံလဲပါ၊ (ဝတ္ထု)သံလဲ ပါသဖြင့် အဓိပတိရော နိဿယရော တိုးပေးလိုက်ပါ။ ပစ္စည်းရေ (၄) လာဖြစ် ပါတယ်။ နံပါတ် (၅) က နာမ်ဟာ+ရုပ်ဟာ၊ (ဟာ) သံ ကလေးသာ ပါပါတယ်။ နံပါတ် (၆) ကလဲ (ဣံ) သံကလေးသာ ပါပါတယ်။

နံပါတ် (၇) ကျတော့ သဟဇာတိ+ပုရေဇာတိလို့ဆိုတဲ့ ပုရေဇာတံနဲ့ နိဿယ ရတယ်။ (ဤ) သံနဲ့ ဣန္ဒြိယ ရပါတယ်။ ဒါကြောင့် (၄ ပစ္စည်း ဖြစ်တယ်။ နံပါတ် (၈) ကျတော့ ဝိပ္ပယုတ္တ (၄ မျိုး ဆိုသဖြင့် (ဝိပ်) သံတခုသာ ရှိပါတယ်။ ဒါကြောင့် ပစ္စည်းရေ (၃) ဖြစ်ပါ တယ်။ နံပါတ် (၉) ကျတော့ ဝတ္ထာ+သဟဝိပ်+ပုရေဝိပ်။ ဝတ္ထာ ပါသဖြင့် နိဿယ၊ ဝိပ်သံပါသဖြင့် ဝိပ္ပယုတ္တ ရပါတယ်။ နံပါတ် (၁၀) ကျတော့ ဝတ္ထာခိ+သဟာခိဝိပ်။ ခိသံပါသဖြင့် အဓိပတိ၊ ဝတ္ထာသံ ပါသဖြင့် နိဿယ၊ ဝိပ်သံ ပါသဖြင့် ဝိပ္ပယုတ္တ ရပါတယ်။ ဒါကြောင့် (၅) ပစ္စည်း ဖြစ်ပါတယ်။နံပါတ် (၁၁) သဟာတိ ဝိပ်+ပုတိ မှာ ပုတိ ဆိုတဲ့ အသံကလေး ပါသဖြင့် နိဿယ ရပါတယ်။ ဣံသံပါသဖြင့် ဣန္ဒြိယ ရပါတယ်။ ဝိပ်သံပါသဖြင့် ဝိပ္ပယုတ္တ ရပါတယ်။ ပစ္စည်း ရေဟာ (၅) ပစ္စည်းပဲ ဖြစ်ပါတယ်။ ဒါက ပစ္စည်းရေကို ပြောပြ နေတာ။ သင်္ချာတွေကိုတော့ ခုနက ပြောပြီးခဲ့ပါပြီ။

ဒီတော့ အတ္ထိ (၉) မျိုးထဲမှာ သဘာဂတုန်းက ဆိုခဲ့တဲ့ အာ ရမ္မဏ ပုရေဇာတတ္ထိ၊ သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိလို့ (၆ မျိုး ရှိပါတယ်။ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကလို့ မိဿက (၃ မျိုး ရှိပါတယ်။ အားလုံး ကုန် (၉ မျိုး ရှိပါ တယ်။အဲဒီ မိဿက အသံတွေဟာ အရကောက်ထဲမှာလဲ မရှိပါဘူး။အဌ ကထာကလဲ အတ္ထိကို ပုရေဇာတတ္ထိဆိုပြီး အာရမ္မဏ ပုရေဇာတ၊ ဝတ္ထု ပုရေဇာတလို့ မခွဲပဲနဲ့ (၅) မျိုးသာ ပြပါတယ်။ မိဿက မပါရင် သင်္ချာ ရေတွက်မှု မလွယ်ပါဘူး။ ရှုပ်ထွေးလိမ့်မယ်။ ဒီမှာ လွယ်အောင် ရှင်းအောင် ပိဘာဂ်ဝါရ ပစ္စနီယုဒ္ဓါရများမှာ ဟောတဲ့အတိုင်း ထည့် ထားပါတယ်။ ဒီ မိဿက (၃) မျိုးဟာလဲ ကုသလတိက် အတွက်သာ လျှင် ဖြစ်ပါတယ်။ အားလုံးကုန် တိကပဋ္ဌာန်း ဒုကပဋ္ဌာန်းစတဲ့ ပဋ္ဌာန်း (၂၄) ကျမ်းလုံး အတွက်ဆိုရင် မိဿကဟာ ရှစ်မျိုး ရှိပါတယ်။ ဒီ မိဿကရှစ်မျိုးရဲ့ သုဒ္ဓသင်္ချာတွေကို ပဋ္ဌာန်း ပါရဂူထဲမှာ ညွှန်ထား ပါတယ်။ သင်္ဂြိုဟ် (၉) ပိုင်း ဇယားမှာ သုဒ္ဓသင်္ချာတွေနှင့် တကွ ပစ္စည်းရေတွေပါ ပြထားပါတယ်။ အသံဖမ်း ပဋ္ဌာန်းပို့ချစဉ် ကျမ်း ပဋ္ဌာဝါရဝိဘင်္ဂမှာ အကျယ်တဝင့် ပို့ချပေးခဲ့ပြီးပါပြီ။

ယခု မိဿက ပကိဏ္ဏကသင်္ဂဟနာရဲ့ ဆိုရိုးကလေးကို ဆိုရပါလိမ့်မယ်။ ဆိုရိုးမှာ လွယ်လဲ လွယ်၊ ကိစ္စသဲပြီ အောင် ပဌမခေါင်းစဉ် (၁၁) ချက်ကို ရှေးဦးစွာ ဆိုရပါလိမ့်မယ်။ ဆိုပြီးတဲ့နောက်မှ ကျန်တာတွေကို ကိစ္စပြီးလွယ်ကဲ့ နည်းနဲ့ ပို့ချပြီး ပေးပါမယ်။ ပထမ အတ္ထိ (၉) မျိုးမှာ အာရမ္မဏ ပုရေဇာတတ္ထိ စသည်ဖြစ်ရာ သဘာဂ ဇယားမှာ ပြထားကဲ့အတိုင်း ဖြစ်ပါတယ်။ ဆိုရိုးက–

## မိဿက ပကိဏ္ဏကသင်္ဂဟနာ ခေါင်းစဉ် (၁၁) ချက်

((၁) ကာမစိတ် စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။)(အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးလုံးသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး၊ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတတ္ထိ ပစ္စည်း)(ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟုဆိုအပ်သော ဝတ္ထုပုရေဇာတတ္ထိ ပစ္စည်း)(ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော ပထမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာလေးပါးဟု ဆိုအပ်သော ပစ္ဆာဇာတတ္ထိပစ္စည်း)(ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြားဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တတ်သော စတုသမုဋ္ဌာနိက ဩဇာဟု ဆိုအပ်သော ရုပ်အာဟာရတ္ထိ ပစ္စည်း။) (ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉)ခုအား တတ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယတ္ထိ ပစ္စည်း။) (အချင်းချင်းအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ဧကဝီသ၊ စေတသိက် ဒွေပညာသ အစိတ် အစိတ် နာမက္ခန္ဓာ၊ ဝုဋ္ဌော

မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ပုရေဇာတ မိဿကပစ္စည်း။ ဂုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော တိဇကာယ၊ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ပုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဩဇာဟု ဆိုအပ်သော ပစ္ဆာဇာတာဟာရ မိဿကပစ္စည်း။ ဂုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ကမ္မဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါဒသ၊ ကုသိုလ်စိတ် ကေဝီသ၊ စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဂုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ရောက်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ ဤတရားတို့သည် အတ္ထိ အဝိဂတ နှစ်ပစ္စည်း တတ်သော တရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အတ္ထိ အဝိဂတန္တိ တွေရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နောက် ဒုတိယအချက် နိဿယ(၄)မျိုး ရှိပါတယ်။ ပစ္စည်းရေကလဲ (၃) ရှိပါတယ်။ သင်္ချာက တေရသ ရှိပါတယ်။ နိဿယ (၄) မျိုးရဲ့ သုဒ္ဓသင်္ချာကို ဆိုရပါလိမ့်မယ်။

(၂) မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်းတတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော

မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပစ္ဆာဇာတ ပစ္စယ ပဋ္ဌိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ နိဿယ ပစ္စည်း။ ပဋိသန္ဓေ ပဝတ္တိကာလ နှစ်ပါးတို့၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော သတ္တ ဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆို အပ်သော ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်း။ အချင်းချင်းအား တတ်သော ပဋ္ဌိသန္ဓေကာလ၌ ဖြစ်သောအခါ အကုသိုလ်စိတ် ဒွါ ဒသ၊ ကုသိုလ်စိတ် ကာမဝစာ၊ ဝိပါက် ဒွေပဉ္စဝိညာဏ် အစိတ် အစိတ် နာမက္ခန္ဓာ။ ဝတ္ထုဓာတ် အကြောင်းရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ ဤတရားတို့သည် နိဿယ၊ အတ္ထိ၊ အဝိဂတ (၃)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ ဘေရသဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

နံပါတ်(၃)က အာရုံခိ+သဟာဓိ ရှိပါတယ်။ ပစ္စည်းရေ(၃)၊ သင်္ချာ အဋ္ဌ ရှိပါတယ်။ အလေးအမြတ် ပြုတတ်သော လောဘမူ စိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌ ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတာ ဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု ဆိုအပ် သော သဟဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိ၊ အတ္ထိ၊ အဝိဂတ (၃)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိ၊ အတ္ထိ၊ အဝိဂတန္တိ အဋ္ဌဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

နံပါတ်(၄) ဝတ္ထာခိ+သဟာခိ။ အလေးအမြတ်ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တတ်သော အလေးအမြတ် ပြုအပ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက် မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာ ရမ္မဏာဓိပတိပစ္စည်း။ သမ္ပယုတ္တခန္ဓာသာဓိပတိ စိတ္တဇရုပ်အား တတ် သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု

ဆိုအပ်သော သဟဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အဓိပတိ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (၄)ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိ၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ အဋ္ဌဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၅) နာမ်ဟာ ရုပ်ဟာ။ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဖဿ၊ စေတနာ၊ ဝိညာဉ်ဟု ဆိုအပ်သော နာမ်အာဟာရ တရားကိုယ် သုံးပါးဟု ဆိုအပ်သော နာမ်အာဟာရ ပစ္စည်း။ ကလာပ်တူ ဩဇာကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တတ်သော စတုသမုဋ္ဌာနိက ဩဇာဟု ဆိုအပ်သော ရုပ်အာဟာရပစ္စည်း။ ဤတရားတို့သည် အာဟာရ၊ အတ္ထိ၊ အဝိဂတ (၃)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာဟာရ၊ အတ္ထိ၊ အဝိဂတန္တိ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၆) ဣန္ဒြိယ (၃)မျိုး။ သဟဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယပါ။ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယပစ္စည်း။ ဒွေပဉ္စဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတီတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ ရုပ်ဇီဝိတိန္ဒြေ ကြဉ်သော ကလာပ်တူ ကမ္မဇရုပ် (၉)ခုအား တတ်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ (၃)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတန္တိ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၇) ကျတော့ ရူပတိံ ပြုတ်သွားပါပြီ။ သဟတိံ ÷ ပုတိံကို ဆိုရပါတယ်။ သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟု ဆိုအပ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟု

ဆိုအပ်သော သဟဇာတိန္ဒြိယ ပစ္စည်း။ ဒွေပဉ္စဝိညာဉ်တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အာဂတာဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စ ဝတ္ထုဟုဆိုအပ်သော ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ ဤတရားတို့သည် နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ (၄)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတန္တိ သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၈) ဝိပ္ပယုတ္တ (၄)မျိုး။ ဝတ္ထု၊ သဟရုပ်၊ ပုရေရုပ်၊ ပစ္ဆာဝိပ်လို့ (၄)မျိုး ရှိပါတယ်။ မနောဒွါရာဝဇ္ဇန်း မရဏာသန္နဇော ငါးချက် ကာဒါရုံအားတတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက်မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရုမ္ဗာ ဝိပ္ပယုတ္တပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ ၏စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စ ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟ ဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထု ဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဋိသန္ဓေ အစ ရှိသော ရှေးရှေးသောစိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါးဟု ဆိုအပ်သော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၃)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ပဉ္စဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၉) ပစ္ဆာဝိပ် မပါပါဘူး။ အစကတဲက လာခဲ့တဲ့ တရားတွေအနက် ဒီ တရားကလေးဖြင့် ပြုတ်သွားတယ်။ ဘာဖြစ်လို့ ပြုတ်သလဲ?။ အကြောင်းပြမယ်ဆိုရင် ဒီနံပါတ်(၉)မှာ ဝတ္ထု+ သဟဝိပ်+

ပုရေဝိပ်လို့ ဆိုထားသဖြင့် ဘာပစ္စည်း ဝင်လာသလဲ?၊ နိဿယ ဝင်လာတယ်။ နိဿယမှာ ပစ္ဆာဇာတပစ္စည်း မပါဘူး။ ဒီဝင်ကြက ရတဲ့ပစ္စည်း တွေဟာ ပစ္စည်း ပစ္စယုပ္ပန် ကပြန်အပုံ ကျပိုင်နက် အားလုံးကျ ရရမယ်။ ဒီလိုမရနိုင်ရင် ဒီပစ္စည်းတွေဟာ ဝင်လို့ကို မရနိုင်ပါဘူး။ နံပါတ်(၈)ထဲမှာ နိဿယ ဘယ်နည်းနဲ့မှ မဝင်နိုင်ဘူး။ ဘာ့ကြောင့်လဲ ဆိုရင် ပစ္ဆာဇာတ ရလို့။ ဒါဟာ နည်းယူဖို့ပါပဲ။

မနောဒွါရာဝဇ္ဇန်း မဟာကုသနဇော ငါးချက် တခါဂုံအား တတ်သော စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ဝိပ္ပယုတ္တပစ္စည်း။ စိတ္တဇရုပ် ပဋိသန္ဓေကဋတ္တာရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်သော ဒွေဟေတုဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာ မက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ပဉ္စ ဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခုကြဉ်သော သတ္တ ဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေ ဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၄)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၌ ပဉ္စ သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၁၁) ဝတ္ထာဓိ၊ သဟာဓိဝိပ်။ အလေးအမြတ် ပြုတတ် သော လောဘမူ မဟာသန္ဓော ငါးချက်အား တတ်သော အလေး အမြတ်ပြုအပ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏာ ဓိပတိပစ္စည်း။ သာဓိပတိ စိတ္တဇရုပ်အား တတ်သော အဓိပတိတရားကိုယ် (၃)ပါး (၄)ပါးတို့တွင် တပါးပါးဟု ဆိုအပ် သော သဟဇာတာဓိပတိ ဝိပ္ပယုတ္တပစ္စည်း။ ဤတရားတို့သည် အဓိပတိ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ(၅) ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အဓိပတိ၊ နိဿယ၊

ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ စတ္တာရိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၁၁) သဟာတိ ဝိပ်+ပုတိ ။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးဟု ဆိုအပ်သော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တပစ္စည်း။ ဒွေပဥ္စဝိညာဉ် တဆယ်အား တတ်သော မဇ္ဈိမာယုကဖြစ်၍ အတိတဘဝင်နှင့် ဥပါဒ်ပြိုင်သော ပဥ္စဝတ္ထုဟု ဆိုအပ်သော ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ ဤတရားတို့သည် နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၅)ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

## မိဿက ပကိဏ္ဏက ဃဋနာ အမည် မှည့်ပုံ

ဆိုရိုး ပြီးသွားပါပြီ။ ဆိုရိုး ပြီးသွားတော့ အဓိပတိပစ္စည်းမှာ (၃)ချက်၊ နိဿယပစ္စည်းမှာ (၆)ချက် စသည်ကို ဆိုရပါလိမ့်မယ်။ အရကောက်ကြီးက ဃဋနာရဲ့ အမည်တွေကို ပေးပါတယ်။ အဋ္ဌကထာမှာတော့ ဒီ ဃဋနာရဲ့ အမည်တွေ မရှိပါဘူး။ ပထမေ၊ ဒုတိယေ၊ တတိယေ စသည်ဖြင့် ပဌမ ဃဋနာ၊ ဒုတိယ ဃဋနာ စသည်ဖြင့် ဆိုပါတယ်။ အရကောက်ဆရာကြီးက အမည်တွေ ပေးထားမှုဟာ ကျေးဇူးများပါတယ်။ ဘာ့ကြောင့် ကျေးဇူးများသလဲဆိုရင် အမည် အားလျော်စွာ ပစ္စည်းတွေဟာ ဘယ်နှစ်ပစ္စည်း ပါတယ်ဆိုတာ တခါတည်း သိနိုင်ပါတယ်။ ဒီတော့ ဃဋနာ မဆိုမီ ဒီ (၇)ပစ္စည်းထဲက အတ္ထိ၊ အဝိဂတက လွဲခဲ့လို့ရှိရင် ကျန် (၅)ပစ္စည်းရဲ့ ပထမ ဃဋနာတွေကို အတ္ထိ၊ အဝိဂတ ဃဋနာရယ်လို့ အမည် မှည့်ရပါလိမ့်မယ်။ အဓိပတိမှာ ပထမ ဃဋနာက အာပုဓိ+သဟာဓိ ဖြစ်ပါတယ်။ သူ့ကို အတ္ထိ၊ အဝိဂတ ဃဋနာရယ်လို့ ဆိုပါ။ ပြီးတော့ ဝတ္ထာဓိ+သဟာဓိကျတော့ ဘယ်ပစ္စည်း တိုးလာသလဲ ဆိုရင် နိဿယ တိုးလာပါတယ်။ နိဿယ တိုးလာသဖြင့် သူ့ကို သနိဿယ ဃဋနာလို့ အမည် မှည့်ရပါတယ်။ သနိဿယ ဃဋနာလို့ ဆိုသဖြင့် နိဿယ ပါတယ်။ သူက အဓိပတိ ဖြစ်ခြင်းကြောင့် အဓိပတိလဲ ရတယ်။ အတ္ထိ၊ အဝိဂတ အမြဲ ရပြီးသား။

တတိယအချက် ကြည့်လိုက်ရင် ဝတ္ထာဒိ + သဟာဇီဝိပ်မှာ ဘယ်ပစ္စည်း တိုးလာပြန်သလဲ?။ဝိပ္ပယုတ္တ တိုးလာပြန်ပါတယ်။ တိုးလာတာကို သဟ အနက်ရှိတဲ့ သ-သဒ္ဒါကလေးနဲ့ သနိဿယ ဝိပ္ပယုတ္တ ဃဋနာလို့ အမည် မှည့်ရပါတယ်။ ကိုနည်းတူစွာ နိဿယပစ္စည်း (၆)ချက် မှာလဲ ပထမ အချက်က အတ္ထိ အဝိဂတ ဃဋနာ၊ ဒုတိယအချက်က အဓိပတိ တိုး လာသဖြင့် သာဓိပတိ ဃဋနာ၊ တတိယအချက်က ဣန္ဒြိယ တိုးလာ သဖြင့် သဣန္ဒြိယ ဃဋနာ၊ စတုတ္ထ အချက်က ဝိပ္ပယုတ္တ တိုးလာသဖြင့် သဝိပ္ပယုတ္တ ဃဋနာ၊ ပဉ္စမ အချက်က အဓိပတိနဲ့ ဝိပ္ပယုတ္တ တိုးလာ သဖြင့် သာဓိပတိ ဝိပ္ပယုတ္တ ဃဋနာ၊ ဆဋ္ဌမ အချက်က ဣန္ဒြိယနဲ့ ဝိပ္ပ ယုတ္တ တိုးလာသဖြင့် သဣန္ဒြိယ ဝိပ္ပယုတ္တ ဃဋနာ ဒီလို မှည့်ရပါတယ်။ အာဟာရမှာ တချက်တည်းပဲ ရှိပါတယ်။ အတ္ထိ၊ အဝိဂတ ဃဋနာပါ။ ဣန္ဒြိယမှာ ပထမအချက်က အတ္ထိ အဝိဂတ ဃဋနာ၊ ဒုတိယအချက်က နိဿယ တိုးသဖြင့် သနိဿယ ဃဋနာ၊ တတိယ အချက်က ဝိပ္ပ ယုတ္တပါ တိုးသဖြင့် သနိဿယ ဝိပ္ပယုတ္တ ဃဋနာလို့ မှည့်ရပါတယ်။ ကြွင်းကျန်တဲ့ ဃဋနာတွေလဲ ဒီသဘောအတိုင်း အကုန်လုံး မှည့်ရပါ တယ်။ မခက်ခဲပါဘူး။ တိုးတဲ့ ပစ္စည်းတွေကို ကြည့်ပြီး မှည့်ရုံပါပဲ။ ယခု ဆိုရိုးကိုလဲ ဆိုခဲ့ပြီးပါပြီ။ အဓိပတိ စတဲ့ ပစ္စည်းတွေဟာ ဒီဆိုရိုး အတွင်းမှာ အကုန်လုံး ဝင်ပါတယ်။ ဒါ့ကြောင့် လွယ်လွယ်ပဲ ဆိုကြ ပါစို့။

## မိဿက ပကိဏ္ဏကဃဋနာ (၃၉)ချက် အကျဉ်း ဆိုရိုး

အဓိပတိ ပစ္စည်း မိဿက ပကိဏ္ဏက ဃဋနာ(၃)ချက်။(၁)အလုံး စုံသော အာရမ္မဏာ ပုရေဇာတာဓိပတိ၊ သဟဇာတာ ဓိပတိ ပစ္စည်း။ အဓိပတိ၊ အတ္ထိ၊ အဝိဂတန္တိ အဋ္ဌ။ (၂) အလုံးစုံသော ဝတ္ထာ ရမ္မဏာဓိပတိ ၊ သဟဇာတာ ဓိပတိပစ္စည်း။ အဓိပတိ၊ နိဿယ၊အတ္ထိ၊ အဝိဂတန္တိ အဋ္ဌ။ (၃) အလုံးစုံသော ဝတ္ထာ ရမ္မဏာ ဓိပတိ-သဟ ဇာတာ ဓိပတိ ဝိပ္ပယုတ္တ ပစ္စည်း။ အဓိပတိ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ စတ္တာရိ။

(ဃဋနာ ဖော်ဟာ မိမိပစ္စည်း ဟောနေခဲ့လို့ရှိရင် မိမိပစ္စည်းကို ပထမ ရှေးဦးစွာ ဆိုရပါတယ်။ ဒါကလေးကို နဲနဲ သတိပြုပါ။ ဒီ

ဇယားထဲမှာ မိမိရဲ့ပစ္စည်းက နောက်ချောက်နေရင် ပြန်ပြီး ရှေးဦးစွာ ဆိုရပါတယ်။)

နိဿယ ပစ္စည်း မိဿက ပကိဏ္ဏက သဋ္ဌနာ(၆)ချက်။(၁)အလုံးစုံသော နိဿယ (၄)မျိုး။ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ တေရသ။ (၂) အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ+သဟဇာတာ ဓိပတိ ပစ္စည်း။ နိဿယ၊ အဓိပတိ၊ အတ္ထိ၊ အဝိဂတန္တိ အဋ္ဌ။ (၃) အလုံးစုံသော သဟဇာတိန္ဒြိယ ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ နိဿယ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတန္တိ သတ္တ။(၄) အလုံးစုံသော ဝတ္ထာရမ္မဏာ+ သဟဇာတ ဝိပ္ပယုတ္တ ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ပဉ္စ။ (၅) အလုံးစုံသော ဝတ္ထာရမ္မဏာ ဓိပတိ သဟဇာတာဓိပတိ ဝိပ္ပယုတ္တ ပစ္စည်း။ နိဿယ၊ အဓိပတိ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ စတ္တာရိ။ (၆) အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ+ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။

(ဆိုရိုး ကလေးကို ကိစ္စလဲ ပြီး လွယ်အောင်၊ လွယ်လဲ လွယ်အောင်၊ မြန်လဲ မြန်အောင် ဆိုပြနေတာပါ။ စင်စစ်ကတော့ သုဒ္ဓ သင်္ချာတွေကို ခေါင်းစဉ်ဆိုရိုးအတိုင်း ဆိုရမှာပါပဲ။)

အာဟာရပစ္စည်း မိဿက ပကိဏ္ဏကသဋ္ဌနာ (၁) ချက်။ အလုံးစုံသော နာမ်အာဟာရ + ရုပ်အာဟာရပစ္စည်း။ အာဟာရ၊ အတ္ထိ၊ အဝိဂတန္တိ သတ္တ။

ဣန္ဒြိယပစ္စည်း မိဿက ပကိဏ္ဏကသဋ္ဌနာ (၃) ချက်။ ၁။ အလုံးစုံသော ဣန္ဒြိယ (၃)မျိုး။ ဣန္ဒြိယ၊အတ္ထိ၊အဝိဂတန္တိ သတ္တ။ ၂။ အလုံးစုံသော သဟဇာတိန္ဒြိယ+ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း။ဣန္ဒြိယ၊နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ သတ္တ။ ၃။ အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ+ ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ဣန္ဒြိယ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။

ဝိပ္ပယုတ္တ ပစ္စည်း မိဿက ပကိဏ္ဏကသဋ္ဌနာ (၄) ချက်။ ၁။ အလုံးစုံသော ဝိပ္ပယုတ္တ (၄) မျိုး။ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ပဉ္စ။ ၂။ အလုံးစုံသော ဝတ္ထာရမ္မဏာ ဝိပ္ပယုတ္တ၊ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထု

ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ၊ နိဿယ၊ အတ္ထိ၊ အဝိဂတတို့ ပဉ္စ။ ၃။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ + သဟဇာတာဓိပတိ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ၊ အဓိပတိ၊ နိဿယ၊ အတ္ထိ၊ အဝိဂတတို့ စတ္တာရိ။ ၄။ အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ + ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ ဝိပ္ပယုတ္တ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတတို့ တီဏိ။

အတ္ထိပစ္စည်း မိဿက ပကိဏ္ဏကသင်္ချာ (၁၁) ချက်။ ၁။ အလုံးစုံသော အတ္ထိ (၉) မျိုး။ အတ္ထိ၊ အဝိဂတတို့ တေရသ။ ၂။ အလုံးစုံသော နိဿယ (၄) မျိုး။ အတ္ထိ၊ နိဿယ၊ အဝိဂတတို့ တေရသ။ ၃။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာဓိပတိ+သဟဇာတာဓိပတိ ပစ္စည်း။ အတ္ထိ၊ အဓိပတိ၊ အဝိဂတတို့ အဋ္ဌ။ ၄။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ သဟဇာတာဓိပတိ ပစ္စည်း။ အတ္ထိ၊ အဓိပတိ၊ နိဿယ၊ အဝိဂတတို့ အဋ္ဌ။ ၅။ အလုံးစုံသော နာမ်အာဟာရ ရုပ်အာဟာရ ပစ္စည်း။ အတ္ထိ၊ အာဟာရ၊ အဝိဂတတို့ သတ္တ။ ၆။ အလုံးစုံသော ဣန္ဒြိယ (၃) မျိုး။ အတ္ထိ၊ ဣန္ဒြိယ၊ အဝိဂတတို့ သတ္တ။ ၇။ အလုံးစုံသော သဟဇာတိန္ဒြိယ ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ အတ္ထိ၊ နိဿယ၊ ဣန္ဒြိယ၊ အဝိဂတတို့ သတ္တ။ ၈။ အလုံးစုံသော ဝိပ္ပယုတ္တ (၄) မျိုး။ အတ္ထိ၊ ဝိပ္ပယုတ္တ၊ အဝိဂတတို့ ပဉ္စ။ ၉။ အလုံးစုံသော ဝတ္ထာရမ္မဏ+သဟဇာတ ဝိပ္ပယုတ္တ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ အတ္ထိ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အဝိဂတတို့ ပဉ္စ။ ၁၀။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ + သဟဇာတာဓိပတိ ဝိပ္ပယုတ္တ ပစ္စည်း။ အတ္ထိ၊ အဓိပတိ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အဝိဂတတို့ စတ္တာရိ။ ၁၁။ အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ + ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ အတ္ထိ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အဝိဂတတို့ တီဏိ။

အဝိဂတပစ္စည်း မိဿက ပကိဏ္ဏကသင်္ချာ (၁၁) ချက်။ ၁။ အလုံးစုံသော အတ္ထိ (၉) မျိုး။ အဝိဂတ၊ အတ္ထိတို့ တေရသ။ ၂။ အလုံးစုံသော နိဿယ (၄) မျိုး။ အဝိဂတ၊ နိဿယ၊ အတ္ထိတို့ တေရသ။ ၃။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာဓိပတိ သဟဇာတာဓိပတိ ပစ္စည်း။ အဝိဂတ၊ အဓိပတိ၊ အတ္ထိတို့ အဋ္ဌ။ ၄။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ သဟဇာတာဓိပတိ ပစ္စည်း။ အဝိဂတ၊ အဓိပတိ၊ နိဿယ၊ အတ္ထိတို့ အဋ္ဌ။ ၅။ အလုံးစုံသော နာမ်အာဟာရ ရုပ်အာဟာရ

ပစ္စည်း။ အဝိဂတ၊ အာဟာရ၊ အတ္ထိတိ သတ္တ။ ၆။ အလုံးစုံသော ဣန္ဒြိယ (၃)မျိုး။ အဝိဂတ၊ ဣန္ဒြိယ၊ အတ္ထိတိ သတ္တ။ ၇။ အလုံးစုံသော သဟဇာတိန္ဒြိယ ÷ ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ အဝိဂတ၊ နိဿယ၊ ဣန္ဒြိယ၊ အတ္ထိတိ သတ္တ။ ၈။ အလုံးစုံသော ဝိပ္ပယုတ္တ (၄)မျိုး။ အဝိဂတ၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ ပဉ္စ။ ၉။ အလုံးစုံသော ဝတ္ထာရမ္မဏ + သဟဇာတ ဝိပ္ပယုတ္တ ÷ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ အဝိဂတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ ပဉ္စ။ ၁၀။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ ÷ သဟဇာတာဓိပတိ ဝိပ္ပယုတ္တ ပစ္စည်း။ အဝိဂတ၊ အဓိပတိ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ စတ္တာရိ။ ၁၁။ အလုံးစုံသော သဟဇာတိန္ဒြိယ ဝိပ္ပယုတ္တ ÷ ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ အဝိဂတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ တိဏိ။

မိဿက ဃဋနာ ပြီးသွားပါပြီ။ ဒီဃဋနာတွေဟာ ဘယ်က လာပါသလဲဆိုရင် သဘာဂက လာပါတယ်။ သဘာဂဟာ ဘယ်က လာပါသလဲ၊ သုဒ္ဓသင်္ချာက လာပါတယ်။ ဒါ့ကြောင့် သုဒ္ဓသင်္ချာကို ကျေကျေညက်ညက်ရရင် သဘာဂတွေ ဃဋနာတွေကို လွယ်လွယ် ကူကူ ပြီးနိုင်မှာ ဖြစ်ခြင်းကြောင့် သုဒ္ဓသင်္ချာကိုတော့ ကျေကျေညက်ညက် ကလေး ရအောင် ကျက်ထားကြပါ။

သာဓု - သာဓု - သာဓု။

## ပဋ္ဌာန်း ကုသလတိက် ပဉ္စ၀ါရ အနုလုံ သင်္ချာခန်း

### အဋ္ဌကထာ ဋီကာများ၏ မိန့်ဆိုချက် အစီပွါယ်

အရင် အပတ်က မိဿက ပကိဏ္ဏက ဃဋနာ (၁၁) ချက် ဆုံးရိုး ပြီးသွားပါပြီ။ ဃဋနာ ဇယားတွေကို ကြည့်လိုက်ရင် အစီအစဉ်တွေ ဟာ သူ့ဟာနဲ့သူ ချောနေတာပါပဲ။ ဒါပေတယ်လို့ ဒီအစီအစဉ်တွေ အတွက် အဋ္ဌကထာ ဋီကာဆရာတွေက ဘယ်လို စီစဉ်ပြီးထားတယ်လို့ ဆိုတာကို အဋ္ဌကထာ ဋီကာကို ကြည့်ရုံနဲ့ အဓိပ္ပါယ်တွေကို ထင်ထင် ရှားရှား သိဖို့ရာ မလွယ်လှပါဘူး။ ယခု အစီအစဉ်တွေကတော့ အရှေ ကောက် ဆရာတော်ကြီးရဲ့ ကျေးဇူး ဖြစ်ပါတယ်။ အရကောက် ဆရာ တော်ကြီးများကလဲ များသောအားဖြင့် မူလဋီကာကို ကြည့်ပြီး စီစဉ် ထားတာ ဖြစ်ပါတယ်။

အတ္ထိ (၉) မျိုးထဲက ပထမ ဃဋနာအတွက် တရားတွေကို အဋ္ဌကထာက ဘယ်လိုပြသလဲဆိုတော့ "ပထမေ အရူပဝတ္ထာရမ္မဏ မဟာဘူတ ဣန္ဒြိယာဟာရာနံ ဝသေန သဟဇာတ ပုရေဇာတ ပစ္ဆာ ဇာတပစ္စယာ လဗ္ဘန္တိ"။ ဒီအရက ပထမ ဃဋနာမှာ နာမ်တရား၊ ဝတ္ထုရုပ် (၆) ပါး၊ အာရုံ (၆) ပါး၊ မဟာဘုတ်(၄)ပါး၊ ဣန္ဒြေ အာဟာရတို့ရဲ့ အစွမ်းအားဖြင့် သဟဇာတပစ္စည်း၊ ပုရေဇာတပစ္စည်း၊

၁၃၂၈-၃ ပြာသိုလဆန်း ( ) ရက် ၁၉၆၇-၁-၆၇ (အင်္ဂါနေ့) နေ့အကြိမ်

ပစ္ဆာဇာတပစ္စည်းတို့ ရအပ်ကုန်၏လို့ ဒီလို အဋ္ဌကထာဆရာက ပထမ ဃဋ္ဋနာ အတ္ထိ (၉) မျိုးအတွက်ကို တရားထုတ်ပြတယ်။ ဒီလို ထုတ်ပြ တော့ မူလ ဋီကာဆရာက အဋ္ဌကထာက ဒီလိုဆိုတယ်။ ဒါပေတဲ့ ဘယ်လိုသင့်သလဲဆိုရင် ''အာဟာရိန္ဒြိယ ပစ္စယာစ'' တိပိ ပန ဝတ္တဗ္ဗံ။နဟိဣန္ဒြိယာဟာရာနံ ဝသေန သဟဇာတာဒယော လဗ္ဘန္တီတိ''။ အဓိပ္ပါယ်က အဋ္ဌကထာကအထက်ပါအတိုင်း ဆိုထားတယ်။ဒါပေမယ့် အာဟာရိန္ဒြိယ ပစ္စယာစ အာဟာရ ဣန္ဒြိယ ပစ္စည်းတို့ကိုလဲ ဆိုသင့် ပါတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ အဋ္ဌကထာ ဆိုထားတဲ့အတိုင်း ဣန္ဒြိယ အာဟာရပစ္စည်းတွေရဲ့ အစွမ်းအားဖြင့် သဟဇာတ၊ ပုရေ ဇာတ၊ ပစ္ဆာဇာတ ပစ္စည်းတွေကို မရနိုင်ပါဘူးတဲ့။ ဆိုလိုရင်း မူလ ဋီကာဆရာ ပြောတာက အတ္ထိ (၉) မျိုးထဲမှာ ရုပ်အာဟာရ ရူပဇီဝိတိန္ဒြိယတွေ ပါပါတယ်။ အဲဒီ ပါမှုတွေဟာ အထက်က အဋ္ဌ ကထာဆရာ ဆိုထားတဲ့ အထဲမှာ မပါပါဘူး။ ဒါကို အနုဋီကာက ဘယ်လိုပြသလဲဆိုတော့ (အနုဋီကာကလဲ အဋ္ဌကထာဘက်က ရှေ့နေ မလိုက်နိုင်တော့ မူလဋီကာရဲ့ အာဘော်ကို ပြလိုက်တာကတော့) ဣန္ဒြိယ အာဟာရတို့ရဲ့ အစွမ်းအားဖြင့် ဘာရမလဲ?၊ ဣန္ဒြိယပစ္စည်း၊ အာဟာရပစ္စည်းပဲ ရမှာပေါ့တဲ့။ အတ္ထိပစ္စည်းမှာ သဟဇာတံ၊ ပုရေ ဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံလို့ ဝေဖန်ပြီး ဟောထား ပါတယ်တဲ့။ပြီးတော့ အနုဋီကာဆရာက ဆက်လက်ပြီးတော့ ကေစိဝါဒ ကို ပြလိုက်ပြန်တယ်။ ဘယ်လိုလဲ။ တချို့ ဆရာတွေကတော့ အဋ္ဌကထာ ဆရာပြတဲ့ အာဟာရသဒ္ဒါနဲ့ ကဗဠီကာရ အာဟာရကိုသာယူ၊ ဣန္ဒြိယ သဒ္ဒါနဲ့ ရုပ်ဇီဝိတိန္ဒြေကိုသာယူ၊ ကျန်တဲ့ အာဟာရ ဣန္ဒြိယများကတော့ သဟဇာတ စသည်မှာ အတွင်း ဝင်ပါတယ်တဲ့။ ဒီလို အတွင်းဝင်မှုကို ရည်ရွယ်ပြီး အဋ္ဌကထာက ဆိုပါတယ်တဲ့။ အဲဒီ အထက်ပါ စကား ရပ်တွေဟာ မရှင်းလင်းသေးတော့ အနုဋီကာ ဆရာက ထပ်ပြီး ကေစိဝါဒ ရှင်းပြပါတယ်။ အဲဒီ စကားရပ်မှာ အရူပ အရကို သဟ ဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယ ပစ္စည်းတို့ ရမှုကို ထိုက်သည့် အားလျော်စွာ သိပါတဲ့။ ဘာဆိုလိုတာလဲ၊ အရူပနာမ်တရားတွေ ဆိုတော့ သဟဇာဘပစ္စည်းမှာ နာမ်တရားတွေ ရှိတယ်။ ပစ္ဆာဇာတ နာမ်အာဟာရ သဟဇာတိန္ဒြိယ ပစ္စည်းတွေမှာ နာမ်တရားတွေ ရှိတယ်။

ဝိပ္ပယုတ္တကျတော့ သဟဇာတနဲ့ ပုရေဇာတကို ယူပါတဲ့။ အာရမ္မဏ အရတော့က ပုရေဇာတကို ယူပါတဲ့။အဲဒီ နေရာမှာ အတ္ထိပစ္စည်းထဲက နိပ္ဖန္နရုပ် (၁၈) ခုဟာ အာရမ္မဏ ပုရေဇာတ ဖြစ်နိုင်တာသာ မဟုတ်၊ အာရမ္မဏ သဟဇာတလဲ ဖြစ်နိုင်ကြောင်းကို အနုဋီကာ ဆရာကြီးက ထပ်မံပြီး ဘယ်လိုပြသလဲဆိုရင် "အဘိညာဉ် ဉာဏဿ ပန ကဒါစိ သဟဇာတမ္ပိ အာရမ္မဏ ပစ္စယော ဟောတိယေဝ" လို့ မိန့်ဆိုပါတယ်။ သဘောကတော့ အတ္ထိ (၉) မျိုးထဲမှာ အာရမ္မဏ ပုရေဇာတတ္ထိရယ်လို့ ရှိတယ်။ သူ့ရဲ့ ပစ္စည်းတရားက နိပ္ဖန္နရုပ် (၁၈) ခု ဖြစ်ပါတယ်။ အဲဒီ နိပ္ဖန္နရုပ် (၁၈) ခုဟာ တခါတရံ သဟဇာတဖြစ်ပြီး အာရမ္မဏပစ္စည်း ဖြစ်လေတော့ အာရမ္မဏ သဟဇာတပစ္စည်းရယ်လို့ ဆိုသင့်ပါတယ်တဲ့။ ဘယ်အခါမျိုးမှာ သဟဇာတဖြစ်တဲ့ ရုပ်ဟာ အာရမ္မဏသတ္တိနဲ့ နာမက္ခန္ဓာအား ကျေးဇူးပြုနိုင်သလဲဆိုရင် ဣဒ္ဓိဝိဓအဘိညာဉ်ရတဲ့ ပုဂ္ဂိုလ်ဟာ အရာအထောင် အစရှိတဲ့ နိမ္မိတ ရုပ်ကို ပန်ဆင်းတဲ့ နေရာမှာ ဒီ နိမ္မိတရုပ်တွေက ဣဒ္ဓိဝိဓ အဘိညာဉ်နဲ့ အတူတကွ ဖြစ်ခြင်းကြောင့် သဟဇာတ ဖြစ်တယ်။ တဖန် ဒီအဘိညာဉ်စိတ်က မိမိ ဖြစ်စေအပ်တဲ့ မိမိနဲ့ အတူဖြစ်တဲ့ သဟဇာတ နိမ္မိတရုပ်ကို အာရုံပြုတဲ့အခါမှာ အာရမ္မဏ ဖြစ်တယ်။ အဲဒီတော့ သဟဇာတဖြစ်တဲ့ နိပ္ဖန္နရုပ်က အာရမ္မဏ သတ္တိနဲ့ ဣဒ္ဓိဝိဓ အဘိညာဉ် နာမက္ခန္ဓာအား ကျေးဇူးပြုပါတယ်။ ဒါဖြင့်ရင် အာရမ္မဏ သဟဇာတရယ်လို့ ပဋ္ဌာန်းမှာ ဘာကြောင့် မဟောသလဲဆိုတော့ ဒီအာရမ္မဏ သဟဇာတမျိုးဟာ အဖြစ်လဲ မများဘူး၊ ထင်လဲ မထင်ရှားလို့ မဟောတာပါလို့ အနုဋီကာ ဆရာက ပြတယ်။ အဲဒါက အတ္ထိ (၉) မျိုးရဲ့ ပထမအချက် ဃဋနာ ဖြစ်ပါတယ်။

ဒုတိယအချက် ဃဋနာကျတော့ နိဿယ (၄) မျိုးလို့ ပြထားပါတယ်။ အဲဒါကို အဋ္ဌကထာ ဆရာက ဒုတိယ ဃဋနာ အတ္ထိ ပစ္စည်းမှာ– "ဒုတိယေ ပစ္ဆာဇာတ ကဗဠီကာရာဟာရာ နုလဗ္ဘန္တိ" ဆိုတော့ အဋ္ဌကထာရဲ့ ရုပ်ဝါဒအတိုင်း အတ္ထိဟာ (၅) မျိုးရှိတယ် ဆိုပါတော့။ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိလို့ (၅) မျိုးရှိတဲ့ အနက်မှာ ဒုတိယ ဃဋနာဟာ နိဿယ ပစ္စည်းနဲ့ ဆက်စပ်ပြီး နေပါတယ်။ အဋ္ဌကထာ ဆရာက ပစ္ဆာဇာတ

ကဗဠီကာရာဟာရ မရဘူးတဲ့။ အတ္ထိ(၅)မျိုးထဲမှာ ကဗဠီကာရာဟာရ သာ မဟုတ် ရူပဇီဝိတိန္ဒြိယလဲ ပါသေးတယ်။ ရူပဇီဝိတိန္ဒြိယ မရ ကြောင်းကို အဋ္ဌကထာဆရာက မဆိုဘူး။ ပစ္ဆာဇာတနဲ့ ကဗဠီကာရာ ဟာရ မရကြောင်းကိုသာ ဆိုတယ်။ ဒါကို မူလ ဋီကာဆရာက ''သဗ္ဗာနိပိ ပန အလဗ္ဘမာနာနိ ဒဿေတုံ ပစ္ဆာဇာတ ကဗဠီကာရာ ဟာရ ရူပဇီဝိတိန္ဒြိယ ရူပါဒီအာရမ္မဏာနိ စ နလဗ္ဘန္တီတိပဋ္ဌိ။ အဋ္ဌ ကထာက ဒီလို မရဘူးဆိုတော့ မရတဲ့ တရားတွေကို ပြမယ်ဆိုရင် ပစ္ဆာဇာတလဲ မရဘူး၊ ကဗဠီကာရာဟာရလဲ မရဘူး။ ရူပဇီဝိတိန္ဒြိယလဲ မရဘူး။ ပြီးတော့ ရုပ်စတဲ့ အာရုံတွေကိုလဲ မရဘူးလို့ဆိုတာကတော့ အာရမ္မဏ ပုရေဇာတကို ရည်ရွယ်ပြီး ပြောတာပါ။ တပည့်တော်တို့ ဇယားထဲမှာကြည့်ရင် နိဿယပစ္စည်း အာဟာရ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ ပစ္စည်းတွေ အကုန်လုံး တမျိုး တစားထဲ တရားရ အတူတူ ဖြစ်ပါတယ်။ အတ္ထိ ဒုတိယ ဃဋနာနှင့် နိဿယ ပထမ ဃဋနာဟာ အတူတူ ဖြစ် ရမယ်။ ဒါပေတဲ့ အဋ္ဌကထာက နိဿယပစ္စည်းကျတော့ ရှင်းရှင်း ကလေး ပြထားပါတယ်။ ပထမေ ဃဋနေ တေရသာတိ နိဿယ ပစ္စယ ဝိဘင်္ဂေပုတ္တာနေဝ။ အဲဒီတော့ ပထမ ဃဋနာမှာ နိဿယေ တေရသလို့ ဆိုတာ နိဿယပစ္စည်းရဲ့ ဝိဘင်္ဂဝါရက ဆိုခဲ့တဲ့ တေရသပါပဲတဲ့။ ဒါ ကျတော့ အင်မတန် ရှင်းပါတယ်။ ဒုတိယဃဋနာ ပြီးသွားပါပြီ။

တတိယဃဋနာမှာ ဘာရသလဲ၊ အာပုဗ္ဗိ+သဟာခိ ရပါတယ်။ အဲဒီ တတိယဃဋနာ အတ္ထိပစ္စည်းအတွက် အဋ္ဌကထာ ပြတာက ''ပထမ ဒုတိယ ဃဋနာ နေဝ အဓိပတိနာသဒ္ဓိံ ဥပရိ တတိယ စတုတ္ထာနိက တာနိ'' ဆိုတော့ ပထမ ဒုတိယ ဃဋနာတွေကို အဓိပတိ ပစ္စည်းနှင့် တကွ အထက်ဖြစ်တဲ့ တတိယ စတုတ္ထ ဃဋနာတွေကို ပြုအပ်ပါတယ် တဲ့။ ပဟမ ဒုတိယ ဃဋနာလို့ ဆိုသဖြင့် ပထမက အတ္ထိ (၉)မျိုးနှင့် ဒုတိယ နိဿယ (၄)မျိုး ဖြစ်တယ်။ တတိယ စတုတ္ထအတွက် တတိယ မှာ အဓိပတိနှင့် တကွ လို့ ဆိုသဖြင့် အာပုဗ္ဗိပဲ ယူရမှာပါပဲ။ ဒါ သိပြီးသားဖြစ်တဲ့ အနေနဲ့ ယူရမှာပါပဲ။ စတုတ္ထဖြစ်တဲ့ ဃဋနာအတွက် ဝတ္ထာခိကို ယူရမှာပါ။ ဒီတော့ တတိယ ဃဋနာ၌ အာပုဗ္ဗိ+သဟာခိ၊ စတုတ္ထဃဋနာ၌ ဝတ္ထာခိ သဟာခိ ရှိပါတယ်။ ဒါကို အဓိပတိပစ္စည်း

မှာလဲ ဟောပါတယ်။ အတ္တိပစ္စည်းမှာ တတိယသင်္ချာ အဓိပတိ ပစ္စည်းမှာ ပထမသင်္ချာ လာဖြစ်ပါတယ်။ ပထမသင်္ချာ လာဖြစ်တော့ အဋ္ဌကထာက ဒီ အာပုဂ်ိ ဝတ္ထာမိအတွက် အဓိပတိပစ္စည်းမှာ ဘယ်လို ဆိုပြန်သလဲ ဆိုရင် ''ပထမေ သင်္ချေ အာရမ္မဏာဓိပတိ ဝသေန ဝတ္ထာရမ္မဏံ လဗ္ဘတိ''။ ပထမသင်္ချာမှာ အာရမ္မဏာ ဓိပတိရဲ့ အစွမ်းအားဖြင့် ဝတ္ထာရမ္မဏကို ရအပ်၏။ ဒီ ဝတ္ထာရမ္မဏဟာ တပည့်တော်တို့ သိပြီးသား ဖြစ်တဲ့အတွက် အလေးအမြတ် ပြုအပ်တဲ့ ပစ္စုပ္ပန် နိပ္ဖန္နရုပ်လို့ ဆိုတဲ့ ဝတ္ထုနှင့်တကွ အာရုံတရားကို ယူရမှာပါပဲ။ ဒါပေတဲ့ အာရမ္မဏာဓိပတိ ဝသေနဆိုတဲ့ စကားက ဘာကို ဆိုတာလဲ ဆိုရင် ဝတ္ထာရမ္မဏအတွက် အာရမ္မဏာ ဓိပတိ ဝသေနလို့ ဆိုတာပါ။ ''အာရမ္မဏာ ဓိပတိ ဝသေန ဝတ္ထာရမ္မဏံ လဗ္ဘတိ''လို့ ဆိုတာကို အားလုံးကုန် စုပေါင်းလိုက်ရင် အာရမ္မဏာဓိပတိ၏ အစွမ်းအားဖြင့် ဝတ္ထုအာရုံကို ရအပ်၏လို့ ဆိုသဖြင့် အာပုဂ်ိ အတွက်ကိုသာ ဆိုတာပါ။ သဟဇာတိအတွက် မပါဘူး။ သဟဇာတိအတွက် ရအောင် ဘယ်လို လုပ်ပြီး ယူရမလဲ?၊ အဓိပတိပစ္စည်းရဲ့ သင်္ချာတွေ မပြမီ ရှေးဦးစွာ အဋ္ဌကထာက ဘာပြောသလဲ?၊ ဒီ အဓိပတိပစ္စည်းမှာ အာရမ္မဏပစ္စည်း တွေနဲ့ သင်္ချာကို ပထမ ရှေးဦးစွာ ပွဲပဲနဲ့ ဘာဖြစ်လို့ အတ္တိ၊ အဝိ ဂတနှင့် သင်္ချာ လာပြီး ပွဲရသလဲလို့ မေးလိုက်တယ်။ အဖြေက.... ''ဥဘယာ ဓိပတိ မိဿကတ္တာ'' သဟဇာတာဓိပတိ၊ အာရမ္မဏာ ဓိပတိ ဆိုတဲ့ အဓိပတိနှစ်ပါးနဲ့ ရောပြီး နေခြင်းကြောင့် အတ္တိ၊ အဝိ ဂတနဲ့ သင်္ချာ ပွဲရပါတယ်လို့ ဆိုသဖြင့် ဒီ အာရမ္မဏာ ဓိပတိ ဝသေန ဝတ္ထာ ရမ္မဏံ လဗ္ဘတိ၌ သဟဇာတာဓိပတိ မပါငြား သော်လည်း ရှေ့က စကားကို ထောက်သော အားဖြင့် သဟဇာတာ ဓိပတိလဲ ရ တယ်လို့ ဆိုနိုင်ပါတယ်။ ဒါက အာပုဂ်ိ+သဟဇာတိ အတွက်ပါ။

ပြီးတော့ ဝတ္ထာမိ သဟဇာတိ အတွက် စတုတ္ထသင်္ချာကို အတ္တိ ပစ္စည်းတုန်းက ပြောခဲ့ပါပြီ။ ဒီ စတုတ္ထ သင်္ချာဟာ အဓိပတိပစ္စည်း မှာ ဒုတိယ သင်္ချာ ဖြစ်ပါတယ်။ အဓိပတိရဲ့ ဒုတိယ သင်္ချာမှာ ဘယ်လို ပြသလဲဆိုရင် ''ဒုတိယေ နိဿယ ဝသေန ဂရုံကတ္ဝာ အဿာ ဒေန္တဿ ဝတ္ထု မေဝ''။ ဒုတိယ သင်္ချာမှာ နိဿယပစ္စည်း အစွမ်း

အားဖြင့် အလေးအမြတ်ပြုပြီး သာယာတဲ့ ပုဂ္ဂိုလ်အား ဟဒယဝတ္ထု ဖြစ်တယ်။ ဒါ ဝတ္ထာဓိကို ပြတာပါပဲ။ သဟာဓိကိုတော့ အထက်က ပြောခဲ့တဲ့အတိုင်း မပြတော့ဘူး။ ဒီ ဝတ္ထာဓိဟာ နိဿယ ပစ္စည်းမှာ ဒုတိယ ဃဋနာ ဖြစ်ပါတယ်။ နိဿယ ကျတော့ ဘယ့်နှဲ့ ပြပြန် သလဲ?။ "ဒုတိယေ အဋ္ဌာတိ သဟဇာတာ ဓိပတိ ဝသေန သတ္တ"။ ဒါကျတော့ အင်မတန် ရှင်းပါတယ်။ "ဝတ္ထုံ ဂရုံကတွာ အကုသ လဋ္ဌာတိ အဋ္ဌ"။ နိဿယကျတော့ အင်မတန် ရှင်းတယ်။ တပည့်တော် ယခု ပြောနေတာက ဘာလဲ ဆိုရင် တပည့်တော်တို့ ဇယားကို ကြည့် လိုက်ရင် အားလုံးကုန် သဘောဟာ အတူတူချည်းပဲ။ ဒါပေတဲ့ ဒီ သဘောတူတာတွေကို အဋ္ဌကထာက ဟိုပစ္စည်းကျတော့ တမျိုး၊ ဒီ ပစ္စည်းကျတော့ တမျိုး၊ အမျိုးမျိုး အဖုံဖုံ မိမိရဲ့ ကြီးကျယ်တဲ့ ဉာဏ် အားဖြင့် ပြပြီး နေခြင်းကြောင့် ဒါတွေဟာ အသိ မလွယ် ပါဘူး။ နိဿယကျတော့ သဟဇာတာဓိပတိရဲ့ အစွမ်းအားဖြင့် သတ္တ၊ သဟာဓိ သတ္တရယ် "ဝတ္ထုံ ဂရုံကတွာ အကုသလဋ္ဌာတိ" ဆိုတော့ ဒါ ဝတ္ထာဓိပဲ။ ဟဒယဝတ္ထုကို အလေးအမြတ် ပြုပြီးဖြစ်တဲ့ အကုသိုလ် ဆိုသဖြင့် ဝတ္ထာဓိ ရပါတယ်။ ဒါက ဝတ္ထာဓိနဲ့ သဟာဓိပါ။

ပဥ္စမ ဃဋနာမှာ နာမ်ဟာ ရုပ်ဟာ လာပါတယ်။ ဒါကို အတ္ထိ ပစ္စည်းမှာ "ပုန ပထမ မေဝ စတူဟိ အာဟာရေဟိ သဒ္ဓိံ ပဥ္စမံ" ဆိုတော့ အဘ္ဘပစ္စည်း ပြပုံက တဖန်၊ ပထမ ဆိုတော့ ရှေးဦး ဖြစ်တဲ့ ဃဋနာ အာဟာရ လေးပါးနှင့် တကွ ပဥ္စမမြောက် ဃဋနာ ဖြစ်တဲ့ နာမ် အာဟာရ၊ ရုပ်အာဟာရကို ယူရမယ်လို့ အတ္ထိပစ္စည်းမှာ ပြတယ်။ ပထမ ဆိုတဲ့ စကားအရ ပထမ ဃဋနာထဲက ယူရအောင်ကလဲ ပထမ ဃဋနာထဲမှာ နာမ် အာဟာရ လုံးဝ မပါဘူး။ အဲဒီတော့ "စတူဟိ အာဟာရေဟိ ပဥ္စမံ"လို့ ဆိုရင် အင်မတန် ရှင်းပြီး သွားမှာပါပဲ။ ၎င်း နာမ်အာဟာရ၊ ရုပ်အာဟာရဟာ အာဟာရ ပစ္စည်း ကျတော့ ပထမ ဃဋနာ လာဖြစ်ပါတယ်။ အာဟာရပစ္စည်းကျတော့ ခပ်ရှင်း ရှင်းပဲ။ "ပဆမေ စတ္တာရောပိ အာဟာရာ လဗ္ဘန္တိ"။ ဒါ အာဟာရ လေးပါး။ နာမ် အာဟာရက သဟဇာတာဟာရ၊ ရုပ် အာဟာရက ကဗဠီကာရာဟာရ၊ အင်မတန် ရှင်းပါတယ်။

နောက် ဆဋ္ဌ ဈာနာ ကျတော့ ဣန္ဒြိယ (၃) မျိုး။ သတ္တမ ဈာနာ ကျတော့ သဟဇာတ+ပုရေဇာတ ဖြစ်ပါတယ်။ အဲဒီ ဆဋ္ဌ ဈာနာမှာ အဋ္ဌကထာက ''ရူပိန္ဒြိယေဟိ သဒ္ဓိံ ဆဋ္ဌံ'' ရုပ် ဣန္ဒြေ(၃)ကိုနှင့်တကွ ဆဋ္ဌ ဈာနာကို ယူပါ။ ပြီးတော့ တဖန် ''ရူပါ ရူပိန္ဒြိယေဟိ သဒ္ဓိံ သတ္တမံ ကတံ'' ရုပ် ဣန္ဒြေ၊ နာမ် ဣန္ဒြေတို့နှင့်တကွ သတ္တမ ဈာနာကို ယူပါ လို့ ဆိုတော့ ဣန္ဒြိယ ဈာနာမှာ ဣန္ဒြိယ (၃)မျိုး ရှိပါတယ်။ ''ရူပိန္ဒြိယေဟိ သဒ္ဓိံ ဆဋ္ဌံ''လို့ ဆိုသဖြင့် ရုပ်ဣန္ဒြေတွေကို ပါရပါတယ်။

သတ္တမ ကျတော့ သဟဇာတ+ပုရေဇာတလို့ ရှိသဖြင့် ဒါ ရုပ်ဣန္ဒြေက ပုရေဇာတ+နာမ် ဣန္ဒြေက သဟဇာတလို့ (၂)မျိုးဟာ သတ္တမ ဈာနာ ဟုတ်ပါတယ်။ ဒီနှစ်မျိုးကို မူလ ဋီကာက ''ဆဋ္ဌံ သဗ္ဗေသံ ဣန္ဒြိယာနံ ဝသေန ဝုတ္တံ။ သတ္တမေ တတော ရူပဇီဝိတိန္ဒြိယ မတ္တံ ပရိဟာယတီတိ ဧဝမေ တေသံ ဝိသေသော ဝတ္တဗ္ဗော''။ ဆဋ္ဌဈာနာ ကျတော့ အလုံးစုံသော ဣန္ဒြေတို့ရဲ့ အစွမ်းအားဖြင့် ဟောထားပါတယ်။ ဒါ ဣ (၃)ဟုတ်ပါတယ်။ သတ္တမ ဈာနာကျတော့ ဒီထဲက ရူပဇီဝိတိန္ဒြိယ ရှောင်သွားသဖြင့် ဒီဆဋ္ဌ သတ္တမ ဈာနာတို့ရဲ့ အထူးကို ဆိုအပ်ပါတယ်လို့ မူလဋီကာက ရှင်းရှင်းပြတယ်။ ဣန္ဒြိယပစ္စည်းကျတော့ ဣ (၃)ကို အဋ္ဌကထာက ''ပဌမေ သဗ္ဗာ နိုပိဣန္ဒြိယာနိ ပစ္စယဋ္ဌေန လဗ္ဘန္တိ'' လို့ ဆိုပါတယ်။ သတ္တမ ဈာနာကျတော့ ''ဒုတိယေ ရူပဇီဝိတိန္ဒြိယံ ဟာယတိ။ နဟိတံ နိဿယော ဟောတိ''။ ဒါ အင်မတန်မှန်ပါတယ်။ ဒုတိယ ဈာနာ ကျတော့ ရူပဇီဝိတိန္ဒြိယ ရှောင်သွားပြီး နိဿယ ပစ္စည်းနဲ့ လုံးဝ မဆိုင်ပါဘူးလို့ ပြတယ်။ အဲဒါက သတ္တမ ဈာနာပါ။

အဋ္ဌမ နဝမ ဈာနာ ကျတော့ အတ္ထိပစ္စည်းမှာ ''ပဌမ ဒုတိယာ နေဝ ဝိပ္ပယုတ္တ ပစ္စယေန သဒ္ဓိံ အဋ္ဌမ နဝမာနိ''။ အဋ္ဌမ နဝမဆိုရင် ဘာရမလဲ?။ ဝိပ်(၄)နဲ့ ဝတ္ထာ၊ သဟဝိပ်၊ ပုရေဝိပ်ရယ်လို့ (၂)မျိုး ရပါတယ်။ အဲဒီမှာ ခေါင်းစဉ်က ပဌမက အတ္ထိ (၉)မျိုး၊ ဒုတိယ နိဿယ(၄)မျိုး၊ ဒီထဲက ဝိပ္ပယုတ္တပစ္စည်းနှင့် တကွ အဋ္ဌမ နဝမဈာနာ တွေကို ယူပါလို့ ပြတယ်။ ဝိပ်(၄)နေရာမှာ ဝိပ္ပယုတ္တ ပစ္စည်းကျတော့ ''ပဌမေ ပဋ္ဌာတိ ကုသလော အဗျာကတဿ၊ တထာ အကုသလော၊

အဗျာကတော တိဏ္ဏံနွမ်ိ၊ တွေ့စ ဂုမေဝိပ္ပယုတ္တာဒယော သဟဇာတာပိ ဟောန္တိ ပစ္ဆာဇာတ ပုရေဇာတာပိ”။ ဒီတော့ ဝိပ္ပယုတ္တ ပထမဃဋ္ဋနာ ဟာ ဝိပ္ပယုတ္တ (၄) မျိုး ဖြစ်ပါတယ်။ သချ်ာထုတ်ပြလိုက်တာက ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ သချ်ာ (၃) ချက် ရပါတယ်။ သချ်ာ (၃) ချက်ရပြီး ဒီမှာ ဝိပ္ပယုတ္တ စသည်တွေဟာ သဟဇာတလဲ ဖြစ်နိုင်တယ်၊ ပစ္ဆာဇာတလဲ ဖြစ်နိုင်တယ်၊ ပုရေဇာတလဲ ဖြစ်နိုင်တယ်လို့ ဝိပ္ပယုတ္တရဲ့ ပြမှုကတော့ ရှင်းပါတယ်။ အဲဒါက ဝိပ်(၄)ပါ။

ပြီးတော့ ဒုတိယဃဋ္ဋနာကျတော့ ဝိပ္ပယုတ္တပစ္စည်းမှာ “ဒုတိယေ ပုရေဇာတ သဟဇာတာဝ”။ ဝတ္ထာရယ် သဟဝိပ်ရယ် ပုရေဝိပ်ရယ်လို့ လာပြီး ဖြစ်ပါတယ်။ နဝမဃဋ္ဋနာ ပြီးသွားပါပြီ။ ဒသမဃဋ္ဋနာ ကျတော့ အတ္ထိပစ္စည်းမှာ “တေသု 'နဝမံ အဓိပတိ နာသဒ္ဒိ'ဒသမံ ကတံ”လို့ဆိုတော့ ဝတ္ထာဓိနှင့်တာ ဒသမဃဋ္ဋနာကို ပြုပါလို့ဆိုတယ်။ အဲဒီ ဝတ္ထာဒိ + သဟာဓိဝိပ်ဟာ အဓိပတိပစ္စည်းကျတော့ တတိယဃဋ္ဋနာ လာဖြစ်ပါတယ်။ အဓိပတိပစ္စည်း ပြပုံကတော့ တော်တော်ကလေး ရှင်းပါတယ်။ “တတိယေ သဟဇာတာဓိပတိဝသေန ကုသလာ ဒယော ရူပါနံ၊ အာရမ္မဏာ ဓိပတိဝသေန ဝတ္ထု အကုသလဿ”။ ဒီမှာ “သဟဇာတာဓိပတိဝသေန ကုသလာ ဒယောရူပါနံ”လို့ ဆိုတာဟာ သဟာဓိဝိပ်လို့ ပြောပါတယ်။ “အာရမ္မဏာဓိပတိ ဝသေန ဝတ္ထု အကုသလဿ”လို့ ဆိုတာက ဝတ္ထာဓိကို ပြောပါတယ်။ အဓိပတိပစ္စည်း ကျတော့ အင်မတန်ရှင်းပါတယ်။ ဒီဝတ္ထာဓိနဲ့ သဟာဓိဝိပ်ဟာ ဝိပ္ပယုတ္တ ပစ္စည်းကျတော့ တတိယအချက် လာပြီးဖြစ်ပါတယ်။ “တတိယေ တေယေဝ အဓိပတိဝသေန။ တတ္ထ ကုသလော အဗျာကတဿ၊ တထာ အကုသလော၊ အဗျာကတော ပန အဗျာကတဿစ အာရမ္မဏာဓိပတိ ဝသေန အကုသလဿ စာတိ ဇေ ံ စတ္တာရိ”။ အဲဒါက တတိယ ကျတော့ အထက်ကပြဆိုခဲ့တဲ့ တရားတွေကိုပဲ အဓိပတိ အစွမ်းအားဖြင့် ဘယ်လိုယူမလဲ?။ ကုသိုလ်က အဗျာကတ၊ အကုသိုလ်က အဗျာကတ၊ အဗျာကတက အဗျာကတပါပဲတဲ့။ ဒါက သဟာဓိဝိပ်ကို ပြောတာ ပါပဲ။ ဝတ္ထာဓိကျတော့ကာ အာရမ္မဏာဓိပတိရဲ့ အစွမ်းအားဖြင့်

အကုသိုလ်အား ကျေးဇူးပြုပါတယ်တဲ့။ ဒါကြောင့် သင်္ချာဟာ စတ္တာရီ လာပြီး ဖြစ်ပါတယ်တဲ့။

ကောဒသမ ဿဠနော ကျတော့ သဟဇာတ ဝိပ်+ပုတိ ဖြစ်ပါတယ်။ ဒီသဟဇာတဝိပ် ပုတိကို အတ္ထိပစ္စည်းကျတော့ "ကောဒသမေ ပစ္စယ ဝသေန ဝတ္တုပြဟာယက်"။ ကောဒသမ ဿဠနောကျတော့ကာ ပစ္စည်းရဲ့ အစွမ်းအားဖြင့် ဝတ္တုရုပ် ယုတ်ပြီး နေပါတယ်လို့ ဆိုသဖြင့် ဒသက က ဝတ္တာဝိ သဟာဓိဝိပ်၊ ကောဒသကက သဟဇာတ ဝိပ် ပုတိဖြစ်တော့ ဟာဒ ယဝတ္ထုယုတ်တာပြောတာပါ။ ပဥ္စဝတ္ထုကိုတော့ မပြောပါဘူး။ အဲဒီ သဟဇာတ ဝိပ် ပုတိ ဟာ နိဿယပစ္စည်းကျတော့ အဋ္ဌသာဠနော လာဖြစ်ပါ တယ်။ သင်္ချာက တိဏိရှိပါတယ်။ နိဿယပစ္စည်းမှာ "အဋ္ဌေတိဏိတိ ကုသလာဒီနိ စိတ္တသမုဋ္ဌာနဿ"။ ကုသိုလ်စသည်က စိတ္တဇရုပ်အား ကျေးဇူးပြုတဲ့တရားကို ယူပါလို့ အဋ္ဌကထာဆရာက ဆိုတယ်။ သဟဇာတ ဝိပ် ပုတိဖြစ်သော စိတ္တဇရုပ်အားသာမဟုတ်၊ ပုတိက ပါနေသေး တယ်။ သဟဇာတဝိပ်သာလျှင် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ သဘောကိုသာ ပြတာပါ။ ဒါကို မူလဋီကာက "စတ္တာဒီနိ ပန စတ္တုဝိညာဏာ ဒီနံ လဗ္ဘန္တိတိ အဗျာကတဿ စတ္တာယတနာဒီနိ စာတိပဋ္ဌန္တိ"လို့ ကျန် နေတဲ့ ပုတိကလေးကို မူလဋီကာဆရာက ထည့်ပေးပါတယ်။ သဟဇာတ ဝိပ် ပုတိဟာ ဝိပ္ပယုတ္တကျတော့ စတုတ္ထအချက်ဖြစ်ပါတယ်။ စတုတ္ထ အချက်ဖြစ်တော့ အဋ္ဌကထာက ဘယ်လိုပြသလဲဆိုရင် "စတုတ္ထေ တိဏိတိကုသလာဒီနိ အဗျာကတဿ"။ ကုသိုလ်စသည်က အဗျာကတ။ ဒါက သဟဇာတ ဝိပ်။ ပုတိကျတော့ "ဣန္ဒြိယာနိ ပနေတ္ထ ရူပါနိပိ အရူပါနိပိ"။ ဒါက ဘာပြောသလဲဆိုတော့ ဒီဣန္ဒြေတွေဟာ ရုပ် ဣန္ဒြေရတယ်၊ နာမ်ဣန္ဒြေလဲ ရတယ်လို့ ဆိုသဖြင့် ရုပ်ဣန္ဒြေအတွက် ပုတိကို ယူတယ်။ နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးက အဗျာကတာဿလို့ ဆိုတဲ့ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား ကျေးဇူးပြုမှုကို ပြပါ တယ်။ ယခု ရှင်းပြီ ပြနေတာက တခြားမဟုတ်ဘူး။ တပည့်တော်တို့ ဇယားအရ အရကောက်အရ အင်မတန် လွယ်လွယ်ကူကူနဲ့ သိနိုင်တယ်၊ ကောက်နိုင်တယ်။ သိနိုင် ကောက်နိုင် ဖြစ်နေပေတယ်လို့ အဋ္ဌကထာကို ကြည့်တဲ့အခါမှာ ဒါတွေဟာ အင်မတန် မလွယ်ပါဘူး။ ဒါ့ကြောင့်

အရကောက်ရှိတဲ့ မြန်မာပြည်မှလွဲ၍ တပါးတခြားသော တိုင်းပြည်တွေမှာ ပဋ္ဌာန်းကို နားလည်ဖို့ရာအတွက် အင်မတန် ခဲယဉ်းပါတယ်။ ဘာ့ကြောင့်။ အဋ္ဌကထာကြည့်ရုံနဲ့ အဓိပ္ပါယ်တွေဟာ မပြည့်စုံပါဘူး။ အဋ္ဌကထာမှာ ပြထားတဲ့ စကားရပ်တွေဟာ အင်မတန်လဲ အသိခက်ပါတယ်။ မိဿက ပကိဏ္ဏက ဃဋနာအတွက် ကိစ္စပြီးကြပါစို့။

## သုဒ္ဓ ပကိဏ္ဏက ဃဋနာ (သဘာဂမှ ဃဋနာဖြစ်ပုံ)

ယနေ့ သုဒ္ဓ ပကိဏ္ဏက ဃဋနာကို ဆိုရပါမယ်။ သုဒ္ဓပကိဏ္ဏက ဃဋနာမှာ (၆၄) ချက် ရှိပါတယ်။ အဲဒီ (၆၄) ချက်ဟာ အထက်ခေါင်းစဉ် တကြောင်းထဲမှာ အကုန်ဝင်သဖြင့် ဒီခေါင်းစဉ်ကို ဆိုလိုက်ရင် ကိစ္စပြီးပါတယ်။ ဒီ သုဒ္ဓပကိဏ္ဏက ဃဋနာဟာ ဘယ်က ဖြစ်လာသလဲ ဆိုတာ ပြောပြပါ့မယ်။ ပထမက ဃဋနာတွေဟူသမျှ သဘာဂက လာတယ်လို့ ပြောခဲ့ပါတယ်။ ပထမအချက် ပစ္စာမှာ ပစ္စည်းရေက (၄)၊ သဘာဂက (၃) ရှိပါတယ်။ ပစ္ဆာဇာတ ပစ္စည်းရဲ့ သဘာဂကို ကြည့်ရင် ပစ္ဆာဇာတ ပစ္စယာ ဝိပ္ပယုတ္တေ တီဏိ၊ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိလို့ သဘာဂမှာ ရပါတယ်။ ဒါကိုပင် ဒီမှာ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တီဏိလို့ ဃဋနာဖွဲ့ပါတယ်။

ဒုတိယ အချက်မှာ အာပု+ဝတ်ပု။ ဒါလဲ ပုရေဇာတနဲ့ အတ္ထိ အဝိဂတက သဘာဂပါပဲ။ ပုရေဇာတ ပစ္စယာ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ။ ပြီးတော့ ဝတ်ပု။ ဝတ်ပုက နိဿယ ပုရေဇာတ စသည်မှာ ရှိခြင်းကြောင့် နိဿယ ပစ္စယာ ပုရေဇာတေ တီဏိလို့ နိဿယ ပုရေဇာတရဲ့ သဘာဂ ဖြစ်တယ်။ နိဿယ ပစ္စယာ ဝိပ္ပယုတ္တေလို့ သွားလုပ်လို့တော့ မရဘူး။ နိဿယ ပစ္စယာ ဝိပ္ပယုတ္တေကျတော့ ပဥ ဖြစ်ပါလိမ့်မယ်။ ဒီတော့ နိဿယနဲ့ ပုရေဇာတဆိုရင် ဝတ္ထု ပုရေဇာတဟာ သဘာဂ ဖြစ်ပါတယ်။ ဝိပ္ပယုတ္တမှာဆိုရင်လဲ ဝတ္ထု ပုရေဇာတပဲ ဖြစ်ပါတယ်။ အတ္ထိ၊ အဝိဂတကတော့ မိဿကထဲမှာ ပါပြီး သွားပါတယ်။ အာဒိကျတော့ အာရမ္မဏ ပစ္စယာ အဓိပတိယာ သတ္တ၊ ဉပနိဿယေ သတ္တ။ အာပုကျတော့ အာရမ္မဏ ပစ္စယာ ပုရေဇာတေ တီဏိ၊ အတ္ထိယာ တီဏိ၊ အဝိဂတေ တီဏိ။ ဝတ္ထာကျတော့ ဝတ္ထာ

ရမ္မဏကနေပြီး အာရမ္မဏ ပစ္စယာ နိဿယော ကော၊ မိပ္ပယုတ္တော ကောနိုး ရပါတယ်။ အာပုက ယူပြီးသား ဖြစ်ပါတယ်။ အာပုဝိကျတော့ အဓိပတိ ပစ္စယာ ပုရေဇာတေ ကော၊ ဝတ္ထာဓိကျတော့ နိဿယ ပစ္စယာ ဥပနိဿယေ ကော၊ ပုတိကျတော့ ဣန္ဒြိယ ပစ္စယာ ပုရေဇာတေ ကော၊ အနန္တရ စတဲ့ အကြွင်းမှာလဲ ဒီအတိုင်းပါပဲ။

## သုဒ္ဓ ပကိဏ္ဏက ဃဋနာ (၁၆) ပစ္စည်းကို ပြောပုံ

ဒီအစဉ်က ဒေသနာက္ကမ အစဉ်ကလေးပါ။ ဒီအစဉ်ကလေးမှာ ဘာ့ကြောင့် ပစ္စည်းပေါင်း (၁၆) ပစ္စည်း ရသလဲဆိုရင် သုဒ္ဓပကိဏ္ဏက ဃဋနာ ဆိုတာဟာ သဟဇာတပစ္စည်းကို မယူပဲနဲ့ ဟောထားတဲ့ ဃဋနာ ဖြစ်ပါတယ်။ သဟဇာတနဲ့ လုံးဝ မဆိုင်ပါဘူး။ အာရမ္မဏ၊ အနန္တရ ဝတ္ထုစတဲ့ ပစ္စည်းတွေကို ပြိုးပြွမ်းပြီး ဟောထားတဲ့ ဃဋနာ ဖြစ်ပါတယ်။ ဒီတော့ (၂၄) ပစ္စည်းထဲက သဟဇာတ သက်သက်ဖြစ်တဲ့ ပစ္စည်းတွေကို နုတ်ရပါလိမ့်မယ်။ ဟေတုက သဟဇာတ သက်သက် ပစ္စည်းပါ၊ မဆိုင်ပါဘူး။ အာရမ္မဏ ရပါတယ်။ အဓိပတိကလဲ သဟဇာတာဓိပတိနဲ့ မဆိုင်ပါဘူး။ အာရမ္မဏာဓိပတိ ရမယ်။ အနန္တရ၊ သမနန္တရ ရတယ်။ သဟဇာတ၊ အညမညဟာ သဟဇာတမျိုး သက် သက် ဖြစ်တယ်။ နိဿယ ပစ္စည်းမှာ ဝတ္ထာရမ္မဏ နိဿယ၊ ဝတ္ထု ပုရေဇာတ နိဿယရယ်လို့ ရှိပါတယ်။ သူ့အတွက် ဟောပါတယ်။ ဥပနိဿယ ကျတော့ အာရမ္မဏူပနိဿယ၊ အနန္တရူပ နိဿယ၊ ပကတူပနိဿယလို့ (၃) မျိုး ဟောပါတယ်။ ပုရေဇာတကျတော့ အာပု+ဝတ်ပု ဟောတယ်။ ပစ္ဆာဇာတ ဟောတယ်။ အာသေဝန ဟောတယ်။ ကမ္မမှာ သဟဇာတ ကမ္မကို မဟောဘူး။ ဗလဝကမ္မနဲ့ အနန္တရကမ္မကို ဟောတယ်။ ဝိပါကကျတော့ မဟောပါဘူး။ သဟဇာတမျိုး သက်သက် ဖြစ်တယ်။ အာဟာရကျတော့ နာမ်အာဟာရက သဟဇာတမျိုးထဲမှာ သွားပါလိမ့်မယ်။ ရုပ်အာဟာရကို ဒီမှာ ဟောသင့်ပါတယ်။ ဒါပေမယ့် သုဒ္ဓပကိဏ္ဏက ဃဋနာမှာ မဟောဘူး။ ဘာဖြစ်လို့ မဟောသလဲ၊ မရလို့လား၊ ရထိုက်ပါတယ်။ ရထိုက်သားနဲ့ ဘာဖြစ်လို့ မဟောသလဲဆိုရင် ဒေသနာသံကိဏ္ဏဖြစ်မှာ အတွက်ကြောင့် မဟောတာ။ ဒေသနာသံကိဏ္ဏ ဘယ်လို ဖြစ်မလဲ ?။ ရုပ်အာဟာရ

ပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို ကြည့်ရင် ကော် ရပါတယ်။ အဗျာကတော အဗျာကတဿ။ ၎င်းကို ဘယ်လို ဟောရမလဲဆိုရင် အာဟာရ အတ္ထိ အဝိဂတန္တို့ ကော်လို့ ဟောရမယ်။ ဒီလို ဟော့လို့ မရဘူးလား၊ ရတယ်။ ရရင် ဘာဖြစ်လို့ မဟောသလဲ။ ခုနက ပြောခဲ့တဲ့ ဒေသနာသံကိဏ္ဏ ဘယ်လို ဖြစ်မလဲ။ မိဿက ပကိဏ္ဏက ဃဋ္ဋနာကို ကြည့်လိုက်စမ်းပါ။ နံပါတ် (၅) က နာမ်အာဟာရ ရုပ်အာဟာရ ရှိဘယ်။ အဲဒီ နာမ် အာဟာရ ရုပ် အာဟာရမှာ ဘယ်လို ဟောသွားသလဲ?။ အာဟာရ အတ္ထိ အဝိဂတန္တိ သတ္တလို့ ဟောထားတယ်။ ဟိုမှာဘုန်းက သတ္တ၊ ဒီမှာတော့ ကော်။ ပစ္စည်းရေချင်းက (၃)ခုစီ အတူတူ ဖြစ်နေတယ်။ အဲဒီလို မိဿက ပကိဏ္ဏက ဃဋ္ဋနာ ရနေရင် သုဒ္ဓ ပကိဏ္ဏက ဃဋ္ဋနာမှာ ရုပ် အာဟာရကို ဟောလို့ မဖြစ်ပါဘူး။ အကယ်၍ မိဿက ပကိဏ္ဏက မရဘူးလို့ဆိုရင် ရုပ် အာဟာရကို ဟောလို့ ရပါတယ်။ ဣန္ဒြိယကျတော့ သဟဘိက သဟဇာတ ဃဋ္ဋနာ သွားမယ်။ ဝတ္ထု ပုရေဇာတိန္ဒြိယကို ဟောပါတယ်။ ရူပဇီဝိတိန္ဒြိယကိုလဲ မဟောပြန်ပါဘူး။ ဘာ့ကြောင့်လဲ ဆိုရင် ခုနက ပြောခဲ့တဲ့အတိုင်းပါပဲ။ ရူပဇီဝိတိန္ဒြိယရဲ့ သင်္ချာဟာ ကော် ဖြစ်ပါတယ်။ ပစ္စည်းရေက (၃)ဖြစ်ပါတယ်။ ဣန္ဒြိယ အတ္ထိ အဝိ ဂတန္တိ ကော်လို့ ဟောရမယ်။ ဣ(၃)နေရာမှာ ဣန္ဒြိယ အတ္ထိ အဝိ ဂတန္တိ သတ္တ ဖြစ်တယ်။ သတ္တနဲ့ ကော် ဖြစ်နေခြင်းကြောင့် ဒေသနာ သံကိဏ္ဏ ဖြစ်မှာကြောင့် မဟောခြင်း ဖြစ်ပါတယ်။ ဒီ အကြောင်း ပြချက်တွေဟာ အဋ္ဌကထာ ဋီကာမှာ မပြပါဘူး။ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ သဟဇာတမျိုးပါ။ ဝိပ္ပယုတ္တကျတော့ သဟဇာတ ဝိပ္ပယုတ္တ သည် သဟဇာတထဲ သွားမယ်။ ဝတ္ထာရမ္မဏ၊ ဝတ္ထု ပုရေဇာတ ဝိပ္ပ ယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တကို ဟောပါတယ်။ အတ္ထိမှာလဲ သဟဇာ တတ္ထိ မဟောဘူး။ အာရမ္မဏ၊ ပုရေဇာတတ္ထိ၊ ဝတ္ထု ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ ဟောပါတယ်။ ရုပ်အာဟာရတ္ထိ၊ ရူပဇီဝိန္ဒြိတိယတ္ထိကို ခုနက ပြောခဲ့တဲ့အတိုင်း မဟောပါဘူး။ နတ္ထိ၊ ဝိဂတ၊ အနန္တရ အတိုင်း ဟောပါတယ်။ အဝိဂတကလဲ အတ္ထိအတိုင်း ဟောပါတယ်။ ဒါ့ကြောင့် (၁၆)ပစ္စည်း ဖြစ်ပါတယ်။

## သုဒ္ဓ ပကိဏ္ဏက ဃဋနာ (၆၄) ချက် ရပုံ

ဒီ (၁၆) ပစ္စည်းကို သုဒ္ဓသချ်ာနဲ့ ပြောပြမယ်ဆိုရင် ပထမ အာရမ္မဏမှာ (၅) ချက် ရပါတယ်။ အာရမ္မဏရဲ့ သုဒ္ဓ သချ်ာကို ကြည့်လိုက်ရင် အာရမ္မဏပစ္စည်းရေ (၁) သာ ရှိပါတယ်။ ပစ္စည်းရေ (၁) ရှိတဲ့ ပစ္စည်းတွေကို ဃဋနာဖွဲ့လို့ မရနိုင်ပါဘူး။ နောက် အာရမ္မဏမှာ အာဓိ ရှိတယ်။ အာပု-ဝတ္ထာ၊ အာပုဓိ-ဝတ္ထာဓိ ရှိတယ်။ ဒီသုဒ္ဓသချ်ာ (၅) ခုဟာ ဒီမှာ ဃဋနာ (၅) ချက် လာပြီး ဖြစ်ပါတယ်။ အဓိပတိမှာ အာရမ္မဏာဓိပတိ ဖြစ်ခြင်း၊ အာရမ္မဏာဓိပတိမည်သည် အာရမ္မဏမျိုး ဖြစ်ခြင်းကြောင့် အာရမ္မဏ (၅) ချက်ထဲက အဓိပတိ အသံ ပါတာ ယူလိုက်ရင် အာဓိ၊ အာပုဓိ၊ ဝတ္ထာဓိ (၃) ချက် ဖြစ်ပါတယ်။ အနန္တရ၊ အာသေဝန၊ အနန္တရ ကမ္မ ရယ်လို့ ဒီ (၃) ပုဒ်ဟာ ဒီမှာ ဃဋနာ လာဖြစ်ပါတယ်။ သမနန္တရလဲ ထိုနည်းယူစွာပါပဲ။ နိဿယမှာ ခုနက ပြောခဲ့တဲ့ ဝတ္ထာ၊ ဝတ္ထုပုရေဇာတ (၂) မျိုး ရှိပါတယ်။ ဝတ္ထာရမ္မဏသည် အာရမ္မဏမျိုး ဖြစ်ပါတယ်။ အာရမ္မဏမျိုးထဲက ဝတ္ထာသံ ပါတာကို ယူလိုက်ရင် ဝတ္ထာရယ်၊ ဝတ္ထာဓိရယ်လို့ (၂) ချက် ရပါတယ်။ ဝတ်ပုအတွက် သုဒ္ဓသချ်ာ ကြည့်လိုက်ရင် ဝတ်ပုနဲ့ ပုတိ ရယ်လို့ ရှိပါတယ်။ ဒါ့ကြောင့် နိဿယမှာ ဃဋနာ (၄) ချက် ဖြစ်ပါတယ်။ ဥပနိဿယမှာ အာရမ္မဏူပ နိဿယ၊ အနန္တရူပ နိဿယ၊ ပကတူပ နိဿယရယ်လို့ (၃) မျိုး ရှိပါတယ်။ အာရမ္မဏူပ နိဿယသည် အာဓိနှင့် တူသဖြင့် အာဓိ၊ အာပုဓိ၊ ဝတ္ထာဓိလို့ (၃) ချက် ရပါတယ်။ အနန္တရူပ နိဿယက အနန္တရအတိုင်း အနန္တရ၊ အာသေဝန၊ အနန္တရ ကမ္မရယ်လို့ (၃) ချက် ရပါတယ်။ ပကတူပ နိဿယမှာ ဗလဝ နာနာက္ခဏိက ကမ္မ ရှိပါတယ်။ ပကတူပ နိဿယ ပစ္စည်းရေ တခုသာ ရှိသဖြင့် ဃဋနာဖွဲ့လို့ မရပါဘူး။ ဗလဝနာနာက္ခဏိက ကမ္မ ထည့်လိုက်ရင် ဥပနိဿယမှာ (၇) ချက် ဖြစ်ပါတယ်။ ပုရေဇာတမှာ အာပု၊ ဝတ်ပုရယ်လို့ (၂) မျိုး ရှိပါတယ်။ အဲဒီ အာပု ဝတ်ပု နှစ်မျိုးကို ခုနက ပြောခဲ့တဲ့ သဘာဝအတိုင်း (၁) ချက် ယူပါတယ်။ ဝတ်ပု အတွက် ဝတ္ထုပုရေဇာတမျိုးထဲက သုဒ္ဓသချ်ာ (၂) ပုဒ် ရှိတဲ့ ဝတ်ပုနဲ့ ပုတိ ကို ယူရပါတယ်။ အာပုသည် အာရမ္မဏမျိုး ဖြစ်ပါတယ်။

အာရမ္မဏမျိုး ဖြစ်သဖြင့် အာပုသံ ပါတာကို အာရမ္မဏ (၅) ချက် ထဲမှာ ကြည့်ရင် အာပု၊ ဝတ္ထာ၊ အာပုမိ၊ ဝတ္ထာမိလို့ (၄) ချက် ရပါတယ်။ ဒါ့ကြောင့် (၇)ချက် ဖြစ်ပါတယ်။ ပစ္ဆာဇာတမှာ သုဒ္ဓ သဲချာတပုဒ်သာ ရှိလို့ (၁) ချက် ဖြစ်ပါတယ်။ အာသေဝန မှာလဲ အနန္တရထဲက သုဒ္ဓသဲချာ တပုဒ်သာရှိလို့ (၁)ချက် ဖြစ်ပါတယ်။ ကမ္မ မှာ သဟဇာတကမ္မနဲ့ မဆိုင်ပါဘူး။ အနန္တရ ကမ္မ၊ ဗလဝ ကမ္မ၊ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ ရယ်လို့ (၃)မျိုး ရှိတဲ့အနက် ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မသည် ပစ္စည်းရေ တခုသာ ရှိခြင်းကြောင့် မဆိုင်ပါဘူး။ ဒါ့ကြောင့် ဗလဝ နာနာက္ခဏိက ကမ္မနဲ့ အနန္တရ ကမ္မ (၂)ချက်သာ ရှိပါတယ်။ ဣန္ဒြိယမှာ သဟတိ မဆိုင်ပါဘူး။ ပုတိ (၁)ချက်သာ ရပါတယ်။ ရူပတိ မရပါဘူး။ ဝိပ္ပယုတ္တ ကျတော့ သဟဇာတ ဝိပ္ပယုတ္တ မဆိုင်ပါဘူး။ ဝတ္ထာရမ္မဏ၊ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တလို့ (၃)မျိုး ရှိပါတယ်။ ဝတ္ထာရမ္မဏ အတွက် ခုနက ပြောခဲ့တဲ့အတိုင်း အာရမ္မဏမျိုး ဖြစ်ခြင်းကြောင့် ဝတ္ထာနဲ့ ဝတ္ထာမိကို ယူရပါတယ်။ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တအတွက် ဝတ်ပုနဲ့ ပုတိကို ယူရပါတယ်။ ပစ္ဆာဇာတ ဝိပ္ပယုတ္တအတွက် ပစ္ဆာကို ယူရပါတယ်။ ဒါ့ကြောင့် (၅) ချက် ဖြစ်ပါတယ်။ အတ္ထိမှာဆိုရင် အာရမ္မဏ ပုရေဇာတတ္ထိ၊ ဝတ္ထု ပုရေဇာတတ္ထိသည် ပုရေဇာတနှင့် တူသဖြင့် (၇)ချက် ရပါတယ်။ ပစ္ဆာဇာတတ္ထိ တခု တိုးသဖြင့် (၈) ချက် လာရပါတယ်။ နတ္ထိ၊ ဝိဂတသည် အနန္တရနှင့် တူခြင်းကြောင့် (၃)ချက်စီ ရပါတယ်။ အဝိဂတသည် အတ္ထိနှင့် တူသဖြင့် (၈)ချက် ရပါတယ်။ ဒါတွေဟာ အကုန်လုံး သုဒ္ဓသဲချာ ထဲကချည်းပါပဲ။ အားလုံးကုန် ပေါင်းလိုက်ရင် ဃဋနာဟာ (၆၄)ချက် ဖြစ်ပါတယ်။

## သုဒ္ဓ ပကိဏ္ဏက ဃဋနာ ခေါင်းစဉ် ဆိုရိုး

ကိစ္စပြီးလွယ်အောင် ခေါင်းစဉ်ကလေးကို ပထမ ဆိုကြပါစို့။ နံပါတ် (၁) က ပစ္ဆာပါ။ ပဋ္ဌိသန္ဓေ အစရှိသော ရှေးရှေးသော ပိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ ဒွိဇကာယ တိဇကာယ စတုဇကာယအား တတ်သော ပဥ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော ပထမဘဝင်အစ

ရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါး။ ဤတရားတို့သည် ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၄) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ပစ္ဆာဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တိဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၂) အာပု ဝတ်ပုကို ဆိုရပါလိမ့်မယ်။ ကာမစိတ် စတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏပုရေဇာတ ပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။ ဤတရားတို့သည် ပုရေဇာတ အတ္ထိ အဝိဂတ (၃) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ပုရေဇာတ အတ္ထိ အဝိဂတန္တိ တီဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၃ ဝတ်ပု။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော သတ္တဝိညာဏဓာတ်အား တတ်သော ဆဝတ္ထုဟု ဆိုအပ်သော ဝတ္ထုပုရေဇာတ ပစ္စည်း။ ဤတရားတို့သည် နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၅) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တိဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၄) အာဓိ။ အလေးအမြတ် ပြုတတ်သော လောဘမူ စိတ်ရှစ်ခု မဟာကုသိုလ်စိတ် ရှစ်ခု မဟာကြိယာ ဉာဏသမ္ပယုတ် စိတ်လေးခု၊ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသ၊ ဒေါသမူ ဒွေ မောဟမူ ဒွေ ဒုက္ခသဟဂုတ် ကာယဝိညာဉ် ကြဉ်သော စိတ် (၈၄) ခု၊ ဒေါစတုက် ဝိစိကိစ္ဆာ ကြဉ်သော စေတသိက် သတ္တစတ္တာလီသ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏာဓိပတိပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ အဓိပတိ၊ ဥပနိဿယ (၃) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏ အဓိပတိ ဥပနိဿယန္တိ သတ္တာဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၅) အာပု။ ကာမစိတ် စေတုပညာသ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏပုရေဇာတပစ္စည်း။ဤတရားတို့သည် အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတ (၄) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏ ပုရေဇာတ အတ္ထိ အဝိဂတန္တိ တိဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၆) ဝတ္ထာ။ မနောဒွါရာဝဇ္ဇန်း ရေဏာ သန္ဓေဇောငါးချက် တဒါရုံအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက်သော ဝိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော ဝတ္ထာရမ္မဏ ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတ (၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏ နိဿယ ပုရေဇာတ ဝိပ္ပယုတ္တ အတ္ထိ အဝိဂတန္တိ တိဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

[ဒါတွေဟာ သုဒ္ဓသင်္ချာတွေပါပဲ။ ခုနက ပြောတာက အလျားလိုက် ပြောတာ။ ယာဒ အထက် အောက် ကြည့်လိုက်မယ်ဆိုရင် ပစ္ဆာဇာတဟာ သင်္ချာ တိဏိ၊ ပစ္စည်းရေ (၄)။ အာပု ဝတ်ပုကျတော့ သင်္ချာတိဏိ၊ ပစ္စည်းရေ (၃)။ ဝတ်ပုကျတော့ သင်္ချာ တိဏိ၊ ပစ္စည်းရေ (၅)။ အာမိကျတော့ သင်္ချာ သတ္တ၊ ပစ္စည်းရေ (၃)။ အာပုကျတော့ သင်္ချာ တိဏိ၊ ပစ္စည်းရေ(၄)။ ဝတ္ထာကျတော့ သင်္ချာ တိဏိ၊ ပစ္စည်းရေ (၆) ရယ်လို့ အားလုံး သုဒ္ဓသင်္ချာတွေ အတိုင်းပါပဲ။]

နံပါတ် (၇) အာပုမိ။ အလေးအမြတ် ပြုတတ်သော လောဘမူစိတ်ရှစ်ခုအား တတ်သော အလေးအမြတ် ပြုအပ်သော ဣဋ္ဌ ဖြစ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသဟု ဆိုအပ်သော အာရမ္မဏ ပုရေဇာတာဓိပတိပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတ (၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏ အဓိပတိ ဥပနိဿယ ပုရေဇာတ အတ္ထိ အဝိဂတန္တိ ဧကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၈) ဝတ္ထာဓိ။ အလေ့အမြဲတ် ပြုတတ်သော လောဘမူ မရဏာသန္နဇော ငါးချက်အား တတ်သော အလေ့အမြဲတ် ပြုအပ်သော ရုပ်သိမ်တ်မှ ဖြစ်၍ ရေသည်ရှိသော် (၁၇)ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုရုပ်သော ဝတ္ထာရမ္မဏာ ဝိပတ္တိ ပစ္စည်း။ ဤတရားတို့သည် အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၉) ပုတိ။ ဒွေ့ဝ ဝိညာဉ် ဟသယ်အား တတ်သော မဇ္ဈိမာယုက ဖြစ်၍ အတိမဟာတ ဝင်နှင့် ဥပါဒ်ပြိုင်သော ပဉ္စဝတ္ထု။ ဤတရားတို့သည် နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတဟု ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၁၀) အနန္တရ၊ သင်္ချာ သတ္တ၊ ပစ္စည်းရေ (၅)ပါ။ ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား တတ်သော ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော ဝိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ(၄)ပါး။ ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ (၅) ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတဟု သတ္တဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၁၁) အာသေဝန။ သင်္ချာ တိဏိ၊ ပစ္စည်းရေ (၆) ပါ။ ပဌမဇော ဖိုလ်ဇောကြဉ်သော နောက်နောက်သောဇော ဧကပညာသအား တတ်သော အဆုံးဇော ကြဉ်သော ရှေးရှေးသော လောကီဇော သတ္တ စတ္တာလီသ။ ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ(၆)ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အနန္တရ၊ သမနန္တရ၊

ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတန္တိ တိဏ္ဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၁၂) ဗလဝနာနာက္ခဏိက ကမ္မ။ သင်္ချာ ဒွေ၊ ပစ္စည်းရေ (၂)ပါ။ ဝိပါက်စိတ် ဆတ္တိံသ နာမက္ခန္ဓာအား တတ်သော ဗလဝဖြစ်သော ကုသိုလ် အကုသိုလ် စေတနာ။ ဤတရားတို့သည် ဥပနိဿယ၊ ကမ္မ (၂) ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထို့တရားတို့ကို အနုလုံ၌ ဥပနိဿယ၊ ကမ္မန္တိ ဒွေဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၁၃) အနန္တရကမ္မ။ ပစ္စည်းရေ (၆) ပါ။ မဂ္ဂါနန္တရ ဖိုလ်လေးခုအား တတ်သော မဂ်လေးခု စေတနာ။ ဤတရားတို့သည် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ (၆)ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတန္တိ ဆေဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

(ဆိုရိုး ပြီးသွားပါပြီ။ အဲဒီဆိုရိုးထဲမှာ (၁၆)ပစ္စည်းဟာ အကုန်ဝင်မှာ ဖြစ်ခြင်းကြောင့် ယခင်အပတ်က မိဿက ပကိဏ္ဏက ဃဋနာက ဆိုခဲ့တဲ့အတိုင်း ဆိုကြပါစို့။ ဃဋနာအမည်မှည့်ပုံတွေကိုတော့ နောက်အပတ်မှပဲ ပြောပြပါမယ်။ အဋ္ဌကထာကတော့ ဃဋနာတွေကို အမည် မမှည့်ပါဘူး။ ပထမေ ဒုတိယေ စသည်ဖြင့် လာပါတယ်။)

## သုဒ္ဓပကိဏ္ဏက ဃဋနာ (၆၄)ချက် အကျဉ်းချုပ်ဆိုရိုး

အာရမ္မဏပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၅)ချက်။ သူ့အမှတ်ကလေးနဲ့ သူ ကြည့်ဆိုရပါပဲ။ ၁။ အလုံးစုံသော အာရမ္မဏာဓိပတိ ပစ္စည်း။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယန္တိ သတ္တ။ ၂။ အလုံးစုံသော အာရမ္မဏ ပုရေဇာတ ပစ္စည်း။ အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ တိဏ္ဏိ။ ၃။ အလုံးစုံသော ဝတ္ထာ ရမ္မဏပစ္စည်း။ အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တိဏ္ဏိ။ ၄။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာဓိပတိပစ္စည်း။ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ ဆေ။

၅။ အလုံးစုံသော ဝတ္ထာရမ္မဏာ ဓိပတိပစ္စည်း။ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

အဓိပတိပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၃)ချက်။ ၁။ အလုံးစုံသော အာရမ္မဏာ ဓိပတိ ပစ္စည်း။ အဓိပတိ၊ အာရမ္မဏ၊ ဥပနိဿယန္တိ သတ္တ။ ၂။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာ ဓိပတိ ပစ္စည်း။ အဓိပတိ၊ အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။ ၃။ အလုံးစုံသော ဝတ္ထာ ရမ္မဏာ ဓိပတိ ပစ္စည်း။ အဓိပတိ၊ အာရမ္မဏ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

အနန္တရပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၃)ချက်။ ၁။ အလုံးစုံသော အနန္တရ ပစ္စည်း။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတန္တိ သတ္တ။ ၂။ အလုံးစုံသော အာသေဝန ပစ္စည်း။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတန္တိ တိဏိ။ ၃။ အလုံးစုံသော အနန္တရ ကမ္မပစ္စည်း။ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတန္တိ ဧကံ။

သမနန္တရပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၃)ချက်။ ၁။ အလုံးစုံသော သမနန္တရ ပစ္စည်း။ သမနန္တရ၊ အနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတန္တိ သတ္တ။ ၂။ အလုံးစုံသော အာသေဝန ပစ္စည်း။ သမနန္တရ၊ အနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတန္တိ တိဏိ။ ၃။ အလုံးစုံသော အနန္တရ ကမ္မပစ္စည်း။ သမနန္တရ၊ အနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတန္တိ ဧကံ။

နိဿယပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၄)ချက်။ ၁။ အလုံးစုံသော ဝတ္ထုပုရေဇာတ ပစ္စည်း။ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တိဏိ။ ၂။ အလုံးစုံသော ဝတ္ထာ ရမ္မဏ ပစ္စည်း။ နိဿယ၊ အာရမ္မဏ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တိဏိ။ ၃။ အလုံးစုံသော ဝတ္ထာရမ္မဏာ ဓိပတိပစ္စည်း။ နိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။ ၄။ အလုံးစုံသော ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စည်း။ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

ဥပနိဿယပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၇)ချက်။ ၁။ အလုံးစုံသော အာရမ္မဏာ ဓိပတိ ပစ္စည်း။ ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိတိ သတ္တ။ ၂။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာ ဓိပတိ ပစ္စည်း။ ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ ဇကံ။ ၃။ အလုံးစုံသော ဝတ္ထာ ရမ္မဏာ ဓိပတိ ပစ္စည်း။ ဥပနိဿယ၊ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဇကံ။ ၄။ အလုံးစုံသော အနန္တရူပ နိဿယ ပစ္စည်း။ ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတန္တိ သတ္တ။ ၅။ အလုံးစုံသော အာသေဝနပစ္စည်း။ ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတန္တိ တိဏ္ဏိ။ ၆။ အလုံးစုံသော ဗလဝနာနာက္ခဏိက ကမ္မပစ္စည်း။ ဥပနိဿယ၊ ကမ္မန္တိ ဒွေ။ ၇။ အလုံးစုံသော အနန္တရ ကမ္မပစ္စည်း။ ဥပနိဿယ၊ အနန္တရ၊ သမနန္တရ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတန္တိ ဇကံ။

ပုရေဇာတပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၇)ချက်။ ၁။ အလုံးစုံသော အာရမ္မဏ ပုရေဇာတ ဝတ္ထု ပုရေဇာတပစ္စည်း။ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ တိဏ္ဏိ။ ၂။ အလုံးစုံသော ဝတ္ထု ပုရေဇာတ ပစ္စည်း။ ပုရေဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တိဏ္ဏိ။ ၃။ အလုံးစုံသော အာရမ္မဏ ပုရေဇာတ ပစ္စည်း။ ပုရေဇာတ၊ အာရမ္မဏ၊ အတ္ထိ၊ အဝိဂတန္တိ တိဏ္ဏိ။ ၄။ အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း။ ပုရေဇာတ၊ အာရမ္မဏ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တိဏ္ဏိ။ ၅။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာ ဓိပတိ ပစ္စည်း။ ပုရေဇာတ၊ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ အတ္ထိ၊ အဝိဂတန္တိ ဇကံ။ ၆။ အလုံးစုံသော ဝတ္ထာ ရမ္မဏာဓိပတိ ပစ္စည်း။ ပုရေဇာတ၊ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဇကံ။ ၇။ အလုံးစုံသော ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ ပုရေဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဇကံ။

ပစ္ဆာဇာတပစ္စည်း သုဒ္ဓ ပကိဏ္ဏက ဃဋနာ (၁) ချက်။ အလုံးစုံသော ပစ္ဆာဇာတပစ္စည်း။ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တိဏ္ဏိ။

အာသေဝနပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၁) ချက်။ အလုံးစုံသော အာသေဝနပစ္စည်း။ အာသေဝန၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတန္တိ တီဏိ။

ကမ္မပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၂) ချက်။ ၁။ အလုံးစုံသော ဗလဝ နာနာက္ခဏိက ကမ္မပစ္စည်း။ ကမ္မ၊ ဥပနိဿယန္တိ ဒွေ။ ၂။ အလုံးစုံသော အနန္တရ ကမ္မပစ္စည်း။ ကမ္မ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတန္တိ ဧကံ။

ဣန္ဒြိယပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၁) ချက်။ အလုံးစုံသော ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ ဣန္ဒြိယ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

ဝိပ္ပယုတ္တပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၅) ချက်။ ၁။ အလုံးစုံသော ပစ္ဆာဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၂။ အလုံးစုံသော ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ၊ နိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၃။ အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း။ ဝိပ္ပယုတ္တ၊ အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၄။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း။ ဝိပ္ပယုတ္တ၊ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။ ၅။ အလုံးစုံသော ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ ဝိပ္ပယုတ္တ၊ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

အတ္ထိပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၈) ချက်။ ၁။ အလုံးစုံသော ပစ္ဆာဇာတတ္ထိ ပစ္စည်း။ အတ္ထိ၊ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အဝိဂတန္တိ တီဏိ။ ၂။ အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ+ဝတ္ထု ပုရေဇာတတ္ထိ ပစ္စည်း။ အတ္ထိ၊ ပုရေဇာတ၊ အဝိဂတန္တိ တီဏိ။ ၃။ အလုံးစုံသော ဝတ္ထု ပုရေဇာတတ္ထိ ပစ္စည်း။ အတ္ထိ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အဝိဂတန္တိ တီဏိ။ ၄။ အလုံးစုံသော အာရမ္မဏ ပုရေဇာတတ္ထိ ပစ္စည်း။ အတ္ထိ၊ အာရမ္မဏ၊ ပုရေဇာတ၊ အဝိဂတန္တိ တီဏိ။ ၅။ အလုံးစုံသော ဝတ္ထာရမ္မဏ ပစ္စည်း။ အတ္ထိ၊ အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အဝိဂတန္တိ တီဏိ။ ၆။ အလုံးစုံသော အာရမ္မဏ

ပုရေဇာတာဓိပတိ ပစ္စည်း။ အတ္ထိ၊ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အဝိဂတန္တိ ကော်။ ၇။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ ပစ္စည်း။ အတ္ထိ၊ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အဝိဂတန္တိ ကော်။ ၈။ အလုံးစုံသော ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ အတ္ထိ၊ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အဝိဂတန္တိ ကော်။

နတ္ထိပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၃) ချက်။ ၁။ အလုံးစုံသော နတ္ထိပစ္စည်း။ နတ္ထိ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အဝိဂတန္တိ သတ္တ။ ၂။ အလုံးစုံသော အာသေဝန ပစ္စည်း။ နတ္ထိ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ ဝိဂတန္တိ တီဏိ။ ၃။ အလုံးစုံသော အနန္တရ ကမ္မပစ္စည်း။ နတ္ထိ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ ဝိဂတန္တိ ကော်။

ဝိဂတပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၃) ချက်။ ၁။ အလုံးစုံသော ဝိဂတပစ္စည်း။ ဝိဂတ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထီတိ သတ္တ။ ၂။ အလုံးစုံသော အာသေဝန ပစ္စည်း။ ဝိဂတ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထီတိ တီဏိ။ ၃။ အလုံးစုံသော အနန္တရ ကမ္မပစ္စည်း။ ဝိဂတ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထီတိ ကော်။

အဝိဂတပစ္စည်း သုဒ္ဓပကိဏ္ဏက ဃဋနာ (၈) ချက်။ ၁။ အလုံးစုံသော ပစ္ဆာဇာတ အဝိဂတပစ္စည်း။ အဝိဂတ၊ ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထီတိ တီဏိ။ ၂။ အလုံးစုံသော အာရမ္မဏ ပုရေဇာတ+ဝတ္ထု ပုရေဇာတ ပစ္စည်း။ အဝိဂတ၊ ပုရေဇာတ၊ အတ္ထီတိ တီဏိ။ ၃။ အလုံးစုံသော ဝတ္ထု ပုရေဇာတပစ္စည်း။ အဝိဂတ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထီတိ တီဏိ။ ၄။ အလုံးစုံသော အာရမ္မဏ ပုရေဇာတပစ္စည်း။ အဝိဂတ၊ အာရမ္မဏ၊ ပုရေဇာတ၊ အတ္ထီတိ တီဏိ။ ၅။ အလုံးစုံသော ဝတ္ထာရမ္မဏပစ္စည်း။ အဝိဂတ၊ အာရမ္မဏ၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထီတိ တီဏိ။ ၆။ အလုံးစုံသော အာရမ္မဏ ပုရေဇာတာဓိပတိ ပစ္စည်း။ အဝိဂတ၊ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ၊ ပုရေဇာတ၊ အတ္ထီတိ ကော်။ ၇။ အလုံးစုံသော ဝတ္ထာရမ္မဏာဓိပတိ

ပစ္စည်း။ အဝိဂတ၊ အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ ဂေါ။ ၈။ အလုံးစုံသော ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်း။ အဝိဂတ၊ နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ ဂေါ။

သုဒ္ဓပကိဏ္ဏက ဃဋနာ (၆၄) ချက် ပြီးသွားပါပြီ။ ဒီဃဋနာတွေရဲ့ သဘာဂတွေနှင့်တကွ အမည်မှည့်ပုံတွေကို နောက်အပတ်မှပဲ ပြောပြပါမယ်။

သာဓု၊ သာဓု၊ သာဓု။

## *ပဋ္ဌာန်းကျမ်းလာ တိုက် ပစ္စုပ္ပန်ရ အခုလို သန်ချာခန်း

### သုဒ္ဓပကိဏ္ဏက သဘဂ္ဂနာ အဖြည့်မှည့်ပုံ

အရင်အပတ်က သုဒ္ဓပကိဏ္ဏက သဘဂ္ဂနာမှာ သဘဂ္ဂနာမှည့်ပုံတွေကို မပြောရသေးပါဘူး။ ယနေ့ သုဒ္ဓပကိဏ္ဏက သဘဂ္ဂနာမှည့်ပုံတွေကို ပြောပြပါမယ်။ အာဟာရပစ္စည်းမှာ သုဒ္ဓပကိဏ္ဏက သဘဂ္ဂနာ (၅) ချက် ရှိပါတယ်။ မိမိရဲ့ ပစ္စည်းဖြစ်တဲ့ အာရမ္မဏ ချန်ပြီးတော့ အထက် အောက် ကြည့်ရပါတယ်။ ပထမအချက်က အာဒိ။ အာဒိမှာ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ (၃)ပစ္စည်း ရပါတယ်။ မိမိရဲ့ ပစ္စည်းဖြစ်တဲ့ အာရမ္မဏချန်ပြီး သကာသ အဓိပတိ၊ ဥပနိဿယ သဘဂ္ဂနာလို မှည့်ရပါတယ်။ နောက်တခါ အာပု။ အဓိပတိနဲ့ ဥပနိဿယဟာ အာပုရဲ့ ပစ္စည်းရေထဲမှာ မပါပါဘူး။ မပါတော့ ဒီပစ္စည်းတွေကို သိဖို့ရာအတွက် ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ သဘဂ္ဂနာလို မှည့်ရပါတယ်။ ဒီသဘဂ္ဂနာ မှည့်ရတာတွေဟာ ဒီပစ္စည်းရေမှာ ပစ္စည်းတွေက ဘယ်လောက်ရှိတယ်ဆိုတာကို သဘဂ္ဂနာမှည့်လိုက်တာနဲ့ တပြိုင်နက် သိပါတယ်။ နောက် ဝတ္ထာကျတော့ အာပုက ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ (၃) ပစ္စည်းဟာ ဝတ္ထာမှာလဲ လိုက်တယ်။ အာပုမိမှာလဲ လိုက်တယ်။ ဝတ္ထာမိမှာလဲ လိုက်တယ်။ ဒါကြောင့် လိုက်တဲ့ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ (၃) ပစ္စည်းကို

* ၁၃၂၀ ခု၊ မြင်ဂိုလ်ဆန်း (၁၁) ရက် (၁၄-၁-၆၇) စနေနေ့၊ (ဒေသနာအကြိမ်)

သ-သဒ္ဒါကလေးထိုးပြီး သနိဿယ၊ ဝိပ္ပယုတ္တ သဒ္ဒနာလို့ ဝတ္ထုကို မှတ်ပါတယ်။ အာပုမိကျတော့ အဓိပတိနဲ့ ဥပနိဿယပဲ ထူးပါတယ်။ ဒါကို သာဓိပတိ ဥပနိဿယ သဒ္ဒနာ။ ဝတ္ထုဓိကျတော့ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ဝိပ္ပယုတ္တ (၄) ပစ္စည်း ထူးသဖြင့် သာဓိပတိ နိဿယ၊ ဥပနိဿယ၊ ဝိပ္ပယုတ္တ သဒ္ဒနာလို့ မှတ်ရပါတယ်။ အာရမ္မဏ ပစ္စည်း၊ သုဒ္ဓပကိဏ္ဏက သဒ္ဒနာ (၅) ချက် အမည်မှည့်ပုံ ပြီးသွားပါပြီ။

အဓိပတိပစ္စည်းကျတော့ အာဓိ-အာပုမိ-ဝတ္ထုဓိရယ်လို့ (၃) ချက် ရပါတယ်။ အထက်က နည်းတူစွာ ပစ္စည်းချုံ့ပြီး အာရမ္မဏ၊ ဥပနိဿယ သဒ္ဒနာ။ အဲဒီ အာရမ္မဏနဲ့ ဥပနိဿယဟာ အာဓိမှာလဲ လိုက်မယ်၊ ဝတ္ထုဓိမှာလဲ လိုက်မယ်။ ဒါကြောင့် သူ့ကို သ-သဒ္ဒါကလေးထိုးပြီး အာပုမိကို သပုရေဇာတ၊ အတ္ထိ၊ အဝိဂတ သဒ္ဒနာ။ ဝတ္ထုဓိကျတော့ သနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ သဒ္ဒနာလို့ မှတ်ရပါတယ်။

အနန္တရပစ္စည်းမှာ (၅) ပစ္စည်း ရှိပါတယ်။ အဲဒီ (၅) ပစ္စည်းမှာ မိမိရဲ့ အနန္တရကို နှုတ်၍ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ သဒ္ဒနာ။ အဲဒီ (၅) ပစ္စည်းဟာ အာသေဝနမှာလဲ လိုက်မယ်။ အနန္တရ ကမ္မမှာလဲ လိုက်မယ်။ ဒါကြောင့် (၅) ပစ္စည်းကို သ-သဒ္ဒါထိုး၍ သာသေဝန သဒ္ဒနာ၊ သကမ္မ သဒ္ဒနာလို့ မှတ်ပါတယ်။ သမနန္တရကျတော့လဲ အတူတူပါပဲ။

နိဿယ။ ဝတ်ပုမှာ ပစ္စည်းရေ (၅) ခု ရှိပါတယ်။ နိဿယ ချန်၍ ကျန်တဲ့ပစ္စည်းကို ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ သဒ္ဒနာ။ အဲဒီ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၄) ပစ္စည်းဟာ ဝတ္ထုမှာရော ဝတ္ထုဓိမှာရော ပုတိမှာရော လိုက်ပါတယ်။ ဒါကြောင့် ဝတ္ထာရမ္မ သာရမ္မဏ သဒ္ဒနာ၊ ဝတ္ထုဓိကျတော့ အဓိပတိနဲ့ ဥပနိဿယပဲ ထူးပါတယ်။ သူ့ကို သာရမ္မဏာဓိပတိ၊ ဥပနိဿယ သဒ္ဒနာ။ ပုတိကျတော့ ဣန္ဒြိယကလေးသာလျှင် ထူးခြင်းကြောင့် သဣန္ဒြိယ သဒ္ဒနာလို့ မှတ်ပါ။ ဒါ နိဿယ ပစ္စည်းရဲ့ သဒ္ဒနာ (၄) ချက်ပါ။

ကျန်တဲ့ *ဥပနိဿယစတဲ့ ပစ္စည်းတွေကိုလဲ ယခု ပြောပြခဲ့တဲ့ သဘောအတိုင်း ဃဋနာ မှည့်ကြပါတော့။ ပဋ္ဌာန်းပါရဂူမှာ အပြည့်အစုံ ပြထားပါတယ်။

## အဓိပ္ပါယ်

(၁) ပစ္ဆာဇာတ။ ပစ္ဆာဇာတ ပစ္စည်းကို ကြည့်ရင် ပစ္စည်းရေ (၄) ခု ရှိပါတယ်။ ပစ္စည်းရေ (၄) ခုရှိတော့ အဋ္ဌကထာက ပစ္ဆာဇာတအတွက် တရားကို ဘာပြောသလဲဆိုရင် "ကာယဿ ကုသလာဒီနံ ဝသေန ဝေဒိတဗ္ဗံ"။ ကာယဿဆိုတာ စတုဇကာယ။ အဲဒီ စတုဇကာယအား ကုသိုလ် စသည်တို့၏ အစွမ်းအားဖြင့် သိရမယ်လို့ ဆိုသဖြင့် ဒီစတုဇကာယလို့ဆိုတဲ့ ရုပ်အား နာမ်က ကျေးဇူးပြုမှုကို ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ မိမိတို့ သိပြီးသားဖြစ်တဲ့ အတိုင်းပါပဲ။

ဝိပ္ပယုတ္တကျတော့ ပစ္ဆာဇာတ ဝိပ္ပယုတ္တပါပဲ။ ပစ္ဆာဇာတနဲ့ အတူတူပဲ။ ဒါပေတဲ့ ဝိပ္ပယုတ္တကျတော့ တမျိုး ဖွင့်ပြပြန်ပါတယ်။ ဒါ ဗဟုသုတအတွက်ပါ၊ သဘောကတော့ အတူတူပါပဲ။ "ပဥ္စမေ ပစ္စယာ အရူပါဝ"။ ပစ္ဆာဇာတတုန်းကတော့ ပစ္စည်းရော ပစ္စယုပ္ပန်ရော ပြတယ်။ ဝိပ္ပယုတ္တကျတော့ ပဥ္စမ ဃဋနာမှာ ပစ္စည်းတွေဟာ နာမ်တရားတွေ သာလျှင် ဖြစ်ပါတယ်တဲ့။ ပစ္စယုပ္ပန်ကို ဖော်ပြီး မပြတော့ဘူး။ အတ္ထိကျပြန်တော့ ဝိပ္ပယုတ္တနဲ့ အတူတူပဲ။ "ဒွါဒသမေ အရူပဓမ္မာယေဝ ပစ္စယာ"။ ဒွါဒသမ ဃဋနာမှာ နာမ်တရားတွေသာ ပစ္စည်းဖြစ်ကြပါတယ်တဲ့။ အဝိဂတက အတ္ထိနဲ့ အတူတူပါပဲ။

(၂) အာပု ဝတ်ပုလာတယ်။ သူ့မှာ ပစ္စည်းရေ (၃) ခု ရှိပါတယ်။ အဋ္ဌကထာက ပုရေဇာတအတွက် "ပထမံ ဝတ္ထာရမ္မဏ ဝသေန ဝုတ္တံ"။ အဲဒီ ပထမ ဃဋနာမှာ ဝတ္ထာရမ္မဏလို့ဆိုတာ ဝတ္ထုနဲ့ အာရမ္မဏပါ။ ဒီနေရာမှာ ဝတ္ထုဆိုတဲ့ ဝတ်ပုအတွက် ဆဝတ္ထုကို ယူရပါတယ်။ အာရမ္မဏအတွက် ပစ္စုပ္ပန်ဖြစ်တဲ့ နိပ္ဖန္နရုပ် အစရှိတဲ့ အာရုံ (၆) ပါး အာပုကို ယူရတယ်။ ဒီဝတ္ထာရမ္မဏလို့ဆိုတဲ့ အသံကို အဋ္ဌကထာက အတော်ကလေး အသုံးပြုပါတယ်။ ပြီးတော့ အတ္ထိပစ္စည်းကျတော့ "တေရသမေ ဝတ္ထာရမ္မဏာ" လို့ပဲ ဆိုပါတယ်။ ပုရေဇာတ

တုန်းကတော့ မူလဋီကာဆရာက ဘာမှ မပြောဘူး။ အဋ္ဌိပစ္စည်းကျတော့ အဋ္ဌကထာက ''တေရသ ပေ ဝတ္ထာရမ္မဏာ''လို့ ဆိုတဲ့နေရာဌာနမှာ ဝတ္ထုလို့ဆိုတဲ့ သဒ္ဒါဂလေးနဲ့ စက္ခုအစရှိတဲ့ ဝတ္ထုတွေကို ယူရပါတယ်တဲ့။ ဒါမှသာလျှင် ဝတ္ထုပုရေဇာတ ရပါတယ်။ ''ဝတ္ထာရမ္မဏာတိ ဝတ္ထုဝတ္ထုဂ္ဂဟဏေန စက္ခာဒိဝတ္ထုနိ ဂဟိတာနိ''။

(၃) ပြီးတော့ ဝတ်ပု လာပါတယ်။ ဝတ်ပုမှာ နိဿယပစ္စည်းအတွက် အဋ္ဌကထာက ''ပုရေဇာတ ဝသေန စတုသု ပထမေ တီဏိတိ ဝတ္ထုကုသလာဒီနံ စက္ခာ ဒီနိစ အဗျာကတဿ''။ ဝတ်ပုမှာ ပုရေဇာတ အစွမ်းအားဖြင့် ဟောသွားတဲ့ ဃဋနာ (၄)ခု ရှိတယ်။ အဲဒီ ဃဋနာ (၄)ခုထဲက ပထမအချက်ဖြစ်တဲ့ ဝတ်ပုအတွက် တီဏိလို့ ဆိုတာက ဟဒယဝတ္ထုက ကုသိုလ် စသည်တွေအား ကျေးဇူးပြုပါတယ်တဲ့။ ဒီဝတ္ထုဟာ ဟဒယဝတ္ထု ဖြစ်တယ်။ ကုသလာဒီနံလို့ ဆိုသဖြင့် ဟဒယဝတ္ထုဆိုတဲ့ အဗျာကတက ကုသိုလ် အကုသိုလ် အဗျာကတအား ကျေးဇူးပြုမယ်။ နောက်ဆုံးဖြစ်တဲ့ အဗျာကတကျတော့ စက္ခုအစရှိတဲ့ ပသာဒတွေကလဲ (ဟဒယဝတ္ထု ပါပါတယ်) အဗျာကတအား ကျေးဇူးပြုတယ်လို့ ပြောပါတယ်။

ပုရေဇာတ ပစ္စည်းကျတော့ ''ဒုတိယံ ဝတ္ထု ဝသေနေဝ'' အဲဒီဝတ္ထုက ဆဝတ္ထု ယူရပါလိမ့်မယ်။ ဝိပ္ပယုတ္တကျတော့ ''ဆဗ္ဗေ ဝတ္ထုဝသေန ရူပါဝ''။ သဗ္ဗ ဃဋနာမှာ (၆)ပါးသော ဝတ္ထုရုပ်တို့၏ အစွမ်းအားဖြင့် ရုပ်တရားတွေသာလျှင် ပစ္စည်းဖြစ်ကြပါတယ်တဲ့။ အတ္ထိကျတော့ စက္ခုသမေ ဝတ္ထုမေဝ။ ဒါလဲ ဝတ္ထုလို့ဆိုသဖြင့် ဝတ္ထုရုပ် (၆)ပါးကို ယူရပါတယ်။ အဲဒါကို မူလဋီကာက စက္ခုအစရှိတဲ့ ဝတ္ထုတွေကို ယူရမယ်လို့ တေရသမှာ ပြပြီး လာခဲ့တဲ့အတိုင်း ''တထာ စက္ခုသမေ ဝတ္ထုမေ ဝါတိ ဝေဒိတဗ္ဗံ''ဆိုတော့ စက္ခုသမှာလဲ စက္ခုအစရှိသည်တို့ကိုလဲ ယူပါလို့ ပြောတယ်။

(၄) ပြီးတော့ အာဝိ။ အဋ္ဌကထာက အာဝိမှာ အာရမ္မဏ ပစ္စည်းအတွက် ''ပထမံ အာရမ္မဏာ ဓိပတိ ဝသေန သာဓိပတိကံ''ပထမ ဃဋနာမှာ အာရမ္မဏာ ဓိပတိ၏ အစွမ်းအားဖြင့် သုံးသပ်အပ်တဲ့ အဓိပတိပစ္စည်းရှိတယ်။ ''တတ္ထ သတ္တာတိ အာရမ္မဏာ ဓိပတိဒုကေလဒ္ဓ ဝိဿဇ္ဇနာ

နေဝ''။ အာရမ္မဏဒုကတုန်းက အာရမ္မဏ ပစ္စယာ အဓိပတိယာ သတ္တလို့ ဆိုတဲ့အတိုင်း ဒီနေရာမှာ အာဓိကိုပဲ ယူပါတဲ့။ အဓိပတိကျတော့ ''ပဌမေ သတ္တာတိ ဟေဋ္ဌာ ဝုတ္တာနေဝ''။ ပဌမ သဋ္ဌနာမှာ အာဓိအတွက် သတ္တလို့ ဆိုတာဟာ နောက် အဓိပတိ ပစ္စယာ အာရမ္မဏေ သတ္တလို့ ဆိုခဲ့တဲ့အတိုင်းပါပဲတဲ့။ ဥပနိဿယကျတော့ ''ပဌမေ သတ္တာတိ ကုသလော ကုသလာ ဒိန္နံ၊ တထာ အဗျာကတော၊ အကုသလော အကုသလဿေဝါတိ ဧဝံ သတ္တ''။ ဒါ အာဓိကို ပြောနေတာ။ ဥပနိဿယမှာ ကုသလော ကုသလာဒိန္နံ လို့ဆိုသဖြင့် ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာကတဿ။ ထိုနည်းတူစွာ အဗျာကတလဲ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ။ အကုသိုလ်ကျတော့ အကုသလော အကုသလဿလို့ တချက်ပဲ ရပါတယ်တဲ့။ အဲဒါ အာဓိ ပြီးသွားပါပြီ။

(၅) အာပုကျတော့ အာရမ္မဏပစ္စည်းအတွက် ''ဒုတိယံ နိရာဓိပတိကံ''။ ဒါ အာရမ္မဏမှာ ဟောတာ။ အာရမ္မဏမှာ ဒုတိယ သဋ္ဌနာဟာ အဓိပတိပစ္စည်းကို မသုံးသပ်ပါဘူးတဲ့။ ''တတ္ထ တိကတိ ဝတ္ထာရမ္မဏဝသေန အာရမ္မဏဝသေနေဝ ဝါ အဗျာကတ မူလာနိ'' အာပုမှာ ဝတ္ထာရမ္မဏဝသေနလို့ အာပု ဝတ်ပုတုန်းက သုံးခဲ့ပါတယ်။ ဒီမှာ ဝတ္ထာရမ္မဏ ဝသေန အရ ဝတ္ထုက ဟဒယဝတ္ထုကို ယူရပါတယ်။ အာရမ္မဏက စက္ခုအစရှိတဲ့ နိပ္ဖန္နရုပ်တွေကို ယူရပါတယ်။ တနည်းအားဖြင့် အာရမ္မဏ ဝသေန ဆိုတဲ့ နေရာဌာနမှာ နိပ္ဖန္နရုပ် (၁၈)ခုကိုပဲ ယူရပါတယ်။ အဗျာကတမူလာနိ တိကာ ဟု ဆိုသဖြင့် ဗျာ(၃)ချက် ရပါတယ်။ပုရေဇာတကျပြန်တော့ ''တတိယံ အာရမ္မဏ ဝသေန''။ အာရုံ(၆)ပါးရဲ့ အစွမ်းအားဖြင့်တဲ့၊ အာရုံ(၆)ပါးဆိုတာ စက္ခုအစရှိနဲ့ နိပ္ဖန္နရုပ် အဋ္ဌာရသကို အာရုံနဲ့ခွဲလိုက်ရင် အာရုံ(၆)ပါး ရပါတယ်။ အတ္ထိကျတော့ ''ပန္နရသမေ အာရမ္မဏမေဝ''။ အတူတူပဲ။

(၆) ဝတ္ထာကျတော့ အာရမ္မဏမှာ ''တိကာတိ ဝတ္ထု ဝသေန အဗျာကတမူလာနိ'' ဆိုတော့ မရဏာသန္နဇောမှာဖြစ်တဲ့ ဟဒယဝတ္ထုရဲ့ အစွမ်းအားဖြင့် အဗျာကတမူကို ယူပါလို့ ဆိုသဖြင့် အဗျာကတော

အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ ပါပဲ။ နိဿယကျတော့ "ဒုတိယော ဝဂ္ဂေါ ပေဝ ကုသလာဒိနံ" လို့ အမျိုးမျိုးအဖုံဖုံ အဋ္ဌကထာ သချင်္ဂြိုဟ်က တခုနဲ့တခု မတူအောင် ဖွင့်ပြခဲ့ပါတယ်။ နိဿယကျတော့ ဒုတိယ ဿန္ဒာနမှာ ဟဒယဝတ္ထုက ကုသိုလ်စသည်တွေအား ကျေးဇူးပြုပါတယ်တဲ့။ ပုရေဇာတကျတော့ "ဝတ္ထုဝတ္ထုယ အာရမ္မဏကာလ ဝသေန" တော့တတိယ ဿန္ဒာနမှာ ဟဒယဝတ္ထုကို အာရုံပြုသော အခါကာလ၏ အစွမ်းအားဖြင့် လို့ ဆိုပါတယ်။ ဒါဟာ ဟဒယဝတ္ထုကို အာရုံပြုတဲ့ အခါကာလ၏ အစွမ်းအားဖြင့်လို့ ဆိုတော့ မရဏာသန္န အခါကာလမှာ မရဏာသန္နအခါဖြစ်တဲ့ ဝတ္ထုကို ကုသိုလ်စသည်က အာရုံပြုတာကို ရည်ရွယ်ပြီး ပြောပါတယ်။ ဝိပ္ပယုတ္တ ကျပြန်တော့ "သတ္တမေ ကုသလာဗျာကတာနံ ဝိပဿနာ ဝသေန၊ အကုသလဿ အဿာဒန ဝသေန ဝတ္ထုမေဝ"။ အဲဒီ မရဏာသန္န အခါဖြစ်တဲ့ ဟဒယဝတ္ထုကလေးသည်ပင်လျှင် ကုသိုလ် အဗျာကတတွေအား ကျေးဇူး ပြုတဲ့အခါမှာ ဝိပဿနာ၏ အစွမ်းအားဖြင့် ကျေးဇူးပြုမယ်။ အကုသိုလ်အား ကျေးဇူးပြုတဲ့အခါမှာ သာယာမှုရဲ့ အစွမ်းအားဖြင့် ကျေးဇူးပြုလိမ့်မယ်တဲ့။ အတ္ထိကျတော့ "သောဠသ မေ ဝတ္ထု မေဝ အာရမ္မဏံ"။ ဒီ ဟဒယဝတ္ထုသည်ပင်လျှင် အာရုံ လာ၍ ဖြစ်လိမ့်မယ်တဲ့။ အဲဒါ ဝတ္ထုပါ။

(၇) အာပုဓိ ကျတော့ ပစ္စည်းရေ (၆)ရှိတဲ့အနက် အာရမ္မဏပစ္စည်းမှာ "စတုတ္ထ ပဉ္စမာနိ သာဓိပတိကာနိ"။ စတုတ္ထ ဿန္ဒာန အာပုဓိ၊ ပဉ္စမ ဿန္ဒာနက ဝတ္ထာဓိပါပဲ။ အဓိပတိကို သုံးသပ်ပြီး သကာလ ဟောပါတယ်တဲ့။ "တေသု စတုတ္ထေ ကေဝလံ ဝတ္ထာရမ္မဏ ဝသေန အာရမ္မဏ ဝသေနေဝ ဝါ"။ အဲဒီ ဝတ္ထာရမ္မဏ ဝသေန အာရမ္မဏ ဝသေနေဝ ဝါ လို့ ဆိုတာ အာပု ဝတ်ပု တွန်းကလဲ ဒီအသံကလေးတွေကို ပြောခဲ့ပါတယ်။ ဒီနေရာမှာ သရုပ်ကို သိပြီးသား ဖြစ်မှသာလျှင် အဋ္ဌကထာဆရာရဲ့ ပြောချင်တဲ့စကားကို နားလည်ပါလိမ့်မယ်။ ခုနက ဝတ္ထာရမ္မဏ ဝသေနလို့ ဆိုတာ ဝတ္ထုအတွက်က ဟဒယဝတ္ထုယူ၊ အာရမ္မဏအတွက်က ကြွင်းကျန်တဲ့ စက္ခု အစရှိတဲ့

အာရုံ (၆)ပါး ယူ။ တနည်းအားဖြင့် အာရမ္မဏ ဝသေနလို့ ဆိုတာ နိပ္ဖန္နရုပ် (၁၈)ပါးဆိုတဲ့ အာရုံ(၆)ပါးကို ယူရပါလိမ့်မယ်။ အဓိပတိ ကျတော့ ''ဒုတိယေ ကေန္တိ ပုရေဇာတာနိ ဝတ္ထာရမ္မဏာနိ အကု သလဿ''။ အာပုဓိကို ပြောနေတာ။ ဝတ္ထုအာရုံတွေက အကုသိုလ် အား ကျေးဇူးပြုပါတယ်တဲ့။ အာပုဓိဆိုတဲ့ ပုရေဇာတအသံနဲ့ ပုရေ ဇာတလို့ ဆိုပါတယ်။ ဒီနေရာမှာ ဝတ္ထုအရ ဟဒယဝတ္ထုယူ၍ အာရုံ အရ ကြွင်းကျန်တဲ့ နိပ္ဖန္နရုပ်တွေ ယူရပါတယ်။ အဲဒီ ရုပ်တရားတွေက အကုသိုလ်အား ကျေးဇူးပြုတယ်။ ဥပနိဿယ ကျတော့ ''ဒုတိယေ ကေန္တ် စက္ခာဒီ အဗျာကတံ အကုသလဿ''။ ဥပနိဿယ ကျတော့ စက္ခု အစရှိတဲ့ အဗျာကတ တရားတွေက အကုသိုလ်အား ကျေးဇူး ပြုပါတယ်လို့ ဆိုသဖြင့် စက္ခုအစရှိတဲ့ နိပ္ဖန္နရုပ် အဋ္ဌာရသပါပဲ။ ပုရေ ဇာတကျတော့ ''ပဥ္စမံ အာရမ္မဏ ဓိပတိ ဝသေန'' ပုရေဇာတ ပဥ္စမ ဃဋနာမှာ အာရမ္မဏ ဓိပတိ၏ အစွမ်းအားဖြင့် ဟောပါတယ်လို့ ဆိုသဖြင့် ဘယ် အာရမ္မဏ ဓိပတိဆိုတာ အသိ အတော်ခက်ပါတယ်။ အဲဒါ အာပုဓိရယ်လို့ သိနေလိုပါ။ အတ္ထိကျတော့ သတ္တရသမေပန တ ဒေဝ အာရမ္မဏာဓိပတိ ဘာဝေန''။ ခုနက ပြောခဲ့တဲ့ ရုပ်တရား တွေကပင်လျှင် အာရမ္မဏ ဓိပတိ အစွမ်းအားဖြင့် ကျေးဇူး ပြုပါ တယ်တဲ့။

(၈) ပြီးတော့ ဝတ္ထာဓိ။ ဝတ္ထာဓိမှာ ပစ္စည်းရေ (၈)ခု ရှိပါ တယ်။ အာရမ္မဏအတွက် ပဥ္စမ ဃဋနာ ဖြစ်ပါတယ်။ အဲဒီ ပဥ္စမ ဃဋနာအတွက် ''ပဥ္စမေ ကေန္တိ နိဿယတော အဗျာကတ မူလကံ အကုသလံ'' ဆိုတော့ အာရမ္မဏမှာ နိဿယဆိုတာ မှီရာ အားဖြင့် နိဿယပစ္စည်းရယ်လို့ မယူရပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီ ဝတ္ထာဓိ ဆိုတဲ့ မရဏာသန္န အခါမှာဖြစ်တဲ့ ဟဒယဝတ္ထုကို မရဏာသန္န လောဘ ဇောက မှီပါလိမ့်မယ်။ အဲဒါ မှီရာအားဖြင့် အဗျာကတမူ တရားက အကုသိုလ်အား ကျေးဇူးပြုတယ်။ အဓိပတိကျတော့ ''တတိယေ ဝတ္ထု မေဝ အကုသလဿ''ဟဒယဝတ္ထုက အကုသိုလ်အား ကျေးဇူးပြုတယ်။ နိဿယကျတော့''တတိယေ ကေန္တိ ဝတ္ထု အကုသလဿ''အတူတူပါပဲ။ ဥပနိဿယကျတော့''တတိယေဝတ္ထု အကုသလဿ''အတူတူပါပဲ။ပုရေ

ဇာတကျတော့ "ဆဋ္ဌံ ဝတ္ထုနော အာရမ္မဏာဓိပတိကာလ ဝသေန"။ ဒါလဲ ဟဒယဝတ္ထုရဲ့ အာရမ္မဏာဓိပတိ ကာလရဲ့ အစွမ်းအားဖြင့် သိပါတဲ့။ သဘောကတော့ အတူတူပါပဲ။ ဒါတွေဟာ ဝတ္ထာဒိကို ပြောနေတာ။ ဝိပ္ပယုတ္တကျတော့ "အဋ္ဌ မေ တဒေဝ ကုသလသာ"။ တဒေဝါဆိုတော့ ဒီ ဟဒယဝတ္ထုကပဲ အကုသိုလ်အား ကျေးဇူးပြုပါတယ်တဲ့။ အတ္ထိကျတော့ "အဋ္ဌာရသမေပိ တဒေဝ အာရမ္မဏူပ နိဿယ ဝသေန" ဆိုတော့ ဒီ ဟဒယဝတ္ထုကပဲ အာရမ္မဏူပ အစွမ်းအားဖြင့် ကျေးဇူးပြုပါတယ်တဲ့။ အဲဒီ နေရာမှာ သတ္တရသမ ဃဋနာဟုန်းက အတ္ထိပစ္စည်းမှာ တဒေဝ အာရမ္မဏာဓိပတိ ဘာဝေနလို့ ဆိုတယ်။ အဋ္ဌာရသမေကျတော့ တဒေဝ အာရမ္မဏူပ နိဿယလို့ ဆိုတယ်။ ဒီတော့ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပ နိဿယဟာ ဘယ်လိုလာပြီး ထူးမလဲဆိုရင် မူလ ဋီကာက "သတ္တရသမေ ပန တဒေဝ အာရမ္မဏာဓိပတိ ဘာဝေန အဋ္ဌာရသမေပိ တဒေဝ အာရမ္မဏူပ နိဿယ ဝသေနာတိ ပုရိမ ပါဌော၊ အာရမ္မဏူပ နိဿယ ဝသေနာတိ အယံ ပန သတ္တရသမတော ဝိသေသော နာ ဟောတိ"။ ပိုက အာရမ္မဏာဓိပတိလို့ ဆိုတယ်။ ဒီက အာရမ္မဏူပ နိဿယလို့ ဆိုထားတော့ ဘာ တိုးထူးရမှာလဲတဲ့။ ဒီတော့ ထူးအောင် ဘယ်လို ဆိုရမလဲ။ "ဝတ္ထာ ရမ္မဏာ နံ ပန သတ္တရသမေ အဋ္ဌာရသမေဝ ဝတ္ထုဿေဝ ပစ္စယာ ဘာဝေါ ဝိသေသောတိ၊ သတ္တရသမေ ပန အာရမ္မဏာဓိပတိ ဘာဝေန စက္ခာဒီနိစ၊ အဋ္ဌာရသမေ ဝတ္ထုဿေဝ အာရမ္မဏူပ နိဿယ ဝသေနာတိ ပဋ္ဌိတံ"။ ဒီတော့ ထူးအောင်ဆိုရင် သတ္တရသမ ဃဋနာဟာ အာပုမိ ဖြစ်ခြင်းကြောင့် အာရမ္မဏာဓိပတိ၏ အစွမ်းအားဖြင့် ဝတ္ထု အစရှိတဲ့ နိပ္ဖန္နရုပ်တွေကို ယူရပါလိမ့်မယ်တဲ့။ အဋ္ဌာရသမ ဃဋနာကျတော့ ဝတ္ထာဒိ ဖြစ်လေတော့ ဟဒယဝတ္ထုအား သာလျှင် အာရမ္မဏူပ နိဿယ အစွမ်းအားဖြင့် ယူရပါလိမ့်မယ်တဲ့။

(၉) ပုတိံ။ ပုဘိံမှာ (၆) ပစ္စည်းရှိတဲ့ အနက်က နိဿယမှာ "စက္ခုဝတ္ထု စက္ခာဒီနိ ဝိညာဏ ပဉ္စကဿ"။ စက္ခု အစရှိတဲ့ ဝတ္ထု တွေက ဒွေပဉ္စ ဝိညာဉ်တဆယ်အား ကျေးဇူးပြုတယ်။ ပုရေဇာတ ကျတော့ "သတ္တမံ စက္ခာဒိ ဝသေန"။ ပစ္စယုပ္ပန် မပါတော့ဘူး။

စက္ခု အစရှိသည်၏ အစွမ်းအားဖြင့် ဣန္ဒြိယကျတော့ "စတုန္နံ စက္ခာဒီနံ စက္ခု ဝိညာဏာဒီနံ"ရယ်လို့ နိဿယအတိုင်း ဖွင့်ပါတယ်။ ဝိပ္ပယုတ္တကျတော့ နဝမေ စက္ခာဒီနံ အဗျာကတာ။ စက္ခု စသည် တွေက အဗျာကတအား ကျေးဇူးပြုတယ်လို့ ဆိုသဖြင့် အဗျာကတဟာ ဘာဖြစ်ရမလဲ၊ ဒွေပဉ္စ ဝိညာဉ်တဆယ်ပဲ ဖြစ်ရပါမယ်။ အတ္ထိကျတော့ "ဧကူနဝီသတိ မေ စက္ခာ ဒယော ဝ ပစ္စယာ"။ စက္ခုစတဲ့ တရား တွေက ပစ္စည်းလာဖြစ်ပါတယ်လို့ ပုတိအတွက် ဆိုပါတယ်။

(၁၀ (၁၁) (၁၂) အနန္တရအတွက် အထူး မဖွင့်ပါဘူး။ အာသေဝန အတွက်လဲ အထူး မဖွင့်ပါဘူး။ ကမ္မမှာ ဗလဝကမ္မ၊ အနန္တရ ကမ္မရယ်လို့ (၂) မျိုးရှိတဲ့အနက် ဥပနိဿယ ပစ္စည်း ဗလဝ ကမ္မမှာ "ပဿဒေ လောကိယ ကုသလာကုသလ စေတနာ ပစ္စယ ဘာဝတော ဂဟေတဗ္ဗာ"။ ဒီတော့ ဗလဝနာနာက္ခဏိက ကမ္မမှာ ကုသိုလ် အကုသိုလ် စေတနာဟာ လောကီကိုသာ ပစ္စည်းအဖြစ် အားဖြင့် ယူရမယ်လို့ ဆိုတယ်။ ဒီနေရာမှာ မူလဋီကာက ဘာပြော သလဲဆိုတော့ အဋ္ဌကထာက လောကီ ကုသိုလ် အကုသိုလ် စေတနာ ယူပါဆိုတယ်။ ဒါပေတဲ့ "လောကုတ္တရာပိ ပန ဂဟေတဗ္ဗာဝ"။ လောကုတ္တရာဖြစ်တဲ့ စေတနာကိုလဲ ယူရမှာပါတဲ့။ ဒါ့ကြောင့် ဗလဝ နာနာက္ခဏိက ကမ္မမှာ ကုသိုလ် ကောဝိဿ၊ အကုသိုလ် ဒွါဒသမှာ ရှိတဲ့ စေတနာလို့ ဆိုခဲ့ပါတယ်။

ကမ္မပစ္စည်းကျတော့ အဋ္ဌကထာက "တတ္ထ ပယမာနိ ဒွေ ပကတူပနိဿယာ နန္တရူပနိဿယ ဝိဘာဂတော ပ နာနာက္ခဏိကာ ကမ္မ ဝသေန ဝုတ္တာနိ"။အဲဒီမှာ ပကတူပနိဿယ အနန္တရူပနိဿယလို့ (၂) မျိုးကိုနာနာက္ခဏိက ကမ္မ၏ အစွမ်းအားဖြင့် ဟောထားတာပါပဲတဲ့။

(၁၃) အနန္တရကမ္မ ကျတော့ ဥပနိဿယမှာ "ဒုတိယေ လောကုတ္တရ ကုသလာဝ"။ လောကုတ္တရာဖြစ်တဲ့ ကုသိုလ် စေတနာကို သာလျှင် အနန္တရ ကမ္မပစ္စည်းအဖြစ်နဲ့ ယူပါလို့ အဋ္ဌကထာက ပြပါ တယ်။ ဒါတွေ ဘာဖြစ်လို့ပြောနေသလဲဆိုရင် တပည့်တော်တို့ ဇယား ထဲမှာ ပဋ္ဌာဇောတဆိုရင် ပစ္စည်း ပစ္စယုပ္ပန် အတူတူပဲလို့ ယူထားပါ တယ်။ ဒါပေမဲ့ အဋ္ဌကထာကျတော့ အမျိုးမျိုးအဖုံဖုံ ယူပုံ ဆပုံကို

နားလည်ရန် ဗဟုသုတအတွက် ပြောပြပါတယ်။ သုဒ္ဓ ပကိဏ္ဏက ဃဋနာကိစ္စ ပြီးကြပါစို့။

## သဟဇာတ ကြီး လတ် ဃဋနာ၊ သဘာဂမှ ဃဋနာ ဖြစ်လာပုံ

သဟဇာတ အကြီး အလတ် ဃဋနာ ရောက်လာပါပြီ။ သဟဇာတ အကြီး အလတ် ဃဋနာမှာ ပဌမအချက်က သဟဇာတပစ္စည်း ဖြစ်ပါတယ်။ အဲဒီ သဟဇာတ ပစ္စည်းရဲ့ သဘာဂက နိဿယ၊ အတ္ထိ၊ အဝိဂတဆိုတဲ့ (၃) ပစ္စည်းနဲ့ သဘာဂ ဖြစ်ပါတယ်။ သဘာဂကို ဆိုတုန်းက "သဟဇာတ ပစ္စယာ နိဿယေ နဝ အတ္ထိယာ နဝ အဝိဂတေ နဝ" လို့ ဟောပါတယ်။ အညမညကျတော့ သဟဇာတနဲ့ အညမညမှာ သဟဇာတ အကြီး (၄) ပစ္စည်းက အကျုံးဝင်လိုက်ပါတယ်။ ဒါကို သဟဇာတ ပစ္စယာ အညမညေ တီဏိအတိုင်း ဟောပါတယ်။ သမ္ပယုတ္တမှာလဲ သဟဇာတ ပစ္စယာ သမ္ပယုတ္တေ တီဏိလို့ ဟောပါတယ်။ ဝိပ္ပယုတ္တမှာ သဟဇာတ ပစ္စယာ ဝိပ္ပယုတ္တေ တီဏိလို့ ဟောပါတယ်။ ည+ဝိပ်လို့ဆိုတာက အညမညနဲ့ ဝိပ္ပယုတ္တကို သဘာဂ ဟောစဉ် အခါက "အချင်းချင်းအား တတ်သော ပဋ္ဌာဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု" လို့ ဆိုခဲ့ပါတယ်။ ဒါဟာ အညမည ပစ္စယာ ဝိပ္ပယုတ္တေ ကေ ဖြစ်ပါတယ်။ ဝိပါကကျတော့ သဟဇာတ ပစ္စယာ ဝိပါကေ ကေပါပဲ။ သဝိပါက (၅) ချက် ရှိသဖြင့် ဝိပါကနဲ့ သဟဇာတ သဘာဂ၊ ဝိပါကနဲ့အညမညရဲ့ သဘာဂ၊ ဝိပါကနဲ့သမ္ပယုတ္တ သဘာဂ၊ ဝိပါကနဲ့ ဝိပ္ပယုတ္တရဲ့ သဘာဂ၊ နောက်ဆုံး (၅) အချက်က ဝိပါက၊ အညမည၊ ဝိပ္ပယုတ္တ (၃) ပစ္စည်းရဲ့ သဘာဂကို ပေါင်းပြီး ဟောထားပါတယ်။ ဒါအတွက် ခေါင်းစဉ်ကို ဆိုလိုက်ကြပါစို့။ သဟဇာတရဲ့ သုဒ္ဓသင်္ချာ ဆိုရိုးပါပဲ။ ဒီမှာလဲ အဝိပါက (၅) ချက်၊ သဝိပါက (၅) ချက်လို့ဆိုပါတယ်။ ဒီ အဝိပါက သဝိပါကအကြောင်းကို နောက်မှ ပြောပြပါမယ်။ ပဌမ ရှေ့ဦးစွာ ဆိုရိုးကလေး ဆိုကြပါစို့။

## သဟဇာတ အကြီး အလတ် ခေါင်းစဉ်ဆိုရိုး အဝိပါက (၅) ချက်။

နံပါ (၁) အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (၄) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ နဝဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဒါဟာ သဟဇာတ သုဒ္ဓသင်္ချာအတိုင်း သင်္ချာနဝ ပစ္စည်းရေ (၄) ဖြစ်ပါတယ်။အညမညမှာလဲ သင်္ချာ တီဏိ၊ ပစ္စည်းရေ (၅) ရပါတယ်။ သမ္ပယုတ္တ သင်္ချာ တီဏိ၊ ပစ္စည်းရေ (၆) ရပါတယ်။ သဟဇာတ ဝိပ္ပယုတ္တမှာ သင်္ချာ တီဏိ၊ ပစ္စည်းရေ (၅) ရပါတယ်။ ည+ ဝိပ်ကတော့ သင်္ချာမှာ သဘာဂဖြစ်တဲ့ ဧကံပဲ ရပါတယ်။ ပစ္စည်းရေ ကတော့ (၆) ရပါတယ်။ ဝိပါကကျတော့ သုဒ္ဓသင်္ချာအတိုင်း သင်္ချာ ဧကံ၊ ပစ္စည်းရေ (၅) ရပါတယ်။ ကျန်တာတွေက ဆိုင်ရာ သဘာဂ တွေပဲ ဖြစ်ပါတယ်။

နံပါတ် (၂) အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (၅) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၃) အချင်းချင်းအား တတ်သော အလုံးစုံသော ပစ္စတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တို့ (၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တို့ တို့ဟုပဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၄) စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အာ, တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အဇ္ဈတ္တိကလေးခု နှင့် ပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြည့်သော ပစ္စတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၅) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တို့ ပါဏိပဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ည+ဝိပ်ရဲ့ တရားဟာ ခုနက ပြောခဲ့တဲ့အတိုင်း အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု၊ မန္ဒာ ဝတ္ထုသြ၊ ဝတ္ထု ခန္ဓာနံလို့ ဟောပါတယ်။ သင်္ချာကော ရပါတယ်။

နံပါတ် (၅) အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။ ဤတရားတို့သည် သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တို့ ကော်ပဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

## အဝိပါက အစိပ္ပါယ်

ဒါဟာ အဝိပါက (၅) ချက် ဖြစ်ပါတယ်။ အဲဒီ အဝိပါက (၅) ချက်ထဲမှာ စဉ်းစားကြည့်ရင် သဟဇာတရဲ့ သုဒ္ဓသင်္ချာထဲမှာလဲပဲ ပါပါတယ်။ ဝိပ္ပယုတ္တထဲမှာလဲပဲ ပါပါတယ်။ အညမည+ဝိပ္ပယုတ္တ ထဲမှာလဲ ဝိပါက ဆိုင်ရာဖြစ်တဲ့ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ပါနေပါတယ်။ ဒီလို ဝိပါက ပစ္စည်း

ပါနေသေးနဲ့ ဘာဖြစ်လို့ အဝိပါကလို့ဆိုတဲ့ အသံနဲ့ ဒီဃဋ္ဋနာတွေကို အမည်မှည့်ထားသလဲဆိုတော့ မူလ ဋီကာက ''အဝိပါကာ နီတိ အနာမဋ္ဌဝိပါကာ နီတိ အတ္ထော''။ အဝိပါကဆိုတာ တခြား မဟုတ်၊ ဝိပါက ပစ္စည်း မသုံးသပ်ပဲနဲ့ ဟောထားခြင်းကြောင့် အဝိပါက ပစ္စည်းလို့ ခေါ်တယ်။ အဲဒါကို အနုဋီကာက တဖန် ''အနာမဋ္ဌ ဝိပါကာနီတိ အဂ္ဂဟိတ ဝိပါက ပစ္စယာနိ၊ န ဝိပါက ဟေတုရဟိတာနိ သာမာရဏ ဝသေန ဝုတ္တတ္ထာ''လို့ ပြတယ်။ အနာမဋ္ဌ ဝိပါက မသုံးသပ်အပ်တယ် ဆိုတာ တခြား မဟုတ်ပါဘူးတဲ့။ ဝိပါက ပစ္စည်းကို မယူပဲနဲ့ ဟော ထားတာပါ။ ဒါပေတယ်လို့ ဝိပါက စိတ်တွေကတော့ ကင်းပြီး မနေ ပါဘူး။ ဒီထဲမှာ ပါနေပါတယ်တဲ့။ မူလ ဋီကာက အနာမဋ္ဌ ဝိပါက၊ ဝိပါကပစ္စည်း မသုံးသပ်ဘူး။ ဘာဖြစ်လို့ မသုံးသပ်သလဲ။ အနုဋီကာက ဝိပါကပစ္စည်းကို မယူဘူး။ ပါတော့ ပါတယ်။ ပါပါလျက်နှင့် ဘာ ကိစ္စ မယူတာလဲလို့ စဉ်းစားစရာ ရှိပါတယ်။ သဘာဂ ဃဋ္ဋနာဆိုတာ ဝိဘင်္ဂပါဠိက ကုသလော ကုသလဿ စသည်မှာ ဟောခဲ့သလို သတ္တိကို ကောက်တဲ့ နေရာဌာနဥ္စ ရသင့် ရထိုက်တဲ့ တပ္ပိုင်နက် ယထာရဟ ဟောလို မဟုတ်ပါဘူး။ သဘာဂမှာ ဖြစ်ဖြစ်၊ ဃဋ္ဋနာမှာ ဖြစ်ဖြစ် တပ္ပိုင်နက်တွေကို ယူရတယ်။ တပ္ပိုင်နက်လို့ဆိုတာဟာ ပစ္စည်း ပစ္စယုပ္ပန် အပြည့်အစုံ ရရပါတယ်။ ဒီလိုမှ ပစ္စည်း ပစ္စယုပ္ပန် အပြည့်အစုံ မရခဲ့လို့ ရှိရင် တပ္ပိုင်နက် မဖြစ်ပါဘူး။ သဟဇာတမှာ ကြည့်လိုက်ပါ။ ဝိပါက ပါတယ်။ သဟဇာတရဲ့ ပစ္စည်း ပစ္စယုပ္ပန် အပြည့်အစုံ ဝိပါကမှာ ပါသလား၊ မပါဘူး။ အညမညမှာ မပါဘူး။ သမ္ပယုတ္တမှာ မပါ ဘူး။ ဝိပ္ပယုတ္တမှာ မပါဘူး။ ည÷ငပ်လို့ဆိုတဲ့ နောက်ဆုံး (၅) အချက် မှာ ဟဒယဝတ္ထုအား တတ်သော ပဋိသန္ဓေ နာမက္ခန္ဓာ မှာ ဝိပါက ရတယ်။ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ် သော ဟဒယဝတ္ထုမှာ ဝိပါက မရဘူး။ အဲဒီတော့ သဘာဂမှာ ဖြစ်ဖြစ်၊ ဃဋ္ဋနာမှာ ဖြစ်ဖြစ် တပ္ပိုင်နက် ပစ္စည်း ပစ္စယုပ္ပန် အပြည့်အစုံ ရတာကို ဟောခြင်းကြောင့် မူလဋီကာက အနာမဋ္ဌ ဝိပါကာနိ။ အနုဋီကာက အဂ္ဂဟိတ ဝိပါက ပစ္စယာနိလို့ ဖွင့်ပြပါတယ်။ အကြောင်း ကတော့ တပ္ပိုင်နက် မရလို့ မယူတာပါ။ မပါလို့ မဟုတ်ပါဘူး။ ပါပါတယ်။ သဝိပါကတွေကျရင် ဝိပါကပစ္စည်းတွေဟာ တပ္ပိုင်နက်

အမြဲ ပါပါတယ်။ ဝိပါက ပစ္စည်းတွေ ပါသဖြင့် သင်္ချာကလဲ ကိန်းသေ ကော်ချည်း ဖြစ်ပါတယ်။ သဟဇာတ ဃဋနာတွေ၌ သဝိပါက ဟူသမျှ သင်္ချာတွေဟာ ကော်လို့ တကစ်ချ မှတ်ယူနိုင်ပါတယ်။ ဘာ့ကြောင့်လဲ ဆိုရင် ဝိပါကပစ္စည်းရဲ့ သင်္ချာတရားကို ကြည့်ရင် အဗျာကတော အဗျာကတဿ သင်္ချာဒေကံပဲ ရပါတယ်။ ဒါထက် တိုးပြီး မရပါဘူး။ သဝိပါက ဃဋနာ (၅) ချက်မှာ နံပါတ် (၁) ဟာ ဝိပါကပစ္စည်း သုဒ္ဓသင်္ချာ အတိုင်းပါပဲ၊ သင်္ချာဒေကံ ပစ္စည်းရေ (၅) ပါပဲ။

## သဝိပါက (၅) ချက်၏ ဝေါင်းစဉ်ဆိုရိုး

နံပါတ် (၁) အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကဋ္ဌဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ (၅) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ တို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတတို့ ကော်ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၂) (ဝိပါ+ညဆိုတာ ဝိပါကနဲ့ အညမည သဘာဂက ဆိုခဲ့တဲ့ အတိုင်းပါပဲ။) အချင်းချင်းအား လည်းကောင်း၊ အချင်း ချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သော အလုံး စုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယဝတ္ထု အား တတ်သော ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရား တို့သည် သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ(၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ တို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတတို့ ကော်ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၃) (ဝိပါ+သမ်ဆိုတာ ဝိပါကနဲ့ သမ္ပယုတ္တ သဘာဂ ပါ။) အချင်းချင်းအား တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဤတရားတို့သည် သဟဇာတ၊ အညမည၊

နိဿယ၊ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ အညမည၊ နိဿယ၊ဝိပါက ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကေံဟု သချာ တတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၄) (ဝိပါ+သဟဝိပ်ဆိုတာ ဝိပါကနဲ့ သဟဇာတ ဝိပ္ပယုတ္တရဲ့ သဘာဂပါ။) စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရားတို့သည် သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကေံဟု သချာတတ်၍ ဟောအပ်ကုန်၏။

နံပါတ် (၅) ဝိပါ+ည+ဝိပ်ကျတော့ ၃ ဘက်ရ ဖြစ်ပါတယ်။ အဝိပါကတုန်းက ည+ဝိပ်သည် အချင်းချင်းတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဖြစ်ခြင်းကြောင့် ဝိပါက မရပါဘူး။ ဝိပါကရလာအောင်ဆိုရင် ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဒီတရား ရပါလိမ့်မယ်။ ဒီတရားဟာ ဝိပါက မှာလဲ ရှိပါတယ်။ အညမညမှာလဲ ရှိပါတယ်။ ဝိပ္ပယုတ္တမှာလဲ ရှိပါ တယ်။ ဒါ့ကြောင့် ၃ ဘက်ရ တရား ဖြစ်ပါတယ်။

ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဤတရားတို့သည် သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ သဟဇာတ၊ အည မည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကေံ ဟု သချာ တတ်၍ ဟောအပ်ကုန်၏။

## သဟ ကြီး လတ် (၅၇)ချက် ရပုံ

ဆိုရိုးကလေး ပြီးသွားပါပြီ။ ဒီမှာ အဝိပါက (၅)ချက်၊ ဝိပါက (၅)ချက်လို့ ရှိပါတယ်။ ဒီ(၁၀)ချက်လုံးကို သဟဇာတ၊

နိဿယ၊ အတ္ထိ၊ အဝိဂတ ရကြပါတယ်။ အဲဒီ (၁၀) ချက်ထဲက အညမည ဟာ သုဒ္ဓသင်္ချာတွေမှာ ပြောခဲ့တဲ့အတိုင်း သမ္ပယုတ္တ ရခဲ့လို့ရှိရင် အညမည အမြဲရပါတယ်။ သမ္ပယုတ္တပစ္စည်းရဲ့ တရားက နည်းပြီး အညမည ပစ္စည်းရဲ့ တရားက များခြင်းကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် အညမညရဲ့ ဃဋနာတွေကို ရေတွက်ရင် အညမညနဲ့ သမ္ပယုတ္တ အသံကလေးပါတာကို ရွေးရပါတယ်။ ရွေးတော့ အဝိပါကဘက်က ညရယ်၊ သံရယ်၊ ညဝိပ်ရယ် (၃)ချက် ရပါတယ်။ သဝိပါကလဲ ထိုနည်းတူစွာ ဝိပါ+ည၊ ဝိပါ သံ၊ ဝိပါ+ည ဝိပ်၊ အားလုံး (၆)ချက် ဖြစ်ပါတယ်။ နိဿယ (၁၁)ချက်။ ဝိပါကပစ္စည်းကျတော့ ဝိပါက အသံနဲ့ (၅)ချက် လာထွက်ပါတယ်။ သမ္ပယုတ္တမှာလဲ သမ္ပယုတ္တအသံနဲ့ လိုက်ရှာရင် (၂)ချက်သာ ရပါတယ်။ ဝိပ္ပယုတ္တမှာလဲ အဝိပါကက ဝိပ္ပယုတ္တအသံကြည့်ရင် ဝိပ္ပယုတ္တ ည ဝိပ် (၂)ချက် ရပါတယ်။ သဝိပါကမှာလဲ (၂)ချက် ရပါတယ်။ ဒါကြောင့် (၄)ချက် ရပါတယ်။ အတ္ထိ၊ အဝိဂတကျတော့ (၁၀)ချက်စီပဲ ရှိပါတယ်။ ဒါက အချက်ပေါင်း (၅၇)ချက်ရပုံကို ပြောတာပါ။

## ပစ္စည်းရေ ယူဆပုံ

ပစ္စည်းရေအားဖြင့် ပထမအချက်မှာ သဟဇာတအကြီး (၄) ပစ္စည်း ရပါတယ်။ သဟဇာတ အကြီး အလတ် ဃဋနာကိုသဖြင့် သဟဇာတအကြီးဟာ အငယ်မှာဖြစ်ဖြစ် အလတ်မှာဖြစ်ဖြစ် အမြဲလိုက်ပါတယ်။ အဲဒီတော့ ည အသံကလေးနဲ့ အညမှာ အညမညတိုးလိုက်ရင် ပစ္စည်းရေ (၅)ဖြစ်ပါတယ်။ သမ္ပယုတ္တမှာ အညပါ ပါသဖြင့် ညနဲ့သံ တိုးလိုက်ရင် (၆)ပစ္စည်း ဖြစ်ပါတယ်။ ဝိပ္ပယုတ္တမှာ ဝိပ်တိုးလိုက်ရင် (၅)ဖြစ်ပါတယ်။ ည+ဝိပ်မှာ အကြီး(၄)ခုထဲမှာ ည+ဝိပ် တိုးလိုက်ရင် (၆)ခု ဖြစ်ပါတယ်။ ဝိပါကမှာ ဝိပါကတိုးလိုက်ရင် (၅)ခု ဖြစ်ပါတယ်။ ဝိပါ+ညမှာ ဝိပါကထဲ ညတိုးလိုက်ရင် (၆)ခု ဖြစ်ပါတယ်။ ဝိပါ သံမှာ ညလဲရသဖြင့် ဝိပါ ည သံတိုးရင် (၇)ဖြစ်ပါတယ်။ ဝိပါ ဝိပ်မှာလဲ ဝိပါနဲ့ ဝိပ်တိုးလိုက်ရင် (၆)ခု ဖြစ်ပါတယ်။ ဝိပါ+ည+ဝိပ် မှာ ဝိပါ ည ဝိပ်တိုးလိုက်ရင် (၇)ဖြစ်ပါတယ်။ ဒါဟာ ပစ္စည်းရေတွေ ရပုံဖြစ်ပါတယ်။ အိုရိုးကတော့ အရင်အပတ်က ဆိုခဲ့သလိုပဲ ဆိုရပါလိမ့်မယ်။

## သဟ ကြီး လတ် ဃဋနာဆိုရိုး

သဟဇာတပစ္စည်း သဟဇာတ ဃဋနာ (၁၀)ချက်။ အဝိပါက (၅) ချက်။ ၁။ အလုံးစုံသော သဟဇာတပစ္စည်း။ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ နဝ။ ၂။ အလုံးစုံသော အညမညပစ္စည်း။ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၃။ အလုံးစုံသော သမ္ပယုတ္တ ပစ္စည်း။ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ၊ ၄။ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၅။ အလုံးစုံသော အညမည+ဝိပ္ပယုတ္တပစ္စည်း။ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

## သဝိပါက (၅)ချက်

၁။ အလုံးစုံသော ဝိပါကပစ္စည်း။ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။ ၂။ အလုံးစုံသော ဝိပါက+အညမည ပစ္စည်း။ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။ ၃။ အလုံးစုံသော ဝိပါက + သမ္ပယုတ္တပစ္စည်း။ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။ ၄။ အလုံးစုံသော ဝိပါက+ဝိပ္ပယုတ္တပစ္စည်း။ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။ ၅။ အလုံးစုံသော ဝိပါက+အညမည+ဝိပ္ပယုတ္တပစ္စည်း။ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

အညမညပစ္စည်း သဟဇာတဃဋနာ (၆)ချက်။ အဝိပါက (၃) ချက်။ ၁။ အလုံးစုံသော အညမညပစ္စည်း။ အညမည၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၂။ အလုံးစုံသော သမ္ပယုတ္တ ပစ္စည်း။ အညမည၊ သဟဇာတ၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၃။ အလုံးစုံသော အညမည+ဝိပ္ပယုတ္တပစ္စည်း။ အညမည၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

## သဝိပါက (၃) ချက်

၁။ အလုံးစုံသော ဝိပါက÷အညမညပစ္စည်း။ အညမည၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတန္တိ ကော။ ၂။ အလုံးစုံသော ဝိပါက÷သမ္ပယုတ္တပစ္စည်း။ အညမည၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော။ ၃။ အလုံးစုံသော ဝိပါက အညမည÷ဝိပ္ပယုတ္တပစ္စည်း။ အညမည၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော။

**နိဿယပစ္စည်း သဟဇာတ သဋ္ဌာန** (၁၀) ချက်။ အဝိပါက (၅) ချက်။ ၁။ အလုံးစုံသော သဟဇာတ နိဿယပစ္စည်း။ နိဿယ၊ သဟဇာတ၊ အတ္ထိ၊ အဝိဂတန္တိ နဝ။ ၂။ အလုံးစုံသော အညမည ပစ္စည်း။ နိဿယ၊ သဟဇာတ၊ အညမည၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၃။ အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ နိဿယ၊ သဟဇာတ၊ အညမည၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၄။ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ နိဿယ၊ သဟဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ တီဏိ။ ၅။ အလုံးစုံသော အညမည÷ဝိပ္ပယုတ္တပစ္စည်း။ နိဿယ၊ ဟဇာတသ၊ အညမည၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော။

## သဝိပါက (၅) ချက်

၁။ အလုံးစုံသော ဝိပါကပစ္စည်း။ နိဿယ၊ သဟဇာတ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတန္တိ ကော။ ၂။ အလုံးစုံသော ဝိပါက÷အညမညပစ္စည်း။နိဿယ၊ သဟဇာတ၊ အညမည၊ ဝိပါက၊ အတ္ထိ၊အဝိဂတန္တိ ကော။ ၃။ အလုံးစုံသော ဝိပါက÷သမ္ပယုတ္တပစ္စည်း။ နိဿယ၊ သဟဇာတ၊အညမည၊ ဝိပါက၊သမ္ပယုတ္တ၊အတ္ထိ၊ အဝိဂတန္တိ ကော။ ၄။အလုံးစုံသော ဝိပါက÷ဝိပ္ပယုတ္တပစ္စည်း။ နိဿယ၊ သဟဇာတ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော။ ၅။ အလုံးစုံသော ဝိပါက÷အညမည ÷ဝိပ္ပယုတ္တပစ္စည်း။ နိဿယ၊ သဟဇာတ၊ အညမည၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော။

**ဝိပါကပစ္စည်း သဟဇာတ သဋ္ဌာန** (၅)ချက်။ ၁။ အလုံးစုံသော ဝိပါကပစ္စည်း။ ဝိပါက၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိ

ဂတန္တိ ကော်။ ၂။ အလုံးစုံသော ဝိပါက+အညမညပစ္စည်း။ ဝိပါက၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။ ၃။ အလုံးစုံသော ဝိပါက+သမ္ပယုတ္တပစ္စည်း။ ဝိပါက၊ သဟဇာတ၊ အညမည၊ နိဿယ၊သမ္ပယုတ္တ၊အတ္ထိ၊အဝိဂတန္တိ ကော်။ ၄။ အလုံးစုံသော ဝိပါက+ဝိပ္ပယုတ္တပစ္စည်း။ ဝိပါက၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။ ၅။ အလုံးစုံသော ဝိပါက+အညမည+ဝိပ္ပယုတ္တပစ္စည်း။ ဝိပါက၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

သမ္ပယုတ္တပစ္စည်း သဟဇာတ သဘာဂ (၂) ချက်။ ၁။ အလုံးစုံသော သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ တီကာ။ ၂။ အလုံးစုံသော ဝိပါက+သမ္ပယုတ္တပစ္စည်း။ သမ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

ဝိပ္ပယုတ္တပစ္စည်း သဟဇာတ သဘာဂ (၄) ချက်။ အဝိပါက (၂) ချက်။ ၁။ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ တီကာ။ ၂။ အလုံးစုံသော အညမည+ဝိပ္ပယုတ္တပစ္စည်း။ ဝိပ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

## သဝိပါက (၂) ချက်

၁။ အလုံးစုံသော ဝိပါက+ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတန္တိ ကော်။ ၂။ အလုံးစုံသော ဝိပါက+အညမည+ဝိပ္ပယုတ္တ ပစ္စည်း။ ဝိပ္ပယုတ္တ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

[အတ္ထိ ပစ္စည်းလဲ(၁၀) ချက် ရပါတယ်။သဟဇာတ သဘာဂ နိဿယ သဘာဂနဲ့ တူပါတယ်။ ၎င်းကို ပေယျာလ ထိုး၍ အဝိဂတ ပစ္စည်းပဲ ဆိုကြပါစို့။]

အဝိဂတပစ္စည်း သဟဇာတ ဃဋနာ (၁၀) ချက်။ အဝိပါက (၅) ချက်။ ၁။ အလုံးစုံသော သဟဇာတ အဝိဂတ ပစ္စည်း။ အဝိဂတ သဟဇာတ၊ နိဿယ၊ အတ္ထိတိ နဝ။ ၂။ အလုံးစုံသော အညမညပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိတိ တီဏိ။ ၃။ အလုံးစုံသော သမ္ပယုတ္တ ပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိတိ တီဏိ။ ၄။ အလုံးစုံသော သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ တီဏိ။ ၅။ အလုံးစုံသော အညမည ဝိပ္ပယုတ္တ ပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပ္ပယုတ္တ အတ္ထိတိ ဧကံ။

## သဝိပါက (၅) ချက်

၁။ အလုံးစုံသော ဝိပါက ပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိတိ ဧကံ။ ၂။ အလုံးစုံသော ဝိပါက+အညမည ပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိတိ ဧကံ။ ၃။ အလုံးစုံသော ဝိပါက+သမ္ပယုတ္တ ပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိတိ ဧကံ။ ၄။ အလုံးစုံသော ဝိပါက+ဝိပ္ပယုတ္တပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ ဧကံ။ ၅။ အလုံးစုံသော ဝိပါက+အညမည+ဝိပ္ပယုတ္တပစ္စည်း။ အဝိဂတ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိတိ ဧကံ။

## အမည်မှည့်ပုံ

အဲဒါ သဟဇာတ အကြီး အလတ် ဃဋနာ (၅၇) ချက် ပြီးသွားပါပြီ။ သူတို့ကို အမည်မှည့်တဲ့အခါမှာ လွယ်ပါတယ်။ သဟဇာတမှာ ပစ္စည်းရေ (၄) ခု ရှိပါတယ်။ ပထမ ဃဋနာတွေ ဟူသမျှ အားလုံးကုန် သုဒ္ဓဌာနိက ဃဋနာရယ်လို့ အမည်မှည့်ရပါတယ်။ သဟဇာတ ဃဋနာ အကြီး အလတ် အငယ် အားလုံး ဖြစ်ပါတယ်။ ဒုတိယ အချက် သဟဇာတမှာ အညမည လိုက်သဖြင့် သအညမည ဃဋနာ။ တတိယ အချက်မှာ အညမညနဲ့ သမ္ပယုတ္တလိုက်သဖြင့် သအညမည

သမ္ပယုတ္တ ဃဋနာ။ စတုတ္ထအချက် ဝိပ္ပယုတ္တတိုးသဖြင့် သဝိပ္ပယုတ္တ ဃဋနာ။ပဉ္စမအချက် အညမညနဲ့ ဝိပ္ပယုတ္တ တိုးသဖြင့် သအညမည ဝိပ္ပယုတ္တ ဃဋနာ။ ထိုနည်းတူစွာ သဝိပါက (၅) ချက်မှာလဲ ပထမအချက်ကို သဗ္ဗဋ္ဌာနိက ဃဋနာ မှည့်ပါတယ်။အဲဒီသဗ္ဗဋ္ဌာနိက ဃဋနာမှာ အဝိပါက တုန်းက (၄) ပစ္စည်း ရပါတယ်။ သဝိပါက ဃဋနာကျတော့ (၅) ပစ္စည်း ရပါတယ်။ ကျန်တာတွေ အတူတူပါပဲ။ သအညမည ဃဋနာ၊ သအညမည သမ္ပယုတ္တ ဃဋနာ၊ သဝိပ္ပယုတ္တ ဃဋနာ၊ သအညမည ဝိပ္ပယုတ္တ ဃဋနာ၊ အဝိပါကနဲ့ သဝိပါကတွေဟာ အတူတူပဲ ဖြစ်ပါတယ်။

အညမညကျတော့ ပထမအချက် သဗ္ဗဋ္ဌာနိက ဃဋနာ၊ ဒုတိယ အချက်မှာ သမ္ပယုတ္တ တိုးသဖြင့် သသမ္ပယုတ္တ ဃဋနာ။ တတိယအချက် မှာ သဝိပ္ပယုတ္တ ဃဋနာ။သဝိပါက အတူတူပါပဲ။နိဿယလဲ အတူတူပဲ။ ဝိပါကမှာ ခုနက သဝိပါကမှာ မှည့်ခဲ့တဲ့အတိုင်း အတူတူပဲ။ သမ္ပယုတ္တ ပစ္စည်းကျတော့(၂)ချက်သာ ရှိတယ်။အဝိပါကဘက်ကလဲ သဗ္ဗဋ္ဌာနိက ဃဋနာ သဘောမျိုး၊ သဝိပါကလဲ သဗ္ဗဋ္ဌာနိက သဘောမျိုးပဲ ဖြစ်နေ ပါတယ်။ ဝိပ္ပယုတ္တ (၄) ချက်၌ ပထမအချက်မှာ သဗ္ဗဋ္ဌာနိက ဃဋနာ မှည့်၍ ဒုတိယအချက်ကျတော့ အညမညတိုးသဖြင့် သအညမည ဃဋနာ လို့ မှည့်ပါတယ်။ အတ္ထိ အဝိဂတကိုလဲ သဟဇာတက မှည့်ခဲ့တဲ့အတိုင်း အကုန်လုံး မှည့်ပါတယ်။ ဒီတော့ သဟဇာတ အကြီး အလတ် ဃဋနာ ကိစ္စ ပြီးသွားပါပြီ။

သာဓု၊ သာဓု၊ သာဓု။

## * ပဋ္ဌာန်း ကုသလတိက် ပဋိစ္စဝါရ အနုလုံ သင်္ချာခန်း

### သဟ ကြီး လတ် ဃဋ္ဌနာ အဝိပါက ၅ ချက် အဓိပ္ပါယ်

သဟဇာတ အကြီး အလတ် ဃဋ္ဌနာမှာ အဝိပါက (၅)ချက်၊ သဝိပါက (၅)ချက်ရှိပါတယ်။ အဝိပါက (၅)ချက်ထဲက ပထမအချက်က သဟဇာတပစ္စည်း ဖြစ်ပါတယ်။ အဲဒီ သဟဇာတပစ္စည်းဟာ ယခု သိုမယ့် သုဒ္ဓသင်္ချာ အတိုင်းပါပဲ။ ပစ္စည်း ပစ္စယုပ္ပန်တရားတွေ အပြည့်အစုံ ရှိပါတယ်။ ဒါပေတဲ့ အဋ္ဌကထာဆရာကြီးက ပထမအချက်ဖြစ်တဲ့ သဟဇာတပစ္စည်းကို ဘယ်လိုပြင့်ထားသလဲဆိုရင် "တတ္ထ ကုသလာ ကုသလာ ဒိကေသု အဋ္ဌသုဝိဿဇ္ဇနေသု အရူပဇ္ဈေ၀ စိတ္တသမုဋ္ဌာန ရူပဥ္စလဗ္ဘတိ။ အဗျာကတေ ၀တ္ထုရူပမ္ပိ"။ ကုသိုလ် အကုသိုလ်အစရှိတဲ့ ဝိဿဇ္ဇနာ ရှစ်ပါးမှာ နာမ်တရားနဲ့ စိတ္တဇရုပ်ရတယ်။ အဗျာကတကျတော့ ၀တ္ထုရုပ်လဲ ရတယ်တဲ့။ ၀တ္ထုရုပ်ဆိုတာ ဟဒယ၀တ္ထုကို ရည်ရွယ်ပြီး ပြောတာပါပဲ။ ဒီတော့ အဗျာကတဆိုင်ရာမှာ အဋ္ဌကထာဆရာကြီးပြောတဲ့ ၀တ္ထုရုပ်ပဲ ရှိသလားဆိုတော့ ၀တ္ထုရုပ် မကပါဘူး။ ကဋတ္တာရုပ်တွေ ရှိပါတယ်။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော ဆိုတဲ့ ပဋိသန္ဓေ ကမ္မဇရုပ်ဟာ ကဋတ္တာရုပ် ဖြစ်ပါတယ်။ ၀တ္ထုရုပ်သာ မက

---

* ၁၃၂၀-ခု ပြာသိုလဆန်း (၁၄) ရက်၊ ၂၄-၁-၅၉ (အင်္ဂါနေ့) (ပခုက္ကူ)

ပါဘူး။ ဒါကြောင့် မူလ ဋီကာဆရာကြီးက "အဗျာကတေ ဝတ္ထု ရူပမ္ပိတိဣဒံ ကဋတ္တာ ရူပမ္ပိတိ ဝေဝံ ဝတ္တဗ္ဗံ"။ အဗျာကတမှာ အဋ္ဌကထာဆိုထားတဲ့ ဝတ္ထုရုပ်ဆိုတာကို ကဋတ္တာရုပ်လို့ ဆိုသင့်ပါတယ်တဲ့။

ဒုတိယအချက်။ ဒုတိယ ဃဋနာကျတော့ အညမည ပစ္စည်းပါ။ အဲဒီ အညမည ပစ္စည်းရဲ့ သဟဇာတ ဃဋနာ အဖွင့်မှာ "ဒုတိယေ ဃဋနေ အဗျာကတံ ဝိဿဇ္ဇနေ ရူပေသု ဝတ္ထုမေဝ လဗ္ဘတိ" အညမည ပစ္စည်းကျတော့ အထူး မဖွင့်တော့ပါဘူး။ နိဿယပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတ ပစ္စည်းတွေမှာလဲ မဖွင့်တော့ဘူး။ ဒီ သဟဇာတ ဒုတိယဃဋနာမှာ အဗျာကတဆိုတဲ့ အဖြေကျတော့ ရုပ်ထဲက ဧကေ သဒ္ဒါကလေးနဲ့ ဝတ္ထုရုပ်ပဲ ရပါတယ်တဲ့။ အညမညရဲ့ သုဒ္ဓသင်္ချာကို ကြည့်ရင် ဝတ္ထုရုပ်သာ ရပါတယ်ဆိုသဖြင့် ဒါဟာ ပဋိဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာလဲပဲ အတွင်းဝင်သွားပါတယ်။ အညမညပစ္စည်းရဲ့ ဒုတိယအချက်ဖြစ်တဲ့ အချင်းချင်းအား တတ်သော မဟာဘုတ် လေးပါး ဆိုတဲ့ သုဒ္ဓသင်္ချာလဲ ပါနေပါတယ်။ အဲဒီ မဟာဘုတ် အကြောင်းကို အဋ္ဌကထာက မရေးပါဘူး။ မရေးတော့ ဋီကာက အဋ္ဌကထာဆရာက အထက်က ပြောခဲ့တဲ့အတိုင်း ရုပ်ထဲမှာ ဝတ္ထုရုပ်ပဲ ရတယ်လို့ ဆိုထားတယ်။ ဘူတရုပ်ကိုလဲ ရနိုင်ပါတယ်တဲ့။ ဒါကြောင့် ဝတ္ထုရုပ်ရယ် ဘူတရုပ်ရယ်လို့ ဆိုသင့်ပါတယ် ဆိုတဲ့အကြောင်းကို "ဒုတိယေ ဃဋနေ အဗျာကတ ဝိဿဇ္ဇနေ ရူပေသု ဝတ္ထုမေဝ လဗ္ဘတီတိ ပုရိမပါဌော။ ဘူတရူပမ္ပိ ပန လဗ္ဘတီတိ ဝတ္ထုဉ္စ ဘူတရူပဉ္စ လဗ္ဘတီတိ ပဌန္တိ"။ ဒါက အညမည ဒုတိယအချက်ပါ။

တတိယအချက်။ သမ္ပယုတ္တကျတော့ အထူး မဖွင့်တော့ပါဘူး။ စတုတ္ထအချက် သဟဇာတ ဝိပ္ပယုတ္တကျတော့ သဟဇာတ ဝိပ္ပယုတ္တရဲ့ သုဒ္ဓသင်္ချာကို ကြည့်လိုက်ရင် "စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော" စသည်ရှိရာ အဋ္ဌကထာဆရာက စိတ္တဇရုပ်ကိုပဲ ဖွင့်တယ်၊ ပဋိသန္ဓေ ကမ္မဇရုပ်ဟာ များသောအားဖြင့် ကျန်ကျန် နေရစ်ခဲ့ပါတယ်။ အဋ္ဌကထာက "စတုတ္ထေ စိတ္တသမုဋ္ဌာန ရူပမေဝ"။ စတုတ္ထ ဃဋနာမှာ စိတ္တဇရုပ်သာ ရပါတယ်တဲ့။ စိတ္တဇရုပ်သာလျှင် ရတယ်လို့ အဋ္ဌကထာက ဆိုတယ်။ အဲဒါကို ဋီကာက "စိတ္တသမုဋ္ဌာနံ ရူပံ ပဋိသန္ဓိက္ခ

ဏော ကဋတ္တာ ရူပဉ္စာတိ ပန ဝတ္တဗ္ဗ'' ဆိုပြီး ပဝတ္တိ အခါကာလမှာ စိတ္တဇရုပ် ပဋိသန္ဓေ [အခါကာလမှာ ကဋတ္တာရုပ်လဲပဲ ရပါတယ်လို့ ဆိုသင့်ပါတယ်တဲ့။ ဒါက သဟဇာတမှာ ပွင့်တာ။

စတုတ္ထအချက်။ သဟဝိပ်ပာ ဝိပ္ပယုတ္တနဲ့လဲ ဆိုင်ပါတယ်။ ဝိပ္ပယုတ္တမှာ မိဿက ဃဋနာက (၄)ချက်ရှိပါတယ်။ ပကိဏ္ဏက ဃဋနာက (၅)ချက် ရှိတော့ ပေါင်း (၉)ချက်။ သဟဇာတ ဃဋနာကျတော့ သဟဝိပ်ပာ ဒသမဃဋနာဖြစ်ပါတယ်။ အဲဒီ ဒသမဃဋနာမှာ အနု ကထာဆရာက ''ဒသမေ ကုသလာ ဒယော ပိဏ္ဍ သမုဋ္ဌာနာန''။ အထက်က သဘောအတိုင်းပဲ ကုသိုလ် စသည်တွေက စိတ္တဇရုပ်အား ကျေးဇူးပြုပါတယ်တဲ့။ ဒီတော့ ကုသလော အဗျာကတဿ၊ အကု သလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ (၃)ချက် ရပါတယ်။ ဒါပေတဲ့ ရုပ်က စိတ္တဇရုပ်သာ ဖြစ်နေတယ်။ ဒါကို ဋီကာက ''ပဋိသန္ဓိယံ ပန ခန္ဓာ ကဋတ္တာ ရူပါနံ ဝတ္ထုစ ခန္ဓာ [illegible] ဒွယံ လဗ္ဘတိ''။ ပဋိသန္ဓေ အခါကာလကျတော့ကာ ဆိုင်ရာဖြစ်တဲ့ အဗျာ ကတ အစရှိတဲ့ ခန္ဓာတွေက ကဋတ္တာ ရုပ်အား ကျေးဇူးပြုတယ်။ ဝတ္ထုကလဲ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား ကျေးဇူးပြုသဖြင့် ဒီတရားတွေလဲ ရနိုင်ပါတယ်တဲ့။

ပဉ္စမအချက်။ အဝိပါကမှာ ည+ဝိပ်ရှိပါတယ်။ အဲဒီ ည+ဝိပ်မှာ ဆိုခဲ့တာက ''အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု''။ ဒါကို အဋ္ဌကထာက သဟဇာတပစ္စည်းမှာ ''ပဉ္စမေ ပဋိသန္ဓိယံ ဝတ္ထုနာ သဒ္ဓိံ အညမညမ္ဗာ'' ပဉ္စမဃဋနာ ဖြစ်တဲ့ ည+ဝိပ်မှာ ပဋိသန္ဓေအခါ ဟဒယဝတ္ထုနဲ့ နာမ်တရားရတယ်လို့ ဆိုတော့ မှန်ပါတယ်။ ဝိပ္ပယုတ္တမှာလဲ ည+ဝိပ် ရပါတယ်။ ဝိပ္ပယုတ္တ ကျတော့ ဘယ်လိုဆိုသလဲ ဆိုတော့ ''ကော ဒသမေ ပဋိသန္ဓိယံ ဝတ္ထု ခန္ဓာနံ'' ကေဒသမ ဃဋနာမှာ ပဋိသန္ဓေ အခါကာလ၌ ဟဒယဝတ္ထုက ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား ကျေးဇူးပြုပါတယ်တဲ့။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာက ဟဒယဝတ္ထုအား ကျေးဇူးပြုပုံ မပါဘူး။ ဒါကို ဋီကာက ''တံ ဝိပါက ပစ္စယဿ အဂ္ဂဟိတတ္တာ ယဿ

ဝတ္ထုဿ ဝသေန ဃဋ္ဋနံ ကတံ၊ တဿ ဒဿန ဝသေန ဝုတ္တံ။ ခန္ဓာစ ဝတ္ထုဿာတိ ဣဒမ္ပိ ပန လဗ္ဘတေဝ''။ အဲဒီ ညဲ+ဝိပ်လို့ ဆိုတာဟာ အချင်းချင်းတတ်တဲ့ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု ဖြစ်ပြီးနေခြင်းကြောင့် ဒီနေရာဌာနမှာ ဝိပါကပစ္စည်း မရပါဘူးတဲ့။ ဘာဖြစ်လို့။ တပြိုင်နက်မဟုတ်လို့ မရတာ။ အဲဒီတော့ အကြြင် ဟဒယ ဝတ္ထု၏ အစွမ်းအားဖြင့် ဃဋ္ဋနာကို ပြုလုပ်ပြီး ပြထားတော့ ဒီ ဟဒယ ဝတ္ထုကိုလဲ ပြဖို့ရာအတွက် ခန္ဓာ စ ဝတ္ထုဿာတိ ဣဒမ္ပိ ပန လဗ္ဘတေဝ ဝတ္ထုက ခန္ဓာအားသာ ကျေးဇူးပြုတာ မဟုတ်ပါဘူး။ ခန္ဓာကလဲ ဝတ္ထုကို ပြန်လှန်ပြီး ကျေးဇူးပြုပါတယ်လို့ ဋီကာက ဆိုပါတယ်။ ဒါက အဝိပါက ဃဋ္ဋနာ (၅)ချက် ပြီးသွားပါပြီ။

## သဝိပါက (၅)ချက် အဓိပ္ပါယ်

သဝိပါက ဃဋ္ဋနာ (၅)ချက်မှာ ပထမအချက် ဝိပါကပစ္စည်း အတွက် သဟဇာတမှာ အဋ္ဌကထာက ဘယ်လိုဖွင့်သလဲ။ ဝိပါကပစ္စည်းရဲ့ သုဒ္ဓသင်္ချာကို စဉ်းစားကြည့်ရင် အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမ်က္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်း ကောင်း တတ်သော အလုံးစုံသော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဖြစ်ပါတယ်။ ဒါကို အဋ္ဌကထာက သဟဇာတပစ္စည်းမှာ ''သဝိပါကေသု ပဌမေ ဝိပါကာ စေဝ ဝိပါက စိတ္တ သမုဋ္ဌာန ရူပဉ္စ'' အဲဒီတော့ အဋ္ဌကထာအရ ဘာဖြစ်နေသလဲ။ ဒီ ပထမ ဃဋ္ဋနာ မှာ ဝိပါက်စိတ်ရယ် ၎င်းဝိပါက်စိတ်သည် ဖြစ်စေအပ်တဲ့ စိတ္တဇရုပ်။ ဒါပဲ ရတယ်တဲ့။ ဒီတော့ ဒီနေရာမှာ ဋီကာက ''စတုတ္ထေ ဝိပါက ပိတ္တ သမုဋ္ဌာနမေဝါတိ ဣမ စ ကဋတ္တတာ ရူပမ္ပိ ဝိပါက စိတ္တ သမုဋ္ဌာနဂ္ဂဟဏေန ဂဟိတန္တိ ဒဋ္ဌဗ္ဗံ'' ဒီနေရာမှာ ဋီကာက ထည့်ပြီး ပေးလိုက်ပါတယ်။ စိတ္တ သမုဋ္ဌာနလို့ဆိုတဲ့ နေရာဌာနမှာ ကဋတ္တာရုပ် ကိုလဲ ယူပါတဲ့။ ကောင်းတာကတော့ ကဋတ္တာ ရူပဉ္စာတိပိ ပန ပဌန္တိ။ ကဋတ္တာရုပ် ထည့်ပြီး ဆိုသင့်ပါတယ်တဲ့။ ဒါက ပထမ အချက်ပါ။

ဒုတိယအချက် ဝိပါ+ညမှာ အထူး မဆိုပါဘူး။ တတိယအချက် ဝိပါ+သံလဲ အထူး မဆိုပါဘူး။ စတုတ္ထအချက်ဖြစ်တဲ့ ဝိပါ ဝိပ် ကျတော့ သဟဇာတ ပစ္စည်းမှာ ဝိပါ+ဝိပ်က ဘာရှိသလဲ။ "စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဋ္ဌဝေါကာရဘုံ၌ ဖြစ်သော အခါ အရူပဝိပါက်လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိ ကြဉ်သော ဝိပါက် ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဟဒယ ဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ"။ ဒီမှာလဲ ပဋိသန္ဓေ ကမ္မဇရုပ် မပါပြန်ဘူး။ စတုတ္ထေ ဝိပါက စိတ္တ သမုဋ္ဌာန မေဝ စတုတ္ထ ဃဋနာမှာ ဝိပါက်သည် ဖြစ်စေအပ်သော စိတ္တဇရုပ်ကိုသာယူပါလို့ အဋ္ဌကထာဆရာက ဆိုတယ်။ပြီးတော့ ဝိပ္ပယုတ္တ ပစ္စည်းကျတော့ ဝိပါ+ဝိပ်လဲ ရပါတယ်။ အဲဒီကျတော့ "ဒွါဒသမေ ပဋိသန္ဓိယံ ခန္ဓာ ကဋတ္တာရူပါနံ"လို့ ပြပါတယ်။ ဝိပ္ပယုတ္တပစ္စည်း ဝိပါ+ ဝိပ်မှာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အားလို့ စိတ္တဇရုပ် ပါပြီးနေခြင်း ကြောင့် ပဝတ္တ် အခါကာလလဲ ရနိုင်ပါတယ်။ ဒါပေတဲ့ အဋ္ဌကထာက ဝိပ္ပယုတ္တပစ္စည်းကျတော့ကာ "ဒွါဒသမေ ပဋိသန္ဓိယံ ခန္ဓာ ကဋတ္တာ ရူပါနံ"။ပဋိသန္ဓေ အခါကာလမှာသာလျှင် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာက ကဋတ္တာရုပ်အား ကျေးဇူးပြုတယ်လို့ ဆိုထားပါတယ်။ ဒါကို ဋီကာ အဋ္ဌကထာမှာ အထက်ပါအတိုင်း ဆိုထားပါတယ်တဲ့။ "စိတ္တ သမုဋ္ဌာနာနိ ပန နဝဇ္ဇေတဗ္ဗာနီတိ"။ ဒီတော့ ကဋတ္တာ ရူပါနံ တင် မကပါဘူး၊ စိတ္တဇရုပ်တွေကိုလဲ မကြဉ်သင့်ပါဘူးတဲ့။ ဒီတော့ ဘယ်လို ဆိုသင့်သလဲ။ "ဒွါဒသမေ ခန္ဓာ ပဝတ္တေ စိတ္တ သမုဋ္ဌာန ရူပါနံ ပဋိသန္ဓိယံ ကဋတ္တာ ရူပါနဉ္စာတိ ပဋ္ဌိတ္တိ"။ ဒွါဒသမ ဃဋနာမှာ ခန္ဓာတွေက ပဝတ္တိ အခါကာလမှာ စိတ္တဇရုပ်အား ကျေးဇူး ပြုမယ်၊ပဋိသန္ဓေ အခါကာလမှာ ကဋတ္တာရုပ်အား ကျေးဇူးပြုတယ်လို့ ယူသင့်ပါတယ်တဲ့။

နောက်ဆုံးပိတ် ပဉ္စမအချက် ဝိပါ+ည+ဝိပ်ကျတော့ အဋ္ဌကထာက "ပဉ္စမေ ဝတ္ထု ရူပ မေဝ လဗ္ဘတိ"လို့ မိန့်ပါတယ်။ ဒါ ဝိပါ+ည+ဝိပ်ဆိုတော့ ဘာရသလဲ?။ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ။ ဝတ္ထု ရူပ မေဝဆိုတာ ပစ္စယုပ္ပန် ကို ပြောတာပါပဲ။ ဝိပ္ပယုတ္တ ပစ္စည်းကျပြန်တော့ တနည်းတဖုံ ဖွင့်ပြန်

တယ်။ ''တေရသမေ ပဋိသန္ဓိယံ ခန္ဓာ ဝတ္ထုံသ'' လို့ဆိုတယ်။ ဒါကတော့ အင်မတန် ရှင်းပါတယ်။ တေရသမ ဃဋနာကျတော့ ပဋိသန္ဓေ အခါကာလ၌ ပဋိစ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာက ဟဒယဝတ္ထုအား ကျေးဇူးပြုပါတယ်လို့ ဆိုတယ်။ ဒါတွေက အရကောက်သာ မရှိခဲ့လို့ ရှိရင် ပဋ္ဌာန်းကို နားလည်ဖို့ရာအတွက် ဘယ်လောက် ခက်ခဲတယ်လို့ ဆိုတာကို အဋ္ဌကထာ ဋီကာနဲ့ စပ်ပြီး ပြတာ ဖြစ်ပါတယ်။ သဟဇာတ အကြီး အလတ် ဃဋနာ ကုန်သွားပါပြီ။ အငယ် ဃဋနာ ရောက်လာ ပါပြီ။

## သဟဇာတအငယ် ဃဋနာ

အငယ် ဃဋနာတွေမှာလဲ ဃဋနာရဲ့ အစီအစဉ်ကို အရင်က ပြောခဲ့သလို အနုဝသေသ ဥုန ဥုနတရ ဥုနတမဆိုတဲ့ ရသင့် ရထိုက်တာတွေကို အကုန်လုံး ပထမ ရှေးဦးစွာ ပြပါတယ်။ နောက် နည်းတာ၊ အဆင့်ဆင့် နည်းတာ၊ အနည်းဆုံး ဆိုပြီး ဃဋနာတွေကို စီစဉ်ထား ပါတယ်။ သဟဇာတ အငယ် ဃဋနာဟာ အင်မတန် များပါတယ်။ (၂၅၅) ချက်တောင် ရှိပါတယ်။ သဟဇာတ အငယ် ဃဋနာဇယားကို ကြည့်လိုက်ရင် လက်ဝဲဘက်က ပစ္စည်းတရား၊ လက်ယာဘက်က ဃဋနာ အမည်။ သဟဇာတ အငယ် (၇) မျိုးရှိတဲ့အနက် ခရေပွင့်ကလေးတွေ ပြထားတာက ဟေတု၊ အာဟာရ၊ ဣန္ဒြိယ ဈာန၊ မဂ္ဂ။ ဒါတွေ သာမည ဃဋနာ ရပါတယ်။ သာမည ဃဋနာရတယ်ဆိုတာ ဆိုင်ရာ ပစ္စည်းတွေရဲ့ ပစ္စည်း ပစ္စယုပ္ပန်တွေ အပြည့်အစုံ ရပါတယ်။ ပြီးတော့ ခရေပွင့်ကလေး ပြထားသဖြင့် ဟေတု စတဲ့ တစ်ပစ္စည်းသာ လိုက်နိုင် ပါတယ်။ အဓိပတိကျတော့ အဓိပတိ တရားကိုယ် (၄) ပါးလုံး ဃဋနာဖွဲ့လို့ မရဘူး။ ၂ ပါးလဲ ဖွဲ့လို့ မရဘူး၊ ၃ ပါးလဲ ဖွဲ့လို့ မရဘူး၊ ၁ ပါးစီသာ ဖွဲ့လို့ ရပါတယ်။ အဲဒီ တပါးစီသာ ဖွဲ့လို့ရတဲ့ အနက် ဆန္ဒာဓိပတိကျတော့ တရားက တပါးထဲ ဖြစ်နေတော့ သူ့ကို ဆန္ဒာ ဓိပတိ ဃဋနာလို့ပဲ အမည် မှည့်ရပါတယ်။ ကမ္မ ပစ္စည်း ကျတော့ သူ့ကို ဘာဖြစ်လို့ သာမည ဃဋနာ မမှည့်သလဲဆိုရင် သူက တစ်ပစ္စည်း ထဲ မဟုတ်ပါဘူး။ ကမ္မရတဲ့အခါမှာ အာဟာရလဲ အမြဲ ရပြီး နေပါ တယ်။ ဒါကြောင့် ကမ္မကို အမည်မှည့်တဲ့အခါမှာ သအာဟာရ

ဿဋ္ဌနာလို အမည်မှည့်ရပါလိမ့်မယ်။ သဟဇာတ အငယ် (၇) ပစ္စည်း ထဲက (၅) ပစ္စည်းသည်သာလျှင် သာမည ဿဋ္ဌနာအမည်နဲ့ လာပါတယ်။ဒါလဲ (၉) ချက်စီ ရှိပါတယ်။ အဝိပါက (၄) ချက်၊ သဝိပါက (၅) ချက်ရယ်လို့ (၉) ချက်စီ ရှိပါတယ်။

နောက်တော့ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ လာပါတယ်။ အဲဒီ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာဟာ ဘယ်က လာတာလဲဆိုရင် ဇယားမှာ အမှတ်ပြထားတဲ့ ဣန္ဒြိယ မဂ္ဂရဲ့ သဘာဂ ဖြစ်ပါတယ်။ သဘာဂတုန်းက ဣန္ဒြိယ ပစ္စယာ မဂ္ဂေ သတ္တ ဆိုခဲ့ရာမှာ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာကို ကောက်ခဲ့ပါတယ်။ ထိုနည်းတူစွာ ဝေဒနာ ဧကဂ္ဂတာမှာလဲ ဣန္ဒြိယနဲ့ ဈာန သဘာဂတရား ဖြစ်ပါတယ်။ ဝိတက်၊ ဧကဂ္ဂတာကျတော့ ဈာနနဲ့ မဂ္ဂ သဘာဂတရား ဖြစ်ပါတယ်။ ဧကဂ္ဂတာ ကျတော့ ဣန္ဒြိယရော ဈာနရော မဂ္ဂရော ဒီ သုံးပစ္စည်းတွေရဲ့ သဘာဂ တရား ဖြစ်ပါတယ်။ စေတနာကျတော့ ကမ္မနဲ့ အာဟာရနဲ့ သဘာဂ တရား။ ဝိညာဏာဟာရဆိုရင် အာဟာရနဲ့ ဣန္ဒြိယ သဘာဂတရား။ ဆန္ဒာဓိပတိကျတော့ သူ တစ်ပစ္စည်းပဲ ရှိပါတယ်။ သဟဇာတ စသည် တွေနဲ့ သဘာဂ ဖြစ်ပါလိမ့်မယ်။ စိတ္တာဓိပတိကျတော့ အဓိပတိနဲ့ အာ ဟာရကို သဘာဂယူတဲ့ အခါမှာလဲ စိတ္တာဓိပတိ ပါပါတယ်။ ဣန္ဒြိယနဲ့ သဘာဂယူတဲ့ အခါမှာလဲ စိတ္တာဓိပတိ ပါပါတယ်။ ဒါ့ကြောင့် ဓိ–ဟာ–ဣလို့ (၃) ပစ္စည်း ရပါတယ်။ ဝီရိယာဓိပတိကျတော့ အဓိ ပတိနဲ့ ဣန္ဒြိယ မဂ္ဂ ယူထားပါတယ်။အဓိပတိနဲ့ ဣန္ဒြိယကို သဘာဂရှာတဲ့ အခါမှာ ဝီရိယာဓိပတိ ရပါတယ်။ ဒါတင်လား၊ မဂ္ဂလဲ ရပါတယ်။ အဓိပတိရယ်၊ဣန္ဒြိယရယ်၊ မဂ္ဂရယ်လို့(၃)ပစ္စည်း ရပါတယ်။အမောဟ ကျတော့ ဟေတု၊ ဣန္ဒြိယ၊ မဂ္ဂ (၃)ပစ္စည်း ရပါတယ်။ ဟေတု ပစ္စယာ ဣန္ဒြိယေ စတ္တာရိ မဂ္ဂေ စတ္တာရိလို့ အမောဟ ရခဲ့ပါတယ်။ဝိမံသာဓိပတိ ကျတော့ ဟေတုလဲ ဆိုင်တယ်၊ အဓိပတိလဲ ဆိုင်တယ်၊ ဣန္ဒြိယလဲ ဆိုင် တယ်၊ မဂ္ဂလဲ ဆိုင်ပါတယ်။ ဒါတွေဟာ သဘာဂယူခဲ့တဲ့ တရားတွေ ဖြစ်ပါတယ်။ ဒီတော့ ဇယားကို ကြည့်လိုက်ရင် အမောဟနဲ့ ဝိမံသမှ တပါး ကြွင်းကျန်တဲ့ ပစ္စည်း တရားတွေရဲ့ သင်္ချာဟာ အဝိပါက ပထမ အချက် သတ္တ၊ ဒုတိယ တိဏိ၊ တတိယ တိဏိ၊ စတုတ္ထတိဏိ ကိန်းသေ ဖြစ်ပါတယ်။ အမောဟနဲ့ ဝိမံသာဓိပတိကျတော့ အကုသလ ပဒ (၃)

ချက် မရခြင်းကြောင့် ပထမအချက် စတ္တာဝရိ၊ ဒုတိယ ဒွေ၊ တတိယ ဒွေ၊ စတုတ္ထ ဒွေ ကိန်းသေ ဖြစ်ပါတယ်။ သဝိပါကတွေ ဟူသမျှ အရင်က ပြောခဲ့တဲ့အတိုင်း အားလုံးကုန် သချာသည် ဏော်ပဲ ကိန်းသေ ဖြစ်ပါတယ်။ ဒါက လက်ဝဲက လက်ယာ(အလျားလိုက်)ကြည့်တဲ့ နည်းပါ။ (ဒေါင်လိုက်) ဆိုတဲ့ အထက် အောက် ကြည့်မယ်ဆိုရင် ဟေတုမှာ သာမညတချက် ရှိပါတယ်။ အမောဟတချက် ရှိပါတယ်။ ဝိမံသာဓိပတိတချက် ရှိပါတယ်။ အားလုံး (၃) ချက် ရှိပါတယ်။ ဒီ (၃)ချက်ဘာဖြစ်လို့ ဒီလို လာဖြစ်သလဲလို့ စဉ်းစားခဲ့လို့ရှိရင် ပထမ သာမည ဃဋနာတုန်းက သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေကမ္မဇရုပ်အား တတ်သော ဟိတ် (၆) ပါး။ အဲဒီ အရ သဘာဂ ရှာလိုက်တော့ ဘယ်ပစ္စည်းတွေ ရသလဲ?။ ဟေတု ပစ္စယာ သဟဇာတေ သတ္တ၊ နိဿယေ သတ္တ၊ အတ္ထိယာ သတ္တ၊ အဝိဂတ သတ္တလို့ ဖြစ်ပါတယ်။ အညမည စသည်တွေက ဒုတိယအချက် စသည်တွေမှာ လာပါလိမ့်မယ်။နောက် အမောဟကျတော့ သဘာဂဘာလဲ?။ ဟေတု ပစ္စယာ ဣန္ဒြိယေ စတ္တာဝရိ၊ မဂ္ဂေ စတ္တာဝရိ ဖြစ်ပါတယ်။ ပစ္စည်းစဉ်တုန်းကတော့ အဓိပတိက အရင်လာတယ်။ ဒါပေတဲ့ အဓိပတိက ဝိမံသာဓိပတိဖြစ်ပြီး နေခြင်းကြောင့် အမောဟအောက် တရား နည်းပါတယ်။ နည်းလို့ နောက်က လာရပါတယ်။ ဃဋနာရဲ့ အစီအစဉ်အတိုင်း နောက်မှ ဝိမံသာဓိပတိက လာပါတယ်။ ''ဟေတု ပစ္စယာ အဓိပတိယာ စတ္တာဝရိ'' မှာ ဟေတုက အဓိပတိကိုရရင် ဣန္ဒြိယကလဲ ရနိုင်၊ မဂ္ဂကလဲ ရနိုင်တာပေါ့။ ဒါ့ကြောင့် ဟေတုပစ္စည်းမှာ သာမည ဃဋနာအတွက် (၉) ချက်၊ အမောဟအတွက် (၉) ချက်၊ ဝိမံသာဓိပတိအတွက် (၆) ချက် အားဖြင့် (၂၄) ချက် ရှိပါတယ်။ ဒါတွေက ပစ္စည်းတရားတွေ ဖြစ်ပါတယ်။

## ပစ္စယုပ္ပန်တရား အဝိပါက (၄) ချက်

အောက်က ပြထားတဲ့ ဇယား ကလေးက ပစ္စယုပ္ပန်တရား ဖြစ်ပါတယ်။ ပစ္စယုပ္ပန်တရားမှာ ''သမ္ပယုတ္တခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်'' လို့ ရေးထားပါတယ်။ ဒါကို ပစ္စည်း အားလျော်စွာ

ဟေတု မဂ္ဂဖြစ်ရင် သဟိတ် စိတ္တဇရုပ် ဘဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်လို့ ဆိုရပါလိမ့်မယ်။ အဓိပတိဖြစ်ရင် သာဓိပတိ စိတ္တဇရုပ်လို့ ဆိုရပါလိမ့်မယ်။ ဒါက ပထမ အချက်။ ဒုတိယ အချက်ာ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထု ဖြစ်ပါတယ်။ ဒီ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုဟာ ဘာဖြစ်လို့ ဒုတိယအချက် လာဖြစ်သလဲ?။ ပထမအချက်မှာ ပစ္စည်းတိုးလို့ ရေးထားတဲ့ သဟဇာတ အကြီး (၄) ရှိတယ်။ ဟေတုက သာမည ဃဋနာအတွက် ဟိတ် (၆)ပါးလို့ ယူရင် သဟဇာတအကြီး (၄)ခု သာလျှင် တပိုင်နက် ရနိုင်ပါတယ်။ အဲဒီ တပိုင်နက် ရနိုင်တဲ့အထဲမှာ အညမည မပါဘူး။ အညမည တပိုင်နက် မရနိုင်ဘူး။ အညမည တပိုင်နက် ရအောင်လို့ ဒုတိယအချက်ကို ဟောတာပါ။ ဒုတိယအချက်ကို ဟောတဲ့ အညမညကတော့ ဘယ်က လာသလဲ?။ ဟေတုပစ္စည်းမှာ ဟေတုနဲ့ အညမညကို သဘာဂရှာရင် သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဟိတ် (၆)ပါး ရပါတယ်။ ဒါဟာ ဟေတုနဲ့ အညမညရဲ့ သဘာဂပါပဲ။ ဒီအခါမှာ အညမညပါ တပိုင်နက် ရခြင်းကြောင့် အညမည တိုးရပါတယ်။ ဒါပေမဲ့ အလတ်ထဲက သမ္ပယုတ္တပစ္စည်းက မရပြန်ဘူး။ ဒီတော့ သမ္ပယုတ္တပစ္စည်း ရအောင် တတိယ အချက်မှာ သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ် (၆)ပါးလို့ ဆိုရတယ်။ သမ္ပယုတ္တ ပစ္စည်းရရင် အညမညပစ္စည်း အမြဲ လိုက်ပါတယ်။ ဒီ တတိယ အချက်သည် ဟေတုနဲ့ သမ္ပယုတ္တပစ္စည်းရဲ့ သဘာဂ ဖြစ်ပါတယ်။ ဒါပေမဲ့ သဟဇာတ ဝိပ္ပယုတ္တပစ္စည်း မရသေးပါဘူး။ ဒီတော့ သဟဇာတ ဝိပ္ပယုတ္တပစ္စည်း ရအောင်လို့ စတုတ္ထ အချက်ကို ဟောပါတယ်။ ဒါဟာ ဟေတုနဲ့ ဝိပ္ပယုတ္တ သဘာဂ ဖြစ်ပါတယ်။ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ် (၆)ပါး ဖြစ်ပါတယ်။ ဒါဟာ အဝိပါက (၄)ချက် ဖြစ်ပါတယ်။ သဝိပါကလို ဘာဖြစ်လို့ (၅)ချက် မရသလဲဆိုတာကို နောက်ပိုင်း ကုန်ခါနီးကျမှ ပြောပြပါမယ်။

## သဝိပါက (၅) ချက်

ပြီးတော့ သဝိပါက (၅)ချက်ကိုလဲ ဒီအတိုင်း ဟေတုပစ္စည်းနဲ့ ဝိပါကပစ္စည်းရဲ့ သဘာဂကို ရှာရင် ပထမအချက်မှာ သမ္ပယုတ္တခန္ဓာ

သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် အား တတ် သော ဝိပါက်၌ ရှိသော ဟိတ် (၃)ပါး ရပါလိမ့်မယ်။ ဝိပါကနဲ့ သဘာဂ ဖြစ်တာ ဒါပဲ ရပါတယ်။ ကြွင်းကျန်တာတွေကတော့ ဝိပါ+ည၊ ဟေတုရယ်၊ ဝိပါကရယ်၊ အညမညရယ်။ အဝိပါက သဟဇာတ အကြီး သဘောအတိုင်း ဖြစ်ပါတယ်။ ဟေတု+ဝိပါက+အညမည၊ ဟေတု+ဝိပါက+အညမည+သမ္ပယုတ္တ၊ ဟေတု+ဝိပါက+ဝိပ္ပယုတ္တ၊ ဟေတု+ဝိပါက+အညမည+ဝိပ္ပယုတ္တလို့ ဒီလို လာပါလိမ့်မယ်။ အဲဒီလို လာဖို့ရာအတွက် ဒုတိယအချက်မှာ သမ္ပယုတ္တခန္ဓာ ဟဒယ ဝတ္ထုအား တတ်သော ဝိပါက်၌ ရှိသော ဟိတ် (၃) ပါး။ တတိယ အချက်မှာ သမ္ပယုတ္တခန္ဓာအား တတ်သော ဝိပါက်၌ ရှိသော ဟိတ် (၃) ပါး။ စတုတ္ထအချက်မှာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော ဟိတ် (၃)ပါး။ ပဥ္စမအချက်မှာ ဟဒယ ဝတ္ထုအား တတ်သော ပဋိသန္ဓေ ဝိပါက်၌ ရှိသော ဟိတ် (၃)ပါးတို့ ဖြစ်ပါတယ်။ ဟေတုပစ္စည်း သာမည ဃဋနာမှာ အဝိပါက ဃဋနာ (၄)ချက်အတွက် အဝိပါက (၄)ကို ပြထားပါတယ်။ သဝိပါက ဃဋနာ (၅)ချက်အတွက် သဝိပါက (၅)လို့ ပြထားပါတယ်။ အားလုံးကုန် (၉)ချက် ရှိပါတယ်။ အဲဒါကို ဆိုရိုး ကလေးက....

## သဟဇာတဝါအငယ် ဃဋနာဆိုရိုး

## ဟေတုပစ္စည်း သဟဇာတ ဃဋနာ (၂၄) ချက်

ဟေတုပစ္စည်း သာမည ဃဋနာ (၉) ချက်၊ အဝိပါက (၄) ချက်။ အဝိပါက (၄) ချက်မှာ အဝိပါက အကွက်အတိုင်း ဆိုရပါလိမ့်မယ်။ ပစ္စယုပ္ပန်တရားကို ပထမ ကြည့်ပြီးတော့ ပစ္စည်းတရားကို အထက်မှာ ကြည့်ပါ။ သာမည ဃဋနာလို့ ဆိုသဖြင့် ဟိတ် (၆) ပါး အမြဲ ရပါတယ်။ ဟိတ် (၆) ပါး ရမှုအတွက် ရေပွင့် ကလေးကိုလဲ ပြထားတော့ ဟေတု တစ်ပစ္စည်းသာလျှင် လိုက်နိုင်ပါတယ်။ ပစ္စည်း တိုးအတွက် သဟဇာတ အကြီး (၄) ခု တိုးရင် ဟေတုနဲ့ သဟဇာတ အကြီး ၄ = ၅ ပစ္စည်း ဖြစ်ပါတယ်။ သင်္ချာက သတ္တ ဖြစ်ပါတယ်။

ပဌမအချက်။ သမ္ပယုတ္တခန္ဓာ သဟိက် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ် (၆) ပါး။ ဤတရားတို့သည် ဟေတု၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (၅) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတနှိ သတ္တဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

ဒီပစ္စည်းကို အမြဲ မှတ်ထားပါ။ ဒုတိယအချက်မှာ အညမည တိုးလိုက်ပါ။ (၆) ပစ္စည်း လာဖြစ်ပါလိမ့်မယ်။

ဒုတိယအချက်။ ။ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဟိတ် (၆) ပါး။ ဤတရားတို့သည် ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတတ္တိ တီဏိဟု သင်္ချာတတ်၍ ဟော အပ်ကုန်၏။

တတိယအချက်ကျတော့ သမ္ပယုတ္တ လိုက်လာတယ်။ သမ္ပယုတ္တ လိုက်လာရင် အညမည အမြဲ ရပါတယ်။ သင်္ချာကလဲ တီဏိ ကိန်းသေ ရပါတယ်။ (၅) ပစ္စည်းရယ် (၂) ပစ္စည်းရယ် ပေါင်းလိုက်ရင် (၇) ပစ္စည်း ဖြစ်ပါတယ်။

သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ် (၆) ပါး။ ဤတရား တို့သည် ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတတ္တိ တီဏိဟု သင်္ချာတတ်၍ ဟောအပ် ကုန်၏။

စတုတ္ထအချက်မှာ ဝိပ္ပယုတ္တ ဝင်သဖြင့် (၅) ပစ္စည်းထဲမှာ ဝိပ္ပယုတ္တ ထည့်ရင် (၆) ပစ္စည်း ဖြစ်ပါတယ်။ သင်္ချာလဲ တီဏိပဲ ရပါတယ်။

သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဟိတ် (၆) ပါး။ ဤတရားတို့သည် ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း တတ်သော တရားတို့ မည်

ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတတ္တိ ကံဟု သင်္ချာတတ်၍ ဟော အပ်ကုန်၏။

အဝိပါက ပြီးသွားပါပြီ။ ဟေတုပစ္စည်း သဝိပါက ဃဋနာ (၅) ချက်။ ဇယားမှာ ပြထားတဲ့ (၅) အတိုင်း ဆိုရပါတယ်။ ဝိပါက ပါလာသဖြင့် ဝိပါက်လို့ အမြဲ ဆိုရပါလိမ့်မယ်။ ပစ္စယုပ္ပန် ဆိုရိုးကတော့ ဒီအတိုင်းပါပဲ။ ပစ္စည်းကိုသာလျှင် ဝိပါက်ဟိတ်လို့ ဆိုရပါတယ်။ ဝိပါက ဝင်လာသဖြင့် ဟေတုရယ် သဟဇာတ အကြီး (၄) ရယ် ဝိပါကရယ် ဒီ (၆) ပစ္စည်း အမြဲ ရပါလိမ့်မယ်။ ဒုတိယအချက်မှာ အညမညတိုး။ တတိယအချက်မှာ အညမည၊ သမ္ပယုတ္တတိုး။ စတုတ္ထ အချက်မှာ ဝိပ္ပယုတ္တတိုး။ ပဉ္စမအချက်မှာ အညမည၊ ဝိပ္ပယုတ္တတိုးလို့ တိုးစရာ ပစ္စည်းတွေလဲ အသင့် ရေးထားပါတယ်။

## သဝိပါက (၅) ချက်

ပထမအချက်။ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော ဟိတ် (၃) ပါး။ ဤတရားတို့သည် ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ (၆) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတတ္တိ ကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ဒုတိယအချက်မှာ (၆) ပစ္စည်း မူတည်ပြီး အညမညတိုးရင် (၇) ပစ္စည်း ဖြစ်ပါတယ်။ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ် သော ဝိပါက်၌ရှိသော ဟိတ် (၃) ပါး။ ဤတရားတို့သည် ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အတ္ထိ၊ အဝိဂတတ္တိ ကံဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

တတိယအချက် သမ္ပယုတ္တ လိုက်သဖြင့် (၈) ပစ္စည်း ဖြစ်ပါ တယ်။ သမ္ပယုတ္တခန္ဓာအား တတ်သော ဝိပါက်၌ရှိသော ဟိတ် (၃) ပါး။ ဤတရားတို့သည် ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊

ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၈) ပစ္စည်း တတ်သော တရား တို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟ ဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကေဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

စတုတ္ထအချက် ဝိပ္ပယုတ္တ လိုက်သဖြင့် (၇) ပစ္စည်း ဖြစ်ပါတယ်။ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော ဟိတ် (၃) ပါး။ ဤတရားတို့သည် ဟေတု၊ သဟ ဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ (၇) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကေဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

ပဉ္စမအချက်မှာ အညမည၊ ဝိပ္ပယုတ္တ လိုက်သဖြင့် (၈) ပစ္စည်း ဖြစ်ပါတယ်။ ဟဒယဝတ္ထုအား တတ်သော ပဋိသန္ဓေဝါကာရ သဟိတ် ပဋိသန္ဓေ၌ရှိသော ဟိတ် (၃) ပါး။ ဤတရားတို့သည် ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ(၈) ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို အနုလုံ၌ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကေဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

## ဝိဘင်းထုတ်ပုံ နည်းပြ

ဟေတုပစ္စည်း သာမည သင်္ချာ (၉) ချက် ပြီးသွားပါပြီ။ ပြီးသွားတော့ ပထမအချက်ကို ဟေတုပစ္စည်းရဲ့ ဝိဘင်္ဂဝါရအတိုင်း သင်္ချာသတ္တကို ဟောရပါတယ်။ ဒုတိယအချက် သင်္ချာ တိက်မှာ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဟိတ် (၆) ပါးလို့ ဆိုသဖြင့် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ။ ဒါဟာ ဟေတု ပစ္စည်းအတိုင်းပါပဲ။အဗျာကတော အဗျာကတဿကျတော့ ပဝတ္တိမှာ ရုပ် မရှိပါဘူး။ ပဋိသန္ဓေ အာဝါကာလ၌သာလျှင် ဟဒယဝတ္ထုကလေး ရှိပါတယ်။ သူ့ရဲ့ ပစ္စည်းရေဟာလဲ (၆) ပစ္စည်း ဖြစ်ခြင်းကြောင့် အဗျာကတော ခမ္မော အဗျာကတဿ ဓမ္မဿ ဟေတု ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ အညမည ပစ္စယေန ပစ္စယော၊

နိဿယ ပစ္စယေန ပစ္စယော၊ အတ္ထိ ပစ္စယေန ပစ္စယော၊ အဝိဂတ ပစ္စယေန ပစ္စယော။ ဝိပါကာ ဗျာကတာ ကြိယာ ဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ အညမည ပစ္စယေန ပစ္စယော၊ နိဿယ ပစ္စယေန ပစ္စယော၊ အတ္ထိ ပစ္စယေန ပစ္စယော၊ အဝိဂတ ပစ္စယေန ပစ္စယော၊ ပဋိသန္ဓိက္ခဏေ ဝိပါကာ ဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဝတ္ထုဿစ ဟေတု ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ အညမည ပစ္စယေန ပစ္စယော၊ နိဿယ ပစ္စယေန ပစ္စယော၊ အတ္ထိ ပစ္စယေန ပစ္စယော၊ အဝိဂတ ပစ္စယေန ပစ္စယောလို့ ဝိဘင်းထုတ်ရပါတယ်။ ဝိဘင်းထုတ်ပြီး သင်္ကာလ ဝိဘင်း အားလျော်စွာ ကောက်ရပါတယ်။

တတိယ အချက် သမ္ပယုတ္တခန္ဓာအား တတ်သော ဟိတ် (၆) ပါးကျတော့ ဟေတုက နာမ်တွေချည်းပဲ ရပါတယ်။ ဒီမှာ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့ သဘ်ျာတိကမှာ ပဝတ္တိရော ပဋိသန္ဓေရော ရပါတယ်။ ဒါပေတဲ့ နာမ်သက်သက်ကိုသာလျှင် ဆိုရပါတယ်။ ရုပ် မပါတော့ပါဘူး။ စတုတ္ထအချက် သဟိတ် စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇ ရုပ်အား တတ်သော ဟိတ် (၆)ပါးမှာ သဘ်ျာတိကသည် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ ဖြစ်ပါတယ်။ ကုသလော အဗျာကတဿအတွက် ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတုပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ နိဿယ ပစ္စယေန ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ အတ္ထိ ပစ္စယေန ပစ္စယော၊ အဝိဂတ ပစ္စယေန ပစ္စယောလို့ ဝိဘင်း ထုတ်ရပါတယ်။ အကုသလော အဗျာကတဿမှာလဲ အကုသိုလ် ရယ်လို့ ဆိုရရုံပါပဲ။ အဗျာကတော အဗျာကတဿကျတော့ ပဝတ္တိ၊ ပဋိသန္ဓေ (၂)မျိုး ရပါတယ်။ ဝိပါကာ ဗျာကတာ ကြိယာ ဗျာက တာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော၊ သဟ ဇာတ ပစ္စယေန ပစ္စယော၊ နိဿယ ပစ္စယေန ပစ္စယော၊ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော၊ အတ္ထိ ပစ္စယေန ပစ္စယော၊ အဝိဂတ ပစ္စယေန ပစ္စယောလို့ ပဝတ္တိမှာ ဆိုရပါတယ်။ ပဋိသန္ဓေ အခါအတွက် ပဋိ

သန္တိကဝဏ္ဏေ ဝိပါကာ ဗျာကတာ ဟေတူ ကဋတ္တာ ရူပါနံ ဟေတု ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော စသည်ကို ဆိုရပါတယ်။ ဒီတော့ ဈာန ဆိုပေတဲ့ ဝိဘင်္ဂမှာ ဟောခဲ့တဲ့ အပေါင်းတရားတွေ အစိတ်တရားတွေ ဖြစ်ပါတယ်။ အပေါင်းတရားမှာ ဝိဘင်္ဂပါဠိက ဟောခဲ့တဲ့အတိုင်းပဲ ဟောရပါတယ်၊ ကောက်ရပါတယ်။ အစိတ်တရားကျတော့ ရတဲ့တရား အားလျော်စွာ ဝိဘင်း တုတ်ပြီး ကောက်ရပါတယ်။ ဒါဝိဘင်းကုတ်ပုံကို ပြောပြဘာပါ။

ပြီးတော့ ဟေတုပစ္စည်း ဇယားကို အထက်အောက် ကြည့်လိုက်ရင် အမေဟာကို တွေ့ရပါလိမ့်မယ်။ အမေဟာဟာ ဟေတု၊ ဣန္ဒြိယ၊ မဂ္ဂလို့ (၃)ပစ္စည်း ရပါတယ်။ (၃) ပစ္စည်း ရတော့ သူ့ကို မူလ ပစ္စည်းတိုးကလေးကို သုံးပြီး သွားအောင် အမည် မှည့်လိုက်မယ်ဆိုရင် သဏ္ဍိယ မဂ္ဂ ဈာနလို့ မှည့်ရပါတယ်။ ဟေတုကို သဟအနက်ရှိဘဲ့ သ ကလေး ထိုးပြီး ဟေတုပစ္စည်း။ သဏ္ဍိယ မဂ္ဂ ဈာန (၉) ချက်။ (၉) ချက်လို့ ဆိုတိုင်း အဝိပါက ဈာန (၄)ချက်၊ သဝိပါက ဈာန(၅)ချက်လို့ သိထားပါတော့။ ပစ္စည်းတရား ကတော့ အမေဟာကလေး တခုပဲ ရပါတော့တယ်။ ခုနကနဲ့ ဘာဘူးမလဲဆိုရင် ဣန္ဒြိယ၊ မဂ္ဂ (၂)ပစ္စည်း တိုးတာ ထူးပါလိမ့်မယ်။ (၂)ပစ္စည်း တိုးလာတော့ ဟေတုနဲ့ (၃)ပစ္စည်း၊ သဟကြီး (၄)ပစ္စည်းနဲ့ ပေါင်းလိုက်တော့ မူဟာ (၇)ပစ္စည်း အမြဲ ရပါတယ်။ အဲဒီ (၇) ပစ္စည်း အမြဲ လိုက်ပါလိမ့်မယ်။

## ဟေတုပစ္စည်း သဏ္ဍိယ မဂ္ဂဈာန (၉)ချက်၊ အဝိပါက (၄)ချက်

ပဌမအချက်။ သမ္ပယုတ္တခန္ဓာ သဟိတ်စိတ္တဇရုပ်၊ သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အမေဟာ။ (ဤတရားတို့သည်တွေကို ဆိုနေရင် ချိန် ကုန်ပါလိမ့်မယ်။ ခုနက ဆိုခဲ့သလို ယူရပါလိမ့်မယ်။ ဒါ့ကြောင့် ဒီ (၇)ပစ္စည်းရဲ့ အမည်ကလေး ဆိုပြီး အမေဟာ ဖြစ်ခြင်းကြောင့် သင်္ချာက အထက်က ပြထားတဲ့ စတ္တာဝါရ ရပါလိမ့်မယ်။) ဟေတု၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတန္တိ စတ္တာရိ။

ဒုတိယအချက်မှာ ဒွေ ရပါတယ်။ ဇယားမှာ အမောဟနဲ့ ဝိမံသာ မိပတိအတွက် စတ္တာရိ ဒွေ ဒွေ ဒွေလို့ ရှိပါတယ်။ ဒါကို ကြည့်ပြီး သင်္ချာကို ဆိုရပါတယ်။ အမောဟ ဖြစ်ခြင်းကြောင့် အကုသိုလ်နဲ့ မဆိုင်ပါဘူး။ ဒုတိယအချက်မှာ ခုနက (၇)ပစ္စည်း မူထားတာမှာ အညမညတိုး၍ (၈)ပစ္စည်း ဖြစ်ပါလိမ့်မယ်။

သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော အမောဟ။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတန္တိ ဒွေ။

တတိယအချက်။ သမ္ပယုတ္တခန္ဓာအား တတ်သော အမောဟ။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဒွေ။

စတုတ္ထအချက်။ ဝိပ္ပယုတ္တ တိုးပါတယ်။ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော အမောဟ။ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဒွေ။

## သဝိပါက (၅)ချက်

သဝိပါက (၅) ချက်မှာ ဝိပါက်၌ရှိသော အမောဟလို့ ဆိုရုံပါပဲ။ သင်္ချာက ကိန်းသေ ဧကံပါပဲ။ ဝိပါက တိုးလာသဖြင့် (၃)ပစ္စည်းရယ်၊ သဟကြီး (၄)ရယ်၊ ဝိပါကရယ် (၈)ပစ္စည်း အမြဲလိုက်ပါလိမ့်မယ်။

ပဌမအချက်။ သမ္ပယုတ္တခန္ဓာ သဟိတ် စိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ဝိပါက်၌ရှိသော အမောဟ။ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

(ပစ္စည်းလိုက်တာကို လိုက်တတ်လောက်ပါပြီ။ ဒုတိယအချက် အညမည၊ တတိယအချက် အညမည၊ သမ္ပယုတ္တ၊ စတုတ္ထအချက် ဝိပ္ပယုတ္တလိုက်။ ပဉ္စမအချက် အညမည၊ ဝိပ္ပယုတ္တလိုက်။ ဒါတွေ နောက်ထပ် မပြောတော့ဘူး။)

ဒုတိယအချက်။ သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဝိပါက်၌ရှိသော အမောဟ။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

တတိယအချက်။ သမ္ပယုတ္တ ခန္ဓာအား တတ်သော ဝိပါက်၌ ရှိသော အမောဟ။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

စတုတ္ထအချက်။ သဟိတ်မိတ္တဇရုပ် သဟိတ် ပဋိသန္ဓေ ကမ္မဇရုပ် အား တတ်သော ဝိပါက်၌ရှိသော အမောဟ။ ဟေတု၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

ပဉ္စမအချက်။ ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ သဟိတ် ပဋိသန္ဓေ၌ ရှိသော အမောဟ။ ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

အမောဟ ပြီးသွားပါပြီ၊ ဝီမံသာဓိပတိ ရောက်လာပါပြီ။ ဝီမံသာဓိပတိမှာ အမှတ်ကလေး (၄)ခု ရှိပါတယ်။ (၄)ခု ရှိသဖြင့် ဒီ(၄)ပစ္စည်း အမြဲ လိုက်ပါလိမ့်မယ်။ သဟကြီး (၄) ပစ္စည်းနဲ့ဆိုရင် (၈)ပစ္စည်း အမြဲ လိုက်ပါလိမ့်မယ်။ အမည်မှည့်တော့ သူ့ အမှတ်ကလေးအတိုင်း ဟေတုပစ္စည်း သာဓိပတိ ဣန္ဒြိယ မဂ္ဂ ဃဋနာ (၆)ချက်။ (၆)ချက်ဆိုတာ အဝိပါက (၄)ချက်ထဲက နံပါတ်(၂) မရပါဘူး။ မရကြောင်း ကြက်ခြေကလေး ပြထားပါတယ်။ သဝိပါက (၅)ချက်ထဲက နံပါတ်(၂)နှင့် နံပါတ်(၅) မရပါဘူး။ ဒီတော့ အဝိပါက (၃)ချက်၊ သဝိပါက (၃)ချက်ပဲ ရပါတယ်။ ဘာ့ကြောင့်လဲ ဆိုရင် အဓိပတိဟာ ပဝတ္တိ အခါကာလမှာသာလျှင် ဖြစ်တယ်။ နံပါတ်(၂)က ဟဒယဝတ္ထုလို့ဆိုတဲ့ ပဋိသန္ဓေဆိုင်ရာ ရုပ်ကလေး ပါနေတယ်။ နံပါတ်(၅)ကလဲ ပဋိသန္ဓေဆိုင်ရာ ဟဒယဝတ္ထုကလေး ဖြစ်နေပါတယ်။ ဒါ့ကြောင့် နံပါတ်(၂)နှင့် နံပါတ်(၅)ကို မဆိုရတော့ပါဘူး။ ၁-၃-၄ လို့ အဝိပါကရော သဝိပါကရော ဆိုရပါလိမ့်မယ်။ အဓိပတိပစ္စည်းရဲ့ သုဒ္ဓသင်္ချာကိုကြည့်ရင် ပဋိသန္ဓေ ကမ္မဇရုပ်တွေ မရ

ပါဘူး။ ဒီတော့ စိတ္တဇရုပ်သာ ဆိုရပါလိမ့်မယ်။ ဒီစိတ္တဇရုပ်ကလဲ အဓိပတိပစ္စည်း ဖြစ်နေသဖြင့် သာဓိပတိ စိတ္တဇရုပ် ဖြစ်ပါတယ်။ ဒါကြောင့် သာဓိပတိ စိတ္တဇရုပ်လို့ ဆိုရပါလိမ့်မယ်။

ဟေတုပစ္စည်း သာဓိပတိ ဣန္ဒြိယ မဂ္ဂ ဃဋနာ(၆)ချက်။

အဝိပါက (၃) ချက်

ပထမအချက်။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဝီမံသာဓိပတိ။ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတန္တိ စတ္တာရိ။

ဒုတိယအချက်။ [နံပါတ် (၃) ဆိုရပါမယ်။ နံပါတ် (၃) မှာ အညမည၊ သမ္ပယုတ္တ လိုက်ပါလိမ့်မယ်။] သမ္ပယုတ္တခန္ဓာအား တတ်သော ဝီမံသာဓိပတိ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဒွေ။

တတိယအချက်။ ဝိပ္ပယုတ္တ နံပါတ် (၄)ဆိုရပါတယ်။ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဝီမံသာဓိပတိ။ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ဒွေ။

အဝိပါက (၃)ချက် ပြီးသွားပါပြီ။ သဝိပါက (၃) ချက်မှာလဲ နံပါတ် ၁-၃-၄ ပဲ ဆိုရပါတယ်။ သဝိပါက ဆိုသဖြင့် ဝိပါက လိုက်လာတော့ (၉) ပစ္စည်း အမြဲ မှတ်ရပါလိမ့်မယ်။ နောက်မှ ဆိုင်ရာ တိုးရပါတယ်။ ဒီ သဝိပါကမှာ အဓိပတိ ဖြစ်ခြင်းကြောင့် အဓိပတိမှာ ဇောထိုက်တဲ့ ဝိပါက်ဟာ ဖိုလ်ပဲ ရှိပါတယ်။ ဝီမံသာဓိပတိ က စေတသိက်ဖြစ်၍နေခြင်းကြောင့် ဖိုလ်လေးခု၌ရှိသော ဝီမံသာဓိပတိ လို့ ဆိုရပါလိမ့်မယ်။ ကြွင်းတဲ့ လောကီ ဝိပါက်တွေနဲ့ လုံးဝ မဆိုင် ပါဘူး။

သဝိပါက (၃) ချက်

ပထမအချက်။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဖိုလ်လေး၌ခုရှိသော ဝီမံသာဓိပတိ။ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတန္တိ ဧကံ။

ဒုတိယအချက်။ သမ္ပယုတ္တခန္ဓာအား တပ်သော ပိုလ်လေးခု၌ ရှိသော ဝိမံသာဓိပတိ။ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

တတိယအချက်။ သာဓိပတိ စိတ္တဇရုပ်အား တပ်သော ပိုလ် လေးခု၌ရှိသော ဝိမံသာဓိပတိ။ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော်။

၁။ သမ္ပယုတ္တခန္ဓာ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဖိုလ်လေးခု၌ရှိသော ဝီမံသာ ဓိပတိ။ မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတန္တိ ကော။

၂။ သမ္ပယုတ္တ ခန္ဓာအား တတ်သော ဖိုလ်လေးခု၌ ရှိသော ဝီမံသာဓိပတိ။ မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော။

၃။ သာဓိပတိ စိတ္တဇရုပ်အား တတ်သော ဖိုလ်လေးခု၌ရှိသော ဝီမံသာဓိပတိ။ မဂ္ဂ၊ ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ဝိပါက၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတန္တိ ကော။

သဟဇာတပစ္စည်း အငယ် ဃဋနာ (၂၅၅)ချက် ပြီးသွားပါပြီ။ ခေါင်းစဉ်တကြောင်းကို မှတ်သားရုံနဲ့ ဒီ(၂၅၅)ချက်ကိစ္စ ပြီးနိုင်ပါတယ်။ ဒါတွေကိုပဲ ထပ်တလဲလဲ ဆိုနေတာ ဖြစ်ပါတယ်။ ပိဿက တွေလဲ ပြီး၊ ပကိဏ္ဏကတွေလဲ ပြီး၊ သဟဇာတ အကြီး အလတ် ဃဋနာ တွေလဲ ပြီးတော့ ဃဋနာကိစ္စ အားလုံးကုန် ပြီးသွားပါပြီ။ အထူး ပြောချင်တာတခုကတော့ အချို့ပုဂ္ဂိုလ်တွေဟာ ဟောဘု အစရှိတဲ့ သဟ ဇာတအငယ်ဃဋနာ ဒုတိယအချက် "သမ္ပယုတ္တခန္ဓာ ဟဒယဝတ္ထုအား တတ်သော ဟိတ် (၆)ပါး" စသည်မှာ ဝိပါကပစ္စည်း ပါသင့်တယ်လို့ ယူဆကြတယ်။ ဒါဟာ သဘာဂ ဃဋနာများကို တပြိုင်နက်အတွက် ဟောထားတာပါကလားလို့ နားမလည်မှုသာ ဖြစ်ပါတယ်။ ဒုတိယ အချက်မှာသာ မဟုတ်ပါဘူး။ အဝိပါက(၄)ချက်လုံးမှာပင် ဝိပါက ပစ္စည်းဟာ ဝိပါက်ဆိုင်ရာ ဟိတ် စသည်မှာ ယထာရဟ ပါနေပါ တယ်။ ၎င်း ဝိပါကပစ္စည်းဟာ ကုသိုလ် အကုသိုလ် ကြိယာဟိတ်များနဲ့ မဆိုင်လေတော့ ယထာရဟသာ ဖြစ်ပါတယ်။ ဒီ ယထာရဟ ရတာ တွေကို သဘာဂ ဃဋနာမှာ မဟောပါဘူး။ နောက်ကလဲ တပြိုင် နက်သာလို့ အထပ်ထပ် ပြောခဲ့ပြီ။ ယနေ့ တော်ကြပါစို့။

အနုလုံ ပြီး၏။

သာဓု၊ သာဓု၊ သာဓု။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# ပဋ္ဌာန်း ကုသလတိက် ပဉ္စာဝါရ ပစ္စနီက

* ပဉ္စာဝါရ အနုလုံဆိုင်ရာ အားလုံးပြီးသွားတော့ ပစ္စနီက်ကို ပို့ချပေးပါမယ်။ ပစ္စနီက်ဟာ အင်မတန် ခက်ပါတယ်။ ဆဝါရ ပစ္စနီက်ကဲ့သို့ မဟုတ်ပါဘူး။ ဆဝါရ ပစ္စနီက်တုန်းကတော့ "အကုသလံ ဓမ္မံ ပဋိစ္စ အကုသလော ဓမ္မော ဥပ္ပဇ္ဇတိ န ဟေတု ပစ္စယာ" စသည်ဖြင့် ရထိုက်တဲ့ သင်္ချာတွေကို ရထိုက်တဲ့ ပစ္စည်းတွေနဲ့ သရုပ်ထုတ်ပြီး အကျယ် ဟောပါတယ်။ အဲဒီလို ပဉ္စာဝါရ ပစ္စနီက်ကျတော့ ဟောသလား ဆိုတော့ မဟောဘူး။ "န ဟေတုယာ ပန္နရသ" စသည်ကိုသာ ဟောလေတော့ လက္ခဏာ တပါးတည်းနှင့် ပစ္စနီက်ကို အကျဉ်းပြဖို့ရာ အတွက် ပစ္စယုဒ္ဓါရကို သံဂါယနာတင် မထေရ်ကြီးများက ထားခဲ့ ပါတယ်။ ဒီ ပစ္စယုဒ္ဓါရဟာ ဘုရားဟောလဲ မဟုတ်ပါဘူး။ ရှင်သာရိ ပုတ္တရာ ဟောလဲ မဟုတ်ပါဘူး။ သံဂါယနာတင်တုန်းက ထားခဲ့တဲ့ ပစ္စယုဒ္ဓါရ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပစ္စနီက်ရဲ့ ခက်ခဲမှု ကြောင့် ပစ္စယုဒ္ဓါရဖြင့် ပစ္စနီက်ကို နားလည်ဖို့ရာအတွက် "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော" စသည်ဖြင့် အနုလုံက ဟောခဲ့တဲ့ ကုသိုလ် စသည်တွေရဲ့ ပစ္စည်းတွေကိုပဲ ထုတ်ခဲ့ပါ

---

* ၁၃၂၀ ခု၊ ပြာသိုလဆုတ်(၁၀)ရက်၊ (၄-၂၆-၇) စနေနေ့။ ပထမအကြိမ်။

တယ်။ အဲဒါ အဋ္ဌကထာ ဆရာက လက္ခဏာ တပါးနဲ့ ဆိုတာကို ဋီကာဆရာကြီးက ဘယ်လို ထုတ်ပြသလဲဆိုတော့ "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ နဟေတု ပစ္စယေန ပစ္စယော"။န ဟေတုယာ ပန္နရသ လို့ဆိုတဲ့ နေရာဌာနမှာ ဝိဘင်းထုတ်မယ်ဆိုရင် "နဟေတု ပစ္စယေန ပစ္စယော"လို့ ထုတ်ရမယ်။ အဲဒါက ဘာဆိုလိုတာလဲဆိုရင် ဟေတု ပစ္စည်းမှ တပါးသော အာရမ္မဏပစ္စည်း စသည်တွေနဲ့ ကျေးဇူးပြု တာပါပဲတဲ့။

ဒီ ပစ္စယုဒ္ဒါရကို ထုတ်ပြန်တော့လဲ တပါးစီ တပါးစီ ဟေတု၊ အာရမ္မဏ စသည်ကို မထုတ်ပါဘူး။ မျိုးနဲ့ ထုတ်ပါတယ်။ အဲဒီ မျိုးကို အဋ္ဌကထာ ဆရာက သမူဟ အပေါင်းတွေရယ်လို့ အသုံးပြုပါတယ်။ မျိုးနဲ့ထုတ်တော့ ဒီမျိုးတွေကို ဝေဖန်ပြီး သိရပါလိမ့်မယ်။ ဘယ်လို သိရမလဲ?။ (၂၄) ပစ္စည်းကို အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယလို့ဆိုတဲ့ ရှစ်ပစ္စည်းထဲ သွင်းရမယ်။ ဘယ်လို သွင်းရမလဲဆိုတော့ ယခု ပြောခဲ့တဲ့ အာရမ္မဏ စတဲ့ ရှစ်ပစ္စည်း ချန်၊ ကျန်တဲ့ ဟေတု စတဲ့ (၁၆)ပစ္စည်းကို ရှစ်ပစ္စည်းထဲ သွင်းရမယ်။ သွင်းပုံကလေးကို အဋ္ဌကထာ ဆရာက ဆိုထားတဲ့ စကား ရပ်က (၂)ခု ရှိပါတယ်။ ဒါကို အကျဉ်းချုပ်ပြီး ယနေ့ ရှေးဦးစွာ ကြည့်ရမှာက ပဋ္ဌာဝါရ ပစ္စနိက် ဇယားကို ကြည့်ပါ။ ဒီဇယားနဲ့ နှိုင်းယှဉ်ပြီး ပြပါ့မယ်။

ဒီ ပစ္စယုဒ္ဒါရမှာလဲ ပစ္စနိက်သာ ခက်တာ မဟုတ်ပါဘူး။ ပစ္စယုဒ္ဒါရမှာလဲပဲ အဋ္ဌကထာဆရားကြီး ပြထားတာက အတော်ကလေးကို ခက်ပါတယ်။ နားလည်ဖို့ရာ အတော်ခက်ပါတယ်။ အဋ္ဌကထာက ဘယ်လိုပြသလဲဆိုတာကို ရှင်းပြီး ပြပါ့မယ်။ ဇယားကို ကြည့်လိုက်ရင် ပထမ ရှေးဦးစွာ(၂၄)ပစ္စည်း အစီအစဉ်အတိုင်းမှာ ဟေတုပစ္စည်းကို တွေ့ပါလိမ့်မယ်။ အဲဒီ ဟေတုပစ္စည်းရဲ့ အထက်က သုဒ္ဓသင်္ချာမျိုးစဉ်က ပြထားခဲ့တဲ့အတိုင်း အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ မိဿက သုံးလို့ ရှိပါတယ်။ ဒီ ဟေတုပစ္စည်းဟာ သဟဇာတမျိုး ဖြစ်သဖြင့် သဟဇာတထဲမှာ ဝင်ပါတယ်။ နောက် အာရမ္မဏ။ အာရမ္မဏကျတော့ အဋ္ဌကထာ ဆရာကြီးက အာရမ္မဏလို့ဆိုတာဟာ အလေးအမြတ်ပြုအပ်တဲ့ အာရမ္မဏ

အလေးအမြတ် မပြုအပ်တဲ့ အာရမ္မဏရယ်လို့ (၂)ပါး ရှိပါတယ်တဲ့။ အလေးအမြတ်ပြုအပ်တဲ့ အာရမ္မဏဆိုတာ အာရမ္မဏာဓိပတိ ပစ္စည်း ပါပဲ။ အဲဒီ အာရမ္မဏာဓိပတိ ပစ္စည်းဟာ အာရမ္မဏူပနိဿယလို့ ဆိုတဲ့ ပစ္စည်းနဲ့ အတူတူဖြစ်ခြင်းကြောင့် ဥပနိဿယထဲ ဝင်ပါတယ်တဲ့။ တပည့်တော်တို့ ဇယားကြည့်လိုက်မယ်ဆိုရင် အာရမ္မဏာဓိပတိဟာ ဥပနိဿယထဲမှာ မပါပါဘူး။ အာရမ္မဏထဲမှာပဲ ပါပါတယ်။ အာရမ္မဏမျိုးထဲမှာ ကြည့်လိုက်ရင် 'အာဓိ' ရယ်လို့ ရှိပါလိမ့်မယ်။ ဒါပေမယ့် အဋ္ဌကထာ ဆရာကြီးက အဲဒီ အာရမ္မဏာဓိပတိကို ဥပနိဿယထဲကို သွင်းယူလိုက်ပါတယ်။ အလေးအမြတ် မပြုအပ်တဲ့ သုဒ္ဓဖြစ်တဲ့ အာရုံတရားတွေကတော့ အာရမ္မဏထဲပဲ ဝင်ပါတယ်။ အာရမ္မဏမျိုး သက်သက်ပဲ ဖြစ်ပါတယ်တဲ့။ အဲဒီ အာရမ္မဏဟာ တမျိုးထဲ ရှိတယ်။ တမျိုးထဲ ရှိတယ်လို့ ယူဆရုံ မကပါဘူး။ အဋ္ဌကထာ ဆရာကြီးက ပစ္စယုဒ္ဓါရ ထုတ်ပြတဲ့ နေရာမှာလဲ "သဗ္ဗ ပထမေ အာရမ္မဏ ပစ္စယေ အာရမ္မဏ ပစ္စယောဝ သင်္ဂဟံ ဂစ္ဆတိ န သေသာ တေဝိသတိ"။ ပထမ ရှေးဦးစွာ ထုတ်ပြရမယ့် ကုသလော ကုသလဿဆိုတဲ့ ပစ္စယုဒ္ဓါရမှာ အာရမ္မဏလို့ ဆိုတာဟာ တစ်ပစ္စည်းထဲပဲ ရှိပါတယ်။ ကြွင်းကျန်တဲ့ (၂၃)ပစ္စည်းနဲ့ မဆိုင်ပါဘူးလို့ အတိအကျ ဆိုထားပါတယ်။

အဲဒါကို မူလဋီကာက လက်ခံထားသလားလို့ဆိုတော့ လက်မခံပါဘူး။ အကြောင်း ဘယ်လိုပြသလဲ။ ဥပနိဿယဆိုတာ အနန္တရူပ နိဿယ၊ ပကတူပနိဿယနဲ့သာဆိုင်ပါတယ်တဲ့။ ဒီတော့ အာရမ္မဏာဓိပတိဟာ အာရမ္မဏနဲ့သာ ဆိုင်တယ်။ အာရမ္မဏထဲသာ ဝင်ရမယ်။ အဋ္ဌကထာ ဆရာက ဒီ အာရမ္မဏာဓိပတိကို ဥပနိဿယထဲမှာ ဘာ့ကြောင့်များ သွင်းပါလိမ့်မလဲဆိုတာကို မူလ ဋီကာဆရာက ကြံဆချက်ကလေး ထုတ်ပြပါတယ်။ ဘယ်လိုလဲဆိုရင် ပရိတ္တတိက် ပဉှာဝါရ ပစ္စနိက်မှာ ပစ္စယုဒ္ဓါရကို ဟောထားပါတယ်။ ဘယ်လို ဟောထားသလဲ?။ တတိယ ပဒမှာ ပရိတ္တတိက် တတိယပဒဆိုတာ အပ္ပမာဏ တရားပါ။ အပ္ပမာဏ တရားလို့ဆိုရင် လောကုတ္တရာစိတ် ရှစ်ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ရပါတယ်။ အဲဒီအတွက် ပစ္စယုဒ္ဓါရ ထုတ်တော့ "အပ္ပမာဏော ဓမ္မော အပ္ပမာဏဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော"။ အာရမ္မဏ မပါ

ဘူး။ တရားက လောကုတ္တရာစိတ် ရှစ်ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန် ဖြစ်နေပါတယ်။ ဒီတော့ ပရိတ္တတိက် တတိယ ပဒတင် မကပါဘူး၊ ဥပါဒိန္နတိက် တတိယပဒမှာလဲပဲ လောကုတ္တရာစိတ် ရှစ်ခု၊ နိဗ္ဗာန် ပါပဲ။ သံကိလိဋ္ဌတိက် တတိယပဒမှာလဲပဲ လောကုတ္တရာစိတ် ရှစ်ခု၊ နိဗ္ဗာန်ပါပဲ။ ဒါပေမယ့် ဋီကာဆရာကြီးက ခပ်ဝေးဝေးလှန်းပြီး ပြထားတာကတော့ အရချင်း မထူးလို့ပဲ ဖြစ်ပါလိမ့်မယ် ထင်ပါရဲ့။ အဲဒီ ပစ္စယုဒ္ဓါရမှာ အာရမ္မဏ မပါပဲနဲ့ ဥပနိဿယသာ ပါလာတယ်။ အာရမ္မဏ မပါခြင်းကြောင့် အာဓိကို ဥပနိဿယထဲမျှား သွင်းသလား လို့ ဋီကာ ဆရာကြီးက ကြံဆသလားတော့ မသိဘူး။ တရားစင်ကြည့် မယ်ဆိုရင် ပရိတ္တတိက်မှာရော ဥပါဒိန္နတိက်မှာရော သံကိလိဋ္ဌတိက် မှာရော တတိယပဒအတွက် လောကုတ္တရာစိတ် ရှစ်ခု၊ စေတသိက် ဆတ္တိံသ၊ နိဗ္ဗာန်ရတော့ကာ ပါဠိက ဘယ်လိုလာမလဲ?။ "နိဗ္ဗာနံ မဂ္ဂဿ ဖလဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ အဓိပတိ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော"။ ဒါတွေပဲ အကုန် အတူ ဟောထားပါတယ်။ အဲဒီတော့ အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယတို့ဟာ ပါဠိ အရကောက် မထူးတဲ့အပြင် အားလုံးကလဲ နိဗ္ဗာန်လို့ဆိုတဲ့ ဗလဝ ါရမ္မဏ ဖြစ်နေတဲ့အတွက် အာရမ္မဏရယ်လို့သီးခြား မဟောပဲနဲ့ ဥပနိဿယလို့ ဟောထားတာ ဖြစ်ပါတယ်တဲ့။ ဆိုလိုရင်းက ဘာလဲ?။ အာရမ္မဏနှင့် အာရမ္မဏာဓိပတိဟာ အရ တူနေတယ်။ ပါဠိလဲ တူနေတယ်။ အာရမ္မဏအတွက် သီးသန့်ဖြစ်တဲ့ တရားအထူး ထွက်မလာဘူး။ အဲဒီတော့ အာရမ္မဏ ယူခဲ့လို့ရှိရင် အာရမ္မဏူပကိုလဲပဲ ယူပြီး ဖြစ်တာပဲ။ အာရမ္မဏူပကို ယူခဲ့လို့ရှိရင် အာရမ္မဏကိုလဲပဲ ယူပြီးသား ဖြစ်ပါတယ်တဲ့။ အဲဒါကြောင့် သီးသန့် မဟောတာပါတဲ့။ အာရမ္မဏပစ္စည်း မရလို့ မဟောတာ မဟုတ်ပါဘူးလို့ မူလဋီကာက ပြပါတယ်။ အဲဒီတော့ မူလဋီကာ ဆရာရဲ့ အလိုအားဖြင့် အာရမ္မဏာ ဓိပတိဟာ အာရမ္မဏ ပစ္စည်းထဲ အာရမ္မဏမျိုးထဲကိုသာလျှင် ဝင်ရမယ် လို့ ဆိုပါတယ်။

အဓိပတိကျပြန်တော့လဲ ဇယားမှာ ကြည့်လိုက်ရင် အာဓိ-သဟာဓိလို့ (၂)မျိုး ရှိပါတယ်။ သဟဇာတာဓိပတိက သဟဇာတ မျိုးထဲမှာ ဝင်ပါတယ်။ အာရမ္မဏာဓိပတိကျပြန်တော့ အဋ္ဌကထာ

ဆရာက အာရမ္မဏာဓိပတိဟာ အာရမ္မဏူပနိဿယနဲ့ အတူတူဖြစ်ခြင်း ကြောင့် အာရမ္မဏူပနိဿယ လက္ခဏာနဲ့ ဥပနိဿယထဲမှာ ရှေးနည်း အတိုင်းပဲ သွင်းပြီး ယူပြန်ပါတယ်။

အနန္တရ၊ သမနန္တရ။ ဒါတွေဟာ အနန္တရူပနိဿယမျိုးထဲကပါ။ သဟဇာတ၊ အညမည၊ ဒါက သဟဇာတပါ။ နိဿယကျတော့ သဟဇာတ နိဿယ၊ ပုရေဇာတ နိဿယရယ်လို့ (၂)မျိုး ရှိတဲ့အနက် သဟဇာတနိဿယက သဟဇာတထဲ ဝင်ပါတယ်။ ပုရေဇာတ နိဿယက ဝတ္ထုပုရေဇာတထဲမှာ ဝင်ပါတယ်။ ဥပနိဿယကျတော့ ခုနက အဋ္ဌကထာ ပြောတဲ့အတိုင်း အာရမ္မဏူပရော, အနန္တရူပရော, ပကတူပရောဆိုရင် အားလုံး ဥပနိဿယထဲ ဝင်ပါလိပ့်မယ်။ ပုရေဇာတ ကျပြန်တော့ အဋ္ဌကထာဆရာက ဝတ္ထုပုရေဇာတကိုသာ ပြတယ်။ အဲဒီ ဝတ္ထုပုရေဇာတဟာ ဝတ္ထုပုရေဇာတထဲမှာ ဝင်ပါတယ်တဲ့။ အာရမ္မဏ ပုရေဇာတကို မပြဘူး။ မပြတော့ ဋီကာဆရာက ဒီ အာရမ္မဏ ပုရေဇာတဟာ အာရမ္မဏမျိုးပါ၊ အာရမ္မဏထဲမှာ ဝင်ပါတယ်လို့ ဆိုပြန်တယ်။

ပစ္ဆာဇာတ၊ ပစ္ဆာဇာတထဲမှာ ဝင်တယ်။ အာသေဝန၊ အနန္တရထဲမှာ ဝင်တယ်။ ကမ္မကျတော့ သဟဇာတ ကမ္မ၊ အနန္တရ ကမ္မ၊ ပလဝကမ္မ၊ ဗလဝ ဒုဗ္ဗလနာနာက္ခဏိက ကမ္မ ရယ်လို့ (၄) မျိုး ရှိတဲ့ အနက် သဟဇာတ ကမ္မက သဟဇာတထဲ ဝင်ပါတယ်။ အနန္တရ ကမ္မနဲ့ ဗလဝ ကမ္မက ဥပနိဿယထဲ ဝင်ပါတယ်။ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မက သီးခြား အနေနဲ့ လာပါတယ်။ ဝိပါက ကျတော့ သဟဇာတ မျိုး ဖြစ်ပါတယ်။ အာဟာရမှာ နာမ် အာဟာရက သဟဇာတထဲ ဝင်ပါတယ်။ ရုပ်အာဟာရက သီးခြားမျိုး ဖြစ်ပါတယ်။ ဣန္ဒြိယကျတော့ ရုပ်ဣန္ဒြေ၊ နာမ်ဣန္ဒြေရယ်လို့ (၂)မျိုးရှိပါတယ်။ အဲဒီ(၂)မျိုး အနက် နာမ် ဣန္ဒြေက သဟဇာတိန္ဒြိယ ဖြစ်ခြင်းကြောင့် သဟဇာတထဲ ဝင်ပါတယ်။ ရုပ် ဣန္ဒြေကျတော့ကာ အဇ္ဈတ္တဖြစ်တဲ့ ရုပ်ဣန္ဒြေ+ဗာဟိရဖြစ်တဲ့ ရုပ်ဣန္ဒြေရယ်လို့ (၂)မျိုး ရှိပါတယ်။ ဒါ အဋ္ဌကထာက ပြတာပါ။ အဲဒီမှာ အဇ္ဈတ္တဖြစ်တဲ့ ရုပ်ဣန္ဒြေလို့ ဆိုတာ စက္ခုန္ဒြေ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယိန္ဒြေလို့ဆိုတဲ့ ဣန္ဒြေ(၅)ပါးပါ။အဲဒါက ဝတ္ထု ပုရေဇာတိန္ဒြိယ။ သူက ဝတ္ထု ပုရေဇာတထဲ ဝင်ပါတယ်။

ဗာဟိရ ဖြစ်တဲ့ ရုပ်ဇီဝိတိန္ဒြေကတော့ တက္ခုဖြစ်တဲ့ တရားတွေကို ကျေးဇူးပြုကြပါတယ်။ ကျေးဇူးပြုပေတယ်လို့ ဇနက သတ္တိနဲ့ ကျေးဇူးမပြုပဲ အနုပါလန သတ္တိနဲ့သာ ကျေးဇူးပြုခြင်းကြောင့် သူဟာ သီးခြားမျိုးအနေနဲ့ လာပြီးဖြစ်ပါတယ်။ ဈာန+မဂ္ဂ+သမ္ပယုတ္တ။ သဟဇာတထဲဝင်ပါတယ်။ ဝိပ္ပယုတ္တမှာ သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတသို့ ရှိတဲ့အနက် ဆိုင်ရာမှာ အသီးသီး ဝင်ပါတယ်။ အတ္ထိကျတော့ အဋ္ဌကထာဆရာက အတ္ထိ (၅)မျိုးပဲ ရှိပါတယ်။ သဟဇာတတ္ထိ၊ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ ဣန္ဒြိယတ္ထိ (၅)မျိုးပဲ ရှိပါတယ်။ (၅)မျိုးရှိတယ် ဆိုပေဘယ်လို့ အဋ္ဌကထာစာအုပ်ထဲ ကျတော့ ဆတိဘေဒေဟိလို့ မှားနေတယ်။ အဲဒီ (၅)မျိုးကလဲ သူ့ဆိုင်ရာမျိုးထဲမှာ ဝင်ပါတယ်။ အတ္ထိဟာ (၅)မျိုးရှိတယ်လို့ ဆိုပေမယ့် ဒီ အတ္ထိပစ္စည်းကို ကြည့်လိုက်ရင် သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကလို့ ပါဠိတော်ကို မိဿကပစ္စည်းတွေဟာ အတ္ထိပစ္စည်းမှာ အဘူတက္ခ ပါဝင်ကြတယ်လို့ မိဿက ရှိကြောင်းကို ဋီကာဆရာက ပါဠိတော်ကို လက်ညှိုးထိုးပြလိုက်ပါတယ်။ ပဋ္ဌာဝါရဝိဘင်္ဂ ပါဠိတော်မှာ ဒီ မိဿက သုံးမျိုးကို ဟောပါတယ်။ အရကောက် ပဋ္ဌာဝါရသင်္ချာခန်း အားလုံးမှာ မိဿကများ လုံးဝမပြလေတော့ သင်္ချာတွက်ယူပုံများအတွက် အခက်အခဲ ရှိပါတယ်။ ဤမှာတော့ သင်္ချာခန်းဟူသမျှ သဘာဂမှအစ အားလုံး မိဿကများကို ထည့်သွင်းပေးမှ ရှင်းလင်းစွာ နားလည်မည် ဖြစ်၍ ပါဠိတော်, အဋ္ဌကထာ, ဋီကာအလိုကျ ထည့်သွင်းပါတယ်။

ပြီးတော့ အဋ္ဌကထာဆရာက ဘာတွေကို ပြောပြန်သလဲလို့ဆိုရင် ပစ္စနီယဒ္ဒါရ ထုတ်ပုံကို ပြောပါတယ်။ ပစ္စယုဒ္ဒါရထုတ်ပုံကို အဋ္ဌကထာဖွင့်ပြချက်ကို ကြည့်မယ်ဆိုရင် အဋ္ဌကထာဆရာဟာ နဟေတုပစ္စည်းရဲ့ ပစ္စယုဒ္ဒါရ ထုတ်ပုံကိုသာ ပြောနေပါတယ်။ ပစ္စယုဒ္ဒါရ ထုတ်ပုံကို ဘယ်လို ထုတ်ပြသလဲဆိုရင် တပည့်တော်တို့ ပြုလုပ်ပေးထားတဲ့ ပစ္စယုဒ္ဒါရ ဇယားကို ခဏ ကြည့်ကြစမ်းပါ။ ဒါက တပည့်တော်တို့ ဇယားပုံပါ။ အဋ္ဌကထာရဲ့ ယူဆပုံကို ပထမ ပြောနေပါတယ်။ တပည့်တော်တို့ ပစ္စယုဒ္ဒါရ ဇယားကို ကြည့်ရင် သင်္ချာသည် (၁၅)ခု ရှိပါတယ်။ ကုသလော ကုသလဿ၊ ကုသလော အကုသလဿ၊ ကုသလော အဗျာ

ကတဿ၊ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလဿ၊ အကုသလော ကုသလဿ၊ အကုသလော အဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ အဗျာကတော ကုသလဿ၊ အဗျာကတော အကုသလဿ၊ ကုသလာ ဗျာကတော ကုသလဿ၊ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အကုသလဿ၊ အကုသလာ ဗျာကတော အဗျာကတဿ။ ။ကုသလတိက်မှာ ဒီသင်္ချာ (၁၅) ခုထက် တိုးပြီး မရှိပါဘူး။ ဒါဟာ အများဆုံးပါပဲ။ သူ့ထက် နည်းရင်သာ နည်းပါလိမ့်မယ်။

ပြီးတော့ ဇယားကြည့်လိုက်ရင် ပထမ ရှေးဦးစွာ ပထမ အကွက်မှာ မျိုးပစ္စည်းတွေကို ပြထားတယ်။ အာရမ္မဏက တစ်ပစ္စည်းပါ။ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယက (၂)ပစ္စည်းပါ။ အာပုံ, ဝတ္ထုလို့(၅)မျိုးပြထားတာကတော့ အာရမ္မဏပုရေဇာတ၊ အာရမ္မဏပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတ အဝိဂတ၊ အာပုအတွက် (၃) ပစ္စည်းရပါတယ်။ ဝတ္ထုကတော့ "အာရမ္မဏ ပစ္စယာ နိဿယေ တီဏိ၊ ဝိပ္ပယုတ္တေ တီဏိ"လို့ ဆိုတဲ့အတိုင်း နိဿယနှင့် ဝိပ္ပယုတ္တ ရပါတယ်။ သုဒ္ဓသင်္ချာအတိုင်း အာပုဓိ၊ ဝတ္ထုဓိ လို့ ဆိုတာကတော့ ပစ္စယုဒ္ဓါရနှင့် မဆိုင်သဖြင့် သူ့ကို မထုတ်ပါဘူး။ ခရေပွင့် ပြထားပါတယ်။ အာရမ္မဏ ရှစ်မျိုးကို အစဉ်အတိုင်း ယူရင် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ ဝတ္ထာရမ္မဏ၊ ပုရေဇာတ၊ နိဿယ၊ အာရမ္မဏူပနိဿယ၊ အာရမ္မဏ ပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတ ဝိပ္ပယုတ္တ၊ အာရမ္မဏ ပုရေဇာတတ္ထိ၊ အာရမ္မဏ ပုရေဇာတ အဝိဂတ လို့ ရှစ်ပစ္စည်း ရှိပါတယ်။ အဲဒါကို ပစ္စယုဒ္ဓါရ ထုတ်တဲ့အခါမှာ လွယ်လွယ်ပဲ အာရမ္မဏ၊ အဓိပတိ၊ ဥပနိဿယ။ အာပုံ, ဝတ္ထု (၅)အတွက် နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတလို့ ဆိုရုံပါပဲ။ ဒီရှစ်မျိုးရဲ့ လက်ယာဘက်က အကွက် ပစ္စယုဒ္ဓါရဆိုတာ ကြည့်လိုက်ရင် အာရမ္မဏ ရှိပါတယ်။ ဒါ အာရမ္မဏနဲ့ ဆိုင်ပါတယ်။

သဟဇာတ (၁၅)မျိုးမှာ သဟဇာတ အငယ်က(၇)၊ အကြီးက (၄)၊ အလတ် (၄)ခုမှာ အညမညနှင့် သမ္ပယုတ္တတို့လို့ တွဲထားပါတယ်။

ဝိပါကက တစ်၊ သဟာဝိပ်က တစ်ဆိုတော့ သဟဇာတ (၁၅)မျိုး ရှိပါတယ်။

ဥပနိဿယမျိုးမှာ ဋီကာဆရာကြီး ဆိုခဲ့တဲ့အတိုင်း အနန္တရူပနိဿယ၊ပကတူပ နိဿယ လို့ (၂)မျိုး ခွဲထားပါတယ်။အနန္တရ(၅)လို့ ဆိုတာက အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတလို့ အနန္တရ သုဒ္ဓသင်္ချာအတိုင်းပါပဲ။ နောက် အာသေဝနက တစ်၊ အနန္တရကမ္မက တစ်၊ (၇)မျိုး ဖြစ်ပါတယ်။ ပကတူပ နိဿယ (၂)မျိုးမှာ ပကတူပ နိဿယ၊ ဗလဝနာနာက္ခဏိက ကမ္မ ဖြစ်ပါတယ်။

ဝတ္ထုပုရေဇာတ (၅)က နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဖြစ်တယ်။ ပြီးတော့ ဝတ္ထုပုရေဇာတိန္ဒြိယတစ်နဲ့ ပေါင်းရင် ပုရေဇာတ (၆)မျိုး ဖြစ်ပါတယ်။ပစ္ဆာဇာတ (၄)က ပစ္ဆာဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတရယ်လို့ (၄ မျိုး ဖြစ်ပါတယ်။ ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မက တစ်မျိုးသာ ဖြစ်ပါတယ်။ရုပ်အာဟာရ (၃)မျိုးက အာဟာရ၊ အတ္ထိ၊ အဝိဂတ (၃)မျိုး။ ရူပဇီဝိတိန္ဒြိယ (၃)မျိုးဟာလဲ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ (၃)မျိုးဖြစ်ပါတယ်။

သဟဇာတ ပုရေဇာတ မိဿက (၃)လို့ ဆိုတာက နိဿယ၊ အတ္ထိ၊ အဝိဂတ ဒီ (၃)ပစ္စည်းမှာသာလျှင် ရပါတယ်။ ပစ္ဆာဇာတာဟာရ မိဿက (၂)က အတ္ထိ၊ အဝိဂတ (၂) ပစ္စည်းမှာ ရပါတယ်။ တိုနည်းတူစွာ ပစ္ဆာဇာတိန္ဒြိယ မိဿက (၂)ဟာလဲ အတ္ထိ၊ အဝိဂတ (၂)ပစ္စည်းမှာသာလျှင် ရပါတယ်။ ဒါက တပည့်တော်တို့ ဇယားမှာ ရှိတဲ့ ပစ္စယုဒ္ဒါရ ထုတ်ပုံပါ။

အဋ္ဌကထာဆရာကြီးက ပစ္စယုဒ္ဒါရကို တပည့်တော်တို့ ဇယားမှာ ရှိတဲ့ မျိုးအားဖြင့် ထုတ်ပြတာက ပဌမ တပည့်တော်တို့ဇယားကို ကြည့်လိုက်ရင် ကုသိုလ်က ကုသိုလ်အား ကျေးဇူးပြုတဲ့အခါ အမှတ်ကလေး လိုက်ကြည့်ရင် အာရမ္မဏ ရှိတယ်၊ သဟဇာတ ရှိတယ်၊ ဥပနိဿယ ရှိတယ်။ (၃)ပစ္စည်း ရပါတယ်။ အဲဒီပစ္စည်းတွေကတော့ အားလုံးကုန် ပါဠိတော်မှာ ဟောထားသဖြင့် ရတဲ့ပစ္စည်းတွေကို အကုန်လုံးပဲ အဋ္ဌ

ကထာ ဆရာကြီးဟာ ပြပါတယ်။ အဲဒီ ပထမအချက်မှာ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယလို့ ဆိုတဲ့ (၃) ပစ္စည်းနှင့် ပစ္စည်းပေါင်း ဘယ်လောက်လဲလို့ဆိုရင် (၁၉)ပစ္စည်း ရပါတယ်။ (၁၉)ပစ္စည်းဟာ ဘယ်သူလဲ?။ အာရမ္မဏက တစ်ပစ္စည်း ယူပါတယ်။ တပည့်တော်တို့ ဇယားမှာ အာရမ္မဏကို (၃)ပစ္စည်း ယူထားပါတယ်။ သဟဇာတက နဟေတုပစ္စည်းကို ထုတ်ခြင်းကြောင့် ဟေတုပစ္စည်းကို ထုတ်မပြတော့ဘူး။ အဲဒါကို မူလဋီကာဆရာကြီးက ဘာပြောသလဲဆိုတော့ ပစ္စယုဒ္ဓါရ ဆိုတာ နဟေတုပစ္စည်းအတွက်သာ ထုတ်တာ မဟုတ်ပါဘူး၊ အားလုံးကုန် ပဋ္ဌာန်းတကျမ်းလုံးမှာ ရှိင်ရာပစ္စည်းတွေနဲ့ အကုန်လုံးသက်ဆိုင်နေပါလိမ့်မယ်တဲ့။ နဟေတုပစ္စည်းကို ကြည့်နေစရာ မလိုပါဘူးတဲ့။ ဘာ့ကြောင့်လဲဆိုတော့ ဒုကပဋ္ဌာန်း နဟေတုပစ္စနိက်မှာ "ဟေတုဓမ္မော ဟေတုဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ဥပနိဿယ ပစ္စယေန ပစ္စယော"လို့ သဟဇာတလဲ ဟောထားပါတယ်တဲ့။ ဒါကြောင့် ပစ္စယုဒ္ဓါရရဲ့ လက္ခဏာလို့ ဆိုတာ ဒီပစ္စည်းတခုထဲနဲ့သာ ဆိုင်တာမဟုတ်ပါဘူး။ အားလုံးကုန် ပစ္စည်းတွေနဲ့ ဆိုင်သဖြင့် ဟေတုကိုလဲ မကြည့်သင့်ပါဘူးလို့ ပြတယ်။ အဲဒီတော့ ဋီကာပြတာ အသာထား၊

အဋ္ဌကထာဆရာကြီး ဝိနိစ္ဆိုချက်ကို ပြောပြပါမယ်။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေနပစ္စယော လို့ ဟောတဲ့ ပထမအချက်မှာ အာရမ္မဏအတွက် အာရမ္မဏ (၁) ပစ္စည်းကိုသာ ယူပါတယ်။ သဟဇာတအတွက် သဟဇာတ (၁၅) မျိုးထဲက ဟေတု၊ ဝိပါက၊ ဝိပ္ပယုတ္တကိုကြည့်ပြီး ကျန် (၁၂)ပစ္စည်းကို ယူပါတယ်။ ဥပနိဿယကျတော့ အနန္တရူပနိဿယကို သီးခြားမပြပဲ ဥပနိဿယဟာ (၉)မျိုးရှိတယ်။ (၉) မျိုးဆိုတာ "အဓိပတိဘူတော အာရမ္မဏ ပစ္စယော၊ အာရမ္မဏဘူတောစ အဓိပတိပစ္စယော အာရမ္မဏူပနိဿယ-ဝသေန ဥပနိဿယမေဝ အနုပဝိဋ္ဌော"လို့ ဆိုသဖြင့် အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယ (၂) ပစ္စည်းကို ယူရပါတယ်။ ဒီ (၂) ပစ္စည်းထဲမှာ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ (ပကတူပနိဿယ) အာ

သေဝန၊ နာနာက္ခဏိကကမ္မ၊ နတ္ထိ၊ ဝိဂတလို့ (၄)ပစ္စည်း ထည့်လိုက်ရင် ဥပနိဿယ (၉)မျိုး ဖြစ်ပါတယ်။

ဥပနိဿယအတွက်ဥပနိဿယ (၉)မျိုးထဲက အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ၊ ပကတူပနိဿယ (၃)မျိုးကို ပေါင်းပြီး ဥပနိဿယ (၁) ပစ္စည်းကို ယူပါ။ နာနာက္ခဏိက ကမ္မကိုတော့ ကုသလော ကုသလဿဖြစ်လို့ ပယ်လိုက်ပါ။ ထိုအခါ ဥပနိဿယ (၁) ပစ္စည်းနဲ့ အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ (၅) ပစ္စည်းကို ပေါင်းပြီး (၆) ပစ္စည်းကို ယူပါ။ ဒီတော့ အာရမ္မဏက (၁) ပစ္စည်း၊ သဟဇာတက (၁၂) ပစ္စည်း၊ ဥပနိဿယက (၆) ပစ္စည်း ရလေတော့ (၃) ပစ္စည်းအတွက် (၁၉) ပစ္စည်း ရပါတယ်တဲ့။ မူလဋီကာကတော့ ဟေဟု မကြည့်ရဘူး၊ ပစ္စည်း (၂၀)လို့ ပြပါတယ်။ ဇယားမှာ ဒီအတိုင်း ရှိပါတယ်။

ဒုတိယ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုတဲ့နေရာမှာ တပည့်တော်တို့ ဇယားထဲက အမှတ်ကလေးတွေ ကြည့်လိုက်တော့ အာရမ္မဏရယ်၊ ဥပနိဿယရယ်လို့ (၂)မျိုး ရတယ်။ အာရမ္မဏက (၃)ပစ္စည်း ရပါတယ်။ ဥပနိဿယက ပကတူပ နိဿယ တစ် ပစ္စည်းသာ ရပါတယ်။ ဒီမှာတော့က အာရမ္မဏ၊ ဥပနိဿယလို့ (၂) ပစ္စည်း ရတယ်။ အဲဒီ (၂)ပစ္စည်းနဲ့ (၃)ပစ္စည်းကို ပြပါတယ်ဝဲ့။ (၃)ပစ္စည်းပြတယ်လို့ ဆိုတာ အာရမ္မဏကို ယူတယ်။ အာရမ္မဏက တမျိုးပဲ ယူပါတယ်။ ဥပနိဿယ အတွက်ကျတော့ အာရမ္မဏာ ဓိပတိရယ်၊ ပကတူပ နိဿယရယ်။ အာရမ္မဏာ ဓိပတိနဲ့ ပကတူပ နိဿယ ဒီ(၃)ပစ္စည်းကို ယူပါတယ်။

ကုသလော အဗျာကတဿကျတော့ တပည့်တော်တို့ ဇယားမှာ (၅)ပစ္စည်းရှိပါတယ်။ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပစ္ဆာဇာတ၊ ကမ္မ။ အဲဒီ (၅)ပစ္စည်းနဲ့ ပစ္စည်းပေါင်း ဘယ်လောက်ရမလဲ။ (၁၈)ပစ္စည်းပဲ ရမယ်။ အာရမ္မဏမျိုးထဲက အာရမ္မဏတခုပဲ ယူပါတယ်။ သဟဇာတမျိုးထဲက ဟေတုတော့မပါလို့ သဟဇာတ (၁၄) မျိုးပဲရှိပါတယ်။ အဋ္ဌကထာသရာ အလိုအရ ကမ္မ၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက နှုတ်လိုက်ရင် သဟဇာတ (၁၀) မျိုး ရပါတယ် ။ဥပနိဿယ

မျိုးကျတော့ အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ ဥပနိဿယရယ်လို့ (၅)မျိုးယူပါတယ်။ ပစ္ဆာဇာတကို မျိုးစဉ်နဲ့ ပြစဉ်က (၄) မျိုးလို့ ပြပါတယ်။ ဒါပေမယ့် ဒီမှာတော့ ပစ္စည်းနဲ့ယူသဖြင့် ပစ္ဆာဇာတကို တစ်ပစ္စည်းပဲ ယူပါတယ်။ ကမ္မကိုလဲ တစ်ပစ္စည်းပဲ ယူပါတယ်။ ဒါကြောင့် (၁၈)ပစ္စည်း ဖြစ်နေပါတယ်။

ကုသလော ကုသလဿ ဗျာကတဿကျတော့ သဟဇာတတစ်မျိုးပဲ ရတယ်။ သဟဇာတ တစ်မျိုးထဲ ရတော့ကာ (၁၄)ပစ္စည်းထဲက ဟေတု၊ အညမည၊ သမ္ပယုတ္တ၊ ဝိပါက၊ ဝိပ္ပယုတ္တ နှတ်၍ (၁၀)ပစ္စည်း ရပါတယ်တဲ့။ အကုသလော အကုသလဿ စတဲ့ (၄)ချက် ဟာလဲပဲ ကုသလော ကုသလဿစတဲ့ (၄)ချက်နဲ့ တူပါတယ်လို့ ပြောတယ်။ အဲဒါကို ဋီကာဆရာကြီးက အကုသလော ကုသလဿကျရင် အာရမ္မဏာ ဓိပတိ မရဘူး။ ဒါတင်မကဘူး။ အကုသလော အဗျာကတဿ ဆိုရင်လဲ အာရမ္မဏာဓိပတိ မရသဖြင့် ကုသလော အကုသလဿတုန်းကလို (၃)ပစ္စည်း စသည်ကို မရပါဘူးတဲ့။

ပြီးတော့မှ အဗျာကတော အဗျာကတဿကျတော့ကာ (၇) ပစ္စည်း ရှိပါတယ်။ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယတဲ့။ (၇)ပစ္စည်း။ အဲဒီ (၇)ပစ္စည်းနဲ့ (၂၃)ပစ္စည်း။ (၂၃)ပစ္စည်းက အာရမ္မဏ တစ်ပစ္စည်းယူပါတယ်။ အာရမ္မဏမျိုးထဲက၊ သဟဇာတမျိုးထဲက အာဟာရရယ်၊ ဣန္ဒြိယရယ် ဟိုက နဟေတုဆိုတော့ ဒီ(၃)ခုကို ကြည့်လိုက်တော့ သဟဇာတ (၁၂) မျိုး ရပါတယ်။ ဥပနိဿယက အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ ဥပနိဿယ၊ အာသေဝနလို့ (၆)ပစ္စည်း ယူပါတယ်။ ပုရေဇာတကျတော့ တစ်ပစ္စည်းပဲ ယူပါတယ်။ ပစ္ဆာဇာတမှာလဲ တစ်ပစ္စည်း၊ အာဟာရမှာလဲ တစ်ပစ္စည်းပဲ ယူပါတယ်။ ဣန္ဒြိယမှာလဲ တစ်ပစ္စည်းပဲ ယူပါတယ်။

အဲဒီတော့ ဒီ အဗျာကတော အဗျာကတဿမှာ ဒီက အာဟာရ ပစ္စယေန ပစ္စယောဟူ၍ ဟောမှာဖြစ်ခြင်းကြောင့် ဟိုက သဟဇာတမျိုးထဲက အာဟာရကိုလဲ မယူဘူး၊ ဣန္ဒြိယကိုလဲ မယူပါဘူး။

အဗျာကတော ကုသလဿကျတော့ အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတရယ်လို့ (၃)ပစ္စည်း ဟောပါတယ်။ အာရမ္မဏ တစ်မျိုး ယူပါတယ်။ ဥပနိဿယ၊ ဒီမှာ အာရမ္မဏာဓိပတိရယ်၊ အနန္တရ (၄) ရယ်၊ ဥပနိဿယ (၆)မျိုး ယူပါတယ်။ ပုရေဇာတ ကျပြန်တော့ ပုရေဇာတ (၅)မျိုး ယူထားပါတယ်။ ဒါ့ကြောင့် (၁၂) ပစ္စည်း ဖြစ်ပါတယ်။

ကုသလာ ဗျာကတော ကုသလဿ ကျတော့ကာ သဟဇာတံ၊ ပုရေဇာတံလို့ ဟောပြီးထားခြင်းကြောင့် သဟဇာတ ပုရေဇာတ မိဿကအရ သဟဇာတက တစ်ပစ္စည်း၊ ပုရေဇာတက တစ်ပစ္စည်း ရယ်လို့ (၂)ပစ္စည်း ယူထားပါတယ်။ သဟဇာတ၊ ပုရေဇာတ မိဿကကျတော့ နိဿယ၊ အတ္ထိ၊ အဝိဂတဆိုပြီး (၃) ပစ္စည်း ယူပါ တယ်။

ကုသလာ ဗျာကတော အဗျာကတဿကျတော့ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံဆိုတော့ သဟဇာတ (၁) ပစ္စည်း၊ ပစ္ဆာဇာတ (၁)ပစ္စည်း၊ အာဟာရ (၁)ပစ္စည်း၊ ဣန္ဒြိယ(၁)ပစ္စည်း ရယ်လို့ (၄)ပစ္စည်း ယူထားပါတယ်။ အဲဒါက အဋ္ဌကထာဆရာကြီးရဲ့ ထုတ်ပြချက်အရပါ။ ဒါကို တဖန်ဆုံးသွားတဲ့အခါကျတော့ မူလဋီကာ ဆရာကြီးက ဘာကလေး ပြပြန်သလဲဆိုရင် တပည့်တော်တို့ ပဋ္ဌာဝါရ ပစ္စနိက်ဇယား ကြည့်လိုက်ရင် အားလုံးကုန် အာရမ္မဏ၊ သဟဇာတ၊ အနန္တရူပနိဿယ၊ ပကတူပ နိဿယ၊ ပုရေ၊ ပစ္ဆာ၊ ကံ၊ ဟာ၊ ဣ၊ မိဿက (၃)ဆိုတော့ (၁၂)ရှိပါတယ်။ မူလဋီကာဆရာကြီးက ကြံဆ ချက်ကလေးတခု ပြပါတယ်။ သင်္ဂြိုဟ်ဆရာဟာ မူလဋီကာဆရာကြီးရဲ့ စကားကို ယူပြီး ဘာသိုသလဲ?။ အာရမ္မဏူပနိဿယ ကမ္မတ္ထိ ပစ္စယေ သုစ သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ ပစ္စည်းတွေဟူသမျှ အာ ရုံဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိထဲမှာ အကုန်လုံး ဝင်နိုင်ပါတယ်လို့ သိုတယ်။ ဝင်နိုင်သလား၊ မဝင်နိုင်ဘူးလားဆိုရင် အာရမ္မဏက သူ့ ဟာနဲ့သူ လာပါတယ်။ သဟဇာတ ကြည့်ရင် သဟဇာတတ္ထိရယ်လို့ ရှိပါတယ်။ အတ္ထိထဲ ဝင်ပါတယ်။ ဥပနိဿယက သူ့ဟာနဲ့သူ လာပါ တယ်။ ပုရေဇာတ၊ ပစ္ဆာဇာတတွေဟာ အတ္ထိမှာ ရှိပါတယ်။ ကမ္မ သူ့ဟာသူ နေပါတယ်။ အာဟာရ၊ ဣန္ဒြိယနဲ့ မိဿက (၃) တွေက

အဘိုတွေထဲမှာ ဝင်ပါတယ်။ အဲဒီတော့ မူလဋီကာဆရာကြီး ပြောခဲ့တဲ့အတိုင်း အားလုံးကုန် ပစ္စည်းတွေကို အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ၊ အတ္ထိထဲ သွင်းမယ်လို့ဆိုရင် အကုန်လုံး ဝင်နိုင်ပါတယ်။ အဲဒီလို ဝင်နိုင်ခဲ့လို့ရှိရင် ဘာဖြစ်လို့ အတ္ထိ ပစ္စယေန ပစ္စယောလို့ (၄) ပစ္စည်းတဲ့နဲ့ ပစ္စယုဒ္ဒါရကို မထုတ်သလဲ။ ဒါက မူလဋီကာဆရာရဲ့ ကြံဘချက်ပါ။

ပြီးတော့ သူက ရှင်းပြတာက (၄) ပစ္စည်းထဲ ယူပြီး အတ္ထိ ပစ္စယေန ပစ္စယောလို့ ထုတ်လိုက်ပါပြီတဲ့။ ထုတ်လိုက်ရင် ဘယ်လိုလာဖြစ်မလဲ။ အတ္ထိပစ္စည်းမှာရှိတာက အာရမ္မဏလဲရှိတယ်။ သဟ၊ ပုရေ၊ ပစ္ဆာ၊ ဟာ၊ ကုံနဲ့ မိဿက (၃)တွေလဲရှိတယ်။ အာရမ္မဏစတဲ့ မျိုးတွေကတော့ သုဒ္ဓဖြစ်ပါတယ်။ သဟ၊ ပုရေ စသည်တွေကတော့ မိဿကဖြစ်ပါတယ်။ အတ္ထိ ပစ္စယေန ပစ္စယော ဟောလိုက်ရင် ဒါဘာအတ္ထိလဲ။ သုဒ္ဓဖြစ်တဲ့ အာရမ္မဏ၊ သဟဇာတ အစရှိတဲ့ အတ္ထိကို ယူရမှာလား?။ သဟဇာတ၊ ပုရေဇာတ၊ မိဿက အစရှိတဲ့ မိဿကတွေကို ယူရမှာသားလို့ဆိုတာကို သီးခြားပြီး ခွဲခြားပြီး မသိနိုင်ပါဘူး။ သိဖို့ရာလဲ အလွန်တရာ မလွယ်ကူပါဘူးတဲ့။ အဲဒါကြောင့် မထုတ်တာပါတဲ့။ သဟဇာတ ပစ္စယေန ပစ္စယောလို့ သရုပ်ထုတ်ပြီး ဟောတဲ့အခါ ဒါဟာ သုဒ္ဓပဲ၊ ဒါဟာ မိဿကပဲရယ်လို့ အတ္ထိပစ္စည်းရဲ့ အသူးကို သိနိုင်ပါတယ်တဲ့။ အဲဒါကြောင့် (၄)ပစ္စည်းထဲမှာ ဝင်ပေတယ်လို့ ပစ္စယုဒ္ဒါရထုတ်တဲ့အခါမှာ ဒီ(၄)ပစ္စည်းနဲ့ မထုတ်ပဲနဲ့ (၁၂)မျိုးအားဖြင့် ပစ္စယုဒ္ဒါရကို ထုတ်ပြီး ပြပါတယ်တဲ့။

ဒီတော့ အဋ္ဌကထာဋီကာများရဲ့ မိန့်ဆိုချက်ကလေးတွေကို ဗဟုသုတလဲ ရှိအောင်ဆိုပြီး တပည့်တော်လဲ ပင်ပင်ပန်းပန်းဝံကာ ကြည့်ရှုပြီးတော့ ပြောခဲ့ပါတယ်။ တပည့်တော်တို့အနေနဲ့ဆိုရင် ဒီဇယားဟာ အင်မတန်ပဲ လွယ်ကူပါတယ်။ အဲဒီတော့ ပစ္စယုဒ္ဒါရ ဇယားကို ပြန်ပြီး ကြည့်ကြပါဦးစို့။

ဒီပစ္စယုဒ္ဒါရဇယားဟာ ဘယ်က လာသလဲဆိုတော့ တပည့်တော်တို့ သုဒ္ဓသင်္ချာသာ ရမယ်ဆိုရင် ပစ္စယုဒ္ဒါရဟာ ဇယားကို မကြည့်ပဲနဲ့ အလိုလို ဖြေနိုင်ပါတယ်။ တပည့်တော် ခင်ဦး နေစဉ်တုန်းက

သာမဏေကလေးတပါး မကြီးသေးပါဘူး၊ ၁၀ နှစ်သား အရွယ်လောက် ရှိသေးတယ်။ သုဒ္ဓသင်္ချာကို အင်မတန် ကျေပါတယ်။ ပစ္စယုဒ္ဒါရဆိုတာ သူ ဘာမှန်းနားမလည်ပါဘူး၊သိလဲ မသိပါဘူး။တပည့်တော်က သူ့ကို ပြောတယ်။ ''ကိုင်း ကိုရင်၊ ပစ္စယုဒ္ဒါရ ထုတ်ရလိမ့်မယ်၊ ပစ္စယုဒ္ဒါရထုတ်တော့ မင်း ယခုကျက်ထားတဲ့ သုဒ္ဓသင်္ချာတွေထဲမှာ ကုသလော ကုသလဿကို မျိုးအားဖြင့် ဘာမျိုးကို အရင်ထုတ်ရတယ် ဆိုတာကို ပြောစမ်း။ မင်း အခု ကျက်ထားတဲ့ သုဒ္ဓသင်္ချာထဲမှာ အာရမ္မဏမျိုး၊ သဟဇာတမျိုး စသည်တွေ ရှိတယ် မဟုတ်ဘူးလား။ အဲဒီတော့ အာရမ္မဏမျိုးထဲက ရသလား၊ သဟဇာတမျိုးထဲက ရသလား၊ ဥပနိဿယမျိုးထဲက ရသလား။ အဲဒါ ရတာကို အရင်ပြောစမ်း''လို့ မေးတော့ သူ့ဟာသူ ပြောပြပါတယ်။''ကိုင်း ကောင်းပြီ၊ ဒါဖြင့်ရင် အာရမ္မဏမျိုးထဲက ရရင် မင်းကျက်ထားတဲ့ အာရမ္မဏ သုဒ္ဓသင်္ချာထဲမှာ ဘယ်နှစ်ပိုဒ်ရှိသလဲ။ အဲဒီအပိုဒ်တွေထဲက ဘယ်ပစ္စည်း ဘယ်ပစ္စည်းတွေ ရသလဲ''သူ တခါတည်း ပြောပြနိုင်ပါတယ်။ သူ့ကိုလဲ ဘယ်လိုလုပ်၊ ဘယ်လိုထုတ်ဆိုတာ ပြောဖို့ ဇယားလဲ မရှိပါဘူး။ ညကို အနှိပ်ခံရင်းနဲ့ ဒီကိုရင်ကလေးကို နှုတ်နဲ့ပြောပြပါတယ်။ အဲဒါ ဘာလဲလို့ ဆိုရင် သုဒ္ဓသင်္ချာ ကျေနေလို့ဖြစ်တယ်။ သုဒ္ဓသင်္ချာ ကျေညက်နေရင် ပစ္စယုဒ္ဒါရကိစ္စဟာ ပြီးပါတယ်။ ဘယ်လို ပြီးတယ် ဆိုတာကို တပည့်တော် နှုတ်နဲ့ပြောပြပါ့မယ်။

ဇယားမှာ ကြည့်လိုက်ရင် အာရမ္မဏဟာ တပည့်တော်တို့ရဲ့ သုဒ္ဓသင်္ချာအတိုင်း ၉၀ ရှိပါတယ်၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ သင်္ချာ သတ္တ။အာပုန္နဲ့ ဝတ္ထာမှာ သင်္ချာတိကံ စသည်ရှိကြောင်း ပြထားပါတယ်။ ပြီးတော့ သဟဇာတမျိုးတွေကို ကြည့်လိုက်စမ်းပါ။ ဒီသဘောအတိုင်းပါပဲ။ အနန္တရူပမျိုး၊ ပကတူပမျိုး ကြည့်လိုက်၊ ဒီအတိုင်းပဲ။ အကုန်လုံး သုဒ္ဓသင်္ချာက ဖြစ်တဲ့ ဇယားတွေကို လက်ဝဲလက်ယာ အလျားလိုက် ကြည့်လိုက်ခဲ့လို့ရှိရင် ဒါဟာ သုဒ္ဓသင်္ချာပါပဲ။ ယခု ပစ္စယုဒ္ဒါရ ထုတ်တာကတော့ အထက်အောက် ထုတ်ပါတယ်။ အထက်အောက် ကြည့်တဲ့အခါမှာ ဒီသင်္ချာတွေဟာ ဘယ်လို လာပြီး ဖြစ်နေသလဲ?၊ ဘယ်ပစ္စည်း ရပြီးနေသလဲဆိုတာကို အထက်အောက်

ကြည့်ခြင်းအားဖြင့် သိပါလိမ့်မယ်။ ဒီတော့ တပည့်တော်တို့ ပစ္စယုဒ္ဒါရကို ဆိုကြပါစို့။

## ပစ္စယုဒ္ဒါရ ဆိုရိုး

ကုသလော ကုသလဿမှာ အမှတ်ကလေး ကြည့်ရပါလိမ့်မယ်။ အာရမ္မဏ ရသလား၊ သဟဇာတ၊ ဥပနိဿယ၊ ပုရေ၊ ပစ္ဆာ ဆိုတဲ့ ရေးထားတဲ့ အစီအစဉ် ကြည့်ရပါမယ်။ အာရမ္မဏ ရရင် အာရမ္မဏ ပစ္စယေန ပစ္စယော သို့။ သဟဇာတ ရရင်လဲ ဒီအတိုင်း ဆိုပါ။ ယခု ဆိုပြမယ်။

## ကုသလပဒ (၄)ချက်

ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော။ ။ကုသလော ကုသလဿ ၌ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ ဤ (၃)ပစ္စည်းကို ထုတ်အပ်၏။

အာရမ္မဏအတွက် (၃)ပစ္စည်းရှိပါတယ်။ ဂဏန်းကလေး ကြည့်ပြီး သူ့ပစ္စည်း ဆိုရပါတယ်။ သဟဇာတအတွက် ဝိပါကနဲ့ သဟဇာတ ဝိပ္ပယုတ္တ ချန်လိုက်တော့ ကျန်တဲ့ပစ္စည်းရေဟာ (၁၃)ပစ္စည်း ရှိပါတယ်။ အဲဒီ (၁၃)ပစ္စည်းကို သဟဇာတ (၁၅)မျိုးရဲ့ ပစ္စည်းစဉ် အတိုင်း ဆိုရပါလိမ့်မယ်။ ဥပနိဿယမှာ အနန္တရူပ နိဿယ၊ ပကတူပ နိဿယရယ်လို့ (၂)မျိုးရှိတဲ့အနက် အနန္တရူပမှာ (၅+၁)လို့ ရှိတော့ (၆)ပစ္စည်းကို ဆိုရပါတယ်။ ပကတူပ နိဿယမှာ (၁)လို့ ဆိုရင် တစ်ပစ္စည်းပဲ ဆိုရပါတယ်။ ကျန်တာတွေမှာလဲ ဒီသဘောအတိုင်း ဖြစ်ပါတယ်။

အာရမ္မဏဖြင့် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤ (၃)ပစ္စည်းကို ပြအပ်၏။ သဟဇာတဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၃)ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် အနန္တရူပနိဿယ၊ ပကတူပ နိဿယ ဤ(၂)ပစ္စည်းကို

ထုတ်အပ်၏။ (အနန္တရူပနိဿယမှာ ၅+၁=၆ ပစ္စည်း ရှိပါတယ်)။ အနန္တရူပနိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ (၆)ပစ္စည်းကို ပြအပ်၏။ ပကတူပ နိဿယဖြင့် ပကတူပ နိဿယ (၁)ပစ္စည်းကိုသာ ပြအပ်၏။

ကုသလော အကုသလဿမှာ အာရမ္မဏနဲ့ ဥပနိဿယ ဒီ (၂) မျိုးသာ ရှိပါတယ်။ (၂)မျိုးသာရှိတော့ ပစ္စနိက်ကျရင် ဒီ ကုသလော အကုသလဿအတွက် န အာရမ္မဏဆိုရင် ဥပနိဿက ကျန်နေပါသေးတယ်။ ရပါသေးတယ်။ န ဥပနိဿယ ဆိုရင် အာရမ္မဏက ကျန်ပါသေးတယ်။ ဒီလို မဟုတ်ပဲနဲ့ န အာရမ္မဏ၊ န ဥပနိဿယလို့ ဟောတဲ့အခါမှာ ဒီ ကုသလောအကုသလဿ သင်္ချာကိုမရတော့ပါဘူး။

ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော။ ။ကုသလော အကုသလဿ ၌ အာရမ္မဏ၊၊ ဥပနိဿယ ဤ (၂)ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ၊ အာရမ္မဏာ ဓိပတိ၊ အာရမ္မဏူပ နိဿယ ဤ (၃)ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် ပကတူပ နိဿယ (၁) ပစ္စည်းကိုသာ ပြအပ်၏။

ကုသလော အဗျာကတဿမှာ အမှတ်ကလေးတွေကိုကြည့်ရင် အာမှာ ရှိတယ်၊ သဟမှာ ရှိတယ်၊ ဥပမှာ ရှိတယ်၊ ပစ္ဆာမှာ ရှိတယ်၊ ကမ္မမှာ ရှိတယ်။ ဒါကြောင့် အောက်က ရေးထားတဲ့ (၅)အတိုင်း (၅)ပစ္စည်း ဆိုရပါတယ်။

ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော၊ ကမ္မ ပစ္စယေန ပစ္စယော။ ။ ကုသလော အဗျာကတဿ၌ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပစ္ဆာဇာတ၊ ကမ္မ ဤ (၅) ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယ ဤ (၃)ပစ္စည်းကို ပြအပ်၏။ [သဟဇာတကျတော့ သဟဇာတအငယ်က (၇)၊ အကြီးက (၄)၊ သဟဇာတ ဝိပ္ပယုတ္တ (၁၂)ပစ္စည်း ရှိပါတယ်။ အဲဒါကို ပစ္စည်းစဉ်ကလေး ဆိုရပါတယ်။] သဟဇာတဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊

အတ္ထိ၊ အဝိဂတ ဤ(၁၂)ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် အနန္တရူပနိဿယ၊ ပကတူပနိဿယ ဤ (၂) ပစ္စည်းကို ထုတ်အပ်၏။ [အနန္တရူပနိဿယမှာ အနန္တရ (၅)နဲ့ အနန္တရကမ္မ (၆) ပစ္စည်း ရပါတယ်။] အနန္တရူပနိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ကမ္မ၊ နတ္ထိ၊ ဝိဂတ ဤ (၆)ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် ပကတူပနိဿယ၊ ဗလဝ နာနာက္ခဏိက ကမ္မ ဤ (၂)ပစ္စည်းကို ပြအပ်၏။ ပစ္ဆာဇာတဖြင့် ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတ အဝိဂတ ဤ(၄)ပစ္စည်းကို ပြအပ်၏။ ကမ္မဖြင့် ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မ (၁)ပစ္စည်းကိုသာ ပြအပ်၏။

ကုသလော ကုသလာဗျာကတဿမှာ သဟဇာတနဲ့သာ ဆိုင်ပါတယ်။ န သဟဇာတလို့ဆိုရင် ဒီသင်္ချာကို မရတော့ဘူး။ အကုသလော အကုသလာဗျာကတဿလဲ အတူတူပါပဲ။

ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတပစ္စယေန ပစ္စယော။ ကုသလော ကုသလာဗျာကတဿ၌ သဟဇာတ (၁)ပစ္စည်းကိုသာ ထုတ်အပ်၏။ [ဒီမှာ သဟဇာတမှာ အငယ် အကြီး (၁၁)ပစ္စည်း ရှိပါတယ်။ ပစ္စည်းစဉ်ကလေး ဆိုရုံပါပဲ။] သဟဇာတဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤ(၁၁)ပစ္စည်းကို ပြအပ်၏။

## အကုသလ ပဒ (၄) ချက်

အကုသလော အကုသလဿဟာ ကုသလော ကုသလဿနဲ့ တူပါတယ်။ အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော။ ။အကုသလော အကုသလဿ၌ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ ဤ(၃)ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ၊ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပနိဿယ ဤ(၃)ပစ္စည်းကို ပြအပ်၏။(သဟဇာတက ၁၁+၂ = ၁၃ ရှိပါတယ်။) သဟဇာတဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ကမ္မ၊ အာဟာရ၊

ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၃)ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် အနန္တရူပ နိဿယ၊ ပကတူပ နိဿယ ဤ (၂)ပစ္စည်းကို ထုတ်အပ်၏။ အနန္တရူပ နိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ (၆)ပစ္စည်းကို ပြအပ်၏။ ပကဘူပနိဿယဖြင့် ပကတူပ နိဿယ (၁)ပစ္စည်းကိုသာ ပြအပ်၏။

အကုသလော ကုသလဿကျတော့ ကုသလော အကုသလဿ တုန်းက အာဓိ၊ အာရမ္မဏ ရပါတယ်။ ဒီမှာကျတော့ မရပါဘူး။ အာရမ္မဏ (၁)ပစ္စည်းပဲ ရပါတယ်။ ဥပနိဿယကလဲ ပကတူပ နိဿယ (၁)ပစ္စည်းပဲ ရပါတယ်။

အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော။ ။အကုသလော ကုသလဿ၌ အာရမ္မဏ၊ ဥပနိဿယ ဤ(၂)ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ (၁) ပစ္စည်းကိုသာ ပြအပ်၏။ ဥပနိဿယဖြင့် ပကတူပနိဿယ (၁)ပစ္စည်းကိုသာ ပြအပ်၏။

အကုသလော အဗျာကတဿကိုလဲ ထိုနည်းတူစွာ အာဓိတို့၊ အာရမ္မဏတို့ မရပါဘူး။

အကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော၊ ကမ္မ ပစ္စယေန ပစ္စယော။ ။ အကုသလော အဗျာကတဿ၌ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပစ္ဆာဇာတ၊ ကမ္မ၊ ဤ (၅) ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ (၁) ပစ္စည်းကိုသာ ပြအပ်၏။ [သဟဇာတကျတော့ ၇+၄+၁=(၁၂)ပစ္စည်း ရှိပါတယ်။] သဟဇာတဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၂) ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် အနန္တရူပနိဿယ၊ ပကတူပနိဿယ ဤ (၂)ပစ္စည်းကို ထုတ်အပ်၏။ [အနန္တရူပနိဿယက အာသေဝနနဲ့ မဆိုင်တော့ပါဘူး။ (၅)

ပစ္စည်းပဲ ရပါတယ်။] အနန္တရူပနိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤ (၅)ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် ပကတူပနိဿယ၊ ဗလဝနာနာက္ခဏိက ကမ္မ၊ ဤ (၂) ပစ္စည်းကို ပြအပ်၏။ ပစ္ဆာဇာတဖြင့် ပစ္ဆာဇာတ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတ အဝိဂတ။ ဤ(၄)ပစ္စည်းကို ပြအပ်၏။ ကမ္မဖြင့် ဗလဝဒုဗ္ဗလနာနာက္ခဏိက ကမ္မ တစ်ပစ္စည်းကိုသာ ပြအပ်၏။

အကုသလော ဓမ္မော အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော။ ။အကုသလော အကုသလာဗျာကတဿ၌ သဟဇာတ တစ်ပစ္စည်းကိုသာ ထုတ်အပ်၏။ သဟဇာတဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊ နိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ အတ္ထိ၊ အဝိဂတ ဤ (၁၁) ပစ္စည်းကို ပြအပ်၏။

## အဗျာကတပဒ (၇)ချက်

အဗျာကတော အဗျာကတဿမှာ ရှစ်မျိုး ရှိတဲ့အနက် ကမ္မ တမျိုးပဲ မရပါဘူး။ ကျန်တာတွေ အကုန်လုံး ရပါတယ်။ (၇)မျိုး ရပါတယ်။

အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယေန ပစ္စယော၊ အာဟာရ ပစ္စယေန ပစ္စယော၊ ဣန္ဒြိယ ပစ္စယေန ပစ္စယော။ [အာရမ္မဏမှာ အာရမ္မဏရှစ်မျိုးလုံး ရပါတယ်။ ရှစ်မျိုးလုံး ရတော့ အာရမ္မဏမျိုး အစဉ်အတိုင်းပဲ ဆိုလိုက်ကြပါစို့။]

အဗျာကတော အဗျာကတဿ၌ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယ၊ ဤ(၇) ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ၊ ဤ (၈)ပစ္စည်းကို ပြအပ်၏။ [သဟဇာတကျတော့ (၁၅)မျိုးလုံး ရပါတယ်။ အဓိ အစဉ် ဆိုရရုံပါပဲ။] သဟဇာတဖြင့် ဟေတု၊ အဓိပတိ၊ သဟဇာတ၊

အညမည၊ နိဿယ၊ ကမ္မ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ သမ္ပယုတ္တ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၁၅) ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် အနန္တရူပ နိဿယ၊ ပကတူပ နိဿယ ဤ (၂)ပစ္စည်းကို ထုတ်အပ်၏။ အနန္တရူပနိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတ ဤ (၆)ပစ္စည်းကို ပြအပ်၏။ ပကတူပ နိဿယဖြင့် ပကတူပနိဿယ (၁) ပစ္စည်းကိုသာ ပြအပ်၏။ ပုရေဇာတဖြင့် [၅+၁=၆ မျိုး ရပါတယ်။ ပုရေဇာတ (၆) မျိုး ပါပဲ။] နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၆)ပစ္စည်းကို ပြအပ်၏၊ ပစ္ဆာဇာတဖြင့် ပစ္ဆာဇာတ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတ အဝိဂတ ဤ(၄)ပစ္စည်းကို ပြအပ်၏။ အာဟာရဖြင့် ရုပ်အာဟာရ၊ ရုပ်အာဟာရတ္ထိ၊ ရုပ်အာဟာရ အဝိဂတ ဤ(၃)ပစ္စည်းကို ပြအပ်၏။ ဣန္ဒြိယဖြင့် ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယ အဝိဂတ ဤ(၃)ပစ္စည်းကို ပြအပ်၏။

အဗျာကတော ကုသလဿ (၃) ပစ္စည်း ရပါတယ်။ အာရမ္မဏ၊ ပုရေဇာတ၊ ဥပနိဿယ။

အဗျာကတော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပုရေဇာတ ပစ္စယေန ပစ္စယော။ ။[အာရမ္မဏကလဲ (၈)မျိုးပါပဲ။]

အဗျာကတော ကုသလဿ၌ အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ ဤ(၃)ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၈)ပစ္စည်းကို ပြအပ်၏။ [အနန္တရူပက (၅)မျိုး ရပါတယ်။ ပကတူပက တစ်မျိုးပါ။] ဥပနိဿယဖြင့် အနန္တရူပ နိဿယ၊ ပကတူပ နိဿယ ဤ (၂)ပစ္စည်းကို ထုတ်အပ်၏။ အနန္တရူပ နိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ၊ ဤ (၅)ပစ္စည်းကို ပြအပ်၏။ ပကတူပနိဿယဖြင့် ပကတူပနိဿယ တစ်ပစ္စည်းကိုသာ ပြအပ်၏။ [ပုရေဇာတ (၅)ပဲ ရှိပါတယ်။] ပုရေဇာတဖြင့် နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ(၅)ပစ္စည်းကို ပြအပ်၏။

အဗျာကတော အကုသလဿမှာလဲ အတူတူပါပဲ။

အဗျာကတော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပုရေဇာတ ပစ္စယေန ပစ္စယော။ ။အဗျာကတော အကုသလဿဌ် အာရမ္မဏ၊ ဥပ နိဿယ၊ ပုရေဇာတ ဤ (၃)ပစ္စည်းကို ထုတ်အပ်၏။ အာရမ္မဏဖြင့် အာရမ္မဏ၊ အဓိပတိ၊ နိဿယ၊ ဥပနိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ ဤ (၈)ပစ္စည်းကို ပြအပ်၏။ ဥပနိဿယဖြင့် အနန္တ ရူပ နိဿယ၊ ပကတူပ နိဿယ ဤ (၂)ပစ္စည်းကို ထုတ်အပ်၏။ အနန္တ ရူပနိဿယဖြင့် အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ နတ္ထိ၊ ဝိဂတ ဤ(၅) ပစ္စည်းကို ပြအပ်၏။ ပကတူပ နိဿယဖြင့် ပကတူပ နိဿယ(၁)ပစ္စည်း ကိုသာ ပြအပ်၏။ ပုရေဇာတဖြင့် နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ ဤ (၅)ပစ္စည်းကို ပြအပ်၏။

## ကုသလာ ဗျာကတ ပဒ (၂) ချက်

အဗျာကတ ပဒ (၃)ချက် ပြီးသွားပါပြီ။ ကုဗျာ–ကု ဆိုတော့ အောက်ဆုံး အောက်နား ကြည့်လိုက်ရင် သဟဇာတံ၊ ပုရေဇာတံလို့ တွေ့ပါလိမ့်မယ်။ အဲဒီတော့ ဒီနေရာမှာ ရှေးတုန်းက အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဟဇာတ ပစ္စယေန ပစ္စယောလို့ ဟောသလို မဟောပဲနဲ့ သဟဇာတပုရေဇာတမိဿက ဖြစ်ခြင်းကြောင့် သဟဇာတံ၊ ပုရေဇာတံရယ်လို့ သေးသေးတင်ကလေးတွေနဲ့ ဟောပါလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီသဟဇာတ ပုရေဇာတ မိဿကဟာ သဟဇာတ သက်သက်လဲ မဟုတ်ဘူး။ ဘာ့ကြောင့်။ ဝတ္ထုရောတယ်။ ဟဒယ ဝတ္ထု ရောနေတယ်။ ဧကော ခန္ဓော စ ဝတ္ထု စ တိဏ္ဏန္နံ ခန္ဓာနံ နိဿယ ပစ္စယေန ပစ္စယော။ အဲဒီလို ဝတ္ထုလေး ရောနေသဖြင့် သဟဇာတ သက်သက်လဲ မဟုတ်ဘူး။ ပြီးတော့ ဟဒယဝတ္ထု ရှိနေသဖြင့် ဒီဝတ္ထု ဟာ ဟိုက ကုသိုလ် နာမက္ခန္ဓာသုံးပါးအား ကျေးဇူးပြုတယ်။ ဒါပေ တယ်လို့ ရှေ့က ဧကော ခန္ဓောဆိုတဲ့ နာမက္ခန္ဓာ ရောနေခြင်းကြောင့် ပုရေဇာတသက်သက်လဲ မဟုတ်ဘူး။ သဟဇာတသက်သက်၊ ပုရေဇာတ သက်သက် မဟုတ်ခြင်းကြောင့် ရှေးတုန်းက ပစ္စယုဒ္ဓါရ ထုတ်ခဲ့သလို အာရမ္မဏ ပစ္စယေန ပစ္စယော စသည် မထုတ်မူ၍ သဟဇာတံ ပုရေဇာ တံလို့ ဒီလို ထုတ်ရပါတယ်။ တပည့်တော်တို့ သင်္ချာမှာ ဒီသဟ

ဇာတ ပုရေဇာတ မိဿကအတွက် ပစ္စည်းရေ (၃)ခု ရခဲ့ပါတယ်။ နိဿယ၊ အတ္ထိ၊ အဝိဂတလို့ ရခဲ့ပါတယ်။ အဲဒီ ပစ္စည်းကိုပဲ ဆိုရပါတယ်။

ကုသလော စ အဗျာကတော စ ဓမ္မာ ကုသလဿ ဓမ္မဿ သဟဇာတံ ပုရေဇာတံ။

သဟဇာတ ပုရေဇာတ မိဿကဆိုတာ (၁)ပစ္စည်းပဲရပါတယ်။ (၂)ကလေး ရေးထားတာကတော့ အဋ္ဌကထာဆရာ အလိုအားဖြင့် ရေးထားတာ ဖြစ်ပါတယ်။

ကုသလာ ဗျာကတော ကုသာလဿ၌ သဟဇာတ ပုရေဇာတ မိဿက (၁)ပစ္စည်း ကိုသာ ထုတ်အပ်၏။ သဟဇာတ ပုရေဇာတ မိဿကဖြင့် နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ(၃)ပစ္စည်းကို ပြအပ်၏။

ကုသလာ ဗျာကတော အဗျာကတဿ ကျတော့ သဟဇာတ အကြီး (၄)ကို သဟဇာတက ရပါတယ်။ ပြီးတော့ သဟာ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ဖြစ်ခြင်းကြောင့် သဟဇာတ ပုရေဇာတ မိဿကမှာ ထုတ်သလို ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံလို့ ဒီလို ထုတ်ရပါလိမ့်မယ်။သဟဇာတမျိုးကတော့ သဟဇာတ သက်သက်ပဲ ရပါတယ်။ ဒါပေမယ့် သဟဇာတ ပစ္စယေန ပစ္စယော၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံလို့ ဒီလိုထုတ်လိုက်ရင် ဝါစာသိလိဋ္ဌ မှုဖြစ်ပါဘူး။ ဘာဖြစ်လို့?။ နောက်က သေးသေးတင်ကလေးတွေနဲ့ ထုတ်သွားပါတယ်။အဲဒါကြောင့် သဟဇာတမျိုး သက်သက်ပင် ရငြား သော်လည်း နောက်က သေးသေးတင်ကလေးတွေနဲ့ ထုတ်ထားတာကို လိုက်၍ ဝါစာသိလိဋ္ဌ ဖြစ်အောင် သဟဇာတအကြီးအတွက်လဲပဲ သဟဇာတံလို့ ဆိုရပါတယ်။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတံ (ဒါ သဟဇာတအတွက်ပါ။) ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ ဒီမှာလဲပဲ (၄)ကလေးကို အဋ္ဌကထာ အလိုအတိုင်း ရေးထားတာပါ။ စင်စစ်တော့ သဟဇာတရယ်၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကလို့ (၃)ချက်ပဲ ရပါလိမ့်မယ်။

ကုသလာ ဗျာကတော အဗျာကတဿ၌ သဟဇာတ၊ ပစ္ဆာဇာ တာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ဤ (၃)ပစ္စည်းကို ထုတ်

အပ်၏။ [သဟဇာတက သဟကြီး (၄) ရပါတယ်။] သဟဇာတဖြင့် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ (၄)ပစ္စည်းကို ပြုအပ်၏။ ပစ္ဆာဇာတာဟာရ မိဿကဖြင့် အတ္ထိ၊ အဝိဂတ၊ ဤ (၂)ပစ္စည်းကို ပြုအပ်၏။ ပစ္ဆာဇာတိန္ဒြိယ မိဿကဖြင့် အတ္ထိ၊ အဝိဂတ ဤ (၂) ပစ္စည်းကို ပြုအပ်၏။

အကုသလာ ဗျာကတ ပဒ (၂)ချက်

အကုဗျာ (၂)ချက်မှာလဲပဲ ကုဗျာ (၂)ချက်နဲ့ အတူတူပါပဲ။

အကုသလော စ အဗျာကတော စ ဓမ္မာ အကုသလဿ ဓမ္မဿ သဟဇာတံ၊ ပုရေဇာတံ။

အကုသလာ ဗျာကတော အကုသလဿဥ္စ သဟဇာတ ပုရေဇာတ မိဿက (၁)ပစ္စည်းကို ထုတ်အပ်၏။ သဟဇာတ ပုရေဇာတ မိဿက ဖြင့် နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ(၃)ပစ္စည်းကို ပြုအပ်၏။

အကုသလော စ အဗျာကတော စ ဓမ္မာ အဗျာကတဿ ဓမ္မဿ သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။

အကုသလာ ဗျာကတော အဗျာကတဿဥ္စ သဟဇာတ၊ ပစ္ဆာ ဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ဤ (၃)ပစ္စည်းကို ထုတ်အပ်၏။ သဟဇာတဖြင့် သဟဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ ဤ (၄)ပစ္စည်းကို ပြုအပ်၏။ ပစ္ဆာဇာတာဟာရ မိဿကဖြင့် အတ္ထိ၊ အဝိဂတ ဤ (၂)ပစ္စည်းကို ပြုအပ်၏။ ပစ္ဆာဇာတိန္ဒြိယ မိဿကဖြင့် အတ္ထိ၊ အဝိဂတ ဤ (၂)ပစ္စည်းကို ပြုအပ်၏။

သင်္ချာ (၁၅)ချက် ရှိတယ်။ ကုသိုလ် (၄) ချက်၊ အကုသိုလ် (၄)ချက်၊ အဗျာကတ (၃)ချက်၊ ကုသလာ ဗျာကတ (၂)ချက်၊ အကုသလာ ဗျာကတ (၂)ချက်။ ကုသလတိက်မှာ ဒါ အများဆုံး ပါပဲ။ အဲဒီ သင်္ချာတွေကို ပစ္စယုဒ္ဓါရ ထုတ်လို့ပြီးပါပြီ။ ပစ္စယုဒ္ဓါရ ထုတ်ပြီးတော့ ဒီပစ္စယုဒ္ဓါရ ထုတ်ရတဲ့အကျိုးဟာ ပစ္စနိက်မှာ ဘယ်လို လာပြီး ကျေးဇူးများတယ်လို့ ဆိုတာကို နောက်အပတ်ကျတော့ ဇယား တခုနဲ့ ပြောပြပါမယ်။

သာဓု၊ သာဓု၊ သာဓု။

# ပစ္စယုဒ္ဒေါရမျိုး သင်္ချာများ

| မျိုးပစ္စည်းများ | ကုပဒ-၄ | | | | အကုပဒ-၄ | | | | ဗျာပဒ-၃ | | | ကုဗျာ ၂ | | အကုဗျာ ၂ | | သင်္ချာ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ကု | အကု | ဗျာ | ကုဗျာ | အကု | ကု | ဗျာ | အကုဗျာ | ဗျာ | ကု | အကု | ကု | ဗျာ | အကု | ဗျာ | |
| | ကု | = | = | = | အကု | = | = | = | ဗျာ | = | = | ကုဗျာ | = | အကုဗျာ | = | |
| အာရမ္မဏ | ။ | ။ | ။ | | ။ | ။ | ။ | | ။ | ။ | ။ | | | | | ၉ |
| သဟဇာတ* | ။ | | ။ | ။ | ။ | | ။ | ။ | ။ | | | | ။ | | ။ | ၉ |
| ဥပနိဿယ | ။ | ။ | ။ | | ။ | ။ | ။ | | ။ | ။ | ။ | | | | | ၉ |
| ပုရေဇာတ* | | | | | | | | | ။ | ။ | ။ | | | | | ၃ |
| ပစ္ဆာဇာတ* | | | ။ | | | | ။ | | ။ | | | | | | | ၃ |
| ဗလဝဒ္ဓုသကမ္မ | | | ။ | | | | ။ | | | | | | | | | ၂ |
| ရုပ်အာဟာရ* | | | | | | | | | ။ | | | | | | | ၁ |
| ရူပဇီဝိတိန္ဒြိယ* | | | | | | | | | ။ | | | | | | | ၁ |
| သဟပုရေမိဿက | | | | | | | | | | | | ။ | | ။ | | ၂ |
| ပစ္ဆာဟာ ။ | | | | | | | | | | | | | ။ | | ။ | ၂ |
| ပစ္ဆာရူ ။ | | | | | | | | | | | | | ။ | | ။ | ၂ |

## ပဋ္ဌာနပါဠိ ပစ္စနီက် သုဒ္ဓသင်္ချာ သံပေါက်

(၁) သ အဉ္ဇ နိ သံ၊ ပေါ်ဒသံ၊ ပုဂ္ဂိ တေရသ။

(၂) ဝိပ် အတ် အပိ၊ နဝရှိ၊ ကြွင်းသိ ပန္နရသ။

### ဒုက သံပေါက်

(၃) အာ ဥ နှပ်၁၊ လျှော့တိုက၊ သင်္ချ တေရသာ။

(၄) ပစ္ဆာ သဟာ၊ လျှော့တိုက၊ သင်္ချ နဝသာ။

### တိကာဒိ သံပေါက်

(၅) အာ ဥ ပုရ၊ လျှော့တိုက၊ သင်္ချ နဝသာ။

(၆) အာ ဥ သဟ၊ လျှော့တိုက၊ သင်္ချ သတ္တသာ။

(၇) အာ ဥ အည၊ လျှော့တိုက၊ သင်္ချ သတ္တသာ။

(၈) အာ ဥ သပ္ပ၊ လျှော့တိုက၊ သင်္ချ သတ္တသာ။

(၉) အာ ဥ သဟ၊ ပုရေဇ၊ လျှော့က ပဉ္စသာ။

(၁၀) အာ ဥ ဝိပ္ပ၊ လျှော့တိုက၊ သင်္ချ ပဉ္စသာ။

(၁၁) အာ ဥ သဟ၊ ပစ္ဆာဇ၊ လျှော့က ပဉ္စသာ။

မှတ်ရန်။ ။န သဟဇာတ န ပုရေဇာတ၌ သဟ ပုရေ မိဿက မရ။
န ပစ္ဆာဇာတ၌ ပစ္ဆာဟာ ပစ္ဆာကို မိဿက မရ။
န အာဟာရ၌ ပစ္ဆာဟာ မိဿက မရ။
န ဣန္ဒြိယ၌ ပစ္ဆာကို မိဿက မရဟု ဝရေပွင့်များအတွက် သိပါ။

* အရင်အပတ်က ပစ္စယုဒ္ဒေသ ပြီးသွားပါပြီ။ ယခု ပစ္စနိဒ်။ ပစ္စယုဒ္ဒေသဟာ သံဂါယနာတင်တဲ့ မထေရ်ကြီးများက ထားတဲ့ ပစ္စယုဒ္ဒေသ ဖြစ်ပါတယ်။ ဘုရားဟောတာလည်း မဟုတ်ပါဘူး၊ ရှင်သာရိပုတ္တရာ ဟောတာလည်း မဟုတ်ပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ပစ္စနိဒ်က ခက်လို့ ဖြစ်ပါတယ်။ ပစ္စယုဒ္ဒေသဟာ ပစ္စနိဒ်နဲ့ ဘယ်လို ဆက်သွယ်သလဲ ဆိုတာကို အရင်အပတ်က ပြောပြမယ်ဆိုတဲ့အတိုင်း ယခု ပြောပြပါမယ်။ ဇယားမှာ ကြည့်လိုက်ရင် တပည့်တော်တို့ သုဒ္ဓသင်္ချာက ပြထားတဲ့အတိုင်းပါပဲ။ အာရမ္မဏက သင်္ချာ နဝ ရှိပါတယ်။ ဥပနိဿယကလဲ သင်္ချာ နဝ ရှိပါတယ်။ သဟဇာတကျတော့လဲ သင်္ချာ နဝပဲ ရှိပါတယ်။ ပုရေမှာ သင်္ချာတိကံ၊ ပစ္ဆာ တိကံ၊ ကမ္မ ဒွေ ရှိပါတယ်။ ဟာ၊ ဣံက ဧကံဝ ရှိပါတယ်။ သဟဇာတ ပုရေဇာတ မိဿကက ဒွေ၊ ပစ္ဆာဇာတာဟာရမိဿက က ဒွေ၊ ပစ္ဆာဇာတိန္ဒြိယမိဿက က ဒွေ ရယ်လို့ ရှိပါတယ်။ အဲဒီသင်္ချာတွေကို အားလုံးကုန် ပေါင်းလိုက်ရင် ကုသလပဒက (၄)ချက်၊ အကုသလပဒက (၄)ချက်၊ အဗျာကတပဒက (၃)ချက်၊ ကုသလာ ဗျာကတပဒက (၂)ချက်၊ အကုသလာဗျာကတပဒက (၂)ချက်ရယ်လို့ သင်္ချာဟာ ပန္နရသ ရှိပါတယ်။ အဲဒီ သင်္ချာပန္နရသ ထက် မလွန်ပါဘူး။

ပြီးတော့ ပစ္စနိဒ်ရဲ့ သုဒ္ဓသင်္ချာရယ်လို့ သီးသန့်မရှိပါဘူး။ သုဒ္ဓသင်္ချာကို မျိုးတွေကို ကြည့်ပြီး ဆိုရပါမယ်။ ဒီမျိုးတွေကို ကြည့်ပြီး မဆိုခင် ဒီဇယားကလေးအတွက် ပထမရေးဦးစွာ "သ အဉ် နိသံ၊ ကော် ဒသံ၊ ပုရံ တေရသ။ ဝိပ် အတ် အဝိ၊ နဝရှိ၊ ကြွင်းသိ ပန္နရသ" လို့ ဒီလို ရေးထားပါတယ်။ အဲဒီတော့ ဒီ သံပေါက်ရဲ့ အဓိပ္ပာယ်က ဘာလဲ?။ သ=ဆိုတာ နသဟဇာတပါ။ အဉ်=ဆိုတာ န အညမည။ နိ=ဆိုတာ န နိဿယ။ သံ=ဆိုတာ နသမ္ပယုတ္တ။ ဒီ (၄) ပစ္စည်းအတွက် သင်္ချာဟာ ကောဒသ ထွက်ရပါတယ်။ န ဝိပ္ပယုတ္တ နောအတ္ထိ နောအဝိဂတအတွက် နဝ ထွက်ရပါတယ်။ ကြွင်းတဲ့ ဟောတု အစရှိတဲ့ ပစ္စည်းတွေ အတွက်ဆိုရင် သင်္ချာဟာ ပန္နရသ ဖြစ်ပါတယ်။ ဒီ သံပေါက်ကလေးကို ကြည့်ခြင်းအားဖြင့် ဘာတလုံးမှ နားမလည်သည့်တိုင်အောင် န ဟေတု စတဲ့

* ၁၃၂၈ ခု၊ ပြာသိုလဆုတ် ၁၃ ရက် (၇-၂-၆၇) အင်္ဂါနေ့၊ ဒုတိယအကြိမ်

သုဒ္ဓသင်္ချာတွေကိုတော့ ကိုတတ်ပါလိမ့်မယ်။ န ဟေတုဟာ "ကြွင်းသိ ပဉှရသ"ထဲမှာ ဝင်ခြင်းကြောင့် န ဟေတုယာ ပဉှရသ၊ နာရမ္မဏေ ပဉှရသ၊ နာဓိပတိယာ ပဉှရသ၊ နာနန္တရေ ပဉှရသ၊ နာသမနန္တရေ ပဉှရသ၊ (ပြီးတော့ န သဟဇာတကျတော့ ကော်ဒသံလို့ ဆိုသဖြင့်) န သဟဇာတေ ကောဒသ၊ နအညမညေ ကောဒသ၊ နနိဿယေ ကောဒသ၊ နဥပနိဿယေ ပဉှရသ၊ နပုရေဇာတေ(ပုရံတေရသ ဆိုပါတယ်) တေရသ၊ န ပစ္ဆာဇာတေ ပဉှရသ၊ နာသေဝနေ ပဉှရသ၊ န ကမ္မေ ပဉှရသ၊ နဝိပါကေ ပဉှရသ၊ န အာဟာရေ ပဉှရသ၊ န ဣန္ဒြိယေ ပဉှရသ၊ န ဈာနေ ပဉှရသ၊ န မဂ္ဂေ ပဉှရသ၊ န သမ္ပယုတ္တေ ကောဒသ၊ (သံ=ကော်ဒသံလို့ ဆိုပါတယ်) နဝိပ္ပယုတ္တေ နဝ (ဝိပ္ပယုတ္တနဝပါ) နောအတ္ထိယာ နဝ၊ နော နတ္ထိယာ ပဉှရသ၊ နောဝိဂတေ ပဉှရသ၊ နောအဝိဂတေ နဝ လို့ အဲဒီသင်္ချာတွေ လာပြီး ဖြစ်ပါတယ်။

ဒီ သင်္ချာဖြစ်ပုံတွေကို အဋ္ဌကထာက တော်တော်ကလေးပဲ ဖွင့်ပြပါတယ်။ န ဟေတုဟာ ပဉှရသ ဘာ့ကြောင့် ရသလဲ?။နဟေတုဟာ ဒီမျိုးထဲမှာ ကြည့်လိုက်ရင် မပါပါဘူး။ သူဟာ သဟဇာတပစ္စည်းရဲ့ အစိတ်ဖြစ်ပါတယ်။ အဲဒီ န ဟေတု လျော့သွားတဲ့အခါမှာ ကြွင်းတဲ့ကျန်တဲ့ ဒိဇယားထဲမှာ ရေးထားတဲ့ မျိုးတွေကို အကုန် ပေါင်းလိုက်ရင် ပဉှရသ ဖြစ်ပါတယ်။ အဲဒီတော့ ဝိဘင်းအားဖြင့် တပည့်တော်တို့ ပဋ္ဌာဝါရမှာ ဟေတုယာ သတ္တ၊အာရမ္မဏေ နဝ၊အဓိပတိယာ ဒသ စသည်ဖြင့် ဒီဝိဘင်းတွေကို ပေါင်းလိုက်ရင် (၁၆၇) ဝိဘင်း ရှိပါတယ်။ အဲဒီ(၁၆၇)ဝိဘင်းထဲက န ဟေတုလို့ ဆိုသဖြင့် ဟေတုပစ္စည်းထား၊ တပါးသော ပစ္စည်းတွေရဲ့ အစွမ်းအားဖြင့် ဖြစ်ခြင်းကြောင့် (၁၆၇)ထဲက (၇)ကို နှုတ်ရပါတယ်။ နှုတ်တော့ ဝိဘင်း ပေါင်း (၁၆၀) ကျန်ပါတယ်။ အဲဒီ နဟေတုယာ ပဉှရသအရ ဝိဘင်းထုတ်မယ်ဆိုရင် ဝိဘင်းပေါင်း (၁၆၁)ထုတ်ရပါတယ်။ဘယ်လို ထုတ်မလဲ?။နည်းကလေးကို အဋ္ဌကထာကလည်း ပြပါတယ်။ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ န ဟေတုပစ္စယာ။ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာတံ ပစ္စဝေက္ခတိ စသည်ဖြင့် ဟေတုမှ ကျန်တဲ့ အာရမ္မဏ အစရှိတဲ့ ဝိဘင်းတွေကို အကုန်လုံး ထုတ်၍(၁၆၀) တိတိ ဆိုရပါလိမ့်မယ်။ အဲဒါက နဟေတုယာ ပဉှရသအရပါ။

နာရမ္မဏေ ပန္နရသ။ နာရမ္မဏေ ပန္နရသကျတော့ အဋ္ဌကထာဆရာကြီးက ဘယ့်နှယ်ပြောသလဲ?။ နာရမ္မဏလို့ဆိုရင် ''သုဒ္ဓေါ အာရမ္မဏ ပစ္စယော ပရိဟာယတိ''။ အာရမ္မဏပစ္စည်း လျော့သွားပြီ။ အာရမ္မဏပစ္စည်း လျော့သွားပြီဆိုတဲ့ ဒီအဋ္ဌကထာရဲ့ စကားကို ယူ၍ အရကောက်က ဘယ့်နှယ်ရေးထားသလဲ။ အာရမ္မဏ လျော့သွားတယ်ဆိုရင် အာရမ္မဏသဘ်ျာ ဘယ်လောက်ရှိမလဲ၊ နဝရှိပါတယ်။နဝရှိတော့ (၁၆၇)ဝိဘင်းထဲက (၉)နှုတ်ရင် (၁၅၈)ဝိဘင်းကို နာရမ္မဏအတွက် ဟောရမယ်လို့ ဆိုပါတယ်။ နာရမ္မဏ လျော့သွားတော့ အာရမ္မဏပစ္စည်း သက်သက်သာ လျော့တာလားလို့ ဆိုတော့ မဟုတ်ပါဘူး။ နာရမ္မဏဆိုရင် တပည့်တော်တို့ ပစ္စနိက်ဇယားမှာ ခရေပွင့်ကလေးရှိပါတယ်။ အာရမ္မဏမျိုး အကုန် လျော့သွားနိုင်ပါတယ်။ အကုန်လျော့သွားတော့ အာရမ္မဏထဲမှာ အာရမ္မဏာဓိပတိ ရှိပါတယ်။ အဲဒီ အာရမ္မဏာဓိပတိက သဟဇာတာဓိပတိနဲ့ မဘူတဲ့ သင်္ချာ (၃)ချက်လဲ လျော့ပါတယ်။ (၃)ချက်လျော့တော့ (၉)ခုသာ လျော့တာ မဟုတ်ပါဘူး။ (၁၂)ခု လျော့ပါတယ်။ အဲဒါကြောင့် ဝိဘင်းဟာ (၁၅၅)သာလျှင် ဖြစ်ရပါလိမ့်မယ်။ အရကောက်ထဲမှာ ရေးထားတဲ့အတိုင်း (၁၅၈)ဝိဘင်း ဘယ်နည်းနဲ့မှ မဟုတ်နိုင်ပါဘူး။ ဒါဖြစ်ရင် အာရမ္မဏ ပုရေဇာတတွေကော မလျော့ဘူးလား၊ လျော့ပါတယ်။ အကုန်လုံး လျော့ပါတယ်။ ဒါပေတဲ့ အာရမ္မဏ ပုရေဇာတရဲ့ သင်္ချာဘီဏိဟာ ဝတ္ထုပုရေဇာတ သင်္ချာတိဏိနဲ့ အတူတူဖြစ်ပါတယ်။ အဲဒါကြောင့် သင်္ချာကတော့ မလျော့ပါဘူး။ အဲဒါကိုပင်လျှင် ဋီကာဆရာကြီးက ''သုဒ္ဓေါ အာရမ္မဏ ပစ္စယော ပရိဟာယတီတိ ဧတ္ထသုဒ္ဓဂ္ဂဟနေ နကိဉ္စိ ပယောဇနံ''။ အဋ္ဌကထာဆိုတဲ့ အာရမ္မဏသက်သက် လျော့သွားတယ်ဆိုတဲ့ သုဒ္ဓသဒ္ဒါဟာ ဘာမှ အကျိုးမရှိပါဘူးတဲ့။ ဘာဖြစ်လို့လဲ?။ ''အာရမ္မဏေဟိ ပစ္စနီယတော ဋ္ဌိတေ အာဓိပတိ ပစ္စယာဒိဘူတော အာရမ္မဏ ပစ္စယော ပရိဟာယတိ ယေဝါတိ''။ အာရမ္မဏဟာ ပစ္စနိက်အနေနဲ့ နာရမ္မဏလို့ ဖြစ်နေခဲ့လို့ရှိရင် အာရမ္မဏာဓိပတိ အစရှိတဲ့ပစ္စည်းတွေလဲပဲ လျော့မှာပါပဲတဲ့။ ဒါ ဋီကာဆရာကြီးက ပြောတာ။ တနည်းအားဖြင့် အဋ္ဌကထာ ဆရာကြီး ပြတဲ့ သုဒ္ဓေါ အာရမ္မဏ ပစ္စယော ပရိဟာယတိ အရကို သင့်တင့်လျောက်ပတ်အောင် ဋီကာဆရာကြီးက

တမျိုး ယူပြပြန်တယ်။ ဘယ်လိုလဲ?။ အဲဒီ သုဒ္ဓါအရ ရှစ်မျိုးထဲက အာရမ္မဏမျိုးသာ လျော့တယ်။ ကျန်တဲ့ သဟဇာတ အစရှိတဲ့ မျိုးတွေ ဟာ မလျော့ဘူးဆိုတဲ့ အဓိပ္ပာယ်ကိုလည်း ယူပါလို့ ပြောပြပါတယ်။ အဲဒီတော့ နာရမ္မဏေပစ္စရာသအရမှာ အာရမ္မဏ လျော့ပြီးသွားပေတယ် လို့ ဇယားကို ကြည့်လိုက်ရင် 'အာ ဥ'ရယ်လို့ ရေးထားပါတယ်။ အာ ရမ္မဏရော ဥပနိဿယရော လျော့တဲ့အခါမှာ ဒီက ပစ္စယုဒ္ဓါရက ဘယ်လို ဖြစ်သွားသလဲ။ ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယောဟူ၍ ရင်း အကု သလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယောလို့ ပစ္စယုဒ္ဓါရဇယားမှာ ဒီလိုရှိခြင်း ကြောင့် အာရမ္မဏရော ဥပနိဿယရော(၂)မျိုး လျော့သွားခဲ့လို့ ရှိရင် ဒီ(၂)ချက်ဟာ လျော့သွားပါလိမ့်မယ်။ သင်္ချာဟာ တေရသပဲ ရှိပါ လိမ့်မယ်။ ဒါပေမယ့် ဒီမှာ အာရမ္မဏသာလျှင် လျော့ပြီး ဥပနိဿယ မလျော့သဖြင့် သင်္ချာဟာ ပန္နရသပဲ ဖြစ်ပါတယ်။

အဓိပတိကျတော့ သဟဇာတာဓိပတိ။ ဒါဟာ သဟဇာတရဲ့ အစိတ်ပါ။ သူ့အတွက် ဘာမှ သင်္ချာမထူးပါဘူး။ ဒါ့ကြောင့် နာ ဓိပတိယာ ပန္နရသလို့ ဆိုပါတယ်။

နာနန္တရ၊ နသမနန္တရတွေဟာလဲ ဥပနိဿယ မျိုးထဲက ဖြစ်ပါ တယ်။ သူတို့အတွက် သင်္ချာ ဘာမှ မထူးပါဘူး။ ဒါ့ကြောင့် သူတို့မှာ ပန္နရသ ရပါတယ်။

န သဟဇာတေကျတော့ ''သ အဉ် နိသံ၊ ဇက်ဒသံ''။သဟဇာတ မှာ ကောဒသ။ န သဟဇာတေ ကောဒသ ဖြစ်ပါလိမ့်မယ်။ န သဟဇာတေ ကောဒသ ဘယ်နည်းလုပ် ဖြစ်မလဲလို့ ဒီဇယားကို ကြည့် ပါ။ န သဟဇာတလို့ ဆိုသဖြင့် သဟဇာတအကွက်ကလေး မရတော့ဘူး။ အကွက်ကလေး မရတော့တာနဲ့ မဆိုင်တော့ဘူး။ မဆိုင်တော့ ကျန်တဲ့ အာရမ္မဏ၊ ဥပနိဿယက နဝ ရှိပါတယ်။ ပြီးတော့ ပုရေဇာတ ပေါင်း ကြည့်၊ အာရမ္မဏ ဥပနိဿယထဲမှာ ဝင်ပါတယ်။ ပစ္ဆာဇာတ ပေါင်း ကြည့်၊ ဝင်ပါတယ်။ကမ္မ ပေါင်းကြည့်၊ ဝင်ပါတယ်။အာဟာရ၊ ဣန္ဒြိယ ပေါင်းကြည့်၊ ဝင်ပါတယ်။ န သဟဇာတလို့ဆိုသဖြင့် သဟဇာတ

ပုရေဇာတ မိဿက မရပါဘူး။ အဲဒီ မရကြောင်းကို ခရေပွင့်ကလေးတွေ ပြထားပါတယ်။ သဟဇာတ ပုရေဇာတ မိဿကလို့ဆိုတာဟာ သဟဇာတလဲ ဖြစ်ရမယ်၊ ပုရေဇာတလဲ ဖြစ်ရမယ်။ -တခုခု မရှိခဲ့လို့ ရှိရင် ၎င်း သဟဇာတ ပုရေဇာတ မိဿကကို မရပါဘူး။ ပြီးတော့ ပစ္ဆာဇာတာဟာရ ပစ္ဆာဇာတိန္ဒြိယ မိဿကကို ထည့်ကြည့်ပါ။ ထည့်ကြည့်တော့ တပည့်တော်တို့ အာရမ္မဏ ဉပနိဿယ နဝထဲမှာ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ဒီ(၂)ချက်ပဲ လာပြီး ဝင်ပါတယ်။ ဒါ့ကြောင့် သင်္ချာသည် ကောဒသ ဖြစ်ပါတယ်။

န အညမညေ ကောဒသ။ န အညမညေ ကောဒသကျတော့ န သဟဇာတလိုပဲ သင်္ချာဟာ တူပါတယ်။ ဒါပေမယ့် သဟဇာတထဲမှာ အညမညကို နှုတ်ရပါလိမ့်မယ်။ သဟဇာတက လုံးဝ ပြုတ်မသွားပါဘူး။ သဟဇာတထဲမှာ အညမည နှုတ်တော့ကာ(နှုတ်ပုံကလေးတွေကို တပည့်တော် နောက်မှ ပြောပြပါ့မယ်။) ဘာကျန်သလဲ။ စိတ္တဇရုပ် ဟဒယဝတ္ထုမှဘပါး ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဥ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု/ဒွေ ပဥ္စ ဝိညာဉ်တဆယ်/ရဟန္တာတို့ စုတိကြဉ်သော ဝတ္ထု /ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ ဉပါဒါရုပ်အား တတ်သော မဟာဘုတ်လေးပါး။ ဒါ ကျန်တယ်။ ပစ္စယုပ္ပန်က ရုပ်ပါနေသဖြင့် ပစ္စည်းက ကုသိုလ် အကုသိုလ် အဗျာကတ ရှိခြင်းကြောင့် ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿလို့ သင်္ချာ (၃) ချက် ရပါတယ်။ ပြီးတော့ ဒီကုသိုလ်နဲ့ မဟာဘုတ်ကို တွဲလိုက်ရင် ကုသလာ ဗျာကတော။ ပစ္စယုပ္ပန်က စိတ္တဇရုပ် ရှိခြင်းကြောင့် အဗျာကတဿ။ အဲဒါကြောင့် ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿလို့ သင်္ချာ (၅) ချက် ရပါတယ်။ ကုသလောစ အဗျာကတောစ ဓမ္မာ အဗျာကတဿ ဓမ္မဿလို့ ဆိုတဲ့အတိုင်း ဒီ(၅) ချက်ကို အကျဉ်းနည်း မှတ်မယ်လို့ဆိုရင် ပစ္စယုပ္ပန် အဗျာကတနေတဲ့ ဗျာ (၅)ချက်ရယ်လို့ အကျဉ်းနည်းအားဖြင့် မှတ်နိုင်ပါတယ်။ ဗျာ(၅)ချက်ဟာ ဘယ်သူလဲ။ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿလို့ သင်္ချာ (၅) ချက် ရှိပါ

တယ်။ အဲဒီ သင်္ချာ (၅)ချက် ရှိတော့ ဒုက န သဟဇာတ ကောဒသက ယူထားတဲ့အထဲမှာ ဒီ သင်္ချာ (၅)ချက်ကို ကည့်ရပါလိမ့်မယ်။ ထည့်တော့ ကုသလော အဗျာကတဿဟာ အာရုံဏထဲမှာ ရှိပါတယ်။ အကုသလော အဗျာကတဿလဲ ရှိပါတယ်။ အဗျာကတော အဗျာကတဿလဲ ရှိပါတယ်။ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿဟာ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကထဲမှာ ရှိပါတယ်။ အဲဒါကြောင့် သင်္ချာဟာ မထူးပါဘူး။

ဒီနေရာမှာ အဋ္ဌကထာဆရာကြီးက ဘာကလေးပြသလဲဆိုရင် န အညမညလို့ဆိုရင် ဟို န သဟဇာတဘုန်းကတော့ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ၊ အဲဒီ (၂)ချက်ဟာ သဟဇာတနဲ့ ဆိုင်ပါတယ်။ အညမည သင်္ချာ ဘိထိထဲမှာကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿလဲ မပါပါဘူးတဲ့။ မပါပဲနဲ့ ဘယ့်နဲ့ကြောင့် န အညမညအရ ဒီသင်္ချာ လျော့နေရပါသလဲ။ အဖြေက ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ ကြည့်ပါ။ ကြည့်လိုက်လို့ရှိရင် ဝိဘင်း ဘယ်လိုလာဖြစ်မလဲ?။ ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ သဟဇာတ ပစ္စယေန ပစ္စယော၊ ဒီလို လာထွက်မယ်။ အဲဒီလို လာထွက်တော့ကာ န အညမညရဲ့ သုဒ္ဓ သင်္ချာ ကြည့်လိုက်ရင် နာမ်ကုန်ရပါတယ်။ သဟဇာတရဲ့ ကုသလော ကုသလာ ဗျာကတဿ စသည် ရုပ္ပဟာလဲ န အညမည သဘော မကင်းပါဘူး။ အဲဒီတော့ န အညမည ဖြစ်ဖြစ်၊ န သမ္ပယုတ္တ ဖြစ်ဖြစ် ပစ္စည်း ပစ္စယုပ္ပန်တွေဟာ နာမ်ကုန်ရခြင်းကြောင့် ဒီမှာလဲ ပစ္စည်း ပစ္စယုပ္ပန်တွေဟာ ဆိုင်ရာဖြစ်တဲ့ ကုသိုလ် အကုသိုလ် အဗျာကတ နာမ်တွေ ရကြပါတယ်တဲ့။ အဲဒါကြောင့် န အညမည၌ ကုသလော ကုသလာ ဗျာကတဿ၊ အကုသလော အကုသလာ ဗျာကတဿ သင်္ချာ မရှိငြားသော်လည်း ဒီ သင်္ချာပါ ပြုတ်ပြီးသွားပါတယ်။ အဲဒါကြောင့် န အညမညဟာ ကောဒသ ဖြစ်ပါတယ်။

န နိဿယေ ကောဒသ။ န နိဿယကျတော့ နိဿယမှာ သဟဇာတ နိဿယ၊ သဟဇာတနဲ့ တူပါတယ်။ ဝတ္ထု ပုရေဇာတ နိဿယ

ရှိခြင်းကြောင့် ပုရေကလေး ပြုတ်သွားပြန်ပါပြီ။ သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ အဲဒီတော့ သဟဇာတထက် ဝတ္ထုပုရေဇာတ နိဿယ ပို၍ ပြုတ်မှုသာလျှင် ထူးပါတယ်။ သူ ပြုတ်သွားငြားသော်လည်း အာရမ္မဏ ဥပနိဿယ အကွက်ကလေး ကြည့်လိုက်ပါ။ ပုရေဇာတရဲ့ သန်ျာဘိဏ္ဍကို ရနေပါတယ်။ အဲဒါကြောင့် န နိဿယလဲ ကောဒသ ဖြစ်ပါတယ်။

န ဥပနိဿယ။ န ဥပနိဿယဆိုတော့ န ဥပနိဿယမှာ အာရမ္မဏူပ နိဿယ၊ အာရမ္မဏမျိုးထဲက။ အနန္တရူပ နိဿယ၊ အနန္တရမျိုးထဲက။ ပကတူပ နိဿယ ဒီမှာရှိတဲ့ ဇယားထဲက သန်ျာ န၀ ရှိပါတယ်။ အဲဒီ ဥပနိဿယ ပြုတ်သွားမှုအတွက် အာရမ္မဏက ကျန်နေသေးသဖြင့် သန်ျာဟာ ပန္နရသပဲ ရှိပါတယ်။

၂ န ပုရေဇာတေ တေရသ။ န ပုရေဇာတ တေရသ ကျတော့ ခုနက သဟဇာတတုန်းက ပြောခဲ့သလို ပုရေမှာလဲ ခရေပွင့် ရှိပါတယ်။ န ပုရေဇာတလို့ ဆိုသဖြင့် သဟဇာတ ပုရေဇာတ မိဿက (၂) ချက် မရတော့ပါဘူး။ မရရင်(၁၅) ထဲက (၂) နှုတ်ရင် သန်ျာဟာ တေရသ ဖြစ်ပါတယ်။

န ပစ္ဆာဇာတေ ပန္နရသ။ န ပစ္ဆာဇာတလို့ န ကလေးပါတာနဲ့ တပြိုင်နက် ဆိုင်ရာဖြစ်တဲ့မျိုးတွေ မရတော့ပါဘူး။ ပြုတ်သွားပါပြီ။ န ပစ္ဆာဇာတ မရဘူး။ န ပစ္ဆာဇာတမှာလဲ ခရေပွင့် ပြထားပါတယ်။ န ပစ္ဆာဇာတတင် မကဘူး၊ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကတွေလဲ ပစ္ဆာဇာတ မရလျှင် မရနိုင်ပါဘူး။ အဲဒီတော့ ဒီ သန်ျာတွေလဲ ပြုတ်သွားပါတယ်။ ဒီသန်ျာ ပြုတ်သွားပေဘယ်လို့ သဟဇာတမှာ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ရှိပါတယ်။ အဲဒါကြောင့် န ပစ္ဆာဇာတမှာ ပစ္ဆာဇာတနဲ့ မိဿက (၂) မျိုး ပြုတ်သွားကြသော်လည်း သန်ျာဟာ ပန္နရသပဲ ဖြစ်ပါတယ်။

နာသေဝန ပန္နရသ။ အစိတ်ဖြစ်တဲ့ တရားပါ။

န ကမ္မေ ပန္နရသ။ကမ္မမှာ သဟဇာတ ကမ္မ၊သဟဇာတရဲ့ အစိတ်ကလေးပါ။ အနန္တရကမ္မ၊ အနန္တရရဲ့ အစိတ်ကလေးပါ။ ဗလဝ နာနာက္ခဏိက ကမ္မ၊ ဒါ ပကတူပရဲ့ အစိတ်ကလေးပါ။ ဟောဒီမျိုးထဲမှာ

ရှိတဲ့ ကံ ပြတ်သွားပါတယ်။ ကံ ပြတ်သွားပေတယ်လို့ သူ့အတွက် သင်္ချာတွေ ရှိပါတယ်။ ဒါ့ကြောင့် န ကမ္မမှာ ပန္နရသ ဖြစ်ပါတယ်။ အဲဒီ နကမ္မနဲ့ ပတ်သက်လို့ နဲနဲကလေး စဉ်းစားစရာတော့ ရှိနေတယ်။ တပည့်တော်တို့ နကမ္မ ပစ္စယုဒ္ဒါရတွေထဲမှာ "ကမ္မ ပစ္စယေန ပစ္စယော" လို့ ဒီလို ဟောခဲ့ရင် ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ ဖြစ်ပါတယ်။ ဒါပေတဲ့ ပရိတ္တတိက် ကမ္မ ပစ္စည်း (ဒု-ဒု) မှာ မဟဂ္ဂတော ဓမ္မော မဟဂ္ဂတဿ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယော။ သဟဇာတတော့ ထားပါတော့။ ဆိုင်ရာကလေးပဲ ပြောပြပါ့မယ်။ နာနာက္ခဏိကာ မဟဂ္ဂတာ စေတနာ ဝိပါကာနံ မဟဂ္ဂတာနံ ခန္ဓာနံ ကမ္မ ပစ္စယေန ပစ္စယောလို့ နာနာက္ခဏိကာနဲ့ ဟောပါတယ်။ ဒါပေတဲ့ ပစ္စယုဒ္ဒါရထုတ်တဲ့အခါ ကျတော့ "မဟဂ္ဂတော ဓမ္မော မဟဂ္ဂတဿ ဓမ္မဿ သဟဇာတ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော" လို့ နာနာက္ခဏိက ကမ္မကို ပစ္စယုဒ္ဒါရ မထုတ်ပါဘူး။ ဥပနိဿယ ပစ္စည်းကိုသာ ထုတ်ပါတယ်။ ဘာ့ကြောင့်?။ မဟဂ္ဂုတ် စေတနာတွေသည် ဗလဝ နာနာက္ခဏိက ကမ္မပါ။ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ မဟုတ်ပါဘူး။ အဲဒါကြောင့် ဗလဝ နာနာက္ခဏိကအတွက် နာနာက္ခဏိကာရယ်လို့ ကမ္မပစ္စည်းမှာ ဟောငြားသော်လည်း ပစ္စယုဒ္ဒါရထုတ်တဲ့အခါမှာ ဥပနိဿယထဲမှာ ဝင်နေခြင်းကြောင့် ဥပနိဿယ ပစ္စယေန ပစ္စယောရယ်လို့ ဟောပါတယ်။ ပြီးတော့ တဖန် မဟဂ္ဂတော ဓမ္မော ပရိတ္တဿ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ မဟဂ္ဂတာ စေတနာ ကဋတ္တာ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယော။ ဒါဟာ (ဒု ပ)။ မဟဂ္ဂုတ်က ပရိတ္တ သွားတော့ ပရိတ္တမှာ ရုပ်တွေ ရှိပါတယ်။ ဆိုင်ရာဖြစ်တဲ့ ကဋတ္တာရုပ်ကလေးတွေ ယူပါတယ်။ ကဋတ္တာရုပ်ယူတော့ မဟဂ္ဂုတ် စေတနာက ဗလဝ နာနာက္ခဏိက ကမ္မ ဖြစ်ပါတယ်။ ဒါမျိုး ကမ္မဖြစ်ခြင်းကြောင့် ကမ္မ ပစ္စယေန ပစ္စယောရယ်လို့ ပစ္စယုဒ္ဒါရ ထုတ်ပါတယ်။ အဲ နောက် စဉ်းစားစရာကလေးက ဘာလဲ?။ (ဒု-ပဒု)မှာ မဟဂ္ဂတော ဓမ္မော ပရိတ္တဿစ မဟဂ္ဂတဿစ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ မဟဂ္ဂတာ စေတနာ ဝိပါကာနံ မဟဂ္ဂတာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မ ပစ္စယေန ပစ္စယောလို့ ဟောဒီလို နာမ်ဖြစ်တဲ့ မဟဂ္ဂုတ်တရားနှင့်တကွ တွဲ၍ ကဋတ္တာရုပ်ကို ကမ္မပစ္စည်းရယ်လို့ ဟောတယ်။

ပစ္စယုဒ္ဒါရမှာလဲ မဟဂ္ဂတော ဓမ္မော ပရိတ္တဿစ မဟဂ္ဂတဿစ ဓမ္မဿ ကမ္မ ပစ္စယေန ပစ္စယောလို့ ဟောတယ်။ ဒီမှာ ဗလဝ ဒုဗ္ဗလအတွက် ကမ္မ ပစ္စယေန ပစ္စယောလို့ ဟောရင် မျိုး ကမ္မ ဖြစ်ရပါတယ်။ ဒီတော့ ဝိပါကာနံ မဟဂ္ဂတာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံလို့ ရုပ်နဲ့တွဲပြီး ယူခြင်း ကြောင့် ဤစေတနာသည် အရူပနဲ့ မဆိုင်ပါဘူး။ ရူပါဝစရ စေတနာ သာလျှင် ဖြစ်ရပါတယ်။ တပည့်တော်တို့ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မမှာတော့ အဲဒီ ဗလဝ ဒုဗ္ဗလအတွက် ကဋတ္တာရုပ်အား တတ်သော ပဥ္စဝေါကာရ ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မလို့ ဒီလို ရေးထားပါတယ်။ ဒါပေမယ့် ပရိတ္တတိက် ကြည့်လိုက်ရင် ရူပဝိပါက်တွေ ရပါတယ်။ ဒါက န ကမ္မေ ပန္ဟရသနဲ့ စပ်ပြီး ပြောတာပါ။

န ဝိပါကေ ပန္ဟရသ။ ဒါဟာ သဟဇာတ အစိတ်ပါ၊ မထူး ပါဘူး။

န အာဟာရေ ပန္ဟရသ။ န အာဟာရမှာ ရုပ်အာဟာရမျိုး ပြုတ်သွားပါတယ်။ န အာဟာရလို့ ဆိုသဖြင့် ခရေပွင့် ပြထားတဲ့ အတိုင်း ပစ္ဆာဇာတာဟာရ မိဿက (၁) ချက်ပဲ ပြုတ်ပါတယ်။ သူ ပြုတ်မှုကြောင့် သင်္ချာ မထူးပါဘူး။

န ဣန္ဒြိယေ ပန္ဟရသ။ ဒါကလဲ ဣန္ဒြိယနဲ့ ပစ္ဆာဇာတိန္ဒြိယ ပြုတ် ပါတယ်။ သဟဇာတိန္ဒြိယ ဝတ္ထု ပုရေဇာတိန္ဒြိယတွေက သဟဇာတ ပုရေဇာတ အစိတ်တွေပါ။ သင်္ချာဟာ ပန္ဟရသပဲ ရတယ်။

န ဈာနေ ပန္ဟရသ။ န မဂ္ဂေ ပန္ဟရသ။ သဟဇာတ အငယ်ပါ။

န သမ္ပယုတ္တေ ကောဒသ။ န သမ္ပယုတ္တကျတော့ န အညမည သဘောအတိုင်းပါပဲ။ ကောဒသ ရပါတယ်။

န ဝိပ္ပယုတ္တေ နဝ။ န ဝိပ္ပယုတ္တကျတော့ ဝိပ္ပယုတ္တမှာ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တလို့ (၃)မျိုး ရှိပါတယ်။ သဟဇာတထဲမှာ သဟဇာတ ဝိပ္ပယုတ္တကို နှုတ်ရပါလိမ့် မယ်။ နှုတ်တော့ ဘာကျန်မလဲ?။ ဝိပ္ပယုတ္တက ရုပ်တွေ ရပါတယ်။ နာမ်သာ ကျန်ပါလိမ့်မယ်။ "အချင်းချင်းအား တတ်သော အလုံး စုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား

လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး''။ ဒါ ကျန်တယ်။ ကျန်တော့ အချင်းချင်းတတ်တဲ့ နာမက္ခန္ဓာ လေးပါးအတွက် ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ ဒီ (၃) ချက် ရပါတယ်။ သဟဇာတလို အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါးလို့ ဆိုခြားသော်လည်း ပစ္စယုပ္ပန် စိတ္တဇရုပ် လုံးဝ မရှိခြင်းကြောင့် ကုသလာ ခန္ဓာစ မဟာဘုတာစန္န် သွားပြီး တဲ့လို့ မရပါဘူး။ ဘာ့ကြောင့် သွားတဲ့ရင် စိတ္တသမုဋ္ဌာနံ ရူပါနံဟု ဝိပ္ပယုတ္တနဲ့ လာပြီး ဆိုင်ပါလိမ့်မယ်။ အဲဒါ ကြောင့် သဟဇာတထဲမှာ သဟဇာတ ဝိပ္ပယုတ္တနှုတ်ရင် သင်္ချာသည် (၃) ချက်ပဲ ကျန်ပါတယ်။ နောက် ကြည့်လိုက်။ ပုရေ။ ပုရေလို့ ဆိုတော့ ဝိပ္ပယုတ္တထဲမှာ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ ရှိပါတယ်။ အဲဒါ ပြုတ်သွားပါပြီ။ ပစ္ဆာဆိုတော့ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ရှိပါတယ်။ ပြုတ်သွားပါပြီ။ ဒီတော့ ပစ္ဆာဇာတ သဟဇာတ ပုရေဇာတ မိဿကလဲ မရတော့ဘူး။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကလဲ မရတော့ဘူး။ ဒါဖြင့် ဘာကျန်သလဲ?။ အာရမ္မဏ၊ ဥပနိဿယ ကျန်ပါတယ်။ သဟဇာတထဲက သင်္ချာ တိဏ္ဏိ ကျန်ပါတယ်။ အဲဒီ သင်္ချာ တိဏ္ဏိဟာ အာရမ္မဏ ဥပနိဿယထဲမှာ ရှိပါတယ်။ ကမ္မက ဒွေဟာလဲ အာရမ္မဏ ဥပနိဿယထဲမှာ ရှိပါတယ်။ အာဟာရ၊ ဣန္ဒြိယလဲ ရှိပါတယ်။ အဲဒါကြောင့် န ဝိပ္ပယုတ္တလို့ဆိုရင် သင်္ချာသည် နဝ ရပါတယ်။

နော အတ္ထိယာ နဝ။ နော အတ္ထိယာ နဝကျတော့ အာရမ္မဏ၊ ဥပနိဿယ ကျန်ပါတယ်။ သဟဇာတ ပြုတ်ပြီ၊ ဝတ္ထု ပုရေဇာတ ပြုတ်ပြီ၊ ပစ္ဆာဇာတ ပြုတ်ပြီ၊ အာဟာရ၊ ဣန္ဒြိယနဲ့ မိဿက (၃) ခု ပြုတ်ပြီ။ ဒါဖြင့် ဘာကျန်တော့သလဲ?။ အာရမ္မဏ၊ ဥပနိဿယ၊ ကမ္မ သာလျှင်ကျန်ခြင်းကြောင့် သင်္ချာသည် နဝ ဖြစ်ပါတယ်။ အာရမ္မဏထဲ က အာပုန္နတ်လည်း သင်္ချာ မလျော့ပါဘူး။

ပြီးတော့မှ နော နတ္ထိယာ ပန္နရသ၊ နော ဝိဂတေ ပန္နရသ။ ဒါကလဲ အနန္တရနဲ့ အတူတူပါပဲ။ နော အဝိဂတေနဝ။ ဒါက အတ္ထိနဲ့ အတူတူပါပဲ။ အဲဒါက သုဒ္ဓသင်္ချာရဲ့ သင်္ချာတွေရပုံကို ပြောပြီးနေတာ ဖြစ်ပါတယ်။

ဒီတော့ ဒီဇယားအရ တပည့်တော်တို့ ပစ္စနိုက်မှာ ဘယ်လို အကျိုးကျေးဇူးများတယ်လို့ ဆိုတာ ပြောပြီးပါပြီ။ ယခု ပစ္စနိုက်ရဲ့ သုဒ္ဓသင်္ချာကို ဆိုရပါမယ်။ ဆိုရတော့ ဇယားကို ကြည့်ကြပါစို့။ ဇယားကြည့်တော့ ဒီဇယားမှာ ကြည့်ရုံနဲ့ မပြီးသေးပါဘူး။ ပရိကံက အတော်ပဲ များပါတယ်။ ပရိကံ ဘယ်လိုများသလဲဆိုရင် ပထမ ရှေးဦးစွာ အာရမ္မဏ ရှိပါတယ်။ အဲဒီ အာရမ္မဏထဲက အာရမ္မဏာ ဓိပတိ၊ ဝတ္ထာရမ္မဏ၊ အာရမ္မဏ ပုရေဇာတ အစရှိတဲ့ ဆိုင်ရာမျိုးတွေကို နုတ်ရပါလိမ့်မယ်။ နုတ်ပုံတွေကို ပထမ ရှေးဦးစွာ ဆိုရပါလိမ့်မယ်။ အာရမ္မဏထဲမှာ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပ နိဿယနုတ်ရင် ဘယ်လို တရား ကျန်မလဲ။ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယထဲက ကြွင်း ဖြစ်တဲ့ လောကုတ္တရာစိတ်ရှစ်ခုဟာ လျော့သွားပါလိမ့်မယ်။ ပြုတ်သွား ပါလိမ့်မယ်။ ပြုတ်တယ်လို့ဆိုတာ ကြွင်းတရားသာလျှင် ပြုတ်ပါတယ်။ အနေကန်ဖြစ်တဲ့ တရားတွေ မပြုတ်ပါဘူး။ အာရမ္မဏာဓိပတိသည် အလေးအမြတ်ပြုအပ်တဲ့ တရားတွေ ဖြစ်ခြင်းကြောင့် အာရမ္မဏနဲ့ဆိုင်ရာ သက်သက် အာရမ္မဏာဓိပတိနဲ့ မဆိုင်တာကို ဆိုရင် အလေးအမြတ် မပြုတတ်သောလို့ ဆိုရပါလိမ့်မယ်။ အဲဒီတော့ နုတ်ပုံကို ပထမ ရှေးဦး စွာ နားလည်ထားရပါလိမ့်မယ်။ ဒါမှသာ သင်္ချာတွေဟာ ဘယ် လောက် ကျန်တယ်လို့ဆိုတာ သိရပါမယ်။

အာရမ္မဏထဲမှာ အာရမ္မဏာဓိပတိ၊ အာရမ္မဏူပ နိဿယကို ဘယ်လိုနုတ်မလဲလို့ ဆိုတာကို ပစ္စနိုက် ဆိုရိုးမဟုတ်ငြားသော်လည်း ဒီနေရာဌာနမှာ ဆိုရိုးကလေးသဖွယ် ပြောပြပါမယ်။

အာရမ္မဏမူ နာဓိပတိ န ဥပနိဿယ ဒုကဌ် အလေးအမြတ် မပြုတတ်သော ကာမစိတ် စတုပညာသ၊ ဝိညာနဥ္စာယတနစိတ် (၃)ခု၊ နေဝ သညာ နာ သညာယတနစိတ် (၃)ခု၊ အဘိညာဉ် ဒွေ အား တတ်သော (အာရမ္မဏ ပစ္စယုပ္ပန်မှာ လောကုတ္တရာစိတ် ရှစ်ခု မပါ တော့ဘူး။ အာဓိနှင့် မဆိုင်၍ အလေးအမြတ် မပြုတတ်သော လို့ ဆို ရပါတယ်။) အလေးအမြတ် မပြုအပ်သော စိတ်တခုယုတ် ကိုးဆယ် စေတသိက် ဒွေ ပညာသ ရုပ် ပဉ္စပိသ နိဗ္ဗာန်။ အဲဒါက အာဓိနဲ့ အာရမ္မဏူပ နိဿယကို နုတ်ပုံ ဖြစ်ပါတယ်။

နိဿယမှာ ဝတ္ထာ ရှိပါတယ်။ ဝိပ္ပယုတ္တမှာလဲ ဝတ္ထာ ရှိပါတယ်။ အာရမ္မဏထဲက ဝတ္ထာရမ္မဏကို နှုတ်သဖြင့် ဝတ္ထာရမ္မဏဆိုင်ရာဖြစ်တဲ့ တရားသာလျှင် လျော့သွားပါတယ်။ သချာလဲ မလျော့ပါဘူး။ ကျန်လဲ သူ့မှာ မရှိပါဘူး။ အဲဒါကြောင့် သူ့ကျတော့ လွယ်လွယ် "ဝတ္ထာရမ္မဏမှတပါး အသုံးစုံသော အာရမ္မဏ ပစ္စည်း"။ သချာက နဝပဲ ရပါတယ်။

အာပုန်နှုတ်တော့ ပုရေဇာတမှာ အာပုရှိပါတယ်။ အတ္ထိ၊ အဝိဂတမှာ အာပု ရှိပါတယ်။ အဲဒီ ပုရေဇာတနဲ့ အတ္ထိ၊ အဝိဂတက အာပုကို နှုတ်ရပါလိမ့်မယ်။ နှုတ်တော့ အာရမ္မဏ ပုရေဇာတရဲ့ သုဒ္ဓသချာကြည့်လိုက်ရင် "ကာမစိတ် စတုပညာသ၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ် ဒွေ အား တတ်သော ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ" ရှိပါတယ်။ အာရမ္မဏကလဲ ကာမစိတ် စတုပညာသ ရှိပါတယ်။ အဲဒီတော့ အာရမ္မဏ ပုရေဇာတထဲက ကျန် ဖြစ်တဲ့ တရားဟာ ဘယ်သူလဲ?။ ဒွေပဉ္စ ဝိညာဉ် တဆယ်၊ မနောဓာတ် (၃)ခု၊ ဒွေပဉ္စ ဝိညာဉ် တဆယ်တို့တွင် စက္ခု ဝိညာဉ် ဒွေ စသည်ကိုသည် ဆိုင်ရာဖြစ်တဲ့ ပစ္စုပ္ပန် ရူပါရုံ စသည်တို့ကို ကျန် အာရုံပြုပါတယ်။ မနောဓာတ် (၃)ခုကလဲ ပစ္စုပ္ပန် ပဉ္စာရုံကို ကျန် အာရုံပြုပါတယ်။ အဲဒါကြောင့် ဒီ (၁၃) ခု လျော့သွားပါလိမ့်မယ်။ ကာမစိတ် စတုပညာသထဲက (၁၃)နှုတ်ရင် ဘယ်လောက် ကျန်မလဲ?။ (၄၁) ကျန်ပါတယ်။ အဲဒီ (၄၁)ကို ခပ်လွယ်လွယ်ဆိုရင် "မနော ဒွါရာ ဝဇ္ဇန်းက တစ်၊ ကာမဇော တခုယုတ်သုံးဆယ်ဆိုတော့ = ၃၀ နေရော။ တဒါရုံ (၁၁)ဖြည့်လိုက်ရင် (၄၁) ဖြစ်ပါတယ်။ ခုနက ပြောခဲ့တဲ့ (၄၁)ဟာ ဒီတရားပါပဲ။ ပြီးတော့ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်ရယ်လို့ ရှိပါသေးတယ်။ အဲဒီ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်ကလဲ ကျန်တရားတွေပါ။ အဲဒါကြောင့် ဒီ အဘိညာဉ် ဒွေကိုလဲ နှုတ်ရပါလိမ့်မယ်။ ဒီတော့ ဘာ ဖြစ်လာမလဲ?။ "မနော ဒွါရာ ဝဇ္ဇန်း၊ ကာမဇော တခုယုတ် သုံးဆယ်၊ တဒါရုံ ကောဒသ" (ဒါ ကာမစိတ်ထဲက) "ဝိညာဏဉ္စာယတန စိတ် (၃)ခု၊ နေဝသညာ နာသညာယတနစိတ် (၃)ခု"။ (ဒါက အာရမ္မဏ ပုရေဇာတနဲ့ မဆိုင်ပါဘူး)။ ပြီးတော့ အဘိညာဉ် ဒွေ အတွက် ဒီ ဒိဗ္ဗ

စက္ခု ဒိဗ္ဗသောတ အဘိညာဉ်မှတပါး အဘိညာဉ် ၄။ နောက် အာရမ္မဏမှာ လောကုတ္တရာ ရှိပါတယ်။ လောကုတ္တရာစိတ် ရှစ်ခုအားတတ်သော၊ ဒီလို လာဖြစ်ပါတယ်။ ပစ္စည်းဘက်က ဘာလာလျော့မလဲ?။ စိတ်တခုယုတ် ကိုးဆယ် စေတသိက် ၃၃ ပညာသ။ အာရမ္မဏပုရေဇာတပစ္စည်းက ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသ ဖြစ်ခြင်းကြောင့် အာရမ္မဏမှာ ပစ္စုပ္ပန်တွေလဲ ရှိပါတယ်၊ အတိတ်တွေလဲ ရှိပါတယ်။ အနာဂတ်တွေလဲ ရှိပါတယ်။ အဲဒါကြောင့် ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသကို အပါဒါန်ခံ၍ ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသမှတပါး ရုပ် အဋ္ဌဝီသ နိဗ္ဗာန် ဒီလို ဖြစ်ပါလိမ့်မယ်။ အဲဒါကြောင့် သူ့အတွက် ပစ္စည်း ပစ္စယုပ္ပန် ဘယ်လိုဖြစ်မလဲ?။ မနောဒွါရာဝဇ္ဇန်း၊ ကာမဇော တခုယုတ် သုံးဆယ်၊ တဒါရုံ ကောဒသ၊ ဝိညာဏဉ္စာ ယတန စိတ် (၃) ခု၊ နေဝ သညာ နာ သညာယတန စိတ် (၃)ခု၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်မှ တပါး အဘိညာဉ် ၄၊ လောကုတ္တရာစိတ် ရှစ်ခုအားတတ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ၃၃ ပညာသ၊ ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသမှတပါး ရုပ် အဋ္ဌဝီသ၊ နိဗ္ဗာန်။ အဲဒီတော့ အာရမ္မဏထဲမှာ အာဓိ အစရှိတဲ့ ပစ္စည်းတွေကို နှုတ်ပေတယ်လို့ သချာနဝက မလျော့ပါဘူး။ သချာနဝပဲ ရပါတယ်။ ဒါက အာရမ္မဏထဲမှာ ဆိုင်ရာဖြစ်တဲ့ မျိုးတွေကို နှုတ်တာပါ။

နောက် သဟဇာတထဲမှာ နှုတ်ရပါလိမ့်ဦးမယ်။ သဟဇာတထဲ နှုတ်တော့ သဟဇာတထဲမှာ ဟေတု နှုတ်ရလိမ့်မယ်။ ဟေတု နှုတ်တော့ ဟေတုမှာ ဟိတ်(၆)ပါး ရှိသဖြင့် ဟိတ်(၆)ပါး ဆိုင်ရာ တရားတွေ လျော့သွားပါလိမ့်မယ်။ သဟဇာတထဲမှာ ဟေတု နှုတ်ြင် ဘာကျန်မလဲ?။ ''အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော ဟိတ် (၆)ပါးမှတပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ (ဒါ ဟေတုနဲ့ မဆိုင်ပါဘူး။ တတိယအချက်မှာ ပဋိသန္ဓေထဲက ဟိတ် သုံးပါး ရှိပါတယ်)။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ ဟိတ် သုံးပါးမှတပါး ပဉ္စဝေါကာရ

ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု”။ သဟဇာတ အကြိုးထဲမှာ သဟ ဇာတ အင်္ဂါတွေကို နှုတ်ခြင်းကြောင့် အစိတ်ဖြစ်တဲ့ တရားတွေ သာလျှင် လျော့သွားပါတယ်။ သင်္ချာ မလျော့ပါဘူး။ ၃၀ပဲ ကျန် ပါတယ်။

သဟဇာတ မိပတိမှာလဲ သဟဇာတ အင်္ဂါဖြစ်ခြင်းကြောင့် သဟဇာတရဲ့ သုဒ္ဓသင်္ချာကို ကိုး၍ အဓိပတိ ဆိုင်ရာကိုပဲ နှုတ်ရပါလိမ့် မယ်။ အဓိပတိ နှုတ်တော့ “အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်း ကောင်း တတ်သော အဓိပတိတရားကိုယ် လေးပါးမှာပါး အလုံးစုံ သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး (နောက်ဆုံးအချက်– သဟဇာတ မိပတိသည် ပဋိသန္ဓေနှင့် မဆိုင်ခြင်းကြောင့် နှုတ်စရာ မလိုတော့ဘူး။) အချင်းချင်းအား တတ် သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယ ဝတ္ထု။ ဒီမှာလဲ သင်္ချာ ၃၀ပဲ ကျန်ပါတယ်။

သဟဇာတကျတော့ နှုတ်စရာ မလိုပါဘူး။ ပြတ်သွားပါပြီ။ အညမည နှုတ်ပုံက ခုနက ပြောခဲ့တဲ့ အတိုင်းပါပဲ။ အညမညမှာ ပစ္စယုပ္ပန်ကို ကြည့်လိုက်ရင် အချင်းချင်းအား လည်းကောင်း၊ အချင်း ချင်း နာမက္ခန္ဓာ ဟဒယဝတ္ထုအား လည်းကောင်း တတ်သောလို့ ရှိပါ တယ်။ ဒီတော့ အချင်းချင်းဆိုတဲ့ နာမ်ကတော့ စိတ် စေတသိက် အကုန်ရခြင်းကြောင့် ပြုတ်သွားပါပြီ။ ဟဒယဝတ္ထုကို ပဋိသန္ဓေ ကမ္မဇရုပ်ထဲမှာ နှုတ်ရပါလိမ့်မယ်။ ဒီတော့ သဟဇာတထဲမှာ အညမည နှုတ်ရင် ပစ္စယုပ္ပန် စိတ္တဇရုပ်နှင့် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကမ္မဇ ရုပ် ရပါလိမ့်မယ်။ အဲဒီလို ပစ္စယုပ္ပန် ရှင်နေရင် ဘုံသတ်ပြီး ဝိပ္ပယုတ္တ သဘောအတိုင်း ဆိုရပါတယ်။ ဒုတိယအချက်မှာ အညမညက အချင်း ချင်း တတ်တဲ့ မဟာဘုတ် လေးပါး ရသဖြင့် ဥပါဒါရုပ်အား တတ် သော မဟာဘုတ် လေးပါးပဲ ကျန်ပါတယ်။ တတိယ အချက်မှာ အညမညကလဲ ရှိနေသဖြင့် မဆိုရတော့ပါဘူး။ ပြုတ်သွား ပါပြီ။ ဒီတော့ သဟဇာတထဲမှာ အညမညနှုတ်ရင် သင်္ချာ ပဉ္စ ရကြောင်းကို

[ဗျာ(၅) ချက် ရနကြောင်းကို] ပြောခဲ့ပါပြီ။ နှုတ်ပုံကလေးဆို ပြမယ်။

စိတ္တဇရုပ် ဟဒယဝတ္ထုမှ တပါးသော ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် (၄)ခု ဒွေပဥ္စဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဥပါဒါရုပ်အား တတ်သော မဟာဘုတ် လေးပါး။

သဟဇာတ နိဿယ နှုတ်စရာ မလိုပါဘူး။ သူညပဲ ကျန်ပါတယ်။ သဟဇာတက ကမ္မဟာ အင်္ဂါ ဖြစ်ခြင်းကြောင့် ဟေတုက နှုတ်ခဲ့တဲ့ သဘောအတိုင်း ဖြစ်ပါတယ်။ သဟဇာတ ကမ္မ နှုတ်ပါမယ်။ အညမညနှုတ်တာ သဘော ပဌ မှတ်ထားပါ။ အင်္ဂါတွေ ဟူသမျှ သဘော နဲ့ဝပဲ ကျန်ပါတယ်။ ၊အချင်းချင်းအားလည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်ပဋိသန္ဓေ ကမ္မဇရုပ်အားလည်းကောင်း တတ်သော စေတနာမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ၌ရှိသော စေတနာမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။

ဝိပါကကျတော့ ဝိပါကရဲ့ သုဒ္ဓသဘောက ဝိပါက်ဆိုင်ရာတွေ အကုန်ရပါတယ်။ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်လဲ ရပါတယ်။ ဝိပါက ဆိုလျှင် အမြဲ ပဋိသန္ဓေ ကမ္မဇရုပ် ရပါတယ်။ ဒီတော့ ဝိပါကကို နှုတ် လိုက်လျှင် ကုသိုလ် အကုသိုလ် ကြိယာ ကျန်ပါလိမ့်မယ်။ ရုပ်ထဲကလဲ ပဋိသန္ဓေ ကမ္မဇရုပ် မရနိုင်တော့ပါဘူး။ စိတ္တဇရုပ်ပဲ ကျန်ပါတော့ တယ်။ ဒုတိယအချက် ဝိပါကနဲ့ မဆိုင်ပါဘူး။ တတိယအချက်မှာ ဝိပါက ဟဒယဝတ္ထုအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာလို့ ဆိုသဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ် သော ဟဒယဝတ္ထု ကျန်ပါလိမ့်မယ်။ နှုတ်ပုံကလေး ဆိုပြပါမယ်။

အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား လည်းကောင်း တတ်သော ကုသိုလ် အကုသိုလ် ကြိယာ

နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ ပဋ္ဌာနဝါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထု။ သင်္ချာ နဝ ကျန်ပါတယ်။

အာဟာရ၊ ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ၊ ဒါတွေဟာ အင်္ဂါတွေပါ။ အင်္ဂါတွေဖြစ်တော့ အဲဒီ လေးပစ္စည်းကို တပါတည်း နှစ်လုံးတွဲပြီး ဆိုပြပါမယ်။ နာမ်အာဟာရက သုံးပါး ရှိပါတယ်။ နာမ်ဣန္ဒြေ ရှစ်ပါး ရှိပါတယ်။ ဈာနင်(၅) ပါး ရှိပါတယ်။ ဒါတွေ အားလုံး ပဝတ္တိ ပဋိသန္ဓေမှာ ရပါတယ်။ မဂ္ဂကျတော့ ပဋိသန္ဓေ အခါကာလမှာ မဂ္ဂင် တရားကိုယ်(၅)ပါးပဲ ရပါတယ်။ အဲဒီတော့ မဂ္ဂအတွက် ပဋိသန္ဓေမှာ (၅) ပါးလို့ ဆိုပြပါမယ်။ အဲဒီ (၄) ပစ္စည်းအတွက် တပါတည်း ပေါင်းဆိုပြမယ်။

အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော နာမ် အာဟာရ တရားကိုယ် (၃) ပါး၊ နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး၊ ဈာနင် တရားကိုယ်(၅)ပါး၊ မဂ္ဂင်တရားကိုယ် (၉)ပါးမှ အပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ၌ရှိသော နာမ် အာဟာရ တရားကိုယ် (၃)ပါး၊ နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး၊ ဈာနင် တရားကိုယ် ငါးပါး။ မဂ္ဂင် တရားကိုယ် ငါးပါးမှ တပါး ပဉ္စ ဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။

သမ္ပယုတ္တကျတော့ အညမည သဘောအတိုင်းပါပဲ။ သင်္ချာ ပဉ္စ ကျန်ပါတယ်။ သမ္ပယုတ္တနှတ်တော့ သမ္ပယုတ္တမှာ နာမ်သက်သက်သာ ရှိခြင်းကြောင့် ပထမအချက်မှာ ဝိပ္ပယုတ္တ သဘောအတိုင်း ရုပ်တွေသာ ကျန်ပါတယ်။ ဒုတိယအချက် တတိယအချက်ဟာ သမ္ပယုတ္တနဲ့ မဆိုင်ပါဘူး။ သင်္ချာလဲ အညမညအတိုင်း ပဉ္စပဲ ကျန်ပါတယ်။ စိတ္တဇ ရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရတို့၌ ဖြစ်သော အခါ အရူပဝိပါက် လေးခု၊ ဒွေပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိ

ကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထု။

သဟဇာတ ဝိပ္ပယုတ္တနှုတ်တော့ သဟဇာတ ဝိပ္ပယုတ္တရဲ့ သုဒ္ဓသချာမှာ ပစ္စယုပ္ပန်ရုပ် ရှိပါတယ်။ အဲဒါကြောင့် သမ္ပယုတ္တသဘော အတိုင်း ပထမအချက်မှာ အချင်းချင်းတတ်တဲ့ နာမ် ကျန်ပါလိမ့်မယ်။ ဒုတိယအချက်ဟာ သဟဇာတ ဝိပ္ပယုတ္တနဲ့ မဆိုင်ပါဘူး။ သူ့ကို ဆိုရ ပါလိမ့်မယ်။ တတိယအချက်က သဟဇာတ ဝိပ္ပယုတ္တမှာ ရှိခြင်းကြောင့် တတိယအချက် ပြုတ်သွားပါပြီ။ မနှုတ်ရပါဘူး။ အဲဒီတော့ ပထမ အချက်က နာမ်နဲ့ ဒုတိယအချက်ကို ဆိုလိုက်ရုံပဲ။ နာမ် ကျန်နေတော့ ဘာတွေရမလဲ?။ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့ သမ္ပယုတ္တအတိုင်း ရပါလိမ့်မယ်။ နောက် ဒုတိယအချက်က အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်တဲ့ မဟာဘုတ်လေးပါးကလဲ အဗျာကတော အဗျာကတဿပဲ ရပါတယ်။ အဲဒါကြောင့် သချာသည် တိဂိုသာလျှင် ဖြစ်ပါတယ်။

အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ် အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။

သဟဇာတသဲက ဆိုင်ရာဖြစ်တဲ့ မျိုးတွေ နှုတ်ပုံ ပြီးသွားပါပြီ။ ပြီးသွားတော့ အကျဉ်းချုပ် ဘာမှတ်ရမလဲ?။ ခရေပွင့်ရှိတဲ့ ပစ္စည်းတွေ ကိုတော့ သဟဇာတနဲ့ ပစ္စည်း ပစ္စယုပ္ပန် အားလုံးကုန် တူခြင်းကြောင့် နှုတ်စရာ မလိုပါဘူး။ သုညပဲ ကျန်ပါတယ်။ အငယ်တွေအတွက် အားလုံးကုန် သချာသည် နဝပဲ ကျန်ပါတယ်။ အလတ်တွေထဲက အညမညနှင့် သမ္ပယုတ္တဟာ သချာ ပဉ္စ ကျန်ပါတယ်။ သဟဇာတ ဝိပ္ပယုတ္တ အတွက် သချာ တိဂို ကျန်ပါတယ်။ ဝိပါက ကတော့ နဝပဲ ကျန်ပါ တယ်။ ဘာ့ကြောင့်?။ ကုသိုလ် အကုသိုလ် ကြိယာတွေ အပြည့်အစုံ

အားလုံးကုန် ရှိပါတယ်။ ဝိပါက်သာလျှင် မရတယ်။ အဲဒီကို အကျဉ်းချုပ်ကလေးလဲ မှတ်ထားပါ။ အာရမ္မဏထဲမှာ ဆိုင်ရာဖြစ်တဲ့ အာရမ္မဏမျိုးတွေကို နှုတ်လိုက်တဲ့အခါမှာ ဆိုင်ရာဖြစ်တဲ့ တရားတွေသာ လျော့၍ သင်္ချာ မလျော့ပဲ အားလုံးကုန် နဝပဲ ကျန်ပါတယ်။ သဟဇာတထဲမှာ ဆိုင်ရာဖြစ်တဲ့ သဟဇာတတွေကို နှုတ်လိုက်တဲ့အခါ အညမညနှင့် သမ္ပယုတ္တက ပဉ္စ၊ သဟဇာတ ဝိပ္ပယုတ္တက တိဏ္ဏိ၊ ကျန်တာတွေ အားလုံးကုန် နဝပဲ ဖြစ်ပါတယ်လို့ မှတ်ပါတော့။

ဒီမှာ ရှေးဦးစွာ သုဒ္ဓသင်္ချာအတိုင်း ခေါင်းစဉ် ရှိပါတယ်။ ဒီခေါင်းစဉ်က အာရမ္မဏရဲ့ သုဒ္ဓသင်္ချာကလေးကို ကျေနေအောင်၊ သဟဇာတ သုဒ္ဓသင်္ချာ၊ အနန္တရ၊ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ မိဿက (၃) အဲဒီ သုဒ္ဓသင်္ချာတွေကို ကျေပြီးနေအောင် ဆိုထားပါ။ ကဲ ဟိုနေ့ကျတော့ ဆိုရပါလိမ့်မယ်။ ဘာ့ကြောင့်လဲဆိုတော့ ဒီသုဒ္ဓသင်္ချာတွေကို အခါခါ အထပ်ထပ် ဆိုမနေနိုင်ပါဘူး။ အခါခါ အထပ်ထပ် ဆိုနေရင် အင်မတန် အချိန်ကုန်ပါလိမ့်မယ်။ ဒီတော့ ပဌမအခေါက်သာလျှင် ဒီသုဒ္ဓသင်္ချာတွေကို အပြည့်အစုံ ဆိုရပါလိမ့်မယ်။ အပြည့်အစုံ ဆိုပြီးတဲ့နောက် ကြွင်းကျန်တဲ့ ပစ္စည်းတွေကို ဆိုရင် လွယ်ကူတဲ့ ပြီးလွယ်တဲ့ နည်းတွေနဲ့ ပို့ချပေးပါမယ်။

သာဓု၊ သာဓု၊ သာဓု။

## * ပဋ္ဌာန်း ကုသလတိက် ပဉှာဝါရ ပစ္စနိက်

အရင်အပတ်က 'သဟဇာတတထဲက ဆိုင်ရာဖြစ်တဲ့ သဟဇာတ မျိုးတွေကို နှုတ်ပုံပြောပြီးပါပြီ။ ယခုအပတ်မှာ အနန္တရူပ 'နိဿယထဲက နှုတ်စရာက အာသေဝနရယ်၊ အနန္တရကမ္မရယ် ဒါပဲ ရှိပါတယ်။ ဒီ ပြင်ဟာတွေက အနန္တရူပ နိဿယနဲ့ အကုန်လုံး ပစ္စည်း ပစ္စယုပ္ပန် တူကြပါတယ်။ ဒီတော့ အာသေဝန နှုတ်မယ်ဆိုရင် အကုသိုလ် ဒွါဒသဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဇော အာဝဇ္ဇန်း ဒွေ ရဟန္တာ စုတိနှင့်တကွ ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာအား တတ်သော ရှေးရှေးသော လောကီ ဇောသတ္တ စတ္တာလီသအဆုံး ဇော၊ မဂ်လေးခု၊ အာဝဇ္ဇန်း ဒွေ၊ ရဟန္တာတို့ စုတိကြဉ်သော ဝိပါက်စိတ် ဆတ္တိံသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ။အဲဒါ အနန္တရ ထဲမှာ အာသေဝနနှုတ်တော့ အာသေဝနထဲက ကုသလော ကုသလဿ၊ အကုသလော အကုသလဿဟာ အနန္တရနဲ့ အာသေဝန လုံးဝ တူပါတယ်။ ဒီတော့ အနန္တရ သတ္တထဲက ဒီ (၂) ခု ဖယ်လိုက်ရင် ပဉ္စ ကျန်ပါတယ်။

အနန္တရက ကမ္မကို နှုတ်တာကတော့ အပါဒါန် ခံဆိုရရုံပါပဲ။ သူ့အတွက် တရားအထူး မလျော့ပါဘူး။ အနန္တရ ကမ္မနှုတ်ရင် အနန္တရ ကမ္မမှတပါး အလုံးစုံသော အနန္တရူပ နိဿယပစ္စည်း။

---

* ၁၃၂၈-ခု၊ တပို့တွဲလဆန်း (၂) ရက်၊
၁၉၆၇-ခု၊ ဖေဖော်ဝါရီလ (၁၁) ရက်၊ စနေနေ့၊ တတိယအကြိမ်။

ပကတူပထဲမှာ ဗလဝ ကမ္မပဲ နှုတ်စရာ ရှိပါတယ်။ သူ့လဲ အပါဒါန်ခံပြီး 'မှတပါး' လို့ ဆိုရရှိပါပဲ။ ဗလဝ နာနာက္ခဏိက ကမ္မမှ တပါး အလုံးစုံသော ပကတူပ နိဿယပစ္စည်း။

ပုရေဇာတထဲမှာ နှုတ်စရာဟာ ဝတ္ထုပုရေဇာတိန္ဒြိယပဲ ရှိပါတယ်။ ဝတ္ထုပုရေဇာတိန္ဒြိယက ဒွေ့ပဉ္စဝိညာဉ် တဘာယ်သား တတ်သော ပဉ္စဒြေလို့ သိသဖြင့် ဟဒယဝတ္ထု တခုပဲ ကျန်ပါတယ်။ အဲဒီ ဟဒယ ဝတ္ထုဟာ ဆိုရိုး (၃) ချက်ရှိပါတယ်။ ဟဒယဝတ္ထုကို ဘယ်သူ ရှိသလဲ ဆိုရင် မနောဝတ်နဲ့ မနော ဝိညာဏဓာတ်တွေ ရှိပါတယ်။ ယံ ရူပံနိဿာယ မနောဓာတုစ မနော ဝိညာဏ ဓာတုယာစ ဝတ္တန္တိ ဆိုတဲ့ ပစ္စယ နိဒ္ဒေသအရ။ အဲဒီတော့ ပစ္စယုပ္ပန်က ပထမ အချက်မှာ မနောဓာတ်နှင့် မနော ဝိညာဏဓာတ် ဆိုရပါလိမ့်မယ်၊ မနော ဝိညာဏဓာတ် (၇၆) ခုထဲက အရူပဝိပါက် လေးခု မသိုင်ပါဘူး။ ဒါ့ကြောင့် အရူပ ဝိပါက်လေးခု ကြဉ်ရပါတယ်။ "မနောဓာတ် (၃) ခု၊ အရူပဝိပါက် လေးခုကြဉ်သော မနောဝိညာဏဓာတ် (၇၂) ခုအား တတ်သော ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့် အတူ ဥပါဒ်သော ဟဒယဝတ္ထု"။ အဲဒါက တချက်ပါ။ နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်အား တတ်သော ရှေ့ စိတ္တက္ခဏ တချက်ခန့် ကာလ၌ဖြစ်သော ဟဒယ ဝတ္ထု။ (၂) ချက်။ (၃) ချက်က မရဏာသန္န အခါပါ။ မရဏာ သန္နအခါ ပဉ္စဝေါကာရဘဝင် (၁၅) ခု၊ အာဝဇ္ဇန်း ဒွေ၊ သမ္ပဋိစ္ဆိုင်း ဒွေ၊ သန္တီရဏ သုံးခု၊ ဝုဋ္ဌော၊ မရဏာ သန္နဇော (၅) ချက်၊ တဒါရုံ စုတိအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက်သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ အဲဒီ ကျန်တာကို ဆိုရပါတယ်။ သင်္ချာထုတ်ရင် ပုရေဇာတ အတိုင်း တိကပဲ ဖြစ်ပါတယ်။

နောက် ပစ္ဆာ ကံ ဟာ ဂုံ မိဿက (၃) မျိုးဟာ နှုတ်စရာ မရှိတော့ပါဘူး။ အားလုံးကုန် အတူတူ ဖြစ်ကြပါတယ်။ ယခု ပဋ္ဌာ ဝါရ ပစ္စနိက် သုဒ္ဓသင်္ချာ ဆိုရပါလိမ့်မယ်။ သုဒ္ဓသင်္ချာဆိုတော့ ခေါင်း စဉ်ဖြစ်တဲ့ အာရမ္မဏ၊ သဟဇာတ၊ ဥပနိဿယ၊ ပုရေဇာတ၊ ပစ္ဆာ ဇာတ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ မိဿက (၃) လို့ အဲဒီ တရားတွေရဲ့ သုဒ္ဓသင်္ချာကို ဆိုရပါလိမ့်မယ်။ ဆိုပြီးသကာလ ဆိုင်ရာဖြစ်တဲ့ တရားကို

နှုတ်ရပါလိမ့်မယ်။ ပစ္စနိက် ဖြစ်ခြင်းကြောင့် န ဟေတုလို့ ဆိုရပါတယ်။ န ဟေတုဟာ မျိုးအားဖြင့် ကြည့်လိုက်ရင် သဟဇာတမျိုး ဖြစ်ပါတယ်။ ဒီတော့ သဟဇာတထဲက ဟေတုကို နှုတ်ရပါလိမ့်မယ်။ ကျန်တဲ့ အာရမ္မဏ၊ ဥပနိဿယ စသည်တွေကိုတော့ သူတို့ရဲ့ သုဒ္ဓသင်္ချာကို ဆိုရပါလိမ့်မယ်။ အဲဒီတော့ ဆိုရိုးကလေး—

န ဟေတုပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ (အာရမ္မဏ ဆိုရပါလိမ့်မယ်။) ကာမစိတ် စတုပညာသ ဝိညာဏဓာတ်တန စိတ် (၃) ခု၊ နေဝသညာ နာသညာယတန စိတ် (၃) ခု၊ အဘိညာဉ် ဒွေ၊ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်း။ ။ (ဟေတုမှတပါး ကျန်တာတွေကို နှုတ်မယ်ဆိုရင် သူ့အတိုင်း ဆွဲပြီး ချလိုက်ရုံပါပဲ။ ပြီးတော့ ဟေတုကို သဟဇာတထဲက နှုတ်ရပါလိမ့်မယ်။ နှုတ်ပုံကို အရင်အပတ်က ပြောပြခဲ့ပါပြီ။) အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော ဟိတ် (၆) ပါးမှ တပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ ဟိတ် (၃) ပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ ။ (ကျန်တာတွေကို သူတို့ရဲ့ သုဒ္ဓသင်္ချာကို ဆိုရုံပါပဲ။) ရဟန္တာတို့ စုတိနှင့်တကွ နောက်နောက်သော နာမက္ခန္ဓာအား တတ်သော ရဟန္တာတို့ စုတိကြဉ်သော ရှေးရှေးသော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဟု ဆိုအပ်သော အနန္တရပ နိဿယပစ္စည်း။ ။ စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသအား တတ်သော ဗလဝဖြစ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ရုပ် အဋ္ဌဝီသဟု ဆိုအပ်သော ပကတူပ နိဿယပစ္စည်း။ ။ (ပုရေ၊ ဒီပုရေဟာ ဝတ္ထုပုရေဇာတပါ။) ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက် လေးခုကြဉ်သော သတ္တ ဝိညာဏဓာတ်အား တတ်သော သဝတ္ထုဟု

ဆိုအပ်သော ဝတ္ထုပုရေဇာတပစ္စည်း။ ။(ပစ္ဆာ) ပိသန္တေ အစ ရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ကြဉ်သော ပထမဘဝင် အစရှိသော နောက်ဖြစ်သော နာမက္ခန္ဓာ လေးပါးဟု ဆိုအပ်သော ပစ္ဆာဇာတပစ္စည်း။ ။(ကံ ဟာ ဗလဝ ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ ဖြစ်ပါတယ်။) ကာမဝိပါက် တေဝီသ နာမက္ခန္ဓာအား တတ်သော ကာမ ကုသိုလ် အကုသိုလ် စေတနာဟု ဆိုအပ်သော ဒုဗ္ဗလ နာနာက္ခဏိက ကမ္မ။ ကဋတ္တာရုပ်အား တတ်သော ပဉ္စဝေါကာရ ကုသိုလ် အကုသိုလ် စေတနာဟုဆိုအပ်သော ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မဟု ဆိုအပ်သော ကမ္မပစ္စည်း။ ။(ဟာက ရုပ်အာဟာရပါ။) ကလာပ်ဘူ သြဇာကြဉ်သော ကလာပ်တူ ကလာပ်ပြား ဖြစ်သော စတုသမုဋ္ဌာနိကရုပ်အား တတ်သော စတုသမုဋ္ဌာနိက သြဇာဟု ဆိုအပ်သော ရုပ်အာဟာရ ပစ္စည်း။ ။(ဣံက ရူပဇီဝိတိန္ဒြိယပါ) ရုပ်ဇီဝိန္ဒြေ ကြဉ်သော ကလာပ်ဘူ ကမ္မဇရုပ် (၉) ခုအား တတ်သော ရုပ်ဇီဝိန္ဒြေဟု ဆိုအပ်သော ရူပဇီဝိတိန္ဒြိယပစ္စည်း။ ။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ်ဒွါဒသ၊ ကုသိုလ် ကေဝီသ၊ စေတသိက် ဒွေပညာသ အဝိတ် အစိတ် နာမက္ခန္ဓာ။ ဝုဋ္ဌော မနော ဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ ။ဝုဋ္ဌော မနော ဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ကေဝီသ၊ စေတသိက် ဒွေပညာသ အဝိတ်အပေါင်း နာမက္ခန္ဓာ။ ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော သြဇာဟု ဆိုအပ်သော ပစ္ဆာဇာတာဟာရ မိဿကပစ္စည်း။ ။ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ကမ္မဇကာယအား ကာလတူ တပြိုင်နက် တတ်ကောင်းသော ပဉ္စဝေါကာရ

ဘုံ၌ ဖြစ်သောအခါ အကုသိုလ် ဒွါဒသ၊ ကုသိုလ် ဧကဝီသ၊ စေတသိက် ဒွေပညာသ အစိတ်အပေါင်း နာမက္ခန္ဓာ။ ဝတ္ထုမနောဒွါရာဝဇ္ဇန်း အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်၍ ရုပ်၏ ဌီသို့ ရောက်သော ရုပ်ဇီဝိတိန္ဒြေဟု ဆိုအပ်သော ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ ဤတရားတို့သည် နဟေတုပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ဤတရားတို့ကို ပစ္စနိက်၌ နဟေတုယာ ပန္နရသဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

ကပည့်တော်တို့ ပဥ္စာဝါရ ပစ္စနိက်ရဲ့ သုဒ္ဓသင်္ချာဟာ အထူး ကျက်ပြီး မနေရပါဘူး။ ယခုဆိုခဲ့တဲ့ သဘောအတိုင်း လျှောက်ပြီး ဆိုရရုံပါပဲ။ နောက် ကြွင်းကျန်တာတွေလဲ ဒီသဘောအတိုင်း ဆိုရ ပါလိမ့်မယ်။ ဒါပေတယ်လို့ ဒီလို ဆိုနေရင် ပြီးနိုင်တော့မယ် မဟုတ် ပါဘူး။ အဲဒီတော့ ပထမ အသက် ခေါင်းစဉ်က ပစ္စည်းတွေရဲ့ သုဒ္ဓ သင်္ချာကို ဘယ်လို ဆိုရတယ်လို့ ဆိုတာကို ဆိုတတ်ရင် ကိစ္စပြီးပါတယ်။ ပြီးတော့ သင်္ချာတွေလဲ ဒီဘက်က နည်းပြသင်္ချာ ဇယားကလေးမှာ အတိအကျ အသေအချာ ပြပြီး ထားပါတယ်။ ဆိုလိုရင်းက အသက်က ခေါင်းစဉ် (၁၁) ချက် ရှိတဲ့အနက်မှာ ဟေတုပစ္စည်း နုတ်ရုံနှင့် သင်္ချာ ပန္နရသက လျော့ပြီး မသွားကြောင်းကိုလဲ အရင်အခါက ပြောခဲ့ ပါပြီ။ ဒါ့ကြောင့် သင်္ချာဟာ ပန္နရသ ရပါတယ်။

ယခု နာရမ္မဏ။ နာရမ္မဏကျတော့ အာရမ္မဏမှာ ခရေပွင့် ကလေး ရှိပါတယ်။ ခရေပွင့်ကလေးရှိရင် ဆိုင်ရာဖြစ်တဲ့ အာရမ္မဏ မျိုးတွေဟာ အကုန်လုံး ပြုတ်ကုန်ပါပြီ။ အဲဒီတော့ ကျန်တဲ့ ကွက်လပ် မှာ ရှိတဲ့ ပစ္စည်းတွေကို ဆိုရပါလိမ့်မယ်။ အာရမ္မဏ လျော့သွားရုံဖြင့်လဲ သင်္ချာဟာ လျော့မသွားပါဘူး။ ပစ္စယုဒ္ဒါရက ပြခဲ့တဲ့အတိုင်း ဥပ နိဿယ ကျန်ပါသေးတယ်။ ဒါ့ကြောင့် သင်္ချာဟာ ပန္နရသပဲ ရပါတယ်။

နာရမ္မဏ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော သဟဇာတ ပစ္စည်း။ (အကျဉ်း ဆိုပြပါ့မယ်။ ခေါင်းစဉ်ရှိတဲ့ အတိုင်းပဲ ဆိုပါတော့။) အနန္တရူပကာယူ ပုရေ ပစ္ဆာ ကံ ဟာ ဂုံ ပစ္စည်း။ သဟဇာတ ပုရေ ဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက

ပစ္စည်း။ဤတရားတို့သည် နာရမ္မဏပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နာရမ္မဏေ ပန္နရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။ (ဒါထက်ကျဉ်းအောင် ပိဿက တွေကို (၃) မျိုး ရခဲ့လို့ရှိရင် မိဿက (၃) ပစ္စည်းလို့ပဲ ကိုလိုက်ကြပါဦး။)

နာဓိပတိမှာ အာရမ္မဏာဓိပတိကို အာရမ္မဏထဲက နုတ်ရပါလိမ့်မယ်။ သဟဇာတာ ဓိပတိကို သဟဇာတထဲက နုတ်ရပါလိမ့်မယ်။ အာရမ္မဏာဓိပတိကို အာရမ္မဏထဲက နုတ်မှုအတွက် သင်္ချာ ပလျော့ပါဘူး။ သဟဇာတထဲက သဟဇာတာဓိပတိကို နုတ်မှုအတွက်သဲ သင်္ချာ မလျော့ပါဘူး။ သင်္ချာဟာ ပန္နရသပဲ ရပါတယ်။

နာဓိပတိပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလေးအမြတ် မပြုတတ်သော ကာမစိတ် စတုပညာသ၊ ဝိညာဏဉ္စာယတနစိတ် သုံးခု၊ နေဝသညာ နာသညာယတနစိတ် သုံးခု၊ အဘိညာဉ်ဒွေအား တတ်သော အလေးအမြတ် မပြုအပ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ရုပ် အဋ္ဌဝီသ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏပစ္စည်း။ ။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ ဝတ္ထုရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော အဓိပတိဟူသော ကိုယ် (၄) ပါးတို့မှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ ။အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣံ ပစ္စည်း။ မိဿက (၃) ပစ္စည်း။ဤတရားတို့သည် နာဓိပတိပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နာဓိပတိယာ ပန္နရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နာနန္တရ၊ နသမနန္တရ၊ နောနတ္ထိ၊ နောဝိဂတ အားလုံးကုန် တူပါတယ်။ ဒါ့ကြောင့် ဒါတွေကို ပေါင်းပြီး ဆိုရပါလိမ့်မယ်။ နာနန္တရလို့ ဆိုသဖြင့် အနန္တရပမျိုး ပြုတ်သွားပါပြီ။ ၎င်း အနန္တရပမျိုးသည် ပကတူပထဲမှာ ဝင်သဖြင့် သင်္ချာလျော့ပြီး မသွားပါဘူး။ အဲဒီတော့ အနန္တရအကွက်မှတပါး ကြွင်းကျန်တဲ့ ကွက်လပ်တွေကို အားလုံးကုန် ဆိုရပါလိမ့်မယ်။

နာနန္တရ၊ နသမနန္တရ၊ နောနတ္ထိ၊ နောဝိဂတပစ္စည်း၏ သုဒ္ဓ သင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏပစ္စည်း။ အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရ ကမ္မမှတပါး ပကတူပ နိဿယပစ္စည်း။ (ပကတူပထဲမှာ အနန္တရ ကမ္မ ရှိနေတယ်။) ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ မိဿက (၃)ပစ္စည်း။ ဤတရားတို့သည် နာနန္တရ၊ နသမနန္တရ၊ နောနတ္ထိ၊ နောဝိဂတ ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နာနန္တရေ ပန္နရသ၊ နသမနန္တရေ ပန္နရသ၊ နောနတ္ထိယာ ပန္နရသ၊ နောဝိဂတေ ပန္နရသဟု သင်္ချာတတ်၍ ဟောဘပ် ကုန်၏။

နသဟဇာတလို့ ဆိုသဖြင့် သဟဇာတမျိုး ပြုတ်သွားပါပြီ။ နသဟဇာတမှာ ခရေပွင့်ကလေး ပြထားပါတယ်။ ခရေပွင့်ကလေး ပြထားသဖြင့် မိဿက (၃)မျိုးထဲက သဟဇာတ ပုရေဇာတ မိဿက မရတော့ပါဘူး။ သဟဇာတ ပုရေဇာတ မိဿက ဆိုတာ အရင်က ပြောခဲ့တဲ့အတိုင်း သဟဇာတလဲ ရှိရမယ်၊ ပုရေဇာတလဲ ရှိရမယ်။ (၂)မျိုး ရှိမှသာလျှင် ဒီမိဿကကို ရပါတယ်။ တမျိုးမျိုး ပြုတ်သွားတဲ့ အခါမှာ ဒီမိဿကကို မရတော့ပါဘူး။ အဲဒီတော့ သဟဇာတမျိုးလဲ ပြုတ်သွားပါတယ်၊ သဟဇာတ ပုရေဇာတ မိဿကမျိုးလဲ ပြုတ်သွား ပါတယ်လို့ ဆိုရင် ဘာတွေ ကျန်တော့မလဲ?။ အာရမ္မဏ ဥပနိဿယ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္ဆာဟာ ပစ္ဆာဣ မိဿက ကျန်ပါတယ်။ အဲဒီလို ကျန်တဲ့အထဲမှာ အာရမ္မဏနဲ့ ဥပနိဿယဟာ သင်္ချာ န၀ တူ ပါတယ်။ အဲဒီ န၀ ထဲမှာ ပုရေ ပစ္ဆာ ကံ ဟာ ဣ တွေက သင်္ချာလဲ ဝင်နေပါတယ်။ ပစ္ဆာဇာတာဟာရ၊ ပစ္ဆာဇာတိန္ဒြိယ မိဿက က ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာ ကတဿ အဲဒီ (၂)ချက် ပေါင်းပေးလိုက်ခဲ့လို့ ရှိရင် သင်္ချာဟာ တေ ဒသ ဖြစ်ပါတယ်။ အကျဉ်းချုပ် မှတ်မယ်လို့ဆိုရင် အာရမ္မဏ ဥပ နိဿယထဲမှာ ဒီ မိဿက (၂)မျိုး ပေါင်းပေးလိုက်ရရုံပါပဲ။

နသဟဇာတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏ ပစ္စည်း အနန္တရ၍ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ ပစ္ဆာဇာတာ ဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ ဤတရားတို့သည်

န သဟဇာတ ပစ္စည်းကတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နသဟဇာတေ ကောဒသ ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

န အညမညကလဲ နသဟဇာတ သဘောပဲ ဖြစ်ပါတယ်။ ပစ္စည်း ပစ္စယုပ္ပန် နှစ်မ်ကုန် ရပါတယ်။ ဒါ့ကြောင့် ခရေပွင့်ကလေး ပြကားမှု သည် နသဟဇာတကဲ့သို့ သဟဇာတ ပုရေဇာတ ပိဿက မရပါဘူး။ အဲဒီတော့ နသဟဇာတ ကောဒသထဲမှာ နအညမညက သင်္ချာ ဘာတွေ တိုးလာမလဲ ဆိုတော့ သဟဇာတထဲမှာ အညမည နှုတ်ပေးရပါလိမ့် မယ်။ နှုတ်ပေးတော့ အရင်က နှုတ်ပြခဲ့တဲ့အတိုင်း သင်္ချာ ပဉ္စ ရပါ တယ်။ အဲဒီ သင်္ချာ ပဉ္စကို အကျဉ်းချုပ် ပျော (၅)ချက်လို့ မှတ်ခဲ့ပါလို့ ပြောခဲ့ပါတယ်။ ဘာတို့က ဘယ်သူလဲ?။ ကုသလော ဗျာကတဿ၊ အကုသလော ဗျာကတဿ၊ အဗျာကတော အဗျာကတဿ၊ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ။ အဲဒီ ကုသလော ဗျာကတဿ စသည်တွေဟာ အာရမ္မဏ ဥပနိဿယ ထဲမှာ ရှိပါတယ်။ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿကလဲ ပစ္ဆာဇာတာဟာရ၊ ပစ္ဆာဇာတိန္ဒြိယ မိဿကနဲ့ မထူးပါဘူး။ အတူတူပါပဲ။ အဲဒါကြောင့် နအညမည၌ တရား ပို၍ ရငြားသော်လည်း သင်္ချာကတော့ ကောဒသပဲ ဖြစ်ပါ တယ်။ နအညမညမှာလဲ တမျိုးထဲသာ ရှိသဖြင့် သဟဇာတ ထဲက အညမညနှုတ်ရင် ကုသလော အဗျာကတဿ၊ အကုသလော အဗျာ ကတဿ၊ အဗျာကတော အဗျာကတဿ၊ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ လို့ (၅) ချက် ရပါတယ်။ အဲဒါဟာ နသဟဇာတထဲမှာ ပါပြီးသား ဖြစ်ပါ တယ်။ သူ့အတွက် သင်္ချာ တိုးမရပါဘူး။ တရားသာလျှင် ထူးပါ တယ်။ အဲဒီတော့ နအညမညမှာလဲ သင်္ချာ ကောဒသပဲ ဖြစ်ပါလိမ့် မယ်။

နအညမည ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ ၌ အလုံးစုံသော အာ ရမ္မဏပစ္စည်း။ စိတ္တဇရုပ် ဟဒယဝတ္ထုမှ တပါး ပဋိသန္ဓေ ကမ္မဇရုပ် အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်

လေးခု ဒွေပဉ္စ ဝိညာဉ် တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဥပါဒါရုပ် အား တတ်သော မဟာဘုတ် လေးပါးဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဈံ ပစ္စည်း။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ ဤတရားတို့သည် နအညမည ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နအညမညေ ဧကာဒသ ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နနိဿယမှာ အာရမ္မဏထဲက ဝတ္ထာ နှုတ်ရပါတယ်။ အပါဒါန် ခံရုံပါပဲ။ သဟဇာတကလဲ ငရေပွင့်ကလေး ရှိသဖြင့် ပြုတ်သွားပါပြီ။ ပုရေဇာတမျိုး ပြုတ်သွားပါပြီ။ သဟ ပုရေ မိဿကလဲ မရတော့ပါဘူး။ အဲဒီတော့ အာရမ္မဏ အနန္တရ ပကတူ ဒါတွေဟာ သင်္ချာ နဝပဲ ဖြစ်ပါတယ်။ ပစ္ဆာ ကံ ဟာ ဈံ တွေ ပေါင်းမှုအတွက် မထူးပါဘူး။ ပစ္ဆာဇာတာဟာရ၊ ပစ္ဆာဇာတိန္ဒြိယ မိဿကအတွက် သင်္ချာ ဒွေ သာ တိုးလာသဖြင့် သင်္ချာဟာ ဧကာဒသပဲ ရပါတယ်။

နနိဿယ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ဝတ္ထာရမ္မဏ ပစ္စည်းမှ တပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အနန္တရ ပကတူ ပစ္ဆာ ကံ ဟာ ဈံ ပစ္စည်း။ ပစ္ဆာဇာတာဟာရ၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ ဤတရားတို့သည် နနိဿယ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နနိဿယေ ဧကာဒသဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

နဥပနိဿယမှာ (၃)မျိုး ရှိပါတယ်။ အာရမ္မဏထဲက အာရမ္မဏူပ နှုတ်သဖြင့် သင်္ချာ မလျော့ပါဘူး။ အနန္တရူပမျိုး၊ ပကတူပမျိုး ပြုတ်သွားပါပြီ။ ကျန်တာတွေ အကုန်လုံး ရပါတယ်။ မိဿက (၃) မျိုးလုံး ရသဖြင့် သင်္ချာဟာ ပန္နရသ ဖြစ်ပါတယ်။

နဥပနိဿယ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလေးအမြတ် မပြုတတ်သော ကာမစိတ် စတုပညာသ၊ ဝိညာဏဉ္စာယတနစိတ် (၃)ခု၊ နေဝသညာ နာသညာယတနစိတ် (၃)ခု၊ အဘိညာဉ် ဒွေ အား တတ်သော အလေးအမြတ် မပြုအပ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ ရုပ် အဋ္ဌဝီသ နိဗ္ဗာန်ဟု ဆိုအပ်သော အာရမ္မဏ

ပစ္စည်း။ အလုံးစုံသော သဟဇာတပစ္စည်း။ ပုရေပစ္ဆာ ကံ ဟာ ဣံ ပစ္စည်း။ မိဿက (၃)ပစ္စည်း။ ဤတရားတို့သည် နဥပနိဿယ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နဥပနိဿယေ ပန္နရသ ဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

န ပုရေဇာတမှာ အာပုံ ဝတ်ပုံ (၂)မျိုးရှိပါတယ်။ အာရမ္မဏ ထဲက အာပုံကို နုတ်ရပါတယ်။ ဝတ်ပုံက ပြုတ်သွားပါပြီ။ ပုရေဇာတ မှာ ခရေပွင့်ရှိသဖြင့် သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ ဒီတော့ ၎င်း သဟဇာတ ပုရေဇာတ မိဿက သင်္ချာ (၂) ချက်ကို နုတ်လိုက်ရင် န ပုရေဇာတ သင်္ချာဟာ တေရသ ဖြစ်ပါတယ်။

န ပုရေဇာတပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မနော ဒွါရာဝဇ္ဇန်း၊ ကာမဇောတခုယုတ် သုံးဆယ်၊ တဒါရုံ ဧကာဒသ၊ ဝိညာဏဉ္စာယ တန်စိတ် သုံးခု၊ နေဝသညာ နာသညာယတနစိတ် သုံးခု၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်မှတပါး အဘိညာဉ် ဒွေ၊ လောကုတ္တရာစိတ် ရှစ်ခုအား တတ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေ ပညာသ၊ ပစ္စုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသမှတပါး ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော အာရမ္မဏပစ္စည်း။ အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရူပကတူ ပစ္ဆာ ကံ ဟာ ဣံ ပစ္စည်း။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ ဤတရားတို့သည် န ပုရေဇာတ ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ န ပုရေဇာတေ တေရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

န ပစ္ဆာဇာတကျတော့ ခရေပွင့်ကလေး (၂)ခု ပြထားပါတယ်။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကဟာ ပစ္ဆာဇာတပါမှ ရပါတယ်။ အဲဒီတော့ ဒီမိဿက (၂)မျိုး မရပါဘူး။ သဟဇာတ ပုရေဇာတ မိဿက (၁)မျိုးပဲ ရပါတော့တယ်။ အာရမ္မဏနှင့် သဟဇာတ ပေါင်းလိုက်ရင် အာရမ္မဏထဲမှာ မပါသေးတဲ့ ကုသလော ကုသလာဗျာကတဿ၊ အကုသလော အကုသလာဗျာကတဿ၊ ကုသလာ ဗျာကတော အဗျာကတဿ၊ အကုသလာ ဗျာကတော အဗျာကတဿ ဒီ (၄)ချက် ထည့်လိုက်ရင် သင်္ချာဟာ တေရသ ဖြစ်ပါတယ်။ သဟဇာတ ပုရေဇာတ မိဿက (၂)ချက်

ထည့်လိုက်ရင် သင်္ချာဟာ ပန္နရသပဲ ဖြစ်ပါတယ်။ အဲဒီတော့ ပစ္ဆာဇာတမှာ ပစ္ဆာဇာတမျိုးနဲ့ မိဿက (၂)မျိုးသာ ပြုတ်ပါတယ်။ ကျန်တာတွေ အကုန်လုံး ထိုရပါလိမ့်မယ်။

နပစ္ဆာဇာတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏပစ္စည်း။ အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရူပ ပကတူပုရေ ကံ ဟာ ဣ ပစ္စည်း။ သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ ဤတရားတို့သည် နပစ္ဆာဇာတ ပစ္စည်းတတ်သော တရားတို့မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နပစ္ဆာဇာတေ ပန္နရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နာသေဝနမှာ အနန္တရူပမျိုး ဖြစ်ခြင်းကြောင့် အနန္တရူပထဲက အာသေဝန နုတ်ရရုံပါပဲ၊ သင်္ချာက မထူးပါဘူး။ နုတ်ပုံကို ခုနက ပြောခဲ့တဲ့အတိုင်း ထိုရပါလိမ့်မယ်။

နာသေဝနပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏပစ္စည်း၊ အလုံးစုံသော သဟဇာတပစ္စည်း။ အကုသိုလ် ဒွါဒသ ဟသိတုပ္ပါဒ် မဟာကုသိုလ် မဟာကြိယာ ပထမဇော၊ အာဝဇ္ဇန်း ဒွေ၊ ရဟန္တာတို့ စုတိနှင့်တကွ ဝိပါက်ဆတ္တိံသ နာမက္ခန္ဓာအား တတ်သော မျိုးရိုးသော လောကီဇော သတ္တ စတ္တာလီသ အဆုံးဇော၊ မဂ် လေးခု၊ အာဝဇ္ဇန်း ဒွေ၊ ရဟန္တာတို့ စုတိကြဉ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါးဟု ဆိုအပ်သော အနန္တရူပနိဿယပစ္စည်း။ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ မိဿက (၃) ပစ္စည်း၊ ဤတရားတို့သည် နာသေဝန ပစ္စည်းတတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နာသေဝနေ ပန္နရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နကမ္မမှာ သဟဇာတထဲက သဟဇာတ ကမ္မနုတ်၊ အနန္တရကမ္မကို အနန္တရူပထဲက နုတ်၊ ဗလဝကမ္မကို ပကတူပထဲကနုတ်၊ ဒါတွေဟာ အပါဒါနိဒ်ရရုံပါပဲ။ ဗလဝဒုဗ္ဗလ နာနာက္ခဏိက ကမ္မက ပြုတ်သွားပါပြီ၊ ကျန်တာ ပေါင်းလိုက်ရင် သင်္ချာ ပန္နရသပဲ ဖြစ်ပါတယ်။

နကမ္မပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ

စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော စေတနာ မှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း၊ တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဋိ သန္ဓေ၌ရှိသော စေတနာမှတပါး ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရ ကမ္မမှတပါး အနန္တရူပနိဿယပစ္စည်း။ ဗလဝ နာနာက္ခဏိက ကမ္မမှတပါး ပကတူပ နိဿယပစ္စည်း။ ပုရေ ပစ္ဆာ ဟာ ဣ ပစ္စည်း။ မိဿက (၃) ပစ္စည်း။ ဤတရားတို့သည် န ကမ္မပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ န ကမ္မေ ပန္နရသဟု သင်္ချာ တတ်၍ ဟောအပ်ကုန်၏။

န ဝိပါကကျတော့ သဟဇာတထဲက နှုတ်ရုံပဲ ရှိပါတယ်။

န ဝိပါက ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏ ပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ်အား လည်းကောင်း တတ်သော အလုံးစုံသော ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာလေးပါး။ အချင်းချင်းအား လည်း ကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ ပဥ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း၊ အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ မိဿက (၃) ပစ္စည်း။ ဤတရားတို့သည် န ဝိပါက ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထို တရားတို့ကို ပစ္စနိက်၌ န ဝိပါကေ ပန္နရသဟု သင်္ချာတတ်၍ ဟောအပ် ကုန်၏။

န အာဟာရကျတော့ သဟဇာတထဲက နာမ်အာဟာရ နှုတ်၊ ရုပ်အာဟာရ ပြုတ်သွားပါပြီ။ ရုပ်အာဟာရ ပြုတ်သွားသဖြင့် ပစ္ဆာ ဇာတာဟာရ မိဿကလဲ မရတော့ပါဘူး။

န အာဟာရပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏ ပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ

စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော နာမ် အာဟာရ တရားကိုယ် သုံးပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ် အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်း အား တတ်သော ပဋိသန္ဓေ၌ ရှိသော နာမ်အာဟာရ တရားကိုယ် သုံးပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူ ပကတူ ပုရေ ပစ္ဆာ ကံ ဈာ ပစ္စည်း။ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ ဤတရားတို့သည် န အာဟာရပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ န အာဟာရေ ပန္နရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

န ဣန္ဒြိယကျတော့ သဟဇာတထဲက သဟဇာတိန္ဒြိယ နုတ်။ ဝတ္ထု ပုရေဇာတထဲမှာ ပုရေဇာတိန္ဒြိယ နုတ်ရပါတယ်။ ရူပဇီဝိတိန္ဒြိယ ပြုတ် သွားပါပြီ။ အမှတ်ကလေး ပြထားသဖြင့် ပစ္ဆာဇာတိန္ဒြိယလဲ မရ တော့ဘူး။ သင်္ချာကတော့ ပန္နရသပါပဲ။

န ဣန္ဒြိယပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ အလုံးစုံသော အာရမ္မဏ ပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော နာမ် ဣန္ဒြေတရားကိုယ် ရှစ်ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ် အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်း အား တတ်သော ပဋိသန္ဓေ၌ ရှိသော နာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါးမှ တပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ် သော သဟဇာတပစ္စည်း။ အနန္တရူ ပကတူ ပစ္စည်း။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ မနောဓာတ် (၃) ခု၊ အရူပ ဝိပါက်လေးခု ကြဉ်သော မနောဝိညာဏဓာတ် (၇၂) ခုအား တတ်သော ပဋိသန္ဓေ အစရှိသော ရှေးရှေးသော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယဝတ္ထု။ နိရောဓ သမာပတ်မှ ထသောအခါ အနာဂါမိဖိုလ် အရဟတ္တဖိုလ်အား တတ် သော ရှေ့ စိတ္တက္ခဏ တချက်ခန့် ကာလ၌ ဖြစ်သော ဟဒယဝတ္ထု။

မရဏာသန္နအခါ ပဋ္ဌ၀ေါကာရ ဘ၀င် (၁၅) ခု အာ၀ဇ္ဇန်း ဒွေ သန္တီရဏသုံးခု ၀ုဋ္ဌော ပရဏာသန္နဇော (၅) ချက် တဒါရုံ စုတိအား တတ်သော စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် (၁၇) ချက် မြောက် သော စိတ်နှင့်အတူ ဥပါဒ်သော ဟဒယ၀တ္ထုဟု ဆိုအပ်သော ၀တ္ထု ပုရေဇာတ ပစ္စည်း။ ပစ္ဆာ ကံ ဟာ ပစ္စည်း။ သဟဇာတ ပုရေဇာတ မိဿက၊ ပစ္ဆာဇာတာဟာရ မိဿက ပစ္စည်း။ ဤတရားတို့သည် န ဣန္ဒြိယ ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ န ဣန္ဒြိယေ ပန္နရသဟု သင်္ချာတက်၍ ဟောအပ်ကုန်၏။

န ဈာနနှင့် န မဂ္ဂလဲ သဟဇာတ အငယ်ပါ။ ပေါင်းပြီး ဆိုလိုက် ကြပါစို့။ သဟဇာတထဲမှာ နုတ်ရုံပါပဲ။

န ဈာန န မဂ္ဂ ပစ္စည်း၏ သုဒ္ဓသင်္ချာ၀ါရ၌ အလုံးစုံသော အာရမ္မဏ ပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကဋတ္တာရုပ်အား လည်းကောင်း တတ် သော ဈာနင် တရားကိုယ် (၅) ပါး၊ မဂ္ဂင် တရားကိုယ် (၉) ပါးမှ တပါး အလုံးစုံသော ပ၀တ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်း ချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ၌ရှိသော ဈာနင် တရားကိုယ် (၅) ပါး၊ မဂ္ဂင် တရားကိုယ် (၅) ပါးမှ တပါး ပဉ္စ၀ေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယ၀တ္ထုဟု ဆိုအပ်သော သဟဇာတ ပစ္စည်း။ အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ မိဿက (၃) ပစ္စည်း။ ဤတရားတို့သည် န ဈာန န မဂ္ဂ ပစ္စည်း တတ် သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ န ဈာနေ ပန္နရသ၊ န မဂ္ဂေ ပန္နရသဟု သင်္ချာတက်၍ ဟောအပ် ကုန်၏။

န သမ္ပယုတ္တကျတော့ သဟဇာတထဲမှာ သမ္ပယုတ္တနုတ်ရင် အညမညက ပြောခဲ့တဲ့အတိုင်း ဗျာ (၅) ချက်ပဲ ကျန်ပါတယ်။ အဲဒီတော့ န အညမညနဲ့ အတူတူပါပဲ။ သင်္ချာဟာ ကောဒသ ဖြစ်ပါတယ်။ ဒါပေတဲ့ တရားကတော့ သမ္ပယုတ္တက အညမညထက် နည်းနေသဖြင့် တရားကလေး နည်းနည်းပိုရတာ ထူးပါတယ်။

န သမ္ပယုတ္တ ပစ္စည်း၏ သုဒ္ဓသင်္ချာ ၀ါရ၌ အလုံးစုံသော အာရမ္မဏ ပစ္စည်း၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ဒွေ ပဉ္စ ဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ပါတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်း အား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ ဤတရားတို့သည် န သမ္ပယုတ္တ ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ န သမ္ပယုတ္တေ ကောဒသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

န ဝိပ္ပယုတ္တကျတော့ တပည့်တော်တို့ အမှတ်ကလေး (၃) ခု ပြထားပါတယ်။ ခရေပွင့်အမှတ် သဟဇာတ ပုရေဇာတ မိဿက မရဘူး။ အပေါင်းလက္ခဏာ အမှတ်ကလေးက ပစ္ဆာဇာတာဟာရ မိဿက မရဘူး။ အမြှောက်လက္ခဏာ အမှတ်ကလေးက ပစ္ဆာဇာတိန္ဒြိယ မိဿက မရပါဘူး။ ဘာ့ကြောင့်လဲဆိုတော့ ဒီ ဝိပ္ပယုတ္တ ပစ္စည်းမှာ ပုရေ ရှိနေပါတယ်။ ပုရေ ရှိသဖြင့် သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ ပစ္ဆာရှိသဖြင့် ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကလဲ မရပါဘူး။ အဲဒီတော့ ဘာတွေ ကျန်တော့သလဲ။ အာရမ္မဏ ထဲမှာ ဝတ္ထာရမ္မဏ နုတ်ရမယ်။ သင်္ချာ နဝပဲ ရှိပါတယ်။ သဟဇာတ ထဲမှာ သဟဇာတ ဝိပ္ပယုတ္တနုတ်တော့ သမ္ပယုတ္တ သဘောအတိုင်း နာမ်တွေ ကျန်ပါတယ်။ အဲဒီနာမ်တွေဟာ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿလို့ (၃) ချက် လာထွက်ပါတယ်။ အဲဒီ သင်္ချာ (၃) ချက်ဟာ အာရမ္မဏထဲမှာ ဝင်ပါတယ်။ အနန္တရ ပကတူ နဝဟာကလဲ အာရမ္မဏနဲ့ အတူတူပါပဲ။ ပုရေ ပစ္ဆာတွေကလဲ ပြုတ်နေပါပြီ။ ကံက ဒွေဟာလဲ အာရမ္မဏ ဥပနိဿယရဲ့ နဝထဲမှာ ဝင်ပါတယ်။ ဟာ ဣ ကံကလဲ ဝင်ပါတယ်။ မိဿကလဲ မရှိတော့ဘူး။ သင်္ချာသည် အာရမ္မဏ ဥပနိဿယ နဝအတိုင်း ဖြစ်ပါတယ်။

နဝိပ္ပယုတ္တ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ ဝတ္ထာရမ္မဏ တပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအား တတ်သော အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါးဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူပကတူ ကံ ဟာ ဣ ပစ္စည်း။ ဤတရားတို့သည် နဝိပ္ပယုတ္တ ပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နဝိပ္ပယုတ္တေ နဝဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

နော အတ္ထိ၊ နော အဝိဂတမှာ (၃) မျိုး ရှိပါတယ်။ ဒါတွေဟာ ခရေပွင့်တွေချည်း လိုလိုပါပဲ။ အာရမ္မဏထဲက အာရမ္မဏ ပုရေဇာတ နှုတ်ရပါတယ်။ သင်္ချာ နဝ ကျန်ပါတယ်။ အနန္တရူပကတူကလဲ နဝပဲ ရှိပါတယ်။ ကွက်လပ်ကလေး။ ကံကို ကြည့်ရင်လဲ ဒွေပဲ ရှိပါတယ်။ အဲဒီတော့ အားလုံးကုန် ပေါင်းလိုက်ခဲ့လို့ရှိရင် သင်္ချာဟာ နဝပဲ ဖြစ်ပါတယ်။ အတ္ထိနှင့် အဝိဂတ အဘူတူ ဖြစ်သဖြင့် (၂) ခု ရောပြီး ဆိုလိုက်ကြပါစို့။

နော အတ္ထိ၊ နော အဝိဂတ ပစ္စည်း၏ သုဒ္ဓသင်္ချာဝါရ၌ မနောဒွါရာဝဇ္ဇန်း ကာမဇောတခုယုတ် သုံးဆယ်၊ တဒါရုံ ဧကာဒသ၊ ပိညာဏဋ္ဌာယတနစိတ် သုံးခု၊ နေဝသညာ နာသညာယတနစိတ် သုံးခု၊ ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဉ်မှတပါး အဘိညာဉ် ဒွေ၊ လောကုတ္တရာ စိတ် ရှစ်ခုအား တတ်သော စိတ်တခုယုတ် ကိုးဆယ်၊ စေတသိက် ဒွေပညာသ၊ ပစ္စယုပ္ပန် နိပ္ဖန္နရုပ် အဋ္ဌာရသမှတပါး ရုပ်အဋ္ဌဝီသ၊ နိဗ္ဗာန် ဟု ဆိုအပ်သော အာရမ္မဏပစ္စည်း။ အနန္တရူပကတူ ကံ ပစ္စည်း။ ဤတရားတို့သည် နော အတ္ထိ နော အဝိဂတပစ္စည်း တတ်သော တရားတို့ မည်ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ နော အတ္ထိယာ နဝ၊ နော အဝိဂတေ နဝဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

(၂၄)ပစ္စည်းရဲ့ သုဒ္ဓသင်္ချာ ပြီးသွားပါပြီ။ ဒီသုဒ္ဓသင်္ချာကို ပါဠိစီလိုက်မယ်ဆိုရင် နည်းပြ သင်္ချာဇယားကလေးကြည့်ပြီး ပါဠိဆိုဖို့ ရန်အတွက် လွယ်ပါလိမ့်မယ်။

န ဟေတုယာ ပန္နရသ၊ န အာရမ္မဏေ ပန္နရသ၊ န အဓိပတိယာ ပန္နရသ၊ န အနန္တရေ ပန္နရသ၊ န သမနန္တရေ ပန္နရသ၊ န သဟဇာတေ ဧကာဒသ၊ န အညမညေ ဧကာဒသ၊ န နိဿယေ ဧကာဒသ၊ န ဥပနိဿယေ ပန္နရသ၊ န ပုရေဇာတေ တေရသ၊ န ပစ္ဆာဇာတေ ပန္နရသ၊ န အာသေဝနေ ပန္နရသ၊ န ကမ္မေ ပန္နရသ၊ န ဝိပါကေ ပန္နရသ၊ န အာဟာရေ ပန္နရသ၊ န ဣန္ဒြိယေ ပန္နရသ၊ န ဈာနေ ပန္နရသ၊ န မဂ္ဂေ ပန္နရသ၊ န သမ္ပယုတ္တေ ဧကာဒသ၊ န ဝိပ္ပယုတ္တေ နဝ၊ နောအတ္ထိယာ နဝ၊ နောနတ္ထိယာ ပန္နရသ၊ နောဝိဂတေ ပန္နရသ၊ နောအဝိဂတေ နဝ။

ပဋ္ဌာဝါရ ပစ္စနိက် သင်္ချာ ပြီးသွားပါပြီ။ ရှေ့ကို ဒုကတိက စသည်ကစ၍ ကေဝိသကတိုင်အောင် တစ်ပစ္စည်း တစ်ပစ္စည်း လာပါလိမ့်မယ်။ အဲဒါတွေဟာ ဆိုင်ရာဖြစ်တဲ့ (၂၄) ပစ္စည်းတွေ အတွက် ဆိုရပါလိမ့်မယ်။ အင်မတန် များပါတယ်။ အဲဒီတော့ နောက်အပတ် ကျခဲ့လို့ရှိရင် ဒုကတိက စသည်ကို ဆိုရပါလိမ့်မယ်။ ဒုကဆိုတဲ့အခါမှာ သံပေါက်ကလေးရေ·ပြီး ပြထားတဲ့အတိုင်း ''အာဥနှစ်ဝ၊ လျှော့တုံက၊ သင်္ချ တေရသာ။ ။ပစ္စာသဟ၊ လျှော့တုံက၊ သင်္ချ နဝသာ'' လို့ ဆိုတဲ့ ဒုကဟူသမျှ ဤပစ္စနိက်ဆိုင်ရာမှာ အားလုံးအတွက် ဤ သံပေါက်ကလေး (၂)ခုနှင့် ပင်လျှင် ကိစ္စပြီးပါတယ်။ တိက စသည် တွေရဲ့ ဖြစ်လာပုံတွေကိုတော့ နောက်အပတ်မှ ဆက်လက်ပြီး ပြောပါ့ မယ်။

သာဓု၊ သာဓု၊ သာဓု။

* အရင်အပတ်က ပစ္စနိုက် သုဒ္ဓသင်္ချာ ပြီးသွားပါပြီ။ သုဒ္ဓသင်္ချာ ပြီးသွားတော့ ဒုကစသည်တွေ လာပါလိမ့်မယ်။ အဲဒီ ဒုကဘိက စသည်တွေအတွက် ပဋ္ဌာဝါရ ပစ္စနိုက် တခုလုံး အားလုံးကုန် နားလည်ဖို့ရာ ဒုကသံပေါက် တိကာဒိ သံပေါက်လို့ ရေးထားပါတယ်။ အဲဒီသံပေါက်ရဲ့ သဘာ၀ကို ပြောလိုက်ရင် ပဋ္ဌာ၀ါရ ပစ္စနိုက် တကျမ်းလုံးမှာ အားလုံးကုန် ၀င်ပါလိမ့်မယ်။ အဲဒါကြောင့် တပည့်တော်တို့ အရင်က ပေးထားတဲ့ ဇယားကို ကြည့်ပြီး ဒီသံပေါက်ရဲ့ သဘောကို ရှင်းပြပါ့မယ်။

ဒုကမှာ ''အာဥန္နစ၀၊ လျော့တုံက၊ သင်္ချ တေရသာ''။ အာရမ္မဏ၊ ဥပနိဿယ။ နာရမ္မဏ ပစ္စယာ န ဥပနိဿယေ တေရသ၊ ဒီလိုလာပါတယ်။ ဒီလိုလာတော့ ဒီအာရမ္မဏ၊ ဥပနိဿယလျော့တော့ကာ ဘယ်သင်္ချာတွေ လျော့သွားသလဲဆိုရင် ပစ္စယုဒ္ဒါရ ထုတ်တုန်းက ကုသလော ဓမ္မော အကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော၊ အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဥပနိဿယ ပစ္စယေန ပစ္စယော လို့ ဒီလို ဟောခဲ့ပါတယ်။ အဲဒီတော့ ကုသလော အကုသလဿ၊ အကုသလော ကုသလဿသည် အာရမ္မဏပစ္စည်း၊ ဥပနိဿယပစ္စည်းနဲ့သာ ဆိုင်ပါတယ်။ သူတို့ကို န ထိုးပြီး နာရမ္မဏ န ဥပနိဿလို့ဆိုရင် သင်္ချာဟာ တေရသပဲ ဖြစ်ပါတော့တယ်။ ပန္ဟရသထဲက ကုသလော

* ၁၃၂၈-ခု၊ တပို့တွဲလဆန်း (၅)ရက်၊ (၁၄-၂-၆၇)အင်္ဂါနေ့၊ တရားအကြမ်း

အကုသလဿ၊ အကုသလော ကုသလဿ ဒီ (၂)ချက် လျှော့သွားပါတယ်။ ပြီးတော့ "ပစ္ဆာသဟ၊ လျှော့တုံက၊ သချံ နဝသာ"။ နပစ္ဆာဇာတ နသဟဇာတလို့ဆိုတော့ ဘာကျန်တော့မလဲ။ အာရမ္မဏ၊ ဥပနိဿယ ကျန်ပါတယ်။ န သဟဇာတလို့ ဆိုသဖြင့် သဟဇာတ ဝင်လို့ မရတော့ဘူး။ ပုရေဇာတ ကျန်ပါတယ်၊ ဒီပုရေဇာတ သချံာ သည် အာရမ္မဏ ဥပနိဿယထဲမှာ ဝင်ပါတယ်။ ပစ္ဆာဇာတက လုံးဝ မရပါဘူး။ ကမ္မသချံာသည် အာရမ္မဏ ဥပနိဿယထဲမှာ ဝင်ပါတယ်။ အာဟာရ၊ဣန္ဒြိယ သချံာသည် အာရမ္မဏ၊ ဥပနိဿယ သချံာ နဝထဲမှာ ဝင်ပါတယ်။ န သဟဇာတလို့ ဆိုသဖြင့် သဟဇာတ ပုရေဇာတ မိဿက မရတော့ပါဘူး။ န ပစ္ဆာဇာတလို့ ဆိုသဖြင့် ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက မရတော့ပါဘူး။ အဲဒီတော့ အာရမ္မဏ၊ ဥပနိဿယထဲမှာရှိတဲ့ သချံာနဝသာလျှင် ဖြစ်ပါတယ်။ ဒါ့ကြောင့် "ပစ္ဆာသဟ၊ လျှော့တုံက၊ သချံ နဝသာ" လို့ ဆိုပါတယ်။ ဒါဟာ ဒုကဆိုင်ရာ အားလုံးအတွက် ဖြစ်ပါတယ်။

နောက် တိကာဒိသံပေါက်ကျတော့ "အာ ဥ ပုရ၊ လျှော့တုံက၊ သချံာ နဝသာ"။အာရမ္မဏ၊ ဥပနိဿယ၊ ပုရေဇာတ မရတော့ပါဘူး။ ဘာကျန်မလဲ?။ သဟဇာတ ကျန်ပါတယ်။ သဟဇာတ ကျန်တော့ သဟဇာတမှာ နဝ ရပါတယ်။ ပစ္ဆာဇာတက တိကသည် သဟဇာတ ထဲမှာ ဝင်ပါတယ်။ ကမ္မက ဒွေသည် သဟဇာတထဲမှာ ဝင်ပါတယ်။ အာဟာရ၊ဣန္ဒြိယသည် သဟဇာတထဲမှာ ဝင်ပါတယ်။ ပုရလို့ ဆိုသဖြင့် သဟဇာတ ပုရေဇာတ မိဿက မရတော့ပါဘူး။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ရပါတယ်။ ဒါပေတယ်လို့ ဒီသချံာ ဟာ သဟဇာတထဲမှာ ရှိနေပါတယ်။ အဲဒါကြောင့် သချံာသည် သဟဇာတအတိုင်း နဝပဲ ရပါတယ်။

"အာ ဥ သဟ၊ လျှော့တုံက၊ သချံ သတ္တသာ"။ နာရမ္မဏ ပစ္စယာ၊ နသဟဇာတ ပစ္စယာ၊ နဥပနိဿယေ ဒီလို လာပါတယ်။ အာရမ္မဏလဲ မရဘူး။ သဟဇာတလဲ မရဘူး။ ဥပနိဿယလဲ မရတော့ ပါဘူး။အဲဒီတော့ အထက်က (၂)ကွက် မရတော့ဘူး။အထက်က(၂) ကွက် မရတော့ ဘယ်သူကျန်သလဲ?။ ပုရေ ကျန်ပါတယ်။ ပစ္ဆာ ကျန်

ပါတယ်။ ပုရေနှင့် ပစ္ဆာဇပေါင်းလိုက်ရင် သင်္ချာသည် ပဉ္စဖြစ်ပါတယ်။ ကမ္မအတွက် မထူးပါဘူး။ အာဟာရ၊ ဣန္ဒြိယအတွက် မထူးပါဘူး။ နှ သဟဇာတလို့ဆိုသဖြင့် သဟဇာတ ပုရေဇာတ မိဿက မရတော့ပါဘူး။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ရပါတယ်။ အဲဒီတော့ ခုနက သင်္ချာပဉ္စထဲမှာ ဒီ(၂)ချက်ထည့်လိုက်ရင် သင်္ချာ သတ္တ ဖြစ်ပါတယ်။

တဖန် "အာဥအည. လျှော့တုံက၊ သင်္ချာ သတ္တသာ" ခုနက သတ္တထဲမှာ နှ အညမညလို့ ဆိုတော့ တပည့်တော်တို့ အရင်က ပြောခဲ့တဲ့ အတိုင်း သဟဇာတထဲမှာ အညမညနှုတ်ရင် ဗျာ(၅)ချက် ရပါတယ်။ အဲဒီ ဗျာ(၅)ချက်ဟာ ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿလို့ ဆိုတော့ ခုနက "အာဥသဟ၊ လျှော့တုံက သင်္ချာ သတ္တသာ"ထဲမှာ ဒီဗျာ(၇)ချက်လဲ ရပါတယ်။ အဲဒါကြောင့် သင်္ချာဟာ သတ္တပဲ ဖြစ်ပါတယ်။

"အာဥသမ္ပ၊ လျှော့တုံက၊ သင်္ချာ သတ္တသာ"။ သဟဇာတထဲမှာ သမ္ပယုတ္တနှုတ်ရင်လဲပဲ ဗျာ (၅) ချက်ပဲ ကျန်ကြောင်း ပြောခဲ့ပါပြီ။ အဲဒါကြောင့် အညမညနဲ့ အတူတူ သတ္တပဲ ရပါတယ်။

"အာဥသဟ ပုရေဇ၊ လျှော့က ပဉ္စသာ"။ အာရမ္မဏ ဥပနိဿယ မရဘူး။ သဟဇာတလဲ မရဘူး။ ပုရေဇာတလဲ မရဘူး။ ဘာကျန်တော့လဲ?။ ပစ္ဆာ ကံ ဟာ ဣံ ကျန်ပါတယ်။ ပစ္ဆာက သင်္ချာ တိဏ္ဏ ရှိပါတယ်။ ကံက ဒွေ ရှိပါတယ်။ နှ သဟဇာတ၊ နှ ပုရေဇာတလို့ ဆိုသဖြင့် သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ ကံကလဲ ပစ္ဆာဇာတထဲမှာ ဝင်တော့ သင်္ချာဟာ တိဏ္ဏပဲ ရှိပါသေးတယ်။ ဟာ ဣံ မထူးပါဘူး။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ဒီ သင်္ချာ (၂) ခုကို ထည့်လိုက်ရင် သင်္ချာသည် ပဉ္စ ဖြစ်ပါတယ်။

"အာဥဝိပ္ပ၊ လျှော့တုံက၊ သင်္ချာ ပဉ္စသာ"။ အာရမ္မဏ၊ ဥပနိဿယ မရပါဘူး။ ဝိပ္ပလို့ ဆိုသဖြင့် ဝိပ္ပယုတ္တ ပစ္စည်းမှာ သဟဇာတ ဝိပ္ပယုတ္တ၊ ဝတ္ထု ပုရေဇာတ ဝိပ္ပယုတ္တ၊ ပစ္ဆာဇာတ ဝိပ္ပယုတ္တ ရှိခြင်းကြောင့် ပုရေဇာတလဲ မရတော့ပါဘူး။ ပစ္ဆာဇာတလဲ မရတော့ပါဘူး။ ဒီတော့

သဟဇာတ ဝိပ္ပယုတ္တကို သဟဇာတထဲမှာ နှုတ်ရင် သင်္ချာ တီဏိ ရပါတယ်။ ကုသလော ကုသလဿ၊ အကုသလော အကုသလဿ၊ အဗျာကတော အဗျာကတဿ၊ သဟဇာတအတွက် သင်္ချာ တီဏိ ရပါတယ်။ ကမ္မက ကုသလော အဗျာကတဿ၊ အကုသလော အဗျာကတဿလို့ ဆိုသဖြင့် သင်္ချာ (၂) ခု တိုးလာပါတယ်။ ပဉ္စ ဖြစ်ပါတယ်။ ဟာကွံ မထူးပါဘူး။ သဟဇာတ ပုရေဇာတ မိဿကလဲ မရတော့ပါဘူး။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကလဲမရတော့ပါဘူး။ ပစ္ဆာဇာတ ဝိပ္ပယုတ္တရှိနေလို့ ဖြစ်ပါတယ်။ အဲဒါကြောင့် သင်္ချာသည် ပဉ္စဲ ဖြစ်ပါတယ်။

"အာဥသဟ၊ ပစ္ဆာဇ၊ လျော့က ပဉ္စသာ"။ အာရမ္မဏ၊ ဥပနိဿယ၊ သဟဇာတ၊ ပစ္ဆာဇာတ မရတော့ ဘာကျန်တော့သလဲ?။ ပုရေဇာတရယ်၊ ကမ္မရယ်၊ အာဟာရရယ်၊ ဣန္ဒြိယရယ် ကျန်ပါတယ်။ ပုရေဇာတအတွက် သင်္ချာ တီဏိ ရှိပါတယ်။ ကမ္မက ဒွေပေါင်းလိုက်ရင် သင်္ချာ ပဉ္စ ရှိပါတယ်။ အာဟာရ+ဣန္ဒြိယအတွက် သင်္ချာ မထူးပါဘူး။ န သဟဇာတလို့ ဆိုသဖြင့် သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ န ပစ္ဆာဇာတလို့ ဆိုသဖြင့် ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက မရတော့ပါဘူး။ အဲဒါကြောင့် သင်္ချာသည် ပဉ္စ ဖြစ်ပါတယ်။

အဲဒီ သံပေါက်ဟာ တပည့်တော်တို့ ပစ္စနိက် တခုလုံးနဲ့ အားလုံးကုန် ဆက်သံပါတယ်။ ဒီသံပေါက်ကလေးကို သဘောကျထားခဲ့လို့ရှိရင် သင်္ချာတွေကို ကိန်းသေ ထုတ်နိုင်ပါတယ်။ သံပေါက်ကိစ္စ ပြီးသဖြင့် တပည့်တော်တို့ ဒုကကို ဆက်ပြီး ဆိုကြပါစို့။

ဒုကကို ဆက်ဆိုတော့ကာ မူက နဟေတု ဖြစ်ပါတယ်။ ဒီဟေတုပစ္စည်းဟာ သင်္ချာကို ဘာမှ အထူးအလွဲ ဖြစ်လာအောင် မပြုတတ်ပါဘူး။ ဘာ့ကြောင့်?။ သူဟာ သဟဇာတ အငယ် ဖြစ်ခြင်းကြောင့် သဟဇာတရဲ့ အစိတ်တရားကလေးသာလျှင် ဖြစ်ပါတယ်။ အဲဒီတော့ န ဟေတု ဝင်လာတဲ့အခါမှာ ဟေတုကို အမြဲ နှုတ်ရရုံသာလျှင် ထူးပါတယ်။ သင်္ချာကတော့ အရင်အပတ်က ဆိုခဲ့တဲ့ သုဒ္ဓသင်္ချာနဲ့ ဒုကဟာ အတူတူပါဲ။ တူကြောင်းကိုလဲ နည်းပြ သင်္ချာဇယားကလေးမှာ သုဒ္ဓဒုကရယ်လို့ ပြထားပါတယ်။ အဲဒီတော့ ဒီနေရာမှာ တပည့်တော်တို့

သုဒ္ဓသင်္ချာက နှုတ်ခဲ့ပြီး ဖြစ်ခြင်းကြောင့် ကချို့ နေရာဌာနတွေမှာ နှုတ်ဖို့ရာအတွက် မထူးခဲ့လို့ရှိရင် လွယ်တဲ့နည်းနဲ့ပဲ ကပည့်တော် ပြောပြ ပေးပါ့မယ်။

## ဒုက သချာဝါရ န ဟေတုမူ

န ဟေတုမူ နာရမ္မဏ ဒုကဥ္စ (န ဟေတုမူ နာရမ္မဏ ဒုကရယ်လို့ နာရမ္မဏ ဝင်လာတော့ အာရမ္မဏမျိုးတွေက အကုန်လုံး ပြုတ်သွား ပါပြီ။ ဟေတုကို သဟဇာတထဲက နှုတ်ရုံပဲ ရှိပါတယ်။ ကျန်တာတွေကို အကုန်လုံး ဆိုရရုံပါပဲ။) အချင်းချင်းအား လည်းကောင်း၊ အချင်း ချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကဋတ္တရုပ်အား လည်းကောင်း တတ်သော ဟိတ် (၆) ပါးမှတပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ် အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ အချင်းချင်း အား တတ်သော ပဋိသန္ဓေ ဟိတ် (၃) ပါးမှတပါး ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ ပိဿက (၃) ပစ္စည်း။ ဤတရားတို့သည် န ဟေတု နာရမ္မဏပစ္စည်း တတ်သော တရားတို့ မည် ကုန်၏။ ထို့ကြောင့် ထိုတရားတို့ကို ပစ္စနိက်၌ န ဟေတု ပစ္စယာ နာရမ္မဏေ ပန္နရသဟု သင်္ချာတတ်၍ ဟောအပ်ကုန်၏။

န ဟေတု မူတည်ပြီးတော့ ဒီဇယားမှာရှိတဲ့ ပစ္စည်းတွေကို အားလုံးကုန် မူလီသွတ်ရပါလိမ့်မယ်။ ယခု နာဓိပတိကို မူလီသွတ် ရပါလိမ့်မယ်။ နာဓိပတိ မူလီသွတ်တော့ကာ အာရမ္မဏထဲမှာ အာရမ္မဏာ ဓိပတိ နှုတ်ရပါတယ်။ သဟဇာတထဲမှာ ဟေတုနှင့် သဟဇာတာဓိပတိ နှုတ်ရပါလိမ့်မယ်။ သင်္ချာကတော့ မထူးသေးပါဘူး။ ဒီတော့ 'ဤ တရားတို့သည်' ကို အစမှာသာ ဆိုပေးပါ့မယ်။ မထူးတော့ပါဘူး။ ဒီဟာအတွက်က အတော် အချိန်ကုန်ပါတယ်။

န ဟေတုမူ နာဓိပတိ ဒုကဥ္စ အာရမ္မဏာဓိပတိမှတပါး အလုံး စုံသော အာရမ္မဏပစ္စည်း။ ဟေတု သဟဇာတာဓိပတိမှတပါး အလုံး စုံသော သဟဇာတပစ္စည်း။ (နှုတ်ပုံတွေကို အရင်အခါတုန်းက ဆိုပြီးခဲ့

ပါပြီ။) အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဈ ပစ္စည်း။ မိဿက (၃) ပစ္စည်း။ န ဟေတု ပစ္စယာ နာဝိပတိယာ ပန္နရသ။

နာနန္တရဝတဲ့ (၄) ပစ္စည်းကို သဘောတူသဖြင့် အားလုံးကုန်ပဲ မူလီသွင်းလိုက်ကြပါစို့။ နာနန္တရ သွင်းလိုက်တော့ အာရမ္မဏက အကုန်လုံး ဆိုရပါတယ်။ သဟဇာတထဲမှာ ဟေတု အမြဲ နှုတ်ရပါတယ်။ အနန္တရမျိုးတွေက ပြုတ်သွားပါပြီ။ ကျန်တာတွေ အကုန်လုံး ဆိုရရုံပါပဲ။

န ဟေတုမူ နာနန္တရ၊ န သမနန္တရ၊ နော နတ္ထိ၊ နော ဝိဂတ ဒုကဌ် အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရ ကမ္မမှတပါး ပကတူပ နိဿယပစ္စည်း။ ပုရေ ပစ္ဆာ ကံ ဟာ ဈ ပစ္စည်း။ မိဿက (၃) ပစ္စည်း။ (အဲဒီတော့ တပည့်တော်တို့ ဒီနေရာမှာ အနန္တရ ပြုတ်သွားခဲ့လို့ရှိရင် နာနန္တရထဲမှာ အနန္တရကမ္မ ရှိပါတယ်။ အနန္တရ ကမ္မရှိတော့ ပကတူဆိုတဲ့ အခါမှာ ဒီ အနန္တရကိုလဲ အမြဲ အပါဒါန် ခံပေးရပါလိမ့်မယ်။ ဘာ့ကြောင့်?။ ပကတူ နိဿယပစ္စည်းမှာ ''မဂ္ဂေါ ဖလသမာပတ္တိယာ ဉပနိဿယ ပစ္စယေန ပစ္စယော'' ဆိုတာနဲ့ အနန္တရပစ္စည်းမှာ မဂ္ဂေါ ဖလဿလို့ ဆိုတာနဲ့ သဘောအတူတူပါပဲ။ အဲဒါကြောင့် အနန္တရပစ္စည်း နှုတ်တဲ့ အခါမှာ ပကတူပ ရခဲ့လို့ရှိရင် အနန္တရကမ္မကို အမြဲ အပါဒါန် ခံပေးရပါလိမ့်မယ်။) န ဟေတု ပစ္စယာ နာနန္တရေ ပန္နရသ၊ န သမနန္တရေ ပန္နရသ၊ နော နတ္ထိယာ ပန္နရသ၊ နော ဝိဂတေ ပန္နရသ။

ယခု သဟဇာတကို မူလီသွတ်ရပါမယ်။ န သဟဇာတ မူလီသွတ်လိုက်တော့ သဟဇာတမျိုး အားလုံးကုန်ပြုတ်။ ဟေတုကိုလဲ နှုတ်စရာ မလိုတော့ပါဘူး။ ကျန်တဲ့ အာရမ္မဏ စသည်တွေကို ဆိုရပါလိမ့်မယ်။ သင်္ချာက ကောဒသပဲ ရှိပါတယ်။

န ဟေတုမူ န် သဟဇာတ ဒုကဌ် အလုံးစုံသော အာရမ္မဏ ပစ္စည်း။ အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဈ ပစ္စည်း။ ပစ္ဆာ ဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ န ဟေတု ပစ္စယာ န သဟဇာတေ ကောဒသ။

န အညမညကျတော့ ဟေတုရော အညမညရော သဟဇာတ ထဲမှာ နှုတ်ရပါလိမ့်မယ်။ အဲဒီတော့ နှုတ်ပုံကလေးကို ဆိုပြပါဦးမယ်။

န ဟေတုမှု န အညမည ဒုက၌ အလုံးစုံသော အာရမ္မဏပစ္စည်း။ စိတ္တဇရုပ် ဟဒယဝတ္ထုမှတပါး ပဋိသန္ဓေ ကဋတ္တာရုပ်အား တတ်သော ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေပဉ္စဝိညာဉ် တဆယ် ရှယာန္တာတို့ စုတိ ဟိတ် (၆) ပါးမှ တပါး အလုံးစုံသော ပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး။ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါးဟု ဤိုအပ်သော သဟဇာတ ပစ္စည်း၊ အနန္တရ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ ပစ္ဆာဇာတာ ဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿကပစ္စည်း။ န ဟေတု ပစ္စယာ န အညမညေ ဧကာဒသ။

န နိဿယကျတော့ အာရမ္မဏထဲမှာ ဝတ္ထာရမ္မဏ နှုတ်ရတာပါပဲ။ ကျန်တဲ့ ကွက်လပ်တွေကို အားလုံးကုန် ဆိုရရုံပါပဲ။

န ဟေတုမှု န နိဿယ ဒုက၌ ဝတ္ထာရမ္မဏမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ အနန္တရ ပကတူ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ န ဟေတု ပစ္စယာ န နိဿယေ ဧကာဒသ။

န ဥပနိဿယကျတော့ အာရမ္မဏထဲမှာ အာရမ္မဏူပ နိဿယ နှုတ်ရရုံပါပဲ။ ကျန်တဲ့ ကွက်လပ်တွေကို အားလုံးကုန် ဆိုရရုံပါပဲ။

န ဟေတုမှု န ဥပနိဿယ ဒုက၌ အာရမ္မဏူပ နိဿယမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတု ပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ မိဿက (၃) ပစ္စည်း။ န ဟေတု ပစ္စယာ န ဥပနိဿယေ ပန္နရသ။

န ပုရေဇာတကျတော့ အာရမ္မဏထဲမှာ အာပုနှုတ်ရပါတယ်။ ခရေပွင့်ကလေး ဝတ်ပုကလဲ ပြုတ်သွားပါပြီ။ ခရေပွင့်ကလေးက သဟဇာတ ပုရေဇာတ မိဿက မရပါဘူး။ မိဿက (၂) မျိုးပဲ ရပါတော့တယ်။

န ဟေတုပ္ပ နံ ပုရေဇာတ ဒုကဒွ အာရမ္မဏ ပုရေဇာတ ပစ္စည်းမှတပါး အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရူ ပကတူ ပစ္ဆာ ကံ ဟာ ဣ ံ ပစ္စည်း။ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက ပစ္စည်း။ န ဟေတု ပစ္စယာ န ပုရေဇာတေ တေရသ။

န ပစ္ဆာဇာတကျတော့ ပစ္ဆာဇာတာဟာရ မိဿက၊ ပစ္ဆာဇာတိန္ဒြိယ မိဿက မရတာပါပဲ။ ကျန်တဲ့ကွက်လပ်တွေ အကုန်ဆိုရပါတယ်။ သဟဇာတထဲမှာ ဟေတု နှုတ်ရပါတယ်။

န ဟေတုပ္ပ န ပစ္ဆာဇာတ ဒုကဒွ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ အနန္တရူ ပကတူ ပုရေ ကံ ဟာ ဣ ံ ပစ္စည်း။ သဟဇာတ ပုရေဇာတ မိဿက ပစ္စည်း။ န ဟေတု ပစ္စယာ န ပစ္ဆာဇာတေ ပန္နရသ။

နာသေဝနကျတော့ သဟထဲက ဟေတုနှုတ်။ အနန္တရူပထဲက အာသေဝန နှုတ်ရုံပါပဲ။ ကျန်တာတွေ အကုန်လုံး ဆိုရပါတယ်။

န ဟေတုပ္ပ နာသေဝန ဒုက ဒွ အလုံးစုံသော အာရမ္မဏပစ္စည်း။ ဟေတုပစ္စည်းမှတပါး အလုံးစုံသော သဟဇာတပစ္စည်း။ အာသေဝနပစ္စည်းမှတပါး အနန္တရူပ နိဿယပစ္စည်း။ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ံပစ္စည်း။ မိဿက (၃)ပစ္စည်း။ န ဟေတု ပစ္စယာ နာသေဝနေ ပန္နရသ။

န ကမ္မကျတော့ သဟဇာတထဲမှာ ဟေတုက ဟိတ် (၆)ပါး၊ ကမ္မက စေတနာ(၂)မျိုး နှုတ်ရပါလိမ့်မယ်။ အနန္တရူပထဲမှာ အနန္တရ ကမ္မ နှုတ်ရပါတယ်။ ပကတူထဲမှာ ဗလဝကမ္မ နှုတ်ရပါတယ်။ ဒီဘက်က ဗလဝ ဒုဗ္ဗလ ကမ္မကလေးကတော့ ပြုတ်သွားပါပြီ။ ကျန်တာတွေ အကုန်လုံး ရပါတယ်။

န ဟေတုပ္ပ ကမ္မ ဒုကဒွ အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်း နာမက္ခန္ဓာ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်အား လည်းကောင်း တတ်သော ဟိတ် (၆)ပါး စေတနာမှတပါး အလုံးစုံသော ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ လေးပါး၊ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ်လေးပါး။ အချင်းချင်းအား တတ်သော ပဋိသန္ဓေ၌

ရှိသော ဟိတ် (၃)ပါး။ စေတနာမှတပါး ပဋ္ဌဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရ ကမ္မမှတပါး အနန္တရာ နိဿယပစ္စည်း။ ဗလဂ နာနာက္ခဏိက ကမ္မမှတပါး ပကတူပ နိဿယပစ္စည်း။ ပုရေ ပစ္ဆာ ဟာ ဣ ပစ္စည်း။ မိဿက (၃)ပစ္စည်း။ နှ ဟေတု ပစ္စယာ နှ ကမ္မေ ပန္နရသ။

နှ ဝိပါကကျတော့ ဟေတုနှင့် ဝိပါက နှုတ်ရပါလိမ့်မယ်။ ကျန်တာ အကုန်လုံး ဆိုရပါတယ်။

နှ ဟေတုမူ နှ ဝိပါက ဒုကဌ် အလုံးစုံသော အာရမ္မဏပစ္စည်း။ အချင်းချင်းအား လည်းကောင်း၊ အချင်းချင်းနာမက္ခန္ဓာ စိတ္တဇရုပ်အား လည်းကောင်း တတ်သော ဟိတ် (၆)ပါးမှ တပါး ကုသိုလ် အကုသိုလ် ကြိယာ နာမက္ခန္ဓာ လေးပါး။ အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ်အား လည်းကောင်း တတ်သော မဟာဘုတ် လေးပါး။ ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာအား တတ်သော ဟဒယဝတ္ထုဟု ဆိုအပ်သော သဟဇာတပစ္စည်း။ အနန္တရူ ပကတူ ပုရေ ပစ္ဆာ ကံ ဟာ ဣ ပစ္စည်း။ မိဿက(၃)ပစ္စည်း။ နှ ဟေတု ပစ္စယာ နှ ဝိပါကေ ပန္နရသ။

နှ အာဟာရကျတော့ ဟေတုနှင့် နာမ်အာဟာရ နှုတ်ရပါတယ်။ နှ အာဟာရလို့ ဆိုသဖြင့် ပစ္ဆာဇာတာဟာရ မိဿက မရပါဘူး။ ရုပ်အာဟာရမျိုးလဲ ပြုတ်သွားပါပြီ။ ကျန်တာတွေကို အကုန်လုံး ဆိုရပါတယ်။

